
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် ( ၁၂၃ )

BURMESE CLASSIC .com

uality Publishing House
အမှတ် ၁၇၃၊ ၃၂(က) လမ်း၊ အိမ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၆၇၃၈၊ ၇၂၁၀၀၆၊ ၂၀၂၈၀၉

www.burmeseclassic.com

www.burmeseclassic.com

# ရှားလော့ဟုမ်း
# နှင့်
# ကျိန်စာသင့်အိမ်

မောင်မြတ်မိုး

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

## မစ္စတာ ရှားလော့ဟုမ်း

တစ်ညလုံး မအိပ်ဘဲ နေတတ်သည့် ရှားရှားပါးပါး အချိန်အခါမျိုးမှ လွဲ၍၊ မနက်၊ မနက်တွင် အလွန်နေမြင့်မှ ထလေ့ရှိတတ်သော မစ္စတာ ရှားလော့ဟုမ်းသည် မနက်စာ ထမင်းစားပွဲတွင် ထိုင်နေ၏။ ကျွန်ုပ်က မီးဖိုရှေ့ ကော်ဇောပေါ်တွင် မတ်တပ်ရပ်နေပြီး၊ သူ၏နောက်၌ ယမန်နေ့ညက ကျွန်ုပ်တို့၏ ဧည့်သည် ကျန်ရစ်ခဲ့သော လမ်းလျှောက်ထုတ်ကို ကောက်ယူလိုက်၏။ ၎င်းက "ပီနန်ရှေ့နေ" အဖြစ် လူသိနေကြသော လက်ကိုင်ခေါင်းလုံးရှိသည့် ကောင်းမွန်တုတ်ခိုင်သော သစ်သားတုတ်ဖြစ်၏။ လက်ကိုင်ခေါင်းလုံးအောက်တွင် တစ်လက်မနီးပါးကျယ်ပြန့်သော ငွေတံဆိပ်ပြားတစ်ခုရှိ၏။ "စီစီအိတ်မှ သူငယ်ချင်းများက ဂျိန့်မော်တင်မာ၊ အမ်၊ အာ၊ စီ၊ အက်စ်အတွက်" ဟူသော စာတမ်းကို "၁၈၈၄" ဟူသော နေ့စွဲဖြင့် ၎င်းအပေါ်တွင် စာလုံးထိုးထား၏။ ၎င်းက ရှေးဟောင်းမိသားစု အလေ့အကျင့်သုံးသူတို့၊ ကိုင်စွဲလေ့ရှိသော တုတ်ကောက်တစ်ချောင်းဖြစ်ပြီး၊ ခိုင်ခန့်၏။ စိတ်ချရ၏။

'ကဲ ... ဝပ်ဆန်၊ ခင်ဗျား အဲဒါကို ဘာလုပ်နေတာလဲ"

ဟုမ်းက ကျွန်ုပ်ကို ကျောပေးထိုင်နေပြီး၊ ကျွန်ုပ်လုပ်နေသော အရာကို သူ့အား ကျွန်ုပ်အရိပ်အယောင်မပြပါ။

'ကျွန်တော် ဘာလုပ်နေတယ်ဆိုတာကို၊ ခင်ဗျားဘယ်လိုလုပ်သိလဲ၊ ခင်ဗျားရဲ့ဦးခေါင်းနောက်မှာ မျက်လုံးတွေ ရှိတယ်လို့ ကျွန်တော် ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အနည်းဆုံးတော့ ကျွန်တော်ရှေ့မှာ ကောင်းကောင်းအရောင်တင်ထားတဲ့ ငွေ ကော်ဖီအိုးတစ်အိုး ရှိပါတယ်' သူက ပြော၏။ 'ဒါပေမယ့် ဝပ်ဆန် ကျွန်တော်တို့ ညွှ့်သည်ရဲ့ လမ်းလျှောက်တုတ်နဲ့ ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ ကျွန်တော်ကို ပြောပြပါ။ ကျွန်တော်တို့ သိပ်ကံမကောင်းလှတော့၊ သူနဲ့ လွဲသွားပြီး၊ သူလာတဲ့အကြောင်းရင်းကို မသိရတာကြောင့်၊ ဒီအမှတ်မဲ့ ပစ္စည်းက အရေးကြီးလာပြီ၊ ဒါကို လေ့လာကြည့်ရှုပြီး၊ ဒီလူကို ခင်ဗျား ဆက်စပ်ကြည့်တာ ကျွန်တော်ကြားပါရစေ'

'ကျွန်တော် ထင်တာကတော့' ကျွန်ုပ်က တတ်နိုင်သမျှ ကျွန်ုပ်မိတ်ဆွေ၏ နည်းစနစ်နောက်သို့ လိုက်လျက်ပြော၏။ 'ဒေါက်တာ မော်တင်မာကို သိတဲ့လူတွေက သူ့ကို လေးစားတဲ့ အမှုအရာပြကြတာကြောင့်၊ ဒီအမှတ်မဲ့ သူဟာ အောင်မြင်ပြီး ရင့်ကျက်တဲ့ဆေး ပညာရှင်တစ်ယောက်ဖြစ်မယ်'

'ကောင်းတယ်' ဟုမ်းက ပြော၏။ 'သိပ်ကောင်းတယ်'

'သူဟာ ခြေလျင်အလည်အပတ်ခရီး အတော်သွားတဲ့ ကျေးလက်ဆေးပညာရှင်တစ်ယောက် ဖြစ်ရမဲ့အလားအလာလည်း ရှိရမယ်လို့ ကျွန်တော်ထင်တယ်'

'ဘာဖြစ်လို့ ဒီလိုထင်တာလဲ'

'ဘာဖြစ်လို့လည်းဆိုတော့၊ ဒီတုတ်ကောက်ဟာ မူလက အလွန်လှတဲ့ တုတ်ကောက်တစ်ခုဖြစ်ခဲ့ပေမယ့်၊ ခရီးသွားလွန်းအားကြီးတာကြောင့်၊ မြို့ပေါ်က ဆေးပညာရှင်တစ်ယောက်အနေနဲ့ ဒါမျိုးကိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ ထူထဲတဲ့ တုတ်ဖျားထိပ်က သံခေါင်းစားနေတာကြောင့်၊ ဒီတုတ်ကောက်နဲ့ သူလမ်းတော်တော်လျှောက်ရမယ်ဆိုတာ ထင်ရှားတယ်'

'ကောင်းကောင်းကို ခိုင်လုံတာပေါ့' ဟုမ်းက ပြော၏။

'နောက်ပြီးတော့ တစ်ခါ၊ စီ၊ စီအိပ်မှ မိတ်ဆွေများ၊ ဆိုတဲ့စာတမ်းရှိတယ်။ အဲဒါက အမဲလိုက်အဖွဲ့ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်။ အဲဒီအဖွဲ့ဝင်တွေကို သူခွဲစိတ်ကုသမှု အကူအညီပေးနိုင်တယ်။ သူတို့က အပြန်အလှန်အဖြစ်၊ သူ့ကို လက်ဆောင်ကလေး ပေးရမယ်'

'တကယ်ပါပဲ၊ ဝပ်ဆန်၊ ခင်ဗျား သိပ်တော်ပါတယ်' ဟုမ်းက စီးကရက်ကို မီးညှိ၍ ထိုင်ခုံကို နောက်ပြန်တွန်းယင်း ပြော၏။ 'ကျွန်တော်ရဲ့ စွမ်းဆောင်ချက်ကလေးတွေကို မှီအောင် ခင်ဗျားတော်လွန်းတာကြောင့်၊ ခင်ဗျားရဲ့ အရည်အသွေးနဲ့ အရည်အချင်းကို ခင်ဗျားလျှော့တွက်လေ့ရှိတယ်လို့ပဲ၊ ကျွန်တော်ပြောရမှာပဲ၊ ဒါက ခင်ဗျားကို ခင်ဗျား အလင်းထွက်အောင် မလုပ်တာကြောင့်လည်း ဖြစ်နိုင်တယ်။ ဒါပေမယ့် ခင်ဗျားက အလင်းထွက်ပစ္စည်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပါ။။ တချို့လူတွေက ထူးခြားတဲ့ ဗီဇမရှိပေမယ့်၊ ဒီဗီဇကို လှုံ့ဆော်နိုင်တဲ့ အံ့သြဖွယ်စွမ်းအင်တွေ ရှိကြတယ်။ ချစ်လှတဲ့ မိတ်ဆွေ၊ ခင်ဗျားကို ကျွန်တော် ကျေးဇူးတင်ရမယ်ဆိုတာ ဝန်ခံပါတယ်'

ယခင်က ဤကဲ့သို့ သူသိပ်မပြောပါ၊ သူ၏နည်းစနစ်ကို ထင်ပေါ်မှုဖြစ်ပေါ်စေရန် ကျွန်ုပ်ကြိုးစားပုံ၊ အားကျပုံတို့ကို သူလျစ်လျူရှုမှုကြောင့် ကျွန်ုပ်မကြာခဏ စိတ်ထိခိုက်မှုဖြစ်ရသဖြင့်၊ သူ၏ပြောစကားကြောင့် ကျွန်ုပ် ယခုလိုက်လှဲစွာ ဝမ်းသာကြောင်း ဝန်ခံရပေမည်။ သူ၏ထောက်ခံမှုကို ရရှိမည့်နည်းလမ်းဖြင့် သူ၏နည်းစနစ်ကို ကျွန်ုပ်အသုံးပြုခဲ့ပုံအား စဉ်းစားရ၍လည်း ကျွန်ုပ် ဂုဏ်ယူမိ၏။ သူက ယခု ကျွန်ုပ်၏လက်ထဲမှ တုတ်ကောက်ကို ယူလိုက်ပြီး၊ ၎င်းကို သူ၏မျက်လုံးသက်သက်ဖြင့် မိနစ်အတော်ကြာ စစ်ဆေးနေ၏ ထို့နောက် စိတ်ဝင်စားဟန် အမူအရာဖြင့် သူ၏စီးကရက်ကို အောက်ချလိုက်ပြီး၊ တုတ်ချောင်းကို ပြတင်းပေါက်ဆီသို့ ယူဆောင်လျက်၊ ၎င်းကို မှန်ဘီလူးဖြင့် နောက်တစ်ကြိမ်ကြည့်ပြန်၏။

'အခြေခံကျပေမယ့်လည်း စိတ်ဝင်စားဖို့ကောင်းတယ်' စက်တီထိုင်ခုံမှ သူစိတ်ကြိုက်ဒေါင့်နေရာဆီသို့ သူပြန်လာစဉ်တွင်၊ သူက ပြော၏။ 'ဒီတုတ်ချောင်းပေါ်မှာ ဖော်ပြချက်တစ်ခု၊ နှစ်ခု၊ အတိအကျရှိတယ်။ အဲဒါက ကျွန်တော်တို့ကို ကောက်ချက်အများအပြား ချဖို့အတွက် အခြေခံတွေ ပေးတယ်'

'ကျွန်တော်တစ်ခုခု သတိမပြုမိလိုက်ဘူးလား' ကျွန်ုပ်က ရေးကြီးခွင်ကျယ်ဟန်ဖြင့် မေး၏။ 'ကျွန်တော် မမြင်လိုက်မိတဲ့၊ အကျိုးသက်ရောက်မှုဘာမှ မရှိဘူးလို့ ကျွန်တော် ယုံကြည်တယ်'

'မိတ်ဆွေကြီး ဝပ်ဆန်၊ ခင်ဗျားရဲ့ သုံးသပ်ချက်အများစု မှားယွင်းနေတာ ကျွန်တော် စိတ်မကောင်းပါဘူး။ ခင်ဗျား ကျွန်တော်ကို လှုံ့ဆော်မှုပေးတယ်လို့၊ ကျွန်တော်ပြောတဲ့အခါ၊ ပွင့်ပွင့်လင်းလင်းပြောရယင်၊ မှားယွင်းတဲ့ ခင်ဗျားရဲ့ အကျိုးအကြောင်း ဆင်ခြင်မှုကို သတိပြုမိလို့ အမှန်တရားဘက်ကို ကျွန်တော် ဦးတည်သွားတတ်တာကို ကျွန်တော်ဆိုလိုတာပါ၊ ဒီကိစ္စမှာ ခင်ဗျား လုံးဝမှားတာတော့ မဟုတ်ပါဘူး။ ဒီလူက အသေအချာပဲ၊ ကျေးလက်ဆေးပညာရှင် တစ်ယောက်ပါ၊ ပြီးတော့ သူအတော်ကို လမ်းလျှောက်တယ်'

'ဒါဖြင့်ယင်၊ ကျွန်တော် မှန်တာပေါ့'

'ဒီအတိုင်းအတာထိလောက်ပါပဲ'

'ဒါပေမယ့် ဒါ အကုန်ပဲ မဟုတ်လား'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ မိတ်ဆွေကြီး ဝပ်ဆန်၊ ဒါအကုန်မဟုတ်ဘူး။ ဘယ်နည်းနဲ့မှ ဒါအကုန် မဟုတ်ဘူး။ ဥပမာအားဖြင့် ဆရာဝန်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို လက်ဆောင်ပေးတာဟာ အမဲလိုက်အဖွဲ့ကထက် ဆေးရုံတစ်ခုဆီက လာဖို့ ပိုဖြစ်နိုင်တယ်လို့ ကျွန်တော်ထင်တယ်။ ပြီးတော့ စီ၊ စီ၊ အတိုကောက်စာလုံးတွေကို ဒီဆေးရုံရှေ့မှာ ထားမယ်ဆိုယင်၊ ဒီစာလုံးတွေက၊ ကြက်ခြေနီရုံပုံငွေကို အလွန်သဘာဝ ဆန်ဆန်ဖော်ပြနေတယ်'

'ခင်ဗျား မှန်နိုင်ပါတယ်'

'ဖြစ်နိုင်မှုက ဒီဘက်ကို ဦးတည်နေတယ်။ ဒါကို ကျွန်တော်တို့က ယူဆချက် တစ်ခုအဖြစ်ယူမယ်ဆိုရင်၊ ကျွန်တော်တို့ရဲ့ ဒီမသိရတဲ့ ဧည့်သည်ကို ရုပ်လုံးစဖော်ဖို့အတွက် ကျွန်တော်တို့ အခြေခံအသစ်တစ်ခုရတာပဲ'

'အင်း၊ ဒါဖြင့်ယင် စီစီအိတ်ချ်က ကြက်ခြေနီရုံပုံငွေဆေးရုံအတွက် မှတ်ယူရမယ်ဆိုရင်၊ နောက်ထပ် ကျွန်တော်တို့ ဘာသုံးသပ်ချက်ချရမလဲ'

'ဒါတွေက၊ ဘာမှ အဆိုပြုထားတာ မရှိဘူးလား၊ ကျွန်တော်ရဲ့နည်းစနစ်တွေကို ခင်ဗျား သိပါတယ်။ ဒါတွေကို အသုံးပြုစမ်းပါ'

'ဒီလူဟာ ကျေးလက်ကို မသွားခင် မြို့ပေါ်မှာ လေ့လာမှုပြုလုပ်ခဲ့ရမယ်ဆိုတဲ့ ရှင်းလင်းတဲ့ သုံးသပ်ချက်ကိုပဲ ကျွန်တော် လုပ်နိုင်တော့တယ်'

'ကျွန်တော်တို့ ဒီထက်နည်းနည်းပိုပြီးတော့ စွန့်စားကြည့်နိုင်တယ်လို့၊ ကျွန်တော်ထင်တယ်။ ဒီအလင်းရောင်မှာ ဒါကိုကြည့်စမ်းပါ၊ ဘယ်လိုအခြေအနေမျိုးမှာ ဒီလို လက်ဆောင်တစ်ခုကို ပေးဖို့ အဖြစ်နိုင်ဆုံးရှိမလဲ။ ဘယ်လိုအချိန်မှာ သူ့ရဲ့မိတ်ဆွေတွေက၊ သူ့ကို ဆန္ဒမွန်တွေ ပြုဖို့အတွက် စုစည်းကြမလဲ၊ သူကိုယ်ပိုင် ဆေးပညာလုပ်ငန်းကို အစပြုဖို့၊ ဆေးရုံအမှုထမ်းဘဝကနေ၊ ဒေါက်တာ မော်တင်မာ နုတ်ထွက်လိုက်တဲ့အချိန်မှာ ဖြစ်မှာ ထင်ရှားတယ်။ လက်ဆောင်ပေးမှုတွေ ရှိမယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ မြို့ပေါ်ဆေးရုံကနေ၊ ကျေးလက်ဆေးပညာလုပ်ငန်းကို ပြောင်းရွှေ့မှုရှိခဲ့ရမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ရတယ်။ ဒါဆိုယင်၊ ဒီလက်ဆောင်ပေးမှုက ဒီပြောင်းလဲမှုတဲ့အချိန်အခါမှာ ဖြစ်ရမယ်လို့ ပြောယင်၊ ကျွန်တော်တို့ရဲ့ သုံးသပ်ချက်အစွန်းရောက်လွန်းသွားမလား'

'ဒါဖြစ်နိုင်ဖို့ သေချာဟန်တူပါတယ်'

'အဲဒါကို လန်ဒန်ဆေးပညာလုပ်ငန်းမှာ ကောင်းကောင်းအခြေချထားတဲ့လူသာ ဒီလိုအနေအထားမျိုးရနိုင်ပြီး၊ အဲဒီလို အနေအထားမျိုးနဲ့လူက၊ ကျေးလက်ဒေသကိုလာမှာ မဟုတ်တာကြောင့်၊ သူ့ဆေးရုံအမှုထမ်းမဟုတ်တာကို ခင်ဗျား မြင်မှာပါ။ ဒါဖြင့်ယင် သူဘာလဲ။ သူ့ဆေးရုံမှာ ရှိပြီး၊ အမှုထမ်းမဟုတ်သေးယင်၊ အလုပ်သင်ခွဲစိတ်ဆရာဝန်သော်လည်းကောင်း၊ အလုပ်သင် အထွေထွေ ဆရာဝန်သော်လည်းကောင်း သူဖြစ်ရမယ်။ ကျောင်းသားကြီးထက်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပိုကြီးမယ်၊ ပြီးတော့ လွန်ခဲ့တဲ့ (၅) နှစ်က သူထွက်ခွာသွားတယ်။ တုတ်ကောက်ပေါ်မှာ နေ့စွဲရှိတယ်။ ဒါကြောင့် မိတ်ဆွေကြီး ဝပ်ဆန်၊ ခင်ဗျားရဲ့ လေးနက်တဲ့အသက် အလည်အလတ်ရှိ မိသားစုဆေးပညာရှင်ဟာ၊ ပါးလွှာတဲ့ လေထုထဲမှာ ကွယ်ပျောက်သွားပြီးတော့ အသက် (၃၀) အောက်၊ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ရောင့်ရဲတတ်တဲ့၊ အာရုံစူးစိုက်တတ်တဲ့၊ လူငယ်တစ်ယောက် ပေါ်ထွက်လာတယ်။ သူက ခွေးပိုင်ရှင်တစ်ယောက်ဖြစ်ပြီး၊ အဲဒီခွေးက "တယ်ရီယာ" ခွေးထက်ပိုကြီးပြီး မာစ်တစ်ခွေးထက် ပိုသေးတယ်လို့ ကျွန်တော် အကြမ်းဖြင်း ဖော်ပြပါမယ်'

ရှားလော့ဟုမ်းက စက်တီထိုင်ခုံထဲတွင် ကျောမှီချပြီး၊ ဝေ့ဝိုက်နေသော မီးခိုးအဝိုင်းကလေးများကို မျက်နှာကျက်ဆီသို့ မှုတ်ထုတ်နေစဉ်၊ ကျွန်ုပ်က မယုံကြည်နိုင်ဟန်ဖြင့် ရယ်မောဓ၏။

'နောက်ဆုံး ကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားကို စစ်ဆေးမဲ့နည်းလမ်း ကျွန်တော်မှာ မရှိပါဘူး' ကျွန်ုပ်က ပြော၏။ 'ဒါပေမယ့်လည်း လူရဲ့အသက်နဲ့၊ အသက်မွေးဝမ်းကြောင်းတို့နဲ့ ပတ်သက်လို့ အချက်အလက်တချို့ကို ရှာတွေ့ဖို့ကတော့ မခက်ပါဘူး' ကျွန်ုပ်၏ ဆေးပညာဆိုင်ရာ စာအုပ်စင်ကလေးမှ ဆေးပညာဆိုင်ရာ အညွှန်းစာအုပ်ကလေးကို ကျွန်ုပ်က ဆွဲယူချလိုက်ပြီး၊ နာမည်ကို လှမ်းရှာလိုက်၏။ မော်တင်မာအမည်များစွာ ရှိ၏။ သို့သော် ကျွန်ုပ်တို့၏ ဧည့်သည်ဖြစ်နိုင်သော နာမည်က တစ်ခုသာ ရှိ၏။ သူ၏မှတ်တမ်းကို ကျွန်ုပ်က အသံကျယ်ကျယ်ဖြင့် ဖတ်လိုက်၏။

'မော်တင်မာ၊ ဂျိန်း၊ အမ်အာစီအက်စ်၊ ၁၈၈၂ ခု၊ ဂရင်ပင်၊ ဒါတ်မိုး၊ ဒီဗွန်၊ အလုပ်သင်ခွဲစိတ်ဆရာဝန် ၁၈၈၂ မှ ၁၈၈၄ ခု၊ ကြက်ခြေနီရုံပုံတွေ ဆေးရုံ၊ "ရောဂါသည် တန်ပြန်ခြင်းတစ်ခု ဖြစ်သလား" အမည်ရှိ စာတမ်းဖြင့် နှိုင်းယှဉ်ပြ ရောဂါဗေဒအတွက် ဂျက်ဆန်ဆုရရှိသူ၊ ဆွီဒင်ရောဂါဗေဒအဖွဲ့အစည်း၏ အဝေးရောက်အဖွဲ့ဝင်၊ (၁၈၈၂ ခုနှစ်၊ လန်စက်စာပေထုတ်) "ဆန်ဖရီအော့ အတာဗစ်ဆန်" နှင့် (၁၈၈၃ ခုနှစ်၊ ဆိုကိုလိုဂျီဂျာနယ်ထုတ်) "ဒူစိပရိုဂရက်" စာရေးဆရာ။ ဂရက်မင်၊ သောစ်လီနှင့် ဟိုက်တာရို၊ အရပ်ဒေသအတွက် ဆေးဘက်ဆိုင်ရာအရာရှိ'

'အဲဒီ အမဲလိုက်အဖွဲ့ကို ဖော်ပြမထားဘူး ဝပ်ဆန်' ဟုမ်းက လှောင်ပြုံးပြုံးလျက် ပြော၏။ 'ဒါပေမယ့် ခင်ဗျား အလွန်ပါးနပ်စွာ မြင်တဲ့အတိုင်းပဲ၊ ကျေးလက်ဆရာဝန်တစ်ယောက်ပါ။ ကျွန်တော်ရဲ့ သုံးသပ်ချက်ကတော့ သင့်တော် လျှောက်ပတ်မှုရှိတယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော် ပြောခဲ့တဲ့၊ စိတ်ကောင်းနှလုံးကောင်းရှိတယ်၊ ရောင့်ရဲတတ်တယ်၊ အာရုံစူးစိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့ စကားအသုံးအနှုန်းနဲ့ ပတ်သက်လို့၊ ကျွန်တော် မှတ်မိသလောက်ပေါ့၊ ကျွန်တော်ရဲ့ အတွေ့အကြုံအရတော့၊ ဒီကမ္ဘာမှာ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူပဲ၊ ဂုဏ်ပြုထောပနာစာကို ရနိုင်တယ်။ ရောင့်ရဲတတ်တဲ့လူပဲ၊ ကျေးလက်ဒေသအတွက်၊ လန်ဒန်က အသက်မွေးဝမ်းကြောင်း လုပ်ကင်နန်းကို စွန့်လွှတ်နိုင်တယ်။ အာရုံးစူးစူးစိုက်တတ်တဲ့ လူပဲ၊ ခင်ဗျားရဲ့အခန်းထဲမှာ တစ်နာရီလောက် စောင့်ပြီး၊ သူ့ရဲ့ခရီးသွားကဒ်ပြားကို မထားခဲ့ဘဲ၊ တုတ်ကောက်ကိုပဲ ထားခဲ့လိမ့်မယ်'

'ခွေးကရော'

'ဒီတုတ်ကောက်ကို သူ့ရဲ့ဆရာနောက်မှာ သယ်ဆောင်ယူလာတတ်တဲ့ အလေ့အကျင့်ရှိတယ်။ လေးလံတဲ့ တုတ်တစ်ချောင်းဖြစ်တာကြောင့် ခွေးက၊ ဒီတုတ်ကို အလယ်ကနေ တင်းတင်းကျပ်ကျပ် ကိုက်ချီတတ်တယ်။ သူ့ရဲ့သွားရာတွေကို အလွန်အထင်အရှား မြင်နိုင်တယ်။ ဒီသွားရာတွေ ကြားက အကွာအဝေးပြပုံအရဆိုယင် ခွေးရဲ့မေးရိုးက ကျွန်တော် အမြင်မှာ ကျယ်ပြန့်လွန်းအားကြီးလို့၊ တယ်ရီယာခွေး မဖြစ်နိုင်ဘူး။ 'မာစ်တစ်' ခွေးမျိုး ဖြစ်ဖို့ကလည်း သိပ်မကျယ်ဘူး။ အဲဒါက ဟုတ်တယ်။ အမွေးကောက်တဲ့ စပါနီရယ် ခွေးမျိုးဖြစ်နိုင်တယ်'

သူက မတ်တတ်ထရပ်ပြီး၊ စကားပြောစဉ်၊ အခန်းထဲတွင် လမ်းလျှောက်နေ၏။ ယခု သူက ပြတင်းပေါက်အနားတွင် ရပ်နေ၏။ သူ၏အသံတွင် ယုံကြည်ချက် အခိုင်အမာကို ဖော်ပြနေလွန်းရာ၊ ကျွန်ုပ်က အံ့သြစွာဖြင့် မော့ကြည့်လိုက်၏

'မိတ်ဆွေ၊ ခင်ဗျား ဘာဖြစ်လို့ ဒီလောက်သေချာနေရတာလဲ'

'ခွေးကိုယ်တိုင်ကို ကျွန်တော်တို့ရဲ့ တံခါးဝမှာ ကျွန်တော်မြင်လိုက်ရတာရယ်၊ သူ့ရဲ့ပိုင်ရှင်က တံခါးခေါက်နေတာရယ်၊ စတဲ့ အလွန်ရိုးရှင်းတဲ့ အကြောင်းကြောင့်ပါပဲ၊ မလှုပ်ပါနဲ့၊ ခင်ဗျားကို ကျွန်တော် တောင်းပန်ပါတယ် ဝပ်ဆန်၊ သူက ခင်ဗျားနဲ့ ပညာရှင်ညီအစ်ကိုပါ၊ ခင်ဗျားရှိနေတာ ကျွန်တော်အတွက် အထောက်အကူ ဖြစ်နိုင်ပါတယ်။ ခင်ဗျားရဲ့ ဘဝထဲကို လမ်းလျှောက်လာနေတဲ့ လှေကားပေါ်က ခြေသံကို ခင်ဗျားကြားရတဲ့ ခုအချိန်အခါဟာ ကံကြမ္မာရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်လာပြီ ဝပ်ဆန်၊ ဒါဟာ ကောင်းသလား၊ ဆိုးသလားဆိုတာ၊ ခင်ဗျား မသိပါဘူး။ သိပ္ပံပညာရှင်တစ်ယောက်ဖြစ်တဲ့ ဒေါက်တာ ဂျိမ်းမော်တင်မာက ပြစ်မှုပါရဂူ ရှားလော့ဟုမ်းကို ဘာမေးမလဲ၊ ဝင်လာခဲ့ပါ'

စံနမူနာ ကျေးလက်ဆေးပညာရှင်တစ်ယောက်ကို ကျွန်ုပ်မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ထားသောကြောင့် ကျွန်ုပ်တို့ ဧည့်သည်၏ ပုံပန်းသဏ္ဌာန်က ကျွန်ုပ်ကို အံ့သြသွားစေ၏။ သူက အလွန်အရပ်ရှည်၍ ပိန်ပိန်ပါးပါး ဖြစ်ကာ၊ ရွှေကိုင်းတပ်ထားသော မျက်မှန်နောက်မှ တောက်ပစွာ လက်နေ၍ ပူးကပ်စွာ ရှိနေသော ထက်မြက်သည့် မီးခိုးရောင်မျက်လုံးနှစ်လုံးအကြားတွင် ငှက်နှုတ်သီးကဲ့သို့ ရှေလျား သော နှာခေါင်းရှိသူဖြစ်၏။ သူ၏ ကုတ်အင်္ကျီအရှည်က ညစ်ပတ်နေပုံ ပေါ်ပြီး သူ၏ဘောင်းဘီများက ဟောင်းနွမ်းနေသောကြောင့်၊ လူကြီးလူကောင်းဆန် သော်လည်း အတော်ဖရိုဖရဲနိုင်သည့် ပုံစံဖြင့် သူဝတ်စားထား၏။ ငယ်ရွယ် သော်လည်း ရှည်လျားသော သူ၏နောက်ကျောက ကုန်းနေပြီဖြစ်ကာ၊ ဦးခေါင်း ကို ရှေ့ငိုက်စိုက်ထိုးလျက်၊ စိတ်ကောင်းရှိသော ပုံစံဖြင့် လမ်းလျှောက်၏။ သူဝင်လာစဉ်၊ သူ၏မျက်လုံးများက ဟုမ်း၏လက်ထဲမှ တုတ်ကောက်ပေါ်သို့ ကျရောက်သွားပြီး၊ သူက ဝမ်းသာအားရ အာမေဋိတ်ပြုလျက်၊ ၎င်းဆီသို့ ပြေးသွား၏။ 'ကျွန်တော် အရမ်းဝမ်းသာတယ်။ ဒါကို ကျွန်တော် ဒီမှာထားခဲ့ သလား၊ သင်္ဘောရုံးမှာ ထားခဲ့သလားဆိုတာ ကျွန်တော် မသေချာဘူး။ ဒီတစ် ပတ်မှာတော့ ဒီတုတ်ကောက်ကို ကျွန်တော် ပျောက်တော့မှာ မဟုတ်ဘူး'

'လက်ဆောင်တစ်ခုလို့ ကျွန်တော် ထင်တယ်' ဟုမ်းက ပြော၏။

'ဟုတ်ပါတယ် ဆရာ'

'ချဲရင်းက ရောစ် ဆေးရုံက မဟုတ်လား'

'ကျွန်တော် အိမ်ထောင်ပြုစဉ်အခါက အဲဒီက မိတ်ဆွေတစ်ယောက်၊ နှစ်ယောက်ဆီကပါ'

'မိတ်ဆွေ၊ မိတ်ဆွေ၊ ဒါဆိုးတာပဲ' ဟုမ်းက ဦးခေါင်းကို ခါရမ်းယင်း ပြော၏။

ဒေါက်တာ မော်တင်မာက အနည်းငယ် အံ့သြဟန်ဖြင့် မျက်မှန်ကြား မှ မျက်တောင်တဖျတ်ဖျတ် ခတ်၏။

'ဘာကြောင့် ဒါဆိုးရတာလဲ'

'ကျွန်တော်တို့ရဲ့ သုံးသပ်ချက်ကလေးကို ခင်ဗျား လွဲအောင်လုပ် လိုက်တာလေးပါပဲ၊ ခင်ဗျားအိမ်ထောင်ရှိတယ် ဟုတ်လား'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အိမ်ထောင်ရှိပါတယ်။ ဒါကြောင့် ဆေးရုံကို ကျွန်တော် စွန့်ခွာသွားခဲ့ပါတယ်။ အဲဒါနဲ့အတူ၊ လေ့လာသင်ကြား ရေး မျှော်လင့်ချက်အားလုံးကို စွန့်ခွာခဲ့ရတယ်။ ကျွန်တော် ကိုယ်ပိုင်အိမ်တစ်ခု ဖန်တီးဖို့လိုအပ်လာတယ်'

'ကဲ ကဲ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ သိပ်မမှားလှသေးပါဘူး' ဟုမ်း က ပြော၏။ 'ပြီးတော့ အခု ဒေါက်တာ ဂျိမ်းမော်တင်မာ'



www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာပါ ဆရာ၊ မစ္စတာလို့ပဲ ခေါ်ပါ၊ အက်အာစီအက်ဘွဲ့က ဘာမှ မဟုတ်လှပါဘူး'

'စိတ်ထား တည်ကြည်တဲ့လူဆိုတာ အထင်အရှားပါပဲ'

'သိပ္ပံပညာရှင်မှာ၊ အပျော်တမ်း လေ့လာသူတစ်ယောက်ပါ မစ္စတာ ဟုမ်း၊ အပြောကျယ်တဲ့ မဟာသမုဒ္ဒရာ ကမ်းခြေတွေပေါ်မှာ ရှိတဲ့ ခရုခွံတွေထဲက ကောက်လာတဲ့ လူတစ်ယောက်ပါ၊ အခု ကျွန်တော် စကားပြောနေတာ၊ မစ္စတာ ရှားလော့ဟုမ်း ဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်။ နို့မဟုတ်ယင်'

'မဟုတ်ပါဘူး၊ ဒါက ကျွန်တော်ရဲ့ မိတ်ဆွေ ဒေါက်တာ ဝပ်ဆန်ပါ'

'ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ် ဆရာ၊ ခင်ဗျားရဲ့မိတ်ဆွေနဲ့ စပ်လျဉ်းပြီး၊ ခင်ဗျားရဲ့အမည်ကို ဖော်ပြကြတာ၊ ကျွန်တော်ကြားဖူးပါတယ်။ ခင်ဗျားကို ကျွန်တော် အများကြီး စိတ်ဝင်စားပါတယ် မစ္စတာ ဟုမ်း၊ ဒီလောက် ရှည်လျားတဲ့ ဦးခေါင်းရိုးတစ်ခုကို၊ ဒါမှ မဟုတ်၊ ဒီလောက်ထင်ရှားတဲ့ အမှတ်အသားရှိတဲ့ မျက်လုံးချိုင့်တွေကို ကျွန်တော် မမျှော်လင့်မိပါဘူး။ ခင်ဗျားရဲ့ အရိုးခေါင်းကို ကျွန်တော် လက်ချောင်းနဲ့ စမ်းကြည့်ယင်၊ ခင်ဗျား ကန့်ကွက်မလား။ ခင်ဗျား အရိုးခေါင်းရဲ့ ပုံတူတစ်ခုဟာ မူရင်းကို မမှီပေမယ့်လည်း၊ မနုဿဗေဒပြတိုက်တစ်ခုခုအတွက် အလှတန်ဆာတစ်ခုဖြစ်နေလိမ့်မယ်။ မြှောက်ပင့်ပြောဖို့ ကျွန်တော် မရည်ရွယ်ပါဘူး။ ဒါပေမယ့် ခင်ဗျားရဲ့ အရိုးခေါင်းကို ကျွန်တော် လိုချင်စိတ်ဖြစ်မိတယ်ဆိုတာ ဝန်ခံပါတယ်'

ရှားလော့ဟုမ်းက ကျွန်ုပ်တို့၏ ထူးဆန်းသော မိတ်ဆွေကို ထိုင်ခုံ၌ ထိုင်ရန် လက်ဟန့်ရမ်းပြလိုက်၏။

'ကျွန်တော်ရဲ့ အတွေးထဲမှာ ကျွန်တော် စိတ်ထက်သန်သလို၊ ခင်ဗျားရဲ့ အတွေးထဲမှာလည်း ခင်ဗျား စိတ်ထက်သန်တယ် ဆိုတာ ကျွန်တော် သိတယ် ဆရာ' သူက ပြော၏။ 'ခင်ဗျားရဲ့ စီးကရက်ကို ခင်ဗျား ကိုယ်တိုင် လုပ်တယ်ဆိုတာ ခင်ဗျားရဲ့ လက်ညှိုးကို ကြည့်ယင် သိရပါတယ်။ မီးညှိသောက်ဖို့ အချိန်ဆွဲမနေပါနဲ့'

ထိုလူက စက္ကူနှင့် ဆေးများကို ထုတ်ယူ၍ အံ့သြဖွယ်ကောင်းသော ကျွမ်းကျင်မှုဖြင့် ဆေးလိပ်တစ်လိပ် လိပ်လိုက်။ အင်းဆက်ပိုးကောင်တစ်ခု၏ ဦးမျှင်ကဲ့သို့ အငြိမ်မနေဘဲ၊ လှုပ်ရှားနေသော ရှည်လျားတုန်ရီနေသည့် လက်ချောင်းများ သူ့တွင်ရှိ၏။

ဟုမ်းက တိတ်ဆိတ်နေ၏။ သို့သော် သူ၏စူးရှသော အကြည့်က ကျွန်ုပ်တို့၏ ထူးဆန်းသော မိတ်ဆွေကို သူ စိတ်ဝင်စားနေကြောင်း ဖော်ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပြီးခဲ့တဲ့ညကနဲ့၊ ဒီနေ့ တစ်ခါ ခင်ဗျား ကျွန်တော်ဆီ အလည်အပတ်လာရတာဟာ' နောက်ဆုံး၌ သူက ပြောလိုက်၏။ 'ကျွန်တော်ရဲ့ ဦးခေါင်းရိုးကို လေ့လာကြည့်ရှုဖို့ ရည်ရွယ်ချက်အတွင်သာ မဟုတ်ဘူးလို့ ကျွန်တော် ထင်ပါတယ် ဆရာ'

'မဟုတ်ပါဘူး၊ ဆရာ မဟုတ်ပါဘူး။ သို့သော်လည်း ကျွန်တော် ဒီလိုလုပ်ရတဲ့ အခွင့်အရေးရတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်။ ကျွန်တော် ခင်ဗျားဆီကို လာတာဟာ မစ္စတာဟုမ်း၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်ဟာ လက်တွေ့မကျတဲ့လူတစ်ယောက်ဖြစ်နေတာကို ကျွန်တော် အသိအမှတ်ပြုမိတာကြောင့်ရယ်၊ အလေးနက်ဆုံး၊ အထူးဆန်းဆုံး ပြဿနာတစ်ခုနဲ့ ကျွန်တော် ရုတ်တရက် တွေ့ကြုံလိုက်ရတာကြောင့်ရယ်ပါ။ အဲဒီလို ကျွန်တော် တွေ့ကြုံရစဉ်၊ ခင်ဗျားဟာ ဥရောပမှာ ဒုတိယအကျွမ်းကျင်ဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တာကို အမှတ်ရမိတာကြောင့် ...'

'ဟုတ်လား ဆရာ၊ ပထမလူက ဘယ်သူဖြစ်တယ်ဆိုတာ ကျွန်တော် မေးပါရစေလား' ဟုမ်းက အသံခပ်မာမာဖြင့် မေး၏။

'တိကျတဲ့ သိပ္ပံပညာ အသိစိတ်ရှိတဲ့ လူတစ်ယောက်အဖို့၊ မွန်စီယာ ဘာတီလွန်းရဲ့ လုပ်ရပ်တွေက အမြဲတမ်း ဆွဲဆောင်မှု ပြင်းထန်နေရမယ်'

'ဒါဖြင့်ယင် ခင်ဗျား သူနဲ့တိုင်ပင်ဆွေးနွေးယင် ပိုမကောင်းဘူးလား'

'တိကျတဲ့ သိပ္ပံပညာအသိစိတ်လို၊ ကျွန်တော် ပြောပါတယ် ဆရာ၊ ဒါပေမယ့် အခြေအနေ အရပ်ရပ်ကို လက်တွေ့ကျကျလုပ်နိုင်သူနဲ့ ပတ်သက်လို့ကတော့ ခင်ဗျား တစ်ယောက်တည်းပဲ ရပ်တည်နေသေးတယ်လို့ အသိအမှတ်ပြုထားကြပါတယ်။ ကျွန်တော် ယုံကြည်ပါတယ် ဆရာ၊ ကျွန်တော် မစဉ်းစားမဆင်ခြင်ဘဲ ...'

'နည်းနည်းလေးပါ' ဟုမ်းက ပြော၏။ 'ကျွန်တော်ရဲ့ အကူအညီကို ခင်ဗျားလိုနေတဲ့၊ ပြဿနာရဲ့ သဘာဝအတိအကျက ဘာလဲဆိုတာ ခင်ဗျား ပြဿနာထပ်မရှုပ်ဘဲ၊ ရိုးရိုးရှင်းရှင်း ပြောပြမယ်ဆိုယင်၊ ခင်ဗျား ပညာရှိရှိနဲ့ ပြုမူတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒေါက်တာ မော်တင်မာ'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## ဘာစ်ကာဘီလ်၏ ကျိန်စာ

'ကျွန်တော်ရဲ့အင်္ကျီအိတ်ထဲမှာ လက်ရေးမူစာရွက်တစ်ရွက် ရှိတယ်' ဒေါက်တာ ဂျိန်းမော်တင်မာက ပြော၏။

'ခင်ဗျား အခန်းထဲဝင်လာတော့၊ အဲဒါကို ကျွန်တော် မြင်တယ်' ဟုမ်းက ပြော၏။

'ဒါက ရှေးဟောင်းလက်ရေးမူတစ်ခုပါ'

'အဲဒါ အတုမဟုတ်ယင်၊ ၁၈ ရာစု စောစောပိုင်းက ဖြစ်ရမယ်'

'ခင်ဗျား ဒီလိုဘယ်လိုလုပ်ပြောနိုင်သလဲ ဆရာ'

'ခင်ဗျား စကားပြောနေတဲ့ တစ်ချိန်လုံးမှာ၊ ဒီလက်ရေးမူ တစ်လက်မ နှစ်လက်မလောက်ကို ကျွန်တော်စစ်ဆေးကြည့်ဖို့ ခင်ဗျား ပြသနေတယ်။ စာရွက်စာတမ်းတစ်ခုရဲ့ နေ့စွဲကို ဆယ်စုနှစ်၊ ဒါမှမဟုတ် အဲဒီပတ်ဝန်းကျင်အတွင်း လောက်မှာ မသတ်မှတ်နိုင်ဘူးဆိုယင်၊ အဲဒီကျွမ်းကျင်သူကတော့ သနားစရာ ဖြစ်လိမ့်မယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး၊ ကျွန်တော်ရဲ့ စာတမ်းကလေးကို ခင်ဗျား ဖတ်ရမှာပါ။ ဒါကို ကျွန်တော် ၁၇၃၀ မှာ သတ်မှတ်တယ်'

'တိကျတဲ့နေ့စွဲကတော့ ၁၇၄၂ ခုနှစ်ပါ' ဒေါက်တာမော်တင်မာက ၎င်းကို သူ၏ရင်ဘတ်အင်္ကျီအိတ်ထဲမှ ဆွဲထုတ်၏။ 'ဒီမိသားစု စာတမ်းကို ဆာချားလ် ဘာစ်ကာ ဘီလ်က ကျွန်တော်ရဲ့ လက်ထဲကို အပ်ခဲ့တာပါ။ လွန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ (၃) လက ရုတ်တရက် ကြေကွဲဖွယ်ကောင်းစွာ သူသေဆုံးခဲ့ရတာဟာ (ဒီဗွန်ရှဲ ဒေသ)မှာ စိတ်လှုပ်ရှားမှုအတော် ဖြစ်စေခဲ့တယ်။ ကျွန်တော်ဟာ သူရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ မိတ်ဆွေတစ်ယောက်ဖြစ်သလို၊ သူ့ကို ကျန်းမာရေး ကုသ ပေးနေရသူ ဖြစ်တယ်လို့၊ ကျွန်တော်ပြောပြရစေ၊ သူဟာ စိတ်ဓာတ်ခိုင်မာတဲ့ လူတစ်ယောက်ပါ ဆရာ။ လိမ္မာပါးနပ်တယ်။ လက်တွေ့ကျတယ်။ ကျွန်တော် လိုပဲ၊ စိတ်ကူးမယဉ်တတ်ဘူး၊ ဒါပေမယ့် ဒီစာရွက်စာတမ်းကို သူအလွန် အလေးအနက် ထားတယ်။ အခုလို အဆုံးသတ်မှုနဲ့ အမှန်တကယ်ကြုံတွေ့ရခဲ့ ရသလို၊ အဲဒီအတွက် သူ့စိတ်ထဲမှာ ပြင်ဆင်မှုတွေ လုပ်ခဲ့တယ်'

ဟုမ်းက လက်ရေးမူကို လက်ဖြန့်တောင်းပြီး၊ ၎င်းကို သူ၏ ဒူးခေါင်း ပေါ်တွင် ဖြန့်လိုက်၏။

'အက်စ်အတိုနဲ့အရှည်ကို တစ်လှည့်စီ သုံးတာ ခင်ဗျား မြင်ရမှာပါ၊ ဝပ်ဆန်၊ နေ့စွဲကို ကျွန်တော် သတ်မှတ်နိုင်တဲ့ ဖော်ညွှန်းချက်များစွာထဲမှာ ဒါ က တစ်ခုပေါ့'

ကျွန်ုပ်က ပခုံးပေါ်မှကျော်၍ အဝါရောင်စာရွက်နှင့် မှေးမှိန်နေသော လက်ရေးမူကို ကြည့်လိုက်၏။ ခေါင်းစဉ်၌ ဤသို့ရေးထား၏။ 'ဘာစ်ကာ ဘီလ်ဟောလ်' အောက်တွင် ကြီးမားစွာ၊ ခတ်သော့သော့ ရေးထားသော ဂဏန်းက ဤသို့ရှိ၏။ '၁၇၄၂'

'ဒါက တစ်ခုခုကို ဖော်ပြထားတာနဲ့တူတယ်'

'ဟုတ်ပါတယ်။ ဒါက ဘာစ်ကာဗီလ်မိသားစုထဲမှာ ဖြစ်ပျက်ခဲ့တဲ့ ဒဏ္ဍာရီတချို့ကို ဖော်ပြထားတာပါ'

'ဒါက ကျွန်တော်နဲ့အတူ ခင်ဗျားတိုင်ပင် ဆွေးနွေးချင်တဲ့၊ ပိုမိုခေတ်မီ ပြီး လက်တွေ့ကျတဲ့ အရာတစ်ခု ဖြစ်မယ်လို့၊ ကျွန်တော် နားလည်ရမယ် မဟုတ်လား'

'ခေတ်အမီဆုံးပဲ၊ ၂၄ နာရီအတွင်းမှာ ဆုံးဖြတ်ရမယ့် လက် တွေ့အကျဆုံး၊ အရေးကြီးတဲ့ အရာတစ်ခုပါ။ ဒါပေမယ့် လက်ရေးမူစာက၊ တိုပြီး အဖြစ်အပျက်နဲ့ တော်တော်ကို ဆက်စပ်နေပါတယ်။ ခင်ဗျားရဲ့ ခွင့်ပြု ချက်ရယင်၊ ဒါကို ခင်ဗျားကို ကျွန်တော် ဖတ်ပြပါမယ်'

ဟုမ်းက ထိုင်ခုံတွင် နောက်ပြန်မှီထိုင်ပြီး၊ သူ၏လက်ချောင်းများကို အတူတကွ ပူး၍ လက်လျှော့လိုက်သော အမူအရာဖြင့် မျက်လုံးများကို ပိတ် လိုက်၏။ ဒေါက်တာ မော်တင်မာ က လက်ရေးမူစာရွက်ကို၊ မီးရောင်ဘက် လှည့်၍ ကျယ်လောင်ကွဲအက်သော အသံဖြင့် ထူးဆန်းသော အောက်ပါရေး ဟောင်းဇာတ်ကြောင်းကို ဖတ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်သည် ဟူရိုးဘာစ်ကာဗီလ်မျိုးဆက်မှ တိုက်ရိုက်လာခဲ့သလို၊ ကျွန်ုပ်၏ ဖခင်ထံမှ (သူကလည်း ၎င်းကို သူ၏ဖခင်ထံမှ ရခဲ့၏) ဤဇာတ်လမ်းကို ကျွန်ုပ်ရရှိခဲ့သည့်အတိုင်း၊ ဘာစ်ကာဗီလ်ခွေးကြီး၏ မူလဇစ်မြစ်နှင့် ပတ်သက်၍ များစွာသော ဖော်ပြချက်များ ရှိ၍၊ ၎င်းက ဤနေရာ၌ ဖော်ပြသည့်အတိုင်း ဖြစ်ပေါ်ခဲ့သည်ဟု ယုံကြည်ချက်အပြည့်ဖြင့် ၎င်းကို ကျွန်ုပ်ရေးချလိုက်၏။ ပြစ်မှုကို ဒဏ်ခတ်သော ထိုတရားဥပဒေသည် ညာတာမှု အပြည့်အဝဆုံးဖြင့် ၎င်းကို ခွင့်လွှတ်နိုင်ကြောင်း၊ မည်သည့်တားမြစ်ချက်မှ မလေးလံလှကြောင်း၊ သို့သော် ဆုတောင်းခြင်း၊ ကြေကွဲနောင်တရခြင်းဖြင့် ၎င်းကိုဖယ်ရှားနိုင်ကြောင်းကို (ကျွန်ုပ်၏သားများ) သင်တို့အား ကျွန်ုပ် ယုံကြည်စေလို၏။ ဤသို့ဆိုလျှင် အတိတ်မှ အသီးအပွင့်များကို မထိတ်လန့်စေရန် ဤဇာတ်ကြောင်းမှ သိရှိနာယူပါ၊ သို့သော် ကျွန်ုပ်တို့၏ မိသားစုများ အလွန်ကြေကွဲစွာ ခံစားရသော စိတ်ပျက်ဖွယ် ပြင်းပြစိတ်များသည် ကျွန်ုပ်တို့၏ ပျက်စီးမှုအကြောင်းနှင့် နောက်တစ်ကြိမ်လွတ်ကင်းမှု ရှိမည်မဟုတ်သည်ကို အနာဂတ်တွင် ပို၍သတိပြုသင့်၏။

'ထို့နောက် မဟာတော်လှန်ရေးကာလတွင် ဤဘာစ်ကာဗီလ် မြေယာကို ထိုမိသားစုမှ ဟူရိုအမည်ရှိသူက ဆုပ်ကိုင်ထားပြီး၊ သူက အရိုင်းပြဆုံး ဘာသာတရား အကင်းမဲ့ဆုံးလူဖြစ်သည်ကို မငြင်းနိုင်ပါ။ ထိုအရပ်ဒေသတွင် သူတော်စင်များ မည်သည့်အခါမှ မထွန်းပေါက်သည်ကို တွေ့ရသဖြင့် (အမှန်တွင်) သူ၏အနီးနားချင်းများက ခွင့်လွှတ်နိုင်ကြ၏။ သို့သော် အနောက်ဘက်တစ်ခွင်တွင် သူ့အား မကောင်းသတင်းကျော်စေသည်။ ရက်စက်စိတ်နှင့် သွေးဆာစိတ်တချို့ သူ့တွင် ရှိ၏။ ဘာစ်ကာဗီလ် လယ်ယာခြံမြေများအနီးတွင် လယ်ယာမြေများကို ကိုယ်တိုင်လုပ်ကိုင်ပိုင်ဆိုင်သော လယ်သမားတစ်ယောက်၏ သမီးကို ဤဟူရိုက ချစ်ကြိုက်မိသော အခွင့်အလမ်း ဖြစ်ပေါ်လာ၏။ သို့သော် မိန်းမငယ်က ယဉ်ကျေးပြီး ဣန္ဒြေရှိသဖြင့်၊ သူ၏ နာမည်ဆိုးကို ကြောက်ရွံ့သောကြောင့် သူ့ကို အမြဲတမ်း ရှောင်ကျဉ်၏။ ဤသို့ဖြင့် မိုက်ကယ်မာစ်ပွဲတော် ရက်တစ်ရက်တွင် ဤဟူရိုက မိန်းမပျို၏ အဖေနှင့်အစ်ကိုများ၊ အိမ်၌ မရှိသည်ကို သိသည့်အတိုင်း၊ လူပျင်း လူပျက် သူ၏အဖော် (၅) ယောက်၊ (၆) ယောက်တို့နှင့်အတူ၊ လယ်တောထဲသို့ ခိုးဝင်လာ၍ မိန်းမပျိုကို သယ်ဆောင်ပြေးသည့် ကိစ္စဖြစ်လာ၏။ သူမကို 'ဟောအိမ်' သို့ သူတို့သယ်ဆောင်လာသောအခါ၊ မိန်းမပျိုကို အပေါ်ထပ်၊ အခန်းထဲ၌ထားပြီး ထိုအချိန်၌ ဟူရိုနှင့် သူ၏သူငယ်ချင်းများက သူတို့၏ ညစဉ်ထုံးစံဖြစ်သည့်အတိုင်း အချိန်ကြာမြင့်စွာ ဆူဆူညံညံ အရက်သောက်ပျော်ပါးနေကြ၏။ ယခုအခါ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မှ မိန်းကလေးခမျာမှာ၊ အောက်ထပ်မှ သူမဆီသို့ ရောက်လာသော သီချင်းဆိုသံ၊ အော်ဟစ်သံနှင့် ကြောက်လန့်စရာကြိမ်းဝါးသံများကြောင့် ဦးနှောက်ချာချာလည် ဖြစ်ချင်လာ၏။ ဟူရိုဘာစ်ကာဗီလ် အရက်သောက်နေသောအခါ၊ သူပြောသောစကားများအတိုင်း ပြုလုပ်တတ်သည်ဟု အများက ပြောကြ၏။ နောက်ဆုံးတွင် ထိတ်လန့်မှု၊ ဖိစီးခြင်းကြောင့်၊ အရဲရင့်ဆုံးလူ၊ သို့မဟုတ် အတက်ကြွဆုံး လူကိုပင် ထိတ်လန့်စေနိုင်သောအရာကို သူမ ပြုလုပ်လိုက်၏။ တောင်ကကန်နံရံတွင် ဖုံးအုပ်နေသော (ယခုလည်း ဖုံးအုပ်နေဆဲဖြစ်သော) ဂမုန်းနွယ်ပင်များ၏ အကူအညီဖြင့် ခေါင်မိုးအစွန်းအောက်မှ သူမ ဆင်းလာသောကြောင့်ဖြစ်၏။ ဤသို့ဖြင့် 'ဟော'နှင့် သူမ ဖခင်၏ ယာတောအကြား (၉) မိုင်ခန့်ရှိသော တောရိုင်းမြေကို ဖြတ်လျက်၊ အိမ်သို့ သူမ ပြန်၏။

'အချိန်အနည်းငယ်ကြာသောအခါ၊ ဟူရိုက အရက်နှင့် အစားအသောက်များ ယူဆောင်ရန် သူ၏ဧည့်သည်များကမှ ထွက်လာပြီး၊ ပို၍ဆိုးဝါးသည်က မတော်တဆအားဖြင့် သူ၏အကျဉ်သူထံသို့သွားရာ၊ လှောင်အိမ်က ဟာလာဟင်းလင်းဖြစ်နေပြီး၊ ငှက်လွတ်သွားသည်ကို သူတွေ့ရ၏။ ထို့နောက် ဤသို့ဖြစ်ဟန်တူမည့်အတိုင်း သူက မိစ္ဆာဆိုးကပ်သူကဲ့သို့ဖြစ်လာ၏။ အဘယ်ကြောင့်ဆိုသော် လှေကားထစ်များမှ၊ ထမင်းစားခန်းထဲသို့ ပြေးဝင်လာလျက်၊ ဝိုင်အရက်ပုလင်းများ၊ အစားအစာများကို သူ့ရှေ့တွင် ပျံ့သန်းစေယင်း၊ စားပွဲကြီးပေါ်သို့ သူခုန်တက်လိုက်သောကြောင့်ဖြစ်၏။ ဤမိန်းကလေးကို သူရနိုင်မည်ဆိုလျှင် ဤညတွင် သူ၏ စိတ်နှင့်ခန္ဓာကိုယ်ကို မကောင်းဆိုးဝါးနတ်များအား သူပေးဆပ်မည်ဖြစ်ကြောင်း၊ သူ၏မိတ်ဆွေများအားလုံး ရှေ့တွင် သူက ကျယ်လောင်စွာ အော်ဟစ်ပြော၏။ ပျော်ပါးနေသူများက ဤလူ၏ဒေါသကြောင့် ထိတ်လန့်အံ့သြလျက် ရက်နေကြစဉ်၊ တခြားသူများထက်ပို၍ စိတ်ယုတ်သော သို့မဟုတ် (ဖြစ်နိုင်သည့်အတိုင်း) ပို၍အရက်မူးနေသော သူတစ်ဦးက သူမကို သူတို့ခွေးများ လွှတ်၍လိုက်သင့်ကြောင်း အော်ဟစ်လိုက်၏။ ထိုသို့အော်သော် ဟူရိုက အိမ်ထဲမှပြေးထွက်သွားပြီး၊ သူ၏မြည်းကို ထိုင်ခုံဆင်ရန်နှင့်၊ ခွေးအုပ်ကို ဖြေလွှတ်ရန် အလုပ်သမားများအား အော်ဟစ်ယင်း၊ မိန်းမပျို၏ ပုဝါတစ်ခုကို ခွေးများအား ပေးအပ်လျက်၊ ခွေးများကို တန်းစီမောင်းနှင်လိုက်၏။ ဤသို့ဖြင့် တောရိုင်းမြေပေါ်တွင် လရောင်အောက်၌ အော်ဟစ်သံ များပြည့်လျှံသွား၏။

'ယခုမူ ပျော်ပါးကြသူများက ထိုမျှ အလျှင်စလို ပြုလုပ်နေသော အရာများကို နားမလည်နိုင်ဘဲ၊ အချိန်အတော်ကြာပါးစပ်အဟောင်းသားဖြင့် ရပ်နေကြ၏။ သို့သော် မကြာခင်တွင်၊ သူတို့၏ ပျော်မြူးစိတ်များက တောရိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်တွင် ပြုလုပ်ရမည့် သဘာဝအပြုအမူများကြောင့်၊ နိုးထသွားကြ၏။ အရာရာတိုင်းကို ယခု ရှန်းရင်းဆန်ခတ်ဖြစ်နေပြီး၊ အချို့က သူတို့၏ ပစ္စတိုသေနတ်များကို တောင်းနေကြ၏။ အချို့က သူတို့၏မြင်းများကို တောင်းနေကြ၏။ အချို့က ဝိုင်အရက်နှောက် တစ်ဂျိုင့်ကို တောင်းနေကြ၏။ သို့သော် အဆုံးသတ်တွင် အလွန်တတ်ကြွနေသော သူတို့စိတ်၌ အသိတချို့ ပြန်ဝင်လာကာ အရေအတွက် (၁၃) ယောက်ရှိသော သူတို့အားလုံးက မြင်းများစီး၍ လိုက်ဖမ်းကြ၏။ လက သူတို့အပေါ်တွင် ထိန်ထိန်သာနေ၏။ သူတို့က မိန်းမပျို၊ သူမ၏အိမ်သို့ ပြန်ရောက်ရမည်ဆိုလျှင်၊ သွားရမည်ဖြစ်သော လမ်းကြောင်းနောက်လိုက်ယင်း၊ လျင်မြန်စွာ ရင်ဘောင်တန်းလျက် မြင်းစီးနေကြ၏။

'သူတို့ တစ်မိုင်၊ နှစ်မိုင်ခန့်သွားပြီးသောအခါ တောရိုင်းမြေပေါ်မှ၊ ညဘက်သိုးထိန်းတစ်ဦး ဖြတ်ကျော်သွားကြပြီး၊ သားကောင်တစ်ယောက်ကို တွေ့မိသလားဟု သူတို့က သူလှမ်းအော်မေး၏။ ဇာတ်လမ်းက ဖြစ်ပျက်သည့်အတိုင်း၊ ဤလူက ထိတ်လန့်မှုကြောင့် စိတ်လှုပ်ရှားနေလွန်းသဖြင့်၊ သူစကားပြောဖို့ အနိုင်နိုင်ဖြစ်နေ၏။ သို့သော် နောက်ဆုံးတွင် မရှွင်ပျသော မိန်းမပျိုကို ထစ်ချုပ်မကွာလိုက်သော ခွေးများနှင့်အတူ သူ အမှန်တကယ် တွေ့မြင်ခဲ့ကြောင်း သူက ပြော၏။ 'ဒါပေမယ့်၊ ငါ ဒီထက်မက တွေ့မြင်လိုက်ပါတယ်' သူက ပြော၏။ 'ဘာကြောင့်လဲဆိုတော့၊ ဟူရိုဘာစ်ကာဗီလ်က မြည်းအမည်းနဲ့ ငါ့ကို ကျော်ဖြတ်သွားပြီး ဘုရားသခင်က ငါ့ရဲ့ခြေရင်းနားမှာ နေရမယ်လို့ အမိန့်ပေးထားသလို ခွေးကြီးတစ်ကောင်က သူ့နောက်ကနေ အသံတိတ်နဲ့ ပြေးနေတယ်' ဤသို့ဖြင့် အရက်မူးနေသော မြေရှင်များက သိုးထိန်းကိုဆဲရေးပြီး၊ ရှေ့ဆက်မြင်းစီးသွားကြ၏။ သို့သော် မကြာခင်တွင် သူတို့၏အသားအရည်များ အေးစက်သွားကြ၏။ အဘယ်ကြောင့်ဆိုသော်၊ တောရိုင်းမြေကို ဖြတ်လျက် ကဆုန်ပေါက်ပြေးနေသည့် မြည်းအနက်က အဖြူရောင် အမြှုတ်များထွက်လျက်၊ စီးသူမဲ့ဖြင့် ပါးချပ်ကြိုးတွဲလောင်းကျယင်း၊ ကျော်ဖြတ်သွားသောကြောင့် ဖြစ်၏။ ထို့နောက် ပျော်ပါးကြသူများက အလွန်တစ်ရာ ထိတ်လန့်မှုဖြစ်ကြသဖြင့် အတူတကွ ပူးကပ်လို မြင်းစီးသွားကြ၏။ သို့သော် သူတို့အသီးသီးမှာ တစ်ဦးတည်းသာဖြစ်ကြမည်ဆိုလျှင်၊ ဝမ်းသာအားရမိမိ၏ မြင်းကို နောက်ပြန်လှည့်မည်ဖြစ်သော်လည်း၊ သူတို့ တောရိုင်းမြေပေါ်သို့ ဆက်လိုက်နေကြဆဲဖြစ်၏။ ဤပုံစံဖြင့် ဖြည်းဖြည်းချင်း သူတို့စီးလာကြသောအခါ နောက်ဆုံး၌ ခွေးများကို သူတို့တွေ့ ကြရ၏။ သူတို့က ရဲဝံ့မှုနှင့် မျိုးရိုးကောင်းမှု အတွက်၊ နာမည်ရှိကြသော်လည်း၊ တောရိုင်းမြေပေါ်မှ မတ်စောက်သော ဆင်ခြေလျှောဟု ကျွန်ုပ်တို့ ခေါ်ဆိုရမည့် နေရာထိပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တအိအိညည်းညူလျက် စုဝေးနေကြပြီး၊ အချို့က အဝေးသို့ ကုတ်ကုတ်ကုတ်ကုတ်ဖြင့် ထွက်သွားကြ၍ လည်းကောင်း၊ အချို့က ထောင်နေသောလည်ဆံမွေး၊ စူးစိုက်ကြည့်နေသော မျက်လုံးများဖြင့် သူတို့ရှေ့မှကျဉ်းမြောင်းသော တောင်ကြားကို ငေးကြည့်၍ လည်းကောင်းနေကြ၏။

လူစုက သင်တို့ခန့်မှန်းကြည့်နိုင်သည့်အတိုင်း အစပြုခဲ့စဉ်ကထက်အရက်မူးပြေလာကြလျက် ရပ်တန့်သွားကြ၏။ သူတို့ထဲက အများစုက မည်သည့်နည်းနှင့်မျှ ရှေ့သို့မတိုးကြပါ။ သို့သော် ရဲရင့်ဆုံး (သို့မဟုတ်) အမူးဆုံးဖြစ်နိုင်သော သူတို့ထဲမှ (၃) ယောက်က ဆင်ခြေလျှောအောက်သို့ မြင်းစီးဆင်းသွားကြ၏။ ယခု ဆင်ခြေလျှောက ကျယ်ပြန့်သော ကွက်လပ်ပြင်ဖြစ်လာပြီး၊ ထိုနေရာတွင် ယခုတိုင်မြင်ရဆဲဖြစ်သော ကျောက်တုံးကြီး (၂) ခုရှိကာ၊ ၎င်းကို ရှေးခေတ်အချိန်က မထင်ရှားသော လူတချို့ ထားခဲ့ခြင်းဖြစ်၏။ ကွက်လပ်ပြင်ပေါ်တွင် လ, က တောက်ပစွာ သာနေပြီး၊ ထိုနေရာအလယ်ဗဟိုတွင်မပျော်ရွှင်ခဲ့သော မိန်းမပျိုက ထိတ်လန့်မှု၊ မောပန်းမှုတို့ကြောင့် သေဆုံးလျက်သူမလဲကျခဲ့သော နေရာတွင် တုံးလုံးဖြစ်နေ၏။ သို့သော် သူရဲ မရဲစီးလျက်ဆူညံပျော်ပါးသူ (၃) ဦးတို့အား ဆံပင်များထောင်သွားစေသည့် မြင်ကွင်းကသူမ၏ အလောင်းကို မြင်ရခြင်းကြောင့် မဟုတ်သလို၊ သူမဘေးနားတွင်လဲကျနေသော ဘာကာဗီလ်၏အလောင်းကို မြင်ရခြင်းကြောင့်လည်း မဟုတ်ပါ။ သို့သော် အမဲလိုက်ခွေးနှင့် ပုံသဏ္ဍာန်တူသော်လည်း သက်ရှိမျက်မြင်တို့မြင်ဖူးသမျှ အမဲလိုက်ခွေးထက်ပိုမိုကြီးမားသည့် မည်းနက်သော တိရစ္ဆာန်ကြီးတစ်ကောင်ဖြစ်သော အော့နှလုံးနာစရာ အရာတစ်ခုက ဟူရိုပေါ်မိုးလျက်၊ သူ၏လည်ပင်းကို ကိုက်ဖဲ့ယင်း ရပ်နေသောကြောင့် ဖြစ်၏။ သူတို့ကြည့်နေကြစဉ်၊ ထိုအရာက ဟူရိုဘာစ်ကာဗီလ်၏ လည်မျိုကိုဆွဲဖဲ့လိုက်ပြီး၊ ထိုသို့ဆွဲဖဲ့ယင်းမှ ၎င်းက တောက်ပသော မျက်လုံးများကို သူတို့ဘက်သို့လှည့်လိုက်၍ပါးစပ်ကို ဖြဲပြလိုက်လျှင် ထိုသုံးယောက်က ထိတ်လန့်မှုဖြင့် ငယ်သံပါအော်ဟစ်ပြီး၊ တောရိုင်းမြေကို ဖြတ်လျက်၊ အော်ဟစ်နေဆဲဖြင့်၊ သေပြေးရှင်ပြေး ပြေးကြ၏။ တစ်ယောက်က သူမြင်ခဲ့သောအရာကြောင့် ထိုညဉ့်ပင် သေသွားသည်ဟုပြောကြ၏။ ကျန်နှစ်ယောက်က သူတို့ဘဝတစ်လျှောက်တွင် ကျိုးကန်းသွားသူများသာ ဖြစ်သွားကြ၏။

'ကျွန်ုပ်၏ သားတို့၊ ၎င်းက ထိုအချိန်မှစ၍ မိသားစုကို အနှောင့်အယှက်ပေးခဲ့သည်ဟု ဆိုသော အမဲလိုက်ခွေးကြီးရောက်လာပုံဇာတ်လမ်းပင်ဖြစ်တော့၏။ ၎င်းကို ကျွန်ုပ်ရေးသားခဲ့ရမည်ဆိုလျှင် ၎င်းက ရှင်းရှင်းလင်းလင်းသိရခြင်းသည် စိတ်ထင်ခြင်း၊ မှန်းဆခြင်းထက်၊ ကြောက်စရာသိပ်မရှိဟူသော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင့်ဖြစ်၏။ ထိုမိသားစုထဲမှ များစွာတို့မှာ သေခြင်းမလှပကြသည်ကို မငြင်းနိုင်ကြပါ။ ရုတ်တရက်၊ သွေးထွက်သံယိုဖြင့် ထူးဆန်းစွာသေကြရ၏။ သို့ဖြစ်လင့်ကစား ဘုရားသခင်၏ အစောင့်အရှောက်အောက်တွင် ကျွန်ုပ်တို့ ခိုလှုံနိုင်ကြသေး၏။ ၎င်းက ကျမ်းစာတွင် အခြိမ်းခြောက်ခံထားရသည့် တတိယမျိုးဆက်နှင့် စတုတ္ထမျိုးဆက်တို့ထက် ကျော်လွန်၍ အပြစ်မဲ့သူများကို အမြဲတမ်း အပြစ်ပေးမည် မဟုတ်ပါ။ ကျွန်ုပ်၏သားတို့၊ ဤဘုရားသခင်၏ အစောင့်အရှောက်အတွက် မကောင်းမှုအင်အား လွန်ကဲနေသောအခါ၊ ထိုအမှောင်ကာလများအတွင်း တောရိုင်းမြေကို ဖြတ်သန်းခြင်းမှ၊ ရှောင်ရှားရန် သတိထားကြဖို့ ဤနေရာ၌ ကျွန်ုပ် သင်တို့ကို မှာကြားလို၏။

(၎င်းက သူတို့၏ညီမ အဲလ်ဇဘက်ကို ဤအကြောင်း ဘာမှ မပြောရန် ညွှန်ကြားချက်ဖြင့် ဟူရိုဘာစ်ကာဗီးလ်မှ သူ၏သားများ "ရိုဂျာ" နှင့် "ဂျွန်" တို့ထံသို့ ပေးစာဖြစ်၏)

ဒေါက်တာ မော်တင်မာက တစ်ခုတည်းသော ဤဇာတ်ကြောင်းကို ဖတ်ပြီးသောအခါ သူ၏မျက်မှန်ကို နဖူးပေါ်မတင်၍ မစ္စတာ ရှားလော့ဟုမ်းကို စိုက်ကြည့်နေ၏။ အကြည့်ခံရသူ သမ်းဝေပြီး၊ စီးကရက်အတိုကို မီးဖိုထဲသို့ ပစ်ထည့်လိုက်၏။

'ဟင်' သူက ပြော၏။

'ဒါ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ခင်ဗျား မြင်သလား'

'ပုံပြင်စုဆောင်းတဲ့လူအတွက်တော့ စိတ်ဝင်စားဖို့ကောင်းပါတယ်'

ဒေါက်တာ မော်တင်မာက ခေါက်ထားသော သတင်းစာတစ်ခုကို သူ့အင်္ကျီအိတ်ထဲမှ ဆွဲထုတ်လိုက်၏။

'အခု၊ မစ္စတာ ဟုမ်း၊ နည်းနည်းပိုပြီး လတ်တလောကျတဲ့ အရာတစ်ခုကို ခင်ဗျားကို ကျွန်တော် ပေးပါ့မယ်။ ဒါက ဒီနှစ်မေလ (၁၄) ရက်နေ့ထုတ် "ဒီဗွန်ကောင်တီက ရိုနီကယ်' သတင်းစာပါ၊ ဒါက ဒီရက်မတိုင်မီ ရက်အနည်းငယ်လောက်က ဖြစ်ပျက်ခဲ့တဲ့ ဆာချားလ်ဘာစ်ကာဗီးလ်ရဲ့ သေဆုံးရပုံကို အကျဉ်းချုပ်ဖော်ပြထားတာပါ'

ကျွန်ုပ်၏ မိတ်ဆွေက ရှေ့သို့ ကိုယ်ကို အနည်းငယ်ကိုင်းလိုက်ပြီး၊ သူ၏အမူအရာက အာရုံစိုက်ပုံပေါ်လာ၏ ကျွန်ုပ်တို့၏ ဧည့်သည်က သူ၏ မျက်မှန်ကို ပြန်လည်နေရာတကျ ပြုလုပ်၍ ဤသို့အစပြု၏။

'နောက်တစ်ကြိမ် ရွေးကောက်ပွဲတွင် 'မစ်ဒီဗွန်' အတွက်၊ လစ်ဘရယ်အမတ်လောင်းဖြစ်နိုင်သူအဖြစ် ဖော်ပြကြသော၊ ဆာချားလ်ဘာစ်ကာဗီးလ် ရုတ်တရက် လတ်တလော သေဆုံးခြင်းသည် တိုင်းဒေသတစ်ဝိုက်အပေါ် ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



နည်းကြေကွဲမှုဖြစ်စေ၏။ ဆာချားလ်သည် 'ဘာစ်ကာဗီလ်ဟောလ်' အိမ်တွင် အတော်ကို အချိန်တိုတောင်းစွာ နေထိုင်ခဲ့သော်လည်း၊ သူ၏မိတ်ဆွေဆန်သော အကျင့်စရိုက်နှင့် အလွန်တရာ ရက်ရောမှုတို့က သူနှင့်အထိအတွေ့ရှိသူအား လုံးကို လေးစားချစ်ခင်မှုဖြစ်စေ၏။ သူတိုးတက်စဉ်အချိန်များက၊ အကုသိုလ် ရက်များနှင့် တွေ့ကြုံရသော မိသားစုတစ်စုမှ လူငယ်တစ်ဦးသည် ကိုယ်ပိုင်ငွေ ကြေးဥစ္စာကို ရှာဖွေနိုင်ပြီး ကျဆုံးနေသော မိသားစုဂုဏ်သိက္ခာအား ဆယ်တင် နိုင်သည်ကို တွေ့မြင်ရခြင်းမှာ၊ အားရှိစရာပင်ဖြစ်၏။ ကောင်းစွာ သိကြသည့် အတိုင်း ဆာချားလ်သည် တောင်အာဖရိက စီးပွားရေးလုပ်ငန်းတွင် ငွေကြေး များစွာ ဖန်တီးခဲ့၏။ ကြမ္မာရဟတ်ဘီး၊ အလည်ရပ်သွားသည့်အထိ ခရီးနှင်ကြ သူများထက်ပိုမို ပညာရှိသော သူက သူ၏အကျိုးအမြတ်ကို သိရှိခဲ့၍၊ ထို အကျိုးအမြတ်များနှင့်အတူ အင်္ဂလန်သို့ ပြန်လာခဲ့၏။ ဘာစ်ကာဗီလ်ဟောလ် တွင် သူအခြေချနေထိုင်ခဲ့သည်မှာ (၂) နှစ်သာကြာပြီး၊ သူသေဆုံးသဖြင့် ရပ် တန့်သွားသော ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များက ကြီးမား လှပုံကို လူပြောများလှ၏။ သူကိုယ်တိုင်သားသမီး မရှိသူဖြစ်သဖြင့်၊ သူ့ဘဝ တစ်ခုလုံးတွင် ကျေးလက်ဒေသတစ်ခုလုံး၊ သူ၏ကောင်းမှုကြောင့်၊ အကျိုးဖြစ် ထွန်းရေးသည် သူ၏ပွင့်လင်းသော ဆန္ဒဖြစ်ပြီး၊ များစွာတို့က သူအချိန်မတိုင်မီ၊ နိဂုံး သတ်ခဲ့ရသည်ကို ဝမ်းနည်းကြေကွဲရန်ကိုယ်စီအကြောင်းရှိကြ၏။ ဒေသ ဆိုင်ရာနှင့် ခရိုင်ဆိုင်ရာ အလှူခံအဖွဲ့အစည်းများကို ရက်ရောစွာ သူလှူဒါန်းခဲ့ သည့် သတင်းများက ဤသတင်းကော်လံများတွင် မကြာခဏ ဖော်ပြကြ၏။

'ဆာချားလ် သေဆုံးခြင်းနှင့် ဆက်နွယ်နေသော အခြေအနေများကို သေမှုသေခင်းစုံစမ်းစစ်ဆေးခြင်းဖြင့် လုံးဝရှင်းလင်းသွားပြီဟု မဆိုနိုင်ပါ။ သို့ သော် အနည်းဆုံးတော့၊ စုန်းကဝေအယူများ ပေါ်ထွက်လာသည့် ထိုကောလ ဟာလများ ထွက်ပေါ်လောက်အောင်တော့ လုံလောက်မှုရှိ၏။ သေဆုံးခြင်း သည် သဘာဝမဟုတ်သောအကြောင်းကြောင့် ဖြစ်နိုင်သည်ဟု စိတ်ကူးရန် သော်လည်းကောင်း၊ သို့မဟုတ် မိစ္ဆာတို့၏ အပြုအမူကို သံသယဖြစ်ရန်သော် လည်းကောင်း အကြောင်းမရှိပါ။ ဆာချားလ်က မုဆိုးဖိုတစ်ယောက်ဖြစ်ပြီး၊ ထူးဆန်းသော စိတ်အခြေအနေရှိသည့် လူတစ်ယောက်ဟု ဆိုနိုင်ပေ၏။ အတော်အတန် ငွေကြေးချမ်းသာသူဖြစ်သော်လည်း၊ အနေအထိုင် ရိုးရှင်းသော သူဖြစ်ပြီး၊ ဘာစ်ကာဗီလ်ဟောမှ အိမ်တွင်းအမှုထမ်းများတွင် 'ဘာရီမိုး' ဟု အမည်တွင်ကြသော ဇနီးမောင်နှံနှစ်ဦးသာ ရှိကြကာ၊ ခင်ပွန်းဖြစ်သူက ပစ္စည်း ထိန်းအဖြစ် ဆောင်ရွက်၍ ဇနီးဖြစ်သူက အိမ်မှုကိစ္စ ထိန်းသိမ်းသူအဖြစ် ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရွက်၏။ ဆာချားလ်၏ ကျန်းမာရေးမှာ အချိန်အတော်ကြာယိုယွင်းနေကြောင်းကို များစွာသော မိတ်ဆွေများ၏ ထောက်ပြချက်များနှင့်အတူ၊ သူတို့၏ အထောက်အထားများက ဖော်ပြနေပြီး၊ အထူးသဖြင့် နှလုံးရောဂါကို ဖော်ညွှန်း ပြကြကာ၊ ၎င်းကို အသားအရည် အရောင်ပြောင်းခြင်း၊ အသက်မရှူမရဖြစ် ခြင်း၊ ဂဏှာမငြိမ် စိတ်ဓာတ်ကျဆင်းမှု စူးစူးဝါးဝါးဖြစ်ခြင်းတို့ဖြင့် ဖော်ပြနေ၏။ သေဆုံးသူ၏မိတ်ဆွေနှင့် ဆေးဝါးကုသမှုပေးသူဖြစ်သူ၊ ဒေါက်တာ ဂျိမ်းမော် တင်မာက ထိုအချက်များကို အထောက်အထားများပေး၏။

'အမှု၏အကြောင်းအချက်များက ရှင်းလင်း၏။ ဆာချားလ်ဘာစ်ကာဗီလ်သည် အိပ်ရာမဝင်ခင် ဘာစ်ကာဗီးလ်ဟော၏ ကျော်ကြားသော ပုံနရိတ်ပင်လမ်းပေါ်တွင် ညစဉ်လမ်းလျှောက်တတ်သော အကျင့်ရှိ၏။ ၎င်းက သူ၏ ထုံးစံဖြစ်သည်ကို ဘာရီမိုးတို့၏အထောက်အထားများက ဖော်ပြကြ၏။ မေလ (၆) ရက်နေ့တွင် ဆားချားလ်က လန်ဒန်သို့ နောက်တစ်နေ့၌ သွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောပြီး၊ သူ၏အဝတ်အစားအိတ်ကို ပြင်ဆင်ရန် ဘာရီမိုးအား အမိန့်ပေး၏။ ထိုညတွင် ခါတိုင်းကဲ့သို့ပင် ညဘက်လမ်းလျှောက်ရန် အတွက် သူထွက်သွား၏။ (ထိုသို့လမ်းလျှောက်ရာတွင် သူဆေးပြင်းလိပ် သောက်တတ်သည့် အလေ့အကျင့်ရှိ၏။) မည်သည့်အခါမှ သူပြန်မလာတော့ပါ။

၁၂ နာရီအချိန်တွင် ဘာရီမိုးက ခန်းမတံခါးပွင့်နေဆဲဖြစ်သည်ကို တွေ့ရသောအခါ ထိတ်လန့်လာပြီး၊ မီးအိမ်ကို ထွန်းညှိလျက်၊ သူ၏ဆရာကို အရှာထွက်၏။ ထိုနေ့က စိုစွတ်နေပြီး၊ ဆာချားလ်၏ခြေရာများကို လူသွားလမ်းတစ်လျှောက်တွင် လွယ်ကူစွာ ခြေရာခံနိုင်၏။ ဤလမ်းတစ်ဝက်တွင် တောရိုင်း မြေဘက်သို့ ဦးတည်နေသော ဂိတ်ပေါက်တစ်ခုရှိ၏။ ဤနေရာ၌ ဆာချားလ်အချိန်အနည်းငယ်ကြာရပ်တန့်ခဲ့သော အထောက်အထားများ ရှိ၏။ ထို့နောက် သူက လူသွားလမ်းတစ်လျှောက်ဆက်လက်သွားပြီး၊ သူ၏ အလောင်းကို တွေ့ ရသည်မှာ ထိုလူသွားလမ်း၏တစ်ဖက်အဆုံး၌ ဖြစ်၏။ ရှင်းလင်းပြမထားသော အချက်တစ်ခုမှာ တောရိုင်းမြေဂိတ်တံခါးကို ဖြတ်သည့် အချိန်မှစ၍ သူ့ဆရာ၏ ခြေရာများက လက္ခဏာများ ပြောင်းလဲလာကြောင်း၊ ထိနေရာမှစ၍ ရှေ့သို့ ခြေဖျားထောက်လျက်၊ သူလမ်းလျှောက်လာပုံပေါ်ကြောင်း၊ ဘာရီမိုး၏ ဖော်ပြ ချက်ပင် ဖြစ်၏။ ဂျက်ပစီ၊ မြင်းအရောင်း အဝယ်သမားတစ်ယောက်ဖြစ်သော မာဖီဆိုသူတစ်ယောက်က ထိုအချိန်တွင် သိပ်မဝေးလှသော နေရာ၊ တောရိုင်း မြေပေါ်တွင် ရှိနေ၏။ သို့သော် သူ၏ ဝန်ခံချက်အရ၊အရက်သောက်ထားသောကြောင့်သူ အတော်ဆိုးဝါးနေဟန်



www.burmeseclassic.com

www.burmeseclassic.com



တူ၏။ အော်သံများကို သူကြားရသည်ဟု သူက ပြော၏။ သို့သော် မည်သည့်နေရာဘက်မှ သူတို့လာကြသည်ကို မဖော် ပြနိုင်ပါ။ ဆာချားလ်၏ကိုယ်ပေါ်တွင် ရန်းရင်းဆန်ခတ်ပြုလုပ်သည့် လက္ခဏာ များကို ရှာမတွေ့ရပါ။ ဆရာဝန်၏ အထောက်အထားက မယုံကြည်နိုင် လောက်သော မျက်နှာရှုံ့မဲ့မှုကို ဖော်ပြထားသော်လည်း (ရှုံ့မဲ့မှုက ကြီးမား လွန်းအားကြီး စသဖြင့်၊ သူ့ရှေ့၌ လဲလျောင်းနေသောမှာ၊ သူ၏မိတ်ဆွေ၊ သူ၏လူနာဖြစ်သည်ကို အစပထမ၌ ဒေါက်တာမော်တင်မာက ယုံကြည်ရန် ငြင်းဆန်မိ၏) ၎င်းက အသက်ရှူကြပ်သော ကိစ္စများနှင့် နှလုံးပမ်းမှုကြောင့် သေဆုံးရသောကိစ္စများတွင်၊ မထူးစမ်းသော အမှတ်လက္ခဏာတစ်ခုဖြစ်၏။ ခွဲစိတ်ရှာဖွေမှုက ဤရှင်းလင်းချက်ကို ထွက်ပေါ်လာစေပြီး၊ ၎င်းက ကာလကြာ ရှည်ဖြစ်ပေါ်နေသော ကိုယ်တွင်းရောဂါကို ဖော်ပြကာ၊ မှုခင်းဆိုင်ရာ တရား သူကြီးက ဆေးဘက်ဆိုင်ရာ အထောက် အထားများအရ၊ စီရင်ချက်ချခဲ့၏။ ထိုသို့ဖြစ်ခဲ့ခြင်းသည် ကောင်း၏။ အဘယ်ကြောင့်ဆိုသော် ဆာချားလ်၏ အရိုက်အရာကို လက်ခံသူအနေဖြင့် 'တော' တွင် နေထိုင်ပြီး၊ ထိုမျှဝမ်းနည်းဖွယ် ကောင်းစွာ တားဆီးနှောင့်ယှက်ခြင်း ခံရသော၊ လုပ်ငန်းကောင်းတစ်ခုကို ဆက် လက်ဆောင်ရွက်ရန် ထင်ရှားစွာပင် အရေးကြီးဆုံးဖြစ်နေသောကြောင့်ဖြစ်၏။ ရာဇဝတ်တရားသူကြီး၏ စိတ်ဝင်စား ဖွယ်ကောင်းသော ဆုံးဖြတ်ချက်ကသာ ထိုအဖြစ်အပျက်နှင့် ဆက်နွယ်၍ တီးတိုးပြောနေကြသော ကြေကွဲဖွယ်ဇာတ် လမ်းများကို နောက်ဆုံး၌ အဆုံးမသတ်နိုင်ခဲ့လျှင်၊ ဘာစ်ကာဗီလ်ဟောလ်၌ နေထိုင်မည့်သူကို ရှာတွေ့ရန် ခက်ခဲနိုင်၏။ မိသားစုနောက်မျိုးဆက်က ဆာ ချားလ်၊ ဘာစ်ကာဗီလ်၏ ညီငယ်မှမွေးသော သားဖြစ်သူ မစ္စတာ ဟင်နရီဘာစ် ကာဗီလ်၊ အသက်ရှင်နေဦးမည်ဆိုလျှင်၊ သူ ဖြစ်ရမည်ကို နားလည်ထားကြ၏။ ထိုသူငယ်အမေရိကား၌ ရှိနေသည်ကို နောက်ဆုံးကြားသိရကြပြီး၊ သူကုသိုလ် ကံ ကောင်းကြောင်း၊ အကြောင်းကြားရန် မျှော်ခေါ်လျက်၊ စုံစမ်းမှုများပြုလုပ်ကြ ၏။'

ဒေါက်တာမော်တင်မာက သတင်းစာကို ပြန်ခေါက်ပြီး၊ သူ၏အင်္ကျီ အိတ်ထဲသို့ ပြန်ထည့်လိုက်၏။

'ဆာချားလ်ဘာစ်ကာဗီလ်သေဆုံးမှုနှင့် ပတ်သက်ပြီး၊ ဒါတွေက လူသိရှင်ကြား အချက်အလက်တွေပါ၊ မစ္စတာဟုမ်း'

'စိတ်ဝင်စားစရာကြောင်းတွေ၊ မလွဲမသွေဖော်ပြနေတဲ့အမှုတစ်ခုကို ကျွန်တော် အာရုံပြုမိတဲ့အတွက် ရှားလော့ဟုမ်း က ပြော၏။ 'ခင်ဗျားကို ကျေးဇူးတင်ရမယ်' အဲဒီအချိန်က သတင်းစာက မှတ်ချက်တချို့ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါတယ်။ ဒါပေမယ့် ဒီဘာတီကန်စာကိစ္စကလေးနဲ့ ပတ်သက်ပြီး၊ ကျွန်တော် အာရုံအလွန်များနေပြီး၊ ပုတ်ရဟန်းမင်း အပေါ်တွင် ကျွန်တော်တာဝန်ယူမှုနဲ့ ပတ်သက်လို့၊ စိတ်ပူပန်နေရလို့၊ စိတ်ဝင်စားဖွယ်အင်္ဂလိပ်အမှု အများအပြားနဲ့ ကျွန်တော်အဆက်အသွယ်ပြတ်သွားတယ်။ ခင်ဗျား ပြောတော့၊ ဒီသတင်းမှာ လူသိရှင်ကြား၊ အချက်အလက်တွေ အကုန်ပါသလား’

‘ပါတယ်’

‘ဒါဖြင့်ယင် လူသိရှင်ကြား မဟုတ်တဲ့ဟာ တစ်ခုကို ကျွန်တော်သိပါစေ’ သူက ကိုယ်ကို နောက်ပြန်မှီလျက်၊ သူ့လက်ချောင်းထိပ်များကို အတူတကွ စုပူးယင်း သူ၏အလွန်တွေးခေါ်သုံးသပ်နေပုံပေါ်သော ဟန်အမူအရာကို ယူလိုက်၏။

‘ဒီလိုလုပ်ရမယ်ဆိုယင်’ ဒေါက်တာ မော်တင်မာက ပြင်းထန်းစွာ စိတ်ထက်သန်ပုံ အမူအရာတချို့ပြလျက်ပြော၏။ ‘ဘယ်သူ့ကိုမှ ကျွန်တော် မပြောသေးတဲ့အရာကို ခင်ဗျားကို ကျွန်တော် ပြောပြပါ့မယ်။ မှုခင်းတရားသူကြီးရဲ့ စစ်ဆေးချက်မှာပဲ အဲဒါကို ကျွန်တော် ထည့်မပြောတဲ့အကြောင်းကတော့၊ သိပ္ပံလက်တွေ့ကျတဲ့လူတစ်ယောက်အဖို့ အများသိတဲ့ စုန်းကဝေကိစ္စကို ထောက်ခံမှုပြုမဲ့ အနေအထားမျိုးကနေ ရှောင်ရှားရမယ်ဆိုတာကြောင့်ပါပဲ၊ ဘာစ်ကာဗီဟော အိမ်ရဲ့လက်ရှိ မကောင်းသတင်းကို ပိုဆိုးဝါးစေမယ့် တစ်စုံတစ်ရာကိုလုပ်မယ်ဆိုယင်၊ သတင်းစာက ပြောတဲ့အတိုင်း အဲဒီအိမ်မှာ နေမယ့်လူရှိမှာ မဟုတ်ဘူးဆိုတဲ့ နောက်ထပ်အကြောင်းအချက်ကလည်း ကျွန်တော်မှာ ရှိပါတယ်။ ဒီအကြောင်းအချက်နှစ်ခုကြောင့်၊ ကျွန်တော် သိတာထက်၊ လျှော့ပြောမှသင့်မယ်လို့ ကျွန်တော်ထင်ခဲ့တယ်။ အလုံးစုံပြောလို့ ဘာမှ လက်တွေ့ကောင်းလာမှာ မဟုတ်တာကြောင့်ပါ။ ဒါပေမယ့် ကျွန်တော် ပွင့်ပွင့်လင်းလင်း မရှိသင့်တဲ့အကြောင်းလည်း မရှိပါဘူး။

‘ဒီတောရိုင်းမြေမှာ နေထိုင်သူ၊ အလွန်ကြဲပါတယ်။ တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေကြတဲ့သူတွေကတော့ အတော်ကို လက်ပွန်းတတီးရှိကြတယ်။ ဒီအကြောင်းကြောင့် ဆာချားလ်ဘာစ်ကာဗီးလ်ကို ကျွန်တော် တော်တော်တွေ မြင်ရပါတယ်။ ‘လမ်တာဟော’ ကမစ္စတာ ဖရန်ကလင်နဲ့ သဘာဝမြတ်နိုးသူ မစ္စတာ စတာပလက်တန်ကလွဲလို့၊ မိုင်များစွာအတွင်းမှာ ပညာတတ်သူ တခြားလူတွေမရှိပါဘူး။ ဆာချားလ်က အငြိမ်းစားယူထားတဲ့ လူတစ်ယောက်ပါ။ ဒါပေမယ့် သူနာမကျန်းဖြစ်တတ်မှုကြောင့် ကျွန်တော်တို့တွဲမိကြပြီး၊ သိပ္ပံပညာကို စိတ်ဝင်စားတာ တူညီကြတာကြောင့်လည်း ကျွန်တော်တို့ တွဲမိကြပါတယ်။ တောင်အာဖရိကတိုက်ကနေ သိပ္ပံသတင်းများစွာကို သူယူဆောင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ သာယာတဲ့ညနေခင်း အတော်များများမှာ ‘ဘွတ်ရှိမင်း’ လူမျိုးနဲ့ ‘ဟော့တင်တော့’ လူမျိုးတွေရဲ့ခန္ဓာဖွဲ့စည်းပုံတွေကို နှိုင်းယှဉ်ဆွေးနွေးယင်း ကျွန်တော်တို့ အချိန်ဖြုန်းကြပါတယ်။

‘ဆာချားလ်ရဲ့ အာရုံကြောစနစ်တွေ၊ မခံနိုင်လောက်အောင် တင်းကြပ်မှုဖြစ်လာတာကို လွန်ခဲ့တဲ့လ အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ တိုးပြီး၊ သတိထားမိလာတယ်။ စောစောပိုင်းက ကျွန်တော် ဖတ်ပြခဲ့တဲ့ ဒီဒဏ္ဍာရီကို သူက အသည်းစွဲမှတ်ထားပြီး၊ ဒီလို မှတ်လွန်းတာကြောင့် သူ့ခြံဝင်းထဲမှာ သူလမ်းလျှောက်ပေမယ့်လည်း၊ ညဘက်ဆိုယင် တောရိုင်းမြေဘက်ကို၊ ဘာကြောင်းနဲ့မှ သူ မထွက်တတ်ဘူး။ ခင်ဗျားအတွက်ကတော့ မယုံကြည်နိုင်စရာဖြစ်ပုံပေါ်နေပေမဲ့လည်း၊ မစ္စတာ ဟုမ်း၊ ထိတ်လန့်ဖွယ်ကောင်းတဲ့ ကံကြမ္မာက သူ့မိသားစုပေါ် လွှမ်းမိုးနေတယ်ဆိုတာ၊ သူ ရိုးရိုးသားသားသိနေပြီး၊ သူ့ရဲ့ရှေးဘိုးဘွားဘီဘင်တွေဆီက ရတဲ့မှတ်တမ်းတွေကလည်း အသေအချာကိုအားရှိစရာမကောင်းလှပါဘူး။ ထိတ်လန့်စရာတစ်ခုခုရှိနေတဲ့ အသိစိတ်က၊ သူ့ကို အမြဲခြောက်လှန့်နေပြီး၊ ညဘက် ကျွန်တော် ဆေးကုသဖို့ ခရီးထွက်တဲ့အခါ၊ ထူးခြားတဲ့ သတ္တဝါတစ်ကောင်ကောင်ကို ကျွန်တော်မြင်ဖူးသလား၊ ဒါမှမဟုတ် အမဲလိုက်ခွေးဟောင်သံကြားဘူးသလားလို့ တစ်ကြိမ်မက၊ ကျွန်တော်ကို သူ မေးခဲ့ပါတယ်။ အမဲလိုက်ခွေးဟောင်သံကြားသလားဆိုတဲ့ မေးခွန်းကိုတော့ အကြိမ်ပေါင်းများစွာ၊ အမြဲတမ်းပဲ စိတ်လှုပ်ရှားတုန်ရီနေတဲ့ အသံနဲ့မေးတယ်။

‘သေဆုံးမှုမဖြစ်ခင် (၃) ပတ်လောက်က ညနေစောင်းမှာ သူ့ရဲ့အိမ်ကို ကျွန်တော်မြင်းလှည်းမောင်းသွားတာ ကောင်းကောင်းမှတ်မိတယ်။ သူ့အိမ်တံခါးပေါက်မှာ သူရှိနေတယ်။ ကျွန်တော် မြင်းလှည်းပေါ်က ဆင်းလာပြီး၊ သူ့ရဲ့ရှေ့မှာ ရပ်နေတဲ့အခါ၊ သူ့ရဲ့မျက်လုံးတွေက ကျွန်တော်ရဲ့ ပခုံးပေါ် စူးစူးစိုက်စိုက်ကြည့်နေတယ်။ ပြီးတော့ ကြောက်စရာအကောင်းဆုံး ထိတ်လန့်မှုကိုဖော်ပြယင်းနဲ့ ကျွန်တော်ကို ကျော်ပြီး၊ ကြည့်နေတယ်။ ကျွန်တော်က ဆတ်ခနဲလှည့်လိုက်တဲ့အခါ၊ လှည်းလမ်းအစပ်က ဖြတ်သွားတဲ့ နွားနက်ကြီးလို့ ကျွန်တော်ထင်တဲ့ တစ်စုံတစ်ရာကို ကျွန်တော် ရိပ်ခနဲ တွေ့လိုက်ရတယ်။ သူ အရမ်းကို စိတ်လှုပ်ရှားပြီး၊ ထိန့်လန့်သွားတာကြောင့် တိရစ္ဆာန်ရှိခဲ့တဲ့ နေရာဆီကို ကျွန်တော် သွားမိပြီး၊ အဲဒါကို လှည့်ပတ်ရှာဖွေမိတယ်။ ဒါပေမယ့် အဲဒါက မရှိတော့ဘူး။ ဒီအဖြစ်အပျက်က သူ့ရဲ့စိတ်ကို ဆိုးဆိုးဝါးဝါး အစွဲအလန်းဖြစ်သွားစေဟန်တူပါတယ်။ တစ်ညနေခင်းလုံး သူနဲ့အတူ ကျွန်တော်နေပြီး၊ အဲဒီအချိန်မှာပဲ သူစိတ်လှုပ်ရှားမှုဖြစ်ခဲ့တာကို ရှင်းပြတဲ့အနေနဲ့၊ ကျွန်တော် ပထမဦး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဝင်လာစဉ်က ခင်ဗျားကို ကျွန်တော် ဖတ်ပြတဲ့ဇာတ်ကြောင်းကို ကျွန်တော်ကို သူပြောပြတယ်။ နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ဝမ်းနည်းကြေကွဲစရာနဲ့ ပတ်သက်လို့ ဒါက အရေးကြီးတာကြောင့်၊ ဒီအကြောင်းကလေးကို ကျွန်တော် ဖော်ပြတာပါ။ ဒါပေမယ့် အဲဒီအချိန်က ဒီကိစ္စဟာ လုံးဝကို အသေးအဖွဲ့ဖြစ်ပြီး သူ့ရဲ့စိတ်လှုပ်ရှားမှုဟာ အကျိုးအကြောင်းသင့်ခြင်း မရှိဘူးလို့ ကျွန်တော် သိမြင်ခဲ့တယ်။

'ဆာချားလ် လန်ဒန်ကို သွားတော့မယ်လို့ လုပ်တာဟာ၊ ကျွန်တော်ရဲ့ အကြံပေးချက်ပါ။ သူ့ရဲ့နှလုံးထိခိုက်မှုဖြစ်နေတာ ကျွန်တော် သိတယ်။ သူတွေ့ကြုံနေရတဲ့ အမြဲတမ်းစိတ်ပူပန်နေရမှုဟာ ဘယ်လောက်ပဲ လက်တွေ့ကျခြင်း မရှိပေမယ့် သူ့ရဲ့ကျန်းမာရေးကို ထင်ထင်ရှားရှား ထိခိုက်မှု အပြင်းအထန်ဖြစ်နေတယ်။ မြို့ပေါ်မှာ လ အနည်းငယ်အာရုံစိုက်နေခြင်းဟာ၊ သူ့ကို လူသစ်တစ်ယောက်ပြန်ဖြစ်စေမယ်လို့ ကျွန်တော်ထင်တယ်။ သူ့ရဲ့ကျန်းမာရေးအခြေအနေကို အလွန်စိုးရိမ်တဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်သူ မစ္စတာစတာပလက်တန်ကလည်း ဒီလိုပဲ ထင်တယ်။ နောက်ဆုံး အခိုက်အတန့်မှာတော့ ကြောက်စရာ ဒီဘေးဒုက္ခကြီး ကျရောက်လာတယ်။

'ဆာချားလ် သေတဲ့ညမှာ သူသေတာကို တွေ့ခဲ့တဲ့ ပစ္စည်းထိမ်းအလုပ်သမား ဘာရီမိုးက မြင်းထိန်းပါကင်ကို မြင်းနဲ့ ကျွန်တော်ဆီ လွှတ်လိုက်တယ်။ ကျွန်တော်က ညဥ့်နက်တဲ့အထိ၊ ထိုင်တတ်တော့ ဖြစ်ပျက်ပြီး တစ်နာရီအတွင်း ဘာစ်ကာဗီလ်ရဲ့ အိမ်ကို ကျွန်တော် ရောက်သွားပါတယ်။ စုံစမ်းမေးမြန်းတဲ့အခါ ပြောပြကြတဲ့ အချက်အလက်အားလုံးကို ကျွန်တော် စစ်ဆေးအတည်ပြုပါတယ်။ ပုံနရိပ်ပင် ရံထားတဲ့ လူသွားလမ်းတစ်လျှောက်၊ ခြေရာတွေ နောက်ကို ကျွန်တော် လိုက်ပြီး သူစောင့်မျှော်နေဟန်တူတဲ့ တောရိုင်းမြေဘက်၊ ဂိတ်ပေါက်ကနေရာကို ကျွန်တော် မြင်တယ်။ အဲဒီနေရာကျော်သွားတဲ့အခါ ခြေရာတွေရဲ့ ပုံသဏ္ဍာန်ပြောင်းသွားတာကို ကျွန်တော် သတိပြုမိတယ်။ ပျော့ပြောင်းတဲ့ ကျောက်ခင်းလမ်းမှာ ဘာရီမိုးရဲ့ ခြေရာတွေက လွဲပြီး၊ တခြားခြေရာတွေ မရှိတာကို ကျွန်တော် မှတ်သားမိတယ်။ နောက်ဆုံးမှာတော့ ကျွန်တော် ရောက်တဲ့အထိ၊ မတို့မထိသေးတဲ့၊ အလောင်းကို ကျွန်တော် သေသေချာချာ စစ်ဆေးပါတယ်။ ဆာချားလ်က လက်ကားယားနဲ့ မှောက်လျက်လဲနေပြီး သူ့လက်ချောင်းတွေက မြေပြင်ကို ကုတ်ချစ်ထားပါတယ်။ သူ့ရဲ့မျက်နှာအမူအရာက ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုကြောင့်၊ ရှုံ့မဲ့နေလိုက်တာဟာ သူ့ကို ကျွန်တော် မှတ်မိဖို့တောင် အနိုင်နိုင်ဖြစ်မိတယ်။ တစ်စုံတစ်ရာ အပြင်ပန်းက ထိခိုက်ဒဏ်ရာမရှိတာ သေချာပါတယ်။ ဒါပေမယ့် စစ်ဆေးမေးမြန်းမှု



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်တဲ့အခါ ဘာရီမိုးက အမှားတစ်ခုကို ဖော်ပြပါတယ်။ သူ့ရဲ့အလောင်း ပတ်ဝန်းကျင်က မြေပြင်ပေါ်မှာ ခြေရာမရှိဘူးလို့ သူက ပြောတယ်။ တစ်ခုမှ သူမမြင်ဘူး။ ဒါပေမယ့် ကျွန်တော် မြင်တယ်။ ခပ်လှမ်းလှမ်းမှာ ဒါပေမယ့် လတ်လတ်ဆတ်ဆတ်နဲ့ သဲသဲကွဲကွဲပဲ'

'ခြေရာတွေလား'

'ခြေရာတွေပါ'

'အမျိုးသားရဲ့ဟာလား၊ အမျိုးသမီးရဲ့ ဟာလား'

ဒေါက်တာ မော်တင်မာက ကျွန်ုပ်တို့ကို ထူးဆန်းစွာဖြင့် ခဏမျှ ကြည့်နေ၏။ သူက ဤကဲ့သို့ အဖြေပေးစဉ်၊ သူ၏အသံက လေသံနီးပါးတိမ် ဝင် သွား၏။

'မစ္စတာဟုမ်း၊ သူတို့က ဧရာမ အမဲလိုက်ခွေးကြီးရဲ့ ခြေရာတွေပါ'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ပြဿနာ

ထိုစကားများကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး တုန်လှုပ်သွားသည်ဟု ကျွန်ုပ် ဝန်ခံ၏။ ကျွန်ုပ်တို့အား သူပြောပြသော အရာကြောင့် သူကိုယ်တိုင်လည်း ပြင်းထန်စွာ စိတ်လှုပ်ရှားမှုဖြစ်ကြောင်းကို သူ၏အသံမှ တုန်ရီမှုများက ပြသနေ၏။ ဟုမ်းက စိတ်လှုပ်ရှားစွာဖြင့်၊ ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး သူ့မျက်လုံးများက သူစိတ်ဝင်စားမှုထက်သန်သောအခါ ပြသတတ်သည့်အတိုင်း မာကြောတောက်ပြောင်နေ၏။

'ခင်ဗျား ဒါကို မြင်သလား'

'ခင်ဗျားကို ကျွန်တော် မြင်နေသလို ထင်ထင်ရှားရှားပါပဲ'

'ခင်ဗျား ဘာမှ မပြောဘူးလား'

'ဘာအသုံးဝင်မှာလဲ'

'တခြားလူ ဘယ်သူမှ မမြင်တာက ဘယ်လိုဖြစ်တာလဲ'

'ခြေရာတွေက အလောင်းနဲ့ ကိုက် (၂၀) လောက်မှာ ရှိတာ၊ ဘယ်သူမှ ဒါကို မတွေ့မိကြဘူး။ ဒီဒဏ္ဍာရီကို ကျွန်တော် မသိဘူးဆိုယင်၊ ကျွန်တော်လည်း ဒီလို တွေ့ချင်မှ တွေ့မယ်'

'တောရိုင်းမြေမှာ သိုးထိန်းခွေးတွေ အများကြီး မရှိဘူးလား'

'ရှိတာပေါ့၊ ဒါပေမယ့် ဒါက သိုးထိန်းခွေး မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ပြောတော့၊ ဒါက ကြီးတယ်ဆို'

'အရမ်းကြီးတယ်'

'ဒါပေမယ့် သူက အလောင်းနား မကပ်ဘူးလား'

'မကပ်ဘူး'

'အဲဒီညက ဘယ်လိုအခြေအနေရှိသလဲ'

'စိုစွတ်ပြီး အေးနေတယ်'

'ဒါပေမယ့် မိုးတော့ တကယ်မရွာဘူးပေါ့'

'ဟင့်အင်း'

'လူသွားလမ်းက ဘယ်လိုပုံလဲ'

'နှစ်ကြာတဲ့ ပုံနရိပ်ပင်တန်း (၂) တန်းရှိတယ်။ ၁၂ ပေလောက် မြင့်ပြီး၊ တိုးမပေါက်နိုင်ဘူး။ အလယ်ဗဟိုက လျှောက်လမ်းက ၈ ပေ အကျယ် ရှိတယ်'

'ပုံနရိပ်တန်းနဲ့ လမ်းအကြားမှာ တစ်ခုခု ရှိသလား'

'ရှိတယ်၊ ဘေးတစ်ဖက်တစ်ချက်မှာ ၆ ပေလောက်ကျယ်တဲ့ မြက်ခင်း ရှိပါတယ်'

'ပုံနရိပ်ပန်တန်းကို ဂိတ်ပေါက်တစ်ခုနဲ့ ဖောက်ထားတယ်လို့ ကျွန်တော် နားလည်ရမလား'

'ဟုတ်ပါတယ်။ တောရိုင်း မြေဘက်ကို ဦးတည်နေတဲ့ ဂိတ်ပေါက် တစ်ခုပါ'

'တခြားအပေါက်တွေ ရှိသလား'

'မရှိဘူး'

'ဒါဆို ပုံနရိတ်ပင်လျှောက်လမ်းကို ရောက်ဖို့အတွက် တစ်ဦးတစ်ယောက်အနေနဲ့ အိမ်ဘက်ကလာချင်လာ၊ ဒါမှမဟုတ်၊ တောရိုင်း မြေဂိတ်ပေါက်ဘက်က ဝင်မယ်ပေါ့'

'တစ်ဖက်အစွန်းမှာ ရှိတဲ့ နွေရာသီအိမ်က နေထွက်ပေါက်တစ်ခု ရှိတယ်'

'ဆာချားစ်က အဲဒီကို ရောက်သလား'

'ဟင့်အင်း၊ အဲဒီကနေ (၁၅) ကိုက်လောက်မှာ သူလဲနေတယ်'

'ကဲ၊ ကျွန်တော် ပြောပြပါ။ ဒေါက်တာ မာတင်၊ ဒါက အရေးကြီးတယ်၊ ခင်ဗျား မြင်တဲ့ ခြေရာတွေက လမ်းပေါ်မှာပဲ ရှိတယ်။ မြက်တွေပေါ်မှာ မဟုတ်ဘူးပေါ့'

'မြက်တွေပေါ်မှာ ဘာခြေရာမှ မတွေ့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့တွေက တောရိုင်းမြေဂိတ်ပေါက်ဘက်က လမ်းဘက် အခြမ်းမှာ ရှိသလား'

'ဟုတ်တယ်။ သူတို့က တောရိုင်းမြေဂိတ်ပေါက်ဘက်က လမ်းဘက်အစပ်မှာ ရှိတယ်'

'ကျွန်တော် အရမ်းစိတ်ဝင်စားနေပြီ၊ နောက်တစ်ချက်က မလွယ်ပေါက်တံခါးကို ပိတ်ထားသလား'

'ပိတ်ထားတယ်။ သော့ခလောက် ခတ်ထားတယ်'

'အဲဒါက ဘယ်လောက်မြင့်သလဲ'

'၄ ပေလောက်မြင့်တယ်'

'ဒါဖြင့်ယင် တစ်ယောက်ယောက်က အဲဒီအပေါ် ကျော်တက်နိုင်တာပေါ့'

'ဟုတ်ကဲ့'

'မလွယ်ပေါက်တံခါးနားမှာ ဘာအမှတ်အသားတွေကို ခင်ဗျား မြင်သလဲ'

'ထူးထူးခြားခြား ဘာမှ မရှိပါဘူး'

'ဘုရားရေ၊ ဘယ်သူမှ မစစ်ဆေးကြဘူးလား'

'ဟုတ်ကဲ့၊ ကျွန်တော် ကိုယ်တိုင် စစ်ဆေးပါတယ်'

'ဘာမှ မတွေ့ဘူးလား'

'အဲဒါက အရမ်းကို ရှုပ်ထွေးနေတယ်။ ဆာချာစ်က အထင်အရှားပဲ၊ အဲဒီနေရာမှာ ၅ မိနစ်၊ ၁၀ မိနစ်လောက် မတ်တပ်ရပ်နေတယ်'

'ဒါကို ခင်ဗျားဘယ်လိုလုပ်သိသလဲ'

'ဘာကြောင့်လဲဆိုတော့၊ သူ့ရဲ့ဆေးပြင်းလိပ်ကနေ၊ ဆေးလိပ်ပြာနှစ်ခါ ကြွေကျခဲ့တာကြောင့်ပါ'

'သိပ်ကောင်းတယ်။ ဒါမှ ကျွန်တော်တို့ အကြိုက်ရဲဘော်ပဲ၊ ဝပ်ဆန်၊ ဒါပေမယ့် အမှတ်အသားတွေကရော'

'ကျောက်ခင်းလမ်းကလေးပေါ်မှာ သူ့ရဲ့ခြေရာတွေကို သူထားခဲ့တယ်။ တခြားခြေရာတွေကို ကျွန်တော် မတွေ့ရဘူး'

ရှားလော့ဟုမ်းက စိတ်မရှည်ဟန်ဖြင့် သူ၏ ဒူးခေါင်းကို လက်ဖြင့် ပုတ်လိုက်၏။

'ကျွန်တော်သာ အဲဒီမှာ ရှိခဲ့ယင်' သူက အော်၏။ 'ဒါဟာ အထင်အရှားပဲ အရမ်းစိတ်ဝင်စားဖို့ ကောင်းတဲ့အမှုဖြစ်မယ်။ ပြီးတော့ သိပ္ပံပညာဆိုင်ရာ ကျွမ်းကျင်သူတွေအတွက် ကြီးမားတဲ့ အခွင့်အရေးတစ်ခု ဖြစ်မှာပဲ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ဖတ်ခဲ့တဲ့ ဒီပဟေဠိစာက၊ ဒါမတိုင်မီကာလကြာရှည်ကတည်းက မိုးရေနဲ့ ပေစွန်းနေပြီး စပ်စုတဲ့ လယ်သမားတွေရဲ့ အနှောင့်အယှက်ကြောင့် စာလုံးတွေ ပျက်နေပြီ၊ အို ... ဒေါက်တာမော်တင်မာ၊ ဒေါက်တာမော်တင်မာ၊ ခင်ဗျား ကျွန်တော်ကို မခေါ်ခဲ့ဘဲကိုး၊ ဒီအတွက် ခင်ဗျားမှာ ဖြေစရာတွေ အများကြီးရှိမှာ ပါ'

'ဒီအချက်တွေကို တလောကလုံးကို ကျွန်တော် ဖွင့်ဟမပြောဘဲနဲ့၊ မစ္စတာဟုမ်း၊ ခင်ဗျားကို ကျွန်တော် မခေါ်နိုင်ဘူး။ ကျွန်တော် ဒီလို မလုပ်ချင်တဲ့ အကြောင်းရင်းတွေကို ခင်ဗျားကို ကျွန်တော် ပြောပြီးပါပြီ၊ ဒါ့အပြင်၊ ဒါ့အပြင်'

'ခင်ဗျား ဘာဖြစ်လို့၊ တုံ့ဆိုင်းနေရတာလဲ'

'အထက်မြက်ဆုံး၊ အတွေ့အကြုံရှိဆုံး စုံထောက်တွေတောင်၊ ဘာမှ မတတ်နိုင်တဲ့ အခြေအနေတွေ ရှိတယ်'

'ဒီကိစ္စက သဘာဝထက် လွန်ကဲနေတယ်လို့ ခင်ဗျားဆိုလိုသလား'

'ကျွန်တော် ဒီလို မပြောပါဘူး'

'ဒီကြေကွဲစရာကိစ္စ ဖြစ်ကတည်းက မစ္စတာဟုမ်း၊ သဘာဝ အကြောင်းတရားနဲ့ ဆီလျော်မှုမရှိတဲ့ အဖြစ်အပျက်တွေ အများကြီးကို ကျွန် တော် ကြားရပါတယ်'

'ဥပမာ ပြောပါဦး'

'ထိတ်လန့်စရာ အဖြစ်အပျက်တွေ မဖြစ်ခင်က၊ ဒီဘာစ်ကာဗီလ် မိသားစုကောင်နဲ့ ပုံသဏ္ဌာန်ကိုက်ညီပြီး၊ သိပ္ပံပညာရှင်တွေ သိထားတဲ့ တိရစ္ဆာန် တစ်ကောင်ကောင် မဖြစ်နိုင်တဲ့ သတ္တဝါတစ်ကောင်ကို တောရိုင်းမြေပေါ်မှာ လူအများအပြားက တွေ့မြင်ခဲ့ကြတယ်။ အဲဒါက ပြောင်ပြောင်တင်းတင်းနဲ့ ကြောက်စရာကောင်းပြီး သရဲတစ္ဆေနဲ့တူတဲ့ သတ္တဝါကြီးတစ်ကောင်ဖြစ်တယ်ဆို တာ သူတို့အားလုံးက သဘောတူကြတယ်။ အဲဒီလူတွေကို အပြန်ပြန်အလှန် လှန် ကျွန်တော် စစ်ဆေးမေးမြန်းခဲ့ပြီး၊ သူတို့ထဲက တစ်ယောက်က၊ ခေါင်းမာ တဲ့ ကျေးတောသားပါ၊ တစ်ယောက်က မြင်းခွာပြင်တဲ့လူပါ၊ တစ်ယောက်က တောရိုင်းမြေက လယ်သမားပါ၊ ဒဏ္ဍာရီထဲက ငရဲခွေးကြီးနဲ့ တထေရာတည်း ကိုက်ညီတဲ့၊ ဒီကြောက်စရာ သူရဲ့ ခြောက်တဲ့ဇာတ်လမ်းကို သူတို့အားလုံးက ပြောကြတယ်။ အဲဒီဒေသမှာ ထိတ်လန့်မှုတွေကြီး စိုးနေကြပြီး၊ ညဘက်မှာ တောရိုင်းမြေကို ဖြတ်သန်းတဲ့လူက၊ သတ္တိကောင်းတဲ့ လူဆိုတာ ခင်ဗျားကို ကျွန်တော် တကယ်ပြောတာပါ'

'သိပ္ပံပညာနဲ့ အလေ့အကျင့်ရှိတဲ့ လူတစ်ယောက်ဖြစ်တဲ့ ခင်ဗျား အနေနဲ့ ဒါကို သဘောဝထက်လွန်ကဲတဲ့ အရာလို့ ယုံကြည်သလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာယုံကြည်ရမလဲ ဆိုတာ ကျွန်တော် မသိဘူး'

ဟုမ်းက ပခုံးတွန့်လိုက်၏။

'အခုကစပြီး၊ ဒီကိစ္စကို ကျွန်တော် စုံစမ်းစစ်ဆေးဖို့ ဆုံးဖြတ်လိုက်ပြီ' သူကပြော၏။ 'ဆီလျော်တဲ့ နည်းလမ်းနဲ့၊ မကောင်းဆိုးဝါးကို ကျွန်တော်တိုက်ခိုက်မယ်။ ဒါပေမယ့် မကောင်းဆိုးဝါးနတ်ကို ဖမ်းဖို့ဆိုတာကတော့ လောဘကြီးလွန်းတဲ့ ကိစ္စဖြစ်လာနိုင်တယ်။ သို့သော်လည်း ခြေရာတွေက အကြောင်းအချက်တစ်ခုဆိုတာ ခင်ဗျား ဝန်ခံရမယ်'

'တကယ့် အမဲလိုက်ခွေးက လူတစ်ယောက်ရဲ့ လည်မျိုကို ဆွဲဖဲ့ဖို့ လုံလောက်တဲ့ အကြောင်းအချက်တစ်ခုပါ၊ ဒါပေမယ့် သူက မကောင်းဆိုးဝါး ဆိုလည်း ဟုတ်တယ်'

'စိတ်နယ်လွန်ဆရာတွေဆီ ခင်ဗျား သွားခဲ့ပြီးပြီဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် မော်တင်မာ၊ အခု အဲဒါကို ကျွန်တော်ကို ပြောပြပါ။ ဒီအမြင်တွေကို ခင်ဗျား ဆုပ်ကိုင်ထားတယ်ဆိုယင်၊ ဘာဖြစ်လို့ ခင်ဗျား ကျွန်တော်ကို လာတိုင်ပင်ရတာလဲ၊ ဆာချာစ်သေဆုံးရတာကို စစ်ဆေးတာဟာ အလကားပဲလို့လည်း ခင်ဗျား ပြောတယ်။ နောက်ပြီးတော့လည်း ဒါကို ခင်ဗျားက ကျွန်တော်ကို လုပ်စေချင်တယ်'

'ခင်ဗျားကို စစ်ဆေးမှု ပြုလုပ်ပေးစေချင်တယ်လို့ ကျွန်တော် မပြောပါဘူး'

'ဒါဖြင့်ယင် ခင်ဗျားကို ကျွန်တော် ဘယ်လို ကူညီရမလဲ'

'ဝါးတားလူးဘူတာရုံကို' ဒေါက်တာမော်တင်မာက သူ၏ လက်ပတ်နာရီကို ကြည့်လိုက်၏။ 'တစ်နာရီ ၁၅ မိနစ်တိတိမှာ ရောက်လာမယ့် ဆာဟင်နရီ ဘာစ်ကာဗီးလ်နဲ့ ပတ်သက်လို့ ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာကို အကြံပေးပြီး ကူညီပါ'

'သူက အမွေဆက်ခံမယ့်လူလား'

'ဟုတ်တယ် ဆာချာလ်သေတော့၊ ဒီလူကြီးလူကောင်းကလေးကို ကျွန်တော် စုံစမ်းပြီး၊ သူက ကနေဒါမှာ ယာတောလုပ်နေတာကို ကျွန်တော်တို့ တွေ့ရတယ်။ ကျွန်တော်တို့ဆီကို ရောက်လာတဲ့ သတင်းတွေအရ၊ အဖက်ဖက်က ကောင်းတဲ့လူတစ်ယောက်ပါ၊ ဆေးဘက်ဆိုင်ရာ လူတစ်ယောက်အနေနဲ့ ကျွန်တော် အခု စကားပြောနေတာ မဟုတ်ပါဘူး။ ဆာချာလ်ရဲ့ ယုံကြည်ခြင်းခံရသူ အကျိုးဆောင်တစ်ယောက်အနေနဲ့ ပြောနေတာပါ'

'အမွေဆက်ခံဖို့ တောင်းဆိုမယ့်လူ၊ တခြားလူ မရှိတော့ဘူးလို့ ကျွန်တော် ယူဆရမလား'



www.burmeseclassic.com

www.burmeseclassic.com



'မရှိဘူး၊ ကျွန်တော်တို့ ခြေရာခံနိုင်တဲ့ တခြား မျိုးဆက်လူကတော့၊ ရော်ဂျာဘာစ်ကာဗီလ်ပါ။ ညီအစ်ကို ၃ ယောက်ထဲမှာ သူက အငယ်ဆုံးဖြစ်ပြီး၊ ဆာချာလ်တော့ အကြီးဆုံးပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတဲ့ ဒုတိယညီက ဒီလူဟင်နရီရဲ့အဖေပါ။ တတိယလူရော်ဂျာကတော့ မိသားစုအတွက် ဘာမှ မကောင်းတဲ့လူပါ။ သူက ဆရာကြီး ဆန်တဲ့ ဘာစ်ကာဗီမျိုးဆက်က၊ ဆင်းသက်လာပြီး၊ ဟူရိုနဲ့ တထေရာတည်း တူတယ်လို့ဆိုကြပါတယ်။ အင်္ဂလန်မှာ သူ၊ မနေနိုင်တော့တာနဲ့ ဗဟိုအာဖရိကကို သူထွက်ပြေးပြီး၊ အဲဒီမှာ အသားဝါရောဂါနဲ့ ၁၈၇၆ ခုနှစ်မှာ သေဆုံးသွားတယ်။ ဟင်နရီက ဘာစ်ကာဗီလ်မှာ နောက်ဆုံးပဲ၊ ၁ နာရီနဲ့ ၅ မိနစ်အတွင်းမှာ သူ့ကို ကျွန်တော် ဝါးတားလူးဘူတာရုံမှာ တွေ့ပါမယ်။ ဒီမနက်မှာ ဆောက်သန်တွန်ကို သူရောက်တယ်လို့ ကြေးနန်းစာ ကျွန်တော် ရထားပါတယ်။ ကဲ မစ္စတာ ဟုမ်း သူနဲ့ ပတ်သက်ပြီး၊ ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ခင်ဗျား အကြံပေးမလား'

'သူ့အဖေရဲ့ အိမ်ကို သူဘာဖြစ်လို့ မသွားတာလဲ'

'ဒါက သဘာဝကျပါတယ်။ မဟုတ်ဘူးလား၊ ပြီးတော့ အဲဒီကို သွားတဲ့ ဘာစ်ကာဗီလ်တိုင်းဟာ ဆိုးဝါးတဲ့ ကံကြမ္မာနဲ့ တွေ့ကြုံရတယ်ဆိုတာ စဉ်းစားကြည့်ပါ။ ဆာချာလ်သာ သူမသေခင်၊ ကျွန်တော်နဲ့ စကားပြောခဲ့ရယင်၊ ရှေးလူမျိုးစုရဲ့ နောက်ဆုံးလူ၊ မဟာစည်းစိမ်တို့ရဲ့ အမွေခံ၊ ဒီလူကို ဒီသေမင်းနေရာဆီ ခေါ်မလာဖို့ သူ ကျွန်တော်ကို သတိပေးမှာပဲ၊ ဒါပေမယ့် ဆင်းရဲမွဲတေတဲ့ ကျေးလက်တစ်ခုလုံး သာယာဝပြောဖို့က သူရှိနေမှုအပေါ်မှာ မူတည်နေတယ်ဆိုတာ မငြင်းနိုင်ဘူး။ ဘာစ်ကာဗီလ်ရဲ့ အိမ်မှာ နေထိုင်သူမရှိယင်၊ ဆာချာလ် လုပ်ခဲ့တဲ့ ကောင်းသမျှ အားလုံးဟာ မြေပြင်ပေါ်မှာ အစိတ်စိတ်အမွှာမွှာ ကြွေကျသွားလိမ့်မယ်။ ဒီကိစ္စမှာ ကျွန်တော် အမြင်နဲ့ ကျွန်တော် လုပ်လို့လွဲမှားသွားမှာကို ကျွန်တော် စိုးရိမ်တယ်။ ဒါကြောင့် ဒီကိစ္စကို ခင်ဗျားဆီ ကျွန်တော် ယူလာပြီး၊ ခင်ဗျားရဲ့ အကြံဉာဏ်ကို ကျွန်တော် တောင်းတာပါ'

ဟုမ်းက အချိန်အနည်းငယ်ကြာ စဉ်းစားနေ၏။

'ရှင်းရှင်းပြောရယင် ကိစ္စက ဒီလိုပါ' သူက ပြော၏။

'ခင်ဗျားရဲ့ အမြင်မှာ တောရိုင်းမြေက အိမ်ကို ဘာစ်ကာဗီလ် တစ်ယောက်အတွက် မလုံခြုံတဲ့ အိမ်ဖြစ်စေမယ့် မကောင်းဆိုးဝါးတစ်ဖွဲ့ ရှိမယ်။ ဒါ ခင်ဗျားရဲ့ အမြင်လား'

'ဒီလို ဖြစ်နိုင်တဲ့ သက်သေတချို့ ရှိတယ်လို့ ပြောနိုင်ဖို့ အနည်းဆုံး ကျွန်တော် စောင့်ကြည့်ရမှာပဲ'

'အတိအကျပဲ၊ ဒါပေမယ့် ခင်ဗျားရဲ့ လွန်ကဲတဲ့သဘောဝ သီအိုရီမှန်



www.burmeseclassic.com

www.burmeseclassic.com



ယင်၊ လန်ဒန်က လူငယ်ကို ဒီဗွန်ရှဲက လူလိုပဲ၊ လွယ်လွယ်ကူကူ၊ အ ကုသိုလ်ပေးနိုင်တယ်'

'ဒီကိစ္စတွေနဲ့ ခင်ဗျားကိုယ်တိုင် ဆက်ဆံကြည့်ယင်၊ မစ္စတာဟုမ်း ခင်ဗျား လုပ်သင့်တာထက်ပိုပြီး၊ဒီကိစ္စကို လေးအနက်ထားပါလိမ့်မယ်။ အဲဒီအခါကျယင်၊ ကျွန်တော် နားလည်တဲ့အတိုင်း၊ ဒီလူငယ်ဟာ လန်ဒန်မှာ လုံခြုံစိတ်ချရသလို ဒီဗွန်ရှဲမှာလည်း လုံခြုံစိတ်ရလိမ့်မယ်လို့ ခင်ဗျား အကြံပေးမှာပဲ၊ မိနစ် ၅၀ အတွင်းမှာ သူလာတော့မယ်။ ခင်ဗျား ဘာအကြံပြုမလဲ'

'ခင်ဗျား မြင်းလှည်းတစ်စီးငှား၊ ကျွန်တော်ရဲ့ ရှေ့တံခါးကို ကုတ်ချစ်နေတဲ့ ခင်ဗျားရဲ့ ခွေးပုကလေးကို ခေါ်ပြီး၊ ဆာဟင်နရီဘာစ်ကာဗီလ်ကို တွေ့ဆုံဖို့ ဝါးတားလူးကို ဆက်သွားပါလို့ ကျွန်တော် အကြံပြုပါတယ် ဆရာ'

'နောက်ပြီးတော့ကော'

'နောက်ပြီးတော့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ဆုံးဖြတ်ချက်မချခင် သူ့ကို ခင်ဗျား လုံးဝဘာမှ မပြောပါနဲ့'

"ခင်ဗျား ဆုံးဖြတ်ချက်ချဖို့ အချိန်ဘယ်လောက်ကြာမလဲ'

'၂၄ နာရီ၊ မနက်ဖြန် မနက် ၁၀ နာရီမှာ ဒေါက်တာ မော်တင်မား၊ ခင်ဗျား ကျွန်တော်ဆီ ဒီလိုလာတွေ့ယင် ခင်ဗျားကို ကျွန်တော် ကျေးဇူး အများကြီးတင်ပါ့မယ်။ ဆာဟင်နရီဘာစ်ကာဗီလ်ကို ခင်ဗျားနဲ့အတူ ခေါ်လာယင် ကျွန်တော်ရဲ့ အနာဂတ်အစီအစဉ်အတွက် ကျွန်တော်ကို အကူအညီပေးပါ့လိမ့်မယ်'

'ကျွန်တော်လုပ်ပါ့မယ်။ မစ္စတာဟုမ်း' သူက ချိန်းဆိုချက်ကို သူ၏ရှပ်အင်္ကျီလက်ဖျားတွင် ရေးချစ်လိုက်ပြီး၊ ထူးစမ်း၍ အာရုံများပြားသော အမူအရာဖြင့် အလျင်စလို ထွက်သွား၏။ ဟုမ်းက သူ့ကို လှေကားထိပ်တွင် တားလိုက်၏။

'နောက်တစ်ခုလောက် ထပ်မေးချင်လို့ပါ၊ ဒေါက်တာ မော်တင်မား၊ ဆာချားလ်ဘာစကာဗီလ် မသေခင်က တောရိုင်းမြေပေါ်မှာ ဒီတစ္ဆေခြောက်တာကို လူတွေ အများကြီး မြင်တယ်လို့ ခင်ဗျား ပြောသလား'

'လူ ၃ ယောက် မြင်ပါတယ်'

'နောက်ပိုင်းမှာကော၊ အဲဒါကို မြင်သလား'

'အဲဒါကို ကျွန်တော် မကြားမိဘူး'

'ကျေးဇူးတင်ပါတယ်။ မင်္ဂလာနံနက်ခင်းပါ'

ဟုမ်းက သူ့ရှေ့တွင် စိတ်ဝင်စားဖွယ် ကိစ္စများ ရှိသည်ဟု ဆိုလိုသော ကျေနပ်ဖွယ်အမူအရာဖြင့် သူ၏ထိုင်ခုံဆီသို့ပြန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'အပြင်ထွက်တော့မလား၊ ဝပ်ဆန်'

'ခင်ဗျားကို ကျွန်တော် မကူညီရဘူးဆိုယင်ပေါ့'

'မဟုတ်ပါဘူး မိတ်ဆွေ၊ ခင်ဗျားရဲ့ အကူအညီကို ကျွန်တော် နာရီပိုင်းအတွင်းမှာ တောင်းရမှာပါ၊ ဒါပေမယ့် ဒါက အရေးကြီးတယ်။ ဘရာဒီလီရဲ့ အိမ်ကို ခင်ဗျားဖြတ်သွားယင် သူ့ကို ဆေးရွက်ကြီးတစ်ပေါင် ပို့ခိုင်းလိုက်ပါလား။ ကျေးဇူးတင်ပါတယ်။ ညနေစောင်းမတိုင်မီ၊ ခင်ဗျား ပြန်မလာယင် ပိုကောင်းပါလိမ့်မယ်။ အဲဒါဆိုယင် ဒီမနက်မှာ ကျွန်တော်တို့ကို တင်ပြတဲ့ ဒီစိတ်အဝင်စားဆုံး ပြဿနာနဲ့ ပတ်သက်ပြီး၊ စိတ်ကူးတွေကို ကျွန်တော် အလွန်ဝမ်းမြောက်စွာနဲ့ ရှာဖွေရမှာပါ'

အာရုံစိုက်ရသော ဤအချိန်များတွင် ကျွန်ုပ်၏ မိတ်ဆွေအဖို့ သီးသန့် တစ်ဦးတည်း ရှိနေရန် အလွန်လိုအပ်သည်ကို ကျွန်ုပ်သိ၏။ ထိုအတောအတွင်းတွင် သက်သေအထောက်အထား အသီးသီးကို သူက ချိန်ဆပြီး သီအိုရီ အမျိုးမျိုးကို ဖန်တီး၍ တစ်ခုနှင့်တစ်ခုကို နှိုင်းယှဉ်ကာ၊ မည်သည့်အချက်က လိုအပ်၍ မည်သည့်အချက်က မလိုအပ်ကြောင်းကို သူ ဆုံးဖြတ်၏။ ထို့ကြောင့် ထိုနေ့ကို ကလပ်တွင် ကျွန်ုပ်အချိန်ဖြုန်း၍ 'ဘေကာ' လမ်းကို ညနေစောင်းမှ ပြန်လာ၏။ ဧည့်ခန်းထဲတွင် ကျွန်ုပ် နောက်တစ်ကြိမ် ထိုင်မိသောအခါ (၉) နာရီထိုးခါနီးပြီဖြစ်၏။

တံခါးကို ကျွန်ုပ်ဖွင့်လိုက်သောအခါ၊ အခန်းထဲတွင် မီးလောင်နေပြီဟု ထင်မိ၏။ အဘယ့်ကြောင့်ဆိုသော် အခန်းက မီးခိုးများ ဖြည့်ပြည့်ကြပ်နေလွန်းရာ စားပွဲပေါ်မှ မီးအိမ်အလင်းရောင်မှာ ၎င်းကြောင့် မှုန်ဝါးဝါး ဖြစ်နေသောကြောင့် ဖြစ်၏။ သို့သော် ကျွန်ုပ် ဝင်လာသောအခါ၊ ကျွန်ုပ်၏ စိုးရိမ်မှုများက ငြိမ်ကျသွား၏။

အကြောင်းမူကား၊ ၎င်းက မွန်ထူနေသော ဆေးပြင်းလိပ်မီးခိုးများဖြစ်ပြီး၊ ကျွန်ုပ်မှာ ၎င်းကြောင့် အသက်ရှုကြပ်၍ ချောင်းတဟွတ်ဟွတ် ဆိုးမိ၏။ သူ၏အနက်ရောင် ရွှံ့ဆေးတံကို ပါးစပ်ကြားကိုက်လျက်၊ ကုလားထိုင်တွင် ညဝတ်အင်္ကျီနှင့် ကွေးထိုင်နေသော ဟုမ်း၏ ပုံရိပ်ကို မီးခိုးများအကြားမှ ကျွန်ုပ်ရေးရေး တွေ့မြင်ရ၏။ စက္ကူအလိပ်များစွာတို့က သူ့ဘေးပတ်လည်တွင် ပုံကျနေ၏။

'အအေးမိခဲ့သလား၊ ဝပ်ဆန်' သူက ပြော၏။

'ဟင့်အင်း၊ အဆိပ်သင့်နေတဲ့ ဒီလေထုကြောင့်ပါ'

'ခင်ဗျား အခုပြောပြမှပဲ၊ ဒါတော်တော်ထူနေပြီလို့ ကျွန်တော် ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထူတာလား၊ ဒါက ခံကို မခံနိုင်တာ'

'ဒါဖြင့်ယင် ပြတင်းပေါက်ဖွင့်လိုက်ပါ၊ ခင်ဗျား ကလပ်မှာ တစ်နေ့လုံး ရှိနေယင် ပိုကောင်းမယ်လို့ ကျွန်တော် ထင်တယ်'

'ဖြစ်ရလေ မိတ်ဆွေကြီး ဟုမ်းရယ်'

'ကျွန်တော်မှန်တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဘယ်လို ...'

စိတ်ရှုပ်နေသော ကျွန်ုပ်၏ အမူအရာကြောင့် သူက ရယ်၏။

'ခင်ဗျားရဲ့ဝန်းကျင်မှာ နှစ်သက်စရာ လမ်းဆန်းမှုတွေ ရှိပါတယ်။ ဝပ်ဆန်၊ ကျွန်တော် ပိုင်ဆိုင်ထားတဲ့ စွမ်းအင်ကလေးတွေကို ခင်ဗျား မရှိတဲ့ အချိန်မှာ ကျွန်တော် အသုံးချရတာ၊ ပျော်စရာကောင်းပါတယ်။ လူကြီးမင်းတစ်ယောက်က မိုးဖွဲဖွဲကျပြီး၊ ရွှံ့ထူတဲ့နေ့မှာ အပြင်ထွက်သွားတယ်။ ညနေမှာ ဦးထုပ်နဲ့ ဘွတ်ဖိနပ်တွေ ပြောင်ပြောင်လက်လက်နဲ့၊ သန့်သန့်ကလေး သူပြန်လာတယ်။ ဘာကြောင့်လဲဆိုတော့ တစ်နေ့လုံး တစ်နေရာထဲမှာ သူရှိတာကြောင့်ပါ၊ သူက ရင်းနှီးတဲ့ မိတ်ဆွေမရှိတဲ့ လူတစ်ယောက်ပါ၊ နို့မဟုတ်ယင် သူဘယ်မှာ ရှိမလဲ၊ အဲဒါ မရှင်းဘူးလား'

'အင်း၊ ဒါအတော်ရှင်းပါတယ်'

'အမှတ်တမဲ့အားဖြင့် ဘယ်သူမှ မမြင်ကြတဲ့၊ ရှင်းလင်းတဲ့အရာတွေနဲ့ ကမ္ဘာကြီးက ပြည့်နေပါတယ်။ ကျွန်တော် ဘယ်မှာရှိခဲ့တယ်လို့ ခင်ဗျား ထင်သလဲ'

'ခင်ဗျားလည်း ဖင်မြဲနေတယ် မဟုတ်လား'

'မဟုတ်ပါဘူး။ ကျွန်တော် ဒီဗွန်ရှဲကို ရောက်ခဲ့ပါတယ်'

'စိတ်ဝိညာဉ်နဲ့လား'

'အတိအကျပါပဲ၊ ကျွန်တော်ရဲ့ ခန္ဓာကိုယ်က ဒီကုလားထိုင်မှာ ရှိနေပြီး ကျွန်တော်မရှိစဉ်မှာ ကော်ဖီအိုးကြီး (၂) အိုးနဲ့ မယုံကြည်နိုင်လောက်တဲ့ ဆေးရွက်အများအပြားကို ကျွန်တော်သုံးစွဲမိတာ၊ တွေ့မြင်ရလို့ ကျွန်တော် ဝမ်းနည်းပါတယ်။ ခင်ဗျားထွက်သွားပြီးတဲ့နောက်မှာ တောရိုင်းမြေရဲ့ ဒီဘက် အပိုင်းမြေပုံကို ရဖို့အတွက်၊ စတန်းဖို့ အရောင်းဆိုင်ကို ကျွန်တော်သွားပြီး၊ ကျွန်တော့်ရဲ့ ဝိညာဉ်စိတ်က အဲဒီတောရိုင်းမြေပေါ်မှာ တစ်နေ့လုံး ပျံ့ဝဲနေတယ်။ ကျွန်တော့်လမ်းကို ကျွန်တော် ရှာယင်းနဲ့ ကျေနပ်နေမိတယ်'

'မြေပုံစကေးအကြီးလို့ ကျွန်တော် ထင်တယ်'

'အရမ်းကြီးတယ်' သူက မြေပုံအပိုင်းတစ်ခုကို ဖြန့်လိုက်ပြီး၊ ၎င်းကို သူ၏ဒူးခေါင်းပေါ်တွင် ကိုင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ ဒေသတစ်ဝိုက်က ဒီမှာ၊ အလယ်ခေါင်က ဒါက ဘာစ်ကာဗီလ်အိမ်ပဲ'

'သူ့ရဲ့ပတ်လည်မှာ သစ်ပင်အုပ်ကလေးနဲ့လား'

'အတိအကျပဲ၊ ပုံနရိပ်တန်းလေးက ဒီနာမည်အောက်မှာ အမှတ်အသားပြုမထားပေမယ့်၊ ဒီလိုင်းတစ်လျှောက်မှာ တန်းသွားရမယ်လို့ ကျွန်တော် စိတ်ကူးကြည့်တယ်။ ခင်ဗျား သိတဲ့အတိုင်း တောရိုင်းမြေက သူ့ရဲ့ညာဘက်မှာ ရှိတယ်။ ဒီနေရာက အဆောက်အဦးအစုကလေးက၊ ဂရစ်ပင်ရွာစုပဲ၊ အဲဒီမှာ ကျွန်တော်တို့ရဲ့ ဒေါက်တာ မော်တင်မာက သူ့ရဲ့ ဌာနချုပ်ရှိတယ်။ ခင်ဗျား မြင်တဲ့အတိုင်း (၅) မိုင်ဝန်းကျင်အတွင်းမှာ လူနေအိမ်ခြေ အလွန်ကျဲတယ်။ ဒီမှာ ကလက်စ်တာဟောလ်၊ ဒါကို ဇာတ်ကြောင်းထဲမှာ ဖော်ပြထားတယ်။ သဘာဝမြတ်နိုးသူရဲ့ နေအိမ်ဖြစ်နိုင်တဲ့ အိမ်တစ်လုံးကို ဒီနေရာမှာ ပြထားတယ်။ ကျွန်တော် မှတ်မိသလောက် သူ့နာမည်က စတာပလက်တန်နဲ့တူတယ်။ ဒီမှာ တောရိုင်းမြေကယာတောအိမ်နှစ်ခု၊ ဟိုက်တောနဲ့ 'ဖိုမီယာ'ပဲ၊ ပြီးတော့ ၁၄ မိုင်အဝေးမှာ 'ပရင်စက်တောင်း' က အကျဉ်းထောင်ကြီးရှိတယ်။ ဒီကျယ်ပြန့်နေတဲ့ နေရာတွေတစ်ဝိုက်နဲ့ ကြားထဲမှာ၊ လူသူကင်းမဲ့တဲ့ တောရိုင်းမြေက တမျှော်တခေါ်ရှိနေတယ်။ ဒါဖြင့်ယင် ဒါက ကြေကွဲစရာ ဇာတ်လမ်းကို ကပြတဲ့ ဇာတ်ခုံဖြစ်ပြီး၊ ဒီဇာတ်လမ်းကို ဒီဇာတ်ခုံ ပေါ်မှာ ကျွန်တော်တို့ နောက်တစ်ကြိမ် ကကြရဦးမှာပေါ့'

'ဒါက တောရိုင်းမြေနေရာဖြစ်ရမယ်'

'ဟုတ်တယ်၊ အခြေချထားတာကတော့ အတော်ကောင်းတယ်။ လူတွေရဲ့ အရေးကိစ္စကို မကောင်းဆိုးဝါးအနေနဲ့ လက်လှမ်းမီချင်တယ်ဆိုယင်'

'ဒါဖြင့်ယင်၊ ခင်ဗျား ကိုယ်တိုင်က သဘာဝလွန်ကဲမှုဘက်ကို အားသန်နေတာပေါ့'

'မကောင်းဆိုးဝါးရဲ့ အကြောင်းတရားတွေက အသွေးနဲ့အသား၊ ဖြစ်နိုင်တယ် မဟုတ်ဘူးလား၊ အစပိုင်းမှာ ကျွန်တော်တို့ ရင်ဆိုင်ရမယ့် မေးခွန်းနှစ်ခု ရှိပါတယ်။ တစ်ခုက ရာဇဝတ်မှုတစ်ခုခုကို လုံးဝကျူးလွန်မှုရှိသလားဆိုတာနဲ့၊ ဒုတိယတစ်ခုက ပြစ်မှုက ဘာလဲ၊ ဘယ်လိုကျူးလွန်သလဲဆိုတာပါပဲ၊ အမှန်ပဲ ဒေါက်တာ မော်တင်မာရဲ့ ခန့်မှန်းချက်မှန်ယင်၊ သာမန်သဘာဝနိယာမအပြင်ဘက်က အင်အားတွေနဲ့ ကျွန်တော်တို့ ပတ်သက်နေရမယ်ဆိုယင်၊ ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးမှုနဲ့ အဆုံးသတ်သွားမယ်၊ ဒါပေမဲ့ ဒီကိစ္စအပေါ် ကျွန်တော်တို့ ပြန်မရောက်ခင်၊ အခြားအဆိုပြုချက်အားလုံးကို ကျွန်တော်တို့ ရှာဖွေအသုံးပြုရပါ့မယ်။ ခင်ဗျား စိတ်မရှိဘူးဆိုယင်၊ ဒီပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို ကျွန်တော်တို့ ပြန်ပိတ်မှ ကောင်းမယ်ထင်တယ်။ ဒါက ထူးတော့ ထူးစမ်းတယ်။ ဒါပေမယ့် စုစည်းထားတဲ့လေထုဟာ အတွေးတွေကို စုစည်းတဲ့ အခါ အကူအညီ ပေးတာကို ကျွန်တော်တွေ့ရတယ်။ အတွေးတွေကို သေတ္တာထဲ စုထည့်လောက်အောင် ကျွန်တော် တွန်းအားမပေးပါဘူး။ ဒါပေမယ့် ဒါက ယုတ္တိကျတဲ့၊ ကျွန်တော့် တွေးတောမှုရဲ့ ရလာဒ်ပါ၊ ဒီအမှုကို ခင်ဗျား ခေါင်းထဲမှာ သုံးသပ် ကြည့်ပြီးပြီလား'

'ဟုတ်ကဲ့ ဒီနေ့တစ်နေ့လုံး ဒီအကြောင်းကို ကျွန်တော် အတော် စဉ်းစားကြည့်ပြီးပါပြီ'

'ခင်ဗျား ဘယ်လိုထင်သလဲ'

'ဒါက အတော့်ကို ရှုပ်ထွေးနေတယ်'

'ဒီကိစ္စမှာသူ့ကိုယ်ပိုင် လက္ခဏာတွေ အသေအချာ ရှိတယ်။ ဒါနဲ့ ပတ်သက်လို့ ထင်ရှားတဲ့အချက်တွေရှိတယ်။ ဥပမာ၊ ခြေရာတွေ ပြောင်းသွားတာ၊ ဒါကို ခင်ဗျား ဘယ်လိုထင်သလဲ'

'လျှောက်လမ်းရဲ့ အဲဒီဘက်အပိုင်းမှာ၊ အဲဒီလူက ခြေဖျားထောက်၊ လမ်းလျှောက်သွားတယ်လို့ မော်တင်မာက ဆိုတာပဲ'

'စစ်ဆေးမေးမြန်းမှုပြုလုပ်စဉ်က လူမိုက်တွေ ပြောခဲ့တာကိုပဲ သူ ထပ်ပြောနေတာ၊ လျှောက်လမ်းပေါ်မှာ လူတစ်ယောက်က ဘာဖြစ်လို့၊ ခြေဖျားထောက် လမ်းလျှောက်ရမှာလဲ'

'ဒါဖြင့်ယင် ဘာလဲ'

'သူပြေးနေတာ၊ ဝပ်ဆန် … အကြောက်အကန်ပြေးနေတာ၊ သေရေးရှင်ရေး ပြေးနေတာ၊ သူနှလုံးပေါက်ကွဲပြီး၊ မှောက်ယက်လဲကျသေဆုံးတဲ့ အထိ ပြေးရတာ'

'ဘာကြောင့် ပြေးရတာလဲ'

'ကျွန်တော်တို့ရဲ့ ပြဿနာက ဒီမှာ စလာတာ၊ သူစမပြေးခင်၊ ထိတ်လန့်မှုနဲ့ သူရူးသွပ်မတတ်ဖြစ်သွားပုံလည်း ဖော်ပြနေတယ်'

'ခင်ဗျား ဒါကို ဘယ်လိုပြောနိုင်သလဲ'

'သူ့ရဲ့ ထိတ်လန့်မှုအကြောင်းရင်းက တောရိုင်းမြေဘက်ကနေ၊ သူ့ဆီကို လာနေတယ်လို့၊ ကျွန်တော် ယူဆနေပါတယ်။ ဒီလိုသာ ဆိုယင်၊ ဒီလိုသာအဖြစ်နိုင်ဆုံး ဖြစ်မယ်ဆိုယင်၊ သတိလက်လွတ်ဖြစ်သွားတဲ့လူဟာ၊ အိမ်ဘက်ကို ပြေးမယ့်အစား၊ အိမ်နဲ့ ဝေးရာဆီသို့ ပြေးရလိမ့်မယ်။ ဂျက်ပစီရဲ့ ထွက်ဆိုချက်ကို အမှန်ယူဆရမယ်ဆိုယင် အကူအညီတွေရှိနေနိုင်တဲ့ နေရာဘက်ဆီကို အော်ဟစ်အကူအညီတောင်းပြီး သူပြေးရမယ်။ ဒါဆိုပြန်ယင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ညမှာ ဘယ်သူ့ကို သူစောင့်မျှော်နေသလဲ၊ သူ့ရဲ့အိမ်ထဲမှာ မဟုတ်ဘဲ၊ ပုံနရိပ် လမ်းထဲမှာ၊ သူ့ကို ဘာကြောင့် သူစောင့်နေသလဲ'

'တစ်စုံတစ်ယောက်ကို သူစောင့်မျှော်နေတယ်လို့ ခင်ဗျား ထင်သလား'

'ဒီလူက အသက်ကြီးပြီ။ သန်သန်မာမာ မဟုတ်တော့ဘူး။ ညနေခင်းမှာ သူလမ်းလျှောက်တာကို ကျွန်တော်တို့ နားလည်နိုင်ပါတယ်။ ဒါပေမယ့် မြေပြင်က စိုစွတ်ပြီး၊ ညကာလက အေးစက်ပြီး လေထန်နေတယ်။ ကျွန်တော်တွေးထင်ခဲ့တာထက် ပိုမိုလက်တွေ့ကျတဲ့ ဒေါက်တာ မော်တင်မာက ဆေးပြင်းလိပ်ပြာကို သုံးသပ်ချက်ချတဲ့အတိုင်း (၅) မိနစ် (၁၀) မိနစ်လောက် သူရပ်နေခဲ့တယ်ဆိုတာ သဘာဝကျပါ့မလား'

'ဒါပေမယ့် နေ့တိုင်း သူအပြင်ထွက်တာပဲ'

'ညနေတိုင်း တောရိုင်းမြေဂိတ်ပေါက်ဘက်မှာ စောင့်နေတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်တယ်။ ဆန့်ကျင်ဘက်အားဖြင့်၊ တောရိုင်းမြေကို သူရှောင်ရှားတဲ့ အထောက်အထားရှိတယ်။ အဲဒီညက သူအဲဒီနေရာမှာ စောင့်နေတယ်။ ဒါက လန်ဒန်ကို သူ မထွက်ခွာခင်ညပါ။ အခြေအနေတွေက ရုပ်လုံးပေါ်လာပြီ ဝပ်ဆန်၊ ဒါက ရှင်းလာပါပြီ။ ကျွန်တော့်ရဲ့တစ်ယောကို ကျွန်တော်ဆီကမ်းပေးပါလား။ မနက်ဖြန် မနက်မှာ ဒေါက်တာ မော်တင်မာနဲ့ ဆာဟင်နရီဘာစ်ကာဗီလ်တို့ကို တွေ့ဆုံမယ့် အခွင့်အရေး ကျွန်တော်တို့ရဲ့ ရတဲ့အထိ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ထပ် စဉ်းစားဖို့ကို ကျွန်တော်တို့ ရပ်ဆိုင်းထားပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)
# ဆာဟင်နရီဘာစ်ကာဗီးလ်

ကျွန်ုပ်တို့၏ မနက်စာစားပွဲက စောစောစီးစီး ရှင်းလင်းနေပြီး ဟုမ်းက ကတိပေးထားသော တွေ့ဆုံဆွေးနွေးပွဲအတွက်၊ ဝတ်ရုံအင်္ကျီဖြင့် စောင့်နေ၏။ ကျွန်ုပ်တို့ အမှုသည်များသည် ချိန်းဆိုထားသည့်အတိုင်း အချိန်တိကျကြ၏။ ထို့ကြောင့် ၁၀ နာရီထိုးစဉ်တွင် ဒေါက်တာ မော်တင်မာက ငယ်ရွယ်သော လူကြီးမင်း လိုက်ပါလျက် ပေါ်လာ၏။ လူကြီးမင်းက အသက် (၃၀) ခန့်ရှိ၍ သေးငယ်သွက်လက်ပြီး နက်မှောင်သော မျက်လုံးရှိသည့် လူတစ်ယောက်ဖြစ်ကာ၊ ခန္ဓာကိုယ်အလွန်သန်မာတောင့်တင်းလျက်၊ ထူထဲနက်မှောင်သော မျက်လုံးများဖြင့်၊ ချိုသာသော မျက်နှာရှိ၏။ နီကျင့်ကျင့်သိုးမွေးဝတ်စုံကို သူဝတ်ဆင်ထားပြီး၊ နေပူထဲတွင် အချိန်များစွာဖြုန်းသူကဲ့သို့ ရာသီဥတုဒဏ်ခံစားထားရသော မျက်နှာသွင်ပြင်ရှိ၏။ သို့ဖြစ်လင့်ကစား၊ တည်ငြိမ်သော သူ၏မျက်လုံးထဲတွင် တစ်စုံတစ်ရာရှိပြီး၊ ၎င်းက လူကြီးလူကောင်းဆန်မှုကို ဖော်ပြသော အမူအရာ တည်ငြိမ်မှုပင် ဖြစ်၏။

'သူက ဆာဟင်နရီဘာစ်ကာဗီလ်ပါ' ဒေါက်တာ မော်တင်မာက ပြော၏။

'အို ဟုတ်ကဲ့' သူက ပြော၏။ 'ထူးဆန်းတာကတော့ မစ္စတာ ရှားလော့ဟုမ်း၊ ဒီက ကျွန်တော်မိတ်ဆွေသာ ဒီမနက်မှာ ခင်ဗျားဆီကို လာဖို့ အဆိုမပြုဘူးဆိုယင် ကျွန်တော်ဖာသာ ကျွန်တော်လာမလို့ပါပဲ၊ ပဟေဠိ



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို ခင်ဗျား စဉ်းစားတတ်တယ်လို့ ကျွန်တော် နားလည်ထားပြီး၊ ဒီမနက်မှာပဲ ကျွန်တော် စဉ်းစားနိုင်တာထက်ပိုပြီး စဉ်းစားဖို့လိုအပ်မယ့် ပဟေဠိတစ်ခုကို ကျွန်တော် ရလာတယ်'

'ထိုင်ပါဦးလား၊ ဆာဟင်နရီ၊ ခင်ဗျား လန်ဒန်ကို ရောက်ပြီး ကတည်းက အံ့သြဖွယ်ရာ အတွေ့အကြုံတွေနဲ့ ခင်ဗျားကိုယ်တိုင် တွေ့ကြုံပြီးပြီလို့ ကျွန်တော် ဆိုရမလား'

'အရေးသိပ်ကြီးတာတော့ ဘာမှမရှိပါဘူး။ မစ္စတာ ဟုမ်း၊ ဟုတ်သလိုလို၊ မဟုတ်သလိုလို ပျက်လုံးလေးတစ်ခုပါပဲ၊ ဒါကို ခင်ဗျား စာတစ်စောင်လို့ ခေါ်မယ်ဆိုယင်တော့၊ ဒီမနက်မှာ ကျွန်တော်ဆီကို ရောက်လာတဲ့ ဒီစာတစ်စောင်ကြောင့်ပါပဲ'

သူက စာအိတ်ကို စားပွဲပေါ်ချလိုက်လျှင်၊ ကျွန်ုပ်တို့အားလုံးက ၎င်းအပေါ်သို့ ကိုယ်ကို ကိုင်းလိုက်ကြ၏။ ၎င်းက မီးခိုးရောင် သာမန်စာအိတ်သာ ဖြစ်၏။ "ဆာဟင်နရီဘာစ်ကာဗီးလ်၊ နော့သမ်ဘာလမ်ဟိုတယ်" ဟူသော လိပ်စာကို ပုံနှိပ်စာလုံးဖြင့် မသပ်မရပ်ရေးထား၏။ စာတိုက်အမှတ်တံဆိပ်က "ချဲရင်ကရော့" ဖြစ်ပြီး၊ စာထည့်သည့် နေ့စွဲက ယမန်နေ့ညနေက ဖြစ်၏။

'ခင်ဗျား နော့သမ်ဘာလမ်ဟိုတယ်ကို သွားမယ်လို့ ဘယ်သူသိသလဲ' ဟုမ်းက ကျွန်ုပ်တို့၏ ဧည့်သည်ကို စိတ်ထက်သန်စွာ လှမ်းကြည့်ယင်း မေး၏။

'ဘယ်သူမှ မသိနိုင်ဘူး။ ဒေါက်တာ မော်တင်မာကို ကျွန်တော် တွေ့ပြီးမှ ကျွန်တော်တို့ ဆုံးဖြတ်ကြတာပါ'

'ဒါပေမယ့် ဒေါက်တာ မော်တင်မာက သေသေချာချာကို အဲဒီနေရာမှာ ရောက်နေပြီ မဟုတ်လား'

'ဟင့်အင်း၊ ကျွန်တော်က သူငယ်ချင်းတစ်ယောက်နဲ့တည်းခိုနေတာပါ' ဒေါက်တာ ပြော၏။ 'အဲဒီဟိုတယ်ကို ကျွန်တော်တို့ သွားဖို့ ရည်ရွယ်ထားတယ်လို့ ညွှန်ပြနိုင်တာ မရှိပါဘူး'

'ဟင် တစ်ယောက်ယောက်က ခင်ဗျားရဲ့ လှုပ်ရှားမှုကို အလွန်နက်နက်နဲနဲ စိတ်ဝင်စားနေပုံရတယ်' စာအိတ်ထဲမှ လေးပိုင်းခေါက်ထားသော စာရွက်ပိုင်းကို သူထုတ်ယူလိုက်၏။ ထိုစာခေါက်ကို သူက ဖြေလိုက်ပြီး၊ စားပွဲပေါ်ပြန့်ချလိုက်၏။ စာရွက်၏အလယ်တွင် စာကြောင်းတစ်ကြောင်းကို ယခင်က အသုံးပြုထားသော ပုံနှိပ်စာလုံးများဖြင့် ဝါကျဖွဲ့ထား၏။ ၎င်းက ဤသို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ အသက်ကို တန်ဖိုးထားယင်၊ တောရိုင်းမြေနဲ့ ဝေးဝေးနေပါ'

"တောရိုင်းမြေ" စာလုံးကိုသာ မှင်ဖြင့် ပုံနှိပ်စာလုံးပုံရေးထား၏။

'အခု' ဆာဟင်နရီဘာစ်ကာဗီလ်က ပြော၏။ 'ဒါဘာအဓိပ္ပါယ်လဲ ဆိုတာရယ်၊ ကျွန်တော့်ရဲ့ကိစ္စတွေကို ဒီလောက်စိတ်ဝင်စားနေတဲ့ သူက ဘယ်သူလဲဆိုတာရယ်ကို ခင်ဗျား ကျွန်တော့်ကို ပြောပြမလား'

'ဒါကို ခင်ဗျား ဘယ်လိုသဘောရသလဲ၊ ဒေါက်တာ မော်တင်မာ၊ ဘာပဲဖြစ်ဖြစ် ဒါနဲ့ ပတ်သက်လို့ သဘာဝထက် လွန်ကဲတာ ဘာမှ မရှိဘူးဆိုတာကို ခင်ဗျား ခွင့်ပြုရမယ်'

'မဟုတ်ဘူး။ ဆရာ ဒါပေမယ့် ဒါက ဒီကိစ္စသဘာဝထက် လွန်ကဲတာကို သိတဲ့လူတစ်ယောက်ယောက်ဆီက လာတာဖြစ်ရမယ်'

'ဘာကိစ္စလဲ' ဆာဟင်နရီက ခပ်ဆပ်ဆပ်မေးလိုက်၏။ 'ကျွန်တော်သိတာထက် ခင်ဗျားတို့ လူကြီးမင်းအားလုံးက အများကြီး ပိုသိဟန်တူပါတယ်'

'ဒီအခန်းထဲက ခင်ဗျား မထွက်ခွာခင်၊ ကျွန်တော်တို့ရဲ့ အသိအမြင်ဗဟုသုတကို ခင်ဗျားမျှဝေရရှိမှာပါ ဆာဟင်နရီ၊ ဒါကို ခင်ဗျားကို ကျွန်တော်ကတိပေးပါတယ်' ရှားလော့ဟုမ်းက ပြော၏။

'လောလောဆယ်တော့ ခင်ဗျားရဲ့ ခွင့်ပြုချက်နဲ့ အလွန် စိတ်ဝင်စားစရာကောင်းတဲ့ ဒီစာရွက်ကို ကျွန်တော်တို့ အာရုံပြုပါဦးမယ်။ ဒီစာကို မနေ့ကညနေက ဆက်စပ် ဖန်တီးပြီး၊ စာတိုက်နေ ပို့လိုက်တာပါ။ ခင်ဗျားမှာ မနေ့ကတိုင်းသတင်းစာ ရှိသလား ဝပ်ဆန်'

'အဲဒါ ဒီထောင့်မှာ ရှိတယ်'

'ခင်ဗျားကို ကျွန်တော် ဒုက္ခပေးသလို ဖြစ်နေမလား၊ ကျေးဇူးပြုပြီး အတွင်းစာမျက်နှာမှာ ခေါင်းစည်းသတင်းတွေ ပါသလား' သူ၏မျက်လုံးများက သတင်းစာကော်လံတစ်လျှောက် အထက်မှ အောက်သို့ ပြေးလျက်၎င်းအပေါ် လျင်မြန်စွာကြည့်လိုက်၏။ 'လွတ်လပ်တဲ့ ကုန်သွယ်ရေးအကြောင်းနဲ့ ပတ်သက်ပြီး၊ ဒီမှာ အယ်ဒီတာ အာဘော်ရှိတယ်။ အဲဒီက ကောက်နုတ်ချက်တစ်ခုကို ကျွန်တော် ဖတ်ပြပါစေ'

'သင်၏ အထူးကုန်သွယ်မှု၊ သို့မဟုတ် သင်၏စက်မှုလုပ်ငန်းကို အကာအကွယ်ပေးရေး၊ အခွန်အကောက်များဖြင့် အားပေးအားမြှောက်ပြုလုပ်ရန် သင်စိတ်ကူးကြည့်နိုင်၏။ သို့သော် ထိုသို့သော ဥပဒေပြုမှုသည် ရေရှည်တွင် တိုင်းပြည်မှ ကြွယ်ဝချမ်းသာမှုကို သိမ်းယူသွားပြီး၊ ကျွန်ုပ်တို့၏



www.burmeseclassic.com

www.burmeseclassic.com



သွင်းကုန်တန်ဖိုးကို ယုတ်လျော့စေ၍ ဤကျွန်းမှ အထွေထွေလူနေမှု အခြေအနေကို နိမ့်ကျစေမည်’

‘ဒါကို ခင်ဗျား ဘယ်လိုထင်သလဲ ဝပ်ဆန်’ ဟုမ်းက ကျေနပ်နှစ်သိမ့်စွာဖြင့်၊ လက်နှစ်ဖက်ကို ပွတ်သပ်လျက်၊ ဝမ်းသာအားရအော်လိုက်၏။ ‘ဒါက သဘောကျစရာ ထင်မြင်ချက်တစ်ခုဖြစ်တယ်လို့ ခင်ဗျား မထင်ဘူးလား’

ဒေါက်တာ မော်တင်မာက သိနားလည်သော စိတ်ဝင်စားမှုမျိုးဖြင့် ဟုမ်းကို ကြည့်နေပြီး၊ ဆာဟင်နရီဘာစ်စကာဗီလ်က ပဟေဠိဆန်သော မျက်လုံးအနက် (၁) စုံကို ကျွန်ုပ် အပေါ်သို့ လှည့်လိုက်၏။

‘အခွန်အကောက်တို့ ဒီလိုကိစ္စမျိုးတို့နဲ့ ပတ်သက်ယင် ကျွန်တော် သိပ်မသိပါဘူး’ သူက ပြော၏။ ဒါပေမယ့် ဒီမှတ်စုစာနဲ့ ပတ်သက်ရသလောက်တော့ ကျွန်တော်တို့ အတော်ကလေးကို ရေလိုက်လွှဲနေပုံရတယ်’

‘ဆန်ကျင့်ဘက်အားဖြင့်တော့ ကျွန်တော်တို့ အထူးတလှယ်ကို နီးစပ်မှုရှိလာပြီလို့ ကျွန်တော် ထင်ပါတယ်။ ဆာဟင်နရီ၊ ဒီက ဝပ်ဆန်က ကျွန်တော်ရဲ့ နည်းစနစ်တွေကို ခင်ဗျားထက် ပိုသိပါတယ်။ ဒါပေမယ့် သူတောင်မှ ဒီစာကြောင်းရဲ့ ကြီးကျယ်ခမ်းနားမှုကို လုံးဝနားလည်ဟန် မတူဘူးလို့ ကျွန်တော် ထင်ပါတယ်’

‘ဟုတ်တယ် ဆက်နွယ်မှုရှိတာကို ကျွန်တော် မမြင်တာ ဝန်ခံပါတယ်’

‘ဒါပေမယ့်လည်း မိတ်ဆွေကြီး ဝပ်ဆန်၊ အလွန်နီးစပ်တဲ့ ဆက်နွယ်မှုရှိတာကြောင့် စာလုံးတစ်ခုကနေ၊ တစ်ခုကို ထုတ်နှုတ်ယူထားတယ်။ ‘သင်သင်၏နေမှု (အသက်) တန်ဖိုး၊ ဝေးဝေးနေပါ။ ဒီစာလုံးတွေ ဘယ်ကယူထားသလဲဆိုတာ ခင်ဗျား အခုမမြင်သေးဘူးလား’

‘ဘုရားရေ ခင်ဗျား မှန်တာပေါ့၊ အင်း ဒါမလှဘူးလား’ ဆာဟင်နရီက အော်လိုက်၏။

‘သံသယရှိနေနိုင်သေးတယ်ဆိုယင် “တန်ဖိုး”၊ “သင်၏” စာလုံးတွေကို တစ်ဆက်တည်း ဖြတ်ယူထားတဲ့ အချက်နဲ့ ရှင်းပြနိုင်တယ်’

‘အို ဒီလိုကိုး’

‘တကယ်ပါပဲ မစ္စတာဟုမ်း၊ ဒါက ကျွန်တော် စိတ်ကူးနိုင်သမျှ အရာထက်ပိုသာပါတယ်’ ဒေါက်တာမော်တင်မာက ကျွန်ုပ်၏ မိတ်ဆွေကို အံ့သြဟန်ဖြင့် ငေးကြည့်လျက်ပြော၏။ ‘ဒီစာလုံးတွေက သတင်းစာက စာလုံးတွေလို့ တစ်ယောက်ယောက်ပြောတာကို ကျွန်တော် နားလည်နိုင်ပါတယ်။ ဒါပေမယ့် ခင်ဗျားက ဒါတွေကို အမည်တပ်ပြောနိုင်ပြီး၊ အယ်ဒီတာ အာဘော်က



www.burmeseclassic.com

www.burmeseclassic.com



လာတာလို့ ထပ်ပြောနိုင်တယ်။ ဒါက ကျွန်တော်သိသမျှမှာ တကယ့်ကို အံ့သြဖွယ်အကောင်းဆုံးအရာတစ်ခုပါ။ ဒါကို ခင်ဗျား ဘယ်လိုလုပ်သလဲ'

'အက်စကီးမိုးတစ်ယောက်ရဲ့ ဦးခေါင်းခွံကို နီဂရိုးတစ်ယောက်ရဲ့ ဦးခေါင်းခွံနဲ့ ခင်ဗျား ခွဲခြားပြောနိုင်မယ်လို့ ကျွန်တော် ထင်ပါတယ် ဒေါက်တာ'

'သိပ်သေချာတာပေါ့'

'ဘယ်လိုလုပ်သလဲ'

'ဘယ်လို လုပ်သိသလဲဆိုတော့၊ ဒါက ကျွန်တော်ရဲ့ အထူးဝါသနာဖြစ်နေလို့ပါ၊ ကွဲပြားမှုက ထင်ရှားပါတယ်။ မျက်လုံးအိမ်ရယ်၊ မျက်နှာကျပုံရယ်၊ မေးရိုးကားပုံရယ်'

'ဟုတ်တယ်၊ ဒါကလည်း ကျွန်တော်ရဲ့ အထူးဝါသနာပါ၊ ကွဲပြားမှုကလည်း ဒီလိုပဲ ထင်ရှားပါတယ်။ ခင်ဗျားရဲ့ နီဂရိုးနဲ့ အက်စကီးမိုးအကြား ခြားနားသလို၊ တိုင်းသတင်းစာနဲ့ ညနေပိုင်း ငါးမူးတန် သတင်းစာတွေရဲ့ အကြား စာလုံးတွေက ကျွန်တော်ရဲ့မျက်လုံးထဲမှာ အများကြီးခြားနားပါတယ်။ စာလုံးပုံစံ စစ်ဆေးခြင်းဟာ၊ ပြစ်မှုကျွမ်းကျင်သူတွေအတွက်၊ အခြေခံဗဟုသုတတစ်ခုပါပဲ၊ ဒါပေမယ့် ကျွန်တော်ငယ်ငယ်တုံးကတော့၊ လီဒ်မာကျူရီနဲ့ ဝက်စတန်မောနင်းကို ကျွန်တော် ခွဲလို့မရဖြစ်ခဲ့တာကို ဝန်ခံပါတယ်။ ဒါပေမယ့် တိုင်းအယ်ဒီတာ အာဘော်ကတော့ လုံးဝကို ကွဲပြားတယ်။ ဒီစာလုံးတွေကို တခြားနေရာက ယူလို့မရဘူး။ ဒီစာကို မနေ့က လုပ်ထားတာကြောင့်၊ မနေ့က ထုတ်သတင်းစာထဲမှာ ဒီစာလုံးတွေ ကျွန်တော်တို့ တွေ့နိုင်ဖို့ ဖြစ်နိုင်ချေ ခိုင်မာပါတယ်'

'ခင်ဗျား ပြောသလောက်၊ ကျွန်တော် နားလည်ရမယ်ဆိုယင်၊ မစ္စတာဟုမ်း' ဆာဟင်နရီဘာစ်ကာဗီလ်က ပြော၏။ 'တစ်ယောက်ယောက်က ဒီသတင်းကို ကပ်ကျေးနဲ့ ညှပ်ပြီး ...'

'လက်သည်းညှပ်တဲ့ ကပ်ကျေးပါ' ဟုမ်းက ပြော၏။ 'ကပ်ကျေးညှပ်တဲ့လူဟာ ဝေးဝေးဆိုတဲ့ စာလုံးကို နှစ်ခါညှပ်ရတာကြောင့် ကပ်ကျေးက အသွား အလွန်တိုတယ်ဆိုတာ ခင်ဗျား မြင်နိုင်ပါတယ်'

'ဒီလိုကိုး၊ ဒါဆိုတစ်ယောက်ယောက်က သတိပေးစာကို အသွားတို ကပ်ကျေးတစ်စုံနဲ့ ဖြတ်ပြီး ကော်နဲ့ကပ် ...'

'သစ်စေး' ဟုမ်းက ပြော၏။

'စာရွက်ပေါ်ကို သစ်စေးကပ်ပြီးတော့လား၊ ဒါပေမယ့် "တောရိုင်းမြေ" စာလုံးကို ဘာကြောင့် လက်နဲ့ရေးသလဲဆိုတာ ကျွန်တော် သိချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့်လဲဆိုတော့၊ အဲဒီစာလုံးကို ပုံနှိပ်ထားတာ သူ မတွေ့လို့ပါ၊ တခြားစာလုံးတွေ အားလုံးက ရိုးရှင်းပြီး ဘယ်သတင်းစာမှာမဆို တွေ့နိုင်တယ်။ ဒါပေမယ့် တောရိုင်းမြေစာလုံးကတော့ တွေ့ရခဲတယ်'

'ဟုတ်တာပေါ့ ဒါက ရှင်းနေတာပဲ၊ ဒီသတင်း ပေးစာထဲမှာ တခြားတစ်စုံတစ်ရာကို ခင်ဗျား ဖတ်မိသလား၊ မစ္စတာဟုမ်း'

'သဲလွန်စတွေ အားလုံးကို ဖယ်ရှားဖို့ အစွမ်းကုန်အားထုတ်မှုပြုထားပေမယ့် ဖော်ပြချက်တစ်ခု၊ နှစ်ခု၊ ရှိတယ်။ ခင်ဗျား မြင်တဲ့အတိုင်း လိပ်စာကို လက်ရေးနဲ့ မသပ်မရပ်ပုံနှိပ်စာလုံးပုံရေးထားတယ်။ ဒါပေမယ့် တိုင်းသတင်းစာကို ပညာတတ်တဲ့လူတွေရဲ့ လက်ထဲမှာ အတွေ့များတယ်။ ဒါကြောင့် ပညာမတတ်တဲ့လူ အဖြစ်ဟန်ဆောင်ချင်တဲ့ ပညာတတ်လူတစ်ယောက်က ဒီစာကို သီကုံးပြီး၊ သူ့ရဲ့ကိုယ်ပိုင်လက်ရေးကို ဖုံးကွယ်ဖို့ ကြိုးစားတာဟာ သူ့ရဲ့လက်ရေးကို ခင်ဗျား သိသွားနိုင်တာကြောင့်ဖြစ်နိုင်တယ်လို့၊ ကျွန်တော်တို့ ယူဆနိုင်ပါတယ်။ တစ်ခါစာလုံးတွေကို ဖြောင့်ဖြောင့်တန်းတန်း ကပ်မထားဘဲ နိမ့်ချည်၊ မြင့်ချည်ဖြစ်နေတယ်။ ဥပမာ "အသက်"ဆိုတဲ့ စာလုံးက နေရာတကျမရှိဘူး။ စာလုံးဖြတ်တောက်တဲ့ လူဘက်က၊ ဂရုမစိုက်မှု ဒါမှမဟုတ် အလျင်စလို၊ စိတ်လှုပ်ရှားမှုကို ဒါက ဖော်ပြနေတယ်။ တစ်ခုလုံးကို ခြုံကြည့်မယ်ဆိုယင်၊ အလျင်စလိုစိတ်လှုပ်ရှားမှုကို ကျွန်တော် ပိုယူဆချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စက အထင်အရှားကို အရေးကြီးပြီး၊ ဒီလိုစာသီကုံးတဲ့ လူဟာ လက်လွတ်စပယ်နိုင်ဖို့တော့ သိပ်မဖြစ်နိုင်ဘူး။ သူ အလျင်စလိုနိုင်နေတယ်ဆိုယင် ဘာကြောင့် သူ အလျင်စလို နိုင်ရသလဲဆိုတဲ့ စိတ်ဝင်စားစရာ မေးခွန်းက ပေါ်လာတယ်။ ဘာကြောင့်လဲဆိုတော့ မနက်စောစော စာတိုက်က ထည့်လိုက်တဲ့ စာဟာ၊ ဆာဟင်နရီဟိုတယ်က မထွက်ခွာမီ၊ သူ့ဆီကို ရောက်မှာကြောင့်ဖြစ်တယ်။ စာသီကုံးတဲ့လူဟာ အနှောင့်အယှက် အပေးခံရမှာကို ကြောက်နေသလား၊ ဘယ်သူ့ဆီက အနှောင့်အယှက်လဲ'

'စဉ်းစားရမယ့်အပိုင်းထဲကို ကျွန်တော်တို့ အခု ရောက်လာပြီ' ဒေါက်တာ မော်တင်မာက ပြော၏။

'ဖြစ်နိုင်မှုတွေကို ချိန်ထိုးကြည့်ပြီး အဖြစ်နိုင်ဆုံးကို ရွေးရမယ့် အပိုင်းထဲကို ရောက်လာပြီလို့ ဆိုပါစို့၊ ဒါက စိတ်ကူးယဉ်ခြင်းကို သိပ္ပံနည်းကျအသုံးပြုခြင်းပါ။ ဒါပေမယ့် ကျွန်တော်တို့ ခန့်မှန်းတွက်ချက်ဖို့အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံတွေ ကျွန်တော်တို့မှာ အစဉ်အမြဲရှိပါတယ်။ အခု ခင်ဗျားက ဒါကို ခန့်မှန်းချက်တစ်ခုလို ခေါ်တယ်။ ဒါပေမယ့် ဒီလိပ်စာကို ဟိုတယ်တစ်ခုမှာ ရေးခဲ့တယ်ဆိုတာဟာ သေချာသလောက်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘာဖြစ်လို့ ဒီလိုပြောနိုင်သလဲ'

'ဒါကို ခင်ဗျား သေသေချာချာ စစ်ဆေးကြည့်ယင် ဖောင်တိန်နဲ့ မှင်နှစ်ခုစလုံးက စာရေးသူကို ဒုက္ခပေးထားတယ်ဆိုတာ ခင်ဗျားမြင်ရမှာပါ၊ စာလုံးတစ်လုံးတည်းမှာ ဖောင်တိန်က နှစ်ခါ မှင်အံ့ထားပြီး၊ လိပ်စာတိုတို ကလေးမှာ သုံးကြိမ်မှင်ခြောက်သွားတော့၊ မှင်ပုလင်းထဲမှာ မှင် အလွန် နည်းနည်းကလေးပဲရှိတာကို ဖော်ပြနေတယ်။ တစ်ခါကိုယ်ပိုင် ဖောင်တိန်ဒါမှ မဟုတ် မှင် ပုလင်းက ဒီလိုအခြေအနေမျိုးမှာ ရှိနိုင်ဖို့ ခက်ခဲပြီး၊ ဒီနှစ်ခုတွဲရှိဖို့က အလွန်ကို ရှားပါးရမယ်။ ဟိုတယ်မှင်နှင့် ကလောင်ကိုရဖို့ ခဲယဉ်းတယ်ဆိုတာ ခင်ဗျား သိပါတယ်။ ဟုတ်ကဲ့၊ ချဲရင့်ကရော ဝန်းကျင်က ဟိုတယ်တွေရဲ့ စက္ကူအမှိုက် ခြင်းတွေကို ကျွန်တော်တို့ စစ်ဆေးယင်၊ ဖြတ်တောက်ထားတဲ့ တိုင်းသတင်းစာ အပိုင်းအစတွေကို ကျွန်တော်တို့ တွေ့နိုင်ပြီ၊ ဒီသတင်းပို့တဲ့လူကို ကျွန်တော်တို့ လက်ဝါးအုပ်မိနိုင်တယ်ဆိုတာ ကျွန်တော် မဆိုင်းမတွ ပြောချင်ပါတယ်။ အို ... အို ... ဒါဘာလဲ'

စာလုံးများ ကပ်ထားသော စာရွက်ကို သူ၏မျက်လုံးနှင့် တစ်လက်မ၊ နှစ်လက်မခန့်သာခွာလျက်၊ ကိုင်ထားယင်း သူက ၎င်းကို သေချာစွာ စစ်ဆေးနေ၏။

'ဟင်'

'ဘာမှ မဟုတ်ပါဘူး' သူက ၎င်းကို ပစ်ချယင်းပြောလိုက်၏။ 'ဒါက ရေစာအမှတ်တောင် မရှိရတဲ့ စာရွက်အလွတ်တစ်ဝက်ပဲ၊ ထူးဆန်းတဲ့ ဒီစာကနေ၊ ကျွန်တော်တတ်နိုင်သမျှ ဆွဲထုတ်ယူပြီးပြီလို့ ကျွန်တော် ထင်တယ်။ ကဲ ဆာဟင်နရီ၊ လန်ဒန်ကို ခင်ဗျား ရောက်ကတည်းက အခြားစိတ်ဝင်စားစရာကောင်းတဲ့အရာတွေ ဖြစ်သေးသလား'

'ဟင် မရှိပါဘူး မစ္စတာ ဟုမ်း၊ မရှိဘူးလို့ ကျွန်တော် ထင်ပါတယ်'

'တစ်ယောက်ယောက်က ခင်ဗျား နောက်ကို လိုက်တာ၊ ဒါမှ မဟုတ် ခင်ဗျားကို ကြည့်နေတာ၊ ခင်ဗျား မမြင်ဘူးလား'

'အပေါ်စား ဝတ္ထုတစ်အုပ်ထဲကို ကျွန်တော် ဝင်လာမိသလိုပါပဲ' ကျွန်ုပ်တို့၏ မိတ်ဆွေက ပြော၏။ 'ဘယ်သူက ဘာကြောင့် ကျွန်တော်ကို လိုက်ကြည့်မလဲ'

'ဒီကိစ္စဆီ ကျွန်တော်တို့ရောက်လာပြီ၊ ဒီကိစ္စအကြောင်းကို ကျွန်တော်တို့ မပြောခင်၊ ကျွန်တော်တို့ကို သတင်းပေးဖို့ တခြား ဘာမှ မရှိဘူးနော်'

'အင်း၊ ဒါက သတင်းပေးထိုက်တယ်လို့ ခင်ဗျား ထင်တဲ့အပေါ် မူတည်နေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သာမန်ဖြစ်ရိုးဖြစ်စဉ် နေထိုင်မှုထက်၊ လွန်ကဲတဲ့အရာတိုင်းက သတင်းပေးထိုက်တယ်လို့ ကျွန်တော် ထင်ပါတယ်'

ဆာဟင်နရီက ပြုံး၏။

'ကျွန်တော်တစ်သက်လုံးနီးပါး ကနေဒါမှာ အချိန်ဖြုန်းခဲ့တာကြောင့် ဗြိတိသျှတို့ရဲ့ နေထိုင်မှု စနစ်ကို ကျွန်တော်ကောင်းကောင်း မသိသေးပါဘူး။ ဒါပေမယ် ခင်ဗျားရဲ့ ဘွတ်ဖိနပ်တစ်ဖက်၊ ပျောက်တာဟာ ဒီကပုံမှန်နေထိုင်မှု စနစ် မဟုတ်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ်'

'ခင်ဗျား ဘွတ်ဖိနပ်တစ်ဖက် ပျောက်သွားသလား'

'ဆရာ' ဒေါက်တာ မော်တင်မာက အော်၏။ 'ဒါက အထားမှားတာပါ၊ ခင်ဗျား ဟိုတယ်ကို ပြန်သွားယင်၊ အဲဒါကို တွေ့ပါလိမ့်မယ်။ ဒီလိုအသေး အမွှားကိစ္စကလေးတွေနဲ့ မစ္စတာဟုမ်းကို ဒုက္ခပေးနေလို့ ဘာအရာရောက်မှာလဲ'

'ဟင်၊ သာမန်ဖြစ်ရိုးဖြစ်စဉ်ထက် ထူးခြားတာကို၊ သူ ကျွန်တော်ကို မေးတယ်လေ'

'အတိအကျပါပဲ' ဟုမ်းက ပြော၏။ 'အဖြစ်အပျက်က ဘယ်လောက်ပဲ အဓိပ္ပါယ် မရှိပုံပေါ်ပါစေ။ ခင်ဗျား ဘွတ်ဖိနပ်တစ်ဖက် ပျောက်သွားတယ်လို့ ပြောသလား'

'အင်၊ ဘာပဲဖြစ်ဖြစ် အထားမှာတာပါ၊ ပြီးခဲ့တဲ့ညက ဖိနပ်နှစ်ဖက် စလုံးကို တံခါးအပြင်ဘက်မှာ ကျွန်တော် ထားခဲ့တယ်။ မနက်ကျတော့ တစ် ဖက်ပဲ ရှိတော့တယ်။ အဲဒီဖိနပ်တွေကို သန့်ရှင်းတဲ့လူဆီက ကျွန်တော် ဘာ သတင်းမှ မရဘူး။ အဆိုးဆုံးက အဲဒီတစ်စုံကို မနေ့ညကမှ 'စထရန်' က ကျွန်တော်ဝယ်လာပြီး၊ အဲဒါကို ကျွန်တော် တစ်ခါမှ မဝတ်ရသေးဘူး'

'ဒါကို ခင်ဗျားတစ်ခါမှ မဝတ်ရသေးယင်၊ ဘာကြောင့် အဲဒါတွေကို သန့်ရှင်းဖို့ အပြင်မှာ ခင်ဗျားထားခဲ့သလဲ'

'သူတို့က အညိုရောင်ဘွတ်ဖိနပ်တွေဖြစ်ပြီး၊ တစ်ခါမှ အရောင် မတင် ရသေးဘူး။ ဒါကြောင့် အဲဒါတွေကို ကျွန်တော် အပြင်ထုတ်ထားတာပါ'

'ဒါဖြင့်ယင် မနေ့က ခင်ဗျား လန်ဒန်ကို ရောက်တဲ့အခါ၊ ဘွတ်ဖိနပ် တစ်ရံကို ခင်ဗျား ချက်ချင်း ထွက်ဝယ်တယ်လို့ ကျွန်တော် နားလည်ရမှာပေါ့'

'ကျွန်တော် တော်တော်ကို ဈေးဝယ်ခြမ်းခဲ့ပါတယ်။ ဒီက ဒေါက်တာ မော်တင်မာက ကျွန်တော်နဲ့အတူ လျှောက်လိုက်ခဲ့ပါတယ်။ ခင်ဗျား သိတဲ့ အတိုင်း ကျွန်တော် အဲဒီနေရာတွေကို သွားရမယ်ဆိုယင်၊ တစ်စိတ်တစ်ပိုင်း တော့ ကျွန်တော် ဝတ်စားရမယ်။ အနောက်ဘက်ကို ကျွန်တော် ခရီးထွက်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ၊ ကျွန်တော် နည်းနည်းလက်လွတ်စပယ် ဖြစ်သွားသလားပဲ၊ တခြားပစ္စည်းတွေကြားမှာ ဒီအညိုရောင်ဘွတ်ဖိနပ်ကို ကျွန်တော် ဝယ်ခဲ့ပါတယ်။ ၆ ဒေါ်လာပေးခဲ့ရတယ်။ ပြီးတော့ ကျွန်တော် ခြေထောက်မှာ မဝတ်ရခင်၊ တစ်ဖက် အခိုးခံလိုက်ရတယ်'

'ခိုးတယ်ဆိုတာကတော့ ဟုတ်မယ် မထင်ဘူး' ရှားလော့ဟုမ်းက ပြော၏။ 'မကြာခင်မှာ ပျောက်နေတဲ့ ဘွတ်ဖိနပ်တစ်ဖက်ကို ပြန်တွေ့လိမ့်မယ်လို့ ဒေါက်တာ မော်တင်မာရဲ့ ယုံကြည်ချက်ကို ကျွန်တော် လက်ခံပါတယ်'

'ကဲ လူကြီးမင်းတို့' ကျွန်ုပ်တို့၏ မိတ်ဆွေက ဆုံးဖြတ်ချက်ဖြင့် ပြော၏။ 'ကျွန်တော် သိသမျှ နည်းနည်းကို ကျွန်တော်ပြောပြီးပြီလို့ ထင်ပါတယ်။ ခင်ဗျားတို့ ကတိပေးထားတဲ့ အတိုင်း ကျွန်တော်တို့ ပြောနေတဲ့အရာ၊ အကြောင်းအလုံးစုံကို ကျွန်တော်ကို ပြောပြလို့ အချိန်တန်ပါပြီ'

'ခင်ဗျားရဲ့ တောင်းဆိုချက်က အလွန်သင့်မြတ်လှပါပေတယ်' ဟုမ်းက ဖြေ၏။ 'ဒေါက်တာ မော်တင်မာ၊ ခင်ဗျား ကျွန်တော်တို့ကိုက ပြောပြတဲ့ အတိုင်း ခင်ဗျားရဲ့ ဇာတ်လမ်းကို ပိုကောင်းအောင် ပြောပြလိမ့်နိုင်မယ်လို့ ကျွန်တော် မထင်ပါဘူး'

ဤသို့အား ပေးခြင်းခံရသော ကျွန်ုပ်တို့၏ သိပ္ပံနည်းကျမိတ်ဆွေက မနက်စောစောပိုင်းက သူပြုလုပ်ခဲ့သကဲ့သို့ သူ၏စာရွက်စာတမ်းများကို သူ့အင်္ကျီအိတ်ထဲမှ ထုတ်ယူပြီး၊ အမှုအကြောင်းစုံကို တင်ပြ၏။ ဆာဟင်နရီ ဘာစ်ကာဗီလ်က အာရုံအဆုံးစွန်ပြုလျက်၊ နားထောင်ပြီး ရံဖန်ရံခါတွင် အံ့သြဟန်ဖြင့် အာမေဋိတ်ပြု၏။

'အင်း၊ အတုံ့အလှည့်ကို အမွေဆက်ခံဖို့ ကျွန်တော် ရောက်လာဟန်တူပါတယ်' ရှည်လျားသော ဇာတ်ကြောင်းစုံကို ပြောပြီးသော်၊ သူက ပြော၏။ 'အမှန်ပါပဲ ကျွန်တော်နေ့ကလေးထိန်းကျောင်းမှာ ရှိကတည်းက၊ ဒီအမဲလိုက်ခွေးကို ကျွန်တော် ကြားဖူးပါတယ်။ အရင်က ဒါကို ကျွန်တော် လေးလေးနက်နက် ထားဖို့ မတွေးမိခဲ့ပေမယ့်လည်း၊ ဒါက မိသားစုတိရစ္ဆာန်ပုံပြင်တစ်ခုပါ။ ဒါပေမယ့် ကျွန်တော် ဦးလေးရဲ့သေဆုံးမှုနဲ့ ပတ်သက်လာတဲ့အခါ ဒါတွေအားလုံးက ကျွန်တော်ရဲ့ ဦးခေါင်းထဲမှာ ဗလောင် ဆူစပြုလာပြီ၊ ဒါက ကျွန်တော်ရဲ့ ဦးခေါင်းထဲမှာ ခုထက်ထိ မရှင်းသေးပါဘူး။ ဒါက ပုလိပ်အတွက်အမှုလား၊ သင်းအုပ်ဆရာအတွက် အမှုလားဆိုတာ ခင်ဗျား ဆုံးဖြတ်နိုင်ဟန် မတူပါဘူး'

'အတိအကျပါပဲ'

'ပြီးတော့ အခု ကျွန်တော်ဆီ ဟိုတယ်ကို စာရောက်လာတဲ့ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတယ်။ ဒါက သူ့နေရာနဲ့သူ၊ နေရာတကျဖြစ်လာပြီလို့ ကျွန်တော် ထင်တယ်'

'ဒီ တောရိုင်းမြေပေါ်မှာ ဘာဖြစ်နေတယ်ဆိုတာနဲ့ ပတ်သက်လို့ တစ်စုံတစ်ယောက်က ကျွန်တော်တို့ထက် ပိုသိနေတယ်လို့ ဒါက ဖော်ပြနေဟန်တူပါတယ်' ဒေါက်တာ မော်တင်မာက ပြော၏။

'နောက်ပြီးတော့လည်း' ဟုမ်းက ပြော၏။ 'တစ်စုံတစ်ယောက်က ခင်ဗျားကို အန္တရာယ်သတိပေးတာကြောင့် သူတို့ ခင်ဗျားကို အန္တရာယ် မပြုချင်ကြပါဘူး'

'ဒါမှမဟုတ်၊ သူတို့ရဲ့ ကိုယ်ပိုင်အကြောင်းကြောင့်၊ ကျွန်တော်ကို သူတို့ ခြောက်လှန့်ပစ်ချင်တာလည်း ဖြစ်နိုင်တယ်'

'အင်း ... ဟုတ်တယ်။ ဒါလည်း ဖြစ်နိုင်တာပဲ၊ စိတ်ဝင်စားဖွယ်နည်းလမ်း အသွယ်သွယ်ကို ဖော်ပြနေတဲ့ ပြဿနာတစ်ခုနဲ့ ကျွန်တော်ကို မိတ်ဆက်ပေးတဲ့အတွက် ဒေါက်တာ မော်တင်မာ၊ ခင်ဗျားကို ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အခု ကျွန်တော်တို့ ဆုံးဖြတ်ရမယ့် လက်တွေ့အချက်ကတော့၊ ဆာဟင်နရီ၊ ခင်ဗျား ဘာစ်ကာဗီလ်ကို သွားသင့်သလား၊ မသွားသင့်ဘူးလား ဆိုတာပါပဲ'

'ဘာဖြစ်လို့ ကျွန်တော် မသွားသင့်တာလဲ'

'အဲဒီမှာ အန္တရာယ်ရှိဟန်တူတာကြောင့်ပါ'

'ဒီမျိုးစဉ်ဆက် မကောင်းဆိုးဝါးရဲ့ အန္တရာယ်ကို ခင်ဗျား ဆိုလိုသလား၊ ဒါမှမဟုတ်၊ လူသားအန္တရာယ်ကို ခင်ဗျားဆိုလိုသလား'

'အင်း ... ဒါကတော့ ကျွန်တော်တို့ ရှာဖွေကြည့်ရမှာပဲ'

'ဒါက ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ရဲ့ အဖြေကတော့တစ်ခုထဲပဲ၊ ငရဲပြည်က မကောင်းဆိုးဝါးဆိုတာ မရှိပါဘူး။ မစ္စတာဟုမ်း၊ ကျွန်တော့ မိသားစုရဲ့ အိမ်ကို ကျွန်တော် မသွားရအောင် တားဆီးနိုင်မယ့်လူ၊ ဒီကမ္ဘာပေါ်မှာ မရှိပါဘူး။ ဒါကို ကျွန်တော်ရဲ့ နောက်ဆုံးအဖြေအဖြစ် ခင်ဗျား မှတ်ယူပါ' သူ စကားပြောနေစဉ်၊ နက်မှောင်သော သူ၏မျက်ခုံးများက ကျုံ့နေပြီ၊ သူ့မျက်နှာက နီပုတ်ပုတ်ဖြင့် ရဲနေ၏။

ဘာစ်ကာဗီလ်တို့၏ ပြင်းပြသော ဒေါသက၊ သူတို့၏ နောက်ဆုံးကိုယ်စားလှယ်၊ ဤလူအထိ ငြိမ်းသတ်သွားခြင်း မရှိသေးသည်မှာ ထင်ရှား၏။

'ဒီအတောအတွင်းမှာ' သူက ပြော၏။ 'ခင်ဗျား ပြောပြခဲ့တာ အားလုံးကို စဉ်းစားဖို့ ကျွန်တော် အချိန်ရမှာ မဟုတ်ဘူး။ လူတစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ထိုင်တည်းနဲ့ နားလည်ဆုံးဖြတ်ဖို့ဆိုတာ သေးတဲ့ကိစ္စ မဟုတ်ဘူး။ ဆုံးဖြတ်ချက်ချဖို့အတွက် အေးအေးဆေးဆေး တစ်နာရီလောက် ကျွန်တော် အချိန်ရချင်ပါတယ်။ ဒီကို ကြည့်ပါဦး မစ္စတာ ဟုမ်း၊ အခု ကျွန်တော်ဟိုတယ်ကို ပြန်သွားတော့မယ်။ ၂ နာရီကြာယင် ခင်ဗျားနဲ့ ခင်ဗျားရဲ့ မိတ်ဆွေ ဒေါက်တာဝပ်ဆန်၊ ကျွန်တော်တို့နဲ့ နေ့လည်စာ စားယင် ဘယ်နဲ့လဲ။ ဒီကိစ္စ၊ကျွန်တော်ကို ဘယ်လောက် ရိုက်ခတ်သွားတယ်ဆိုတာ အဲဒီအခါကျယင် ခင်ဗျားကို ကျွန်တော် ပိုပြီး ရှင်းရှင်းလင်းလင်း ပြောပြနိုင်မှာပါ'

'ဒီအတွက် ခင်ဗျား အဆင်ပြေပါ့မလား ဝပ်ဆန်'

'သိပ်ပြေတာပေါ့'

'ဒါဆိုယင် ခင်ဗျား၊ ကျွန်တော်တို့ကို စောင့်နေပါ၊ မြင်းလှည်း ကျွန်တော် ခေါ်လိုက်ရမလား'

'ဒီကိစ္စကြောင့် ကျွန်တော် အတော်ကို ဂယောက်ဂယက် ဖြစ်သွားတာကြောင့် ကျွန်တော်လမ်းပဲ လျှောက်ချင်တယ်'

'ကျွန်တော်လည်း ပျော်ပျော်ပါးပါး ခင်ဗျားရဲ့အတူ လမ်းလျှောက်မယ်' သူ၏ အဖော်ကပြော၏။

'ဒါဖြင့်ယင် နှစ်နာရီမှာ ကျွန်တော်တို့ တစ်ခါ တွေ့ကြမယ်။ ကဲ သွားပြီ'

ကျွန်ုပ်တို့၏ ဧည့်သည်များ လှေကားမှ ဆင်းသွားသံနှင့် အရှေ့တံခါးပိတ်သွားသံကို ကြားရ၏။ ခဏအတွင်း ဟုမ်းက၊ အိပ်မက်မက်၍ ယောင်ရမ်းလှုပ်ရှားနေသူ အဖြစ်မှ လှုပ်ရှားမှု သွက်လက်သော လူအဖြစ်သို့ ပြောင်းလဲသွား၏။

'ခင်ဗျားရဲ့ ဦးထုပ်နဲ့ ဘွတ်ဖိနပ်၊ မြန်မြန်လုပ်ပါ ဝပ်ဆန်၊ အချိန်တစ်ချက်မဆိုင်းပါနဲ့' သူက ဝတ်ရုံအင်္ကျီဖြင့် အခန်းထဲသို့ ပြေးဝင်သွားပြီး လောင်းကုတ်အင်္ကျီအရှည်ဖြင့် စက္ကန့်အနည်းငယ်အတွင်း ပြန်ထွက်လာ၏။ ကျွန်ုပ်တို့ လှေကားပေါ်မှ အတူတကွ၊ အလျင်စလို ပြေးဆင်းသွားပြီး၊ လမ်းပေါ်ရောက်သွား၏။ အောက်စဖို့ဒ်လမ်းဘက် ကျွန်ုပ်တို့၏ အရှေ့၊ ကိုက်နှစ်ရာခန့်တွင် ဒေါက်တာ မော်တင်မာနှင့် ဘာစ်ကာဗီလ်တို့ကို မြင်တွေ့နေရဆဲဖြစ်၏။

'ကျွန်တော် ပြေးပြီး သူတို့ကို တားရမလား'

'မလုပ်ပါနဲ့၊ မိတ်ဆွေကြီး ဝပ်ဆန်၊ ခင်ဗျား စိတ်ရှည်ရှည်ထားမယ်ဆိုယင်၊ ခင်ဗျား အဖော်လိုက်လာတာကိုပဲ၊ ကျွန်တော် ကျေနပ်လှပါပြီ၊ ဒါက လမ်းလျှောက်ဖို့ အလွန်ကောင်းတဲ့ နံနက်ခင်းဖြစ်တာမို့ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေဟာ ပညာရှိတွေပါ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အကြားပိုင်းခြားထားသော အကွာအဝေးကို တစ်ဝက်ခန့် လျှော့ပစ်လိုက်သည်အထိ သူက ခြေလှမ်းကို သွက်သွက်လှမ်း၏။ ထို့နောက် နောက်ဘက်မှ ကိုက်တစ်ရာခန့်ခွာထားဆဲဖြင့် အောက်စဖို့ဒ်လမ်းထဲကို ကျွန်ုပ်တို့ လိုက်လာပြီး၊ ဤသို့ဖြင့် ရီဂျင့်လမ်းဆီသို့ ရောက်လာ၏။ တစ်ကြိမ်တွင် ကျွန်ုပ်တို့၏ မိတ်ဆွေများက ရပ်သွားပြီး၊ ဆိုင်ခန်းတစ်ခန်းထဲသို့၊ လှမ်းကြည့်နေ၏။ ထိုဆိုင်ခန်းကို ဟုမ်းကလည်း လှမ်းကြည့်၏။ ခဏကြာပြီးသော် သူက ကျေနပ်ဟန်ဖြင့် အနည်းငယ် အော်ဟစ်လိုက်၏။ စိတ်ထက်သန်နေသော သူ၏ မျက်လုံးများ နောက်သို့ ကျွန်ုပ်လိုက်သော် အထဲ၌ လူတစ်ယောက်ပါသော လှပသည့် မြင်းလှည်းတစ်စီးက လမ်း၏အခြားတစ်ဖက်တွင် ရပ်နေရာမှ ယခု တဖြည်းဖြည်းဖြင့် ရှေ့သို့ ဆက်သွားနေသည်ကို ကျွန်ုပ် တွေ့ရ၏။

'ဒါက ကျွန်တော်တို့ လူပဲ ဝပ်ဆန်၊ လာ ... လာ၊ ကျွန်တော်တို့ ဒီထက်ပို မလုပ်နိုင်တော့ဘူးဆိုယင်၊ သူ့ကို ကျွန်တော်တို့ ကောင်းကောင်း ကြည့်ရမယ်'

ထိုအခိုက်အတန့်တွင် မြင်းလှည်းဘေး ပြတင်းပေါက်မှ ကျွန်ုပ်တို့ကို လှည်းကြည့်နေသော စူးရှသည့် မျက်လုံးတစ်စုံနှင့် ထူထဲသော အနက်ရောင် မုတ်ဆိတ်မွေးတို့ကို၊ ကျွန်ုပ် သတိပြုမိ၏။ ချက်ချင်းဆိုသလိုပင်၊ အမိုးပေါ်မှ တံခါးက ပွင့်ထွက်သွားပြီး၊ မြင်းလှည်းမောင်းသမားကို တစ်စုံတစ်ရာ အော်ဟစ်ပြောလျှင် မြင်းလှည်းက ရီဂျင့်လမ်းတစ်လျှောက်၊ ဒုန်းဆိုင်းပြေးသွား၏။ ဟုမ်းက နောက်လှည်းတစ်စီးကို စိတ်ထက်သန်စွာ လှည့်ပတ်ရှာ၏။ သို့သော် 'မြင်းလှည်း အလွတ်တစ်စီးမှ မမြင်ရပါ။ ထို့နောက်တွင် ယာဉ်ရထားများကြား၌ အသည်းအသန်သူ ပြေးလိုက်၏။ သို့သော် အခွင့်သာမှုက သိပ်မရှိလှပဲ၊ မြင်းလှည်းက မြင်ကွင်းမှ ပျောက်သွားပြီဖြစ်၏။

'သွားပြီ' ဟုမ်းက ယာဉ်ရထားများကြောင့် စိတ်အနှောင့်အယှက် ဖြစ်လျက်၊ မောကြီးပန်းကြီးဖြင့် ပေါ်လာစဉ်၊ ပြော၏။ 'ဒီလောက်ကံဆိုးပြီး၊ ဒီလောက် ထိန်းချုပ်မှုညံ့တာရှိသေးသလား ဝပ်ဆန်၊ ခင်ဗျား ရိုးသားတဲ့ လူတစ်ယောက်ဖြစ်မယ်ဆိုယင်၊ ဒါကိုလည်း ခင်ဗျားမှတ်တမ်းတင်ထားပြီး၊ ကျွန်တော်ရဲ့ အောင်မြင်မှုတွေထဲမှာ အနှုတ်ပြလိုက်ပါ'

'ဒီလူက ဘယ်သူလဲ'

'ကျွန်တော် မသိဘူး'

'စုံထောက် တစ်ယောက်လား'

'အင်း ... ဘာစ်ကာဗီလ်၊ မြို့ကို ရောက်ကတည်းက၊ တစ်စုံတစ်ယောက်က သူ့နောက်ကို အလွန်နီးနီးကပ်ကပ် နောက်ယောင်ခံလိုက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြားရသလောက် ထင်ရှားတယ်။ နို့မဟုတ်ယင် နောသန်ဘာလန်ဟိုတယ်ကို သူရွေးလိုက်တာ ဘယ်လိုဒီလောက် မြန်မြန် သိနိုင်မလဲ၊ ပထမဦးဆုံးရက်က၊ သူ့နောက်ကို သူတို့လိုက်ကြမယ်ဆိုယင်၊ ဒုတိယနေ့မှာလည်း သူတို့လိုက်ကြမယ်ဆိုတာ ကျွန်တော် ငြင်းချင်တယ်။ ဒေါက်တာ မော်တင်မာက၊ သူ့ရဲ့ ဒဏ္ဍာရီကို ဖတ်ပြနေစဉ်မှာ ပြတင်းပေါက်ဆီ ကျွန်တော် နှစ်ကြိမ်လျှောက်သွားတာ ခင်ဗျား မြင်မှာပါ’

‘ဟုတ်ကဲ့ ကျွန်တော် မှတ်မိတယ်’

‘လမ်းပေါ်မှာ ဟိုရပ်ဒီရပ်လုပ်နေတဲ့ လူတွေကို ကျွန်တော် ရှာကြည့်တယ်။ ဒါပေမယ့် တစ်ယောက်မှ ကျွန်တော် မတွေ့ရဘူး။ လူတော်တစ်ယောက်နဲ့ ကျွန်တော်တို့ ဆက်ဆံနေရတယ် ဝပ်ဆန်၊ ဒီကိစ္စက အလွန်ကိုနက်နက်ရှိုင်းရှိုင်းဖြစ်နေပြီ၊ ကျွန်တော်တို့ကို ဆက်သွယ်တဲ့လူက၊ လူကောင်းလား၊ လူဆိုးလားဆိုတာကို ကျွန်တော် နောက်ဆုံး ပိတ်မဆုံးဖြတ်ရသေးပေမယ့်လည်း အရှိန်အဝါနဲ့ အနေအထားကို ကျွန်တော် အမြဲတမ်းသိတယ်။ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေ ထွက်ခွာသွားတဲ့အခါ၊ သူတို့ကို တိတ်တဆိတ်စောင့်ကြည့်နေတဲ့ လူကို ခြေရာခံနိုင်မယ့် မျှော်လင့်ချက်နဲ့၊ သူတို့ နောက်ကို ကျွန်တော် ချင်ချင်းလိုက်သွားတယ်။ သူက ဉာဏ်များလွန်းတော့၊ သူ့ကိုယ်သူတောင်သူ လမ်းမလျှောက်ခိုင်းရဲဘူး။ ဒါပေမယ့် သူတို့နောက်ကနေလိုက်လာနိုင်အောင်၊ ဒါမှ မဟုတ်သူတို့ကို ကျော်သွားနိုင်အောင်အတွက်၊ သူမြင်းလှည်းတစ်စီးငှားလိုက်တယ်။ ဒါကြောင့် သူတို့ သတိမပြုမိလိုက်ဖြစ်သွားတယ်။ သူတို့ မြင်းလှည်းငှားစီးသွားယင်၊ သူတို့နောက်ကို သူလိုက်ဖို့ အဆင်သင့်ဖြစ်နေမယ်ဆိုတဲ့ သူ့ရဲ့တွက်ချက်မှုကလည်း၊ နောက်ထပ် အခွင့်သာချက်ရှိသေးတယ်။ ဒါပေမယ့် ထင်ရှားတဲ့ အားနည်းချက်လည်း ရှိတယ်’

‘ဒီအားနည်းချက်က မြင်းလှည်းသမားကို သူအားကိုးရတာ မဟုတ်လား’

‘အတိအကျပဲ’

‘မြင်းလှည်းနံပါတ်ကို ကျွန်တော်တို့ မရလိုက်တာ၊ စိတ်မကောင်းစရာပဲ’

‘မိတ်ဆွေကြီး ဝပ်ဆန်၊ ကျွန်တော် လိမ္မာပါးနပ်မှု မရှိလို့ နံပါတ်ကို ဂရုမပြုလိုက်ဘူးလို့ ခင်ဗျား မထင်လိုက်ပါနဲ့နော်၊ ကျွန်တော်တို့ လူရဲ့ နံပါတ်က ၂၇၀၄ ပါ၊ ဒါပေမယ့် လောလောဆယ်တော့ ဒါက ကျွန်တော်တို့အတွက် အသုံးမဝင်ပါဘူး’

‘ခင်ဗျား ဒီထက်ပိုပြီး၊ ဘာလုပ်နိုင်မလဲဆိုတာ ကျွန်တော် မမြင်မိဘူး’



www.burmeseclassic.com

www.burmeseclassic.com



'မြင်းလှည်းကို ကျွန်တော် တွေ့မြင်တဲ့အခါ၊ ကျွန်တော် ချက်ချင်းတစ်ဖက်လှည့်ပြီး၊ တခြားဘက်ကို လျှောက်သွားသင့်တယ်။ ပြီးတော့မှ အေးအေးဆေးဆေးနဲ့ ဒုတိယမြင်းလှည်းတစ်စီးကို ကျွန်တော်ငှားပြီး၊ သင့်တော်တဲ့လှမ်းလှမ်းကနေ ပထမမြင်းလှည်းနောက်ကို လိုက်သင့်တယ်။ ဒါမှမဟုတ်နောက်သန်ဘာလမ် ဟိုတယ်ကို မောင်းသွားပြီး၊ အဲဒီနေရာက နေစောင့်နေယင်ပိုတောင်ကောင်းသေးတယ်။ ကျွန်တော်တို့ မသိတဲ့လူ၊ ဘာစ်ကာဗီလ်ရဲ့ အိမ်အထိလိုက်လာတဲ့အခါ၊ ကျွန်တော်တို့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်နိုင်မယ့်အခွင့်အရေးရနိုင်ပြီး၊ သူ ဘာလုပ်မလဲဆိုတာ ကျွန်တော်တို့ သိနိုင်မယ်။ မဆင်မခြင် စိတ်ထက်သန်မှုကြောင့် ကျွန်တော်တို့ရဲ့ ပြိုင်ဘက်က ကျွန်တော်တို့ကိုအသာစီးယူပြီး၊ ကျွန်တော်တို့ကို သိသွားတော့ ကျွန်တော်တို့ရဲ့ လူကို ကျွန်တော်တို့ ဆုံးရှုံးလိုက်ရတယ်'

ဤသို့ စကားပြောနေကြစဉ်၊ ကျွန်ုပ်တို့က ရီဂျင်းလမ်းတစ်လျှောက်တဖြည်းဖြည်းလမ်းလျှောက်နေကြပြီး၊ ဒေါက်တာ မော်တင်မာက သူ၏အဖော်နှင့်အတူ စောစီးစွာကတည်းက ကျွန်ုပ်တို့၏ ရှေ့မှ ကွယ်ပျောက်သွား၏။

'သူတို့ နောက်ကို ကျွန်တော်တို့ လိုက်လို့အကြောင်း မထူးပါဘူး' ဟုမ်းက ပြော၏။ 'နောက်ယောင်ခံတဲ့လူက ထွက်သွားပြီး၊ ပြန်လာမှာ မဟုတ်တော့ဘူး။ ကျွန်တော်တို့ လက်ထဲမှာကျန်ခဲ့တဲ့ သံလွှန်စနဲ့ပဲ၊ ကျွန်တော် ဆုံးဖြတ်ချက်ချရမှာပဲ၊ မြင်းလှည်းထဲက လူရဲ့မျက်နှာကို ခင်ဗျား မှတ်မိသလား'

'မုတ်ဆိတ်မွေးကိုပဲ မှတ်မိတယ်'

'ကျွန်တော်လည်း ဒီလိုပဲ၊ အဲဒါကို ကြည့်ရတာ အတုဖြစ်မယ်လို့ ကျွန်တော်ထင်တယ်။ လိမ္မာပါးနပ်တဲ့ လူတစ်ယောက်ဟာ သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကို ဖုံးကွယ်ဖို့အတွက်ကလွဲလို့ မုတ်ဆိတ်မွေးကို အသုံးပြုမှာ မဟုတ်ဘူး။ ဒီကို လာပါ ဝပ်ဆန်'

ဒေသဆိုင်ရာ စာပို့ရုံးခန်းတစ်ခုထဲသို့ သူကွေ့ဝင်သွားပြီး၊ ထိုနေရာမှ မန်နေဂျာက သူ့ကို လှိုက်လှဲစွာ ကြိုဆို၏။

'အား ဝေလ်ဆန်၊ ခင်ဗျားကို ကျွန်တော် ကူညီခဲ့တဲ့အမှုကလေးကို ခင်ဗျား မမေ့သေးဘူးလို့ ကျွန်တော် ထင်ပါတယ်'

'မမေ့ပါဘူး ဆရာ၊ တကယ်ပါ၊ ကျွန်တော် မမေ့ပါဘူး။ ကျွန်တော်ရဲ့ နာမည်ကောင်းကို ခင်ဗျား ကယ်တင်ပေးခဲ့ပါတယ်။ ကျွန်တော်ရဲ့ အသက်ကို ကယ်ခဲ့တယ်ဆိုလည်း ဟုတ်နိုင်ပါတယ်'

'မိတ်ဆွေကြီး၊ ခင်ဗျား စကားအကျယ်ချဲ့နေတာပါ ဝေလ်ဆန်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့ ကလေးတွေထဲမှာ ကာဒရိုက်လို့ အမည်ရှိတဲ့ သူငယ်တစ်ယောက်ရှိတယ် ဆိုတာ ကျွန်တော် သတိရမိတယ်။ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့စဉ်တုန်းက အရည်အချင်းတွေ သူပြခဲ့တယ်'

'ဟုတ်ကဲ့ ဆရာ၊ သူ ကျွန်တော်တို့နဲ့ ရှိနေပါတယ်'

'ခင်ဗျား သူ့ကို ခေါ်နိုင်မလား၊ ကျေးဇူးတင်ပါတယ်။ ဒီပိုက်ဆံ ၅ ပေါင်ရမယ့် အခွင့်အရေးကို ကျွန်တော် ဝမ်းမြောက်ဝမ်းသာလိုချင်တယ်'

တောက်ပထက်မြက်သော မျက်နှာနှင့် အသက် (၁၄) နှစ်ရှိသော လူငယ်က မန်နေဂျာ၏ ဆင့်ခေါ်မှုကို လိုက်နာ၏။ သူက ယခု အလွန်လေးစားစွာဖြင့် ကျော်ကြားသော စုံထောက်ကို ငေးကြည့်ယင်း ရပ်နေ၏။

'ငါ့ကို ဟိုတယ်လမ်းညွှန်စာအုပ်ပေးပါ' ဟုမ်းက ပြော၏။ 'ကျေးဇူးတင်ပါတယ်။ ကဲကာဒရိုက်၊ ဒီမှာ ဟိုတယ်နာမည် (၂၃) ခုရှိတယ်။ အားလုံးက 'ချဲရင့်ကရောနဲ့ ကပ်ရက်ရှိနေကြတယ်။ မင်းမြင်လား'

'ဟုတ်ကဲ့ ဆရာ'

'ဒီဟိုတယ်တွေဆီကို တစ်ခုပြီးတစ်ခု မင်းသွားရမယ်'

'ဟုတ်ကဲ့ ဆရာ'

'အပြင်ဘက်က အစောင့်ကို တစ်ရှိလင်ပေးရင်းနဲ့ ဒီအမှုအသီးသီးကို မင်းအစပြုရမယ် ဒီမှာ ၂၃ ရှိလင်'

'ဟုတ်ကဲ့ ဆရာ'

'မနေ့က စက္ကူအမှိုက်ခြင်းတွေကို မင်းကြည့်ချင်တယ်လို့ အဲဒီအစောင့်ကို မင်းပြောပြရမယ်။ အရေးကြီးတဲ့ ကြေးနန်းစာတစ်စောင်ကို မှားယူလာမိလို့၊ ဒါကို မင်းရှာနေတယ်လို့ ပြောရမယ်။ မင်း နားလည်ရဲ့လား'

'ဟုတ်ကဲ့ ဆရာ'

'ဒါပေမယ့် မင်း တကယ်ရှာရမယ့်ဟာကတော့၊ ကပ်ကျေးနဲ့ ဖြတ်တောက်ပြီး၊ အပေါက်ဖြစ်နေတဲ့ တိုင်းသတင်းစာ အလယ်စာမျက်နှာပဲ၊ ဒီမှာ တိုင်းသတင်းစာ၊ ဒီစာမျက်နှာပဲ၊ ဒါကို မင်းအလွယ်တကူ မှတ်မိနိုင်ပါတယ် မဟုတ်ဘူးလား'

'ဟုတ်ကဲ့ ဆရာ'

'အမှုတစ်ခုဆီမှာ အပြင်ဘက်အစောင့်က၊ ခန်းမထဲက အစောင့်ကို ခေါ်ရလိမ့်မယ်။ အဲဒီလူကိုလည်း မင်းတစ်ရှိလင် ပေးရမယ်။ ဒီမှာ ၂၃ ရှိလင်၊ အမှု (၂၃) ခုထဲက၊ ဖြစ်နိုင်တဲ့ အမှု ၂၀ မှာတော့ မနေ့က အမှိုက်တွေကို မီးရှို့ပြစ်လိုက်တာ၊ ဒါမှ မဟုတ်ဖယ်ရှားပြစ်လိုက်တာကို မင်းသိရလိမ့်မယ်။ အခြား အမှု ၃ ခုမှာတော့ သတင်းစာကို မင်းကို ပြလိမ့်မယ်။ အဲဒီအခါကျယင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲက ဒီတိုင်းသတင်းစာ စာမျက်နှာကို မင်းရှာရမယ်။ ဒါကို မင်းရှာတွေ့နိုင်မယ့် အခွင့်အရေးကတော့ အလွန်နည်းတယ်။ အရေးပေါ်ကိစ္စအတွက် နောက်ထပ် အပို ၁၀ ရှိလင်၊ ဒီမှာ၊ ညနေမတိုင်ခင် ငါ့ဆီဘောကာလမ်းကို ကြေးနန်းနဲ့ သတင်းပို့ပါ၊ ကဲ ဝပ်ဆန် အခု မြင်းလှည်းအမှတ် ၂၇၀၄ က မြင်းလှည်းသမား ဘယ်သူဘယ်ဝါဆိုတာ ကြေးနန်းဆက်ပြီး ကျွန်တော် ရှာဖို့ပဲ ကျန်တော့တယ်။ ပြီးတော့၊ "ဘုန်း" လမ်းက ပန်းချီပြခန်းတစ်ခုကို ကျွန်တော်တို့ဝင်ကြပြီး၊ ဟိုတယ်ကို ကျွန်တော်တို့ မရောက်ခင်အချိန်ဖြုန်းကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

# ဖြတ်တောက်နေသော ချည်ကြိုး ၃ ချောင်း

အလွန်အံ့ဩဖွယ်ကောင်းသော အတိုင်းအတာဖြင့် ရှားလော့ဟုမ်းသည် သူ၏စိတ်ကို အလိုရှိသလောက်၊ စေစားနိုင်သော စွမ်းအင်ရှိ၏။ ကျွန်ုပ်တို့ ပါဝင်ပတ်သက်နေသည့် ထူးစမ်းသော ဤကိစ္စကို နှစ်နာရီခန့် မေ့လျော့နေဟန် တူပြီး၊ ခေတ်ပေါ်ဘယ်လ်ဂျီယန်ဆရာတို့၏ ပန်းချီကားချပ်များတွင် သူလုံးဝကို နစ်မြုပ်နေ၏။ အနုပညာအကြောင်းမှ လွဲ၍ သူဘာမှ မပြောပါ။ ပန်းချီပြခန်းမှ ကျွန်ုပ်တို့ ထွက်ခွာလာပြီး၊ နောသမ်ဘာလန်ဟိုတယ်သို့ ရောက်သည့်အထိ ထိုအကြောင်းကို သူပြော၍ မဆုံးနိုင်ဖြစ်နေ၏။

'ဆာဟင်နရီဘာစ်ကာဗီလ် အပေါ်ထပ်မှာ ခင်ဗျားတို့ကို စောင့်မျှော်နေပါတယ်' စာရေးက ပြော၏။ 'ခင်ဗျားတို့ လာယင် သူ့ဆီကို ချက်ချင်းခေါ်လာဖို့ သူ၊ ကျွန်တော်ကို ပြောထားပါတယ်'

'ခင်ဗျားရဲ့ မှတ်တမ်းစာအုပ်ကို ကျွန်တော် ကြည့်ခွင့်ရမလား' ဟုမ်းက ပြော၏။

'ရပါတယ်'

ဘာစ်ကာဗီလ် နာမည်နောက်တွင် အမည်နှစ်ခု ထပ်မံထည့်ထားသည်ကို စာအုပ်က ပြနေ၏။ တစ်ခုက နယူးကာဆယ်မှ သီအိုဖီလစ်စ်ဂျွန်ဆင်နှင့် မိသားစုဖြစ်ပြီး၊ နောက်တစ်ခု၊ ဟိုက်လောဂျ်မှ မစ္စစ်အိုလ်မောနှင့် အိမ်ဖော်အာလ်တွန်တို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဂျွန်ဆင်က ကျွန်တော်သိတဲ့ ဂျွန်ဆင်ဖြစ်ရမှာ သေချာတယ်' ဟုမ်းက ဟိုတယ်ဝန်ထမ်းကို ပြော၏။ 'မီးခိုးရောင်ဆံပင်နဲ့ ရှေ့နေပဲ၊ ထော့နဲ့ ထော့နဲ့ နဲ့လမ်းလျှောက်တယ်'

'မဟုတ်ပါဘူး ဆရာ၊ ဒါက ကျောက်မီးသွေးတွင်းပိုင်ရှင် မစ္စတာ ဂျွန်ဆင်ပါ။ အလွန်သွက်လက်တဲ့လူကြီးမင်း တစ်ယောက်ပါ၊ ခင်ဗျားထက် အသက်ပို မကြီးဘူး'

'သူ့ အလုပ်နဲ့ ပတ်သက်လို့ ခင်ဗျား မှားနေမယ်နော်'

'မမှားပါဘူး ဆရာ၊ နှစ်ပေါင်းများစွာ ဒီဟိုတယ်ကို သူအသုံးပြုခဲ့တယ်။ သူ့ကို ကျွန်တော်တို့ အလွန်ကောင်းကောင်း သိပါတယ်'

'အား၊ ဒါဆိုထားလိုက်ပါတော့၊ မစ္စစ်အိုလ်မောလည်း ဒီလိုပဲ၊ ဒီနာမည်ကို ကျွန်တော်မှတ်မိသလိုပဲ၊ ကျွန်တော် စပ်စုတာကို ခွင့်လွှတ်ပါ။ ဒါပေမယ့် မကြာခဏ ဆိုသလိုပဲ မိတ်ဆွေတစ်ယောက်ဆီကို လည်ပတ်ယင်းနဲ့ နောက် မိတ်ဆွေတွေကို တွေ့တတ်တယ်'

'သူမက မသန်စွမ်းတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ ဆရာ။ သူမရဲ့ ယောကျာ်းက တစ်ချိန်က၊ ဂလူဆက်တာမြို့ဝန် ဖြစ်ခဲ့ပါတယ်။ မြို့ကို သူမ၊ ရောက်တဲ့အခါ ကျွန်တော်တို့ဆီကို သူမ အမြဲတမ်းလာပါတယ်'

'ကျေးဇူးတင်ပါတယ်။ သူမနဲ့ ကျွန်တော် မိတ်ဆွေ မဖွဲ့နိုင်မှာ စိုးရိမ်ပါတယ် ဝပ်ဆန်၊ ဒီမေးခွန်းတွေနဲ့ အရေးအကြီးဆုံးအချက်တစ်ခုကို ဖန်တီးပြီးပြီ၊ 'အပေါ်ထပ်သို့ ကျွန်ုပ်တို့ အတူတကွ တက်သွားကြသောအခါ၊ သူက အသံတိုးတိုးဖြင့် ဆက်ပြော၏။ 'ကျွန်တော်တို့ရဲ့ မိတ်ဆွေကို အလွန်စိတ်ဝင်စားတဲ့ လူတွေဟာ ဒီဟိုတယ်မှာ အခြေမချာဘူးဆိုတာ၊ အခု ကျွန်တော်တို့ သိပြီ၊ ကျွန်တော်တို့တွေ မြင်ခဲ့တဲ့အတိုင်း သူ့ကို စောင့်ကြည့်ဖို့ သူတို့ စိုးရိမ်ပူပန်နေကြတဲ့အချိန်မှာ၊ သူတို့ကို သူမြင်သွားမှာကိုလည်း သူတို့ စိုးရိမ်နေကြတယ်ဆိုတာ၊ ဒါက ဆိုလိုတာပဲ။ အခု ဒါက အလွန်စဉ်းစားရမယ့် အချက်ပဲ'

'ဒါက ဘာစဉ်းစားရမှာလဲ'

'ဒါ စဉ်းစားရမှာက အို ... မိတ်ဆွေကြီး ဘာကိစ္စလည်းဆိုတာပဲ'

လှေကားထစ်ထိပ်ကို ကျွန်ုပ်တို့ ကွေ့လာစဉ်၊ ဆာဟင်နရီဘာစ်ကာဗီလ်ကိုယ်တိုင်နှင့် ကျွန်ုပ်တို့ ပက်ပင်းတိုး၏။ သူ့မျက်နှာက ဒေါသဖြင့် နီရဲနေ၏။ ဖုံတက်နေသော ဘွတ်ဖိနပ်အဟောင်းတစ်ဖက်ကို လက်တစ်ဖက်တွင် သူက ကိုင်ထား၏။ အမျက်ကြီးလွန်းအားကြီးသဖြင့် စကားကိုပင် သူ ပီပီသသ မပြောနိုင်ပါ။ သူ့စကားပြောသောအခါ၊ မနက်ပိုင်းက ကျွန်ုပ်တို့ ကြားခဲ့ရသော စကားထက် ၎င်းက ပို၍အနောက်တိုင်း ပုံဆန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဟိုတယ်မှာ ကျွန်တော်ကို ငတုံးတစ်ယောက်လို၊ သူတို့ ထင်နေပုံရတယ်' သူက အော်၏။

'သူတို့ ဂရုမစိုက်ယင်၊ ငတုံးမဟုတ်တဲ့လူနဲ့ သူတို့ဆော့ ကစားနေတာ တွေ့ရလိမ့်မယ်။ ပျောက်နေတဲ့ ကျွန်တော်ရဲ့ ဘွတ်ဖိနပ်ကို ဒီလူသာ မရှာနိုင်ယင်တော့၊ ပြဿနာကောင်းကောင်း တွေ့လိမ့်မယ်။ နောက်တာ ပြောင်တာကို ကျွန်တော် ကောင်းကောင်း ခံနိုင်ပါတယ်၊ မစ္စတာ ဟုမ်း။ ဒါပေမယ့် ဒီတစ်ကြိမ်တော့၊ သူတို့ အတော်ကို အနောက်လွန်သွားပြီ'

'ခင်ဗျားရဲ့ ဖိနပ်ကို ရှာနေတုန်းပဲလား'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ရှာရမယ်'

'ဒါပေမယ့် ခင်ဗျားပြောတော့ အဲဒါက အညိုရောင် ဘွတ်ဖိနပ် အသစ်ဆို'

'အဲဒါ ဟုတ်ခဲ့တယ် ဆရာ၊ အခုဟာက အနက်ရောင် ဖိနပ် အဟောင်းပါ'

'ဘာ ခင်ဗျား တကယ်ပြောတာ မဟုတ် ...'

'ဒါက ကျွန်တော် တကယ်ပြောနေတာပါ။ ကျွန်တော်မှာ ဖိနပ် (၃) ရံပဲ ရှိပါတယ်။ အညိုရောင်အသစ်တစ်ရံရယ်၊ အနက်ရောင် အဟောင်းတစ်ရံရယ်၊ အခု ကျွန်တော် စီးနေတဲ့ သားရေပြောင်ဖိနပ်ရယ်ပါ။ ညက ကျွန်တော့်ရဲ့ အညိုရောင်ဖိနပ်တစ်ဖက်ကို သူတို့ ယူသွားတယ်။ ဒီနေ့တော့၊ အနက်တစ်ဖက်ကို သူတို့ ခိုးသွားကြတယ်။ ကဲ ခင်ဗျားတို့ သိပြီလား၊ စကားပြောပါဦး ကိုယ့်လူတို့၊ ရပ်ပြီး ငေးမနေကြပါနဲ့'

စိတ်လှုပ်ရှားနေသော ဂျာမန်စားပွဲထိုးတစ်ယောက်က မြင်ကွင်းထဲ၌ ပေါ်လာ၏။

'မတွေ့ဘူး ဆရာ၊ ဟိုတယ်အနှံ့မှာ ကျွန်တော် မေးပြီးပြီ၊ ဒါပေမယ့် ကျွန်တော် ဘာသတင်းမှ မရဘူး'

'အင်း နေမဝင်ခင် ဒီဖိနပ် ပြန်လာချင်လာ၊ ဒါမှမဟုတ်ယင် မန်နေဂျာကို ကျွန်တော် တွေ့ပြီး၊ ဒီဟိုတယ်ကြီးက ကျွန်တော် ချက်ချင်းထွက်သွားမယ့်အကြောင်း သူ့ကို ကျွန်တော် ပြောမယ်'

'အဲဒါကို တွေ့မှာပါ ဆရာ၊ ခင်ဗျား နည်းနည်း စိတ်ရှည်ရှည်ထားယင် အဲဒါကို တွေ့မယ်ဆိုတာ ကျွန်တော် ကတိပေးပါတယ်'

'ဒီသူခိုးတိုင်းပြည်မှာ ကျွန်တော် ပစ္စည်းပျောက်တာ၊ ဒါနောက်ဆုံးပဲဆိုတာမှတ်ထားပါ။ ကဲ ... ကဲ ... ကဲ မစ္စတာဟုမ်း၊ ဒီလို အသေးအဖွဲ့ကလေးတွေနဲ့ ခင်ဗျားကို စိတ်အနှောင့်အယှက်ပေးတာ ခွင့်လွှတ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါက စိတ်အနှောင့်အယှက်ပေးထိုက်တယ်လို့၊ ကျွန်တော် ထင်ပါတယ်'

'ဘာဖြစ်လို့လဲ၊ ဒီအပေါ် ခင်ဗျား အလွန်အလေးထားပုံရတယ်'

'ဒါကို ခင်ဗျား ဘယ်လို ရှင်းပြနိုင်မလဲ'

'ဒါကို ကျွန်တော် ရှင်းပြဖို့ မကြိုးစားပါဘူး။ ကျွန်တော် တွေ့ကြုံရသမျှထဲမှာ ဒါဟာ အထူးဆန်းဆုံး စိတ်ပျက်စရာ အကောင်းဆုံးပါပဲ'

'အထူးဆန်းဆုံး ဖြစ်နိုင်တယ်' ဟုမ်းက စဉ်းစားလျက် ပြော၏။

'ဒါကို ခင်ဗျားကိုယ်တိုင် ဘယ်လိုထင်သလဲ'

'အင်း ... ဒါကို ကျွန်တော် နားလည်နိုင်အောင် မတတ်စွမ်းသေးပါဘူး။ ခင်ဗျားရဲ့ ဒီအမှုက၊ အလွန်ကို ရှုပ်ထွေးပါတယ်။ ဆာဟင်နရီ၊ ခင်ဗျားရဲ့ ဦးလေး သေဆုံးရတာကို ဆက်စပ်ကြည့်တဲ့အခါ၊ ကျွန်တော်ကိုင်တွယ်ခဲ့တဲ့ အမှုကြီး ၅၀၀ အားလုံးဟာ ဒီလောက် အရေးကြီးသလားဆိုတာ ကျွန်တော် မပြောတတ်တော့ပါဘူး။ ဒါပေမယ့် ဇာတ်လမ်းအပိုင်းအစများစွာကိုတော့ ကျွန်တော်တို့ လက်ထဲမှာ ဆုပ်ကိုင်ထားပြီးပါပြီ၊ ကျန်တဲ့ အပိုင်းအစတွေကတော့ ကျွန်တော်တို့ကို အမှန်တရားဆီ ညွှန်ပြပေးနိုင်မယ့်တစ်ခု တစ်ခုပါပဲ၊ အမှားတစ်ခု နောက်လိုက်ယင်နဲ့ ကျွန်တော်တို့ အချိန်ဖြုန်းချင်ဖြုန်းနေနိုင်ပါတယ်။ ဒါပေမယ့် အနေးနဲ့အမြန်ဆိုသလို အမှန်ကို ကျွန်တော်တို့ တွေ့ရမယ်'

ကျွန်ုပ်တို့ နေ့လည်စာ ကောင်းစွာစားသောက်ကြပြီး၊ ထိုအချိန်အတွင်းတွင် ကျွန်ုပ်တို့ကို အတူတကွ စုစည်းစေသော အလုပ်ကိစ္စနှင့် ပတ်သက်၍ အနည်းငယ်သာ ပြောဆိုကြ၏။ ဟုမ်းက ဘာစ်ကာဗီလ်ကို မည်သို့ ကြံစည်ထားကြောင်း မေးသည်မှာ ဧည့်ခန်းထဲတွင် ဖြစ်၏။

'ဘာစ်ကာဗီလ်အိမ်ကို သွားမယ်'

'ဘယ်တော့လည်း'

'ဒီရက်သတ္တပတ်အကုန်မှာ'

'အားလုံးခြုံကြည့်တဲ့အခါ' ဟုမ်းက ပြော၏။ 'ခင်ဗျားရဲ့ ဆုံးဖြတ်ချက် မှန်တယ်လို့ ကျွန်တော် ထင်ပါတယ်။ လန်ဒန်မှာ ခင်ဗျား ခေါင်းမာတယ်ဆိုတာ ကျွန်တော်မှာ ထင်ရှားတဲ့ အထောက်အထားရှိပါတယ်။ ဒီမြို့တော်ရဲ့ သန်းပေါင်းများစွာထဲမှာ၊ ဒီလူတွေက ဘယ်သူတွေဆိုတာရယ်၊ သူတို့ရဲ့ ရည်ရွယ်ချက်က မကောင်းဘူးဆိုယင် ခင်ဗျားကို သူတို့အန္တရာယ်ပြုနိုင်တယ်။ ဒါကို ကာကွယ်ဖို့ ကျွန်တော်တို့ တတ်နိုင်မှာ မဟုတ်ဘူး။ ဒေါက်တာ မော်တင်မာ၊ ဒီမနက်မှာ ကျွန်တော့ အိမ်ကနေ ခင်ဗျားကို နောက်ယောင်ခံ လိုက်နေကြတာ ခင်ဗျား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မော်တင်မာက စူးစူးဝါးဝါး စိုက်ကြည့်နေ၏။

'နောက်ယောင်ခံလိုက်နေတယ်လား၊ ဘယ်သူက လိုက်တာလဲ'

'ကံမကောင်းတော့၊ ဒါကို ကျွန်တော် ပြောမပြနိုင်ဘူး။ ခင်ဗျားရဲ့ အိမ်နီးနားချင်းတွေထဲမှာ ဒါမှ မဟုတ် 'ဒတ်မိုး' က အသိမိတ်ဆွေတွေထဲမှာ အနက်ရောင်ပါးသိုင်းမွေးအပြည့်နဲ့ လူတစ်ယောက်ယောက် ရှိသလား'

'ရှိသလား မရှိသလား ဆိုတာ ကြည့်ပါရစေဦး ဘာကြောင့်လည်း၊ ရှိတယ်။ ဆာချားလ်ရဲ့ ပစ္စည်းထိန်း "ဘာရီမိုး" က အနက်ရောင်ပါးသိုင်းမွေး အပြည့်နဲ့လူပဲ'

'ဟာ။ ဘာရီမိုးက ဘယ်မှာလဲ'

'သူက "ဟောလ်" အိမ်ကို ဦးစီးရတယ်'

'သူအဲဒီမှာ တကယ်ရှိသလား၊ ဒါမှ မဟုတ် တစ်နည်းနည်းနဲ့ သူလန်ဒန်မှာ ရှိနိုင်သလားဆိုတာကို ကျွန်တော်တို့ သေချာအောင် လုပ်ယင် အကောင်းဆုံးပဲ'

'ခင်ဗျား ဘယ်လိုလုပ်နိုင်မလဲ'

'ကျွန်တော်ကို ကြေးနန်းပို့တဲ့ ပုံစံပေးပါ "ဆာဟင်နရီအတွက် အားလုံး အဆင်သင့်ဖြစ်ပြီလား" ဒါဆိုရပြီ၊ မစ္စတာ ဘာရီမိုး၊ ဘာစ်ကာဗီလ်ဟော လို့ လိပ်စာတပ်ပါ။ အနီးဆုံးကြေးနန်းရုံးက ဘယ်မှာလဲ၊ ဂရစ်ပင်လား၊ သိပ်ကောင်းတယ်။ ဒုတိယ ကြေးနန်းစာကို ပရစ်ပင်က စာတိုက်မှူးဆီကို ကျွန်တော်တို့ ပို့မယ်။ 'မစ္စတာ ဘာရီမိုး၏ကြေးနန်းစာကို သူ့လက်ထဲသို့ ကိုယ်တိုင်ထည့်ပေးရန် သူမရှိလျှင်၊ ကြေးနန်းစာကို ဆာဟင်နရီဘာစ်ကာဗီလ်၊ နော်သမ်ကာလန်ဟိုတယ်သို့ ကျေးဇူးပြု၍ ပြန်လည်ပို့ပေးရန် 'လိုပိုမယ်။ ဒါဆိုယင် ဘာရီမိုး ဒီဗွန်ရှဲမှာ ရှိ မရှိကို ညနေမစောင်းခင်မှာ ကျွန်တော်တို့ သိရမယ်'

'ဒီလိုကိုး' ဘာစ်ကာဗီလ်က ပြော၏ ။ 'ဒါနဲ့ ဒေါက်တာ မော်တင်မာ၊ ဘာရီမိုးက ဘယ်သူလဲ'

'သူက သေသွားတဲ့ အထိန်းတော်ဟောင်းရဲ့ သားပါ၊ သူတို့က အခု မျိုးဆက် (၄)ဆက်အထိ၊ ဟောအိမ်ကို စောင့်ရှောက်လာခဲ့ကြတယ်။ ကျွန်တော် သိရသလောက်ကတော့၊ သူနဲ့ သူရဲ့ ဇနီးဟာ အဲဒီတိုင်းဒေသတစ်ဝိုက်မှာ တခြားဇနီးမောင်နှံတွေလို ရှိသေလေးစားဖွယ်ကောင်းပါတယ်'

'တစ်ချိန်တည်းမှာပဲ' ဘာစ်ကာဗီလ်က ပြော၏ 'ဟော' အိမ်မှာ ဘာမိသားစုမှ မရှိသမျှကာလပတ်လုံး ဒီလူတွေအတွက် အိမ်ကြီးအိမ်ကောင်း တစ်လုံးရပြီး ဘာမှ လုပ်စရာမလိုတော့ဘူးဆိုတာ ရှင်းနေတာပဲ'

'ဒါမှန်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဆာချာလ်ရဲ့ သေတမ်းစာအရ၊ ဘာရီမိုး၊ လုံးဝအကျိုးအမြတ်ရသလား'

ဟုမ်းက မေး၏။

'သူနဲ့ သူ့ရဲ့ ဇနီးတို့ ပေါင် ၅၀၀ စီ အသီးသီးရကြတယ်'

'ဟာ၊ ဒါကို သူတို့ လက်ခံရရှိမယ်ဆိုတာကို သူတို့သိသလား'

'ဟုတ်ကဲ့၊ ဆာချာစ်က သူ့ရဲ့ သေတမ်းစာအကြောင်းပြောရယင်၊ အရမ်းသဘောကျတယ်'

'ဒါ အရမ်းစိတ်ဝင်စားဖို့ ကောင်းတယ်'

'ကျွန်တော်အတွက်လည်း၊ ပေါင်တစ်ထောင်ထားခဲ့တာကြောင့်' ဒေါက်တာမော်တင်မာက ပြော၏။ 'ဆာချာလ်ဆီက အမွေပိုက်ဆံလက်ခံရရှိတဲ့ လူတိုင်းကို ခင်ဗျား သံသယမျက်လုံးနဲ့ ကြည့်မှာ မဟုတ်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ်'

'တကယ်။ တခြားလူတွေလည်း ရသလား'

'လူပုဂ္ဂိုလ်တွေအတွက် မများလှတဲ့ငွေကြေးတွေနဲ့ အများပြည်သူအတွက်၊ လှူဒါန်းခဲ့တဲ့ ငွေကြေးတွေ အများကြီးရှိတယ်။ ကျန်တဲ့ငွေကြေးအားလုံးကို ဆာဟင်နရီရတယ်'

'ကျန်တဲ့ ငွေကြေးက ဘယ်လောက်များသလဲ'

'ပေါင် ဖ သိန်းနဲ့ ၄ သောင်းပါ'

ဟုမ်းက အံ့သြဟန်ဖြင့် မျက်လုံးပြူးသွား၏။ 'ဒီလောက်ကြီးမားများပြားတဲ့ ငွေကြေးတွေ ပါဝင်ပတ်သက်နေမယ်ဆိုတာ၊ ကျွန်တော် မထင်မိဘူး' သူက ပြော၏။

'ဆာချာလ်ဟာ ချမ်းသာတဲ့ ဂုဏ်သတင်းကြွယ်သူ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့စာချုပ်စာတမ်းတွေကို ကျွန်တော်တို့ လေ့လာကြည့်မှ သူ ဘယ်လောက်ချမ်းသာတယ်ဆိုတာကို ကျွန်တော်တို့ သိရတယ်။ လယ်ယာမြေစုစုပေါင်းတန်ဖိုးဟာ တစ်သန်း နားကပ်နေပါတယ်'

'အိုး ဟိုး ဟိုး၊ ဒါက လူတစ်ယောက် ကျားကုတ်ကျားခဲစွန့်စားထိုက်တဲ့ အရာပဲ။ နောက်တစ်ခု ထပ်မေးပါရစေဦး၊ ဒေါက်တာ မော်တင်မာ၊ ဆိုကြပါစို့၊ ဒီက ကျွန်တော်တို့ရဲ့ မိတ်ဆွေကလေးတစ်ခုခု ဖြစ်မယ်ဆိုယင် (မနှစ်မြို့ဖွယ်ကောင်းတဲ့ အဆိုပြုယူဆချက်ကို ခင်ဗျားတို့ စွန့်လွှတ်ရလိမ့်မယ်) ဒီလယ်ယာမြေကို ဘယ်သူအမွေဆက်ခံမလဲ'

'ဆာချာလ်ရဲ့ညီငယ်ရော်ဂျာဘာစ်ကာဗီလ်က၊ အိမ်ထောင်မပြုဘဲ သေဆုံးခဲ့တာကြောင့် လယ်ယာမြေတွေဟာ 'ဒက်စ်မွန်' ဆီရောက်သွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သူက အလှမ်းကွာတဲ့ ဝမ်းကွဲညီပါ။ ဂျိမ်းဒက်စ်မွန်က 'ဝက်စ်မောလန်' မှာ သင်းအုပ်ဘုန်းကြီး ဖြစ်နေတယ်'

'ကျေးဇူးတင်ပါတယ်။ ဒီအသေးစိတ် အချက်အလက်တွေက အားလုံးအရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။ မစ္စတာ ဂျိမ်းဒက်စ်မွန်နဲ့ ခင်ဗျားတွေ့ပြီးပြီလား'

'ဟုတ်ကဲ့၊ ဆာချာလ်ဆီကို သူတစ်ခါအလည်လာတယ်။ သူက သူတော်စင် တစ်ယောက်လို ကြည်ညိုဖွယ်ကောင်းတဲ့ အသွင်အပြင်ရှိသူ တစ်ယောက်ပါ။ ဆာချာလ်က သူ့ကို ငွေကြေးခွဲဝေပေးတာကို လက်ခံဖို့ အတင်းတိုက်တွန်းတာတောင်မှ သူလက်ခံဖို့ ငြင်းဆန်ခဲ့တာ ကျွန်တော် မှတ်မိတယ်'

'ရောင့်ရဲတတ်တဲ့ ဒီလူဟာ၊ ဆာချာလ်ရဲ့ ငွေကြေးထောင်ပေါင်းများစွာကို အမွေဆက်ခံရမည့်လူပါ'

'ဒါက အမွေစဉ်ဆက်လက်ခံယူရမှာကြောင့်၊ ဒီလယ်ယာမြေကို သူအမွေဆက်လက်ခံယူရမှာပါ။ လက်ရှိပိုင်ရှင်က ငွေကြေးနဲ့ ပတ်သက်လို့ သေတမ်းစာတစ်မျိုးတစ်ဖုံရေးမထားယင်၊ ငွေကြေးတွေကိုလည်း သူအမွေဆက်ခံရမယ်။ လက်ရှိ ပိုင်ရှင်ကတော့၊ အမှန်ပဲ သူကြိုက်သလို သေတမ်းစာ ရေးနိုင်တယ်'

'ခင်ဗျားရဲ့ သေတမ်းစာကို ခင်ဗျား ရေးပြီးပြီလား၊ ဆာဟင်နရီ'

'ဟင့်အင်း ကျွန်တော် မရေးရသေးဘူး မစ္စတာ ဟုမ်း၊ ကိစ္စဘယ်လို ရှိတယ်ဆိုတာ၊ မနေ့ကမှ ကျွန်တော် သိတာကြောင့်၊ ကျွန်တော် အချိန်မရသေးပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငွေကြေးပိုက်ဆံဟာ လယ်ယာမြေနဲ့အတူ သွားသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါက ကျွန်တော့်ဦးလေးရဲ့ စိတ်ကူးပါ။ လက်ခံပိုင်ဆိုင်တဲ့လူဟာ ပစ္စည်းဥစ္စာတွေကို ထိန်းသိမ်းဖို့အတွက် ငွေကြေးအလုံအလောက် မရှိဘူးဆိုယင်၊ ဘာစ်ကာဗီလ်ရဲ့ ဂုဏ်သတင်းကို သူ ဘယ်လိုဆယ်မလဲ'

'ဒီလိုပဲပေါ့၊ အင်း၊ ဆာဟင်နရီ၊ ဒီဗွန်ရှဲကို ခင်ဗျား အချိန်မဆိုင်းဘဲ သွားဖို့ အကြံပေးချက်နဲ့ ပတ်သက်လို့ကတော့ ခင်ဗျားနဲ့ ကျွန်တော် သဘောထား တူပါတယ်။ ကျွန်တော် ပြုလုပ်ရမယ့် အထောက်အပံ့ကတော့ တစ်ခုတည်းပဲ ရှိတယ်။ ခင်ဗျားတစ်ယောက်တည်း မသွားရမှာတော့ သေချာတယ်'

'ဒေါက်တာ မော်တင်မာက ကျွန်တော်နဲ့အတူ ပြန်လိမ့်မယ်'

'ဒါပေမယ့် ဒေါက်တာမော်တင်မာက ဆေးကုသဖို့ကိစ္စတွေ ရှိတယ်။ ပြီးတော့ သူ့အိမ်က ခင်ဗျားရဲ့ အိမ်နဲ့ မိုင်အတော် ဝေးတယ်။ သူ့မှာ စိတ်ဆန္ဒကောင်းတွေရှိပေမယ့်၊ ခင်ဗျားကို သူကူညီနိုင်မှာ မဟုတ်ဘူး။ မဖြစ်ဘူး။ ဆာ



www.burmeseclassic.com

www.burmeseclassic.com



ဟာင်နရီ။ ခင်ဗျားရဲ့ ဘေးမှာ အမြဲတမ်းရှိနေမယ့် လူယုံတစ်ယောက်ကို ခင်ဗျား နဲ့အတူ ခေါ်သွားရလိမ့်မယ်'

'ခင်ဗျား ကိုယ်တိုင်လိုက်လာဖို့ ဖြစ်နိုင်မလား မစ္စတာဟုမ်း'

'ကိစ္စတွေက အကြပ်အတည်းထဲကို ရောက်လာပြီဆိုယင်၊ ကျွန်တော် ကိုယ်တိုင်ရောက်လာဖို့ ကျွန်တော်ကြိုးစားပါ့မယ်။ ဒါပေမယ့် ကျယ်ပြန့်လှတဲ့ ဆွေးနွေးတိုင်ပင်မှုတွေနဲ့ ရပ်ကွက်များစွာက ကျွန်တော်ဆီရောက်လာတဲ့ အဆက်မပြတ် တောင်းဆိုမှုတွေကြောင့် လန်ဒန်ကနေ ကျွန်တော်အချိန်အတိုင်း အဆမရှိ ထွက်သွားဖို့ မဖြစ်နိုင်ဘူးဆိုတာ၊ ခင်ဗျား နားလည်မှာပါ။ လက်ရှိ အခိုက်အတန့်မှာ၊ အင်္ဂလန်က အလွန်လေးစားရတဲ့ နာမည်ကောင်းရှိသူ တစ်ဦးကို ငွေညှစ်တဲ့ လူတစ်ယောက်က နာမည်ပျက်အောင်လုပ်နေပြီး၊ ဒီဂုဏ်သိက္ခာ ပျက်စရာကိစ္စကို ကျွန်တော်ပဲ တားဆီးနိုင်ပါတယ်။ 'ဒါတ်မိုး' ကို ကျွန်တော် သွားဖို့ မဖြစ်နိုင်ဘူးဆိုတာ ခင်ဗျား သိမှာပါ'

'ဒါဖြင့်ယင် ဘယ်သူ့ကို ခင်ဗျား ထည့်ချင်သလဲ'

ဟုမ်းက ကျွန်ုပ်၏ လက်ကိုကိုင်လိုက်၏။

'ကျွန်တော်ရဲ့ မိတ်ဆွေသာ ဒါကိုတာဝန်ယူမယ်ဆိုယင် ခင်ဗျား အကြပ်အတည်း ရောက်နေတဲ့အခါ၊ ခင်ဗျား အနားမှာ ရှိသင့်တဲ့လူအတွက်၊ သူ့လောက် ဘယ်သူမှ ကောင်းမှာ မဟုတ်ပါဘူး။ ဘယ်သူမှ ကျွန်တော်ထက် ပိုပြီး ယုံယုံကြည်ကြည် မပြောနိုင်ပါဘူး'

ဤအဆိုပြုချက်ကို အံ့အားသင့်စွာ ကျွန်ုပ်လုံးဝ မမျှော်လင့်မိပါ။ သို့သော် ကျွန်ုပ် ဖြေဖို့ အချိန်မရခင် ဘာစ်ကာဗီလ်က ကျွန်ုပ်၏ လက်ကို ဆုပ်ကိုင်ပြီး လှိုက်လှဲစွာ ဖြစ်ညှစ်လိုက်၏။

'အား ခင်ဗျား တကယ်ကြင်နာတဲ့လူပဲ။ ဒေါက်တာ ဝပ်ဆန်' သူက ပြော၏။ 'ကျွန်တော်အနေနဲ့ ဘယ်လိုရှိတယ်ဆိုတာ၊ ခင်ဗျား သိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်သိသလောက် ခင်ဗျား သိပါတယ်။ ခင်ဗျား ဘာစ်ကာဗီလ်ဟောလ်အိမ်ကို လိုက်လာပြီး၊ ကျွန်တော်ကို ထောက်ပံ့မှုပေးမယ် ဆိုယင် ဒါကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး'

စွန့်စားရမည့် ကိစ္စကို ကျွန်ုပ်ကို အမြဲတမ်း နှစ်သက်မိပြီး၊ ဟုမ်း၏ စကားများနှင့် ဤလူကြီးမင်းက ကျွန်ုပ်ကို အဖော်အဖြစ် စိတ်အားထက်သန်စွာ ခေါ်ဆိုမှုတို့ကြောင့် ကျွန်ုပ် သဘောကျမိ၏။

'ဝမ်းပန်းတသာနဲ့ ကျွန်တော် လိုက်ခဲ့ပါ့မယ်' ကျွန်ုပ်က ပြော၏။ 'ကျွန်တော့်ရဲ့ အချိန်တွေကို ပိုကောင်းအောင် ဘယ်လို အသုံးချရမယ်ဆိုတာ ကျွန်တော် မသိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ခင်ဗျား၊ ကျွန်တော်ကို အလွန်ဂရုတစိုက်နဲ့ သတင်းပို့ပါ' ဟုမ်းက ပြော၏။ 'အကြပ်အတည်းကတော့ ဖြစ်လာမှာပဲ။ အဲဒီလိုဖြစ်လာတဲ့ အခါ ခင်ဗျား ဘယ်လိုပြုမူရမယ်ဆိုတာ၊ ကျွန်တော် ညွှန်ကြားမယ်။ စနေနေ့မှာ အားလုံး အဆင်သင့်ဖြစ်ပြီလို့ ကျွန်တော် ထင်တယ်'

'ဒေါက်တာ ဝပ်ဆန် အဆင်ပြေပါ့မလား'

'ပြေပါတယ်'

'ဒါဆိုယင်၊ စနေနေ့မှာ နောက်ထပ်သတင်းကို ခင်ဗျား မကြားရယင် 'ပါဒင်တန်' ကလာတဲ့ ၁၀ နာရီခွဲရထားမှာ ကျွန်တော်တို့ တွေ့ဆုံကြမယ်'

ကျွန်ုပ်တို့ ထွက်ခွာရန် မတ်တပ်ရပ်ကြသည့်အခါ၊ ဘာစ်ကာဗီးလ်က အောင်မြင်ဝံ့ကြွားသည့်အသံကိုပြုလိုက်ပြီး၊ အခန်းဒေါင့်တစ်ခုထဲသို့ ပြေးဝင်လျက် ဘီဒိုတစ်ခုအောက်မှ အညိုရောင်ဘွတ်ဖိနပ်တစ်ခုကို ဆွဲထုတ်လိုက်၏။

'ပျောက်နေတဲ့ ကျွန်တော်ရဲ့ ဘွတ်ဖိနပ်ပဲ' သူက အော်၏။

'ကျွန်တော်တို့ရဲ့ အခက်အခဲတွေ၊ လွယ်လွယ်ကူကူနဲ့ ပျောက်ကွယ်သွားပါစေ့လား' ရှားလော့ဟုမ်းက ရေရွတ်၏။

'ဒါပေမယ့် ဒါက၊ အလွန်ရှင်းတဲ့ကိစ္စပါ' ဒေါက်တာ မော်တင်မာက၊ မှတ်ချက်ချ၏။ 'နေ့လည်စာ မစားခင်က ဒီအခန်းကို ကျွန်တော် သေသေချာချာ ရှာပြီးပါပြီ'

'ကျွန်တော်လည်း ဒီလိုပါပဲ' ဘာစ်ကာဗီးလ်က ပြော၏။ 'ပိုက်စိတ်တိုက်ရှာထားတာ'

'ဒီကိစ္စမှာ ကျွန်တော်တို့ နေ့လည်စာစားနေကြတုန်း၊ စားပွဲထိုးက ဒီဖိနပ်ကို အဲဒီနေရာမှာ ထားခဲ့ရမယ်'

ဂျာမန်စားပွဲထိုးကို ခေါ်လိုက်၏။ သို့သော် သူက ဤကိစ္စကို ဘာမှ မသိကြောင်း ဝန်ခံသလို၊ ရှင်းပြနိုင်ခြင်းလည်း မပြုနိုင်ပါ။ ရည်ရွယ်ချက်မဲ့သော ပဟေဠိကလေးများ လျင်မြန်စွာ ဆက်တိုက်ဖြစ်ပေါ် နေသည်ဟူသော နောက်ထပ် အချက်တစ်ချက်ကို ထပ်မံမှတ်သားလိုက်ရ၏။ ဆားချာလ် သေဆုံးရသည့် ကြေကွဲဖွယ်ဇာတ်လမ်းကို ဘေးဖယ်လိုက်၏။ နှစ်ရက်ကာလ အတောအတွင်း ရှင်းမပြနိုင်သော မတော်တဆမှုများကို ကျွန်ုပ်တို့ ဆက်တိုက်တွေ့ခဲ့ရ၏။ ထိုမတော်တဆမှုများတွင် ပုံနှိပ်စာလက်ခံရရှိမှု၊ မြင်းလှည်းထဲမှ မုတ်ဆိတ်မွေးနှင့် သူလျှို၊ အညိုရောင် ဘွတ်ဖိနပ် အသစ်တစ်ဖက် ပျောက်ဆုံးခြင်း၊ အနက်ရောင်ဘွတ်ဖိနပ်အဟောင်းတစ်ဖက်ပြန်တွေ့ခြင်းတို့ ပါဝင်၏။ ဘေကာလမ်းသို့ ကျွန်ုပ်တို့ မြင်းလှည်းပြန်စီးသွားစဉ် ဟုမ်းက မြင်းလှည်းထဲ၌ ငြိမ်သက်စွာ ထိုင်နေပြီး၊ သူ၏ ထက်မြက်သော မျက်နှာနှင့်တွန့်နေသော မျက်



www.burmeseclassic.com

www.burmeseclassic.com



ခုံးတို့ကြောင့် သူ၏စိတ်သည် ကျွန်ုပ်၏စိတ်ကဲ့သို့ ထူးစမ်း၍ အဆက်အစပ်မရှိသော အဖြစ်အပျက်များကို ဆက်စပ်မှု ပြုလုပ်ရန် ကြိုးစားယင်းဖြင့်၊ အလုပ်ရှုပ်နေကြောင်းကို ကျွန်ုပ် သိရ၏။ မွန်းလွဲပိုင်းတစ်ချိန်လုံးနှင့် ညနေပိုင်း အချိန်လွန်သည့်အထိ သူက၊ ထိုင်လျက် ဆေးတံသောက်ယင်း၊ အတွေးထဲ၌ နစ်မြုပ်နေ၏။

ညစာမစားခင်ကလေးတွင် ကြေးနန်းစာနှစ်စောင်ရောက်လာ၏။ ပထမ တစ်စောင်က ဤသို့ဖြစ်၏။

**'ဘာရီမိုး၊ ဟောလ်အိမ်၌ ရှိကြောင်းသိရ'**

**ဘာစ်ကာဗီလ်**

ဒုတိယတစ်စောင်က ဤသို့ဖြစ်၏။

**'ညွှန်ကြားထားသည့်အတိုင်း ဟိုတယ် ၂၃ ခုဆီသို့သွားရောက်ခဲ့၊ သို့သော် ဖြတ်တောက်ထားသည့်တိုင်းသတင်းစာရွက်ကို ခြေရာခံရန် မတတ်နိုင်ကြောင်း သတင်းပို့ရန် ဝမ်းနည်း'**

**ကာဒ်ရိုက်**

'ကျွန်တော်ရဲ့ ချည်မျှင်နှစ်ချောင်းကတော့ သွားပြီ၊ ဝပ်ဆန်။ ခင်ဗျားကို ဆန့်ကျင်နေတဲ့ အမှုထက်ပိုပြီး စိတ်လှုပ်ရှားမှုဖြစ်တဲ့ဟာ ဘာမှ မရှိတော့ဘူး။ ကျွန်တော်တို့ နောက်ထပ် အနံ့ခံရမယ်'

'သူလျှိုကို မောင်းပို့တဲ့ မြင်းလှည်းသမားတော့ ရှိပါသေးတယ်'

'အတိအကျပဲ၊ မှတ်တမ်းရုံးကနေ သူ့ရဲ့ နာမည်နဲ့ လိပ်စာရဖို့အတွက် ကျွန်တော်ကြေးနန်းရိုက်ထားတယ်။ ဒါက ကျွန်တော့် ပုစ္ဆာအတွက် အဖြေဖြစ်မယ်ဆိုယင်၊ ကျွန်တော် မအံ့ဩပါဘူး'

သို့သော်လည်း တံခါးခေါင်းလောင်းထိုးသံက အဖြေထက်ပို၍ ကျေနပ်ဖွယ်ကောင်းသော အရာဖြစ်မည်ကို သက်သေပြလိုက်၏။ အဘယ်ကြောင့်ဆိုသော တံခါးပွင့်သွားပြီး၊ ထိုလူကိုယ်တိုင် အထင်အရှားဖြစ်မည့် ကြမ်းတမ်းသော သွင်ပြင်ရှိသည့် လူတစ်ယောက်က ဝင်လာသောကြောင့် ဖြစ်၏။

'ဒီလိပ်စာနဲ့ လူကြီးမင်းတစ်ယောက်က မြင်းလှည်းနံပါတ် ၂၇၀၄ ကို စုံစမ်းနေတယ်လို့ ရုံးချုပ်က ကျွန်တော် သတင်းရခဲ့တယ်' သူက ပြော၏။ 'ကျွန်တော် မြင်းလှည်းမောင်းနေတာ အခုဆိုယင် (၇) နှစ်ရှိပြီ၊ တစ်ခါမှ အတိုင်



www.burmeseclassic.com

www.burmeseclassic.com



မခံရဖူးဘူး။ ခင်ဗျား ကျွန်တော်ကို ဘာမကျေနပ်သလဲဆိုတာ ခင်ဗျားကို ကျွန်တော်မျက်နှာချင်းဆိုင်မေးချင်လို့ မြင်းလှည်းဂိတ်ကနေ ဒီကို ကျွန်တော် တန်းလာတာပါ'

'ခင်ဗျားကို ကျွန်တော် မကျေနပ်တာ ဘာမှ မရှိပါဘူး မိတ်ဆွေကြီး' ဟုမ်းက ပြော၏။ 'ဒီအစား ကျွန်တော်ရဲ့ မေးခွန်းတွေကို ခင်ဗျား အဖြေရှင်းရှင်းလင်းလင်းပေးမယ်ဆိုယင်၊ ခင်ဗျားကို ကျွန်တော် ဒင်္ဂါးပေါင်ဝက်ပေးမယ်'

'သြော် ကျွန်တော် ဒီနေ့ ကံကောင်းပြီ၊ ဘာမှ မမှားဘူးပေါ့' မြင်းလှည်းသမားက ပြုံးလျက်ပြော၏။ 'ခင်ဗျား ဘာမေးချင်သလဲ ဆရာ'

'ခင်ဗျားကို နောက်တစ်ကြိမ် အလိုရှိနိုင်တာမို့၊ ပထမဦးဆုံး ခင်ဗျားရဲ့ နာမည်နဲ့ လိပ်စာကို လိုချင်တယ်'

'ဂျွန်ကလေတန်၊ အမှတ် (၃) တာဖီလမ်းပါ။ ကျွန်တော်ရဲ့ မြင်းလှည်းက ဝါးတားလူးဘူတာအနီး ရှစ်ဖလီမြင်းလှည်းဂိတ်ကပါ'

ရှားလော့ဟုမ်းက ၎င်းကို မှတ်စုရေးထား၏။

'ကဲ ကလေတန်၊ ဒီမနက် (၁၀) နာရီမှာ ဒီအိမ်ကိုလာကြည့်ပြီး အဲဒီနောက်မှာ လူကြီးမင်းနှစ်ယောက် နောက်ကို ရီဂျင်လမ်းအထိ လိုက်တဲ့ ခရီးသည်နဲ့ ပတ်သက်ပြီး၊ ကျွန်တော်ကို အကုန်ပြောပြပါ'

ထိုလူက အံ့သြသွားပုံပေါ်ပြီး၊ အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။ 'ဘာကြောင့်လဲ ကျွန်တော် သိပြီးသလောက် ခင်ဗျား သိပြီးဟန်တူမှတော့ ခင်ဗျားကို ကျွန်တော် ပြောပြဖို့ ဘာကောင်းမှာလည်း' သူက ပြော၏။ 'အမှန်တော့ အဲဒီလူကြီးမင်းက စုံထောက်တစ်ယောက်ဖြစ်ကြောင်းနဲ့ သူနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ ဘာမှ မပြောဖို့ ကျွန်တော်ကို ပြောခဲ့တယ်'

'မိတ်ဆွေ၊ ဒါက အလွန်အရေးကြီးတဲ့ ဒိစ္စတစ်ခုပါ။ ခင်ဗျား ကျွန်တော်ကို တစ်ခုခု မပြောဘဲ ဖုန်းကွယ်ထားမယ်ဆိုယင်၊ ခင်ဗျား အလွန်ဆိုးဝါးတဲ့ အခြေအနေကို ရောက်သွားနိုင်တယ်။ ခင်ဗျားရဲ့ ခရီးသည်က သူ့ကို စုံထောက်လို့ ခင်ဗျားကိုပြောသလား'

'ဟုတ်ကဲ့၊ သူပြောပါတယ်'

'ဘယ်အချိန်မှာ ဒါကို သူပြောသလဲ'

'ကျွန်တော်ဆီက သူ ထွက်သွားတဲ့အခါမှာပါ'

'နောက်ထပ်ဘာပြောသေးသလဲ'

'သူ့ရဲ့နာမည်ကို ပြောပါတယ်'

ဟုမ်းက ဝင့်ကြွားသော အကြည့်ဖြင့် ကျွန်ုပ်ကို လျင်မြန်စွာ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အို ... သူ့နာမည်ကို သူပြောသလား။ ဒါက ရဲတင်းလွန်းတယ်။ သူ ပြောတဲ့နာမည်က ဘာလဲ'

'သူ့နာမည်က' မြင်းလှည်းသမားက ပြော၏။ 'မစ္စတာ ရှားလော့ဟုမ်းပါ'

မြင်းလှည်းသမား၏ အဖြေကြောင့် ကျွန်ုပ်၏မိတ်ဆွေ၊ ထိုမျှ တွန့်ခနဲဖြစ်သွားသည်ကို ကျွန်ုပ် တစ်ခါမှ မမြင်ဘူးပါ။ ခဏအားဖြင့် သူ အံ့ဩထိတ်လန့်လျက် ငြိမ်သက်စွာထိုင်နေ၏။ ထို့နောက် အားပါးတရ ရယ်မော၏။

'သူခိုးတစ်ယောက်ပဲ ဝပ်ဆန်၊ မငြင်းဆန်နိုင်တဲ့ သူခိုးတစ်ယောက်ပဲ' သူက ပြော၏။ 'ကျွန်တော်လို လျင်မြန်သွက်လက်မှုရှိတဲ့လူလို့ ကျွန်တော်ထင်တယ်။ ဒီတစ်ကြိမ်တော့ ကျွန်တော်ရဲ့ အိမ်ကို သူမြန်မြန်သိသွားတယ်။ ဒါဆိုသူရဲ့ နာမည်က ရှားလော့ဟုမ်းလား'

'ဟုတ်ကဲ့ ဆရာ၊ အဲဒီလူကြီးမင်းရဲ့ နာမည်က အဲဒီအတိုင်းပါ'

'ကောင်းတယ်။ သူ့ကို ခင်ဗျား ခေါ်တင်လာတဲ့နေရာနဲ့ ဖြစ်ပျက်ခဲ့သမျှ အားလုံး ကျွန်တော်ကို ပြောပြပါ'

'တစ်ရာဖာဂါရင်ပြင်မှာ (၉) နာရီခွဲက ကျွန်တော်ကို သူ ငှားပါတယ်။ သူ စုံထောက်တစ်ယောက်ဖြစ်ကြောင်း၊ ကျွန်တော်ကို ပြောပါတယ်။ တစ်နေ့လုံး သူကြိုက်တဲ့အတိုင်း၊ ကျွန်တော် တိတိကျကျ လုပ်ပြီး၊ ဘာမေးခွန်းမှ မမေးဘူးဆိုယင်၊ သူက ကျွန်တော်ကို ၂ ပေါင်ပေးမယ် ပြောပါတယ်။ ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့ သဘောတူလိုက်ပါတယ်။ ပထမဦးဆုံး နော်သန်ဘာလန်ဟိုတယ်ကို ကျွန်တော်တို့ မောင်းသွားတယ်။ လူကြီးမင်း နှစ်ယောက်ထွက်လာပြီး၊ မြင်းလှည်းငှားတဲ့အထိ ကျွန်တော်တို့ အဲဒီနေရာမှာ စောင့်နေတယ်။ သူတို့ရဲ့ မြင်းလှည်း ဒီအနီးအနား တစ်နေရာမှာ ရပ်သွားတဲ့အထိ၊ သူတို့ရဲ့ နောက်ကို ကျွန်တော်တို့ လိုက်လာတယ်'

'ဒီတံခါးဝမှာ'

ဟုမ်းက ပြော၏။

'အင်း၊ ဒါကို ကျွန်တော် မသေချာဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့ ခရီးသည်က ဒီအကြောင်းအားလုံး သိတယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်။ ကျွန်တော်တို့ လမ်းဘေးမှာ ရပ်နေကြပြီး၊ တစ်နာရီခွဲခန့် စောင့်နေပါတယ်။ အဲဒီနောက် အဲဒီလူကြီးမင်းနှစ်ယောက်က လမ်းလျှောက်ယင်း၊ ကျွန်တော်တို့ကို ကျော်ဖြတ်သွားတယ်။ ကျွန်တော်တို့ ဘေကာလမ်းတစ်လျှောက်လိုက်ပါတယ်။ ပြီးတော့ ...'

'ကျွန်တော် သိတယ်' ဟုမ်းက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ရီဂျင်လမ်းကို (၄) ပုံ (၃) ပုံလောက် ရောက်တဲ့အထိ လိုက်ပါတယ်။ အဲဒီနောက် ကျွန်တော်ရဲ့ လူကြီးမင်းက လိုက်ဖမ်းနေတာကို လက်လျှော့လိုက်ပြီး၊ ဝါးတားလူးဘူတာရုံကို ကျွန်တော် တတ်နိုင်သမျှ မြန်မြန်မောင်းဖို့ အော်ပြောပါတယ်။ ကျွန်တော်လည်း မြင်းကို နှင်တံနဲ့ ရိုက်ပြီး၊ ၁၀ မိနစ်အတွင်းမှာ အဲဒီကို ကျွန်တော်တို့ ရောက်သွားတယ်။ အဲဒီနောက် သူက ကျွန်တော်ကို ၂ ပေါင်ပေးပြီး၊ ဘူတာထဲကို ဝင်သွားပါတယ်။ သူ ထွက်ခွာတော့မယ့်ဆဲဆဲမှာ၊ သူက လှည့်ပြီး 'မစ္စတာ ရှားလော့ဟုမ်းကို ခင်ဗျား မောင်းပို့နေတာ သိရယင်၊ စိတ်ဝင်စားမှာပါ' လို့ ပြောတယ်။ ဒါကြောင့်နာမည်ကို ကျွန်တော် သိရတာပါ'

'ကျွန်တော် နားလည်ပါတယ်။ သူ့ကို ခင်ဗျား ထပ်မမြင်တော့ဘူးလား'

'ဘူတာထဲကို သူဝင်သွားပြီး နောက်မှာ မမြင်ရတော့ဘူး'

'မစ္စတာ ရှားလော့ဟုမ်းကို ခင်ဗျား ဘယ်လို ပုံဖော်ပြမလဲ'

မြင်းလှည်းသမားက ဦးခေါင်းကို ကုတ်၏။ 'အင်း၊ သူ့ကို ပုံဖော်ပြဖို့က လွယ်ကူတဲ့ လူကြီးမင်းတစ်ယောက်တော့ မဟုတ်ဘူး။ သူ့ကို ကျွန်တော် အသက် (၄၀) လောက်ခန့်မှန်းပါတယ်။ အရပ်က မနိမ့်မမြင့်ပါ။ ခင်ဗျားထက် ၂ လက်မ၊ ၃ လက်မလောက်ပိုနိမ့်ပါတယ် ဆရာ၊ သူက သပ်ရပ်တဲ့ လူတစ်ယောက်လို၊ ဝတ်စားထားပါတယ်။ အဖျားမှာ လေးထောင့်ကျကျညှပ်ထားတဲ့ မုတ်ဆိတ်မွေးအနက်နဲ့ ဖွေးစွတ်တဲ့ မျက်နှာ ရှိပါတယ်။ ဒီထက်ပိုပြီး ကျွန်တော် ပြောနိုင်မလားတော့ မသိဘူး'

'မျက်လုံးအရောင်ကရော'

'ဟင့်အင်း၊ ဒါကိုတော့ ကျွန်တော် မပြောချင်ဘူး'

'ခင်ဗျား မှတ်တောင် မမှတ်မိတော့ဘူးလား'

'ဟင့်အင်း ဆရာ၊ ဘာမှ မမှတ်မိဘူး'

'အင်း၊ ဒါဖြင့်ယင် ဒီမှာ ခင်ဗျားအတွက် ဒင်္ဂါးပေါင်ဝက်၊ ခင်ဗျားနောက်ထပ် သတင်းထပ်ယူလာနိုင်ယင် ပေါင်ဝက်ထပ်ရမယ်။ သွားတော့'

'သွားပါ့မယ်၊ ဆရာ ကျေးဇူးတင်ပါတယ်'

ဂျွန်ကလေတန်က ရယ်မောလျက် ထွက်ခွာသွား၏။ ဟုမ်းက ဝမ်းနည်းနေသော အပြုံးဖြင့် ပခုံးတွန့်လျက် ကျွန်ုပ်ဘက်သို့လှည့်လိုက်၏။

'ကျွန်တော်တို့ရဲ့ တတိယကြိုးလည်း ပြတ်သွားပြီ။ ကျွန်တော်တို့ စခဲ့တဲ့နေရာမှာ ဆုံးသွားပြီ' သူက ပြော၏။ 'တော်တော်ဉာဏ်များတဲ့ ကလိန်ကကျစ်သမား။ ကျွန်တော်တို့ရဲ့ နံပါတ်ကို သိတယ်။ ဆာဟင်နရီဘာစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဗီလ်၊ ကျွန်တော်နဲ့ တိုင်ပင်တာကို သူသိတယ်။ ရီဂျင်းလမ်းမှာ ကျွန်တော် ဘယ်သူလဲဆိုတာ သူမှတ်မိတယ်။ မြင်းလှည်းသမားကို ကျွန်တော် ဖမ်းကိုင်မယ်ဆိုတာ သူ တွက်မိတယ်။ ဒါကြောင့် ဒီ 'ရဲတင်းတဲ့သတင်းပို့ချက်ကို ပြန်ပို့လိုက်တာပဲ၊ ကျွန်တော် ပြောပြမယ် ဝပ်ဆန်၊ ဒီတစ်ကြိမ်တော့ ကျွန်တော်တို့ကောင်းကောင်း တိုက်ခိုက်ရမယ့် သူနဲ့ ကျွန်တော်တို့ တွေ့ပြီ။ လန်ဒန်မှာတော့ ကျွန်တော် ရှုံးသွားပြီ၊ ဒီဗွန်ရှဲမှာ ခင်ဗျား ကံကောင်းပါစေလို့ပဲ၊ ကျွန်တော် ဆန္ဒပြုနိုင်တော့တယ်။ ဒါပေမယ့် ဒါနဲ့ပတ်သက်လို့ ကျွန်တော် စိတ်ထဲမှာ သိပ်မလွယ်လှဘူး'

'ဘာမှာ ပတ်သက်လို့လည်း'

'ခင်ဗျားကို စေလွှတ်ဖို့ ကိစ္စပါ။ ဒီကိစ္စက တော်တော် အရုပ်ဆိုးတယ်။ ဝပ်ဆန်၊ အရုပ်ဆိုးပြီး အန္တရာယ်များတဲ့ ကိစ္စပါ။ ဒီအကြောင်းကို ကျွန်တော် ပိုမြင်လာလေ၊ မကြိုက်လေပါဘဲ၊ ဟုတ်တယ် ... မိတ်ဆွေကြီး၊ ခင်ဗျားရယ်ချင် ရယ်မယ်။ ဒါပေမယ့် ခင်ဗျား ဘေကာလမ်းကို နောက်တစ်ခါ လုံခြုံစိတ်ချစွာ ပြန်ရောက်လာယင်၊ ကျွန်တော် အလွန်ဝမ်းသာမယ့် အကြောင်း အမှာစကား ပါးလိုက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

# ဘာစ်ကာဗီလ်၏အိမ်

ဘာဟင်နရီဘာစ်ကာဗီလ်နှင့် ဒေါက်တာ မော်တင်မာက ချိန်းဆိုထားသောနေ့တွင် အဆင်သင့်ဖြစ်နေကြပြီး၊ ဒီဗွန်ရှဲကို ကျွန်ုပ်တို့ စီစဉ်ထားခဲ့သည့်အတိုင်း ခရီးစကြ၏။ မစ္စတာ ရှားလော့ဟုမ်းက ကျွန်ုပ်ကို ဘူတာရုံသို့ ပို့ပေးပြီး၊ နောက်ဆုံးမခွဲခွာခင်၊ ညွှန်ကြားချက်နှင့် အကြံပြုချက်များကို ကျွန်ုပ်အားပေး၏။

'သီအိုရီတွေ ဒါမှမဟုတ် သံသယတွေကို အဆိုပြုယင်းနဲ့ ခင်ဗျားရဲ့ စိတ်ကို ကျွန်တော် မလွှမ်းမိုးပါဘူး။ ဝပ်ဆန်' သူက ပြော၏။ 'အခြေအနေတွေကို အဖြစ်နိုင်ဆုံး အရှင်းဆုံးပုံစံနဲ့ ခင်ဗျား ကျွန်တော့်ကို သတင်းပို့စေချင်တယ်။ သီအိုရီ အယူအဆတွေလုပ်ဖို့က ကျွန်တော် တာဝန်ထားပါ'

'ဘယ်လို အခြေအနေတွေလည်း' ကျွန်ုပ်က မေး၏။

'ဒီအမှုနဲ့ သွယ်ဝိုက်ပတ်သက်နိုင်တဲ့ အလားအလာရှိသမျှ အရာတွေ၊ အထူးသဖြင့် ငယ်ရွယ်တဲ့ ဘာစ်ကာဗီလ်နဲ့ သူ့ရဲ့အနီးပတ်ဝန်းကျင်က လူတွေရဲ့ ဆက်ဆံရေးနဲ့၊ ဆာချာလ်ရဲ့ သေဆုံးမှုနဲ့ ပတ်သက်တဲ့ အချက်အလက်အသစ်တွေပါပဲ' ပြီးခဲ့တဲ့ရက် အနည်းငယ်က ကျွန်တော်ကိုယ်တိုင် စုံစမ်းမှုတချို့ ပြုလုပ်ခဲ့တယ်။ ဒါပေမယ့် ရလာဒ်က သုံညဖြစ်နေတယ်။ တစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက်တူပါတယ်။ ဒါက နောက်အမွေဆက်ခံမဲ့လူ၊ မစ္စတာ ဂျိမ်းဒက်စ်မွန်ဟာ၊ အလွန်ရောင့်ရဲတတ်တဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်တာမို့၊ ဒီပြဿနာဟာ သူ့ကြောင့် မဖြစ်ဘူးဆိုတာပါပဲ။ သူ့ကို ကျွန်တော်တို့ရဲ့ တွက်ချက်မှုထဲကနေ လုံးဝ ဖယ်ရှားထားရမယ်လို့ ကျွန်တော် ထင်တယ်။ တောရိုင်းမြေပေါ်က ဆာဟင်နရီဘာစ်ကာဗီလ်ရဲ့ ပတ်ဝန်းကျင်မှာ တကယ်ရှိနေတဲ့ လူတွေပဲ ကျန်တော့တယ်'

'ဒီဘာရီမိုး ဇနီးမောင်နှံကို ပထမဦးဆုံး ဘေးဖယ်ထားလိုက်ယင် မကောင်းဘူးလား'

'ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ ဒီထက်ကြီးမားတဲ့မှားယွင်းမှုမျိုး ကျွန်တော်တို့ လုပ်နိုင်မှာ မဟုတ်တော့ဘူး။ သူတို့မှာ အပြစ်မရှိယင်တော့ ဒါက ရက်စက်တဲ့၊ တရားမမျှတမှု ဖြစ်နိုင်တယ်။ သူတို့အပြစ်ရှိယင်တော့ သူတို့ကို ထုတ်ဖော်နိုင်မယ့် အခွင့်အရေးတွေ အားလုံးကို ကျွန်တော်တို့ စွန့်လွှတ်ရလိမ့်မယ်။ နောက်ပြီး ကျွန်တော် မှတ်မိသလောက်တော့ အိမ်မှာ မြင်းထိန်းတစ်ယောက်ရှိသေးတယ်။ တောရိုင်းမြေလယ်သမားနှစ်ယောက်လည်း ရှိတယ်။ ကျွန်တော်တို့ရဲ့ မိတ်ဆွေ ဒေါက်တာမော်တင်မာ ရှိတယ်။ သူ့ကို လုံးဝရိုးသားတယ်လို့ ကျွန်တော် ယုံကြည်တယ်။ သူ့ရဲ့ဇနီးလည်း ရှိတယ်။ သူမကိုတော့ ကျွန်တော် ဘာမှ မသိဘူး။ သဘာဝမြတ်နိုးသူ ဒီစတာပလက်တန်ဆိုတဲ့ လူ ရှိတယ်။ သူ့ရဲ့ ညီမလည်း ရှိတယ်။ သူမက ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီးငယ်တစ်ယောက်လို့ ပြောကြတယ်။ လက်ဖ်တာဟော အိမ်က မစ္စတာ ဖရန်ကလင်ဆိုတာ ရှိတယ်။ သူကလည်း မသိရတဲ့ အချက်တစ်ခုပဲ။ ပြီးတော့ တခြား အိမ်နီးနားချင်းတစ်ယောက်နှစ်ယောက်လည်း ရှိတယ်။ ဒီလူတွေက ခင်ဗျား အထူးလေ့လာသုံးသပ်ရမယ့် လူတွေပါ'

'ကျွန်တော် အကောင်းဆုံး ဖြစ်အောင် လုပ်ပါ့မယ်'

'ခင်ဗျားမှာ လက်နက်တွေ ရှိတယ်လို့ ကျွန်တော် ထင်တယ်'

'ဟုတ်ကဲ့ ဒါတွေကို ယူသွားဖို့လည်း ကျွန်တော် စဉ်းစားမိပါတယ်'

'သေချာတာပေါ့၊ နေ့ရော၊ ညရော ခင်ဗျားရဲ့ ခြောက်လုံးပြူးကို ခင်ဗျား အနားမှာ ထားပါ။ ခင်ဗျား ဘယ်တော့မှ သတိအလွတ်မပေးပါနဲ့'

ကျွန်ုပ်တို့၏ မိတ်ဆွေများက အထူးတန်းတွဲတွင် ထိုင်ခုံယူပြီးဖြစ်ကာ၊ ပလက်ဖောင်းပေါ်၌ ကျွန်ုပ်တို့ကို စောင့်မျှော်နေ၏။

'ဟင့်အင်း၊ ကျွန်တော်တို့မှာ ဘာသတင်းမှ မရှိပါဘူး' ဒေါက်တာမော်တင်မာက ကျွန်ုပ်မိတ်ဆွေ၏ မေးခွန်းကို ဖြေကြားလျက်ပြော၏။ 'တစ်ခုတော့ အသေအချာ ပြောနိုင်ပါတယ်။ အဲဒါကပြီးခဲ့တဲ့ (၂) ရက်အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နောက်ယောင် အလိုက်မခံရဘူးဆိုတာပါပဲ။ ကျွန်တော်တို့ မျက်စေ့ရှင်ရှင်ထား မကြည့်ဘဲနဲ့ အပြင်ကို မထွက်ပါဘူး။ ကျွန်တော်တို့ သတိမပြုမိဘဲ လွတ်သွားတဲ့ လူမရှိပါဘူး'

'ခင်ဗျားတို့ အမြဲတမ်း ပူးတွဲနေကြတယ်လို့ ကျွန်တော် ထင်တယ်'

'မနေ့က မွန်းလွဲပိုင်းကလွဲလို့ပေါ့၊ မြို့ကို ကျွန်တော် လာတဲ့အခါ တစ်ရက်တော့၊ ကျွန်တော် ပျော်ပျော်ပါးပါး နေတတ်တယ်။ ဒါကြောင့် ခွဲစိတ်မှု တက္ကသိုလ်က ပြခန်းမှာ ကျွန်တော် တစ်ရက်အချိန်ဖြုန်းခဲ့တယ်'

'ကျွန်တော်ကတော့ ပန်းခြံထဲက တိုင်းရင်းသားလူမျိုးတွေကို သွားကြည့်တယ်' ဘာစ်ကာဗီလ်က ပြော၏။ 'ဒါပေမယ့် ကျွန်တော်တို့ ဘာပြဿနာမှ မတွေ့ပါဘူး'

'ဘာပဲဖြစ်ဖြစ်၊ ဒါမသင့်တော်ဘူး' ဟုမ်းက ဦးခေါင်းကို ခါရမ်းလျက် အလွန်ဝမ်းနည်းသော အမူအရာဖြင့် ပြော၏။ 'ခင်ဗျားတစ်ယောက်တည်း လျှောက်မသွားဖို့ ကျွန်တော် တောင်းပန်ပါတယ်၊ ဆာဟင်နရီ။ ခင်ဗျားသွားယင် အင်မတန် ကံမကောင်းအကြောင်းမလှမှုနဲ့ ခင်ဗျား တွေ့ရလိမ့်မယ်။ ခင်ဗျားရဲ့ ကျန်တဲ့ဘွတ်ဖိနပ်တစ်ဖက်ပြန်ရပြီလား'

'မရဘူး ဆရာ၊ အဲဒါကတော့ သွားပြီ'

'တကယ်ပါပဲ၊ ဒါ စိတ်ဝင်စားဖို့ ကောင်းတယ်။ ကဲ နှုတ်ဆက်ပါတယ်' ရထားက ပလက်ဖောင်းတစ်လျှောက် ရွေ့လျားစပြုသောအခါ သူက ထပ်ပြော၏။

'ဒေါက်တာ မော်တင်မာ ကျွန်တော်တို့ကို ဖတ်ပြတဲ့၊ ထူးဆန်းတဲ့ ရှေးဟောင်းဒဏ္ဍာရီထဲက ဝါကျတစ်ပိုဒ်ကို စိတ်ထဲမှာ မှတ်ထားပါ၊ ဆာဟင်နရီ ပြီးတော့ မိစ္ဆာတွေရဲ့ အင်အားကြီး စိုးနေတဲ့အချိန်၊ ဒီအမှောင်ကာလထဲမှာ တောရိုင်းမြေကို ရှောင်ရှားပါ'

ပလက်ဖောင်းမှ ကျွန်ုပ်တို့ ဝေးလံစွာ ထွက်ခွာလာသောအခါ ကျွန်ုပ် နောက်သို့ ပြန်လှည့်ကြည့်သော် အရပ်ရှည်လျား၍ ရိုးရှင်းသော ဟုမ်း၏ ပုံရိပ်က မတုန်မလှုပ်ရပ်လျက်၊ ကျွန်ုပ်တို့ နောက်ငေးစိုက်ကြည့်နေသည်ကို ကျွန်ုပ် တွေ့မြင်ရ၏။

ခရီးက လျင်မြန်၍ နှစ်သက်ဖွယ်ကောင်းသော ခရီးတစ်ခုဖြစ်၏။ ကျွန်ုပ်တို့ အဖော်နှစ်ယောက်နှင့် ပိုမိုရင်းနှီးမှုရှိစေရန် ကြိုးစားယင်း၊ ဒေါက်တာ မော်တင်မာ၏ ခွေးကလေးနှင့် ဆော့ကစားယင်းဖြင့်၍ ခရီးကို ကျွန်ုပ်အချိန်ဖြုန်းခဲ့၏။ နာရီအနည်းငယ်အတွင်းတွင်၊ အညိုရောင်မြေကြီးက၊ နီရဲလာပြီး၊ အုတ်ခဲများက ဂရပ်နိုက်ကျောက်တုံးများအဖြစ်သို့ ပြောင်းလဲလာကာ၊ နီရဲသော နွားမ



www.burmeseclassic.com

www.burmeseclassic.com



များက ခြံစည်းရိုးကောင်းစွာ ကာရံထားသော ခြံများအတွင်းသို့ ငေးစိုက်ကြည့်နေကြ၏။ ထိုခြံဝင်းများအတွင်းမှ သန့်စွမ်းသော မြက်ပင်များနှင့် ပို၍စိမ်းလန်းသော အသီးအနှံပင်များက၊ ရာသီဥတုကောင်းမွန်မှုကို ဖော်ပြနေကြ၏။ ငယ်ရွယ်သော ဘာစ်ကာဗီးလ်က ပြတင်းပေါက်မှ စိတ်အားထက်သန်စွာ စိုက်ကြည့်နေပြီး၊ ရင်းနှီးကျွမ်းဝင်သော ဒီဗွန်ရှဲနယ်တစ်ဝိုက်၏ ရှုခင်းများကို သူ အမှတ်ရမိသောအခါ ဝမ်းသာအား ရကျယ်လောင်စွာ အော်ဟစ်၏။

'ဒီနေရာက ကျွန်တော် စွန့်ခွာလာကတည်းက ကမ္ဘာ့ နေရာကောင်းတစ်ခုမှာ ကျွန်တော် ရှိနေခဲ့ပါတယ်။ ဒေါက်တာ ဝပ်ဆန်' သူက ပြော၏။ 'ဒါပေမယ့် ဒီနေရာနဲ့ နှိုင်းယှဉ်လို့ရမယ့် နေရာကို ကျွန်တော်တစ်ခါမှ မမြင်ဘူးသေးပါဘူး'

'သူ့ရဲ့ တောနယ်တစ်ဝိုက်ကို ချီးမွမ်းမပြောဘူးတဲ့ ဒီဗွန်ရှဲနယ်သားတစ်ယောက်ကို ကျွန်တော် မမြင်ဖူးသေးပါဘူး'

ကျွန်ုပ်က မှတ်ချက်ချ၏။

'ဒါက ဒီကျေးလက်ဒေသမပေါ်မှာ မူတည်သလောက်၊ လူမျိုးရိုးပေါ်မှာလည်း မူတည်တယ်။ 'ဒေါက်တာ မော်တင်မာက ပြော၏။ 'ဒီက ကျွန်တော်တို့ရဲ့မိတ်ဆွေကို တစ်ချက်ကြည့်လိုက်ယင်၊ ဦးခေါင်းလုံးလုံးနဲ့ 'စက်လ်' လူမျိုးကို တွေ့ရတယ်။ အဲဒါကို ဦးခေါင်းထဲမှာ 'စက်လ်' တို့ရဲ့ စိတ်ထက်သန်မှုနဲ့ ရင်းနှီးကျွမ်းဝင်မှု အင်အားတွေရှိတယ်။ ဆာချာလ်ရဲ့ ဦးခေါင်းမှာတော့ အလွန်ရှားပါးတဲ့ ပုံစံဖြစ်တဲ့၊ ဂါလစ်တစ်ဝက်နှင့် အီဗန်နီတစ်ဝက် ရှိတယ်။ ဒါပေမယ့် ဘာစ်ကာဗီလ်ဟော အိမ်ကို ခင်ဗျား နောက်ဆုံး မြင်ရတဲ့အခါက ခင်ဗျား အလွန်ငယ်ပါသေးတယ် မဟုတ်ဘူးလား'

'ကျွန်တော်ရဲ့ အဖေ သေဆုံးတဲ့အချိန်က ကျွန်တော်က ဆယ်ကျော်သက်ရွယ်ကလေးပဲ ရှိသေးပြီး 'ဟောလ်အိမ်ကို တစ်ခါမှ မမြင်ဖူးဘူး၊ အဖေက တောင်ဘက်ကမ်းခြေက ယာတောအိမ်ကလေးမှာ နေထိုင်တာကြောင့်ပါ။ အဲဒီနေရာကနေ၊ အမေရိကားက ကျွန်တော်ရဲ့ မိတ်ဆွေတစ်ယောက်ဆီကို ကျွန်တော် တန်းသွားပါတယ်။ ဒါတွေအားလုံးက ဒေါက်တာ ဝပ်ဆန်အတွက် အသစ်အဆန်းတွေ ဖြစ်သလို၊ ကျွန်တော့်အတွက်လည်း အသစ်အဆန်းတွေ ဖြစ်နေတယ်လို့ ကျွန်တော် ဆိုချင်ပါတယ်။ တောရိုင်းမြေကို ကျွန်တော် တွေ့မြင်ရဖို့ စိတ်ထက်သန်နေပါတယ်'

'ခင်ဗျား စိတ်ထက်သန်သလား၊ ဒါဖြင့်ယင် တောရိုင်းမြေက ခင်ဗျားရဲ့ မြင်ကွင်းထဲကို အရင်ဦးဆုံး ဝင်လာမှာမို့၊ ခင်ဗျား လွယ်လွယ်ကူကူ ဆန္ဒပြည့်ဝနိုင်ပါတယ်' ဒေါက်တာ မော်တင်မာက ရထားတွဲပြတင်းပေါက်မှ ညွှန်ပြယင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်လေး ထောင့်ကျကျလယ်ကွင်းများနှင့် သစ်တော တစ်အုပ်၏ ခပ်နိမ့်နိမ့်အတွန့်အကောက်များပေါ်တွင် မီးခိုးရောင်တောင် ကုန်းတစ်ခုက အဝေးလှမ်းလှမ်း၌ ထူးဆန်းစွာ အချွန်အတက်ဖြစ်နေသော တောင်ထွဋ်တစ်ခုနှင့်အတူ ဝေးလံမှုကြောင့် ရေးရေးမှုန်မှုန်ဖြစ်လျက်၊ အိမ်မက်ထဲမှ ထူးဆန်းသော ရှုခင်းတစ်ခုကဲ့သို့အလား၊ ထွက်ပေါ်နေ၏။ ဘာစ်ကာဗီလ်၏ မျက်လုံးများက ၎င်းအပေါ် စူးစိုက်နေလျက်ဖြင့်၊ အချိန်ကြာရှည်စွာ သူထိုင်နေ၏။ သူနှင့် သွေးသားစပ်သူများက ကာလကြာရှည်စွာ ချုပ်ကိုင်ခဲ့ပြီး၊ သူတို့၏ အမှတ်အသားများကို နက်ရှိုင်းစွာထားခဲ့သည် ထူးဆန်းသော ဤနေရာ၏ ပထမဦးဆုံးမြင်ကွင်းက သူ့အတွက်မည်မျှ အဓိပ္ပါယ်ရှိသည်ကို စိတ်ထက်သန်နေသော သူ့မျက်နှာပေါ်၌ ကျွန်ုပ် တွေ့မြင်မိ၏။ ငြိမ်ငွေ့ဖွယ်ကောင်းသော ရထားတွဲထောင့်တွင် သားမွေးဝတ်စုံဖြင့် သူက ထိုင်နေပြီး၊ ညိုမှောင်၍ အာရုံထွေပြားနေသော သူ၏မျက်နှာကို ကျွန်ုပ်ကြည့်သော် အမျိုးမြတ်၍ စိတ်ဓာတ်ပြင်းထန်သော မျိုးဆက်မှ သူဆင်းသက်လာပုံ မည်မျှမှန်ကန်သည်ကို ခါတိုင်းထပ် ပို၍ ကျွန်ုပ် ခံစားမိ၏။ သူ၏ထူထဲသော မျက်လုံးများ၊ သူ၏ခံစားလွယ်သော နှာခေါင်းပေါက်များနှင့် သူ၏စိမ်းဖန့်ဖန့်မျက်လုံးကြီးများတွင် ဂုဏ်ယူခြင်း၊ ရဲရင့်ခြင်း၊ အင်အားကြီးခြင်းတို့ ရှိနေကြ၏။ တားမြစ်ထားသော ဤတောရိုင်းမြေပေါ်တွင် ခက်ခဲသော၊ အန္တရာယ်ရှိသော စွန့်စားမှုက ကျွန်ုပ်တို့၏ ရှေ့တွင် ရှိနေမည်ဆိုလျှင်၊ ဤစွန့်စားမှုကို သူရဲဝံ့စွာမျှ ဝေယူမည်ဟူသော သေချာမှုဖြင့်၊ တစ်ဦးတစ်ယောက်က သူ့အတွက် စွန့်စားမှုပြုရန် ထိုက်သည့် ရဲဘော်တစ်ယောက်ဖြစ်၏။

ဘူတာကလေးတစ်ခုတွင် ရထားက ဆိုက်ကပ်ပြီး၊ ကျွန်ုပ်တို့အားလုံး ဆင်းလာကြ၏။ အပြင်ဘက်ခြံစည်းရိုး ဖြူဖြူနိမ့်နိမ့် အလွန်တွင်၊ မြင်းနှစ်ကောင်ကသော ရထားယာဉ်တစ်စီးက စောင့်နေ၏။ ဘူတာရုံပိုင်နှင့် အလုပ်သမားများက ကျွန်ုပ်တို့၏ ဝန်စည်များကို သယ်ထုတ်သွားရန်အတွက် ကျွန်ုပ်တို့ကို ဝိုင်းအုံနေကြသဖြင့် ကျွန်ုပ်တို့ ရောက်လာမှုက အထင်အရှားပင် ကြီးကျယ်ခမ်းနားသော အဖြစ်အပျက်တစ်ခုဖြစ်၏။ ၎င်းက ရိုးရှင်း၍ နှစ်သက်ဖွယ်ကောင်းသော ကျေးလက်ဒေသတစ်ခု ဖြစ်၏။ သို့သော် ဂိတ်ပေါက်ဝတွင် မည်းနက်သော ယူနီဖောင်းများဖြင့် စစ်သားလိုလို လူနှစ်ယောက်က သူတို့၏ တိုတောင်းသော ရိုင်ဖယ်သေနတ်များပေါ် ကိုယ်ကို မှီလျက် ကျွန်ုပ်တို့ ကျော်ဖြတ်သွားစဉ် ကျွန်ုပ်တို့ကို စိတ်ထက်သန်စွာ ကြည့်ယင်း၊ မတ်တပ်ရပ်နေကြသည်ကို ကျွန်ုပ်တွေ့မြင်ရသဖြင့် အံ့ဩမိ၏။ တင်းမာသော မျက်နှာရှိ၍ ပုံပန်းမကျသော လူကလေးဖြစ်သည့် မြင်းရထားမောင်းသမားက ဆာဟင်နရီဘာစ်



www.burmeseclassic.com

www.burmeseclassic.com



ကာဗီလ်ကို အလေးပြုပြီး၊ မိနစ်အနည်းငယ်အတွင်း ကျယ်ပြန့်ဖြူဖွေးသော လမ်းတစ်လျှောက်၊ ကျွန်ုပ်တို့လျင်မြန်စွာ ပြေးနေကြ၏။ တလိမ့်လိမ့်ဖြစ်နေသော စားကျက်မြေက ကျွန်ုပ်တို့၏ ဘေးတစ်ဖက်တစ်ချက်တွင် အထက်သို့ ကွေးတက်သွားကြပြီး ခေါင်မိုးချွန်ချွန်ရှိသော အိမ်အိုများက ထူထဲစိမ်းလန်းသော သစ်ရွက်များအကြားမှ ချောင်းမြောင်းကြည့်နေကြ၏။ သို့သော် ငြိမ်းချမ်း၍နေရောင်ခြည်ဖြာနေသော ကျေးလက်ဒေသနောက်တွင် ညနေခင်း ကောင်းကင်ကို နောက်ခံယင်း၊ ရွှေ့လျားမည်းမှောင်သော တောရိုင်းမြေကွေးကွေး ပြန့်ပြန့်က တောင်ကုန်းအချွန်အတက်များဖြင့် ပြတ်တောက်လျက် တမျှော်တခေါ် ဖြစ်နေ၏။

ရထားယာဉ်က ဘေးလမ်းတစ်ခုထဲသို့ ကွေ့ဝင်လာပြီး၊ ရာစုနှစ်များစွာ ဘီးများအသုံးပြုမှုကြောင့် ချိုင့်ဖြစ်နေသော လမ်းပေါ်သို့ ကျွန်ုပ်တို့ တက်လာကြ၏။ ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသော တာရိုးများရှိ၏။ တဖြည်းဖြည်း တက်လာယင်းဖြင့်၊ ကျဉ်းမြောင်းသော ကျောက်တုံးတံတားပေါ်သို့ ကျွန်ုပ်တို့ဖြတ်ကျော်လာပြီး မီးခိုးရောင်ကျောက်တုံးများအကြားတွင် အမြှုပ်တက်လျက် အော်မြည်နေယင်း၊ လျင်မြန်စွာ စီးဆင်းနေသည့် ဆူညံသော စမ်းချောင်းဘေးသို့ ရောက်လာ၏။ လမ်းနှင့် စမ်းချောင်းနှစ်ခုစလုံးက ဝက်သစ်ချသစ်ပင်နှင့် ထင်းရှူးသစ်ပင်တို့ဖြင့် ထူးဆန်းစွာရှိသော တောင်ကြားထဲသို့ ကွေ့ဖြတ်သွား၏။ လမ်းကွေ့ရောက်တိုင်း၊ ဘာစ်ကာဗီးလ်က သူဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လျက်၊ မရေတွက်နိုင်သော မေးခွန်းများကို မေးယင်း သဘောကျဟန်ဖြင့် အာမေဋိတ်ပြု၏။ အားလုံးက သူ၏မျက်လုံးထဲတွင် လှပနေဟန်တူ၏။ သို့သော် ကျွန်ုပ်အတွက်မူ၊ ဝမ်းနည်းဖွယ် အရိပ်အငွေ့က ကျေးလက်ဒေသတစ်ဝိုက်ပေါ်တွင် လွှမ်းခြုံနေပြီး၊ ၎င်းက ကြေကွဲဖွယ်ရာ နှစ်ကာလ၏ အမှတ်အသားများကို ထင်ရှားစွာဆောင်နေ၏။ အဝါရောင်သစ်ရွက်များက လမ်းပေါ်တွင် သင်ဖြူးခင်းထားပြီး၊ ကျွန်ုပ်တို့ ဖြတ်ကျော်သွားသောအခါ၊ ၎င်းတို့က လွင့်ပျံ့သွားကြ၏။ သွေ့ခြောက်နေသော ရွက်ကြွေသစ်ရွက်များအကြား ကျွန်ုပ်တို့ဖြတ်သန်းမောင်းနှင်သောအခါ၊ မြင်းလှည်းဘီးသံက တိုးမှိန်သွား၏။ ပြန်လာသော ဘာစ်ကာဗီးလ်အမွေခံ၏ ယာဉ်ရထားရှေ့သို့ သဘာဝက ပြစ်ချလိုက်သော ဝမ်းနည်းဖွယ်လက်ဆောင်များဟု ကျွန်ုပ်ထင်မိ၏။

'အလို' ဒေါက်တာ မော်တင်မာက အော်၏။ 'ဒါဘာလဲ'

ပေါင်းပင်များ ပေါက်နေသော ကုန်းမြေက ကျွန်ုပ်တို့၏ ရှေ့တွင် မတ်မတ် စောက်စောက် မြင့်တက်သွား၏။ ကုန်းထိပ်ပေါ်တွင်မူ အုတ်ခုံပေါ်မှ၊



www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးရုပ်ထုကဲ့သို့ ရှင်းလင်းတောင့်တင်းလျက်၊ မြင်းစီးစစ်သားတစ်ယောက်က အသားမည်းမည်း၊ မျက်နှာတင်းတင်းဖြင့်၊ ရိုင်ဖယ်သေနတ်ကို သူ၏လက်မောင်းပေါ်တွင် အသင့်တင်လျက်ရှိနေ၏။ ကျွန်ုပ်တို့ သွားနေသော လမ်းတစ်လျှောက်ကို သူကြည့်နေ၏။

'ဒါဘာလဲ၊ ပါကင်' ဒေါက်တာ မော်တင်မာက မေး၏။

မြင်းလုပ်သားမောင်းသမားက သူ့ထိုင်ခုံမှ တစ်ဝက်လှည့်လိုက်၏။

' "ပရင်တန်" က အကျဉ်းသားတစ်ယောက် လွတ်သွားတာရှိတယ်၊ ဆရာ။ အခုဆိုယင် သူလွတ်သွားတာ (၃) ရက်ရှိပြီး၊ ထောင်အစောင့်တွေက လမ်းတိုင်း၊ ဘူတာရုံတိုင်းကို စောင့်ကြည့်နေကြတယ်။ ဒါပေမယ့် သူ့ကို သူတို့ မတွေ့ကြရသေးဘူး။ ဒီအနီးအနားတစ်ဝိုက်က လယ်သမားတွေက ဒါကို မကြိုက်ဘူး ဆရာ၊ ဒါကြောင့်ပါ'

'အင်း၊ သူတို့သတင်းပေးနိုင်ယင် (၅) ပေါင်ရမယ်ဆိုတာ။ ကျွန်တော် နားလည်ပါတယ်'

'ဟုတ်ပါတယ် ဆရာ။ ဒါပေမယ့် ၅ ပေါင်ရမယ့် အခွင့်အရေးဟာ ခင်ဗျားရဲ့ လည်ပင်းအဖြတ်ခံရမယ့် အခွင့်အရေးနဲ့ ယှဉ်လိုက်ယင်၊ သနားစရာဖြစ်သွားပြီ။ ခင်ဗျား သိမှာပါ။ သူက သာမန် အကျဉ်းသား မဟုတ်ဘူး။ ဒီလူက လက်ရှိ့တဲ့ လူ မဟုတ်ဘူး'

'ဒါဖြင့်ယင် ဘယ်သူလဲ'

'သူက "နော်တင်ဟေးလ်" လူသတ်သမား ရှယ်လ်ဒင်ပါ'

ဤအမှုကို ကျွန်ုပ် ကောင်းစွာမှတ်မိ၏။ ပြစ်မှု၏ ထူးခြားလှသော ရက်စက်မှုနှင့် ကြမ်းကြုတ်လှသော လူသတ်မှုတို့ကြောင့် ဟုမ်းစိတ်ဝင်စားခဲ့သော အမှုတစ်ခု၊ ဖြစ်နေသောကြောင့် ဖြစ်၏။ သူ၏အပြုအမူများက ရက်စက်လွန်းအားကြီးရာ သူ၏စိတ်ပုံမှန်ရှိမှုနှင့် ပတ်သက်၍ သံသယဖြစ်ရသောကြောင့်၊ သူ၏သေဒဏ်ကို လျှော့ပေါ့ပေးခဲ့၏။ ကျွန်ုပ်တို့၏ ရထားယာဉ်က ကုန်းမြင့်တစ်ခု ထိပ်ပေါ်ရောက်သွားပြီး ကျွန်ုပ်တို့၏ ရှေ့တွင် တောရိုင်းမြေက ကျောက်တုံးကျောက်ခဲများဖြင့် အကွက်ကွက်ဖြစ်လျက် ကျယ်ပြန့်စွာရှိနေ၏။ အေးမြသော လေက ၎င်းဘက်မှ တိုက်ခတ်လာပြီး၊ ကျွန်ုပ်တို့ကို တုန်ရီစေ၏။ ဤကြမ်းကြုတ်သော လူသည် ရိုင်းစိုင်းသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ မြေတွင်းထဲတွင် ပုံးအောင်းယင်း၊ သူ၏နှလုံးသားက သူ့အား မောင်းထုတ်ပစ်လိုက်သော လူမျိုးတစ်စုလုံးကို သေကြေပျက်စီးလိုသော ဆန္ဒများဖြင့် ပြည့်လျက်ဖြင့်၊ လူသူကင်းမဲ့သော ထိုကွင်းပြင်တစ်နေရာတွင် ချောင်းမြောင်းနေ၏။ တောရိုင်းမြေ၏ ခက်ထန်ရန်လိုမှုကို ပြီးပြည့်စုံရန်အတွက်၊ ၎င်းအပြင် အေးစက် သော



www.burmeseclassic.com

www.burmeseclassic.com



လေနှင့်မည်းမှောင်သော ကောင်းကင်ပြင်ကိုလည်း လိုအပ်၏။ ဘာစ်ကာ ဗီလ် ပင်လျှင် ငြိမ်ကျသွားပြီး သူ၏ အပေါ်ကုတ်အင်္ကျီကို သူ၏ကိုယ်တွင် ပို၍ တင်းကြပ်စွာဆွဲစေ့လိုက်၏။

စိမ်းလန်းစိုပြေသော တောနယ်က ကျွန်ုပ်တို့၏အောက်၊ ကျွန်ုပ်တို့၏ အနောက်တွင် ကျန်ရစ်ခဲ့၏။ ကျွန်ုပ်တို့က ၎င်းကို ယခုပြန်လှည့်ကြည့်ကြသော်၊ စောင်းနေသော နေလုံးနီနီ၏ အလင်းရောင်ခြည်က စမ်းချောင်းများကို ရွှေရောင် ပြိုးပြိုးပျက်ပျက် ဖြစ်စေပြီး၊ အသစ်ထွန်ယက်ထားသည့် နီရဲသော မြေကြီးများ နှင့် ကျယ်ပြန့်သော တောအုပ်အစုစုတို့အပေါ် အလင်းဖြာကျနေ၏။ ကျွန်ုပ်တို့ ၏ အရှေ့မှ လမ်းက ကြီးမားသော ကျောက်တုံးကြီးများ ပြန့်ကျဲလျက်၊ ပိုမို ကြမ်းတမ်းလာ၏။ ကျောက်တုံးများဖြင့် အမိုးအကာပြုလုပ်ထားသော ယာ တောအိမ်များကို ကျွန်ုပ်တို့ မကြာခဏဆိုသလို ဖြတ်ကျော်သွားကြ၏။ ပြင်း ထန်သော မုန်တိုင်းတို့ကြောင့် ကြိုးလိမ်ကောက်နေ၍ ကြုံလှီသော ဝက်သစ်ချ ပင်၊ ထင်းရှူးပင်တို့ဖြင့် ဟိုတစ်စု၊ ဒီတစ်စုရှိနေသည့် ပန်းကန်လုံးကဲ့သို့သော ချိုင့်ဝှမ်းထဲသို့ ကျွန်ုပ်တို့ ရုတ်တရက် ကြည့်လိုက်၏။ မြင့်မား၍ ကျဉ်းမြောင်း သော မျှော်စင်နှစ်ခုက၊ သစ်ပင်များပေါ်မှ ထိုးထွက်နေ၏။ မြင်းရထားမောင်း သမားက နှင်တံဖြင့် ညွှန်ပြ၏။

'ဘာစ်ကာဗီလ်အိမ်ပါ' သူက ပြော၏။

၎င်း၏ အိမ်ရှင်က ထပြီး၊ နီရဲနေသော ပါးပြင်၊ တောက်ပနေသော မျက်လုံးများဖြင့် လှမ်း၍ကြည့်နေ၏။ မိနစ်အနည်းငယ်ကြာသောအခါ အစောင့်အိမ်ရှိသည့် ဂိတ်ဝသို့ ကျွန်ုပ်တို့ရောက်လာ၏။ ဂိတ်စောင့်အိမ်က အနက်ရောင်ဂရပ်နိုက်ကျောက်တုံးများဖြင့် ယိုယွင်းနေသော အိမ်ဖြစ်၏။ သို့ သော် ၎င်းနှင့် မျက်နှာချင်းဆိုင်တွင်၊ တစ်ဝက်တစ်ပျက် ဆောက်ထားသော ဆာချာလ်၏ တောင်အာဖရိက ရွှေများမှ၊ ပထမဦးဆုံး အသီးအပွင့်ဖြစ်သည့် အဆောက်အဦးအသစ်တစ်ခုက ရှိနေ၏။

ဂိတ်ပေါက်ကို ဖြတ်လျက်၊ လမ်းထဲသို့ ကျွန်ုပ်တို့ ဝင်လာ၏။ ထို နေရာတွင် လှည်းဘီးများက သစ်ရွက်များ အကြားတွင် တစ်ခါအသံငြိမ်သွား ပြန်ပြီး သစ်ပင်အိုများက ၎င်းတို့၏ အကိုင်းအခက်ကို ကျွန်ုပ်တို့၏ ဦးခေါင်း ပေါ်တွင် အုပ်ဆိုင်းထား၏။ ရှည်လျားမည်းမှောင်သော လမ်းအဆုံးတွင် အိမ်က သူရဲတစ္ဆေကဲ့သို့ ရေးရေးထင်နေသည်ကို ဘာစ်ကာဗီလ်က လှမ်းကြည့် လိုက်သော်၊ သူတုန်လှုပ်သွားမိ၏။

'အဲဒါ အဲဒီနေရာမှာ ဖြစ်တာလား' သူက အသံတိုးတိုးဖြင့် မေး၏။

'မဟုတ်ဘူး၊ မဟုတ်ဘူး။ ပုံနရိပ်လမ်းက တခြားတစ်ဖက်မှာ ရှိတာ'



www.burmeseclassic.com

www.burmeseclassic.com



အမွေဆက်ခံသူ လူငယ်က ညှိုးငယ်သော မျက်နှာပြင်သေးပတ်လည်ကို လှည့်ပတ်ကြည့်၏။

'ဒီလိုမျိုးနေရာမှာ သူ့အပေါ်ကံဆိုးမိုးမှောင်ကျလာသလို၊ ကျွန်တော့်ဦးလေးခံစားရတာ၊ အံ့သြစရာ မဟုတ်ပါဘူး' သူက ပြော၏။ 'လူတစ်ယောက်ကို ခြောက်လှန့်ဖြစ်ဖို့၊ လုံလောက်တဲ့နေရာပဲ။ (၆) လအတွင်း ဒီနေရာမှာ လျှပ်စစ်မီးတိုင်တွေ ကျွန်တော် တန်းစီစိုက်မယ်။ အိမ်တံခါးဝရှေ့ ဒီနေရာမှာ ဖယောင်းတိုင်တစ်ထောင်အား ရှိတဲ့ဆွန်အင်အယ်ဒီဆန် မီးလုံးနဲ့ဆိုယင်၊ ဒီကြောက်စရာတွေကို ခင်ဗျား နောက်တစ်ခါသိရတော့မှာ မဟုတ်ပါဘူး'

လမ်းက မြက်ငုတ်တိုများ ရှိသော မြေပြင်ပေါ်သို့ ပြန့်ကားသွားပြီး အိမ်က ကျွန်ုပ်တို့၏ ရှေ့တွင်ရှိနေ၏။ ဗဟိုက ကြီးမားသော အဆောက်အအုံကြီးဖြစ်ပြီး၊ ၎င်းဆီမှ ပေါ်တီကိုတစ်ခုက ထိုးထွက်နေသည်ကို အလင်းရောင်အမှိန်မှိန်တွင် ကျွန်ုပ်တွေ့မြင်ရ၏။ ရှေ့မျက်နှာစာတစ်ခုလုံးက နွယ်ပင်များဖြင့် ဖုံးလွှမ်းနေပြီး၊ ပြတင်းပေါက်ရှိသော နေရာများတွင် ဟိုနေရာ၊ ဒီနေရာ၌ ကွက်လပ်ပြင် ဖြစ်နေ၏။ ဤဗဟိုအဆောက်အအုံမှ၊ ရှေးကျသော ခံတပ်ကဲ့သို့ မျှော်စင်နှစ်ခုက ထိုးထွက်နေ၏။ ၎င်းတို့၏ ဘယ်ဘက်နှင့် ညာဘက်တွင် ပို၍ခေတ်မီသော အနက်ရောင်ဂရပ်နိုင် ကျောက်တုံးအဆောက်အအုံများရှိ၏။ အုတ်အပေါက်များ ကာရံထားသည့် ကြီးမားသော ပြတင်းပေါက်များကြားမှ အလင်းရောင်မှိန်မှိန် ထွက်နေပြီး မတ်စောက်သော ခေါင်မိုးပေါ်၌ ထိုးထွက်နေသော မီးခိုးခေါင်းတိုင်များမှ မီးခိုးမည်းမည်းအတန်းများက လွင့်ပျံနေကြ၏။

'ကြိုဆိုပါတယ်။ ဆာဟင်နရီ၊ ဘာစ်ကာဗီလ်ဟော အိမ်က ကြိုဆိုပါတယ်'

အရပ်မြင့်မြင့် လူတစ်ယောက်က ပေါ်တီကို အရိပ်အောက်မှ ထွက်လာပြီး၊ အမြင်းရထားတံခါးကို ဖွင့်ပေး၏။ အမျိုးသမီးတစ်ယောက်၏ မည်းမည်းအရိပ်က ခန်းမမှ အဝါရောင်အလင်းကို နောက်ခံထားလျက် ပေါ်ထွက်နေ၏။ သူမက ထွက်လာပြီး ထိုလူကို ကူညီ၍ ကျွန်ုပ်တို့၏ အိတ်များကို ချပေး၏။

'အိမ်ကို ကျွန်တော် တန်းတန်းမတ်မတ် မောင်းလာတာကို ခင်ဗျား စိတ်မရှိပါဘူးနော်။ ဆာဟင်နရီ' ဒေါက်တာ မော်တင်မာက ပြော၏။ 'ကျွန်တော်ကို ကျွန်တော့်ဇနီး မျှော်နေတယ်'

'ခင်ဗျား နေဦးမယ် မဟုတ်လား။ ညစာ စားပါဦး'

'ဟင့်အင်း၊ ကျွန်တော် သွားရမယ်။ ကျွန်တော့်အတွက်အလုပ်တွေ ရှိမယ်လို့၊ ကျွန်တော် ထင်တယ်။ ကျွန်တော် ခဏနေပြီး၊ ခင်ဗျားကို အိမ်လိုက်ပြ



www.burmeseclassic.com

www.burmeseclassic.com



မလို့ပါဘဲ။ ဒါပေမယ့် ဘာရီမိုးက ကျွန်တော်ထက်ပိုပြီး၊ လမ်းပြကောင်းဖြစ်မှာပါ။ နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်တော်ရဲ့ အကူအညီလိုအပ်ယင် နေ့ညမဆိုင်းဘဲ အခေါ်လွှတ်လိုက်ပါ'

မြင်းလှည်းဘီးများက လမ်းတစ်လျှောက် အသံတိုးမှိန်သွားစဉ်၊ ဆာဟင်နရီနှင့် ကျွန်ုပ်တို့ခန်းမထဲသို့ ဝင်လာကြပြီး၊ တံခါးက ကျွန်ုပ်တို့နောက်၌ အသံမြည်ဟီး၍ ပိတ်သွား၏။ ကျွန်ုပ်တို့ ရောက်နေသော အခန်းက ကောင်းမွန်သော အခန်းဖြစ်၏။ ဟောင်းနွမ်း၍ မည်းနေသော ဝက်သစ်ချသားဖြင့် ယက်မတန်းကြီးများ ပြုလုပ်ထားပြီး၊ ၎င်းတို့က အလွန်မြင့်မား၍ ကြီးမားလှ၏။ မြင့်မားသော သံဒေါက်တိုင်များနောက်မှ ရှေးဟောင်းပုံစံမီးဖိုထဲတွင် ထင်းလုံးမီးများက တဖြောက်ဖြောက်မြည်လျက် တောက်လောင်နေ၏။ ဆာဟင်နရီနှင့် ကျွန်ုပ်မှာ ကြာရှည်စွာ မြင်းရထားစီးခဲ့ရသဖြင့် ထုံကျင်နေသောကြောင့်၊ ကျွန်ုပ်တို့၏ လက်များကို မီးဖိုဆီသို့ ဆန့်တန်းလိုက်၏။ ထို့နောက် အမြင့်မှ ဟောင်းနွမ်းစွန်းထင်နေသော မှန်ပြတင်းပေါက်သစ်သားဘောင်နှင့် သမင်ဦးခေါင်းများကို ကျွန်ုပ်တို့ လှည့်ပတ်၍မော့ကြည့်ကြ၏။ အားလုံး က ဗဟိုမီးတိုင်မှ ငြိမ်သက်နေသော အလင်းရောင်တွင် မှေးမှိန်၍ မည်းနေ၏။

'ဒါက ကျွန်တော် စိတ်ကူးကြည့်တဲ့အတိုင်းပဲ' ဆာဟင်နရီက ပြော၏။

'ရှေးဟောင်းမိသားစုအိမ်တစ်ခုရဲ့ မြင်ကွင်းပုံစံ မဟုတ်ဘူးလား။ ဒီအိမ်ဟာ ကျွန်တော့်ရဲ့ ဘိုးဘေးဘီဘင်တွေ၊ နှစ်ပေါင်း ၅၀၀၊ နေထိုင်ခဲ့တဲ့အိမ်ပဲလို့ စဉ်းစားရမယ်။ ဒါကို စဉ်းစားရတာ ကျွန်တော် လေးစားမိတယ်'

သူက ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေစဉ်၊ ညိုမှောင်သော သူ၏ မျက်နှာက ကလေးဆန်သော စိတ်ထက်သန်မှုများဖြင့် ဝင်းလက်နေ၏။ သူရပ်နေသော နေရာပေါ်၌ အလင်းရောင်က သူ့အပေါ် ကျရောက်နေ၏။ သို့သော် ရှည်လျားသော အရိပ်များက နံရံပေါ်သို့ ကျရောက်နေပြီး၊ သူ့အပေါ်၌ မိုးနေ၏။ ဘာရီမိုးက ကျွန်ုပ်တို့၏ ဝန်စည်စလှယ်အိတ်များကို ကျွန်ုပ်တို့၏ အခန်းများ ဆီသို့ ပို့ဆောင်ပေးရာမှ ပြန်လာ၏။ ကောင်းစွာ လေ့ကျင့်သင်ကြားထားသော အမှုထမ်းတစ်ယောက်၏ ရိုကျိုးသော အမူအရာဖြင့် သူက ယခု ကျွန်ုပ်တို့၏ ရှေ့တွင် ရပ်နေ၏။ သူက အရပ်ရှည်၊ ချောမော၍ အနက်ရောင် မုတ်ဆိတ်မွေးနှင့် ဖြူလျော်ထင်ရှားသော ရုပ်လက္ခဏာဖြင့် အံ့ဩဖွယ်ရုပ်ဆင်းရှိသော လူတစ်ယောက်ဖြစ်၏။

'ဆရာတို့ ညစာချက်ချင်းစားချင်ပါသလား ခင်ဗျား'

'အဆင်သင့်ဖြစ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'မိနစ်အနည်းငယ်အတွင်းမှာ အဆင်သင့်ဖြစ်ပါ့မယ် ဆရာ။ ဆရာရဲ့ အခန်းထဲမှာ ရေပူကို ဆရာ တွေ့ရပါလိမ့်မယ်။ ဆရာ အစီအစဉ် အသစ်တွေ လုပ်ပြီးတဲ့အထိ၊ ကျွန်တော် ဇနီးနဲ့ ကျွန်တော် ဆရာနဲ့အတူ ဝမ်းပန်းတသာ နေပါ့မယ်။ ဒါပေမယ့် အခြေအနေအသစ်မှာ ဒီအိမ်ဟာ အမှုထမ်းတွေ အတော် လိုမယ်ဆိုတာ ဆရာ နားလည်းပါ၊ ဆာဟင်နရီ'

'ဆာချားလ်ဟာ အလွန်ကို ရိုးရိုးကုတ်ကုတ်နေခဲ့ပါတယ်။ သူရဲ့ လိုအပ်ချက်တွေကို ကျွန်တော်တို့ ဖြည့်ဆည်းပေးနိုင်ခဲ့တယ်လို့ ကျွန်တော် ဆိုလိုတာပါ။ ဆရာကတော့ အိမ်ဖော်အခြွေအရံတွေ အများကြီး လိုချင်မှာပါ။ ဆရာရဲ့ အိမ်မှုထိန်းသိမ်းရေးကိစ္စမှာ ဆရာ အပြောင်းအလဲ လုပ်ရမှာပါ"

'ခင်ဗျားနဲ့ ခင်ဗျားရဲ့ဇနီး ဒီအိမ်က ထွက်ခွာသွားချင်တယ်လို့ ခင်ဗျား ဆိုလိုတာလား'

'ဒါက ဆရာအတွက် လုံးဝ အဆင်ပြေတယ် ဆိုမှပါ ဆရာ'

'ဒါပေမဲ့ ခင်ဗျားရဲ့ မိသားစုဟာ ကျွန်တော်တို့နဲ့အတူ ဘိုးဘွားစဉ် ဆက် ရှိခဲ့တယ်၊ မဟုတ်လား။ ရှေ့အဆက်ဆက်က မိသားစု ဆက်နွယ်မှုကို ဖြတ်တောက်ပြီး၊ ကျွန်တော် ဒီမှာ ဘဝ အစပြုရမှာကို ဝမ်းနည်းမိမှာပါ"

ပစ္စည်းထိန်း၏ ဖြူဖွေးသော မျက်နှာပြင်ပေါ်မှ စိတ်လှုပ်ရှားမှု လက္ခဏာတချို့ကို ကျွန်ုပ် တွေ့မြင်လိုက်ဟန်တူ၏။

'ကျွန်တော်လည်း ဒီလိုခံစားရပါတယ် ဆရာ၊ ကျွန်တော့်ရဲ့ ဇနီးက လည်း ထို့အတူပါပဲ။ ဒါပေမယ့် အမှန်ကို ပြောရယင်၊ ဆရာ၊ ကျွန်တော်တို့နှစ် ဦးစလုံးဟာ ဆာချားလ်ကို အလွန်သံယောဇဉ်ရှိပါတယ်။ သူသေဆုံးရတာ ကြောင့် ကျွန်တော်တို့ အလွန်တုန်လှုပ်မိပြီး၊ ဒီပတ်ဝန်းကျင်ကို အလွန်စိတ်နာ မိပါတယ်။ ဘာစ်ကာဗီးလ်အိမ်မှာ ကျွန်တော်တို့ နောက်တစ်ကြိမ် စိတ်အေး ချမ်းသာ မဖြစ်မှာကို ကျွန်တော် စိုးရိမ်မိပါတယ်'

'ဒါပေမယ့် ခင်ဗျား ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ'

'စီးပွားရေးလုပ်ငန်းတစ်ခုခုကို ကျွန်တော်တို့ အောင်အောင်မြင်မြင် ထူထောင်နိုင်မယ်ဆိုတာ ကျွန်တော် သံသယမဖြစ်ပါဘူး၊ ဆရာ။ ဆာချားလ်ရဲ့ ပေးကမ်းရက်ရောမှုကြောင့် ကျွန်တော်တို့ ဒီလိုလုပ်နိုင်မယ့် လမ်းစ ရခဲ့ပါတယ်။ ကဲ ဆရာ၊ ဆရာ့ရဲ့ အခန်းကို ကျွန်တော် ပြယင်ကောင်းမယ်'

လေးထောင့်ကျသောအခန်းက လှေကား (၂) ထပ်ဖြင့် အပေါ်သို့ တက်သွား၏။ ထိုဗဟိုနေရာမှ ရှည်လျားသော စင်္ကြံ (၂) ခုက အဆောက်အဦး တဆုံးအထိ တန်းသွားပြီး၊ ထိုနေရာဘက်သို့ အိပ်ခန်းများက ပွင့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ အခန်းက ဘာစ်ကာဗီလ်၏ အခန်းနှင့် တစ်ဆောင်တည်းတွင် ရှိပြီး ၎င်းနှင့်ကပ်လုနီးပါး ဖြစ်၏။ ဤအခန်းများက အဆောက်အဦး၏ ဗဟို အစိတ်အပိုင်းများထက် များစွာ ပိုမိုခေတ်မီပုံပေါ်ပြီး၊ များစွာလှသော ဖယောင်း တိုင်များက ကျွန်ုပ်တို့ ရောက်လာစဉ်က ခံစားရသော ကျွန်ုပ်၏ညှိုးငယ်စိတ် များကို ဖယ်ရှားရန် တစ်စုံတစ်ခု ပြုလုပ်ပေး၏။

သို့သော် ခန်းမဘက်သို့ ပွင့်နေသော ထမင်းစားခန်းက အရိပ်ကျ၍ မှောင်သော နေရာဖြစ်၏။ ၎င်းက ရှည်လျားသော အခန်းတစ်ခန်းဖြစ်ပြီး၊ ၎င်း တွင် အဆင့် (၂) ဆင့်ရှိကာ၊ အိမ်ကြီးရှင် မိသားစုက အထက်အဆင့်တွင် ထိုင်ကြ၍ အောက်အဆင့်က အိမ်ဖော်များအတွက် ဖြစ်၏။ တစ်ဖက်အဆုံးတွင် ဖျော်ဖြေခန်းတစ်ခုကို လှမ်းမြင်ရ၏။ မည်းမှောင်သော ထုတ်တန်းများက ကျွန်ုပ်တို့၏ ဦးခေါင်းအထက်တွင် ယှက်သန်းနေကြပြီး၊ ၎င်းတို့၏ အလွန်တွင် မီးခိုးများဖြင့် မည်းနေသော မျက်နှာကျက်ရှိ၏။ အခန်းကို အလင်းပေးမည့် တောက်လောင်နေသော မီးတိုင်တန်းများဖြင့် ၎င်းက အမည်းရောင်လျော့ပါးနိုင် ၏။ သို့သော် အနက်ရောင်အင်္ကျီများ ဝတ်ထားသည့် လူကြီးမင်းနှစ်ယောက် အရိပ်ကျသော မီးတိုင်တစ်ခုမှ ဖြာကျနေသော အလင်းရောင်အကွက်ကလေး တွင် ထိုင်နေသော အချိန်၊ ယခုကာလတွင် တစ်ယောက်၏ အသံက ခြောက် ကပ်ကပ်ဖြစ်နေပြီး၊ ကျန်တစ်ယောက်က စိတ်ကို ထိန်းထား၏။ ကျွန်ုပ်တို့ စကား အနည်းငယ်ပြောကြ၏။ စားသောက်ပြီးသောအခါ ခေတ်မီ ဘိလိယက် အခန်းထဲတွင် အနားယူကြပြီး စီးကရက်သောက်ကြ၏။

'ဒါပျော်စရာကောင်းတဲ့နေရာ မဟုတ်ဘူး' ဆာဟင်နရီက ပြော၏။ 'ဒါကို ခံနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ ကျွန်တော် မခံနိုင်သေးပါဘူး။ ဒီလိုအိမ်တစ်အိမ်မှာ ကျွန်တော်ရဲ့ ဦးလေးတစ် ယောက်တည်းနေရယင်၊ သူနည်းနည်းပါးပါး စိတ်မရိုးမရွဖြစ်တာကို ကျွန် တော် မအံ့သြပါဘူး။ ဒါပေမယ့် ခင်ဗျားနဲ့ သင့်တော်မယ်ဆိုယင်၊ ဒီည ကျွန် တော်တို့ စောစောအနားယူကြမယ်။ မနက်ဖြန်ကျယင် အခြေအနေတွေက ပိုပြီး နှစ်သက်စရာ ကောင်းလာနိုင်ပါတယ်'

အိပ်ရာမဝင်ခင် ကျွန်ုပ်က လိုက်ကာကို ဘေးဆွဲဖယ်ပြီး၊ ပြတင်း ပေါက်မှ လှမ်းကြည့်လိုက်၏။ ပြတင်းပေါက်က အိမ်တံခါးအရှေ့၌ ရှိသော မြက်ပင်များ ပေါက်နေသည့် ကွက်လပ်ပြင်ဘက်သို့ ပွင့်နေ၏။ ၎င်းအလွန်တွင် သစ်ပင်အုပ်ကလေးနှစ်ခုက တိုက်ခတ်နေသော လေတွင် ရိမ်းယိုင်၍ ငြီးတွားနေ ကြ၏။ တစ်ခြမ်းထွက်နေသော လက ပြေးနေသော တိမ်ကြားမှ ပေါ်ထွက်လာ ၏။ ၎င်း၏အေးမြသော အလင်းရောင်တွင် သစ်ပင်များ အလွန်၌ ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တန်းများနှင့် စိတ်ပျက်စရာ ကောင်းသော တောရိုင်းမြေကို ကျွန်ုပ်တွေ့မြင်ရ၏။ ကျွန်ုပ်၏ နောက်ဆုံး အာရုံတွင် မြင်ခဲ့ရသမျှအရာများကို စွဲထင်လျက် လိုက်ကာကို ကျွန်ုပ်ပိတ်လိုက်၏။

သို့ဖြစ်လင့်ကစား ၎င်းက ဤမျှဖြင့် ပြီးမသွားပါ။ ကျွန်ုပ် ပင်ပန်းနွမ်းနယ်ပြီး အိပ်မပျော်ဘဲ၊ ဟိုဘက် ဒီဘက် လူးလိမ့်လျက် အိပ်ပျော်ဖို့ အရေးကို ကြိုးစားနေ၏။ အဝေးလှမ်းလှမ်းမှ နာရီထိုးသံက ၁၅ မိနစ်တစ်ကြိမ်ရိုက်ခတ်နေ၏။ ၎င်းမှ လွဲ၍ အိမ်အိုကြီးပေါ်တွင် တိတ်ဆိတ်မှုက ကြီးစိုးနေ၏။ ထို့နောက် ရုတ်တရက် ညကာလ၏ တိတ်ဆိတ်မှုတွင် မမှားယွင်းနိုင်စွာ ကြည်လင်တုန်ခါနေသော အသံတစ်ခုက ကျွန်ုပ်၏ နားဆီသို့ ရောက်လာ၏။ ၎င်းက အမျိုးသမီးတစ်ယောက်၏ ငိုရှိုက်သံဖြစ်၏။ မထိန်းချုပ်နိုင်သော ဝမ်းနည်းကြေကွဲမှုဖြင့် အဖိစီးခံရသူတစ်ဦး၏ ပိတ်ဆို့ချုပ်တည်းထားသော ရှိုက်သံဖြစ်၏။ ကျွန်ုပ် အိပ်ရာထဲတွင် ထထိုင်ပြီး၊ အာရုံစိုက်နားထောင်၏။ အသံက မဝေးဘဲ၊ အသေအချာပင် အိမ်ထဲမှ ဖြစ်၏။ နာရီဝက်ခန့်မျှ ကျွန်ုပ် အလွန်နိုးကြားစွာဖြင့် စောင့်နေ၏။ သို့သော် နာရီထိုးသံနှင့် နံရံဘေးမှ နွယ်ပင်တို့၏ လှုပ်ရှားသံတို့မှ လွဲ၍အခြားအသံများ ထွက်မလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

# 'မဲရစ်ပစ်' အိမ်မှ စတားပလက်တန်

နောက်တစ်နေ့နံနက်ခင်း၏ သစ်လွင်သော အလှအပများက ဘာစ်ကာဗီလ်အိမ်၌ ကျွန်တော်တို့ ပထမဦးဆုံးတွေ့ကြုံခံစားရသည့် တင်းကြပ်သော စိတ်များကို ဖယ်ရှားပစ်လိုက်၏။ ဆာဟင်နရီနှင့် ကျွန်ုပ်တို့ မနက်စာ ထမင်းပွဲ၌ ထိုင်နေကြစဉ် နေရောင်ခြည်က မြင့်မားသော ပြတင်းပေါက်များ ကြားမှ ဖြတ်သန်းကျရောက်နေ၏။ ရွှေရောင်ပေါက်နေသော အလင်းရောင်တွင် မည်းနက်သော ပြတင်းပေါက်ဘောင်များက ကြေးနီရောင်ပေါက်နေ၏။ ယမန်နေ့ညက ကျွန်ုပ်တို့ကို စိတ်ဆင်းရဲအောင်၊ ဤအခန်းက ပြုလုပ်ခဲ့သည်ဟု ယုံကြည်ရန်မှာ ခက်လှ၏။

'အပြစ်တင်ရမှာက အိမ်မဟုတ်ဘဲ၊ ကျွန်တော်တို့ပဲ ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်' မြေရှင်ကလေးက ပြော၏။ 'ကျွန်တော်တို့ရဲ့ ခရီးကြောင့် ကျွန်တော်တို့ ပင်ပန်းနွမ်းနယ်ပြီး၊ မြင်းလှည်းစီးရတာကြောင့် ကျွန်တော်တို့ အအေးမိခဲ့ကြတယ်။ ဒါကြောင့် ဒီနေရာကို ကျွန်တော်တို့ မကောင်းမြင်တာပါ။ အခု ကျွန်တော်တို့ လန်းလန်းဆန်းဆန်းနဲ့ ကောင်းကောင်းမွန်မွန် ဖြစ်နေပြီ၊ ဒါကြောင့် အားလုံးက ပျော်ရွှင်စရာ ကောင်းနေပြန်ပြီ'

'ဒါပေမယ့်လည်း ဒါက စိတ်ကူးယဉ် ပြဿနာတော့ လုံးဝ မဟုတ်ဘူး' ကျွန်ုပ်က ဖြေ၏။ 'ဥပမာ ညက တစ်ယောက်ယောက် ငိုရှိုက်တဲ့အသံကို ခင်ဗျား ကြားမိသလား၊ အမျိုးသမီးအသံလို့ ကျွန်တော် ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါ ထူးဆန်းတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ ကျွန်တော် အိပ်မပျော်တပျော် ဖြစ်နေတုန်းမှာ၊ ဒါမျိုး ကျွန်တော်ကြားလိုက်မိတယ်။ ကျွန်တော် အချိန်အတော်ကြာ၊ စောင့်နားထောင်တယ်။ ဒါပေမယ့် အဲဒီအသံမရှိတော့ဘူး။ ဒါကြောင့် ဒါအိမ်မက်မက်တာဖြစ်မယ်လို့ ကျွန်တော် သုံးသပ်ချက်ချလိုက်တယ်'

'ဒါကို ကျွန်တော် သဲသဲကွဲကွဲ ကြားရတယ်။ တကယ်ပဲ ဒါဟာ အမျိုးသမီးတစ်ယောက်ရဲ့ ငိုရှိုက်သံဆိုတာ ကျွန်တော် အသေအချာ သိတယ်'

'ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ချက်ချင်း မေးမြန်းရမယ်' သူက ခေါင်းလောင်းတီးလိုက်ပြီး ကျွန်ုပ်တို့ တွေ့ကြုံခဲ့ရမှုကို ရှင်းပြနိုင်မည်လားဟု ဘာရီမိုးအား သူက မေး၏။ သူ့ဆရာ၏ မေးခွန်းကို သူနားထောင်နေစဉ်၊ ပစ္စည်းထိန်း၏ ဖြူစွတ်သော မျက်နှာကပို၍ ဖြူဖတ်ဖြူယော် ဖြစ်လာသည်ဟု ကျွန်ုပ်ထင်မိ၏။

'အိမ်ထဲမှာ အမျိုးသမီးနှစ်ယောက်ပဲ ရှိပါတယ်။ ဆရာဆာဟင်နရီ' သူက ဖြေ၏။ 'တစ်ယောက်က ပန်းကန်ဆေးအဖော်ပါ။ သူမက တစ်ဖက်ဆောင်မှာ အိပ်ပါတယ်။ ကျန်တစ်ယောက်က ကျွန်တော်ရဲ့ဇနီးပါ။ ဒီအသံက သူ့မဆီက မလာဘူးဆိုတာကိုတော့ ဆရာ့ကို ကျွန်တော် ဖြေနိုင်ပါတယ်'

သို့ဖြစ်လင့်ကစား ၎င်းကို သူပြောသော်လည်း သူလိမ်ညာခဲ့၏။ အကြောင်းမူကား မနက်စာစားပြီးသောအခါ မစ္စစ်ဘာရီမိုးကို ရှည်လျားသော စင်္ကြံလမ်းပေါ်တွင် နေရောင်ခြည်က သူမ၏မျက်နှာပေါ်တွင် အပြည့်အဝထိုးလျက်ဖြင့်၊ ကျွန်ုပ်တွေ့ဆုံသောကြောင့် ဖြစ်၏။ သူမက တင်းတင်းစေ့ထားသော ပါးစပ်အမူအရာဖြင့် ကိုယ်လုံးကိုယ်ထည် ကြီးမားထွားကြိုင်းပြီး၊ မျက်နှာမှင်သေသော အမျိုးသမီးတစ်ယောက်ဖြစ်၏။ သို့သော် သဲလွန်စပြနေသော သူမ၏ မျက်လုံးများက နီရဲနေပြီး၊ မို့အစ်နေသော မျက်ခွံများကြားမှ ကျွန်ုပ်ကို သူမ လှမ်းကြည့်၏။ ဤသို့ဆိုလျှင် ညက ငိုခဲ့သူမှာ၊ သူမပင်ဖြစ်ပြီး သူမငိုမည်ဆိုလျှင် ၎င်းကို သူမ၏ခင်ပွန်းသိရမည်။ သို့ဖြစ်လင့်ကစား ၎င်းက ထိုသို့မဟုတ်ကြောင်းကို လိမ်ညာလျက် ပြောင်ပြောင်တင်းတင်းပင် လူအမိခံရမည့် အန္တရာယ်ကို သူ စွန့်စားခဲ့၏။ ဘာကြောင့် သူ ဤသို့ ပြုလုပ်ရသနည်း။ ထို့အပြင် အဘယ်ကြောင့် သူမ ထိုမျှ ခါးသီးစွာ ငိုရသနည်း။ ဖြူဖွေးလှပပြီး မည်းနက်သော ပါးသိုင်းမွေးရှိသည့် ဤလူ၏ ပတ်လည်တစ်ဝိုက်တွင် ပဟေဠိဆန်မှုများ စိတ်ဆင်းရဲစရာများ လွှမ်းခြုံနေ၏။

ဆာချားလ်၏ အလောင်းကို ပထမဦးဆုံးတွေ့ရှိသူက သူဖြစ်၏။ အဘိုးအိုသေဆုံးခြင်းနှင့် ဆက်နွယ်နေသည့် အခြေအနေအားလုံးနှင့် ပတ်သက်၍ သူ၏ပြောစကားကိုသာ ကျွန်ုပ်တို့ သိထား၏။ ဘာပဲဖြစ်ဖြစ် ရီဂျင့်လမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းထဲတွင် ကျွန်ုပ်တို့ တွေ့မြင်ခဲ့သူမှာ ဘာရီမိုးဖြစ်နိုင်မည်လော၊ မုတ်ဆိတ်ပါးသိုင်းမွေးများက အတုတု ဖြစ်နိုင်၏။ မြင်းလှည်းမောင်းသမားက အတော်အရပ်ပုသူအဖြစ် ဖော်ပြခဲ့၏။ သို့သော် ထိုကဲ့သို့သော စိတ်အထင်က လွယ်လွယ်ကူကူ မှားယွင်းနိုင်၏။ ကျွန်ုပ်မည်ကဲ့သို့ အဖြေထုတ်နိုင်မည်နည်း။ ထင်ရှားစွာပင် ပထမဦးဆုံး ပြုလုပ်ရမည့်အရာဂ ရစ်ပင်စာတိုက်မှူးကို တွေ့ဆုံပြီး၊ စမ်းသပ်ပို့လိုက်သော ကြေးနန်းစာကို ဘာရီမိုး၏ လက်ထဲသို့ ကိုယ်တိုင်အမှန်တကယ် ထည့်ပေး၊ မပေးကို သိရှိရန် ဖြစ်၏။ အဖြေမည်သို့ပင်ဖြစ်ပစေ၊ ရှားလော့ဟုမ်းကို အစီရင်ခံရန် တစ်စုံတစ်ယောက်ကိုတော့ ကျွန်ုပ်အနည်းဆုံး ရပေလိမ့်မည်။

နံနက်စာစားပြီးသော် ဆာဟင်နရီ၌ စစ်ဆေးစရာစာရွက်စာတမ်းများစွာရှိနေ၏။ ထို့ကြောင့် ကျွန်ုပ်အတွက် အပျော်လေ့လာရေး ခရီးထွက်ရန် အချိန်က အခွင့်သာနေ၏။ တောရိုင်းမြေစပ်တစ်လျှောက် (၄) မိုင်ခန့် လမ်းလျှောက်ရသည်က နှစ်သက်စရာဖြစ်ပြီး၊ နောက်ဆုံး၌ အိမ်စုမည်းမည်းကလေးတစ်ခုဆီသို့ ကျွန်ုပ်ရောက်လာ၏။ ထိုအထဲတွင် ဒေါက်တာမော်တင်မာ၏ အိမ်နှင့်တည်းခိုခန်း ဖြစ်ကြသည့် အဆောက်အဦးကြီး (၂) ခုက ကျန်အဆောက်အဦးများအထက်တွင် မိုးလျှက်ရှိနေ၏။ ကုန်စုံဆိုင်ရှင်လည်းဖြစ်သော စာတိုက်မှူးတွင် ကြေးနန်းစာက များများစားစား မရှိပါ။

'သေချာပါတယ် ဆရာ' သူက ပြော၏။ 'ကြေးနန်းစာကို မစ္စတာဘာရီမိုးဆီ ညွှန်ကြားတဲ့အတိုင်း တိတိကျကျ ကျွန်တော် ပို့ခိုင်းလိုက်ပါတယ်'

'ဒါကို ဘယ်သူပို့သလဲ'

'ဒီက ကျွန်တော့်ကောင်လေးပါ။ ဂျိမ်း၊ ပြီးခဲ့တဲ့အပတ်က ဟောလ်က မစ္စတာ ဘာရီမိုးဆီ အဲဒီကြေးနန်းကို မင်းပို့တယ် မဟုတ်လား'

'ဟုတ်ကဲ့၊ အဖေ ကျွန်တော် ပေးလိုက်ပါတယ်'

'သူ့လက်ထဲကို ကိုယ်တိုင်ထည့်ပေးသလား'

ကျွန်ုပ်က မေး၏။

'အင်း အဲဒီအချိန်က အပေါ်ထပ်ထပ်ခိုးပေါ် သူရောက်နေတယ်။ ဒါကြောင့် သူ့ရဲ့လက်ထဲကို ကိုယ်တိုင် ကျွန်တော် မထည့်ပေးနိုင်ခဲ့ဘူး။ ဒါပေမယ့် ဒါကို မစ္စစ် ဘာရီမိုးရဲ့ လက်ထဲကို ကျွန်တော် ထည့်ပေးခဲ့ပါတယ်။ သူမက ဒါကို ချက်ချင်းပေးလိုက်မယ်လို့ ကတိပေးပါတယ်'

'မစ္စတာ ဘာရီမိုးကို မင်းတွေ့ခဲ့သလား'

'မတွေ့ပါဘူး ဆရာ၊ အပေါ်ထပ်ထပ်ခိုးပေါ် သူရောက်နေတယ်လို့၊ ကျွန်တော် ပြောသားပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူကို မင်း မမြင်ယင်၊ ထပ်ခိုးပေါ်မှာ သူရှိနေတယ်လို့ မင်းဘယ်လို လုပ် သိသလဲ'

'အင်း၊ သူ့မိန်းမကိုယ်တိုင်ကတော့ သူဘယ်မှာ ရှိမယ်ဆိုတာ အသေအချာ သိရမှာပေါ့' စာတိုက်မှူးက စိတ်မရှည်ဟန်ဖြင့် ပြော၏။ 'ကြေးနန်းစာကို သူမရဘူးလား၊ အမှားအယွင်းတစ်ခုခုရှိမယ်ဆိုယင်၊ ဘာရီမိုးကိုယ်တိုင် တိုင်ကြားရမယ်'

ဆက်လက်မေးမြန်းစုံစမ်းရန် မျှော်လင့်ချက်ရှိဟန် မတူတော့ပါ။ သို့သော် ဟုမ်းက လှည့်ကွက်များပြုလုပ်ခဲ့သော်လည်း လန်ဒန်တွင် ဘာရီမိုး တစ်ချိန်လုံး ရှိခဲ့ကြောင်းကို ကျွန်ုပ်တို့ သတ်သေအထောက်အထားများ မရခဲ့ပါ။ ဤသို့ဖြစ်သည်ဟု ဆိုကြပါစို့။ ထိုလူကပင် ဆာချားလ်ကို အသက်ရှင်လျက်နှင့် နောက်ဆုံးတွေ့မြင်ခဲ့သူဖြစ်ပြီး၊ အမွေဆက်ခံသူ လူသစ်အင်္ဂလန်သို့ ပြန်လာသောအခါ၊ သူ့နောက်ကို ပထမဦးဆုံးခြေရာခံလိုက်သူဟု ယူဆကြပါစို့၊ ဤသို့ဆိုလျှင် ဘာဖြစ်မည်နည်း။ သူသည် အခြားသူတို့၏ ကိုယ်စားလှယ်တစ်ယောက်ဖြစ်မည်လား။ သို့မဟုတ် သူ့ကိုယ်၌က မလိုမုန်းထားသော ပုံစံတချို့ရှိမည်လား။ ဘာစ်ကာဗီးလ်မိသားစုအပေါ် သူ ရက်ရက်စက်စက်ပြုမူခြင်းဖြင့် ဘာအကျိုးကျေးဇူးသူရမည်နည်း။ တိုင်းအယ်ဒီတာအာဘော်မှ ဖြတ်တောက်ယူခဲ့သော ထူးဆန်းသည့် သတိပေးချက်ကို ကျွန်ုပ်တွေးမိ၏။ ၎င်းက သူ၏ လက်ချက်လော။ သို့မဟုတ် သူ၏အကြံအစည်ကို ဆန့်ကျင်တန်ပြန်သောအားဖြင့် တစ်စုံတစ်ယောက်က ပြုလုပ်ခြင်းဖြစ်နိုင်မည်လော၊ ကြံစည်ချက်က ဆာဟင်နရီ အဆိုပြုခဲ့သလိုဖြစ်၏။ မိသားစုကို ခြောက်လှန့်ထုတ်နိုင်လျှင် ခိုင်ခံ့ခန့်ဖိမ်ကျသော အိမ်က ဘာရီမိုးအတွက် ကျန်ရစ်ခဲ့မည်ဟူ၍ပင်ဖြစ်၏။ သို့သော် ထိုကဲ့သို့သော ရှင်းပြချက်က မြေရှင်ကလေးအပေါ် ပြုလုပ်နေသော အကောက်ကြံမှုအတွက် အကြောင်းပြရန် မလုံလောက်ပါ။ လှုပ်ရှားတက်ကြွစွာ သူစုံစမ်းစစ်ဆေးမှုများစွာ ပြုလုပ်ခဲ့ရာတွင် ထိုမျှရှုပ်ထွေးလှသော အမှုမျိုးကို သူ မတွေ့ဖူးသေးကြောင်း ဟုမ်းကိုယ်တိုင်ကလည်း ပြောခဲ့၏။ ရှင်းနေသော လမ်းတစ်လျှောက်၊ ကျွန်ုပ်ပြန်လျှောက်လာစဉ် ကျွန်ုပ်မိတ်ဆွေ အနေဖြင့် ထိုသို့စိတ်စွဲထင်နေရာမှာ မကြာခင် လွတ်မြောက်ပြီး လေးလံလှသော ဤတာဝန် အထုပ်အပိုးကြီးကို ကျွန်ုပ်၏ပခုံးမှ လွှဲပြောင်းယူရန် ရောက်လာနိုင်ပါစေဟု ကျွန်ုပ်ဆုတောင်းမိ၏။

ကျွန်ုပ် နောက်သို့ ပြေးလိုက်လာသော ခြေသံနှင့် ကျွန်ုပ်၏အမည်ကို ခေါ်သောအသံတို့ကြောင့် ရုတ်တရက် ကျွန်ုပ်၏အတွေးများ ပြတ်သွား၏။ ဒေါက်တာ မော်တင်မာကို တွေ့မြင်ရန် မျှော်လင့်လျက်၊ ကျွန်ုပ်က လှည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ သို့သော် ကျွန်ုပ်အတွက် အံ့ဩဖွယ်ကောင်းစွာ ကျွန်ုပ်နောက်ကို လိုက်လာသူက လူစိမ်းဖြစ်နေ၏။ သူက လူကောင်သေးသေး ပိန်ပိန်ပါးပါးနှင့် မုတ်ဆိတ်ပါးသိုင်းမွေးရိပ်ထားပြီး၊ တည်ငြိမ်သော မျက်နှာရှိသူဖြစ်ကာ ဆံပင်ရွှေဝါရောင်ရှိ၍ မေးရိုးသွယ်၏။ အသက် (၃၀) နှင့် (၄၀) အကြားရှိပြီး၊ မီးခိုးရောင်ဝတ်စုံကို ဝတ်ထား၍ ကောက်ရိုးဦးထုပ်ကို ဆောင်းထား၏။ ဇီဝဗေဒပစ္စည်းများ အသုံးပြုသော သံသေတ္တာတစ်ခုကို ပခုံးတွင် လွယ်ထားပြီး၊ အစိမ်းရောင်လိပ်ပြာ ဖမ်းသော ပိုက်တစ်ခုကို တစ်ဖက်တွင် သူကိုင်ဆောင်ထား၏။

'ကျွန်တော်ရဲ့ ရဲတင်းမှုကို ခင်ဗျား ခွင့်လွှတ်မယ်လို့ ကျွန်တော် ထင်ပါတယ် ဒေါက်တာ ဝပ်ဆန်' သူက ကျွန်ုပ် ရပ်နေသည့် နေရာဆီသို့ မောကြီးပန်းကြီးဖြင့် ရောက်လာစဉ် ပြော၏။ 'ဒီနေရာတောရိုင်းမြေပေါ်မှာ ကျွန်တော်တို့က ကျေးတောသားတွေပါ။ ထုံးတမ်းစဉ်လာအတိုင်း မိတ်ဆက်ကြတာကို ကျွန်တော်တို့နဲ့တော့ မစောင့်ကြပါ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး မော်တင်မာဆီကနေ ကျွန်တော်ရဲ့ နာမည်ကို ခင်ဗျား ကြားဖူးချင်ကြားဘူးနေမှာပါ။ ကျွန်တော် စတာပလက်တန်ပါ။ မဲရစ် ပစ်အိမ်ကပါ'

'ခင်ဗျားရဲ့ ပိုက်နဲ့ သေတ္တာပုံးက ကျွန်တော်ကို အတော်ပြောပြနေပါတယ်' ကျွန်ုပ်က ပြော၏။ 'မစ္စတာ စတာပလက်တန်ဟာ သဘာဝချစ်မြစ်နိုးသူဖြစ်တယ်လို့ ကျွန်တော် သိထားတာကြောင့်ပါ။ ဒါပေမယ့် ခင်ဗျား ကျွန်တော်ကို ဘယ်လိုလုပ်သိသလဲ'

'မော်တင်မာကို ကျွန်တော် တွေ့ခဲ့ပြီးပြီ၊ ခင်ဗျား ဖြတ်သွားတော့၊ သူ့ရဲ့ ခွဲစိတ်ခန်းပြတင်းပေါက်ကနေ၊ ကျွန်တော်ကို သူညွှန်ပြတယ်။ ကျွန်တော်တို့က လမ်းတစ်လမ်းတည်း အတူတူဖြစ်နေတော့ ခင်ဗျားကို ကျွန်တော်မီလာပြီး၊ ကျွန်တော့်ကို ကျွန်တော်မိတ်ဆက်နိုင်မယ်လို့ ကျွန်တော် ထင်ခဲ့တယ်။ ဆာဟင်နရီ ခရီးထွက်လာခဲ့ရလို့ ဘာမှမဖြစ်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ်'

'သူနေကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်'

'ဆာချားလ် ဝမ်းနည်းဖွယ်ကောင်းစွာ သေဆုံးခဲ့ရပြီးနောက်မှာ မြေရှင်အသစ်က ဒီမှာနေဖို့ ငြင်းဆန်မှာကို ကျွန်တော်တို့ အတော့်ကို စိုးရိမ်မိပါတယ်။ ချမ်းသာတဲ့ လူတစ်ယောက်အနေနဲ့ ဒီလိုနေရာမျိုးကို လာပြီး မြှုပ်နှံဖို့ဆိုတာ အတော်ကို မေးစရာဖြစ်နေပါတယ်။ ဒါပေမယ့် ဒါက ကျေးလက်ဒေသတစ်ဝိုက်အတွက်အတော့်ကို အဓိပ္ပါယ်ရှိတယ်ဆိုတာ ခင်ဗျားကို ကျွန်တော်ပြောဖို့လိုမှာ မဟုတ်ဘူး။ ဆာဟင်နရီကတော့ ဒီကိစ္စမှာ အယူသည်းပြီး ကြောက်တတ်တာ မရှိဘူးလို့ ကျွန်တော် ထင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဖြစ်မယ်လို့တော့ ကျွန်တော် မထင်ပါဘူး'

'မိသားစုကို ခြောက်လှန့်နေတဲ့ ဒီမကောင်းဆိုးဝါး ခွေးရဲ့ ဒဏ္ဍာရီကို ခင်ဗျား သိမှာပါနော်'

'ကျွန်တော် ကြားပြီးပါပြီ'

'ဒီအနီးအနား တစ်ဝိုက်က လယ်သမားတွေ အယုံအကြည်လွယ်လွန်းတာ အံ့ဩဖို့ ကောင်းတယ်။ တောရိုင်းမြေပေါ်မှာ ဒီလိုသတ္တဝါတစ်ကောင်ကို သူတို့ မြင်ဖူးကြတယ်ဆိုတာကို တော်တော်များများက ကျိန်တွယ်ပြောဖို့ အဆင်သင့်ဖြစ်နေကြတယ်' သူက ပြုံးလျက်ပြော၏။ သို့သော် သူက ထိုကိစ္စကို ပို၍အလေးအနက်ထားကြောင်းကို သူ၏မျက်လုံးများမှ ကျွန်ုပ်အဓိပ္ပါယ်ကောက်ယူနိုင်ဟန်တူ၏။ 'ဒီဇာတ်လမ်းက ဆာချားလ်ရဲ့ စိတ်ကူးပေါ်မှာ အတော်ခြေကုတ်ယူထားတယ်။ ဒါက သူ့ကို ကြေကွဲဖွယ် ကောင်းစွာ အဆုံးသတ်စေတယ်ဆိုတာ ကျွန်တော် သံသယ မရှိပါဘူး'

'ဒါပေမယ့် ဘယ်လို အဆုံးသတ်သလဲ'

'သူ့ရဲ့ စိတ်အာရုံတွေက လှုပ်ရှားလွန်းအားကြီးတာကြောင့် ခွေးတစ်ကောင်ကောင်ရဲ့ ပုံပန်းသဏ္ဌာန်က ရောဂါရနေတဲ့ နှလုံးသားအပေါ် သေလောက်အောင် အကျိုးသက်ရောက်မှုဖြစ်နိုင်တယ်။ အဲဒီညက ပုံနရိပ်လမ်းပေါ်မှာ အဲဒါမျိုးတစ်ခု သူတကယ်တွေ့မြင်ခဲ့ရမယ်လို့ ကျွန်တော် ထင်တယ်။ ဒီအဖိုးအိုကို ကျွန်တော် အလွန်နှစ်သက်တာကြောင့် သူ ဒုက္ခတစ်ခုခုဖြစ်မှာကို ကျွန်တော် စိုးရိမ်ခဲ့ပါတယ်။ သူ့ရဲ့နှလုံးအားနည်းတာကို ကျွန်တော် သိပါတယ်'

'ဒါကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'ကျွန်တော်ရဲ့ မိတ်ဆွေ မော်တင်မာက ကျွန်တော်ကို ပြောပြခဲ့ပါတယ်'

'ဒါဖြင့်ယင် ခွေးတစ်ကောင်ကောင်က ဆာချားလ်ကို လိုက်ဖမ်းပြီး၊ အကျိုးသက်ရောက်မှုအနေနဲ့၊ သူကြောက်လန့်ပြီး သေသွားတယ်လို့ ခင်ဗျား ထင်သလား'

'ခင်ဗျားမှာ ဒီထက်ပိုကောင်းမဲ့ ရှင်းပြချက်ရှိသလား'

'ကျွန်တော် ဘာမှ သုံးသပ်ချက်မချသေးပါဘူး'

'မစ္စတာ ရှားလော့ဟုမ်းကော ချပြီးပြီလား'

ဤစကားကြောင့် ခေတ္တအားဖြင့် ကျွန်ုပ် အသက်ရှူမေ့သွား၏။ သို့သော် ကျွန်ုပ်အဖော်၏ တည်ကြည်သော မျက်နှာနှင့် တည်ငြိမ်သော မျက်လုံးများကို တစ်ချက်ကြည့်ယုံဖြင့် အငိုက်ဖမ်းရန် ရည်ရွယ်မထားကြောင်း တွေ့မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ကို ကျွန်တော်တို့ မသိဘူးလို့ ဟန်ဆောင်ထားလို့ အကျိုးမရှိပါဘူး။ ဒေါက်တာ ဝပ်ဆန်' သူက ပြော၏။ 'ခင်ဗျား စုံထောက်ကြီးရဲ့ မှတ်တမ်းတွေက ကျွန်တော်တို့ဆီကို ရောက်ပါတယ်။ ခင်ဗျားကိုယ်တိုင် အသိမခံဘဲနဲ့၊ သူ့ကို ခင်ဗျား ချီးကျူးဂုဏ်မပြုနိုင်ပါဘူး။ ခင်ဗျားရဲ့ နာမည်ကို မော်တင်မာက ကျွန်တော်ကို ပြောပြတော့၊ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာကို သူ မငြင်းနိုင်ပါဘူး။ ခင်ဗျား ဒီမှာ ရှိနေပြီဆိုယင် မစ္စတာ ရှားလော့ဟုမ်းကိုယ်တိုင် ဒီကိစ္စမှာ စိတ်ဝင်စားနေပြီဆိုတာ ပေါ်လာတာပဲ။ သူ ဘယ်လိုအမြင်ရှိသလဲဆိုတာကို ကျွန်တော် ရိုးရိုးသားသား သိချင်ပါတယ်'

'ဒီမေးခွန်းကို ကျွန်တော် ဖြေနိုင်မှာ မဟုတ်ပါဘူး'

'ကျွန်တော်တို့ဆီကို သူကိုယ်တိုင် လာရောက်လည်ပတ်မလားဆိုတာ ကျွန်တော် မေးပါရစေလား'

'လက်ရှိအချိန်မှာ ဒီမြို့က ကျွန်တော်ခွာလို့ မဖြစ်ဘူး။ သူ့မှာလည်း သူအာရုံစိုက်ရမယ့် အခြား အမှုတွေ ရှိပါတယ်'

'စိတ်မကောင်းစရာပဲ။ ကျွန်တော်တို့ အပေါ်မှာ ဒီလောက် အမှောင်ကျနေတဲ့ ကိစ္စကို သူအလင်းပေးနိုင်မှာပါ။ ဒါပေမယ့် ခင်ဗျား ကိုယ်တိုင် သုတေသနပြုလုပ်နေမှုနဲ့ ပတ်သက်လို့ကတော့ ခင်ဗျားကို ကျွန်တော် ကူညီနိုင်မယ့် နည်းလမ်းရှိမယ်ဆိုယင်၊ ခင်ဗျား ကျွန်တော်ကို ခိုင်းမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ခင်ဗျား မသင်္ကာဖြစ်နေတဲ့အကြောင်းတစ်ခုခုကို ကျွန်တော် သိရယင်၊ ဒါမှမဟုတ် ဒီအမှုကို ခင်ဗျား ဘယ်လိုစစ်ဆေးဖို့ ရည်ရွယ်ထားတယ်ဆိုတာကို ကျွန်တော် သိရယင် ခင်ဗျားကို အကူအညီတစ်ခုခု ဒါမှမဟုတ် အကြံတစ်ခုခု၊ ကျွန်တော် ပေးနိုင်ပါတယ်'

'ကျွန်တော်ရဲ့ မိတ်ဆွေ၊ ဆာဟင်နရီဆီကို ကျွန်တော် ရိုးရိုးသားသား လာရောက်လည်ပတ်တဲ့အကြောင်းနဲ့ ကျွန်တော် ဘာအကူအညီမှ မလိုတဲ့အကြောင်းကို ခင်ဗျားကို ကျွန်တော် အသေအချာ ပြောချင်ပါတယ်'

'သိပ်ကောင်းတယ်' စတာပလက်တန်က ပြော၏။ 'ခင်ဗျား သတိကြီးတယ်။ ထိန်းသိမ်းမှုရှိတယ်ဆိုတာ တကယ့်ကို မှန်ပါတယ်။ မဆီမလျော် ဝင်ရောက် နှောင့်ယှက်တယ်လို့ ကျွန်တော် ထင်မိတာ မှန်သွားတာပေါ့၊ ဒီကိစ္စကို နောက်တစ်ကြိမ် ကျွန်တော် ဘယ်တော့မှ မပြောတော့ဘူးဆိုတာ ခင်ဗျားကို ကျွန်တော် ကတိပေးပါတယ်'

ကျဉ်းမြောင်းသော မြက်တောလမ်းတစ်ခုက လမ်းမမှ ခွဲထွက်ပြီး၊ တောရိုင်းမြေထဲသို့ ကွေ့ဝင်သွားသော နေရာတစ်ခုဆီသို့ ကျွန်ုပ်တို့ ရောက်လာ၏။ မတ်စောက်ပြီး ကျောက်တုံးများ ထိုးထွက်နေသော တောင်ကုန်းတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ရေးယခင်က ဂရပ်နိုက်ကျောက်တုံးများ ထုတ်လုပ်ခဲ့သည့် နေရာတွင် တည်ရှိနေ၏။ ခပ်လှမ်းလှမ်းတစ်နေရာမှာ မီးခိုးတန်းတစ်ခုက ထိုးထွက်နေ၏။

'ဒီတောရိုင်းမြေလမ်းတစ်လျှောက်ကို တော်တော်ကလေးရောက်ယင်၊ မဲရစ်ပစ်အိမ်ကို ကျွန်တော်တို့ ရောက်ပါတယ်' သူက ပြော၏။ 'ခင်ဗျား တစ်နာရီလောက် အချိန်ရမယ်ဆိုယင် ကျွန်တော်ရဲ့ နှမနဲ့ ခင်ဗျားကို ကျွန်တော် မိတ်ဆက်ပေးချင်ပါတယ်'

ကျွန်ုပ်၏ ပထဦးဆုံးအတွေးက ဆာဟင်နရီ၏ဘေးတွင် ကျွန်ုပ်ရှိသင့်သည်ဟူ၍ပင်ဖြစ်၏။ သို့သော် ထို့နောက်တွင် သူ၏စာကြည့်စားပွဲပေါ်၌ ကြဲပြန့်နေသော စာရွက်စာတမ်းနှင့် ပြေစာ စာရွက်အပုံကို ကျွန်ုပ်မှတ်မိလိုက်၏။ ၎င်းတို့ဖြင့် ကျွန်ုပ်အကူအညီမပေးနိုင်သည်က သေချာ၏။ ထို့အပြင်၊ တောရိုင်းမြေပေါ်မှ အိမ်နီးချင်းများကို ကျွန်ုပ်လေ့လာသည်ဟု ဟုမ်းက ထုတ်ဖော်ပြောခဲ့၏။ စတာပလက်တန်၏ ဖိတ်ခေါ်ချက်ကို ကျွန်ုပ်လက်ခံလိုက်ပြီး လမ်းထဲကို ကျွန်ုပ်တို့အတူတကွ ကွေ့ဆင်းသွားကြ၏။

'ဒီတောရိုင်းမြေက အံ့ဩစရာနေရာတစ်ခုပါ' ဂရပ်နိုင်ကျောက်တုံး အချွန်အတက်များဖြင့် လှိုင်းတွန့်နေသော ကုန်းမြေပြင်ကို လှည့်ပတ်ကြည့်ယင်း သူက ပြော၏။ 'တောရိုင်းမြေကို ကျွန်တော် ဘယ်တော့မှ မငြီးငွေ့ပါဘူး။ သူ့အထဲမှာရှိတဲ့ အံ့ဩစရာလျှို့ဝှက်ချက်တွေကို ခင်ဗျား စဉ်းစားနိုင်မှာ မဟုတ်ပါဘူး။ ဒါက ကျယ်ပြန့်လွန်းတယ်။ ခြောက်သွေ့လွန်းတယ်။ ပဟေဠိဆန်လွန်းတယ်'

'ဒါဖြင့်၊ ဒါကို ခင်ဗျား ကောင်းကောင်းသိမှာပေါ့'

'ကျွန်တော် ဒီမှာရှိတာ (၂) နှစ်ပဲရှိပေသေးတယ်။ ဒီမှာနေတဲ့လူတွေက ကျွန်တော်ကို အသစ်ရောက်လာတဲ့လူလို့ ပြောကြတယ်။ ဆာချားလ်ရောက်လာပြီး၊ မကြာခင်မှာ ကျွန်တော်တို့ ရောက်လာပါတယ်။ ဒါပေမယ့် ကျွန်တော်ရဲ့ ဝါသနာကြောင့် ကျေးလက်ဒေသနေရာတိုင်းကို ကျွန်တော် ရောက်ခဲ့ပါတယ်။ ဒီနယ်ကို ကျွန်တော်ထက် ပိုသိတဲ့လူ၊ နည်းနည်းပဲရှိတယ်လို့ ကျွန်တော် ထင်ပါတယ်'

'ဒါသိဖို့ ခက်သလား'

'သိပ်ခက်တယ်။ ဥပမာ ဒီမြောက်ဘက်က ကွင်းပြင်ကြီးဟာ ထူးဆန်းတဲ့ တောင်ကုန်းတွေနဲ့ ထိုးထိုးထောင်ထောင် ဖြစ်နေတာကို ခင်ဗျား မြင်မှာပါ။ ဒီတစ်ဝိုက်က အံ့ဩဖွယ်ရာတွေကို ခင်ဗျား တွေ့ပြီးပြီလား'

'ဒီနေရာက မြင်းစီးဖို့ ခက်ခဲမယ့် နေရာပဲ'

'သဘာဝအားဖြင့်တော့၊ ခင်ဗျား ဒီလိုပဲ ထင်မှာပဲ။ ဟိုတုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမတွေးမိခင် အသက်တော်တော်များများ ဆုံးရှုံးခဲ့ရတယ်။ ဒီအပေါ်မှာ စိမ်းစိမ်းတောက်တောက်နေရာတွေ ပွဆာကြဲနေတာ ခင်ဗျား သတိပြုမိသလား'

'ဟုတ်ကဲ့၊ သူတို့က ကျန်တဲ့နေရာထက်ပိုပြီး စိမ်းလန်းပုံရတယ်'

စတာပလက်တန်က ရယ်၏။

'အဲဒါက ဧရာမဂရစ်ပင် နွံတောတွေပဲ' သူက ပြော၏။ 'အဲဒီဘက်ကို ကျော်ပြီး၊ ခြေတစ်လှမ်း မှားနင်းမိယင်တော့ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် သေဖို့ ရှိတယ်။ မနေ့ကတင်ပဲ တောရိုင်းမြေပေါ်က မြည်းကလေးတစ်ကောင်၊ အဲဒီ အထဲကို ကျွံဝင်သွားတာကို ကျွန်တော် တွေ့ခဲ့ရတယ်။ သူဘယ်တော့မှ ပြန် ထွက်မလာတော့ဘူး။ နွံတောထဲကနေ သူ့ရဲ့ ဦးခေါင်းအချိန်အတော်ကြာ ထောင်ထွက်နေတာ ကျွန်တော် တွေ့ရတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ နွံတောက သူ့ကို စုတ်ယူသွားတယ်။ ခြောက်သွေ့တဲ့ ရာသီမှာတောင်၊ အဲဒီနေ ရာကို ဖြတ်ဖို့ အန္တရာယ်ရှိတယ်။ ဒါပေမယ့် ဆောင်းဦးရာသီ၊ မိုးရွာပြီးယင်၊ ဒါကအတော် ကြောက်ဖို့ ကောင်းတဲ့နေရာ ဖြစ်လာတယ်။ ဒါတောင် အဲဒီနေရာ ကို ကျွန်တော် အနံ့လျှောက်သွားနိုင်ပြီး အသက်မသေဘဲ ပြန်ထွက်လာနိုင် တယ်။ အလိုလေး နောက်ထပ်သနားစရာမြည်းတစ်ကောင် ရှိပါသေးလား'

ညိုညိုအရာတစ်ခုက စိမ်းလန်းသော မြက်တောများအကြားတွင် လူးလိမ့်နေ၏။ ထို့နောက် ရှည်လျားပြီး ဝေဒနာခံစားနေရသော လည်တိုင်က အပေါ်သို့ ထောင်တက်သွားပြီး ကြောက်စရာအော်ဟစ်သံက တောင်ရိုင်းမြေ ပေါ်တွင် ပဲ့တင်ထပ်သွား၏။ ၎င်းက ကျွန်ုပ်ကို ထိတ်လန့်မှုဖြင့် အေးစက်သွား စေ၏။ သို့သော် ကျွန်ုပ်၏အဖော်ကမူ ကျွန်ုပ်ထက်ပို၍ စိတ်ခိုင်ဟန်တူ၏။

'သွားပြီ' သူက ပြော၏။ 'နွံတောက သူ့ကို မြိုသွားပြီ၊ နှစ်ရက် အတွင်းမှာ နှစ်ကောင်မြောက်ပဲ၊ ဒီထက်ပိုချင်လည်း ပိုမယ်။ ဘာကြောင့်လဲဆို တော့ ခြောက်သွေ့တဲ့ရာသီမှာ အဲဒီနေရာကို သူတို့ ရောက်သွားတတ်ပြီး နွံ တောက သူတို့ကို ဝါးမျိုသွားမှပဲ၊ ကွဲပြားခြားနားမှုကို သူတို့သိရတော့တယ်။ ဒီဧရာမ ဂရစ်ပင်နွံတောဟာ ဆိုးဝါးတဲ့နေရာပဲ'

'ခင်ဗျား ပြောတော့ ဒီအထဲကို ခင်ဗျား ထိုးဖောက်သွားနိုင်တယ်ဆို'

'ဟုတ်ကဲ့ အလွန်တက်ကြွတဲ့ လူတစ်ယောက်လျှောက်နိုင်မယ့် လမ်း တစ်လမ်း နှစ်လမ်းရှိပါတယ်။ သူတို့ကို ကျွန်တော်ရှာတွေ့ပြီးပြီ'

'ဒါပေမယ့် ဒီလောက်ကြောက်စရာ ကောင်းတဲ့နေရာကို ခင်ဗျား ဘာ ဖြစ်လို့ သွားချင်တာလဲ'

'အင်း၊ အဲဒီအလွန်ကတောင်ကုန်းတွေကို ခင်ဗျားမြင်သလား၊ သူတို့ တွေက မဖြတ်နိုင်တဲ့ နွံတောတွေနဲ့ အဖက်ဖက်က ဖြတ်တောက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



တကယ် ကျွန်းတွေပါပဲ။ အဲဒီနွံတောတွေဟာ နှစ်ပေါင်းများစွာ အတွင်းမှာ သူတို့ကို ဝိုင်းပတ်သွားကြတယ်။ သူတို့ဆီကို ခင်ဗျား သွားနိုင်မယ်ဆိုယင်၊ အဲဒီနေရာမှာ ရှားပါးတဲ့ အပင်တွေနဲ့ လိပ်ပြာတွေရှိတယ်'

'တစ်နေ့နေ့တော့ ကျွန်တော်ရဲ့ ကံကို ကျွန်တော် စမ်းကြည့်ပါ့မယ်'

သူက အံ့သြနေသော မျက်နှာဖြင့် ကျွန်ုပ်ကို ကြည့်နေ၏။

'ဘုရားရေ၊ ဒီလိုအကြံအစည်တွေကို ခင်ဗျားရဲ့ ဦးခေါင်းထဲက မောင်းထုတ်လိုက်ပါ' သူက ပြော၏။ 'ခင်ဗျား အသက်ရှင်လျက်နဲ့ ပြန်ထွက်နိုင်မယ့် အခွင့်အရေးဘယ်တော့မှ မရဘူးဆိုတာ၊ ခင်ဗျားကို ကျွန်တော်ပြောရဲတယ်။ ဒါကိုကျွန်တော် လုပ်နိုင်တာကတော့၊ ရှုပ်ထွေးတဲ့ ကုန်းမြေအမှတ်အသားတွေကို ကျွန်တော် မှတ်မိတာကြောင့်ပါ'

'အလို' ကျွန်ုပ်က အော်၏။ 'ဒါဘာပါလိမ့်'

ဖော်မပြနိုင်အောင် ဝမ်းနည်းနေသော ရှည်လျားသည့် ညည်းတွားသံက တောရိုင်းမြေပေါ်ဖုံးလွှမ်းသွား၏။ ၎င်းက လေထုတစ်ခုလုံးကို ပြည့်သွားပြီး မည်သည့်နေရာမှ လာသည်ကို မပြောနိုင်ပါ။ ၎င်းက ညည်းတွားသံမှ ကျယ်လောင်သော အော်ဟစ်သံအဖြစ်သို့ ပြောင်းလဲသွားပြီး တစ်ဖန်ဝမ်းနည်းသံ အဖြစ်သို့ ပြန်လည် တိုးညှင်းသွားကာ နောက်တစ်ကြိမ်ငြိမ်းနေပြန်၏။ စတာပလ်တန်က စူးစမ်းသော မျက်နှာအမူအရာဖြင့် ကျွန်ုပ်ကို ကြည့်နေ၏။

'ထူးဆန်းတဲ့နေရာပဲ၊ တောရိုင်းမြေက'

သူက ပြော၏။

'ဒါပေမယ့် အဲဒါဘာလဲ'

'လယ်သမားတွေ ပြောတာကတော့၊ ဒါဘာစ်ကာဗီလ်ခွေး၊ သူ့ရဲ့သားကောင်ကို ခေါ်နေတာပဲ၊ အရင်က ဒါကိုကျွန်တော် တစ်ခါနှစ်ခါ လောက်ကြားဖူးတယ်။ ဒါပေမယ့် တစ်ခါမှ ဒီလောက်မကျယ်ဘူး'

အစိမ်းရောင်ခြံတောများဖြင့် အကွက်၊ အကွက်ဖြစ်နေသော ကျယ်ပြန့်သည့် ကွင်းပြင်ကြီးကို ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် ကျွန်ုပ်လှည့်ကြည့်မိ၏။ ကျွန်ုပ်တို့၏ နောက်တွင် ရှိသော ထင်းရှူးပင်တစ်ပင် ပေါ်မှ ကျယ်လောင်စွာ အော်မြည်နေသော 'ရေဗင်' ငှက်နှစ်ကောင်မှလွဲ၍ ကျယ်ပြန့်သော ကွင်းပြင်ပေါ်တွင် ဘာမှ လှုပ်ရှားမှု မရှိပါ။

'ခင်ဗျားက ပညာတတ်တဲ့လူတစ်ယောက်ပါ။ ဒီလို အဓိပ္ပါယ်မရှိတဲ့ဟာကို ခင်ဗျား မယုံကြည်ဘူး မဟုတ်လား' ကျွန်ုပ်က ပြော၏။ 'ဒီလောက်ထူးဆန်းတဲ့အသံရဲ့ အကြောင်းရင်းကို ခင်ဗျား ဘယ်လိုထင်သလဲ'

'နွံ့နွံတွေက တစ်ခါတစ်ရံ ထူးဆန်းတဲ့အသံတွေ ပြုတယ်။ ဒါက



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့တွေ အနည်ထိုင်တာ၊ ဒါမှ မဟုတ် ရေတွေ မြင့်တက်လာ၊ ဒါမှမဟုတ် တစ်ခုခုပဲ'

'မဟုတ်ဘူး။ မဟုတ်ဘူး။ ဒါက သက်ရှိအသံတစ်ခုပဲ'

'အင်း ဒါဖြစ်နိုင်ပါတယ်။ 'ဘစ်တန်' ငှက်အော်တာကို ခင်ဗျား ကြားဖူးသလား'

'ဟင့်အင်း၊ ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး'

'အဲဒါက အခုအင်္ဂလန်မှာ အလွန်ရှားပါးတဲ့ ငှက်ပါ။ တကယ်တမ်း ဆိုယင်တောင် မျိုးတုံးနေပြီ။ ဒါပေမယ့် တောရိုင်းမြေပေါ်မှာ အရာအားလုံးဖြစ်နိုင်တယ်။ ဟုတ်တယ်။ ကျွန်တော်တို့ကြားခဲ့ရတာဟာ နောက်ဆုံး "ဘစ်တန်" ငှက်ရဲ့ အော်သံဖြစ်မယ်လို့ ကျွန်တော် သိရယင်၊ ကျွန်တော် မအံ့ဩပါဘူး'

'ကျွန်တော် ဘဝမှာ ကြားခဲ့ရသမျှမှာ၊ ဒါဟာ အရှုပ်ထွေးဆုံး အထူးဆန်းဆုံးအရာပဲ'

"ဟုတ်ကဲ့ ဒါဟာ အတော်ထူးဆန်းတဲ့နေရာပါ။ ဟိုဘက်က တောင်ကုန်းဘေးကို ကြည့်ပါ။ ခင်ဗျား ဘာမြင်သလဲ'

မတ်စောက်သော ဆင်ခြင်လျှောတွင် မီးခိုးရောင်ကျောက်တုံးများ ဝိုင်းရံလျက်ရှိနေ၏။ အနည်းဆုံး ၎င်းတို့က အခုနှစ်ဆယ်ခန့်ရှိ၏။

'သူတို့က ဘာလဲ၊ သိုးတွေထားတဲ့ နေရာလား'

'မဟုတ်ဘူး။ သူတို့ကတောရိုင်းမြေပေါ်မှာ နေထိုင်ခဲ့တဲ့ ကျွန်တော်ရဲ့ ရှေ့ခေတ်လူတွေရဲ့ အိမ်တွေပါ။ အဲဒီအချိန်ကစပြီး အဲဒီနေရာမှာ အထူးတလှယ် ဘယ်သူမှ မနေခဲ့တာကြောင့်၊ အဲဒါတွေအားလုံးကို သူတို့ထားခဲ့တဲ့ အတိုင်း၊ ကျွန်တော်တို့ တွေ့ရတာပါ။ ဒါတွေက အမိုးဖွင့်ထားတဲ့ သူတို့ရဲ့ တဲအိမ်ပါ။ ခင်ဗျားအထဲကို ဝင်ကြည့်ချင်မယ်ဆိုယင် သူတို့ရဲ့ မီးဖိုနဲ့ အိပ်ယာတွေကို ခင်ဗျားတွေ့ရလိမ့်မယ်'

'ဒါပေမယ့် ဒါက မြို့တစ်မြို့ပဲ၊ ဒီမှာ ဘယ်အချိန်က လူနေခဲ့သလဲ'

'ကျောက်ခေတ်နောက်ပိုင်းလူတွေပဲ၊ နှစ်ကာလ မသိရဘူး'

'သူတို့ ဘာလုပ်ခဲ့ကြသလဲ'

'ဒီဆင်ခြေလျှောတွေမှာ သူ့ရဲ့နွားတွေကို သူကျောင်းတယ်။ ကြေးနီခါးကကျောက်တုံးပုဆိန်နေရာကို အစားထိုးဝင်ရောက်လာတဲ့အခါ သတ္တုတွေကို တူးဖော်ဖို့ သူသင်ယူရတယ်။ ဆန့်ကျင်ဘက်တောင်ကုန်းက ဒီတူးမြောင်းကြီးကြည့်ပါ။ ဒါက သူတို့ရဲ့ အမှတ်အသားပါဟုတ်တယ်။ တောရိုင်းမြေနဲ့ ပတ်သက်ပြီး အလွန်ထူးခြားတာတွေကို ခင်ဗျား တွေ့ရလိမ့်မယ်။ ဒေါက်တာဝပ်ဆန်၊ အိုခဏနေပါဦး ဒါ "ဆိုင်ကလိုပစ်" သေချာတယ်'



www.burmeseclassic.com

www.burmeseclassic.com



သေးငယ်သော လိပ်ပြာတစ်ကောင်က ကျွန်ုပ်တို့၏ လမ်းကို ဖြတ်၍ ပျံသန်းသွားပြီး စတာပလက်တန်က အလွန်တစ်ရာ ထူးခြားလှသော အားအင်နှင့် လျင်မြန်မှုဖြင့် ၎င်းကို လိုက်ဖမ်း၏။ ကျွန်ုပ်အတွက် ထိတ်လန့်ဖွယ်ကောင်းစွာ သတ္တဝါက နွံအိုင်ကြီးဆီသို့ တန်းတန်းမတ်မတ် ပျံသန်းသွားပြီး၊ ကျွန်ုပ်၏ အသိမိတ်ဆွေက ခဏမျှပင် တုန့်ဆိုင်းခြင်း မရှိဘဲ အစိမ်းရောင်ပိုက်ကွန်က လေထဲတွင် ဝှေ့ဝဲလျက်ဖြင့် ၎င်း၏ နောက်မှ မြက်ဖုတ်တစ်ခုမှ တစ်ခုသို့ ခုန်ကျော်လျက်လိုက်၏။ သူ၏မီးခိုးရောင် အဝတ်အစားများနှင့် သူ၏ပုံပန်းမကျ ကွေ့ဝိုက်ပြေးပုံတို့က လိပ်ပြာနှင့် လိုက်ဖမ်းခြင်းမရှိဘဲဖြစ်နေ၏။ သူ၏ထူးခြားလှသော လှုပ်ရှားမှုအတွက် အံ့ဩသဘောကျခြင်း၊ ပရိယာယ်များလှသော နွံတောအတွင်းသို့ ခြေချော်ကျမည်ကို စိုးရိမ်ခြင်းတို့ ရောထွေးလျက်ဖြင့် သူလိုက်ဖမ်းနေသည်ကို ကျွန်ုပ် ရပ်ကြည့်နေစဉ်၊ ခြေသံများကို ကျွန်ုပ်ကြားရပြီး ကျွန်ုပ်က လှည့်လိုက်လျှင် ကျွန်ုပ်၏ အနီး လမ်းပေါ်မှ အမျိုးသမီးတစ်ယောက်ကို ကျွန်ုပ်တွေ့မြင်ရ၏။ မဲရစ်ပစ်အိမ်၏ အနေအထားကို ဖော်ညွှန်းပြနေသော မီးခိုးများ ထွက်ပေါ်လာရာ၊ နေရာမှာ သူမလာခဲ့၏။ သို့သော် တောရိုင်းမြေ၏ ချိုင့်ဝှမ်းကြောင့် အနားရောက်လာသည့်အထိ သူမ ဖုန်းကွယ်နေ၏။

တောရိုင်းမြေပေါ်တွင် အမျိုးသမီး အနည်းငယ်သာ ရှိသဖြင့် ၎င်းက ကျွန်ုပ်အား ပြောပြခဲ့သော မစ္စစတာပလက်တန်ဖြစ်ရမည်ကို ကျွန်ုပ်သံသယမဖြစ်မိဘဲ၊ သူမကို လှပသူအဖြစ် တစ်စုံတစ်ယောက်က ကျွန်ုပ်အား ဖော်ပြခဲ့သည်ကို ကျွန်ုပ်မှတ်မိ၏။ ကျွန်ုပ်၏အနားကို ချဉ်းကပ်လာသော အမျိုးသမီးက အသေအချာပင် ထိုကဲ့သို့ဖြစ်ပြီး၊ တွေ့ဆုံနေကြပုံစံမျိုး မဟုတ်ပါ။ စတာပလက်တန်က ဆံပင်အရောင်ဖျော့ဖျော့ မီးခိုးရောင်မျက်လုံးနှင့် အသားညိုစဉ်၊ သူမက ပိန်ပိန်ပါးပါးအရပ်မြင့်မြင့်နှင့် ကျက်သရေရှိ၏။ သူမ၏မျက်နှာပေါက်ကျပုံက ကောင်းမွန်ပြီး သာမန်အနေအထားသာရှိသဖြင့်၊ ဖူးမောက်နေသော ပါးစပ်နှင့် လှပမည်းနက်၍ တောက်ပြောင်နေသော မျက်လုံးတို့သာမရှိလျှင်၊ ၎င်းက အာရုံစိုက်စရာဖြစ်မည် မဟုတ်ပေ။ သူမ၏ အချိုးအစားကျနသော ကိုယ်လုံးကိုယ်ထည်နှင့် ကျက်သရေရှိသော အဝတ်အစားတို့ကြောင့် သူမသည် အမှန်ပင် လူသူကင်းနေသော တောရိုင်းမြေလမ်းပေါ်တွင် ထူးဆန်းသော ဝိညာဉ်ကိုယ်ထင်ပြသကဲ့သို့ ဖြစ်နေ၏။ ကျွန်ုပ်လှည့်လိုက်စဉ် သူမ၏ မျက်လုံးများက သူမ၏အစ်ကို ပေါ်တွင်ရှိနေ၏။ ထို့နောက် သူမက ကျွန်ုပ်ဆီသို့ ခြေလှမ်းသွက်သွက်လှမ်းလိုက်၏။ ကျွန်ုပ်က ဦးထုပ်ကို မြှောက်ပြီး စကားဖွင့်ဆိုရှင်းပြရန်ပြင်လိုက်စဉ်၊ သူမ၏ စကားများကြောင့် ကျွန်ုပ်၏ အတွေးလမ်းကြောင်းအသစ်ပြောင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



'ပြန်သွားပါ' သူမက ပြော၏။ 'လန်ဒန်ကို တန်းတန်းမတ်မတ် ချက်ချင်းပြန်ပါ'

ကျွန်ုပ်က သူမကို အံ့ဩဟန်ဖြင့် စိုက်၍သာ ကြည့်နေ၏။ သူမ၏ မျက်လုံးများက ကျွန်ုပ်အပေါ် မီးဝင်းဝင်းတောက်ကျက် ကြည့်နေ၏။ သူမက စိတ်မရှည်ဟန်ဖြင့် မြေပြင်ကို ခြေဖြင့် ဆောင့်၏။

'ကျွန်တော် ဘာဖြစ်လို့ ပြန်သွားရမှာလဲ' ကျွန်ုပ်က မေး၏။

'ကျွန်မ ရှင်းမပြနိုင်ဘူး' သူမက စိတ်ထက်သန်၊ တိုးညှင်းသော အသံဖြင့်ပြော၏။ 'ဒါပေမယ့် ကျွန်မ ပြောတဲ့အတိုင်းသာ လုပ်စမ်းပါ။ ပြန်သွားပါ။ တောရိုင်းမြေပေါ်မှာ နောက်တစ်ကြိမ် ဘယ်တော့မှ ခြေမချပါနဲ့'

'ဒါပေမယ့် ကျွန်တော်က ရောက်ရုံပဲ ရှိသေးတယ်'

'ရှင်နဲ့နော်' သူမ အော်၏။ 'ရှင့်ရဲ့ ကောင်းကျိုးအတွက် သတိပေးတယ်ဆိုတာကို ရှင်မပြောနိုင်တော့ဘူးလား။ လန်ဒန်ကို ပြန်သွားပါ။ ဒီညပဲ ပြန်ပါ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီနေရာက ရှင်ထွက်သွားပါ။ ဟော၊ ကျွန်မအစ်ကို လာနေပြီ။ ကျွန်မ ပြောတာတွေကို မပြောပါနဲ့။ ဟိုဘက်အပင်ကြားက အဲဒီ သစ်ခွပန်းကို ကျွန်မအတွက် ရှင်ယူပေးမလား။ ဒီနေရာရဲ့ အလှအပတွေကို ရှင် တွေ့မြင်ဖို့ အတော်နောက်ကျနေပေမယ့်လည်း တောရိုင်းမြေပေါ်မှာ ကျွန်မတို့အတွက် သစ်ခွပန်းတွေ အရမ်းပေါတယ်'

စတာပလက်တန်က လိုက်ဖမ်းနေသည့် ကိစ္စကို လက်လျှော့လိုက်ပြီး၊ အားစိုက်ထုတ်မှုကြောင့် မျက်နှာနီရဲလျက်၊ အသက်ပြင်းပြင်း ရှူယင်း ကျွန်ုပ်တို့ဆီသို့ ပြန်လာ၏။

'အလို ဘယ်ရီ' သူက ပြောပြီး၊ သူ၏ဆီးကြိုမှု အသံက၊ လှိုက်လှဲမှု မရှိဟု ကျွန်ုပ်ထင်မိ၏။

'အင်း ဂျက်၊ ရှင်အရမ်းမောနေတယ်'

'ဟုတ်တယ်။ ဆိုင်ကလို ပစ်လိပ်ပြာကို ငါလိုက်ဖမ်းနေတာ၊ ဆောင်းဦးရာသီ အကုန်အချိန်တွေမှာ သူက အရမ်းရှားပြီး တွေ့ရခဲတယ်။ သူ့ကို ငါလွတ်သွားတာ စိတ်မကောင်းစရာပဲ' သူက ပေါ့ပေါ့တန်တန်ဖြင့် ပြော၏။ သို့သော် သူ၏တောက်ပြောင်သော မျက်လုံးကလေးများက မိန်းကလေးထံမှ ကျွန်ုပ်ဆီသို့ အဆက်မပြတ် လှမ်းလှမ်းကြည့်နေ၏။

'နင့်ကို နင်မိတ်ဆက်ပြီးပြီ မဟုတ်လား။ ငါသိပါတယ်'

'ဟုတ်တယ်။ တောရိုင်းမြေရဲ့ အလှအပ အမှန်အကန်တွေကို သူ တွေ့မြင်ဖို့ အတော်နောက်ကျနေပြီလို့၊ ဆာဟင်နရီကို ကျွန်မ ပြောပြနေတာပါ'

'ဘာ၊ သူ့ကို ဘယ်သူလို့ နင်ထင်နေသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူ ဆာဟင်နရီဘာစ်ကာဗီလ် ဖြစ်ရမယ်လို့ ကျွန်မ ထင်တယ်'

'မဟုတ်ဘူး မဟုတ်ဘူး' ကျွန်ုပ်က ပြော၏။ 'ကျွန်တော်က သာမန်လူတစ်ယောက်ပါ။ ဒါပေမယ့် သူ့ရဲ့ မိတ်ဆွေပါ။ ကျွန်တော်ရဲ့ နာမည်က ဒေါက်တာ ဝပ်ဆန်ပါ'

စိတ်အနှောင့်အယှက်ဖြစ်မှု အရိပ်အယောင်က အာရုံထွေပြားနေသော သူမ၏မျက်နှာပေါ်တွင် ယှက်သန်းသွား၏။ 'ကျွန်မတို့စကားအခြေအတင် ပြောနေကြတာပါ' သူမက ပြော၏။

'ဘာ နင်စကား ပြောဖို့ အချိန် သိပ်မရဘူး' သူမ၏ အစ်ကိုက မေးခွန်းထုတ်နေသော ထိုမျက်လုံးများဖြင့် မှတ်ချက်ချ၏။

'ဒေါက်တာ ဝပ်ဆန်ကို ခရီးသည်တစ်ယောက်ဖြစ်မယ့် အစား အခြေချနေထိုင်မယ့် သူလားလို့ ကျွန်မ မေးမိတယ်' သူမက ပြော၏။ 'သစ်ခွပန်းအတွက် နောက်ပဲကျကျ၊ စောပဲစောစော၊ သူ့အတွက်ကတော့ ကိစ္စသိပ်မရှိပါဘူး။ ဒါပေ မယ့် ရှင် "မဲရစ်ပစ်' အိမ်ကို လိုက်ကြည့်ပါဦးလား'

ကြွယ်ဝသော တစ်ချိန်တစ်ခါက ကျွဲနွား မွေးမြူရေးသမားတစ်ယောက်၏ ယာတောအိမ်ဖြစ်ခဲ့ပြီး၊ ယခုအခါ ခေတ်မီလူနေအိမ်အဖြစ် ပြုပြင်ပြောင်းလဲထားသော ခြောက်ကပ်ကပ်တောရိုင်းမြေအိမ်တစ်ခုဖြစ်သည့် ၎င်းဆီသို့ ကျွန်ုပ်တို့ လမ်းအနည်းငယ် လျှောက်လျက်၊ ရောက်လာ၏။ ဥယျာဉ်ခြံတစ်ခုက ၎င်းကို ဝိုင်းရံထား၏။ သို့သော် သစ်ပင်များက တောရိုင်းမြေပေါ်တွင် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ကြုံလှီသေးကွေးပြီး ထိုနေရာတစ်ခုလုံး၏ အကျိုးသက်ရောက်မှုက ညှိုးငယ်စရာ စိတ်ဆင်းရဲစရာ ဖြစ်၏။ ဟောင်းနွမ်းသည့် ကုတ်အင်္ကျီဝတ်ထားသော ထူးဆန်းသည့် အဘိုးအိုက ကျွန်ုပ်တို့ကို အထဲဝင်ခွင့်ပြု၏။ သူက အိမ်ကို ထိန်းသိမ်းသူဖြစ်ဟန်တူ၏။ သို့သော် အိမ်ထဲတွင် ခမ်းခမ်းနားနား ပြင်ဆင်ထားသော အခန်းကြီးများရှိပြီး ၎င်းတို့က မိန်းမပျို၏ လက်ရာဖြစ်မည်ကို ကျွန်ုပ် သတိပြုမိဟန်တူ၏။ အဝေးဆုံး တစ်ဖက်သို့ အဆုံးအစမရှိပြန့်ပြူးလူးလွန့်သွားသော ဂရပ်နိုက်ကျောက်တုံးများ ဟိုတစ်စ ဒီတစ်စ ရှိနေသည့် တောရိုင်းမြေကို ၎င်းတို့၏ ပြတင်းပေါက်များမှ ကျွန်ုပ်ကြည့်နေစဉ်၊ အဆင့်အတန်းမြင့်စွာ ပညာတတ်မြောက်သော ဤလူနှင့် လှပသော ဤအမျိုးသမီးကို ဤကဲ့သို့သော နေရာဆီသို့ မည်သည့်အရာက၊ သယ်ဆောင်လာသည်ကို ကျွန်ုပ်မတွေးဘဲ မနေနိုင်ပါ။

'ဒီနေရာကို ရွေးချယ်လိုက်တာ ထူးဆန်းတယ်နော်' ကျွန်ုပ်၏ အတွေးကို ရိပ်မိသည့်အလား သူက ပြော၏။ 'ဒါပေမယ့်လည်း ကျွန်တော်တို့ အတော်ကို ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြပါတယ်။ မဟုတ်ဘူးလား ဘာရီ'



www.burmeseclassic.com

www.burmeseclassic.com



'လုံးဝပျော်ပါတယ်' သူမက ပြော၏။ သူမ၏စကားသံတွင် သေချာမှု ကင်းမဲ့နေ၏။

'ကျွန်တော်မှာ ကျောင်းတစ်ကျောင်းရှိတယ်' စတာပလက်တန်က ပြော၏။ 'အဲဒါက မြောက်ဘက်ကျေးလက်ဒေသမှာ ရှိတယ်။ ကျွန်တော်လို လူတစ်ယောက်အတွက် အလုပ်လုပ်ရတာ စက်ရုပ်နဲ့တူပြီး၊ စိတ်ဝင်စားစရာ မကောင်းဘူး။ ဒါပေမယ့် လူငယ်တွေနဲ့ နေရမယ်၊ သူတို့ရဲ့ နုပျိုတဲ့ စိတ်ကို ပုံသွင်းပေးရမယ်၊ လူတစ်ယောက်ရဲ့ အကျင့်စရိုက်နဲ့ သူ့တို့ကို အာရုံစွဲထင်စေရမယ်ဆိုတဲ့ အခွင့်အရေးကိုတော့ ကျွန်တော် အရမ်းသဘောကျတယ်။ ကံကြမ္မာက ကျွန်တော်တို့နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ပြင်းထန်တဲ့ ကူးစက်ရောဂါ၊ ကျောင်းမှာဖြစ်ပြီး၊ ကလေး (၃) ယောက်သေသွားတယ်။ ဒီထိုးနှက်ချက်ကနေ ဘယ်တော့မှ ပြန်နလံမထူတော့ဘူး။ ကျွန်တော်ရဲ့ ငွေအရင်းအနှီးအများစုဟာ အဖတ်ဆယ်မရအောင် ကုန်သွားတယ်။ ဒါပေမယ့် ကြည်နူးစရာ၊ ကလေးအဖော်တွေ ဆုံးရှုံးရတာသာ မဟုတ်ယင်၊ ကျွန်တော် ကံမကောင်းတာကို ဝမ်းမြောက်ဝမ်းသာဖြစ်မိမှာပါ။ ဘာကြောင့်လဲဆိုတော့ ရုက္ခဗေဒနဲ့ သတ္တဗေဒကို ကျွန်တော် အလွန်သဘောကြတာကြောင့် အပိုင်းအခြားမရှိတဲ့ လုပ်ငန်းခွင်ကို ကျွန်တော် ဒီမှာတွေ့ခဲ့ရပြီး ကျွန်တော်ရဲ့ ညီမကလည်း ကျွန်တော်လိုပဲ သဘာဝကို မြတ်နိုးပါတယ်။ တောရိုင်းမြေကို ကျွန်တော်တို့ရဲ့ ပြတင်းပေါက်နေ ခင်ဗျား စစ်ဆေးကြည့်နေစဉ်မှာ ခင်ဗျားရဲ့ အမူအရာကြောင့် ဒါတွေအားလုံးကို ခင်ဗျားကို ကျွန်တော် အသိပေးတာပါ။ ဒေါက်တာ ဝပ်ဆန်'

'ဒါက ခင်ဗျားထက် ခင်ဗျားရဲ့ ညီမအတွက် ပိုပြီး နည်းနည်းပျင်းစရာ ဖြစ်နေလိမ့်မယ်လို့ ကျွန်တော် တကယ့်ကို တွေးမိပါတယ်'

'မဟုတ်ဘူး၊ မဟုတ်ဘူး ကျွန်မ ဘယ်တော့မှ မပြင်းပါဘူး' သူမက လျင်မြန်စွာ ပြော၏။

'ကျွန်တော်တို့မှာ စာအုပ်တွေရှိတယ်။ ကျွန်တော်တို့မှာ လေ့လာမှုတွေ ရှိတယ်။ ကျွန်တော်တို့မှာ စိတ်ဝင်စားစရာကောင်းတဲ့ အိမ်နီးနားချင်းတွေ ရှိတယ်။ ဒေါက်တာ မော်တင်မာက သူ့ရဲ့ပညာရပ်ပိုင်းမှာ လေ့လာမှု အရှိဆုံးလူပဲ။ ဆာချားလ် ခဗျာလည်း နှစ်သက်စရာ အဖော်တစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူ့ကို ကျွန်တော်တို့ ကောင်းကောင်းသိပြီး၊ ကျွန်တော်ပြောမပြနိုင်အောင် သူ့ကို လွမ်းဆွတ်မိပါတယ်။ ဒီနေ့ မွန်းလွဲပိုင်းမှာ ဆာဟင်နရီဆီကို ကျွန်တော်တို့ သွားပြီး အသိမိတ်ဆွေဖွဲ့ယင် ကျွန်တော်နှောင့်ယှက်ရာ ကျမယ်လို့ ခင်ဗျား ထင်သလား'

'သူသဘောကျမယ်ဆိုတာ ကျွန်တော် အာမခံပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုယင် ကျွန်တော် ဒီလိုပြုလုပ်မဲ့အကြောင်းကို ခင်ဗျား ပြောပြထားပါ။ သူ့ရဲ့ပတ်ဝန်းကျင်အသစ်နဲ့ သူနေသားတကျဖြစ်တဲ့အထိ၊ သူ့အတွက် အခြေအနေတွေပို လွယ်ကူအောင် ကျွန်တော်တို့ တစ်ခုခုလုပ်နိုင်တယ်။ ခင်ဗျား အပေါ် ထပ်ကို တက်လာပြီး ကျွန်တော် စုဆောင်းထားတဲ့ လိပ်ပြာတွေကို စစ်ဆေးကြည့်ပါလား။ အင်္ဂလန်ရဲ့ အနောက်တောင်ဘက်မှာ ဒါက အပြည့်အစုံပဲလို့ ကျွန်တော် ထင်တယ်။ ခင်ဗျား သူတို့ကို ကြည့်ပြီးလောက်တဲ့အချိန်မှာ နေ့လည်စာအဆင်သင့်ဖြစ်ရှာမယ်'

သို့သော် ကျွန်ုပ်တာဝန်ရှိရာဆီသို့ ပြန်ရောက်ရန် ကျွန်ုပ်စိတ်ထက်သန်နေ၏။ တောရိုင်းမြေ၏ စိတ်ဆင်းရဲစရာမြင်ကွင်း၊ ကံဆိုးသော မြည်းတစ်ကောင် သေဆုံးခြင်း၊ ဘာစ်ကာဗီလ်၏ ကြောက်ခွဲစရာ ဒဏ္ဍာရီနှင့် ဆက်နွယ်နေသော ထူးဆန်းသည့်အသံ၊ စသည့်ဤအရာအားလုံးက ကျွန်ုပ်၏စိတ်ထဲတွင် ဝမ်းနည်းခြင်းနှင့်အတူ စွဲထင်နေ၏။ ထို့နောက် ဤအာရုံစွဲထင်စရာတို့၏ အထက်တွင် မစ္စစတာ ပလက်တန်၏ တိကျထင်ရှားသော သတိပေးချက်က ထွက်ပေါ်လာ၏။ သူမက ၎င်းကို ပြင်းထန်သော စိတ်ထက်သန်မှုဖြင့် ပေးခဲ့ခြင်းဖြစ်သဖြင့် ၎င်း၏နောက်တွင် ကြောက်ခွဲဖွယ်လေးနက်သော အကြောင်းရင်းအချို့ရှိမည်ကို ကျွန်ုပ်အသေအချာသိ၏။ နေ့လည်စာစားရန် တိုက်တွန်းမှုအားလုံးကို ကျွန်ုပ်က ငြင်းဆန်ခဲ့ပြီး၊ ချက်ချင်းပင် ထပြန်လာတာ၊ ကျွန်ုပ်တို့ လာခဲ့သော မြက်တောလမ်းတစ်လျှောက် ကျွန်ုပ်သွား၏။

သို့သော်လည်း လမ်းသိ သူတို့အဖို့ဖြတ်လမ်းရှိဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် လမ်းမပေါ်သို့ ကျွန်ုပ်မရောက်ခင် မစ္စပလက်တန်က လမ်းဘေးမှ ကျောက်တုံးတစ်ခုပေါ်တွင် ထိုင်နေသည်ကို ကျွန်ုပ်တွေ့ရသဖြင့် အံ့သြသွားသောကြောင့် ဖြစ်၏။ သူမ၏မျက်နှာက အင်အားစိုက်ထုတ်မှုကြောင့် လှပစွာ ရဲနေပြီး၊ သူမက ခါးထောက်ထား၏။

'ရှင့်ကို ဖြတ်မိနိုင်အောင်၊ ကျွန်မ တစ်လမ်းလုံး ပြေးလာရတယ်။ ဒေါက်တာ ဝပ်ဆန်' သူမက ပြော၏။ 'ကျွန်မ ဦးထုပ်ဆောင်းဖို့တောင် အချိန်မရဘူး။ ကျွန်မရပ်လို့ မဖြစ်ဘူး။ နို့မဟုတ်ယင် ကျွန်မရဲ့အစ်ကိုနဲ့ ကျွန်မ လွဲသွားလိမ့်မယ်။ ရှင် ဆာဟင်နရီ ဖြစ်မယ်လို့ ကျွန်မ ထင်မိလောက်အောင်၊ မိုက်မဲမှုနဲ့ ပတ်သက်ပြီး ကျွန်မ ဝမ်းနည်းတယ်ဆိုတာ ရှင့်ကို ကျွန်မ ပြောချင်ပါတယ်။ ကျွန်မ ပြောခဲ့တဲ့စကားတွေကို မေ့ပြစ်လိုက်ပါ။ ဒါတွေက ရှင့်အတွက် ဘာမှ အဓိပ္ပါယ် မရှိပါဘူး'

'ဒါပေမယ့် ဒါတွေကို ကျွန်တော် မမေ့နိုင်ဘူး။ မစ္စစတာပလက်တန်' ကျွန်ုပ်က ပြော၏။ 'ကျွန်တော်က ဆာဟင်နရီရဲ့ မိတ်ဆွေပါ။ သူ့ရဲ့ကောင်းကျိုး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျွန်တော်ရဲ့ ကောင်ကျိုးနဲ့ အရမ်းကို နီးနီးကပ်ကပ် ပတ်သက်နေပါတယ်။ ဆာဟင်နရီ လန်ဒန်ကို ပြန်ဖို့အတွက် ခင်ဗျား ဘာကြောင့် စိတ်ထက်သန်နေသလဲဆိုတာ ကျွန်တော်ကို ပြောပြပါ'

'အမျိုးသမီးတစ်ယောက်ရဲ့၊ လျှပ်တစ်ပျက်ဆန္ဒတွေပါ။ ဒေါက်တာဝပ်ဆန်၊ ရှင်ကျွန်မကို ကောင်းကောင်းသိလာတဲ့အခါ၊ ကျွန်မ ပြောတာ၊ လုပ်တာကို ကျွန်မ အမြဲတမ်း ရှင်းမပြနိုင်တာကို ရှင်နားလည်လာမှာပါ'

'မဟုတ်ဘူး မဟုတ်ဘူး။ ခင်ဗျား အသံထဲက စိုးရွံ့မှုတွေကို ကျွန်တော် မှတ်မိတယ်။ ခင်ဗျားရဲ့ မျက်လုံးထဲက အကြည့်ကိုလည်း ကျွန်တော် မှတ်မိတယ်။ လုပ်ပါ ... လုပ်ပါ ကျေးဇူးပြုပြီး ကျွန်တော်နဲ့ ခင်ဗျား ပွင့်ပွင့်လင်းလင်း လုပ်ပါ။ ကျွန်တော် ဒီကို ရောက်လာကတည်းက ကျွန်တော့် ဘေးပတ်လည်အရိပ်တွေကို ကျွန်တော် သိနေပါတယ်။ ဘဝဟာ ဂရစ်ပင် မဟာနွံတောကြီးနဲ့တူပါတယ်။ နေရာတိုင်းမှာ အစိမ်းရောင်အကွက် အကွက်ကလေးတွေနဲ့ အဲဒီအထဲကို တစ်ယောက်ယောက်က နစ်သွားနိုင်ပြီး လမ်းပြမယ့် လူလည်း ဘယ်သူမှ မရှိဘူး။ ခင်ဗျား ဘာဆိုလိုသလဲဆိုတာ ကျွန်တော်ကို ပြောပြပါ။ ခင်ဗျားရဲ့ သတိပေးချက်ကို ဆာဟင်နရီဆီ ကျွန်တော် သယ်ဆောင်သွားမယ်ဆိုတာ၊ ကျွန်တော် ကတိပေးပါတယ်'

ဝေခွဲမရသော အမူအရာက သူမ၏ မျက်နှာပေါ်တွင် ခဏမျှ ဖြတ်သန်းသွား၏။ သို့သော် သူမက ကျွန်ုပ်တို့ ပြန်လည်ဖြေကြားသောအခါ၊ သူမ၏ မျက်လုံးများက နောက်တစ်ကြိမ်မာကျောသွား၏။

'ဒါကို ရှင် အထင်မှားနေပါတယ်။ ဒေါက်တာ ဝပ်ဆန်' သူမက ပြော၏။ 'ဆာချားလ်သေဆုံးရတာကြောင့် ကျွန်မနဲ့ ကျွန်မရဲ့ အစ်ကို အရမ်းကို တုန်လှုပ်သွားတယ်။ သူ့ကို ကျွန်မ အရမ်းကို ရင်းရင်းနှီးနှီး သိပါတယ်။ သူက တောရိုင်းမြေကို ဖြတ်ပြီး၊ ကျွန်မတို့ရဲ့ အိမ်ကိုလမ်းလျှောက်ရတာ သဘောကျတာကြောင့်ပါ။ သူရဲ့ မိသားစုအပေါ် ကျရောက်နေတဲ့ ကျိန်စာနဲ့ ပတ်သက်ပြီး သူအတော့်ကို စွဲလန်းနေတယ်။ ဒီကြမ္မာဆိုးဖြစ်လာတဲ့အခါ၊ သူ ထုတ်ဖော်ပြခဲ့တဲ့ ထိတ်လန့်မှုနဲ့ ပတ်သက်ပြီး၊ အခြေခံအကြောင်းတွေ ရှိရမယ်လို့ သဘာဝအားဖြင့် ကျွန်မ ခံစားမိတယ်။ ဒါကြောင့်မို မိသားစုနောက်ထပ် အဖွဲ့ဝင်တစ်ယောက် ဒီမှာလာနေမယ်ဆိုတော့၊ ကျွန်မ စိတ်ဆင်းရဲမိတယ်။ သူတွေ့ကြုံရမယ့် အန္တရာယ်ကို သူ့ကို သတိပေးသင့်တယ်လို့ ကျွန်မ ခံစားမိတယ်။ ကျွန်မ သတင်းပေးချင်တာ အားလုံးကတော့ ဒါပါပဲ'

'ဒါပေမယ့် အန္တရာယ်က ဘာလဲ'

'ခွေးကြီးဇာတ်လမ်းကို ရှင်သိလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို အဓိပ္ပါယ်မရှိတာကို ကျွန်တော် မယုံကြည်ဘူး'

'ဒါပေမယ့် ကျွန်မ ယုံကြည်တယ်။ ဆာဟင်နရီအပေါ်မှာ ရှင် သြဇာ ရှိတယ်ဆိုယင် သူ့ရဲ့ မိသားစုကို အမြဲတမ်းသေကျေစေတဲ့ နေရာကနေ သူ့ကို ခေါ်သွားပါ။ ကမ္ဘာကြီးက ကျယ်ပြန့်ပါတယ်။ အန္တရာယ်ရှိတဲ့ နေရာမှာ သူ ဘာကြောင့်နေချင်သလဲ'

'ဘာကြောင့်လဲဆိုတော့ ဒါက အန္တရာယ်ရှိတဲ့နေရာမို့ပါ။ ဒါက ဆာဟင်နရီရဲ့ သဘာဝပါ။ ဒီထက်ပိုပြီး တိကျတဲ့သတင်းတွေကို ခင်ဗျား မပေးနိုင်ယင်၊ သူ့ကို ဖယ်ရှားခိုင်းဖို့ မဖြစ်နိုင်မှာ ကျွန်တော် စိုးရိမ်ပါတယ်'

'ကျွန်မ တိတိကျကျ သိတာဘာမှ မရှိတာကြောင့်၊ ကျွန်မ တိတိ ကျကျ ဘာမှ မပြောနိုင်ပါဘူး'

'ခင်ဗျားကို ကျွန်တော် မေးခွန်းတစ်ခု ထပ်မေးဦးမယ်။ မစ္စစတာ ပလက်တန်၊ ခင်ဗျား ကျွန်တော်ကို ပထမဦးဆုံး စကားပြောတဲ့အခါက၊ ခင်ဗျား ဒီထက်ပိုပြီး အဓိပ္ပာယ်ဆိုလိုတာ မဟုတ်ယင်၊ ခင်ဗျား ပြောတဲ့ဟာတွေကို ဘာကြောင့်၊ ခင်ဗျားရဲ့ အစ်ကိုကို မကြားစေချင်သလဲ။ သူဖြစ်ဖြစ် တခြားလူ ဖြစ်ဖြစ် ဆန့်ကျင်နိုင်တဲ့ အရာ ဘာမှ မရှိဘူး'

'ကျွန်မရဲ့ အစ်ကိုက၊ "ဟောလ်"အိမ်မှာ လူမနေမှာကို အရမ်းစိုးရိမ်ပူ ပန်တယ်။ ဒါဟာ တောရိုင်းမြေပေါ်က ဆင်းရဲတဲ့ ကျေးတောသားတွေအတွက် ကောင်းတယ်လို့ သူက ထင်နေတာကြောင့်ပါ။ ဆာဟင်နရီ ထွက်ပြေးသွား အောင် ကျွန်မ တစ်ခုခု ပြောခဲ့တာကို သူသိယင်၊ သူ အရမ်းဒေါသဖြစ်လိမ့် မယ်။ ဒါပေမယ့် အခု ကျွန်မရဲ့ တာဝန်ကို ကျွန်မ လုပ်ပြီးပါပြီ၊ နောက်ထပ် ကျွန်မ ဘာမှ မပြောတော့ပါဘူး။ ကျွန်မ ပြန်ရမယ်။ နို့မဟုတ်ယင် သူ ကျွန်မကို တွေ့လို့၊ ရှင်နဲ့ ကျွန်မ တွေ့နေတယ်လို့၊ သူ သံသယဖြစ်လိမ့်မယ်။ နှုတ်ဆက်ပါ တယ်' သူမက လှည့်ထွက်သွားပြီး မိနစ်အနည်းငယ်အတွင်း ပြန့်ကြဲနေသော ကျောက်တုံးကြီးများအကြားတွင် ကွယ်ပျောက်သွားစဉ်၊ ကျွန်ုပ်က မရေမရာ ထိတ်လန့်စိတ်များ ပြည့်လျှံလျက်၊ ဘာစ်ကာဗီလ်ဟော အိမ်သို့ ပြန်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

## ဒေါက်တာ ဝပ်ဆန်၏ ပထမအစီရင်ခံစာ

ယခုအချိန်မှ စ၍ ကျွန်ုပ်၏ရှေ့စားပွဲပေါ်တွင် ရှိနေသည့် မစ္စတာ ရှားလော့ဟုမ်းထံ ကျွန်ုပ်တို့၏ ပို့စာများကို အပြည့်အဝ ကူးယူရေးချခြင်းဖြင့်၊ အဖြစ်အပျက်လမ်းကြောင်း နောက်သို့ ကျွန်ုပ်လိုက်တော့မည်။ စာမျက်နှာတစ်ခုပျောက်နေ၏။ သို့သော်လည်း ၎င်းတို့က ရေးသားခဲ့သည့်အတိုင်း အတိအကျ ရှိနေပြီး၊ ကြေကွဲစရာ အဖြစ်အပျက်များနှင့် ပတ်သက်၍၊ ကျွန်ုပ်၏ ခံစားချက်နှင့် သံသယစိတ်များကို ကျွန်ုပ်မှတ်မိသည်ထက် ပို၍တိကျစွာ ဖော်ပြခဲ့၏။

ဘာစ်ကာဗီးလ်ဟောလ်၊ အောက်တိုဘာ (၁၃) ရက်

ကျွန်ုပ်၏ချစ်လှစွာသော ဟုမ်း

ဘုရားသခင် ဒဏ်ခတ်ထားတဲ့ ဒီကမ္ဘာထောင့်တစ်နေရာက ဖြစ်ပျက်ခဲ့တဲ့ အရာအားလုံးနဲ့ ပတ်သက်လို့ ကျွန်တော်ရဲ့ အစီရင်စာတွေနဲ့ ကြေးနန်းစာတွေက၊ ခင်ဗျားကို နောက်ဆုံး အခြေအနေအထိ အသိပေးခဲ့ပါတယ်။ လူတစ်ယောက်အနေနဲ့ ဒီနေရာမှာ ကြာကြာနေလေ၊ တောရိုင်းမြေရဲ့ စိတ်ဝိညာဉ်က သူ့ရဲ့အာရုံထဲသို့ ပိုပြီး နစ်ဝင်လေဖြစ်ပါတယ်။ သူ့ရဲ့ ရင်ခွင်ထဲကို ခင်ဗျားရောက်သွားတာနဲ့ တစ်ပြိုင်နက်၊ ခေတ်မီ အင်္ဂလန်ရဲ့ ငွေ့အသက်အားလုံးကို ခင်ဗျားရဲ့နောက်မှာ ခင်ဗျားထားခဲ့ပါလိမ့်မယ်။ သို့သော် တခြားတစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သမိုင်းမတိုင်မီက လူတို့ရဲ့ အလုပ်နဲ့ အိမ်ယာအားလုံးကို ခင်ဗျား သိရှိရလိမ့်မယ်။ ခင်ဗျား လမ်းလျှောက်နေစဉ် ခင်ဗျားရဲ့ဘေးအဖက်ဖက်မှာ မေ့လျော့သွားတဲ့ ဒီကျေးတောသားတွေရဲ့အိမ်တွေဟာ သူတို့ရဲ့ သင်္ချိုင်းမြေတွေနဲ့၊ သူတို့ရဲ့ ဘုရားကျောင်းတွေအဖြစ် အမှတ်အသားပြုမယ့် ကျောက်တိုင်တွေနဲ့ အတူ ရှိနေကြပါတယ်။ အမှတ်အသားတွေ ဖြစ်နေတဲ့၊ တောင်ကုန်းတွေ ဘေးက သူတို့ရဲ့မီးခိုးရောင် ကျောက်တုံးတဲအိမ်တွေကို ခင်ဗျားကြည့်ယင်၊ ခင်ဗျားရဲ့ အသက်အရွယ်ကို ခင်ဗျား မေ့သွားပါလိမ့်မယ်။ သားရေကို အင်္ကျီ လုပ်ဝတ်ထားတဲ့ အမွေးအမျှင်ထူထူနဲ့ လူတစ်ယောက်က ကျောက်တုံးအချွန် တပ်ထားတဲ့ မျှားကို လေးကြိုးမှာ တပ်ဆင်ထားယင်း၊ တံခါးနိမ့်နိမ့်အောက်က ထွား ထွားထွက်လာတာကို ခင်ဗျား မြင်ရယင် သူရှိနေတာကို ခင်ဗျား ခံစားရပြီး၊ ခင်ဗျားကို ခင်ဗျား မေ့သွားပါလိမ့်မည်။ ထူးဆန်းတဲ့အရာကတော့ မြေဆီ အခေါင်းပါးဆုံး မြေပေါ်မှာ သူတို့ ထူထူထပ်ထပ် နေခဲ့တယ်ဆိုတာပါပဲ။ ကျွန်တော်ဟာ ရှေးခေတ်ကို လေ့လာတဲ့လူ မဟုတ်ပါဘူး။ ဒါပေမယ့် တခြား ဘယ်သူမှ နေရာမယူတဲ့ ဒီနေရာကို သူတို့ လက်ခံယူရအောင် သူတို့ဟာ စစ်ကို ရှောင်တဲ့လူမျိုးတွေ ဖြစ်မယ်လို့ ကျွန်တော် စိတ်ကူးကြည့်နိုင်ပါတယ်။

သို့ပေမယ့်လည်း ဒါတွေ အားလုံးဟာ ခင်ဗျား ကျွန်တော်ကို ခိုင်းလိုက်တဲ့ တာဝန်နဲ့ သက်ဆိုင်ခြင်းမရှိဘဲ။ ခင်ဗျားရဲ့ လေးနက်ပြီး၊ လက်တွေ့ကျတဲ့ စိတ်အတွက် စိတ်ဝင်စားစရာ ကောင်းချင်မှ ကောင်းပါမယ်။ နေဟာ ကမ္ဘာကို ပတ်သလား၊ ကမ္ဘာဟာ နေကို ပတ်သလားဆိုတာနဲ့ ပတ်သက်ပြီး၊ ခင်ဗျား လုံးဝအရေးမလုပ်တာကို ကျွန်တော် မှတ်မိပါသေးတယ်။ ဒါကြောင့်မို့ ဆာဟင်နရီဘာစ်ကာဗီးလ်နဲ့ ပတ်သက်တဲ့ အချက်တွေဆီကို ကျွန်တော် ပြန်လှည့်ပါရစေ။

ပြီးခဲ့တဲ့ ရက်အနည်းငယ်အတွင်း ခင်ဗျား သတင်းပို့ချက်တစ်ခု၊ မရဘူးဆိုယင် အဲဒါက ဒီနေ့အထိ အရေးကြီးတာ ပြောပြဖို့ မရှိတာကြောင့်ပါ။ အဲဒီနောက် အလွန်အံ့သြဖွယ်ရာ ကောင်းတဲ့ အခြေအနေတစ်ခု ဖြစ်ပေါ်လာပါတယ်။ အဲဒါကို ကျွန်တော် အချိန်ကျလာတဲ့အခါ ပြောပြပါ့မယ်။ ဒါပေမယ့် ပထမဦးဆုံး ဒီအခြေအနေက တခြားအချက်အလက်တချို့နဲ့ ခင်ဗျားကို ကျွန်တော် တွေ့ထိပေးရပါမယ်။

ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်နည်းနည်း ပြောခဲ့တဲ့ သူတို့ထဲက တစ်ခုကတော့ တောရိုင်းမြေပေါ်မှာ လွတ်နေတဲ့ အကျဉ်းသားတစ်ယောက်ပါပဲ၊ သူအဝေးကို ရောက်သွားပြီလို့ ယုံကြည်ရမယ့် ခိုင်မာတဲ့အကြောင်းအချက် အခုရှိနေပါပြီ။ ဒီဒေသတစ်ဝိုက်က အထီးကျန်နေကြတဲ့ အိမ်ထောင်စုဝင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အဖို့၊ ဒါက အတော်ကို စိတ်သက်သာရာရစရာပါပဲ။ သူထွက်ပြေးသွားတာ ရက်သတ္တပတ် (၂) ပတ်ရှိပါပြီ။ ဒီအတောအတွင်းမှာ သူ့ကို မမြင်ရသလို၊ သူ့အကြောင်းကို ဘာမှ မကြားရဘူး။ အချိန်ကာလတစ်ခုလုံးအတွင်း၊ တောရိုင်းမြေပေါ်မှာ သူဆက်လက်ရှိနိုင်ဖို့ကတော့ မဖြစ်နိုင်တာ သေချာပါတယ်။ အမှန်ပါပဲ၊ အဲဒီနေရာမှာသာ သူဆက်လက်ပုန်းအောင်းနေသမျှ ကာလပတ်လုံး၊ အခက်အခဲလုံးဝရှိမှာ မဟုတ်ပါဘူး။ ကျောက်တုံးတဲတစ်ခုခုက သူ့အတွက် မှီခိုစရာနေရာပေးမှာပါ။ ဒါပေမယ့် တောရိုင်းမြေ သိုးတစ်ကောင်ကို သူ ဖမ်းဆီးပြီး မသတ်ဘူးဆိုယင် သူ့အတွက် စားစရာ ဘာမှမရှိပါဘူး။ ဒါကြောင့်မို့ သူသေသွားပြီလို့ ကျွန်တော် ထင်ပြီး၊ အကျိုးသက်ရောက်မှုအဖြစ် ကွင်းပြင်ရောက်နေတဲ့ လယ်သမားတွေ၊ ကောင်းကောင်းအိပ်ကြရပါတယ်။

ဒီအိမ်ထောင်စုမှာ ကျွန်တော်တို့က ခန္ဓာကိုယ်သန်စွမ်းတဲ့ လူ (၄) ယောက်ပါ။ ဒါကြောင့်မို့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကောင်းကောင်း ဂရုစိုက်နိုင်ပါတယ်။ ဒါပေမယ့် စတာပလက်တန်ကို ကျွန်တော် စဉ်းစားမိတဲ့အခါ၊ ကျွန်တော် စိတ်မသက်မသာဖြစ်မိတယ်ဆိုတာ ဝန်ခံပါတယ်။ အကူအညီနဲ့ မိုင်ပေါင်းများစွာ ဝေးတဲ့နေရာမှာ သူတို့နေကြတယ်။ အိမ်ဖော်တစ်ယောက်ရယ်၊ အဖိုးအိုအမှုထမ်းတစ်ယောက်ရယ်၊ ညီမရယ်၊ အစ်ကိုရယ် ရှိကြတယ်။ အစ်ကိုက သိပ်သန်သန်မာမာလူ မဟုတ်ဘူး ဒီနေ့ဘတ်ဟေးလ်လို့၊ သေမထူး နေမထူးလူတစ်ယောက်သာ ကျူးကျော်ဝင်ရောက်လာနိုင်ယင်၊ သူတို့လက်ခုပ်ထဲက ရေဖြစ်သွားလိမ့်မယ်။ ဆာဟင်နရီရော ကျွန်တော်ပါ သူတို့ရဲ့ အခြေအနေကို စိုးရိမ်ပူပန်မိပါတယ်။ မြင်းထိန်းသမား ပါကင်ကို အဲဒီမှာ သွားအိမ်ဖို့ အကြံပြုကြပါတယ်။ ဒါပေမယ့် စတာပလက်တန်က ဒါကို လက်မခံပါဘူး။

ကျွန်တော်တို့ရဲ့ မိတ်ဆွေ မြေပိုင်ရှင်က ကျွန်တော်တို့ရဲ့ အိမ်နီးချင်းအပေါ် အတော်ကလေးကို စိတ်ဝင်စားမှု ပြနေတဲ့အကြောင်း ရှိပါတယ်။ သူမက အလွန် ရင်သပ်ရှုမောဖွယ်ကောင်းစွာလှပတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်တာမို့ ဒါက အံ့သြစရာ မဟုတ်ပါဘူး။ အေးတိအေးစက်နဲ့ မလှုပ်မယှက် နေတတ်တဲ့ သူမရဲ့အစ်ကိုနဲ့ ဆန့်ကျင်လျက် သူမမှာ ပူပူလောင်လောင်နဲ့ ထူးခြားတာတွေ ရှိပါတယ်။ ဒါပေမယ့် သူကလည်းပဲ၊ ပုံးလျှိုးကွယ်လျှိုးနဲ့ ထက်မြက်တာတွေ ရှိပါတယ်။ သူက သူမအပေါ်မှာ အထင်အရှား အတော်ကို ဩဇာသြောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမ စကားပြောတဲ့အခါ သူ့ရဲ့ထောက်ခံမှုကို ရှာသလိုမျိုးနဲ့ သူ့ကို အဆက်မပြတ် လှမ်းကြည့်နေတာကို ကျွန်တော် တွေ့မြင်ရတာကြောင့်ပါ။ သူမကို သူကြင်နာမှုရှိတယ်ဆိုတာ ကျွန်တော် ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပါ တယ်။ သူ့ရဲ့မျက်လုံးတွေက တောက်ပပြီး၊ သူ့ရဲ့ နှုတ်ခမ်းတွေ ပိပိရိရိ စေ့နေပါ တယ်။ ဒါတွေက တိကျပြတ်သားတဲ့ သဘာဝအမှတ်အသားတွေပါ။ သူ့ကို စိတ်ဝင်စားဖွယ်ကောင်းစွာ လေ့လာဖို့ ကောင်းတာကို ခင်ဗျား တွေ့ရပါလိမ့် မယ်။

အဲဒီပထမဦးဆုံးနေ့မှာ သူ ဘာစ်ကာဗီလ်ကို အလည်အပတ်လာပါ တယ်။ နောက်တစ်နေ့မနက်မှာ ဒဏ္ဍာရီထဲက ဆိုးဝါးတဲ့ ဟူဂို စတင်ပေါက်ဖွား ခဲ့တယ်လို့ ယူဆရတဲ့နေရာကို ကျွန်တော်တို့နှစ်ဦးစလုံးကို ခေါ်ပြတယ်။ အဲဒါ က တောရိုင်းမြေကိုဖြတ်ပြီး၊ မိုင်အတော်များများသွားရမယ့် ခရီးဖြစ်ပြီး၊ ဒီလို ဇာတ်လမ်းကို ပြောဆိုနိုင်လောက်အောင် ထိတ်လန့်စရာကောင်းတဲ့ နေရာဆီကို သွားရတာပါ။ ကျောက်တုံးထုထပ်တဲ့ တောင်ကုန်းတွေကြားက တိုတောင်းတဲ့ တောင်ကြားကို ကျွန်တော်တို့ တွေ့ရတယ်။ အဲဒီတောင်ကြားက ဖြူဖွေးတဲ့ ဝဂွမ်းပင်တွေနဲ့ ပြည့်နေတဲ့ကွင်းပြင်ဘက်ကို လမ်းပွင့်သွားတယ်။ အဲဒီကွင်းပြင် အလည်မှာ ကျောက်တုံးကြီးနှစ်ခုထိုးထွက်နေပါတယ်။ အဲဒီ ကျောက်တုံးနှစ်ခု က အပေါ်ပိုင်းထိပ်မှာ အတိုက်စားခံရပြီး၊ ချွန်တက်နေလိုက်တာဟာ ကြီးမား တဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့ သွားကြီးတွေနဲ့ တူနေတယ်။ ဆာဟင်နရီက အလွန် ကို စိတ်ဝင်စားပြီး၊ လူတွေရဲ့ အရေးကိစ္စမှာ သဘာဝထက် လွန်ကဲမှုတွေ၊ ဝင်ရောက်နှောင့်ယှက်ဖို့ ဖြစ်နိုင် မဖြစ်နိုင်ကို တကယ် ယုံကြည်သလားလို့၊ စတာပလက်တန်ကို သူတစ်ကြိမ်မက မေးခဲ့တယ်။ သူက ပေါ့ပေါ့တန်တန်ပဲ ပြောပါတယ်။ ဒါပေမယ့် သူအလွန့်အလွန်ကို စိတ်ထက်သန်မှု ဖြစ်နေတယ် ဆိုတာ ထင်ရှားပါတယ်။ စတာပလက်တန်က ထိန်းထိန်းသိမ်းသိမ်းနဲ့ ပြန် ဖြေပါတယ်။ ဒါပေမယ့် သူ ပြောနိုင်တာထက် လျှော့ပေါ့ပြောတာရယ်။ မြေပိုင် ရှင်ရဲ့ ခံစားချက်နဲ့ ပတ်သက်လို့ သူ ထင်မြင်ချက်ကို အကုန်မပေးဘူးဆိုတာ ရယ်ကို အလွယ်တကူ တွေ့မြင်ရပါတယ်။ ဒီမိသားစုတွေဟာ မိစ္ဆာတချို့ရဲ့ လွှမ်းမိုးမှုကို ခံစားနေရတယ်လို့ သူက ကျွန်တော်တို့ကို ပြောပြပြီး၊ ဒီကိစ္စမှာ အများက မြင်သလို သူမြင်ကြောင်းကို ကျွန်တော်တို့ မှတ်ယူရပါတယ်။

ကျွန်တော်တို့ရဲ့ အပြန်လမ်းမှာ မဲရီပစ်အိမ်မှာ ကျွန်တော်တို့ နေ့လည် စာစားဖို့ ခဏတည်းကြပါတယ်။ အဲဒီနေရာမှာ ဆာဟင်နရီက မစ္စစတာ ပလက်တန်နှင့် အသိမိတ်ဆွေဖွဲ့ပါတယ်။ သူမကို သူ မြင်မြင်ခြင်း၊ အလွန် စိတ်ဝင်စားပုံ ပေါ်သွားပါတယ်။ ဒီခံစားချက်က အပြန်အလှန်တုန့်ပြန်မှု မရှိဘူး ဆိုယင်၊ ကျွန်တော် အများကြီး မှားသွားပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ အိမ် အပြန်လမ်းမှာ သူက သူမအကြောင်းကို မကြာခဏ ထပ်ခါထပ်ခါ ပြောပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီအချိန်ကစပြီး ဒီမောင်နှမတစ်ယောက်ယောက်ကို ကျွန်တော် မတွေ့မြင်ရဘဲ ကုန်ဆုံးသွားတဲ့နေ့ဆိုတာ၊ မရှိသလောက်ပါပဲ၊ ဒီည သူတို့ ဒီမှာ ညစာစားကြပြီး၊ နောက်တစ်ပတ်မှာ သူတို့ဆီ ကျွန်တော်တို့သွားဖို့ ပြောဆိုကြပါတယ်။ ဒီလို ကြင်ဖော်စုံတွဲဟာ၊ စတာပလက်တန်အတွက် အလွန်လက်ခံကြိုဆိုစရာ ဖြစ်လိမ့်မယ်လို့ ထင်ကြလိမ့်မယ်။ ဒါပေမယ့် ဆာဟင်နရီက သူ့ရဲ့ ညီမကို အာရုံစိုက်နေတဲ့အခါ သူ့ရဲ့ မျက်နှာပေါ်က အပြင်းအထန်ဆုံး မနှစ်မြို့မှုတွေကို ကျွန်တော်တစ်ကြိမ်မက တွေ့မိပါတယ်။ သူမကို သူအလွန် သံယောဇဉ်ရှိတယ်ဆိုတာ သေချာပါတယ်။ သူမသာ မရှိယင်၊ သူ အထီးကျန်ဘဝနဲ့ နေရမှာပါ။ ဒါပေမယ့် ဒီလောက် အလွန်ထွန်းတောက်တဲ့ မင်္ဂလာပွဲတစ်ခုကို သူမ ဖန်တီးရာမှာ သူက ကာဆီး ကာဆီး လုပ်မယ်ဆိုယင်တော့ ဒါက တစ်ကိုယ်ကောင်းဆန်လွန်းပါလိမ့်မယ်။ ဒါပေမယ့် သူတို့ရဲ့ သိကျွမ်းမှုကနေ ချစ်ခြင်းမေတ္တာတွေ ပေါက်ဖွားသွားမှာကို သူမလိုလားတာကတော့ ကျွန်တော် အသေအချာ သိပါတယ်။ သူတို့နှစ်ဦးနှစ်ကိုယ်ကြား မတွေ့ဆုံရဖို့ကို သူ အတော် ဒုက္ခခံခဲ့တာ ကျွန်တော် အကြိမ်ပေါင်းများစွာ တွေ့မြင်ခဲ့ရပါတယ်။ ဒါနဲ့ စကားမစပ် ဆာဟင်နရီကို တစ်ယောက်တည်း ထွက်သွားခွင့်မပြုဖို့၊ ကျွန်တော်ကို ခင်ဗျားညွှန်ကြားထားတာဟာ ကျွန်တော်တို့ရဲ့ တခြား အခက်အခဲတွေမှာ အချစ်ကိစ္စက ထပ်မံရောယှက်လာဦးမယ်ဆိုယင်၊ အလွန့်အလွန်ကို ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာမှာပါ။ ခင်ဗျားရဲ့ အမိန့်တွေကို နောက်ဆုံးအဆင့်အထိ ကျွန်တော် ဆောင်ရွက်ရမယ်ဆိုယင်၊ ကျွန်တော်ရဲ့ သြဇာလည်း မကြာခင်ထိ ခိုက်ပါလိမ့်မယ်။

ဟိုတစ်နေ့က တိတိကျကျ ပြောရယင်၊ ကြာသပတေးနေ့က ဒေါက်တာ မော်တင်မာဟာ ကျွန်တော်တို့နဲ့ နေ့လည်စာစားပါတယ်။ 'လောင်ဒေါင်း' က သင်္ချိုင်းမြေပုံတစ်ခုကို သူတူးဖော်နေပြီး၊ သူ့ကို အလွန်ပျော်ရွှင် သွားစေတဲ့ ကျောက်ခေတ်နှောင်းပိုင်း အရိုးခေါင်းတစ်ခုကို သူရတယ်။ သူ့လို အာရုံတစ်ခုတည်းပေါ်မှာ၊ စိတ်ထက်သန်တဲ့လူမျိုး ဘယ်တော့မှရှိမှာ မဟုတ်ပါဘူး။ အဲဒီနောက်မှာ စတာပလက်တန်တို့လာပြီး၊ ဆာဟင်နရီရဲ့ တောင်းဆိုချက်အရ၊ အဲဒီလူသေမှုဖြစ်တဲ့ညက ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ကို အတိအကျပြဖို့အတွက် ပုံနရိပ်လမ်းဘက်ကို ကျွန်တော်တို့ အားလုံးကို ခေါ်သွားတယ်။ ဘေးတစ်ဖက်တစ်ချက်မှာ ကျဉ်းမြောင်းတဲ့ မြက်ခင်းတန်းနဲ့အတူ မြင့်မားတဲ့ ပုံနရိပ်စည်းရိုး (၂) ခုကြားက လျှောက်လမ်းဟာ ရှည်လျားပြီး၊ မနှစ်မြို့ဖွယ်ရာ ကောင်းပါတယ်။ တစ်ဖက်အဆုံးမှာတော့ တောရိုင်းယိုင်နဲ့နေတဲ့ နွေရာသီ အိမ်အိုတစ်လုံးရှိပါတယ်။ လမ်းတစ်ဝက်မှာတော့ တောရိုင်းမြေဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို ပွင့်နေတဲ့ ဂိတ်ပေါက်ရှိပါတယ်။ အဘိုးအိုက အဲဒီနေရာမှာ ဆေးပြင်းလိပ်ပြာကို ရွှေချခဲ့ပါတယ်။ အဲဒါက မြောက်လက်တံခါးဂျက်ပါတဲ့ အဖြူရောင်သစ်သားတံခါးဖြစ်ပါတယ်။ အဲဒီအလွန်မှာ ကျယ်ပြန့်တဲ့ တောရိုင်းမြေရှိပါတယ်။ ခင်ဗျားရဲ့ ဆက်စပ်မှုသီအိုရီကို ကျွန်တော်မှတ်မိပြီး ဖြစ်ပျက်သမျှ အားလုံးကို ကျွန်တော် ပုံဖော်ကြည့်ဖို့ ကြိုးစားပါတယ်။ အဖိုးအိုက မတ်တပ်ရပ်နေစဉ်မှာ တစ်စုံတစ်ရာက တောရိုင်းမြေကို ဖြတ်သန်း ပြေးလာနေသည်ကို သူတွေ့တယ်။ ဒီတစ်စုံတစ်ရာဟာ သူ့ကို ထိတ်လန့်စေလွန်းလို့ သူစဉ်းစားဆင်ခြင်စိတ်ပျောက်ပြီး၊ ပြေးမိတယ်။ အဲဒီလိုပြေးမိတာဟာ ထိတ်လန့်မှုသက်သက် အားအင်ကုန်ခမ်းမှုသက်သက်နဲ့ သူလဲကျသေဆုံး သွားတဲ့အထိပါပဲ။ သူပြေးခဲ့တဲ့၊ အောက်မှာ ရှည်လျားမှောင်မည်းတဲ့ မြေတွင်း တစ်ခုရှိတယ်။ ဘာတွင်းလဲ တောရိုင်းမြေပေါ်က သိုးထိန်းခွေးတစ်ကောင်ရဲ့ တွင်းလား၊ ဒါမှမဟုတ် မည်းနက်ဆိတ်ငြိမ်ပြီး၊ ကြီးမားတဲ့ ဝိညာဉ်ခွေးကြီးရဲ့ တွင်းလား၊ ဒီကိစ္စမှာ လူသား လုပ်ဆောင်မှုပါသလား၊ စောင့်ကြည့်နေခဲ့တဲ့ မျက်နှာဖြူဖတ်ဖြူရော်နဲ့ ဘာရီမိုးဟာ သူဂရုစိုက်ပြောဆိုခဲ့တာထက်၊ ပိုသိသလား။ ဒါက မရေမရာနဲ့ မှုန်ဝါးဝါး ဖြစ်နေတယ်။ ဒါပေမယ့် ဒီနောက်မှာ ရာဇဝတ်မှုအရိပ်မည်းမည်းက အမြဲရှိနေပါတယ်။

ကျွန်တော် နောက်ဆုံးစာရေးခဲ့ပြီးတဲ့နောက်မှာ၊ ကျွန်တော် တွေ့ဆုံခဲ့တဲ့ တခြားအိမ်နီးနားချင်း တစ်ယောက်ရှိပါတယ်။ သူကတော့ "လက်ဖ်တာဟော" အိမ်က မစ္စတာဖရန်ကလင် ဖြစ်ပါတယ်။ သူက ကျွန်တော်တို့ရဲ့ တောင်ဘက် (၄) မိုင်လောက်မှာနေပါတယ်။ သူက မျက်နှာနီနီ၊ ဆံပင်ဖြူဖြူနဲ့ စိတ်တိုတတ်တဲ့ အသက်ကြီးကြီးလူတစ်ယောက်ပါ။ သူဟာ ဗြိတိသျှဥပဒေကို အလွန်စိတ်ဝင်စားသူဖြစ်ပြီး၊ တရားပြိုင်ဆိုင်မှုမှာ ငွေကြေးအတော်များများကို သုံးဖြုန်းခဲ့ပါတယ်။ သူဟာ တိုက်ရခိုက်ရမှာကို ပျော်ရွှင်မှုသက်သက်နဲ့သာ တိုက်ခိုက်တတ်ပြီး၊ ပြဿနာတစ်ဖက်ဖက်မှာ သူပါဝင်ဖို့ အဆင်သင့် ဖြစ်နေတတ်တယ်။ ဒါကြောင့်မို့ ဒီကိစ္စကို သူကငွေကုန်တဲ့ ပျော်စရာလို့ တွေးမြင်တာ မထူးစမ်းပါဘူး။ တစ်ခါတစ်ရံမှာ သူက လမ်းတစ်ခုကို ပိတ်ဆို့ပြီး၊ ဒီလမ်းကို ဖွင့်ဖို့အတွက် ကျေးလက်က လူတွေကို တရားပြိုင်ဖို့ စိမ်ခေါ်တယ်။ တစ်ခါတစ်ရံမှာ သူ့ရဲ့လက်နဲ့ အခြားသူတစ်ဦးရဲ့ ခြံတံခါးပေါက်ကို အတင်းဆွဲဖွင့်ပြီး၊ ဒီလမ်းဟာ ဟိုးရှေးပဝေသနီထဲကရှိနေတဲ့ လမ်းဖြစ်ကြောင်း ကြေညာယင်းနဲ့ သူကျူးကျော်ဖြတ်သန်းမှုအတွက် ပိုင်ရှင်နဲ့ တရားပြိုင်ဖို့ စိမ့်ခေါ်တယ်။ မြေယာပိုင်ဆိုင်မှုအခွင့်အရေးနဲ့ ပတ်သက်ပြီး သူက ကောင်းကောင်းနားလည်တယ်။ သူ့ရဲ့ ဗဟုသုတကို တစ်ခါတစ်ရံမှာ "ဖန်ဝါသီး" ရွာသားတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကျိုး အတွက် အသုံးပြုတတ်ပြီး တစ်ခါတစ်ရံမှာ သူတို့ကို ဆန့်ကျင်တဲ့အခါ အသုံး ပြုတတ်တယ်။ လောလောဆယ် သူ့လက်ထဲမှာ အမှု (၆) ခုလောက်ရှိ တယ်လို့ ပြောကြတယ်။ အဲဒါတွေက သူ့ရဲ့ကျန်သမျှ ဥစ္စာငွေကြေးကို ကုန်ခမ်း သွားစေနိုင်လို့နောင်အခါသူဟာမြွေအစွယ်ကျိုး၊ ခြေသုတ်ပုဆိုးဖြစ်သွားနိုင် တယ်။ ဥပဒေနဲ့မပတ်သက်ယင် သူဟာ ကြင်နာတတ်ပြီး စိတ်ကောင်းရှိတဲ့ လူတစ် ယောက်ဖြစ်ဟန်တူပါတယ်။ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေကို ခင်ဗျားဆီ ကျွန်တော် လှမ်းဖော်ပြသင့်တယ်လို့ ခင်ဗျား အထူး တလှယ် ဆို ထားတာကြောင့်သာ သူ့ကို ကျွန်တော် ဖော်ပြတာပါ။အပျော်တမ်း နက္ခတ္တ ကြည့်ရသူဖြစ်တာမို့ သူ့မှာ အလွန်ကောင်းတဲ့ မှန်ပြောင်းရှိတာကြောင့်၊ လောလောဆယ်မှာသူစိတ်ဝင်တစား အလုပ်လုပ်နေပါတယ်။ သူ့ရဲ့ အိမ်ခေါင် မိုးပေါ်မှာ သူဝမ်းလျားမှောက်နေပြီး လွတ်သွားတဲ့တရားခံကို တွေ့မြင်ရမယ်ဆို တဲ့ မျှော်လင့်ချက်နဲ့ တစ်နေ့လုံး တောရိုင်းမြေကို အဲဒီမှန်ပြောင်းနဲ့ သူလိုက် ကြည့်နေတယ်။ ဒီအပေါ် သူအာရုံစူးစိုက်နေမယ်ဆိုယင်၊ အားလုံး အဆင်ပြေ မှာပါ။ ဒါပေမယ့် မိသားစုဆွေမျိုးတွေရဲ့ ခွင့်ပြုချက်မရဘဲ၊ သင်္ချိုင်းမြေတစ်ခုကို တူးဖော်ဖို့အတွက်၊ ဒေါက်တာမော်တင်မာကို သူတရားစွဲဖို့ ကြံရွယ်နေတယ်လို့ ကောလဟာလဖြစ်နေပါတယ်။ ဘာကြောင့်လည်းဆိုတော့၊ ကျောက်ခေတ် နှောင်းပိုင်း ဦးခေါင်းခွံတစ်ခုကို “လောင်ဒေါင်း” က မြေတွင်းထဲမှာ သူတူးဖော် ရရှိခဲ့တယ်။ ကျွန်တော်တို့ အနေအထိုင် မပျင်းရိရအောင် သူကူညီပြီး၊ လိုအပ် တဲ့အခါ ကျွန်တော်တို့ကို သူက ရယ်စရာဟာသလုပ်ပေးပါတယ်။

လွတ်မြောက်သွားတဲ့အကျဉ်းသား၊ စတာပလက်တန်မောင်နှမ၊ ဒေါက်တာမော်တင်မာနဲ့ လက်ဖိတာဟောအိမ်က ဖရန့်ပလင်တို့အကြောင်းကို ခင်ဗျားကို ကျွန်တော် အသိပေးပြီးတဲ့အခါ အရေးအကြီးဆုံးအရာနဲ့ ကျွန်တော် အဆုံးသတ်ပါရစေ၊ ဘာရီမိုးတဲ့ ပတ်သတ်ပြီး ကျွန်တော်ထပ်ပြောပါရစေ၊ အထူးသဖြင့် ပြီးခဲ့တဲ့ညက အံ့သြဖွယ်တိုးတက်မှုအကြောင်းကို ပြောပါရစေ။

ပထမဦးဆုံးကတော့ ကြေးနန်းစာစမ်းသပ်ပို့မှု ကိစ္စပါ။ ဘာရီမိုးဒီမှာ တကယ်ရှိ မရှိကို သေချာဖို့အတွက် လန်ဒန်ကနေ ခင်ဗျား ပို့လိုက်တဲ့ကြေး နန်းစာပါ။ စာတိုက်မှူးရဲ့ အစစ်ခံမှုက စမ်းသပ်မှုအရာ မရောက်ကြောင်းနဲ့ ဘယ်လိုနည်းနဲ့မှ ကျွန်တော်တို့ သက်သေအထောက်အထား မရရှိကြောင်းကို ခင်ဗျားကို ကျွန်တော် ရှင်းပြပြီးဖြစ်ပါတယ်။ အခြေအနေဘယ်လို ရှိတယ် ဆိုတာ ဟင်နရီကို ကျွန်တော်ပြောပြပါတယ်။ သူက ရှုးရှုးဒိုင်းဒိုင်းပုံစံနဲ့ ချက်ချင်းပဲ ဘာရီမိုးကို ခေါ်ပြီး ကြေးနန်းစာကို သူကိုယ်တိုင်ရသလားလို့ မေးတယ်။ ဘာရီမိုးက ရတယ်လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေးက ဒါကို ခင်ဗျားရဲ့ လက်ထဲကို ကိုယ်တိုင်ထည့်ပေးသလား' ဆာဟင်နရီက မေးပါတယ်။

ဘာရီမိုးက အံ့ဩပုံပေါ်သွားပြီး၊ ခဏမျှ စဉ်းစားနေပါတယ်။

'ဟင့်အင်း' သူက ပြောပါတယ်။ 'အဲဒီအချိန်က ကျွန်တော် ထပ်ခိုးခန်းထဲမှာ ရှိနေတယ်။ ကျွန်တော်ရဲ့ ဇနီးက အဲဒါကို ကျွန်တော်ဆီ ယူလာပါတယ်'

'ဒါကို ခင်ဗျားကိုယ်တိုင် လက်ခံစာရေးသလား'

'ဟင့်အင်း ဘယ်လိုရေးရမယ်ဆိုတာ ကျွန်တော်ရဲ့ ဇနီးကို ကျွန်တော် ပြောပြပါတယ်။ သူမက အောက်ကို ဆင်းသွားပြီးရေးပါတယ်'

ညနေပိုင်းမှာ သူက သူ့ဘက်က အမြင်နဲ့ ဒီကိစ္စကို ပြန်အစကောက်ပါတယ်။

'ဒီမနက်က ခင်ဗျားရဲ့ မေးခွန်းရည်ရွယ်ချက်ကို ကျွန်တော်လုံးဝနားမလည်ဘူး။ ဆာဟင်နရီ' သူက ပြောတယ်။ 'ခင်ဗျားရဲ့ ယုံကြည်မှုကို ပျက်ပြားအောင် ကျွန်တော် တစ်ခုခု လုပ်မိတယ်လို့ ဒါက၊ အဓိပ္ပါယ်မဆောင်ဘူးဆိုတာ ကျွန်တော် ယုံကြည်ပါတယ်'

ဒါက အဲဒီလို မဟုတ်ဘူးဆိုတာ ဆာဟင်နရီက သူ့ကို အသေအချာပြောရပြီး၊ သူ့ရဲ့ အဝတ်အစားဟောင်းတချို့ကို ပေးယင်းနဲ့ သူ့ကို ချော့မော့ရတယ်။ လန်ဒန်က အဝတ်အစားတွေ အားလုံးက အခုရောက်လာပါပြီ။

မစ္စစ်ဘာရီမိုးက ကျွန်တော်အတွက် စိတ်ဝင်စားစရာကောင်းပါတယ်။ သူမဟာ ထွားကြိုင်းတောင့်တင်းသူဖြစ်ပြီး၊ အလွန်လေးစားဖွယ်ကောင်းပါတယ်။ ပြီးတော့ ကြန္ဒြေကြီးသူလည်း ဖြစ်ပါတယ်။ သူမလို ကြန္ဒြေကြီးသူကို ခင်ဗျား တွေ့ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဒီကို ရောက်တဲ့ ပထမဦးဆုံးညမှာ သူမရှိုက်ကြီးတငင်ငင် ငိုရှိုက်နေတာကို ကျွန်တော် ဘယ်လိုကြားရတယ် ဆိုတာရယ်၊ အဲဒီအချိန်ကစပြီး သူမရဲ့ မျက်နှာပေါ်မှာ မျက်ရည်စတွေကို တစ်ကြိမ်မက၊ ကျွန်တော် တွေ့မြင်ရတာရယ်ကို ခင်ဗျားကို ကျွန်တော် ပြောပြပြီးပါပြီ။ လှိုက်လှိုက်လှဲလှဲ ကြေကွဲစရာတချို့က သူမရဲ့ နှလုံးသားကို လောင်ကြွင်းနေပါတယ်။ သူမကို ခြောက်လှန့်နေတဲ့ တစ်စုံတစ်ရာ အပြစ်မကင်းမှုကို သူမအမှတ်ရနေသလားဆိုတာ တစ်ခါတစ်ရံ ကျွန်တော် စဉ်းစားမိပြီး၊ ဘာရီမိုးကို အိမ်တွင်းရေးချယ်လှယ်သူအဖြစ် တစ်ခါတစ်ရံ ကျွန်တော် သံသယဖြစ်မိတယ်။ ဒီလူရဲ့ အကျင့်စရိုက်နဲ့ ပတ်သက်လို့ မေးခွန်းထုတ်စရာ ထူးဆန်းတာတွေ ရှိတယ်လို့ ကျွန်တော် အမြဲခံစားမိတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ညက ကိစ္စကတော့ ကျွန်တော်ရဲ့ သံသယကို အထွဋ်အထိပ်ထိရောက်စေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒါက အသေးအမွှားကိစ္စ ဖြစ်ဟန်တူပါတယ်။ ကျွန်တော် အအိပ်စပ်တာ ခင်ဗျားသိပါတယ်။ ဒီအိမ်မှာ ကျွန်တော် အစောင့် လုပ်နေရကတည်းက ခါတိုင်းထက်ပိုပြီး ကျွန်တော် အအိပ်အနေနည်းပါးလာပါတယ်။ ပြီးခဲ့တဲ့ညက မနက် (၂) နာရီလောက်မှာ ကျွန်တော့်အခန်းဆီကနေ ခိုးကြောင်ခိုးဝှက်ဖြတ်သွားတဲ့ ခြေသံကြောင့် ကျွန်တော် အိပ်ယာ နိုးသွားတယ်။ ကျွန်တော် ထပြီး တံခါးဖွင့်ကြည့်တယ်။ ရှည်လျားမည်းမှောင်တဲ့ အရိပ်က စင်္ကြံလမ်းတစ်လျှောက် ရွေ့လျားသွားနေတယ်။ အဲဒါက လက်ထဲ ဖယောင်းတိုင်ကိုင်ပြီး စင်္ကြံလမ်းတစ်လျှောက် ဖွဖွလျှောက်သွားတဲ့ လူရဲ့အရိပ် ကျနေတာပါ။ သူက ရှပ်အင်္ကျီနဲ့ ဘောင်းဘီကို ဝတ်ထားပြီး၊ သူခြေဗလာနဲ့ပါ။ အရိပ်ကို ကျွန်တော် မြင်ယုံမြင်လိုက်ရတာပါ။ ဒါပေမယ့် သူ့ရဲ့ အမြင့်က ဘာရီမိုးဖြစ်တာကို ဖော်ပြနေပါတယ်။ သူက အလွန်ဂရုတစိုက်နဲ့ တဖြည်းဖြည်း လမ်းလျှောက်နေပြီး၊ သူ့ရဲ့ ပုံပန်းသဏ္ဌာန်တစ်ခုလုံးက ဖော်မပြနိုင်တဲ့အပြစ်မကင်းမှုနဲ့ ခိုးကြောင်ခိုးဝှက်နိုင်မှုတွေ ရှိနေပါတယ်။

စင်္ကြံက ခန်းမဆီကို ကွေ့ဝိုက်သွားတဲ့ လသာဆောင်နဲ့ ပိုင်းဖြတ်ထားကြောင်း၊ ဒါပေမယ့် အဲဒီစင်္ကြံက အခြားတစ်ဖက်ကို ဆက်လက်တန်းသွားကြောင်း၊ ခင်ဗျားကို ကျွန်တော် ပြောပြပြီးပါပြီ။ မြင်ကွင်းထဲက သူပျောက်သွားတဲ့အထိ၊ ကျွန်တော် စောင့်နေပါတယ်။ အဲဒီနောက် သူ့နောက်ကို ကျွန်တော် လိုက်ပါတယ်။ လသာဆောင်ကို ကျွန်တော် ကွေ့ပတ်လိုက်တဲ့အခါ သူက စင်္ကြံတစ်ဖက်အဆုံးကို ရောက်နေပြီး၊ ပွင့်နေတဲ့တံခါးပေါက်တစ်ခုက မီးအလင်းရောင်နဲ့ အခန်းတစ်ခုထဲကို သူဝင်သွားတာ ကျွန်တော် မြင်ရတယ်။ အခု ဒီအခန်းတွေ အားလုံးက ပရိဘောဂပစ္စည်း မရှိဘဲ လူလည်း မနေဘူး။ ဒါကြောင့် သူဒီလိုသွားတာက ပိုပြီးတော့ သံသယဖြစ်စရာ ကောင်းလာတယ်။ သူ မလှုပ်မယှက်ရပ်နေသလိုမျိုးနဲ့ အလင်းရောင်က တည်တည်ငြိမ်ငြိမ် လင်းပနေတယ်။ ကျွန်တော် တတ်နိုင်သလောက်၊ အသံလုံလုံနဲ့ စင်္ကြံလမ်းတစ်လျှောက် တိတ်တဆိတ်သွားပြီး တံခါးဒေါင့်ကနေ ချောင်းကြည့်လိုက်တယ်။

ဘာရီမိုးဟာ ပြတင်းပေါက်မှန်နားမှာ ဖယောင်းတိုင်ကို ကိုင်ထားလျက်နဲ့ ပြတင်းပေါက်ဘေးမှာ ဝပ်နေပါတယ်။ သူက ကျွန်တော့်ဘက်ကို ဘေးတစ်စောင်းလှည့်ထားပါတယ်။ တောရိုင်းမြေရဲ့ အမှောင်ထုထဲကို သူစိုက်ကြည့်နေစဉ်မှာ သူ့မျက်နှာက တစ်စုံတစ်ရာ မျှော်လင့်ချက်နဲ့ တင်းမာနေဟန်တူပါတယ်။ မိနစ်အတော်ကြာ သူက အာရုံစူးစိုက်ကြည့်ယင်းနဲ့ ရပ်နေပါတယ်။ အဲဒီနောက် သူက အသံကျယ်ကျယ် ငြီးတွားလိုက်ပြီး စိတ်မရှည်စွာနဲ့ ရပ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ချက်ချင်းဆိုသလို ကျွန်တော်ရဲ့ အခန်းဆီကို ကျွန်တော် ပြန်သွားပါတယ်။ မကြာခင်မှာပဲ အပြန်ခရီးမှာ ခိုးကြောင်ခိုးဝှက် လှမ်းသွားတဲ့ ခြေလှမ်းသံက နောက်တစ်ကြိမ် ထပ်ပေါ်လာပြန်တယ်။ ကျွန်တော် မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်သွားပြီး အတော်ကြာတဲ့အခါ တစ်နေနေရာက သော့ပေါက်ထဲ သော့လှည့်သံကို ကျွန်တော် ကြားရတယ်။ ဒါပေမယ့် ဘယ်နေရာကနေ အသံလာတယ်ဆိုတာ ကျွန်တော် မပြောနိုင်ပါဘူး။ ဒါက ဘာဆိုလိုတာလဲဆိုတာ ကျွန်တော် မခန့်မှန်းနိုင်ဘူး။ ဒါပေမယ့် ဒီကြေကွဲစရာ အိမ်ထဲမှာ လျှို့ဝှက်ချက်တွေ ရှိနေတယ်။ အနေးနဲ့အမြန်ဆိုသလို ဒီလျှို့ဝှက်ချက်ရဲ့ ဇစ်မြစ်ကို ကျွန်တော်တို့ ဖော်ထုတ်နိုင်မှာပါ။ ခင်ဗျားကို အချက်အလက်တွေသာ ပေးဖို့၊ ကျွန်တော်ကို တောင်းဆိုထားတာကြောင့် ကျွန်တော်ရဲ့ သီအိုရီတွေနဲ့ ခင်ဗျားကို ကျွန်တော် ဒုက္ခမပေးတော့ပါဘူး။ ဒီမနက်မှာ ဆာဟင်နရီနဲ့ ကျွန်တော် စကားအကြာကြီး ပြောခဲ့ပြီး၊ ပြီးခဲ့တဲ့ညက ကျွန်တော် တွေ့မြင်ခဲ့ရမှုအပေါ် အခြေခံထားတဲ့ လှုပ်ရှားမှု အစီအစဉ်တစ်ခုကို ကျွန်တော်တို့ ပြုလုပ်ထားပါတယ်။ အခုတော့ ဒီအကြောင်းကို ကျွန်တော်က မပြောသေးပါဘူး။ ဒါပေမယ့် အဲဒါက ကျွန်တော်ရဲ့ နောက်အစီရင်ခံစာကို စိတ်ဝင်စားဖွယ်ဖတ်ကောင်းစေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

## ဒေါက်တာဝပ်ဆန်၏ ဒုတိယအစီရင်ခံစာ

တောရိုင်းမြေပေါ်မှ အလင်းရောင်
ဘာစကာဗီလ်ဟောအိမ်၊ အောက်တိုဘာ (၁၅) ရက်

ချစ်လှစွာသော မိတ်ဆွေကြီးဟုမ်း

ကျွန်တော်ကို တာဝန်ပေးလိုက်တဲ့ စောစောရက်ပိုင်းမှာ ခင်ဗျားကို ကျွန်တော် သတင်းသိပ်မပေးခဲ့ဘူးဆိုယင်၊ ကုန်ခဲ့တဲ့အချိန်တွေအတွက် ကျွန်တော် ကာမိအောင်ပြုလုပ်နေတယ်ဆိုတာရယ်၊ အဖြစ်အပျက်တွေက အခု ကျွန်တော်တို့အပေါ်ကို လျှင်လျှင်မြန်မြန်နဲ့ ပြုံကျလာနေတယ်ဆို တာကို ခင်ဗျား အသိအမှတ်ပြုရပါမယ်။ ကျွန်တော့်ရဲ့ ပြီးခဲ့တဲ့အစီရင်ခံစာမှာ ပြတင်းပေါက်က ဘာရီမိုးကို နိဒါန်းပျိုးယင်းနဲ့၊ ကျွန်တော် အဆုံးသတ်ထားပါတယ်။ အခု ကျွန်တော် သိပ်မမှားဘူးဆိုယင်၊ ခင်ဗျားကို အတော်အံ့သြစေ မယ့် သတင်းတစ်ခုကို ကျွန်တော် ရထားပါတယ်။ အခြေအနေတွေက ကျွန် တော် မျှော်လင့်မထားနိုင်တဲ့အလှည့်အပြောင်းတွေကို ဖြစ်ပေါ်စေပါတယ်။ တစ်နည်းအားဖြင့် လွန်ခဲ့တဲ့ (၄၈) နာရီအတွင်းမှာ တော်တော်ကို ရှင်းလင်းလာပြီး တစ်နည်းအားဖြင့်လည်း ပိုပြီးရှုပ်ထွေးလာပါတယ်။ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် အားလုံးပြောပြပါ့မယ်။ ခင်ဗျားဖာသာ ခင်ဗျားဆုံးဖြတ်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်၊ နံနက်စာမစားခင်မှာ စင်္ကြံလမ်းဆီ၊ ကျွန်တော် သွားပြီး မနေ့ညက ဘာရီမိုးရှိခဲ့တဲ့အခန်းကို စစ်ဆေးပါတယ်။ အင်မတန် စူးစူးစိုက်စိုက် သူစိုက်ကြည့်ခဲ့တဲ့ ပြတင်းပေါက်ကအိမ်ထဲမှာရှိတဲ့ တခြားပြတင်း ပေါက်တွေထက် ထူးခြားမှုတစ်ခုပိုရှိတယ်။ တောရိုင်းမြေကို သူက အနီးကပ် ဆုံးကြည့်နိုင်တယ်။ သစ်ပင်နှစ်ပင်အကြားမှာ မြင်ကွင်းက ရှင်းနေပြီး အဲဒီနေရာ ကနေ တောရိုင်းမြေပေါ်ကို ကောင်းကောင်းကြည့်နိုင်တယ်။ တခြား ပြတင်း ပေါက်တွေကတော့ တောရိုင်းမြေကို မြင်သာယုံလောက်သာ ရှိပါတယ်။ ဒါ ကြောင့်မို့ ဒီပြတင်းပေါက်ကပဲ ရည်ရွယ်ချက်ကို ပြီးမြောက်နိုင်မှာမို့ ဒီနေရာက နေ၊ဘာရီမိုးဟာတောရိုင်းမြေပေါ်ကတစ်ခုခုကိုဒါမှမဟုတ် တစ်ယောက်ယောက် ကို ရှာဖွေနေတာဖြစ်ရမယ်။ ညက အလွန်မှောင်မည်း လွန်းလှတယ်။ ဒါကြောင့် တစ်ယောက်ယောက်ကို သူတွေ့မြင်ဖို့ မျှော်လင့်တယ်ဆိုတာ ကျွန်တော် စိတ် ကူးဖို့ ခက်ပါတယ်။ တိတ်တခိုး အချစ်ဇာတ်လမ်းတစ်ခုအစပြုနေတာ ဖြစ်နိုင် တယ်လို့၊ ကျွန်တော် ထင်မိသွားတယ်။ ဒါကြောင့် သူခိုးကြောင် ခိုးဝှက်လှုပ်ရှား နေတာ ဖြစ်ပြီး၊ သူ့ရဲ့ဇနီး စိတ်ဆင်းရဲမှာစိုးလို့လည်း ဖြစ်နိုင်ပါတယ်။ ဒီလူက အမျိုးသမီးတွေ ကျလောက်တဲ့ ရုပ်ရည်ရှိသူဖြစ်ပြီး ကျေးလက်လုံမပျိုတစ် ယောက်ရဲ့ အသည်းနှလုံးကို ကောင်းကောင်းပိုင်စိုးနိုင်စွမ်း ရှိသူပါ။ ဒါကြောင့်မို့ ဒီသီအိုရီက လက်ခံနိုင်လောက်တဲ့ အခြေအနေရှိဟန်တူပါတယ်။ ကျွန်တော်ရဲ့ အခန်းကို ကျွန်တော် ပြန်သွားပြီးတဲ့နောက်မှာ ကျွန်တော်ကြားခဲ့ရတဲ့ ဒီတံခါး ဖွင့်သံက လျှို့ဝှက်တဲ့ ချိန်းဆိုချက်ကို သူထွက်တွေ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် မနက်ပိုင်းမှာ ကျွန်တော် ဖာသာ၊ ကျွန်တော် ကျိုးကြောင်းဆင်ခြင် ကြည့်ပြီး၊ ကျွန်တော်ရဲ့ သံသယစိတ် ဦးတည်ချက်ကို ရှာမတွေ့ရတဲ့ ရလာဒ်က ဘယ်လောက်ပဲပြပြ၊ ဒါတွေကို ခင်ဗျားကို ကျွန်တော် ပြောပြပါ့မယ်။

ဒါပေမယ့် ဘာရီမိုးရဲ့ လှုပ်ရှားမှုကို ဘယ်လောက်ပဲ မှန်မှန်ကန်ကန် ရှင်းပြနိုင်စေကာမူ၊ သူတို့ကို ရှင်းမပြခင်အထိ၊ ဒါတွေကို ကျွန်တော် မြိုသိပ်ထား ရမှာကို ကျွန်တော် မတတ်နိုင်တော့ဘူးလို့ ခံစားမိတယ်။ မနက်စာစားပြီး နောက် မြေပိုင်ရှင်ကလေးနဲ့ သူ့ရဲ့စာကြည့်ခန်းမှာ ကျွန်တော် တွေ့ဆုံစကားပြော ပါတယ်။ ကျွန်တော် တွေ့မြင်ခဲ့သမျှအရာအားလုံးကို သူ့ကို ကျွန်တော် ပြောပြ တယ်။ ကျွန်တော် မျှော်လင့်သလောက် သူအံ့ဩမှုမရှိပါဘူး။

'ဘာရီမိုး ညဘက်လမ်းလျှောက်တတ်တာ ကျွန်တော် သိတယ်။ ဒါနဲ့ ပတ်သက်လို့ သူ့ကို ကျွန်တော် စကားပြောဖို့ စိတ်ကူးထားတယ်' သူက



www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်။ ‘ခင်ဗျားပြောတဲ့အချိန်လောက်မှာ စကြံ့လမ်းပေါ်သွားလိုက် လာလိုက်လုပ်နေတဲ့ သူ့ရဲ့ခြေသံကို ကျွန်တော်ကြားပြီးပြီ’

‘ဒါဖြင့်ယင် ဒီပြတင်းပေါက်ဆီကို သူညတိုင်း သွားတာဖြစ်နိုင်တယ်’ ကျွန်တော်က ထင်မြင်ချက်ပေးပါတယ်။

‘သူဟုတ်ချင်လည်း ဟုတ်မယ်။ ဒီလိုဆိုယင် သူ့ကို ကျွန်တော်တို့ နောက်ယောင်ခံလိုက်နိုင်ပြီး၊ သူရှာနေတာ ဘာလဲဆိုတာ မြင်တွေ့နိုင်တယ်။ ခင်ဗျားရဲ့ မိတ်ဆွေဟုမ်း ဒီမှာ ရှိမယ်ဆိုယင် သူဘာလုပ်မလဲဆိုတာ ကျွန်တော် သိချင်တယ်’

‘ခင်ဗျား အစုအကြံပြုလိုက်သလို၊ သူအတိအကျ လုပ်မယ်ဆိုတာ ကျွန်တော် ယုံကြည်တယ်’ ကျွန်တော်က ပြောပါတယ်။ ‘ဘာရီမိုးနောက်ကို သူလိုက်ပြီး၊ သူဘာလုပ်တယ်ဆိုတာကို ကြည့်လိမ့်မယ်’

‘ဒါဖြင့်ယင် ဒါကို ကျွန်တော်တို့ အတူတူပေါင်းပြီး လုပ်ကြမယ်’

‘ဒါပေမယ့် ကျွန်တော်တို့ရဲ့ အသံကို ကြားရမှာ သေချာတယ်’

‘ဒီလူက နားအတော်လေးတယ်။ ဘာပဲဖြစ်ဖြစ် ဒါကိုတော့ ကျွန်တော်တို့ စွန့်စားရမှာပဲ။ ဒီည ကျွန်တော်ရဲ့ အခန်းထဲမှာ ကျွန်တော်တို့ နေကြပြီး၊ သူဖြတ်သွားတဲ့အထိ၊ စောင့်နေကြမယ်။ ‘ဆာဟင်နရီက သဘောကျဟန်နဲ့ သူ့လက်တွေကို ပွတ်သတ်လိုက်ပါတယ်။ ဒီစွန့်စားမှုကို တောရိုင်းမြေပေါ်က ခြောက်သွေ့တဲ့ သူ့ဘဝကို သက်သာရာ ရစေမယ့်အရာအဖြစ် သူ ကြိုဆိုတာ ထင်ရှားပါတယ်။

ဆာချားလ်အတွက် ပုံစံတွေ ပြုလုပ်ပေးတဲ့ ပိသုကာနဲ့၊ လန်ဒန်က ကန်ထရိုက်တာနဲ့ မြေရှင်ကလေးက အဆက်အသွယ်ရှိနေပါတယ်။ ဒါကြောင့် ဒီနေရာမှာ မကြာခင် မဟာအပြောင်းအလွဲကြီး အစပြုတော့မှာကို ကျွန်တော် တို့ မျှော်လင့်နိုင်ပါတယ်။ “ဖလိုက်မောက်”က အလှပြင်သူတွေနဲ့ ပရိဘောဂ ဆင်သူတွေရှိပြီး ကျွန်တော်တို့ရဲ့ မိတ်ဆွေက သူ့မိသားစုရဲ့ ကြီးကျယ်မြင့်မြတ်မှု ကို ငွေအကုန်အကျခံ၊ အပင်ပန်းခံပြီး ပြန်လည်ရယူဖို့အတွက် အကြံအစည် စိတ်ကူးရှိတယ်ဆိုတာ ထင်ရှားပါတယ်။ အိမ်ကို ပြန်လည်ပြုပြင်မွမ်းမံပြီး၊ ပရိဘောဂ ဖြည့်တင်းပြီးတဲ့အခါ သူလိုအပ်မယ့် အရာက ဒါကိုပြီးပြည့်စုံအောင် ဖြစ်စေမယ် ဇနီးတစ်ယောက်ပဲဖြစ်ပါလိမ့်မယ်။ မိန်းမပျိုကသာ ဆန္ဒရှိမယ်ဆို ယင်၊ ဒါဟာ ပြည့်စုံသွားမယ်ဆိုတဲ့ လက္ခဏာတွေ ကျွန်တော်တို့အကြားမှာ အတော်ကို ရှင်းလင်းနေပါတယ်။ ဘာကြောင့်လဲဆိုတော့ လှပတဲ့ ကျွန်တော်တို့ ရဲ့ အိမ်နီးချင်းသူ မစ္စစတာ ပလက်တန်ကို သူအရူးအမူး ချစ်ကြိုက်သလောက်၊ အမျိုးသမီးတစ်ယောက်ကို အရူးအမူးချစ်ကြိုက်တဲ့ ယောကျ်ားမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန် တော် တွေ့မြင်ခဲ့ရဖူးတာ ရှားပါတာကြောင့်ပါ။ ဒါပေမယ့် စစ်မှန်တဲ့ အချစ်ရေ အလျှင်ကတော့ ဒီလိုအခြေအနေမျိုးမှာ လူတစ်ယောက် မျှော်လင့်မိသလို၊ ချော ချောမွေ့မွေ့ စီဆင်းခြင်းမရှိသေးပါဘူး။ ဥပမာ ဒီနေ့ဆိုယင်၊ ဒီရေပြင်ကို မမျှော် လင့်တဲ့ လှိုင်းဂယက် မငြိမ်မသက်ဖြစ်သွားစေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရဲ့ မိတ်ဆွေဟာ အတော်ကို စိတ်အနှောင့်အယှက် ဖြစ်နေပါတယ်။

ဘာရီမိုးအကြောင်းကို ကျွန်တော်တို့ ပြောဆိုပြီးနောက်မှာ ဆာဟင် နရီက သူ့ရဲ့ ဦးထုပ်ကို ဆောင်းပြီး အပြင်ထွက်ဖို့ ပြင်ဆင်ပါတယ်။ လုပ်နေကြ အတိုင်း ကျွန်တော်ကလည်း ဒီလိုလုပ်ပါတယ်။

'ဘာလဲ ခင်ဗျား လိုက်မလို့လား ဝပ်ဆန်' သူက ကျွန်ုပ်ကို စူးစမ်းတဲ့ အမူအရာနဲ့ ကြည့်ယင်း မေးပါတယ်။

'ဒါက ခင်ဗျား တောရိုင်းမြေပေါ်ကို သွားမလားဆိုတာအပေါ် မူ တည်ပါတယ်'

'ဟုတ်တယ်။ ကျွန်တော် သွားမယ်'

'အင်း ... ကျွန်တော်ကို ဘာညွှန်ကြားထားတယ်ဆိုတာ ခင်ဗျား သိပါတယ်။ ကျွန်တော် အနှောင့်အယှက် ပေးရမှာ ဝမ်းနည်းပါတယ်။ ဒါပေ မယ့် ခင်ဗျားအနားက ကျွန်တော်မခွာဖို့၊ အထူးသဖြင့် တောရိုင်းမြေပေါ်ကို ခင်ဗျား တစ်ယောက်တည်း မသွားဖို့ကို ဟုမ်း ဘယ်လောက် လေးလေးနက် နက် ပြောခဲ့တယ်ဆိုတာ ခင်ဗျား ကြားပါတယ်'

ဆာဟင်နရီက နှစ်လိုဖွယ်ကောင်းတဲ့ အပြုံးနဲ့ ကျွန်တော် ပခုံးပေါ် လက်တင်လိုက်ပါတယ်။

'ချစ်လှတဲ့ မိတ်ဆွေ' သူက ပြောပါတယ်။ 'ဟုမ်းဟာ သူ့ရဲ့အသိ ပညာ အားလုံးနဲ့ တောရိုင်းမြေကို ကျွန်တော်ရောက်ကတည်းက ဖြစ်ပျက်ခဲ့တဲ့ အရာတချို့ကို ကြိုတင်မမြင်ပါဘူး။ ခင်ဗျား ကျွန်တော်ကို နားလည်ပါတယ် နော်။ အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်ဆိုတာမျိုး ခင်ဗျား ဖြစ်ချင်မှာ မဟုတ် ဘူးဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်တစ်ယောက်တည်း သွား ရမယ်'

ဒါက ကျွန်တော်ကို ငွအကျဆုံးအနေအထား ရောက်စေပါတယ်။ ကျွန်တော် ဘာပြောရမှန်း၊ ဘာလုပ်ရမှန်း မသိဖြစ်မိတယ်။ ကျွန်တော် ဆုံးဖြတ် ချက် မချရခင် သူက တုတ်ကောက်ကို ကောက်ယူပြီး ထွက်သွားပါတယ်။

ဒါပေမယ့် အခြေအနေကို ကျွန်တော် စဉ်းစားလိုက်တဲ့အခါ မှားယွင်း တဲ့အကြောင်းပြချက်နဲ့ သူ့ကို ကျွန်တော်ရဲ့ မျက်စေ့အောက်က ထွက်သွားခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်မိတဲ့အတွက် ကျွန်တော်ကို ကျွန်တော် အတော့်ကို ဒေါသဖြစ်မိတယ်။ ခင်ဗျားရဲ့ ညွှန်ကြားချက်တွေကို ကျွန်တော် လျစ်လျူရှုမိတာကြောင့် ကံဆိုးမိုးမှောင်တစ်ခုခု ကျရောက်ခဲ့တာကို ခင်ဗျားဆီ ကျွန်တော် ပြန်လာပြီး ဝန်ခံရမယ်ဆိုယင်၊ ကျွန်တော် ဘယ်လိုခံစားရမလဲဆိုတာ ကျွန်တော် စိတ်ကူးကြည့်ပါတယ်။ တွေးမိရုံနဲ့ ကျွန်တော်မျက်နှာပူနေမိတယ်ဆိုတာ ကျွန်တော် အသေအချာ ပြောရဲပါတယ်။ သူ့ကို လိုက်မီဖို့ သိပ်နောက်မကျနိုင်သေးပါဘူး။ ဒါကြောင့် မဲရစ်ပစ်အိမ်ဘက်ကို ကျွန်တော် ချက်ချင်းထွက်လာပါတယ်။

ဆာဟင်နရီကို အရိပ်အယောင်မမြင်ရသေးဘဲ၊ ကျွန်တော်ရဲ့ အမြန်ဆုံးနှုန်းနဲ့ လမ်းတစ်လျှောက် ကျွန်တော် အလျင်စလို လျှောက်လာလိုက်တာ တောရိုင်းမြေလမ်းက ၂ လမ်း ခွဲထွက်သွားတဲ့နေရာကို ရောက်တဲ့အထိပါပဲ။ လမ်းမှားဘက်ကို ကျွန်တော် လိုက်မိမှာ စိုးရိမ်တာကြောင့် အဲဒီနေရာမှာ ကျွန်တော်က မြင်ကွင်းတစ်ခုလုံးကို ကြည့်နိုင်မယ့် တောင်ကုန်းတစ်ခုပေါ်ကို တက်ပါတယ်။ အဲဒီတောင်ကုန်းက ကျောက်တုံးအပုံတွေနဲ့ ကြည့်နေတဲ့ တောင်ကုန်းပါပဲ။ အဲဒီနေရာကနေ သူ့ကို ကျွန်တော် ချက်ချင်းတွေ့ရတယ်။ သူက (၄) ပုံ (၁) ပုံ မိုင်ခန့် အလွန်တောရိုင်းမြေလမ်းပေါ်မှာ ရှိနေပြီး၊ မစ္စစတာ ပလက်တန်ပဲ ဖြစ်နိုင်မယ့် မိန်းမပျိုတစ်ယောက်က သူ့ဘေးမှာ ရှိနေပါတယ်။ သူတို့အကြားမှာ နားလည်မှုရရှိထားပြီး သူတို့ ချိန်းပြီးတွေ့ဆုံကြတယ်ဆိုတာ ထင်ရှားပါတယ်။ သူတို့က စကားကို အာရုံစိုက်ပြောယင်း လမ်းဖြည်းဖြည်း လျှောက်နေကြတယ်။ သူမက သူမပြောနေတဲ့ အရာပေါ် အလွန်စိတ်ထက်သန်နေသလိုပုံနဲ့၊ သူမရဲ့ လက်တွေကို သွက်သွက်လက်လက်နဲ့ နည်းနည်းလှုပ်ရှားနေစဉ်မှာ သူက အာရုံစိုက်နားထောင်ပြီး ပြင်းထန်စွာ ဆန့်ကျင်ဟန်နဲ့ သူ့ရဲ့ ဦးခေါင်းကို တစ်ကြိမ်၊ နှစ်ကြိမ်ခါယမ်းတာ ကျွန်တော် မြင်ရတယ်။ ရှေ့ဆက်ပြီး ဘာလုပ်ရမလဲဆိုတာနဲ့ ပတ်သက်လို့ ကျွန်တော် အလွန့်အလွန့်ဝေခွဲမရ ဖြစ်လျက်၊ သူတို့ကိုကြည့်ယင်းနဲ့ ကျောက်တုံးတွေကြားထဲမှာ ရပ်နေမိတယ်။ သူတို့နောက်ကို လိုက်ပြီး သူတို့ချစ်ကျွမ်းဝင်စကားပြောနေတာကို ဖျက်ဆီးဖို့က ဒေါသထွက်စရာဖြစ်နေဟန် တူနေပါတယ်။ ဒါပေမယ့် ကျွန်တော်ရဲ့ ထင်ရှားတဲ့ တာဝန်က သူ့ကို ကျွန်တော့်ရဲ့ မြင်ကွင်းထဲက တစ်စက္ကန့်လေးမျှ ပျောက်ကွယ်မသွားစေဖို့ ဖြစ်ပါတယ်။ မိတ်ဆွေတစ်ယောက်အပေါ် သူလျှိုလုပ်ရမယ့် အလုပ်က နှစ်မြို့စရာကောင်းတဲ့အလုပ် မဟုတ်ပါဘူး။ သို့တိုင်အောင် သူ့ကို တောင်ကုန်းပေါ်က စောင့်ကြည့်နေပြီး နောက်ပိုင်းမှ ကျွန်တော် လုပ်ခဲ့တဲ့အရာအတွက် သူ့ကို ဝန်ခံယင်းနဲ့ ကျွန်တော်ရဲ့ စိတ်ကို ရှင်းအောင်လုပ်တာထက် ပိုကောင်းတဲ့ နည်းလမ်းကို ကျွန်တော် မတွေ့မြင်မိပါဘူး။ အန္တရာယ်တစ်ခုခုက သူ့ကို ခြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်မယ်ဆိုယင် ကျွန်တော်အနေတဲ့ တစ်စုံတစ်ရာ အသုံးဝင်ဖို့ ဝေးလွန်းနေတာ မှန်ပါတယ်။ သို့သော်လည်း အခြေအနေက အလွန်ခက်ခဲနေတာရယ်၊ ဒီထက်ပိုပြီး ကျွန်တော် လုပ်နိုင်တာ မရှိဘူးဆိုတာရယ်ကို ခင်ဗျား လက်ခံမယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်။

ကျွန်တော်တို့ရဲ့ မိတ်ဆွေ၊ ဆာဟင်နရီနဲ့ မိန်းမပျိုက လမ်းပေါ်မှာ ရပ်နေကြပြီး၊ အလွန်အာရုံစိုက်လျက် စကားပြောနေကြစဉ်၊ သူတို့ကို စောင့်ကြည့်နေတဲ့ သက်သေဟာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာ ကျွန်တော် ရုတ်တရက် သိလာပါတယ်။ လေထဲမှာ ဝဲပျံနေတဲ့ အစိမ်းရောင် အရာဝတ္ထုတစ်ခုကို ကျွန်တော် သတိပြုမိလိုက်ပြီး၊ နောက်တစ်ကြိမ်ထပ်ကြည့်လိုက်တဲ့အခါ အဲဒါက မြေပြင်ပေါ်က အကျိုးအပဲ့တွေကြားမှာ ရွေ့လျားနေတဲ့ လူတစ်ယောက်ရဲ့ တုတ်ချောင်းပေါ်က အရာဝတ္ထု ဖြစ်ပါတယ်။ အဲဒါက လိပ်ပြာ ဖမ်းတဲ့ပိုက်နဲ့ စတာပလက်တန် ဖြစ်ပါတယ်။ သူက ကျွန်တော်ထက်ပိုပြီး စုံတွဲနဲ့အများကြီး ပိုနီးကပ်လို့၊ သူတို့ရဲ့ဘက်ကို ရွေ့လျားနေဟန်တူပါတယ်။ အဲဒီအခိုက်အတန့်မှာ ဆာဟင်နရီက မစ္စစတာ ပလက်တန်ကို သူ့ဘက် ရုတ်တရက် ဆွဲလိုက်ပါတယ်။ သူ့လက်တစ်ဖက်က သူမကို ဖက်ထားတယ်။ ဒါပေမယ့် သူမက မျက်နှာတစ်ဖက်လှည့်လျက် သူ့ကို တွန်းဖယ်နေတယ်လို့ ကျွန်တော် ထင်မိတယ်။ သူက သူ့ရဲ့ဦးခေါင်းကို သူမရဲ့ဦးခေါင်းပေါ် မိုးထားပြီး၊ သူမက ဆန့်ကျင့်ကန့်ကွက်ဟန်နဲ့ လက်တစ်ဖက်ကို မြှောက်လိုက်ပါတယ်။ နောက်ခဏကြာတဲ့အခါ သူတို့ လူချင်းခွာလိုက်ပြီး တစ်ဖက်ကို အလျင်စလို လှည့်လိုက်ကြတာ၊ ကျွန်တော် တွေ့မြင်ရတယ်။ နှောင့်ယှက်သူတရားခံက စတာပလက်တန်ဖြစ်ပါတယ်။ ရူပ်လှတဲ့သူရဲ့ ပိုက်က နောက်မှာ တွဲလောင်းကျလျက်နဲ့ သူတို့ဆီကို သူဒုန်းဆိုင်းပြေးလာတယ်။ ချစ်သူတွေရဲ့ ရှေ့မှာ သူဟာ စိတ်လှုပ်ရှားမှုကြောင့် လက်ဟန်ခြေဟန်နဲ့ ကခုန်နီးပါး ဖြစ်နေပါတယ်။ ဒီမြင်ကွင်းက ဘာကိုဆိုလိုသလဲဆိုတာ ကျွန်တော်ခန့်မှန်းလို့ မရပါဘူး။ ဒါပေမယ့် စတာပလက်တန်က ဆာဟင်နရီကို ဆဲဆိုနေတယ်လို့ ကျွန်တော် ထင်မိပြီး ဆာဟင်နရီက ရှင်းပြပါတယ်။ တစ်ဖက်လူက အဲဒါတွေကို လက်ခံဖို့ ငြင်းဆန်တာကြောင့် ပိုပြီး ဒေါသဖြစ်စရာ ဖြစ်လာပါတယ်။ မိန်းမပျိုက ဝင့်ကြွားတဲ့အမူအရာနဲ့ တိတ်ဆိတ်စွာ ရပ်နေပါတယ်။ နောက်ဆုံးမှာတော့ စတာပလက်တန်က သူ့ညီမဘက်ကို လှည့်ပြီး ဩဇာရှိတဲ့ အမူအရာနဲ့ အချက်ပြလိုက်တယ်။ သူမက ဆာဟင်နရီကို ဝေခွဲမရဟန်နဲ့ကြည့်ပြီး နောက်မှာ သူမရဲ့ အစ်ကိုဘေးက လမ်းလျှောက်သွားပါတယ်။ သဘာဝမြတ်နိုးသူရဲ့ ဒေါသဖြစ်နေတဲ့ အမူအရာက သူ၊ မနှစ်မြို့မှုဖြစ်ရတဲ့အထဲမှာ မိန်းမပျိုပါဝင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြနေပါတယ်။ မြေရှင်ကလေးက သူတို့ နောက်ကို လှမ်းကြည့်ယင်းနဲ့ ခဏမျှ ရပ်နေပါတယ်။ အဲဒီနောက် စိတ်ဓာတ်ကျတဲ့အမူအရာနဲ့ ဦးခေါင်းကို ငိုက်စိုက်ချလျက်၊ သူလာတဲ့ လမ်းကို တဖြည်းဖြည်း ပြန်လျှောက်သွားပါ တယ်။

ဒါတွေက ဘာဆိုလိုတယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ မရပါဘူး။ ဒါပေမယ့် ကျွန်တော်ရဲ့မိတ်ဆွေ မသိဘဲ၊ ဒီလောက်ကျွမ်းဝင်တဲ့ မြင်ကွင်းကို ကျွန်တော် မျက်မြင်သက်သေခံခဲ့ရတာကြောင့် လိုက်လိုက်လှဲလှဲကို ရှက်ရွံ့မိပါ တယ်။ ဒါကြောင့်မို့ တောင်ကုန်းအောက်ကို ကျွန်တော် ပြေးဆင်းသွားပြီး တောင်ခြေရင်းမှာ မြေရှင်ကလေးကို တွေ့ဆုံပါတယ်။ သူ့ရဲ့မျက်နှာက ဒေါသ ကြောင့် နီရဲနေပြီး ဘာလုပ်ရမှန်း မသိတဲ့ လူတစ်ယောက်လို့ သူမျက်မှောင်ကြုံ့ ထားပါတယ်။

'အလိုဝပ်ဆန်၊ ခင်ဗျား ဘယ်က ဆင်းလာတာလဲ' သူက ပြောပါ တယ်။ 'ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား ကျွန်တော် နောက်လိုက်လာတယ်လို့ မဆိုလို ပါဘူးနော်'

သူ့ကို ကျွန်တော် အားလုံး ရှင်းပြပါတယ်။ ကျွန်တော်နောက်မှာ ကျန်နေခဲ့ဖို့ မဖြစ်နိုင်ပုံ၊ သူ့နောက်ကို ကျွန်တော်လိုက်ပုံ၊ ဖြစ်ပျက်ခဲ့သမျှအားလုံး ကို ကျွန်တော် မျက်မြင်သက်သေဖြစ်ခဲ့ပုံတို့ ဖြစ်ပါတယ်။ ခဏအားဖြင့်တော့ ကျွန်တော်ကို သူ့မျက်လုံး ဝင်းဝင်းတောက်အောင် ကြည့်နေပါတယ်။ ဒါပေမယ့် ကျွန်တော်ရဲ့ ပွင့်လင်းမှုက သူ့ရဲ့ ဒေါသကို ပျက်ပြယ်စေပြီး၊ နောက်ဆုံးမှာတော့ မချိတင်ကဲ ရယ်မောပါတယ်။

'လူတစ်ယောက်အဖို့ ဒီမြက်တောအလယ်ဟာ လူသူကင်းရှင်းဖို့ စိတ်ချရတဲ့နေရာလို့ ခင်ဗျား ထင်မှာပေါ့' သူကပြောပါတယ်။ 'ဒါပေမယ့် ဘုရား ရေ၊ တစ်တောလုံးက ကျွန်တော် မိန်းမ ပိုးပန်းတာကို ထွက်ကြည့်နေကြတယ်နဲ့ တူတယ်။ ဒါက မဟန်လှတဲ့ ပိုးပန်းမှုပါ။ ခင်ဗျား ဘယ်မှာ ထိုင်နေသလဲ'

'ကျွန်တော် ဒီတောင်ကုန်းပေါ်မှာ'

'နောက်ဘက်မှာပဲပေါ့၊ ဒါပေမယ့် သူမရဲ့အစ်ကိုက ရှေ့ကို ရောက်နေ တယ်။ ကျွန်တော်တို့ဆီ သူထွက်လာတာ ခင်ဗျား မြင်သလား'

'ဟုတ်ကဲ့ ကျွန်တော် မြင်တယ်'

'သူမရဲ့ ဒီအစ်ကို ကို၊ ရူးနေတယ်လို့ ခင်ဗျား ထင်သလား'

'ရူးတယ်လို့ ကျွန်တော် မပြောနိုင်ပါဘူး'

'သူ မရူးဘူးဆိုတာ၊ ကျွန်တော် ပြောရဲပါတယ်။ ဒီနေ့အထိ သူ့ကို ကျွန်တော် လူကောင်းအဖြစ်၊ အမြဲတွေးထင်ခဲ့ပါတယ်။ ဒါပေမယ့် သူဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖြစ်ဖြစ်၊ အရူးထောင်ရောက်လိမ့်မယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော် အခုဘာဖြစ်နေသလဲ။ ခင်ဗျား ကျွန်တော် အနားမှာ ရက်သတ္တပတ်အတော်ကြာနေပြီးပြီ၊ ဝပ်ဆန်၊ အခု ကျွန်တော်ကို ပွင့်ပွင့်လင်းလင်းပြောပါ။ ကျွန်တော် ချစ်တဲ့ အမျိုးသမီးတစ်ယောက်ယောက်အတွက် လင်ယောကျာ်းကောင်းတစ်ယောက် ကျွန်တော် မဖြစ်နိုင်တဲ့အရာတွေ ရှိနေသလား'

'မရှိဘူးလို့ ကျွန်တော် ပြောပါ့မယ်'

'ကျွန်တော်ရဲ့ ကြွယ်ဝချမ်းသာမှုကို သူ မကန့်ကွက်နိုင်ဘူး။ ဒါကြောင့် သူ ကျွန်တော်ကို မကြိုက်တာဟာ ကျွန်တော်ရဲ့ကိုယ်ဥ်ကြောင့်ဖြစ်ရမယ်။ သူ ကျွန်တော်ကို ဘာမကြိုက်စရာရှိသလဲ။ ကျွန်တော်ဘဝမှာ ကျွန်တော်သိခဲ့ရသမျှ ဘယ်အမျိုးသမီး အမျိုးသားကိုမှ ကျွန်တော် နာကျင်အောင် မလုပ်ခဲ့ဘူး။ အဲဒါတောင်မှ သူမရဲ့လက်ချောင်းကလေးတွေကိုတောင် သူက ကျွန်တော်ကို ကိုင်ခွင့်မပြုဘူးတဲ့'

'သူက ဒီလိုပြောသလား'

'ဒီလို ပြောပြီး၊ ဒီထက်တောင်ပိုသေးတယ်။ သူမကို ဒီရက်သတ္တပတ်အနည်းငယ်အတွင်းမှာသာ ကျွန်တော် သိခဲ့ရတာပါ။ ဝပ်ဆန်၊ ဒါပေမယ့်သူမဟာ ကျွန်တော်အတွက် ဖန်တီးထားတယ်လို့ အစပထမတော့ ကျွန်တော်ခံစားမိပါတယ်။ သူမကလည်း ကျွန်တော်နဲ့အတူနေရယင် ပျော်ရွှင်ပါတယ်။ ဒါကို ကျွန်တော်ကြိမ်တွယ်ပြောရဲပါတယ်။ စကားလုံးထက် အဓိပ္ပါယ်ပိုပြည့်ဝတဲ့ တောက်ပမှုက အမျိုးသမီးတစ်ယောက်ရဲ့ မျက်လုံးထဲမှာ ရှိနေပါတယ်။ ဒါပေမယ့် သူက ကျွန်တော်တို့ကို ဘယ်တော့မှ နှစ်ယောက်တည်း နေခွင့်မပေးဘူး။ သူမနဲ့ နှစ်ယောက်တည်း စကားပြောခွင့်ရမယ့် အခွင့်အရေးကို ကျွန်တော်ရတာ ဒီနေ့ ပထမဦးဆုံးနေ့ပဲ။ ကျွန်တော်နဲ့ တွေ့ရတာကို သူမ ဝမ်းသာတယ်။ ဒါပေမယ့် သူမ အဲဒီလို တွေ့ရတဲ့အခါ သူမ ပြောတာက အချစ်အကြောင်း မဟုတ်ဘူး။ ကျွန်တော်ကိုလည်း သူမက အချစ်အကြောင်း ပြောဆိုခွင့်မပြုဘဲ တားဆီးတတ်တယ်။ ဒီနေရာက အန္တရာယ်ရှိတဲ့နေရာဖြစ်ကြောင်း၊ ဒီနေရာက ကျွန်တော် မပြန်မချင်း၊ သူမ ပျော်ရွှင်မှာ မဟုတ်တဲ့အကြောင်း၊ ဒါပဲ ထပ်ခါထပ်ခါ ပြောနေတယ်။ သူမကို ကျွန်တော် တွေ့မြင်ခဲ့ပြီးကတည်းက ဒီနေရာက ကျွန်တော်ထွက်ခွာဖို့အရေးမကြီးကြောင်း၊ ကျွန်တော်ကို သူမ တကယ်သွားစေချင်ယင် တစ်ခုတည်းသော နည်းလမ်းက ကျွန်တော်နဲ့အတူ သူမပါ လိုက်ဖို့စီစဉ်ရန်ဖြစ်ကြောင်း၊ သူမကို ကျွန်တော်ပြောပြပါတယ်။ ဒါနဲ့အတူ သူမကို လက်ထပ်ဖို့ အမျိုးမျိုးအဖုံဖုံ ကျွန်တော် ကမ်းလှမ်းပါတယ်။ ဒါပေမယ့် သူမ အဖြေမပေးနိုင်ခင် သူမရဲ့ ဒီအစ်ကိုက အရူးတစ်ယောက်ရဲ့ မျက်နှာနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန် တော်တို့ဆီ ပြေးဆင်းလာတယ်။ သူ ဒေါသနဲ့ မျက်နှာဖြူစွတ်နေတယ်။ သူ့ ရဲ့ဒီဖျော့တော့တော့ မျက်လုံးတွေက မှုန်ယိုမှုနဲ့ ဝင်းဝင်းတောက်နေတယ်။ ဒီမိန်းကလေးနဲ့ ကျွန်တော် ဘာလုပ်ရမှာလဲ။ သူမ မနှစ်မြို့ဖွယ်ဖြစ်အောင် ကျွန်တော် ဘာကြောင့် သူမကို စိတ်ဝင်စားမိရတာလဲ။ ကျွန်တော် မြေပိုင်ရှင်တစ်ယောက် ဖြစ်လို့ ကျွန်တော် ကြိုက်တာ လုပ်နိုင်တယ်လို့ ကျွန်တော် ထင်သလား။ သူသာ သူမရဲ့အစ်ကို မဖြစ်ခဲ့ယင်၊ သူ့ကို ကျွန်တော် ဘယ်လိုပြန်ဖြေရမယ်ဆိုတာ ကျွန်တော် သိပါတယ်။ အဲဒီလိုဖြစ်တဲ့အတိုင်း သူ့ရဲ့ညီမအပေါ် ကျွန်တော်ရဲ့ ခံစားချက်ကို မရှက်မကြောက် သူ့ကို ကျွန်တော် ပြောပြပြီး၊ သူမကလည်း ကျွန်တော်ရဲ့ဇနီးအဖြစ်နဲ့ ကျွန်တော်ကို ဂုဏ်ပြုလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ကြောင်း ပြောပါတယ်။ ဒါက အခြေအနေကို ပိုကောင်းသွားစေဟန် မတူပါဘူး။ ဒါကြောင့် ကျွန်တော်လည်း စိတ်တိုသွားတယ်။ သူမဘေးမှာ ရပ်နေတာကို စဉ်းစားမိတာကြောင့် ကျွန်တော်လိုတာထက်ပိုပြီး သူ့ကို ကျွတ်ဆပ်ဆပ်ဖြေလိုက်မိတယ်။ ဒီလိုနဲ့ ခင်ဗျား မြင်တဲ့အတိုင်း၊ သူမနဲ့အတူ ထွက်သွားပြီး အဆုံးသတ်သွားတယ်။ ကျွန်တော်ကတော့ ဆိုးဆိုးဝါးဝါး စိတ်ဇဝေဇဝါဖြစ်လျက်နဲ့ ဒီမှာ ကျန်ရစ်ခဲ့ပါတယ်။ ဒါတွေအားလုံးက ဘာဆိုလိုတယ်ဆိုတာ ကျွန်တော်ကို ပြောပြစမ်းပါ ဝပ်ဆန်၊ ခင်ဗျားကို ကျွန်တော် ကျေးဇူးပြန်ဆပ်နိုင်တာထက် ပိုပြီး ကျေးဇူးတင်ပါတယ်'

ကျွန်တော်က တစ်ခု နှစ်ခုကို ကြိုးစားရှင်းပြပါတယ်။ ဒါပေမယ့် အမှန်ပဲ ကျွန်တော်ကိုယ်တိုင် လုံးဝကို ဇဝေဇဝါဖြစ်နေပါတယ်။ ကျွန်တော်တို့ မိတ်ဆွေရဲ့ ဂုဏ်ထူးကြွယ်ဝမှု၊ အသက်အရွယ် အကျင့်စရိုက်နဲ့ ရုပ်အဆင်းတို့ဟာ အားလုံးလက်ခံစရာတွေပါ။ သူ့ရဲ့မိသားစုအပေါ် လွှမ်းမိုးနေတဲ့ ဒီဆိုးဝါးတဲ့ ကံကြမ္မာကြောင့်သာ မဟုတ်ဘူးဆိုယင် သူ့ကို ဆန့်ကျင်ကန့်ကွက်စရာ ဘာမှ မရှိဘူးဆိုတာ ကျွန်တော် သိပါတယ်။ မိန်းမပျိုရဲ့ စိတ်ဆန္ဒကို အလေးမမူတာကြောင့် သူ့ရဲ့ လှုပ်ရှားမှုကို ဒီလောက်ကြမ်းတမ်းခက်ထန်စွာ ငြင်းဆန်တာဖြစ်နိုင်ကြောင်းနဲ့ ငြင်းဆန်ခြင်းမပြုဘဲ၊ အသာတကြည် လက်ခံတတ်တဲ့ မိန်းကလေးရှိမယ်ဆိုယင်၊ အလွန်အံ့သြစရာကောင်းကြောင်းကို ကျွန်တော် သိပါတယ်။ သို့သော်လည်း အဲဒီမွန်းလွဲပိုင်းမှာ စတာပလက်တန်ကိုယ်တိုင် လာရောက်လည်ပတ်တာကြောင့် ကျွန်တော်တို့ရဲ့ သို့လောသို့လော တွေးတောမှုတွေဟာ ငြိမ်းချမ်းသွားရတယ်။ မနက်ပိုင်းက သူ့ရဲ့ ရိုင်းပြမှုအတွက် တောင်းပန်ဖို့ သူရောက်လာတာဖြစ်ပြီး၊ ဆာဟင်နရီနဲ့ သူ့ရဲ့ စာကြည့်ခန်းထဲမှာ နှစ်ကိုယ်ကြား အချိန်အတော်ကြာဆွေးနွေးကြပြီးတဲ့နောက် ဒီဆွေးနွေးပွဲရဲ့ရလာဒ်ကတော့ အဆင်မပြေဖြစ်မှုတွေ လုံးဝကွယ်ပျောက်သွားကြောင်းနဲ့ သူ့ရဲ့အမှတ်



www.burmeseclassic.com

www.burmeseclassic.com



အသားအဖြစ် လာမယ့် သောကြာနေ့မှာ မဲရစ်ပစ်အိမ်မှာ ကျွန်တော်တို့ ညစာစားမယ့်အကြောင်းပဲ ဖြစ်ပါတယ်။

'သူရူးနဲ့နေတဲ့လူ မဟုတ်ဘူးလို့ ကျွန်တော် အခုမပြောပါဘူး' ဆာဟင်နရီက ပြောပါတယ်' ဒီမနက်က ကျွန်တော်ဆီ သူပြောလာတဲ့အခါ သူ့မျက်လုံးထဲက အကြည့်ကို ကျွန်တော် မမေ့နိုင်ဘူး။ ဒါပေမယ့် သူတောင်းပန်ခဲ့သလို ဘယ်သူမှ လုလုပပ တောင်းပန်မှု မပြုနိုင်ဘူးဆိုတာကိုတော့ ကျွန်တော် ဝန်ခံရပါ့မယ်'

'သူ့ရဲ့အပြုအမူကို သူရှင်းပြသလား'

'သူ့ရဲ့ဘဝမှာ သူ့ညီမပဲ ရှိတယ်လို့ သူက ပြောတယ်။ ဒါက သဘာဝကျပါတယ် သူမရဲ့ တန်ဖိုးကို သူနားလည်လို့ ကျွန်တော် ဝမ်းသာပါတယ်။ သူတို့က အမြဲတမ်း တပူးပူးတတွဲတွဲ နေကြတာ၊ သူ့ရဲ့ ပြောပုံအရဆိုယင်၊ အဖော်အဖြစ် သူမ မရှိယင်၊ သူ အထီးကျန်လူ ဖြစ်နေလိမ့်မယ်။ ဒါကြောင့် သူမကို လက်လွှတ်ဆုံးရှုံးရမယ့် အတွေးဟာ သူ့ကို တကယ်ပဲ ထိတ်လန့်စေပါတယ်။ သူမကို ကျွန်တော် သံယောဇဉ်ရှိလာတာကို သူနားမလည်နိုင်ဘူးလို့ သူက ပြောပါတယ်။ ဒါပေမယ့် ဒါက အမှန်တကယ် ဖြစ်တာကို သူ့ရဲ့ မျက်လုံးနဲ့ တပ်အပ်သူ တွေ့မြင်ရတဲ့အခါ၊ သူထိတ်လန့်လွန်းသွားတာကြောင့် ရုတ်တရက်တော့ သူပြောမိ လုပ်မိတာကို သူမထိန်းနိုင်ဖြစ်သွားတယ်။ ဖြစ်ပျက်ခဲ့သမျှ အားလုံးအတွက် သူအလွန်ဝမ်းနည်းမိပြီး၊ သူမရဲ့ ညီမလို လှပတဲ့ မိန်းကလေးတစ်ယောက်ကို တစ်သက်လုံး သူထိန်းချုပ်ထားနိုင်မယ်လို့ သူတွေးထင်မိလောက်အောင် သူဘယ်လောက် တစ်ကိုယ်ကောင်းဆန်ပြီး မိုက်မဲတယ်ဆိုတာကို သူသတိပြုမိလာတယ်။ သူ့ကို သူမစွန့်ခွာခဲ့ရမယ်ဆိုယင် တခြားတစ်ယောက်ထက် ကျွန်တော်လို အိမ်နီးချင်းတစ်ယောက်အတွက်ပဲ သူဖြစ်စေချင်တယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ်၊ ဒါက သူ့ကို ထိခိုက်စေမှာပါ။ ဒါကို သူရင်ဆိုင်ခံနိုင်ဖို့အတွက်၊ သူအချိန်အတော်ယူရမှာပါ။ အခြေအနေကို (၃) လလောက် အေးအေးဆေးဆေး ဖြစ်စေပြီး ဒီကာလအတောအတွင်းမှာ မိန်းမပျိုရဲ့ အချစ်ကို တောင်းခံခြင်းမရှိဘဲ သူမနဲ့ မိတ်ဆွေဖွဲ့ဖို့လောက်သာ ကျေနပ်ရောင့်ရဲမှုရှိဖို့ ကျွန်တော် ကတိပေးမယ်ဆိုယင် သူ့ဘက်ကလည်း ဆန့်ကျင်မှုအားလုံးကို ရုတ်သိမ်းသွားမှာပါ။ ဒါကို ကျွန်တော် ကတိပေးပြီး ဒီလိုနဲ့ အခြေအနေက အေးချမ်းသွားတယ်'

ဒါကြောင့်မို့ ပဟေဠိကလေးတစ်ခု ရှင်းလင်းသွားပါတယ်။ ဒါပေမယ့် ဒီပဟေဠိထဲမှာ ကျွန်တော်တို့ နားမလည်တာတစ်ခုတော့ ရှိပါတယ်။ စတာပလက်တန်ဟာ သူ့ညီမရဲ့ချစ်သူလောင်းပေါ် ဘာကြောင့်အမြင်မကြည်



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာကို အခု ကျွန်တော်တို့ မသိရပါဘူး။ ဒီချစ်သူလောင်းဟာ ဆာဟင်နရီလို အရည်အချင်းပြည့်ဝတာတောင်မှပါ။ ရှုပ်ထွေးတဲ့ ချည်ထုတ်ထဲက ကျွန်တော် ဆွဲထုတ်ခဲ့တဲ့ နောက်ထပ်ချည်မျှင်တစ်ချောင်းဖြစ်တဲ့ ညဘက်မှာ ငိုရှိုက်တဲ့ အသံရယ်၊ မစ္စစ် ဘာရီမိုးရဲ့ မျက်ရည်စိုနေတဲ့မျက်နှာရယ်၊ အနောက်ဘက်က ပြတင်းပေါက်ဆီ ပစ္စည်းထိန်းလျှို့ဝှက်စွာ သွားတာရယ်စတဲ့ ပဟေဠိဆီကို အခု ကျွန်တော်ဆက်ဖော်ပြပါ့မယ်။ ကျွန်တော်ကို ဂုဏ်ယူပါ။ ချစ်လှတဲ့ မိတ်ဆွေကြီးဟုမ်း၊ အေးဂျင့်တစ်ယောက်အနေနဲ့ ခင်ဗျားကို ကျွန်တော် စိတ်မပျက်စေခဲ့ကြောင်းနဲ့ ခင်ဗျား၊ ကျွန်တော်ကို လွှတ်လိုက်တဲ့အခါ ကျွန်တော်အပေါ် ခင်ဗျားထားခဲ့တဲ့ ယုံကြည်မှုအပေါ် ခင်ဗျား စိတ်ပျက်မှုမဖြစ်တဲ့အကြောင်း ကျွန်တော်ကို ပြောပြပါ။ ဒါတွေအားလုံးကို တစ်ညတည်းနဲ့ ရှင်းလင်းပစ်လိုက်တာပါ။

'တစ်ညတည်း' လို့ ကျွန်တော် ပြောခဲ့ပါတယ်။ ဒါပေမယ့် အမှန်ကတော့ အဲဒါက နှစ်ညပါ။ ဘာကြောင့်လဲဆိုတော့ ပထမညမှာ ကျွန်တော်တို့ ဘာမှ မရခဲ့တာကြောင့်ပါ။ မနက် (၃) နာရီထိုးလုနီးပါးအချိန်အထိ ဆာဟင်နရီရဲ့အခန်းထဲမှာ သူနဲ့အတူ ကျွန်တော်ထိုင်နေပါတယ်။ ဒါပေမယ့် လှေကားပေါ်က တစ်ချက်ချက် မြည်နေတဲ့ နာရီသံကလွဲလို့ ဘာအသံတစ်စုံတစ်ရာကိုမှ ကျွန်တော်တို့ မကြားရပါဘူး။ အဲဒါက စိတ်ဓာတ်ကျစရာ အကောင်းဆုံး စောင့်ကြပ်မှုတစ်ခု ဖြစ်ပြီး ကျွန်တော်တို့နှစ်ဦးစလုံး ထိုင်ခုံမှာ အိပ်ပျော်ယင်းနဲ့ အဆုံးသတ်သွားပါတယ်။ ကံအားလျော်စွာ ကျွန်တော်တို့ စိတ်မပျက်ကြပါဘူး။ နောက်တစ်ကြိမ်ကြိုးစားဖို့ ကျွန်တော်တို့ ဆုံးဖြတ်ကြပါတယ်။ နောက်တစ်ညမှာ မီးအိမ်ကို ကျွန်တော်တို့ မီးစာလျှော့ချပြီး အသံတစ်စက်မှ မထွက်စေဘဲ၊ စီးကရက်သောက်ယင်း ထိုင်နေကြပါတယ်။ နာရီတွေ အချိန်နှေးနှေးနဲ့ ကုန်ဆုံးသွားရပုံက မယုံကြည်နိုင်စရာပါ။ သို့ပေမယ့် မုဆိုးက သူထောင်ထားတဲ့ ထောင်ချောက်ကို သားကောင်ဝင်လာမယ်လို့ မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေစဉ်မှာ သူခံစားရမယ့် စိတ်ရှည်အာရုံစိုက်မှုမျိုးနဲ့ ဒါကို ကျွန်တော်တို့ ကုန်လွန်စေခဲ့ပါတယ်။ တစ်နာရီထိုးတယ်။ ပြီးတော့ နှစ်နာရီထိုးတယ်။ စိတ်ဓာတ်ကျဆင်းစွာနဲ့ ဒါကို ကျွန်တော်တို့ ဒုတိယအကြိမ် လက်လျှော့ရတော့မယ် ဖြစ်နေစဉ် ခဏအတွင်းမှာ ပျင်းရိနွမ်းနယ်နေတဲ့ ကျွန်တော်တို့ရဲ့ အာရုံတွေဟာ နိုးကြားမှုကြောင့် လန်းဆန်းသွားလျက် ကျွန်တော်တို့နှစ်ဦးစလုံး ထိုင်ခုံမှာ မတ်မတ်ထိုင်လိုက်မိကြတယ်။ စင်္ကြံလမ်းပေါ်က ခြေနင်းသံကို ကျွန်တော်တို့ ကြားလိုက်ရပါတယ်။

ခြေနင်းသံက အလွန်ကို ခိုးကြောင်ခိုးဝှက်နဲ့ ဖြတ်သွားတာကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ ကြားရပြီး၊ အဝေးလှမ်းလှမ်းမှာ အသံကွယ်ပျောက်သွားပါတယ်။ အဲဒီနောက် မြေရှင်ကလေးက တံခါးကို ညင်သာစွာဖွင့်ပြီး၊ ကျွန်တော်တို့ ထွက်လိုက်ကြပါတယ်။ ကျွန်တော်တို့ရဲ့ လူက အခန်းကို ပတ်လျှောက်သွားပြီး ဖြစ်လို့ စင်္ကြံက အားလုံးမှောင်မဲနေပါတယ်။ ကျွန်တော်တို့ တစ်ဖက်အဆောင်ကို ရောက်တဲ့အထိ တိတ်တဆိတ် ခိုးလိုက်လာပါတယ်။ အတွင်းလမ်းပေါ် သူခြေဖျားထောက်သွားနေစဉ်မှာ လုံးဝန်းတဲ့ ပခုံးနဲ့ အရပ်ရှည်ရှည် မည်းနက်နေတဲ့ ပါးသိုင်းမွေးနဲ့ လူပုံသဏ္ဍာန်ကို ကျွန်တော်တို့ အချိန်မှီ မြင်တွေ့လိုက်ရပါတယ်။ အဲဒီနောက် သူက အရင်ကလိုပဲ အဲဒီတံခါးပေါက်ထဲကို ဖြတ်ဝင်သွားပြီး၊ ဖယောင်းတိုင်မီးက တံခါးပေါက်ကို အမှောင်ထဲမှာ လေးထောင့်ပုံပေါ်စေလို့ စင်္ကြံအမှောင်ထုပေါ်ကို ဝါကျင့်ကျင့်အလင်းကွက်တစ်ခု ထွက်ပေါ်စေပါတယ်။ ကြမ်းခင်းပျဉ်ချပ်တွေပေါ် မရဲတရဲ စမ်းနင်းယင်းနဲ့ တံခါးပေါက်ဆီကို သတိထားလျက် ရွေ့လျားသွားပါတယ်။ ကျွန်တော်တို့ရဲ့ ဘွတ်ဖိနပ်တွေကို ထားရစ်ပစ်ခဲ့ဖို့ ကျွန်တော်တို့ ကြိုတင်သတိထားခဲ့ပါတယ်။ ဒါတောင်မှ ပျဉ်ချပ်အဟောင်းတွေက ကျွန်တော်တို့ရဲ့ ခြေထောက်အောက်မှာ တကျွီကျွီနဲ့ မြည်နေပါတယ်။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့ ချည်းကပ်လာတာကို သူ မကြားဘဲနေမှာ မဟုတ်ဘူးလို့ ထင်ရတယ်။ ဒါပေမယ့် ကံအားလျော်စွာ သူက အတော်နားလေးပြီး၊ သူလုပ်နေတဲ့အရာကို သူလုံးဝအာရုံစိုက်နေပါတယ်။ နောက်ဆုံးမှာ တံခါးဆီ ကျွန်တော်တို့ရောက်ပြီး၊ ချောင်းကြည့်လိုက်တဲ့အခါ လွန်ခဲ့တဲ့နှစ်ညက သူ့ကို ကျွန်တော်မြင်ခဲ့တဲ့အတိုင်း အတိအကျကို သူ့ရဲ့ဖြူဖွေး ပြီး စူးစိုက်နေတဲ့ မျက်နှာက ပြတင်းပေါက်ဘောင်ကို ကပ်လျက် သူ့လက်ထဲက ဖယောင်းတိုင်နဲ့ ပြတင်းပေါက်မှာ သူကုန်းကုန်းကွကွ၊ လုပ်နေတာ ကျွန်တော် တို့ တွေ့ရပါတယ်။

ကျွန်တော်တို့ အစီအစဉ် တစ်စုံတစ်ရာ စီစဉ်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် မြေရှင်ကလေးက အမြဲတမ်း ပွင့်ပွင့်လင်းလင်း ဒဲ့ဒိုးလုပ်တတ်တဲ့ လူတစ်ယောက်ပါ။ သူက အခန်းထဲကို လမ်းလျှောက်ဝင်သွားပြီး သူအဲဒီလို ဝင်သွားတဲ့အခါ ဘာရီမိုးက ပြင်းပြင်းထန်ထန် သက်ပြင်းမှုတ်လျက် ပြတင်းပေါက်ကနေ ခုန်ထပြီး ကျွန်တော်တို့ ရှေ့မှာ တုန်ရီလျက် ရပ်နေပါတယ်။ ဖြူစွတ်နေတဲ့ မျက်နှာကနေ စိုက်ကြည့်နေတဲ့ သူ့ရဲ့ မျက်လုံးမည်းမည်းတွေက ဆာဟင်နရီကနေ ကျွန်တော်ဆီ စိုက်ကြည့်စဉ်မှာ ထိတ်လန့်မှုတွေ၊ အံ့သြမှုတွေနဲ့ ပြည့်လျှံနေပါတယ်။

'ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ ဘာရီမိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မလုပ်ပါဘူး ဆရာ' သူ့ရဲ့ စိတ်လှုပ်ရှားမှုက ပြင်းထန်လွန်းတဲ့အတွက် သူ့စကားတောင် ကောင်းကောင်းမပြောနိုင်ဘဲ လှုပ်ရမ်းနေတဲ့ သူ့ရဲ့ ဖယောင်းတိုင်ကနေ အရိပ်တွေ နိမ့်လိုက်၊ မြင့်လိုက်နဲ့ ရွေ့လျားနေပါတယ်။ 'ပြတင်းပေါက်တွေပါ ဆရာ၊ ပြတင်းပေါက်တွေ ပိတ်မပိတ်ကို ကျွန်တော် ညဘက်လှည့်ကြည့်တာပါ'

'ဒုတိယထပ်မှာလား'

'ဟုတ်ပါတယ် ဆရာ၊ ပြတင်းပေါက်တွေ အားလုံးပါ'

'ဒီကို ကြည့်ပါ ဘာရီမိုး' ဆာဟင်နရီက မျက်နှာထားတင်းတင်းနဲ့ ပြောပါတယ်။ ခင်ဗျားဆီက အမှန်တရားကို ရယူဖို့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးပြီ။ ဒါကြောင့် ခင်ဗျား အချိန်မဆွဲဘဲ၊ မြန်မြန်ပြောယင် သက်သာလိမ့်မယ်။ ကဲပါ မညာပါနဲ့၊ ဒီပြတင်းပေါက်မှာ ခင်ဗျား ဘာလုပ်နေတာလဲ'

ဒီလူက မတတ်နိုင်တော့တဲ့ အမူအရာနဲ့ ကျွန်တော်တို့ကို ကြည့်ပြီး အလွန်ကြေကွဲနေသူ၊ အလွန်ဝေခွဲမရသူတစ်ယောက်လို့၊ သူ့ရဲ့လက်တွေကို လိမ်ယှက်နေပါတယ်။

'ကျွန်တော် ဘာအန္တရာယ်မှ မလုပ်ပါဘူး ဆရာ။ ဖယောင်းတိုင်ကို ပြတင်းပေါက်နားမှာ ကျွန်တော် ကိုင်ထားတာပါ'

'ဘာဖြစ်လို့ ခင်ဗျား ဖယောင်းတိုင်ကို ပြတင်းပေါက်နားမှာ ကိုင်ထားရတာလဲ'

'ကျွန်တော်ကို မမေးပါနဲ့၊ ဆာဟင်နရီ၊ ကျွန်တော်ကို မမေးပါနဲ့ ဆရာ၊ ဒါက ကျွန်တော်ရဲ့ လျှို့ဝှက်ချက် မဟုတ်သလို၊ ဒါကို ကျွန်တော် ပြောပြနိုင်မှာ မဟုတ်ဘူးဆိုတာပဲ။ ကျွန်တော် ပြောနိုင်ပါတယ်။ ကျွန်တော်က လွဲလို့ ဒါနဲ့ ဘယ်သူမှ မပတ်သက်ဘူးဆိုယင်၊ ခင်ဗျားကို ကျွန်တော် မပြောဖို့ ကြိုးစားမှာ မဟုတ်ပါဘူး'

အတွေးတစ်ခုက ကျွန်တော်ရဲ့ ခေါင်းးထဲကို ရုတ်တရက် ဝင်လာပြီး တုန်ရီနေတဲ့ ပစ္စည်းသိမ်းရဲ့လက်ထဲက ဖယောင်းတိုင်ကို ကျွန်တော် ယူလိုက်ပါတယ်။

သူက ဒါကို အချက်ပြတဲ့အနေနဲ့၊ ကိုင်ထားတာ ဖြစ်ရမယ်' ကျွန်တော်က ပြောပါတယ်။ 'အဖြေပြန်ပေးသလားဆိုတာ ကြည့်ကြရအောင်' ကျွန်တော်က အဲဒါကို သူကိုင်သလိုကိုင်ထားပြီး ညအမှောင်ထဲကို လှမ်းကြည့်ပါတယ်။ လကတိမ်တိုက်တွေနောက်မှာ ရှိနေတဲ့အတွက် သစ်ပင်မည်းမည်း အတန်းနဲ့ အမှောင်ပို ဖျော့တဲ့ တောရိုင်မြေကွင်းပြင်ကို ကျွန်တော် ခွဲခြားမြင်နိုင်ပါတယ်။ အဲဒီနောက် သေးငယ်တဲ့ အပ်ခေါင်းလောက်ရှိတဲ့ အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



မီးပွင့်ကလေးက အမှောင်ထုထဲက ထိုးဖောက်ထွက်လာပြီး ပြတင်းပေါက်ရဲ့ လေးထောင့် အမှောင်ထုအလည်မှာ တည်တည်ငြိမ်ငြိမ် တောက်ပနေပါတယ်။

'ဟိုမှာ' ကျွန်တော်က အော်ပါတယ်။

'မဟုတ်ဘူး ဆရာ၊ မဟုတ်ဘူး၊ ဒါဘာမှ မဟုတ်ဘူး။ ဘာမှကို မဟုတ်ပါဘူး' ပစ္စည်းထိန်းက ဝင်ပြောပါတယ်။ 'ဆရာ့ကို ကျွန်တော် ပြောရဲပါတယ် ဆရာ'

'ခင်ဗျားရဲ့ အလင်းရောင်ကို ပြတင်းပေါက်ကို ဖြတ်ပြီး ရွှေ့ကြည့်ပါ။ ဝပ်ဆန်' မြေရှင်ကလေးက အော်ပါတယ်။ 'တစ်ဖက်ကလည်း ရွှေ့သလားဆို တာ ကြည့်ပါ။ ကဲ လူလိမ်၊ ဒါအချက်ပြတာဆိုတာကို ခင်ဗျား ငြင်းဦးမလား။ ကဲ ပြောစမ်းပါ။ ဟိုဘက်က ခင်ဗျားရဲ့ ကြံဖော်ကြံဖက်က ဘယ်သူလဲ။ ဖြစ် ပျက်နေတဲ့ ဒီအကြံအစည်က ဘာအကြံအစည်လဲ'

ဒီလူရဲ့မျက်နှာက ပွင့်ပွင့်လင်းလင်း အာခံတဲ့ ပုံစံပေါ်လာပါတယ်။

'ဒါက ကျွန်တော်ရဲ့ ကိစ္စပါ။ ခင်ဗျားတို့ရဲ့ ကိစ္စမဟုတ်ပါဘူး။ ကျွန်တော် မပြောဘူး'

'ဒါဖြင့်ယင် ခင်ဗျား၊ ကျွန်တော်ရဲ့ အလုပ်က ချက်ချင်းထွက်သွားပါ'

'ကောင်းပါပြီ ဆရာ၊ ကျွန်တော် သွားရမယ်ဆိုယင် သွားပါ့မယ်'

'ဂုဏ်သိက္ခာပျက်ပြီးသွားတော့ ခင်ဗျား သွားပေါ့၊ ဟင်းဟင်း ခင်ဗျား ကို ခင်ဗျား ရှက်နေမှာပါ။ ခင်ဗျားရဲ့ မိသားစုက ဒီခေါင်မိုးအောက်မှာ ကျွန် တော်တို့နဲ့ နှစ် ၁၀၀ ကျော်နေခဲ့ပြီး အခုတော့ ခင်ဗျားက ကျွန်တော်အပေါ် ဆန့်ကျင်မှုတွေ ကောင်းကောင်းကြံစည်နေတာကို ကျွန်တော် တွေ့ရပြီ'

'မဟုတ်ဘူး၊ မဟုတ်ဘူး ဆရာ၊ မဟုတ်ဘူး၊ ဆရာ့ကို ဆန့်ကျင်တာ မဟုတ်ပါဘူး' ဒါက အမျိုးသမီးတစ်ယောက်ရဲ့အသံပါ။ မစ္စစ် ဘာရီမိုးက သူမရဲ့ခင်ပွန်းထက် ပိုပြီး ထိတ်လန့်လျက်၊ မျက်နှာဖြူဖတ်ဖြူယော်နဲ့ တံခါးဝ မှာ မတ်တပ်ရပ်နေပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ ခံစားချက်ပြင်းထန်မှုသာ မရှိဘူးဆိုယင်၊ ဂါဝန်နဲ့ ခြုံထည်ထဲက သူမရဲ့ကြီးမားတဲ့ကိုယ်လုံးကိုယ်ပေါက် က ရယ်စရာ ဖြစ်နိုင်ပါတယ်။

'ငါတို့သွားရမယ်။ အယ်လစ်ဇာ၊ ဒါက အဆုံးသတ်သွားပြီး၊ ငါတို့ရဲ့ ပစ္စည်းတွေကို မင်းထုတ်ပိုးပါ' ပစ္စည်းထိန်းက ပြောပါတယ်။

'အို ဂျွန် ဂျွန်ရယ်။ ရှင့်ကို ကျွန်မ ဒီလိုဖြစ်အောင် လုပ်လိုက်မိ သလား။ ဒါ ကျွန်မ လုပ်တာပါ ဆာဟင်နရီ၊ အားလုံးက ကျွန်မ ကိစ္စတွေပါ။ ကျွန်မရဲ့အကျိုးအတွက်ကလွဲလို့၊ သူ ဘာမှ မလုပ်ပါဘူး။ ကျွန်မ သူ့ကို လုပ်ခိုင်းလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်ယင် ပြောပြပါ။ ဒါက ဘာအဓိပ္ပါယ်လဲ'

'မရှင်ပြနိုင်တဲ့ ကျွန်မရဲ့ မောင်က တောရိုင်းမြေပေါ်မှာ ငတ်နေတယ်။ ကျွန်မတို့ရဲ့ ခြံတံခါးဝမှာ သူသေကြေပျက်စီးရမှာကို ကျွန်မတို့ ခွင့်မပြုနိုင်ပါဘူး။ ဒီအလင်းရောင်က သူ့အတွက် အစားအစာ အဆင်သင့်ဖြစ်ပြီဆိုတာကို အချက်ပြတာပါ။ ဟိုဘက်က သူ့ရဲ့အလင်းရောင်က အစားအစာ သယ်ဆောင်သွားရမယ့် နေရာကိုပြတာပါ'

'ဒါဖြင့်ယင် ခင်ဗျားရဲ့ မောင်က'

'လွတ်သွားတဲ့ အကျဉ်းစားပါ ဆရာ၊ ရာဇဝတ်ကောင် ရှယ်လ်ဒန်ပါ'

'ဒါအမှန်ပါပဲဆရာ' ဘာရီမိုးက ပြောပါတယ်။ 'ဒါက ကျွန်တော်ရဲ့ လျှို့ဝှက်ချက်မဟုတ်တာရယ်၊ ဒါကို ခင်ဗျားကို ကျွန်တော် ပြောမပြနိုင်ဘူးဆိုတာရယ်ကို ကျွန်တော် ပြောခဲ့ပါတယ်။ ဒါပေမယ့် အခု ဒါကို ခင်ဗျား ကြားပြီးပါပြီ၊ ဒါက ခင်ဗျားကို ဆန့်ကျင်တဲ့ ကြံစည်မှုမဟုတ်ဘူးဆိုတာခင်ဗျားမြင်ပါပြီ'

ဒါက ညဘက် ခိုးကြောင်ခိုးဝှက်ထွက်ပြီး၊ ပြတင်းပေါက်က အလင်းရောင်ပြတာကို ရှင်းပြတာပါပဲ။ ဆာဟင်နရီနဲ့ ကျွန်တော်နှစ်ဦးစလုံးက အမျိုးသမီးကို အံ့ဩဟန်နဲ့ စိုက်ကြည့်နေပါတယ်။ အမူအယာအေးစေပြီး လေးစားဖွယ်ကောင်းတဲ့ ဒီလူပုဂ္ဂိုလ်တစ်ဦးက ဒီကျေးလက်ဒေသမှာ နာမည်အကြီးဆုံးဖြစ်တဲ့ ရာဇဝတ်ကောင် တစ်ယောက်ရဲ့၊ တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

'ဟုတ်ပါတယ် ဆရာ၊ ကျွန်မရဲ့ နာမည်က "ဝယ်လ်ဒန်"ပါ။ သူက ကျွန်မရဲ့ မောင်ပါ။ သူ ကလေးဘဝတုန်းက ကျွန်မတို့သူ့ကို အလိုလိုက်လွန်းပြီး သူ့ကို အရာရာအလျှော့ပေးခဲ့တာကြောင့် ဒီလောကကြီးဟာ သူ့ရဲ့ပျော်ရွှင်မှုအတွက်၊ ဖန်တီးထားတယ်။ ဒီလောက်ကကြီးမှာ သူကြိုက်တာ သူလုပ်လို့ရတယ်လို့ သူထင်လာတယ်။ အဲဒီနောက် သူအသက်ကြီးလာတာနဲ့ အမျိုးမကောင်းတဲ့ အဖော်တွေနဲ့ သူ့တွဲမိပြီး၊ မကောင်းဆိုးဝါးက သူ့ရဲ့ ကိုယ်တွင်းကို ဝင်သွားတာကြောင့် သူ့အတွက် ကျွန်မရဲ့ အဖေအသည်းကွဲကြေခဲ့ပြီး၊ ကျွန်မတို့ရဲ့ နာမည်ဆိုးညှစ်ခဲ့ရတယ်။ ပြစ်မှုတစ်ခုကနေတစ်ခု၊ သူအဆင့်နိမ့်ဆင်းသထက် နိမ့်ဆင်းသွားလိုက်တာဟာ ဘုရားသခင်ရဲ့ ကျေးဇူးကြောင့် သူကြိုးစင်ပေါ်က လွတ်လာရတဲ့အထိပါပဲ။ ဒါပေမယ့် ကျွန်မအတွက်ကတော့ သူဟာ ကျွန်မပြုစုပျိုးထောင်ခဲ့တဲ့ ကလေးငယ်ကလေးတစ်ယောက်ပါပဲ ဆရာ။ ဒါကြောင့် သူထောင်ဖောက်ပြေးလာတာပါ ဆရာ။ ကျွန်မ ဒီမှာ ရှိပြီး၊ သူ့ကို ကျွန်မ ကူညီဖို့ ငြင်းဆန်မှာ မဟုတ်ဘူးဆိုတာ ကူသိတယ်။ တစ်ညမှာ သူပင်ပန်းနွမ်းနယ် ငတ်မွတ်ပြီး သံချေးကျင်းနဲ့ ဒီကို ဒရွတ်တိုက်ဆွဲရောက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ၊ ကျွန်မတို့ ဘာလုပ်ရမလဲ၊ သူ့ကို ကျွန်မတို့ ခေါ်ထားပြီး၊ ကျေးမွေးဂရုစိုက်ရတယ်။ အဲဒီနောက် သူပြန်သွားတယ် ဆရာ၊ ခြောက်လှန့်ရှာဖွေမှုတွေပြီးဆုံးသွားတဲ့အထိ တခြားတစ်နေရာထက် တောရိုင်းမြေက ပိုပြီး လုံခြုံစိတ်ချတယ်လို့ ကျွန်မရဲ့မောင်က တွေးမိပြီး၊ ဒီလိုနဲ့ အဲဒီနေရာမှာ သူပုန်းနေတယ်။ ဒါပေမယ့် ပြတင်းပေါက်မှ အလင်းရောင် ထွန်းပြီးတော့ သူအဲဒီမှာ ရှိသေးသလားဆိုတာကို ကျွန်မတို့နှစ်ည တစ်ကြိမ်သေချာအောင် လုပ်ပါတယ်။ တန်ပြန်အဖြေပေးမှု ရှိရင်တော့၊ ကျွန်မရဲ့ ယောကျ်ားက ပေါင်မုန့်နဲ့အသားတချို့ကို သူ့ဆီယူသွားပါတယ်။ သူသွားပြီလို့ ကျွန်မတို့ နေ့တိုင်းမျှော်လင့်ပါတယ်။ ဒါပေမယ့် သူအဲဒီနေရာမှာ ရှိနေသမျှ ကာလပတ်လုံး သူ့ကို ကျွန်မတို့ စွန့်ပစ်မထားနိုင်ပါဘူး။ ကျွန်မက ရိုးသားတဲ့ ခရစ်ယာန်အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတိုင်း ဒါတွေ အားလုံးက အဖြစ်မှန်တွေပါ။ ဒီကိစ္စမှာ အပြစ်တင်စရာရှိမယ်ဆိုယင် ကျွန်မရဲ့ယောကျ်ားမှာ အပြစ်မရှိဘဲ၊ ကျွန်မမှာပဲ ရှိတယ်ဆိုတာရှင်မြင်ပါလိမ့်မယ်။ သူလုပ်ခဲ့သမျှအရာအားလုံးက ကျွန်မအတွက် သူလုပ်ခဲ့ရတာပါ'

အမျိုးသမီးရဲ့ စကားလုံးတွေက စိတ်ထက်သန်ပြင်းပြတဲ့ ဝန်ခံချက်နဲ့အတူ ထွက်ပေါ်လာပါတယ်။

'ဒါမှန်သလား။ ဘာရီမိုး'

'ဟုတ်ပါတယ်။ ဆာဟင်နရီ တစ်လုံးမှ မလွဲပါဘူး'

'အင်း ခင်ဗျားရဲ့ဇနီးအတွက် ခင်ဗျား ရပ်တည်ခဲ့ရတာကို ကျွန်တော် အပြစ်မတင်နိုင်ပါဘူး။ ကျွန်တော် ပြောခဲ့တာကို မေ့လိုက်ပါ။ ခင်ဗျားကို နှစ်ယောက်စလုံး ခင်ဗျားတို့ရဲ့ အခန်းကို သွားကြပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မနက်ကျမှ ကျွန်တော်တို့ ထပ်စကားပြောကြမယ်'

သူတို့ ထွက်သွားကြတဲ့အခါ ပြတင်းပေါက်ကနေ ကျွန်တော်တို့ တစ်ခါကြည့်ကြတယ်။ ဆာဟင်နရီက ပြတင်းပေါက်ကို တွန်းဖွင့်လိုက်ပြီး အေးစက်တဲ့ညလေက ကျွန်တော်တို့ရဲ့ မျက်နှာကို ရိုက်ခတ်လာပါတယ်။ အဝေးလှမ်းလှမ်းက အမှောင်ထုထဲမှာ သေးငယ်တဲ့ ဒီအဝါရောင်မီးပွင့်ကလေးက လင်းလက်နေဆဲပါ။

'သူရဲတင်းတာ ကျွန်တော် အံ့သြတယ်' ဆာဟင်နရီက ပြောပါတယ်။

'ဒီနေရာကပဲ မြင်နိုင်မယ့်နေရာမှာ အဲဒါကို ထားတာဖြစ်နိုင်တယ်'

'ဖြစ်နိုင်တယ်၊ ဒါဘယ်လောက်ဝေးမယ်လို့ ခင်ဗျားထင်သလဲ'

'"ကလက်ဖ်" တောင်ကုန်းနားကလို့ ကျွန်တော် ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'တစ်မိုင် နှစ်မိုင် ထက် ပိုမဝေးဘူးပေါ့'

'မဝေးနိုင်ဘူး'

'အင်း အဲဒီနေရာကို ဘာရီမိုး အစားအစာယူသွားရမယ်ဆိုယင်၊ ဒါဝေးမှာ မဟုတ်ဘူး။ ဒီလူဆိုးက ဒီဖယောင်းတိုင်ဘေးမှာ စောင့်နေတယ်။ ဝပ်ဆန်၊ ဒီလူကို ကျွန်တော် ထွက်ဖမ်းတော့မယ်'

'ဒီလိုအတွေးကလည်း ကျွန်တော်ရဲ့ ခေါင်းထဲကို ဝင်လာတယ်။ ဘာရီမိုးတို့က ကျွန်တော်တို့ကို သူတို့ရဲ့ ယုံကြည်မှုအတွင်း သွတ်သွင်းခဲ့တာ မဟုတ်ပါဘူး။ သူတို့ရဲ့ လျှို့ဝှက်ချက်ကို သူတို့ဆီက ညှစ်ထုတ်ယူခဲ့တာပါ။ ဒီလူက လူ့အဖွဲ့အစည်းအတွက်ရန်သူပါ။ သနားဖို့ခွင့်လွှတ်ဖို့ မထိုက်တဲ့၊ လူမိုက်စစ်စစ်ကြီးပါ။ သူအန္တရာယ်မပြုနိုင်တဲ့ နေရာဆီမှာ သူ့ကို ပြန်ထားဖို့ အတွက် ဒီအခွင့်အရေးကို ကျွန်တော်ယူတာဟာ ကျွန်တော်တို့ရဲ့ တာဝန်ကို ကျွန်တော်တို့ လုပ်တာပါ။ ကျွန်တော်တို့ လက်ပိုက်နေမယ်ဆိုယင်၊ သူ့ရဲ့ရက်စက်ကြမ်းကြုတ်တဲ့ သဘာဝကြောင့် တခြားသူတွေအနေနဲ့ တန်ဖိုးပေးဆပ်ရလိမ့်မယ်။ ဥပမာ တစ်ည ညမှာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း စတာပလက်တန်ကို သူတိုက်ခိုက်နိုင်ပြီး ဆာဟင်နရီအနေနဲ့ ဒီစွန့်စားမှုမှာ ဒီလောက်စိတ်ထက်သန်နေရတာဟာ ဒီအတွေးကြောင့် ဖြစ်နိုင်ပါတယ်။

BURMESE CLASSIC .com

'ကျွန်တော်ပါ လိုက်မယ်'

ကျွန်တော်က ပြောပါတယ်။

'ဒါဖြင့်ယင် ခင်ဗျားရဲ့ ခြောက်လုံးပြူးကိုယူပြီး၊ ဘွတ်ဖိနပ်ဝတ်လိုက်ပါ။ ဒီလူက မီးငြိမ်းပြီး ထွက်သွားနိုင်တာကြောင့်၊ ကျွန်တော်တို့ မြန်မြန်စလေ ပိုကောင်းလေပဲ'

၅ မိနစ်အတွင်းမှာ တံခါးအပြင်ဘက်ကို ကျွန်တော်တို့ ရောက်ကြပြီး၊ ကျွန်တော်တို့ရဲ့ ခရီးကို အစပြုကြပါတယ်။ ဆောင်းဦးရာသီလေရဲ့ တဟူးဟူး တိုက်ခတ်မှုနဲ့ ကြွေကြနေတဲ့ သစ်ရွက်တွေရဲ့ လှုပ်ရှားသံတွေအကြား၊ မှောင်မည်းတဲ့ "ရှရပ်တယ်ရီ" သစ်ပင်တွေကြားက ကျွန်တော်တို့ ခပ်သုတ်သုတ် သွားကြပါတယ်။ ညလေထုက ရွှံ့နွံအနံ့နဲ့ ပြည့်နေတယ်။ ဒါပေမယ့် မိုးတိမ်တွေက ကောင်းကင်ပေါ်မှာ ရွေ့လျားနေပြီး တောရိုင်းမြေပေါ်ကို ကျွန်တော်တို့ ထွက်လာစဉ်မှာပဲ၊ မိုးဖွဲဖွဲက စတင်ကျလာပါတယ်။ အလင်းရောင်က ရှေ့မှာ တည်တည်ငြိမ်ငြိမ်နဲ့ လောင်ကျွမ်းနေဆဲပါ။

'ခင်ဗျားမှာ လက်နက်ပါသလား'

ကျွန်တော်က ပြောပါတယ်။

'ကျွန်တော်မှာ အမဲလိုက်ကြိုးကွင်းတစ်ခုရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကို သေမထူး၊ နေမထူး လူလို့ ပြောကြတာကြောင့်၊ ကျွန်တော်တို့ သူ့ကို မြန်မြန်ချည်းကပ်ရမယ်။ သူ မခုခံနိုင်ခင်၊ ကျွန်တော်တို့ သူ့ကို အငိုက် ဖမ်းရမယ်'

'ကျွန်တော် နားလည်ပါတယ် ဝပ်ဆန်' မြေရှင်က ပြောပါတယ်။ 'ဒါကို ဟုမ်းဘာပြောမလဲ။ မကောင်းဆိုးဝါးကြီး စိုးတတ်တဲ့အချိန်က အမှောင် ထုကရော ဘယ်လိုလဲ'

သူ့ရဲ့စကားကို အဖြေပေးလိုက်သလို၊ ဂရင်ပင်နို့တောအစပ်က ကျွန် တော်ကြားဖူးတဲ့၊ ထူးဆန်းတဲ့အသံက တောရိုင်းမြေအမှောင်ထုထဲက ရုတ် တရက် ထွက်ပေါ်လာပါတယ်။ တိတ်ဆိတ်နေတဲ့ညမှာ လေနဲ့အတူ သူက ထွက်ပေါ်လာတာဖြစ်ပြီး ဆွဲဆွဲငင်ငင်နဲ့ အူသံပါ။ ပြီးတော့ အဲဒါက တဖြည်း ဖြည်းနဲ့ အသံတိမ်ဝင်ပြီး ငြီးသံဖြစ်သွားပါတယ်။ အဲဒါက ထပ်ခါ ထပ်ခါ အသံထွက်လာပြီး လေထုထဲမှာ မြည်ဟိန်းသွားပါတယ်။ မြေရှင်က ကျွန်တော် ရဲ့ အင်္ကျီလက်ကို ဆုပ်ကိုင်ပြီး၊ သူ့ရဲ့ မျက်နှာက အမှောင်ထဲမှာ ဖွေးဖွေး အရောင်ထွက်နေပါတယ်။

'ဘုရားရေ၊ ဒါဘာလဲ ဝပ်ဆန်'

'ကျွန်တော် မသိဘူး။ ဒါက တောရိုင်းမြေပေါ်မှာ ထွက်တတ်တဲ့ အသံပါ။ အရင်က ဒါကို ကျွန်တော် တစ်ခါကြားဖူးတယ်'

အဲဒါက အသံတိုးမှိန်ရပ်သွားပြီး၊ လုံးဝဥဿုံတိတ်ဆိတ်မှုက ကျွန် တော်တို့အပေါ်ကရောက်လာပါတယ်။ ကျွန်တော်တို့ ရပ်ပြီးနားစွင့်နေကြပါ တယ်။ ဒါပေမယ့် ဘာသံမှ မလာပါဘူး။

'ဝပ်ဆန်' မြေပိုင်ရှင်က ပြောပါတယ်။ 'ဒါက အမဲလိုက်ခွေးအော်သံ လား'

သူ့ရဲ့ အသံကွဲအက်နေမှုက သူ့အပေါ်ဖိစီးလာတဲ့ ရုတ်တရက် ထိတ် လန့်မှုကို ဖော်ပြနေတာကြောင့် ကျွန်တော်ရဲ့ သွေးကြောထဲမှာ သွေးတွေ အေးခဲ သွားပါတယ်။

'ဒီအသံကို သူတို့ ဘာခေါ်ကြသလဲ'

သူက မေးပါတယ်။

'ဘယ်သူတွေကလဲ'

'ဒီကျေးလက်ကတောသားတွေက'

'အို သူတို့က လျစ်လျူရှုတတ်တဲ့လူတွေပါ။ ဒါကို သူတို့ ဘယ်လို ခေါ်သလဲဆိုတာ ဘာကြောင့် ခင်ဗျား အာရုံပြုနေရတာလဲ'

'ကျွန်တော်ကို ပြောပြပါ ဝပ်ဆန်။ ဒါကို သူတို့ ဘာပြောကြသလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တုံ့ဆိုင်းနေပါတယ်။ ဒါပေမယ့် ဒီမေးခွန်းကို ကျွန်တော် မရှောင်လွှဲနိုင်ပါဘူး။

'သူတို့က ဒါကို ဘာစ်ကာဗီလ် အမဲလိုက်ခွေးရဲ့အော်သံလို့ သံပြောကြတယ်'

သူက ညည်းတွားပြီး ခဏမျှ တိတ်ဆိတ်နေပါတယ်။

'ဒါက အမဲလိုက်ခွေး ဟုတ်တယ်' နောက်ဆုံးမှာ သူက ပြောပါတယ်။ 'ဒါပေမယ့် အဲဒါက ဟိုဘက် မိုင်အတော်ဝေးဝေးက လာဟန်တူတယ်လို့ ကျွန်တော် ထင်တယ်'

'ဒါ ဘယ်ကလာတယ်ဆိုတာ ပြောဖို့ ခက်တယ်'

'ဒါက လေနဲ့အတူကျယ်ပြီး တိုးသွားတယ်။ ဖရစ်ပင်နွံအိုင်ဘက်က လာတာ မဟုတ်ဘူးလား'

'ဟုတ်တယ်'

'အင်း ... ဒါ အဲဒီက လာတာ။ ကဲ ဝပ်ဆန်၊ ဒါက အမဲလိုက် ခွေး အော်သံလို့ ခင်ဗျား ကိုယ်တိုင်မထင်ဘူးလား။ ကျွန်တော် ကလေး မဟုတ်ပါဘူး။ ခင်ဗျား အမှန်ကို ထုတ်ဖော်ပြောဖို့ ကြောက်စရာမလိုပါဘူး'

'ဒါကို ကျွန်တော် နောက်ဆုံးကြားရတုန်းက ကျွန်တော်နဲ့အတူ စတာပလက်တန်ရှိနေတယ်။ သူက အဲဒါကို ထူးဆန်းတဲ့ ငှက်တစ်ကောင်ရဲ့ အော်သံဖြစ်နိုင်တယ်လို့ ပြောတယ်'

'မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါက အမဲလိုက်ခွေးပါဘုရားရေ၊ ဒီပုံပြင်တွေ အားလုံးမှာ အမှန်တွေ ရှိနိုင်သလား။ အမှောင်ထုအစပြုတာနဲ့ ကျွန်တော် အတွက်အမှန် တကယ်အန္တရာယ် ရှိနိုင်တယ်ဆိုတာ ဖြစ်နိုင်သလား။ ဒါကို ခင်ဗျား မယုံကြည်ဘူး။ မဟုတ်လား ဝပ်ဆန်'

'မဟုတ်ပါဘူး မယုံပါဘူး'

'ဒါက လန်ဒန်မှာဆိုယင်၊ ရယ်စရာ ဖြစ်နေပေမယ့်။ တောရိုင်းမြေ အမှောင်ထဲက ဒီနေရာမှာ ရပ်ပြီး၊ ဒီလို အော်ဟစ်သံကို နားထောင်ဖို့ကတော့ တစ်မျိုးတစ်ဖုံဖြစ်လိမ့်မယ်။ နောက်ပြီးတော့ ကျွန်တော်ရဲ့ ဦးလေးလည်း ရှိတယ်။ သူလဲကျနေတုန်းက သူ့ဘေးမှာ အမဲလိုက်ခွေးခြေရာတွေ ရှိတယ်။ ဒါတွေ အားလုံးက ဆက်စပ်မှု ရှိလာတယ်။ ကျွန်တော် သူရဲဘောကြောင်တယ်လို့ မထင်ပါဘူး။ ဝပ်ဆန်၊ ဒါပေမယ့် ဒီအသံက ကျွန်တော်ကို သွေးခဲသွားစေဟန်တူတယ်။ ကျွန်တော် လက်ကို စမ်းကြည့်ပါ'

'မာဘယ်ကျောက်တုံးတစ်တုံးကို အေးစက်နေတယ်မနက်ဖြန်ကြရင်၊ ခင်ဗျားကောင်းသွားမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအော်သံကို ကျွန်တော်ရဲ့ ခေါင်းထဲက ထုတ်နိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ ကျွန်တော်တို့ အခုဘာလုပ်ရမလဲ အကြံပေးစမ်းပါဦး'

'ကျွန်တော်တို့ ပြန်လှည့်ကြမလား'

'ဟင့်အင်း ပဲနဲ့သာ ကျွန်တော်တို့ရဲ့ လူကို ဖမ်းဖို့ ကျွန်တော်တို့ ထွက်လာတာ၊ ဒါကို ကျွန်တော်တို့ လုပ်မယ်။ ကျွန်တော်တို့ အကျဉ်းသား နောက်ကို လိုက်မယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ် အမဲလိုက်ခွေးက ကျွန်တော်တို့နောက်ကို လိုက်မယ်။ ကဲပါ။ မိစ္ဆာတွေ တောရိုင်းမြေပေါ်မှာ လွတ်နေယင်၊ ကျွန်တော်တို့ ကြည့်ကြတာပေါ့'

ကျောက်တုံးအချွန်အတက်တွေရှိတဲ့၊ တောင်ကုန်းအရိပ်မည်းမည်း က ကျွန်တော်ကို ဘေးပတ်ဝန်းကျင်မှာ ရှိပြီး အဝါရောင် မီးတောက်က ရှေ့မှာ တည်တည်ငြိမ်ငြိမ် တောက်လောင်လျက် အမှောင်ထဲမှာ ကျွန်တော်တို့ ခလုပ်တိုက်ယင်း၊ တဖြည်းဖြည်း သွားလှည့်စားနိုင်တဲ့အရာ ဘာမှ မရှိပါဘူး။ တစ်ခါတစ်ရံမှာ မျက်စိတဆုံး အဝေးလှမ်းလှမ်းမှာ ရှိဟန်တူပြီး၊ တစ်ခါတစ်ရံမှာ အဲဒါ ကျွန်တော်တို့နဲ့ ကိုက်အနည်းငယ်အတွင်းမှာ ရှိဟန်တူပါတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ အလင်းရောင်ဘယ်ကလာတယ်ဆိုတာကို ကျွန်တော်တို့တွေ့မြင်လာပါတယ်။ အဲဒီနောက် ကျွန်တော်တို့ အမှန်တကယ်ကို အလွန်နီးကပ်လာနေပြီဆိုတာကို ကျွန်တော်တို့ သိလာရတယ်။ ဖယောင်းရည်တွေ ဘေးတစ်ဖက် စီးဆင်းလျက် လောင်ကျွမ်းနေတဲ့ ဖယောင်းတိုင်ကို လေမတိုက်ခတ်နိုင်အောင် ဘေးတစ်ဖက်တစ်ချက်မှာ ကာရံထားသလို ဘာစ်ကာဗီလ်အိမ်ဘက်မှလွဲသို့ တခြားဘက်က မမြင်ရအောင် ကာရံထားပြီး၊ ကျောက်တုံးတွေကြားထဲမှာ စိုက်ထောင်ထားပါတယ်။

ဂရပ်နိုက်ကျောက်တုံးကြီးတစ်တုံးက ကျွန်တော်တို့ရဲ့ ချဉ်းကပ်လာမှုကို ဖုံးကွယ်ပေးထားပြီး၊ အဲဒီနောက်မှာ ဝပ်နေလျက် အဲဒီအပေါ်ကနေ အချက်ပြမီးကို ကျွန်တော်တို့လှမ်းကြည့်ကြပါတယ်။ အနီးအနားမှာ သက်ရှိလက္ခဏာ တစ်စုံတစ်ရာ မရှိဘဲ တောရိုင်းမြေရဲ့အလယ် အဲဒီနေရာမှာ ဒီဖယောင်းတိုင် တစ်ချောင်းတောက်လောင်နေတာကို မြင်ရတာဟာ ထူးဆန်းပါတယ်။ ဝါဝါထိန်ထိန်မီးတောက်တစ်ခုနဲ့ သူ့ရဲ့ဘေးအဖက်ဖက်က တောက်ပြောင်နေတဲ့ ကျောက်တုံးတွေပဲ ရှိပါတယ်။

'ကျွန်တော်တို့ အခုဘာလုပ်ကြမလဲ' ဆာဟင်နရီက တီးတိုးပြောပါတယ်။

'ဒီနေရာမှာ စောင့်မယ်။ သူ့ရဲ့အလင်းရောင်နားမှာ သူရှိရမယ်။ သူ့ကို ကျွန်တော်တို့ မြင်နိုင်မလား ဆိုတာ ကြည့်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောလို့မဆုံးခင်မှာ သူ့ကို ကျွန်တော်တို့နှစ်ဦးစလုံးမြင်လိုက်ကြပါတယ်။ လောင်ကျွမ်းနေတဲ့ ဖယောင်းတိုင်ကို ကာရံထားတဲ့ ကျောက်တုံးတွေရဲ့ အပေါ်မှာ ကြောက်စရာတိရစ္ဆာန်မျက်နှာတစ်ခုဖြစ်တဲ့၊ မိစ္ဆာမျက်နှာဝါဝါက အော့နှလုံးစရာ စိတ်ပြင်းပြမှုတွေ ဖော်ပြလျက်၊ ပေါ်ထွက်နေပါတယ်။ ရွှံ့နွံတောကြောင့် နံဟောင်လျက်၊ မုတ်ဆိတ်မွေးထိုးထိုးထောင်ထောင် ဆံပင်ရှုပ်ရှုပ်ထွေးထွေးနဲ့ အဲဒါဟာ တောင်ကုန်းခြေရင်းက မြေတွင်းထဲမှာ နေထိုင်ခဲ့ကြတဲ့ ရှေးခေတ်လူရိုင်းတစ်ယောက်ရဲ့ မျက်နှာဖြစ်ဟန်တူနိုင်ပါတယ်။ မုဆိုးတွေရဲ့ ခြေသံကို ကြားလိုက်ရတဲ့ ကောက်ကျစ်စဉ်းလဲ ရိုင်းစိုင်းတဲ့ တိရစ္ဆာန်တစ်ကောင်လို အမှောင်ထုထဲကို ဘယ်ညာ စူးစူးဝါးဝါး ကြည့်နေတဲ့ သေးငယ်ကောက်ကျစ်တဲ့ မျက်လုံးတွေက သူ့အောက်က မီးရောင်နဲ့ လင်းလက်နေပါတယ်။

တစ်စုံတစ်ရာကို သူထင်ထင်ရှားရှား သံသယဖြစ်နေပါတယ်။ ဘာရီမိုးမှာ လျှို့ဝှက်အချက်ပြချက်ရှိပြီး၊ အဲဒီအချက်ပြချက်ကို ကျွန်တော်ကို ပေးဖို့ လျစ်လျူရှုမိတာ ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် အခြေအနေအားလုံးက မကောင်းဘူးဆိုတာကို ဒီလူအနေနဲ့ စဉ်းစားမိနိုင်တဲ့ အခြားအကြောင်းတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် ဆိုးယုတ်တဲ့သူ့မျက်နှာပေါ်က ထိတ်လန့်မှုတွေကို ကျွန်တော် သတိပြုမိပါတယ်။ အခိုက်အတန့် တချိန်ချိန်မှာ မီးအလင်းရောင်ကို သူငြိမ်းသတ်ပြီး၊ အမှောင်ထဲမှာ သူကွယ်ပျောက်သွားနိုင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်က ရှေ့သို့ ခုန်ထွက်လိုက်ပါတယ်။ ဆာဟင်နရီကလည်း အဲဒီလို လုပ်ပါတယ်။ အဲဒီလို တစ်ချိန်တည်းမှာ အကျဉ်းသားက ကျွန်တော်တို့ကို အော်ဟစ်ဆဲရေးပြီး၊ ကျောက်ခဲတစ်ခဲနဲ့ ပစ်ပေါက်လိုက်ရာမှာ၊ အဲဒီကျောက်ခဲက ကျွန်တော်တို့ကို ဖုန်းကွယ်ပေးထားတဲ့ ကျောက်တုံးကြီးကို ထိမှန်ပြီး၊ ကြေးစင်ကုန်ပါတယ်။ သူက ခုန်ထပြီး၊ လှည့်ပြေးဖို့ ပြင်လိုက်စဉ်မှာ သူ့ရဲ့ ပုပုကွကွနဲ့ တောင့်တင်းတဲ့ ကိုယ်ခန္ဓာကို ကျွန်တော် မြင်လိုက်ရပါတယ်။ အဲဒီလို တစ်ချိန်တည်းမှာပဲ ကံအားလျော်စွာ လက တိမ်တိုက်ကြားက ထိုးဖောက်ထွက်လာပါတယ်။

တောင်ကုန်းထိပ်ပေါ်ကို ကျွန်တော်တို့ ပြေးတက်ပြီး ကျွန်တော်တို့ရဲ့ လူက တောင်ဆိတ်တစ်ကောင်ရဲ့ လှုပ်ရှားမှုမျိုးနဲ့ သူလမ်းမှာ ရှိတဲ့ ကျောက်တုံးတွေပေါ် ခုန်ကျော်လျက်၊ ကြီးစွာသောအလျင်ဖြင့် တောင်ကျောတစ်ဖက်သို့ ပြေးဆင်းသွားပါတယ်။ ကျွန်တော်ရဲ့ ခြောက်လုံးပြူးနဲ့ လှမ်းပစ်လို့ ကံကောင်းထောက်မရင် သူ့ကို ကျိုးချိသွားအောင်လုပ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် အတိုက်ခိုက်ခံရယင် ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက်သာ ဒီသေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယူလာတာဖြစ်ပြီး ထွက်ပြေးသွားတဲ့ လက်နက်မဲ့ လူတစ်ယောက်ကို ပစ်ခတ်ဖို့ မဟုတ်ပါဘူး။

ကျွန်တော်တို့ နှစ်ဦးစလုံးက လျင်မြန်တဲ့ အပြေးသမားတွေ ဖြစ်ပြီး၊ အလေ့အကျင့်ကောင်းကောင်းရှိပါတယ်။ ဒါပေမယ့် သူ့ကို ကျွန်တော်တို့ပြေးလိုက်မိနိုင်မယ့် အခွင့်အရေး မရှိဘူးဆိုတာ မကြာခင်မှာ ကျွန်တော်တို့ တွေ့မြင်လာပါတယ်။ အဝေးလှမ်းလှမ်း တောင်ကြောပေါ်က ကျောက်တုံးကြီးတွေကြားမှာ လျင်မြန်စွာ ရွေ့လျားနေတဲ့ အမည်းစက်အမှတ်ကလေးအဖြစ်၊ သူဖြစ်သွားတဲ့အထိ၊ လရောင်အောက်မှာ သူ့ကို ကျွန်တော်တို့ အချိန်အတော်ကြာတွေ့မြင်နေရပါတယ်။ ကျွန်တော်တို့ လုံးဝခြေကုန်လက်ပန်းကြတဲ့အထိ၊ ပြေးမြဲဆက်ပြေးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့အကြား၊ အလှမ်းကွာလှမ်းမှုက ဝေးသထက်ဝေးလာပါတယ်။ နောက်ဆုံးမှာတော့ ကျွန်တော်တို့ရပ်ပြီး ကျောက်တုံးနှစ်ခုပေါ် ထိုင်လျက်မောဟိုက်နေကြစဉ်၊ အဝေးမှာ သူကွယ်ပျောက်သွားတာကို ကျွန်တော်တို့ ကြည့်နေကြပါတယ်။

အထူးဆန်းဆုံး၊ မမျှော်လင့်ရဆုံးအရာဖြစ်ပေါ်တာ အဲဒီအခိုက်အတန့်မှာ ဖြစ်ပါတယ်။ မျှော်လင်ချက်မရှိတော့တဲ့ ဖမ်းဆီးမှုကို လက်လျှော့လျက် ကျောက်တုံးတွေပေါ်က ကျွန်တော်တို့ ထကြပြီး အိမ်ဘက်လှည့်ပြန်လာကြပါတယ်။ ငွေရောင်တောက်နေတဲ့ ကွင်းပြင်ခွက်ခွက်ကို နောက်ခံထားပေါ်ထွက်နေတဲ့ ဂရက်နိုက်တောင်ကုန်းတစ်ခုရဲ့ ထိပ်ပေါ်ကို လ က ကျဆင်းလာနေပါတယ်။ တောက်ပနေတဲ့ အဲဒီနောက်ခံ ရှုခင်းမှာ အနက်ရောင်သစ်သား ရုပ်ထုတစ်ခုကို မည်းမည်းနက်နက် ထင်ပေါ်နေတဲ့လူတစ်ယောက်ရဲ့ သဏ္ဌာန်ကို တောင်ကုန်းထိပ်ပေါ်မှာ ကျွန်တော် တွေ့မြင်ရပါတယ်။ ဒါက စိတ်ထင်ယောင်ထင်မှားဖြစ်တာလို့ ခင်ဗျား မထင်ပါနဲ့ ဟုမ်း၊ ကျွန်တော်ဘဝမှာ ဒီထက်ပိုပြီး ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား မြင်ရတဲ့အရာမျိုး မရှိခဲ့ဘူးဆိုတာ ခင်ဗျားကို ကျွန်တော် အာမခံပါတယ်။ ကျွန်တော် သုံးသပ်ချက် ချရသလောက်ကတော့ ဒီသဏ္ဌာန်က အရပ်ရှည်၊ ပိန်ပါးတဲ့ လူတစ်ယောက်ရဲ့ သဏ္ဌာန်ပါ။ သူ့ရဲ့ရှေ့မှာရှိနေတဲ့ အပင်တွေ၊ ကျောက်တုံးတွေနဲ့ ကျယ်ပြန့်တဲ့ လှတဲ့ ကွင်းပြင်ပေါ်၊ သူစဉ်းစားဆင်ခြင်မှု ပြုလုပ်နေတဲ့အလား၊ ခြေကို နည်းနည်းခွဲလျက် လက်ပိုက်၊ ခေါင်းငိုက်စိုက်ချပြီး သူရပ်နေပါတယ်။ ကြောက်စရာ ဒီနေရာနဲ့ စိတ်ဝိညာဉ်၊ သူဖြစ်နိုင်ပါတယ်။ ဒီလူက အကျဉ်းသားကွယ်ပျောက်သွားတဲ့ နေရာနဲ့ ဝေးလံပါတယ်။ ဒါ့အပြင် သူက အရပ်အမျှားကြီး ပိုမြင့်ထဲ လူတစ်ယောက်ပါ။ အံ့ဩအော်ဟစ်သံနဲ့ မြေရှင်ကလေးကို သူ့ဘက်ကျွန်တော်က ညွှန်ပြလိုက်ပါတယ်။ ဒါပေမယ့် သူ့ရဲ့လက်ကို ကျွန်တော်ဆုပ်ကိုင်တဲ့ အခိုက်အတန့်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက ပျောက်သွားပါတယ်။ လဝိုင်းဝိုင်းနဲ့ အောက်နှုတ်ခမ်းစပ်ပေါ် ကျောက်တုံးအချွန်အတက်က ထိုးထွက်နေဆဲဖြစ်ပါတယ်။ ဒါပေမယ့် လဝိုင်းဝိုင်းရဲ့ အပေါ်ပိုင်းမှာတော့ တိတ်ဆိတ်ငြိမ်သက်တဲ့ ဒီပုံသဏ္ဌာန်နဲ့ အရိပ်အယောင်တွေ မရှိတော့ပါဘူး။

အဲဒီဘက်ကို ကျွန်တော် သွားပြီး တောင်ကုန်းကို ရှာဖွေချင်ပါတယ်။ ဒါပေမယ့် ဒါက တော်တော်ကို ဝေးပါတယ်။ သူ့မိသားစုရဲ့ ဆိုးဝါးတဲ့ အဖြစ်အပျက်ကို အမှတ်ရရှိစေတဲ့ စောစောက အော်ဟစ်သံကြောင့် မြေရှင်ကလေးက စိတ် အနှောင့်အယှက်ဖြစ်နေဆဲဖြစ်ပြီး နောက်ထပ် စွန့်စားချင်တဲ့စိတ် သူ့မှာ မရှိပါဘူး။ တောင်ကုန်းပေါ်က အထီးကျန်လူကို သူတွေ့မြင်ခဲ့ခြင်း မရှိဘဲ၊ ထူးစမ်းစွာ သူပေါ်ထွက်လာမှုနဲ့ သူ့ရဲ့ ပိုင်စိုးပိုင်နင်းနိုင်တဲ့ အမူအရာကြောင့် ကျွန်တော် ခံစားရတဲ့ တုန်လှုပ်ခြောက်ခြားမှုမျိုးကို သူ မခံစားရပါဘူး။ 'ထောင်အမှုထမ်းတစ်ယောက်နဲ့ တူပါတယ်' သူက ပြောပါတယ်။ 'ဒီလူလွတ်သွားကတည်းက တောရိုင်းမြေပေါ်မှာ သူတို့နဲ့ ဒင်းကြမ်းနေတယ်' အင်း၊ သူ့ရဲ့ ရှင်းလင်းချက်က မှန်ကန်နိုင်ပါတယ်။ ဒါပေမယ့် ဒါနဲ့ ပတ်သက်လို့ သတ်သေခိုင်လုံချက်ကို ကျွန်တော် နည်းနည်း ထပ်ရချင်ပါတယ်။ 'ဖရင်စ်တောင်က လူတွေကို ပျောက်နေတဲ့ သူတို့ရဲ့ လူကို ဘယ်နေရာမှာ ရှာဖွေသင့်တယ်ဆိုတာ ဒီနေ့ ကျွန်တော်တို့ ဆက်သွယ်ပြောဖို့ ရည်ရွယ်ထားပါတယ်။ ဒါပေမယ့် သူ့ကို ကျွန်တော်တို့ရဲ့ အကျဉ်းသားတစ်ယောက်အဖြစ် ပြန်လည်ခေါ်ဆောင်လာဖို့၊ အမှန်တကယ်ကို မအောင်မြင်လောက်အောင် ဆက်သွယ်ရေးက ခက်ခဲပါတယ်။ မနေ့ညက ကျွန်တော်တို့ရဲ့ စွန့်စားမှုက ဒီလိုပဲ ဖြစ်ပါတယ်။ မိတ်ဆွေကြီး ဟုမ်း။ အစီရင်ခံစာ ကိစ္စမှာ ခင်ဗျားအတွက် ကျွန်တော် ကောင်းစွာဆောင်ရွက်ခဲ့တယ်ဆိုတာကို ခင်ဗျား အသိအမှတ်ပြုရပါ့မယ်။ ခင်ဗျားကို ကျွန်တော် ပြောပြပြီး၊ ဒီအထဲကနေ ခင်ဗျားအတွက် ကောက်ချက်ချဖို့ အများဆုံး အကူအညီပေးမယ့် အရာကို ခင်ဗျားကိုယ်တိုင် ရွေးချယ်တာဟာ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော်ထင်မိနေဆဲပါ။ ကျွန်တော်တို့ အသေအချာကို တိုးတက်မှုရဲ့ ရည်ရွယ်ချက်ကို ကျွန်တော်တို့ တွေ့ရှိခဲ့ပြီး၊ ဒါက အခြေအနေကို အများကြီး ရှင်းလင်းစေခဲ့ပါတယ်။ ဒါပေမယ့် တောရိုင်းမြေကတော့ သူ့ရဲ့ ပဟေဠိတွေနဲ့ ခါတိုင်းလိုပဲ၊ ရှုပ်ထွေးနေဆဲပါ။ ကျွန်တော်ရဲ့နောက် အစီရင်ခံစာမှာ ဒါကိုလည်း ကျွန်တော် မီးမောင်းထိုးပြနိုင်ပါလိမ့်မယ်။ ခင်ဗျား ကျွန်တော်တို့ဆီလာယင်တော့ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် နောက်ရက်အနည်းငယ်အတွင်းမှာ ကျွန်တော်ဆီက သတင်းကို ခင်ဗျား ထပ်ကြားရပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

# ဒေါက်တာ ဝပ်ဆန်၏ နေ့စဉ်မှတ်တမ်းမှ ကောက်နုတ်ချက်

စောစောရက်များအတွင်းက ရှားလော့ဟုမ်းထံ ကျွန်ုပ်တင်ပြခဲ့သော အစီရင်ခံများထဲမှ ထိုမျှကို ကျွန်ုပ်ကိုးကားဖော်ပြနိုင်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ယခုတွင်မူ ဤစနစ်ကို ကျွန်ုပ် စွန့်လွှတ်ရပြီး၊ ထိုအချိန်က ကျွန်ုပ်ထားရှိသော နေ့စဉ်မှတ်တမ်း၏ အကူအညီဖြင့် ကျွန်ုပ်တို့၏ မှတ်ဉာဏ်ကို ပိုမိုအားကိုးရမည့် အခြေအနေသို့ ကျွန်ုပ်ရောက်လာခဲ့၏။ မှတ်တမ်းထဲမှ ကောက်နုတ်ချက်အချို့က ကျွန်ုပ်၏ မှတ်ဉာဏ်တွင် အသေးစိတ်စွဲထင်နေသော ဤမြင်ကွင်းများကို ကျွန်ုပ်အား ပြန်လည်မြင်ယောင်စေ၏။ ထို့နောက်တွင် ချီးနီးဖြစ်ရသော ဝရမ်းပြေးလိုက်ဖမ်းမှုနှင့် တောရိုင်းမြေပေါ်မှ အခြားထူးဆန်းသော အတွေ့အကြုံများဖြစ်ပြီး နောက်တစ်နေ့ မနက်မှ စ၍ ကျွန်ုပ် ဆက်လက်ဖော်ပြလိုက်၏။

အောက်တိုဘာ (၁၆) ရက်နေ့ဖြစ်၏။ မိုးတဖွဲဖွဲနှင့် မြူနှင်းအုံ့ဆိုင်းနေသော နေ့တစ်နေ့ဖြစ်၏။ တလိပ်လိပ်တက်နေသော တိမ်များက အိမ်ကို ဝိုင်းရံနေပြီး ၎င်းတို့က မကြာခဏဆိုသလို အပေါ်သို့မြင့်တက်လျက် တောရိုင်းမြေ၏ လွမ်းဆွတ်ဖွယ်ကွင်းပြင်ကို လှစ်ဟပြ၏။ အတွင်းရော အပြင်ပါ စိတ်ဆင်းရဲစရာဖြစ်၏။ ညက စိတ်လှုပ်ရှားမှုဖြစ်ပြီးနောက် မြေပိုင်ရှင်ကလေးက အတော်



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်လေးနေ၏။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ရင်ထဲမှာ လေးလံနေပြီး၊ အန္တရာယ်ပေါ်လာတော့မည်ကို ခံစားမိ၏။ ဤအန္တရာယ်ကို ကျွန်ုပ် ခွဲခြားသတ်မှတ်နိုင်ခြင်း မရှိသောကြောင့်၊ ၎င်းက ခါတိုင်းထက်ပို၍ ကြောက်မက်ဖွယ်ကောင်း၏။

ထိုကဲ့သို့သော ခံစားချက်အတွက် ကျွန်ုပ်တွင် အကြောင်းရင်း မရှိနိုင်ပြီလော၊ ကျွန်ုပ်တို့၏ ဝန်းကျင်တွင် ဖြစ်ပေးနေသော နမိတ်များကို ဖော်ညွှန်းပြနေသည့် အဖြစ်အပျက်ရလာဒ်များကို စဉ်းစားကြည့်ပါ။ မိသားစု၏ ဒဏ္ဍာရီဇာတ်လမ်းကို တစ်ထပ်တည်းဖော်ဆောင်လျက်၊ 'ဟော' အိမ်မှ နောက်ဆုံးနေထိုင်သူမှာ သေဆုံးခဲ့ရပြီး၊ တောရိုင်းမြေပေါ်၌ ထူးဆန်းသော သတ္တဝါတစ်ကောင် ပေါ်ထွက်လာမှုကို လယ်သမားများကလည်း ထပ်ခါထပ်ခါ သတင်းပို့ကြ၏။ အမဲလိုက်ခွေးတစ်ကောင်၏ အဝေးမှ ဟောင်သံနှင့်တူသော အသံကို ကျွန်ုပ်၏ နားဆပ်ဆပ်ဖြင့် ကျွန်ုပ် နှစ်ကြိမ်ကြားခဲ့ရ၏။ ၎င်းက သာမန်သဘာဝဖြင့် ဖြစ်ရိုးဖြစ်စဉ်ထက် အမှန်တကယ် လွန်ကဲသည်ဆိုသည်မှာ မယုံကြည်စေနိုင်စရာ၊ မဖြစ်နိုင်စရာပင်ဖြစ်၏။ လက်တွေ့ကျသော ခြေရာများကို ချန်ထားရစ်ခဲ့ပြီး လေထုကို အူသံဖြင့် ဆူညံစေသည့် ဝိညာဉ်အမဲလိုက်ခွေးတစ်ကောင်ကို အမှန်ပင် စဉ်းစား၍ရမည်မဟုတ်ပါ။ ထိုကဲ့သို့ စုန်းကဝေ ယုံကြည်မှုကကို စတာပလက်တန်အနေဖြင့် လက်ခံချင်၊ လက်ခံပေမည်။ မော်တင်မာလည်း လက်ခံနိုင်၏။ သို့သော် ဤကမ္ဘာမြေပေါ်၌ ကျွန်ုပ်တွင် အရည်အချင်းတစ်ခုရှိရမည်ဆိုလျှင် ၎င်းက သာမန်အာရုံစိတ်ရှိခြင်းပင် ဖြစ်၏။ ထိုကဲ့သို့သော အရာတစ်ခုကို ယုံကြည်ရန်အတွက် မည်သည့်အရာကမှ ကျွန်ုပ်ကို တိုက်တွန်းနိုင်မည် မဟုတ်ပါ။ ထိုသို့ယုံကြည်မည်ဆိုပါက သနားစရာ ဤလယ်သမားများ၏ အဆင့်သို့ လျှောနိမ့်ကျသွားခြင်းဖြစ်ပြီး၊ သူတို့အနေဖြင့် ဝိညာဉ်ခွေးဖြင့်သာ ကျေနပ်နှစ်သိမ့်မည်မဟုတ်ဘဲ၊ ထိုဝိညာဉ်ခွေး၏ ပါးစပ်နှင့် မျက်လုံးများမှ ငရဲမီးများ ပန်းထွက်ပုံကို ဖော်ပြမှသာ လုံလောက်ပေမည်။ ထိုကဲ့သို့ စိတ်ကူးယဉ်မှုများကို ဟုမ်းက လက်ခံမည်မဟုတ်သလို၊ ကျွန်ုပ်ကလည်း အေးဂျင့်တစ်ယောက်ဖြစ်၏။ သို့သော်လည်း အကြောင်းအချက်များက အကြောင်းအချက်များပင်ဖြစ်ပြီး ၎င်း၏အော်သံကို တောရိုင်းမြေပေါ်၌ ကျွန်ုပ်နှစ်ကြိမ်ကြားခဲ့ရ၏။ တောရိုင်းမြေပေါ်၌ လွတ်နေသော တကယ့် အမဲလိုက်ခွေးကြီးရှိသည်ဟု ယူဆကြပါစို့။ ဤသို့ဆိုလျှင် အရာရာကို ရှင်းပြရန် လုံလောက်၏။ သို့သော် ထိုကဲ့သို့သော အမဲလိုက်ခွေးတစ်ကောင်က မည်သည်နေရာ၌ ပုံးကွယ်နေနိုင်မည်နည်း။ မည်သည့်နေရာမှ အစားအစာရမည်နည်း။ မည်သည့်နေရာမှ ထွက်လာမည်နည်း။ နေ့ဘက်၌ ၎င်းကို မည်သူမှ မတွေ့မြင်ကြခြင်းမှာ အဘယ့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နည်း။ သဘာဝကျကျ ရှင်းလင်းပြချက်ကလေည်း အခြားတစ်ခုကဲ့သို့ အခက်အခဲများစွာ ရှိသည်ကို ဝန်ခံရမည်ဖြစ်၏။ ထို့အပြင် အမဲလိုက်ခွေးပါမက လန်ဒန်မှ လူတစ်စုအကြောင်းကလည်း ရှိ၏။ မြင်းလှည်းထဲမှ လူနှင့် ဆာဟင်နရီအား တောရိုင်းမြေအကြောင်း ဆန့်ကျင်သတိပေးခဲ့သော စာ တို့လည်းရှိ၏။ ၎င်းက အမှန်တကယ်ပင်ဖြစ်၏။ သို့သော် ၎င်းက ရန်သူ၏လက်ချက်ဖြစ်ရန် လွယ်ကူသလို အကာအကွယ်ပေးနေသော မိတ်ဆွေတစ်ယောက်လက်ချက်ဖြစ်ရန်လည်း လွယ်ကူ၏။ ဤမိတ်ဆွေ သို့မဟုတ် ရန်သူက ယခုမည်သည့်နေရာ၌ ရှိသနည်း။ လန်ဒန်၌ သူနေရစ်ခဲ့သလော၊ သို့မဟုတ် ကျွန်ုပ်တို့နောက် ဤနေရာအထိ လိုက်လာသလော၊ သူသည် တောင်ကုန်းပေါ်၌ ကျွန်ုပ်တွေ့မြင်ခဲ့ရသော လူစိမ်းဖြစ်နိုင်၊ ဖြစ်ချေရှိမည်လော။

သူ့ကို ကျွန်ုပ်တစ်ချက်သာ ကြည့်လိုက်ရသည်မှာ မှန်၏။ သို့ဖြစ်လင့်ကစား ကျွန်ုပ်အနေဖြင့် ကျိန်တွယ်ပြောဆိုရန် အဆင်သင့်ဖြစ်နေသည့် အရာအချို့ကတော့ ရှိ၏။ သူက ဤနေရာ၌ ကျွန်ုပ်တွေ့မြင်ခဲ့ဖူးသည့် လူတစ်ဦးတစ်ယောက် မဟုတ်ဘဲ၊ ယခုအိမ်နီးချင်းအားလုံးကို ကျွန်ုပ်တွေ့ဆုံပြီးဖြစ်၏။ ကိုယ်လုံးကိုယ်ထည်က စတာပလက်တန်ထက် အတော်ကို အရပ်ပိုရှည်ပြီး၊ ဖရန်ကလင်ထက် ပို၍ပိန်ပါး၏။ ၎င်းက ဘာရီမိုးဖြစ်နိုင်ချေရှိ၏။ သို့သော် ကျွန်ုပ်တို့က သူ့ကို ကျွန်ုပ်တို့၏နောက်တွင် ထားရစ်ခဲ့ပြီး၊ ကျွန်ုပ်တို့၏နောက်ကို သူလိုက်နိုင်မည် မဟုတ်သည်မှာ သေချာ၏။ ဤသို့ဆိုလျှင် လူစိမ်းတစ်ယောက်က လန်ဒန်မှ ကျွန်ုပ်တို့ကို နောက်ယောင်ခံလိုက်ခဲ့သကဲ့သို့ ယခုလည်း နောက်ယောင်ခံနေဆဲဖြစ်သည်။ သူ့ကို ကျွန်ုပ်တို့ မည်သည့်အခါမှ ခါချနိုင်မည် မဟုတ်ပါ။ ထိုလူကိုသာ ကျွန်ုပ်လက်အုပ်နိုင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ အခက်အခဲများ အားလုံးလမ်းဆုံးသို့ ရောက်သွားနိုင်ပေမည်။ ဤရည်ရွယ်ချက်တစ်ခုအတွက် ကျွန်ုပ်၌ ရှိသမျှ စွမ်းအင်အားလုံးကို ယခု ကျွန်ုပ်အသုံးပြုရပေမည်။

ကျွန်ုပ်၏ပထမဦးဆုံးလုပ်ဆောင်ချက်က ဆာဟင်နရီအား ကျွန်ုပ်၏။ အစီအစဉ် အားလုံးကို ပြောပြရန်ဖြစ်၏။ ဒုတိယနှင့် အကောင်းဆုံးလုပ်ဆောင်ချက်က ကျွန်ုပ်၏ ဇာတ်ကို ကျွန်ုပ်က ရန်ဖြစ်ပြီး။ အခြားသူတစ်ဦးတစ်ယောက်ကို ဖြစ်နိုင်သမျှ အနည်းအကျဉ်းမျှသာ ပြောရန်ဖြစ်၏။ သူက တိတ်ဆိတ်နေပြီး၊ အာရုံစိုက်ခြင်းမရှိပါ။ တောရိုင်းမြေပေါ်မှ ထိုအသံကြောင့် သူ ထူးထူးစမ်းစမ်း စိတ်အနှောင့်အယှက်ဖြစ်နေ၏။ သူ၏ စိုးရိမ်ပူပန်မှုများ အပေါ် တစ်ပူ ပေါ်တစ်ပူထပ်စေမည့်စကားများကို ကျွန်ုပ်ဘာမျှ မပြောပါ။ သို့သော် ကျွန်ုပ်၏ လမ်းဆုံးကို ကျွန်ုပ် ရောက်ရန်အတွက် ကျွန်ုပ်ကိုယ်တိုင် ခြေလှမ်းတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာစားပြီး၊ ဤမနက်တွင် ကျွန်ုပ်တို့ အချင်းပွားစရာကလေး တစ်ခု တွေ့ကြုံခဲ့ရ၏။ ဘာရီမိုးက ဆာဟင်နရီနှင့် စကားပြောခွင့်တောင်းဆိုပြီး သူ၏စာကြည့်ခန်းထဲတွင် သူတို့အချိန်အတော်တံခါးပိတ်နေကြ၏။ ဘိလိယက်ထိုးခန်းထဲတွင် ထိုင်နေသော ကျွန်ုပ်က စကားပြောသံများ ကျယ်လောင်သွားသည်ကို တစ်ကြိမ်မက ကြားလိုက်ရပြီး၊ မည်သည့်ကိစ္စကို ဆွေးနွေးနေကြသည်ကို ကျွန်ုပ် ကောင်းကောင်းသိလိုက်၏။ ခဏကြာသောအခါ မြေရှင်ကလေးက အခန်းတံခါးကို ဖွင့်ပြီး ကျွန်ုပ်ကို ခေါ်လိုက်၏။

'ဘာရီမိုးက သူ့မှာ ကန့်ကွက်စရာတစ်ခု ရှိတယ်လို့ ထင်နေတယ်' သူက ပြော၏။

'သူ့ရဲ့ ဆန္ဒအလျှောက် ကျွန်တော်တို့ကို လျှို့ဝှက်ချက် သူပြောတဲ့အခါ ကျွန်တော်တို့အနေနဲ့ သူ့ရဲ့ယောက်ဖကို လိုက်ဖမ်းတာဟာ မဆီလျော်ဘူးလို့ သူက ထင်တယ်'

ပစ္စည်းထိန်းက မျက်နှာအလွန်ဖြူဖတ်ဖြူယော်ဖြစ်နေသော်လည်း အလွန်တည်ငြိမ်စွာဖြင့် ကျွန်ုပ်တို့၏ ရှေ့တွင် ရပ်နေ၏။

'ကျွန်တော် စိတ်ထက်သန်လွန်းစွာ ပြောမိချင်းလည်း ပြောမိပါမယ် ဆရာ' သူက ပြော၏။ 'ကျွန်တော်ပြောခဲ့မိယင်လည်း ခွင့်လွှတ်ဖို့ ကျွန်တော် တောင်းပန်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီမနက်မှာ ခင်ဗျားတို့ လူကြီးမင်းနှစ်ယောက်ပြန်လာကြပြီး၊ "ရှယ်လ်ဒန်" ကို ခင်ဗျားတို့ လိုက်ဖမ်းကြတယ်ဆိုတာကို ကျွန်တော်သိရှိရတဲ့အခါ ကျွန်တော် အရမ်းကို အံ့သြမိပါတယ်။ သူ့ကို ကျွန်တော် ခြေရာခံမပြဘဲနဲ့၊ ဒီလူခင်မျာ ရှန်းကန်တိုက်ခိုက်စရာ လုံလောက်နေပါပြီ'

'ခင်ဗျားရဲ့ ဆန္ဒအရ၊ လွတ်လွတ်လပ်လပ်ခင်ဗျား၊ ကျွန်တော်တို့ကို ပြောပြခဲ့တယ်ဆိုယင်၊ ဒါက တစ်မျိုးတစ်ဖုံဖြစ်မှာပါ' မြေရှင်ကလေးက ပြော၏။ 'ခင်ဗျားအနေနဲ့ မဖြစ်မနေတွေ့ကြုံရလာပြီး ခင်ဗျားကိုယ် ခင်ဗျား မတတ်နိုင်တော့အခါမှ ခင်ဗျား ကျွန်တော်တို့ကို ပြောပြတာပါ။ ခင်ဗျားရဲ့ဇနီးက ပြောပြတယ်ဆိုယင် ပိုမှန်ပါတယ်'

'ဒီအပေါ်မှာ ခင်ဗျားတို့ အခွင့်အရေးယူလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ဆာဟင်နရီ တကယ့်ကို ကျွန်တော် မထင်ပါဘူး'

'ဒီလူက အများပြည်သူအတွက် အန္တရာယ်ရှိတယ်။ တောရိုင်းမြေပေါ်မှာ အထီးကျန်အိမ်တွေ ပြန့်ကြဲနေတယ်။ သူက ဘာမှ ကြည့်မယ့်လူ မဟုတ်ဘူး။ ခင်ဗျားက သူ့ရဲ့မျက်နှာတစ်ခုထဲကိုပဲ ကြည့်ချင်တဲ့လူပဲ။ မစ္စတာ စတာပလက်တန်အိမ်ကိုပဲ ဥပမာကြည့်တော့၊ သူ့အိမ်ကို ကာကွယ်ဖို့ သူကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



လွဲလို့ ဘယ်သူမှ မရှိဘူး။ တံခါးပိတ်သော့ခတ်မထားယင် ဘယ်သူမှ လုံခြုံမှု မရှိတော့ဘူး’

‘ဘယ်အိမ်ကိုမှ သူချိုးဖောက် မဝင်ပါဘူး ဆရာ၊ ဒီအတွက် ကျွန်တော် သစ္စာစကားဆိုပါတယ်။ ဒီကျေးလက်ဒေသမှာ နောက်တစ်ကြိမ်၊ သူ ဘယ်တော့မှ ဒုက္ခမပေးတော့ပါဘူး။ ရက်အနည်းငယ်အတွင်းမှာ လိုအပ်တဲ့ စီစဉ်မှုတွေကိုပြုလုပ်ပြီး တောင်အမေရိကကို သူသွားတော့မယ်ဆိုတာ ခင်ဗျား ကို ကျွန်တော် အသေအချာ ပြောရဲပါတယ်။ ဆာဟင်နရီ ကျေးဇူးပြုပြီး ဆရာ တောရိုင်းမြေပေါ်မှာ သူရှိနေသေးတယ်ဆိုတာကို ပုလိပ်တွေကို ခင်ဗျား အသိ မပေးဖို့ ကျွန်တော် တောင်းပန်ပါတယ်။ သူတို့က အဲဒီနေရာမှာ ရှာဖွေနေတာ ကို လက်လျှော့လိုက်ပါပြီ။ သူ့အတွက် သင်္ဘောအဆင်သင့်ဖြစ်တဲ့အထိ၊ သူ အေးအေးဆေးဆေး နေနိုင်ပါတယ်။ ကျွန်တော်ရဲ့ ဇနီးနဲ့ ကျွန်တော်ကို ဒုက္ခ မရောက်စေဘဲနဲ့၊ သူ့အကြောင်းကို ခင်ဗျား ပြောပြနိုင်မှာ မဟုတ်ပါဘူး။ ပုလိပ် တွေဆိုတာမှ မပြောဖို့ ခင်ဗျားကို ကျွန်တော် တောင်းပန်ပါတယ် ဆရာ’

‘ခင်ဗျား ဘယ်လိုသဘောရသလဲ ဝပ်ဆန်’

ကျွန်ုပ်က ပခုံးတွန့်လိုက်၏။ ‘ဒီကျေးလက်က သူလုံလုံခြုံခြုံနဲ့ ထွက် သွားယင် ဒါက အရာထမ်းတွေကို ဝန်ပေါ့သွားစေမှာပဲ’

‘ဒါပေမယ့် သူထွက်မသွားခင် တစ်ယောက်ယောက်ကို ဖမ်းတာ ဆီးတာ လုပ်ယင်ပဲနဲ့လည်း’

‘ဒီလောက်မိုက်မဲတဲ့အရာကို သူလုပ်မှာ မဟုတ်ဘူး ဆရာ၊ သူလိုအပ် သမျှ အရာအားလုံးကို ကျွန်တော်တို့ထောက်ပံ့ပေးပြီးပါပြီ၊ ပြစ်မှုကျူးလွန်ယင် သူပုန်းခိုနေတဲ့နေရာ ပေါ်သွားလိမ့်မယ်’

‘ဒါမှန်တယ်’ ဆာဟင်နရီက ပြော၏။ ‘ကဲ ... ဘာရီမိုး’

‘ဘုရားသခင် စောင့်ရှောက်ပါစေဆရာ၊ ခင်ဗျားကို ကျွန်တော်ရဲ့ အသည်းနှလုံးထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ သူနောက် တစ်ကြိမ်အဖမ်းခံရမယ်ဆိုယင် ကျွန်တော်ရဲ့ဇနီး သေရှာလိမ့်မယ်’

‘ရာဇဝတ်ကောင်တစ်ကောင်ကို ကျွန်တော်တို့ ဖေးမကူညီနေတယ် လို့ ကျွန်တော် ထင်တယ် ဝပ်ဆန်။ ဒါပေမယ့် ကျွန်တော်တို့ကြားပြီးခဲ့ရတဲ့ အရာနောက်မှာ ဒီလူကို ကျွန်တော် လွှတ်လိုက်ရတယ်လို့၊ မထင်တော့ပါဘူး။ ဒီတော့ ဒါအဆုံးသတ်သွားတာပေါ့၊ ကောင်းပြီ။ ဘာရီမိုး ခင်ဗျား သွားနိုင်ပါပြီ’

ကျေးဇူးတင်စား အနည်းငယ်ကို အထစ်ထစ်အငေါ့ငေါ့ ပြောဆို လျက် ထိုလူက တစ်ဖက်လှည့်လိုက်၏။ သို့သော် သူက တုန့်ဆိုင်းသွားပြီး နောက် ပြန်လှည့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကျွန်တော်အပေါ်မှာ အလွန်ကြင်နာတာကြောင့် အပြန်အလှန်အဖြစ် ခင်ဗျားအတွက် ကျွန်တော်တတ်နိုင်သမျှ အကောင်းဆုံးလုပ်ပေးချင်ပါတယ်။ ကျွန်တော် သိထားတာတစ်ခုရှိတယ်။ ဆာဟင်နရီ ဒါကို အရင်က ကျွန်တော်ပြောသင့်ပါတယ်။ ဒါပေမယ့် စုံစမ်းစစ်ဆေးမှုလုပ်ပြီး အတော်ကြာမှ ဒါကို ကျွန်တော်တွေ့ရှိရတာပါ။ ဒါနဲ့ပတ်သက်ပြီး သက်ရှိလူတစ်ဦးတစ်ယောက်ကို ကျွန်တော်လေသံတောင်မဟမိခဲ့သေးပါဘူး။ ဒါက သနားစရာ ဆာချားလ်ရဲ့ သေဆုံးမှုနဲ့ ပတ်သက်ပါတယ်'

မြေပိုင်ရှင်ကလေးနဲ့ ကျွန်ုပ်တို့နှစ်ဦးစလုံးက မတ်တတ်ထရပ်လိုက်ကြ၏။

'သူဘယ်လို သေတယ်ဆိုတာ ခင်ဗျား သိသလား'

'မသိပါဘူး ဆရာ၊ ဒါကို ကျွန်တော် မသိပါဘူး'

'ဒါဖြင့်ယင် ဘာလဲ'

'အဲဒီအချိန်တုန်းက ဂိတ်ပေါက်မှာ သူဘာကြောင့် ရှိနေတယ်ဆိုတာ ကျွန်တော် သိပါတယ်။ အဲဒါက အမျိုးသမီးတစ်ယောက်ကို တွေ့ဖို့အတွက်ပါပဲ'

'အမျိုးသမီးတစ်ယောက်ကို တွေ့ဖို့၊ သူကလား'

'ဟုတ်ပါတယ် ဆရာ'

'အမျိုးသမီးရဲ့ နာမည်ကရော'

'နာမည်ကိုတော့ ခင်ဗျားကို ကျွန်တော် ပြောမပြနိုင်ဘူး ဆရာ၊ ဒါပေမယ့် နာမည်အတိုကောက်ကိုတော့ ကျွန်တော် ပေးနိုင်ပါတယ်။ သူမရဲ့နာမည်အတိုကောက်က အယ်လ်၊ အယ်လ်ပါ'

'ခင်ဗျား ဒါကို ဘယ်လိုလုပ်သိသလဲ ဘာရီမိုး'

'အင်း ဆာဟင်နရီ အဲဒီမနက်မှာ ခင်ဗျားရဲ့ ဦးလေးစာတစ်စောင်ရခဲ့ပါတယ်။ သူက ပြည်သူသိလူတစ်ယောက်ဖြစ်ပြီး၊ ကြင်နာတတ်တဲ့ သူ့ရဲ့နှလုံးသားကို လူတွေက ကောင်းကောင်းသိနေတာကြောင့် ဒုက္ခရောက်နေကြတဲ့သူတိုင်းက ဝမ်းမြောက်ဝမ်းသာနဲ့ သူ့ဘက်ကို လှည့်လာတတ်တာမို့၊ စာအများအပြားကို သူလက်ခံရရှိလေ့ရှိပါတယ်။ ဒါပေမယ့် အဲဒီမနက်မှာ ဖြစ်ပေါ်လာခဲ့ရတဲ့အတိုင်း၊ ဒီစာတစ်စောင်ပဲ ရှိပါတယ်။ ဒါကြောင့် ဒါကို ကျွန်တော်ပိုပြီး ဂရုပြုမိပါတယ်။ အဲဒါက ကွမ်းဘီယာရေစီဆီက လာတာပါ။ အဲဒါကို အမျိုးသမီးလက်ရေးနဲ့ လိပ်စာရေးထားပါတယ်'

'ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ' ဒီကိစ္စကို ဒီထက် ကျွန်တော်ပိုပြီး မထွေးမိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး။ ကျွန်တော် ဇနီးကြောင့်သာ မဟုတ်ယင်၊ ဒါကို ကျွန်တော် ဘယ်တော့မှ သတိရမိမှာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်လောက်ကပဲ၊ ဆာလ်ချားလ်ရဲ့စာကြည့်ခန်းကို သူမ ရှင်းလင်းခဲ့ပြီး (သူသေပြီးကတည်းက ဒီစာကြည့်ခန်းကို တို့ မသိခဲ့ပါဘူး) မီးဖိုနောက်က မီးရှို့ထားတဲ့ စာတစ်စောင်ရဲ့ ပြာတွေကို သူမ တွေ့ရတယ်။ စာရွက်ရဲ့ အစိတ်အပိုင်းအများစုက မီးလောင်ပြာကျနေပါတယ်။ ဒါပေမယ့် စာရွက်အဆုံးက စာရွက်စကလေးက ပြာမကြွေဘဲရှိနေပြီး၊ အဲဒါက အမည်းရောင် နောက်ခံမှာ မီးခိုးရောင်ဖြစ်နေပေမယ့် ရေးထားတဲ့ စာကို ဖတ်နိုင်သေးတယ်။ အဲဒါက အဆုံးမှာ ထပ်ရေးထားတဲ့ မှတ်ချက်တစ်ခုအဖြစ်၊ ကျွန်တော်တို့ ထင်မိတယ်။ ဒါက ‘ရှင် လူကြီးလူကောင်းဖြစ်တဲ့အတိုင်း ကျေးဇူးပြုလို့ ဒီစာကို မီးရှို့ပြလိုက်ပါ။ ၁၀ နာရီမှာ ခြံတံခါးဝမှာ ရှိနေပါ’ လို့ ရေးထားတယ်။ သူ့ရဲ့အောက်မှာ အတိုကောက်စာလုံး အယ်လ်။ အယ်လ်ကို လက်မှတ်ထိုးထားပါတယ်’

‘ဒီစာရွက်ကလေးကို ခင်ဗျား ရထားသလား’

‘မရပါဘူး ဆရာ၊ အဲဒါကို ကျွန်တော်တို့ ရွှေ့လိုက်ပြီးတဲ့နောက်မှာ အဲဒါက ကြွေကုန်ပါတယ်’

‘အဲဒီကို လက်ရေးနဲ့ တခြားစာတေါကို ဆာချားလ်လက်ခံရရှိခဲ့ဘူးသလား’

‘အင်း သူရဲ့စာတွေကို ကျွန်တော် အထူးတလှယ် ဂရုပြုခြင်းမရှိပါဘူး ဆရာ။ ဒီစာကိုလည်း ကျွန်တော် ဂရုပြုမိမှာ မဟုတ်ဘူး။ ဒါက သူ့ဟာသူဖြစ်လာတာပါ’

‘အယ်လ်၊ အယ်လ်က ဘယ်သူဖြစ်မှာ မဟုတ်ဘူး။ ခင်ဗျား သိသလား’

‘မသိပါဘူး ဆရာ၊ ခင်ဗျားထက်တော့ ပိုမသိပါဘူး။ ဒါပေမယ့် အဲဒီအမျိုးသမီးကို ကျွန်တော်တို့ လက်အုပ်မိယင်၊ ဆာချလ်သေဆုံးမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပိုသိရမှာပေါ့’

‘ဒီအရေးကြီးတဲ့ သတင်းကို ခင်ဗျား ဘာကြောင့် ဖုံးကွယ်ထားတယ်ဆိုတာကို ကျွန်တော် နားမလည်နိုင်ဘူး။ ဘာရီမိုး’

‘အင်း ဆရာ၊ ကျွန်တော်တို့ ကိုယ်တိုင် ဒုက္ခရောက်ပြီးနောက်မှာ ဒါက ချက်ချင်းဖြစ်လာတာပါ။ နောက်ပြီးတော့လည်း ဆရာ၊ ကျွန်တော်တို့နှစ်ဦးစလုံးက ဆာချားလ်ကို အလွန်နှစ်သက်ကြသလို၊ ကျွန်တော်တို့အပေါ် သူပြုမူခဲ့တာတွေ အားလုံးကို ကျွန်တော်တို့ စဉ်းစားမိနေတာလည်း ဖြစ်နိုင်တယ်။ ဒါကို လူသိရှင်ကြားလုပ်လို့လည်း ကျွန်တော်တို့ရဲ့ ဆရာအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှာ မဟုတ်ပါဘူး။ ဒီကိစ္စမှာ အမျိုးသမီး ပါလာယင်၊ ဂရုစိုက်ရတော့မယ်။ ကျွန်တော်တို့ အကောင်းဆုံး'

'ဒါက သူ့ရဲ့ ဂရုစိုက်သိက္ခာကို ထိခိုက်နိုင်တယ်လို့ ကျွန်တော်တွေးမိ တယ်။ ဒါပေမယ့် ခင်ဗျား၊ ကျွန်တော်တို့အပေါ် စာနာ နားလည်ပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် သိသမျှအားလုံးကို ခင်ဗျားကို ကျွန်တော်ပြောမပြယင်၊ မသင့်တော်ဘူးလို့ ကျွန်တော် ခံစားမိပါတယ်'

'ကောင်းပြီး၊ ဘာရီမိုး ခင်ဗျား သွားနိုင်ပါပြီ' ပစ္စည်းထိန်းက ကျွန်ုပ်တို့၏ ရှေ့မှ ထွက်သွားသောအခါ၊ ဆာဟင်နရီက ကျွန်ုပ်ဘက်သို့ လှည့်လိုက်၏။ 'ကဲ ဝပ်ဆန်၊ ဒီအလင်းရောင်သစ်ကို ခင်ဗျား ဘယ်လိုထင်သလဲ'

'အရင်ကထက်ပိုပြီး မည်းမှောင်တဲ့အမှောင်ထုကနေ ထွက်လာရသလိုနဲ့ တူနေတယ်'

'ကျွန်တော်လည်း ဒီလိုထင်တယ်။ ဒါပေမယ့် အယ်လ် အယ်လ်ကို ကျွန်တော်တို့ ခြေရာခံနိုင်ယင်၊ ကိစ္စတစ်ခုလုံး ရှင်းလင်းသွားလိမ့်မယ်။ ဒီလောက်အထိ အများကြီး ကျွန်တော်တို့ရပြီးပြီ။ သူမကိုသာ ကျွန်တော်တို့ ရှာနိုင်မယ်ဆိုယင်၊ အကျိုးအကြောင်းသိထားတဲ့ လူတစ်ယောက်ရှိတယ်ဆိုတာကို ကျွန်တော်တို့သိတယ်။ ကျွန်တော်တို့ ဘာလုပ်သင့်တယ်လို့ ခင်ဗျား ထင်သလဲ'

'ဒါနဲ့ ပတ်သက်လို့အားလုံးကို ဟုမ်း ချက်ချင်းသိပါစေ။ ဒါက သူရှာနေတဲ့ သဲလွန်စကို ပေးလိမ့်မယ်။ ဒါကို သူမတတ်နိုင်ဘူးဆိုယင်တော့၊ ကျွန်တော် အရမ်းမှားသွားလိမ့်မယ်'

ကျွန်ုပ်၏ အခန်းဆီသို့ ကျွန်ုပ်ချက်ချင်းသွားပြီး၊ ဟုမ်းအတွက် နံနက်ပိုင်း စကားပြောအစီရင်ခံစာကို ကျွန်ုပ် ဆွဲထုတ်လိုက်၏။ ဘေကာလမ်းမှ ကျွန်ုပ် ရခဲ့သော မှတ်စုစာအုပ်များက နည်းပါး၍ တိုတောင်းပြီး ကျွန်ုပ်ပေးပို့ခဲ့သော သတင်းအချက်အလက်ပေါ် မှတ်ချက်တစ်စုံတစ်ရာ မရှိဘဲ၊ ကျွန်ုပ်၏ တာဝန်ကို ညွှန်းဆိုမှုများ မရှိသောကြောင့် ယခုနောက်ပိုင်း၌ သူအလွန်အလုပ်ရှုပ်နေသည်မှာ ကျွန်ုပ်အတွက် ထင်ရှားလာ၏။ သူ၏ငွေညစ်မှုကိစ္စအတွက် သူ အစွမ်းကုန်ကြိုးစားနေသည်မှာ ယုံမှားဖွယ်ရာ မရှိပါ။ သို့ဖြစ်လင့်ကစား၊ ဤအကြောင်းအရာအသစ်က အမှန်ပင် သူ၏အာရုံကို ဖမ်းစားပြီး သူ့ကို စိတ်ဝင်စားမှု အသစ်များဖြစ်စေရမည်ဖြစ်၏။ သူ့ကို ဤနေရာ၌ ကျွန်ုပ်ရှိစေချင်မိ၏။

အောက်တိုဘာ (၁၇) ရက်နေ့ ဖြစ်၏။ ယနေ့တစ်နေ့လုံး မိုးရွာသွန်းချနေပြီး ဂမုန်းနွယ်ပင်များက လှုပ်ရမ်းရိုက်ခတ်နေလျက် တံဆက်မြိတ်မှ ရေတစ်



www.burmeseclassic.com

www.burmeseclassic.com



စက်စက်ကျနေ၏။ အေးစက်ပြီး အမိုးအကာမဲ့နေသော တောရိုင်းမြေပေါ်မှ ရာဇဝတ်ကောင်ကို ကျွန်ုပ် တွေးမိ၏။ သနားစရာမိစ္ဆာကောင်၊ သူ၏ပြစ်မှုက မည်သို့ပင်ဖြစ်ပစေ။ ၎င်းတို့အတွက် ပေးဆပ်ရန် တစ်စုံတစ်ရာကို သူခံစားရပေမည်။ ၎င်းနောက် ထိုအခြားတစ်ယောက်ကို ကျွန်ုပ်တွေးမိ၏။ မြင်းလှည်းထဲမှ မျက်နှာနှင့် လကို နောက်ခံထားလျက် ပေါ်လာသော လူရိပ်တို့ကို တွေးမိ၏။ ပုန်းကွယ်စောင့်ကြည့်သူနှင့် အမှောင်ထဲမှ လူ ဖြစ်သူ သူသည်လည်း၊ ဤမိုးရေထဲ၌ ရှိသလော။ ညနေပိုင်းတွင် ကျွန်ုပ်က မိုးကာအင်္ကျီဝတ်ထားပြီး စိတ်ကူး အရိပ်မများဖြင့် ပြည့်လျက် ကျွန်ုပ်၏မျက်နှာကို မိုးစက်များ ရိုက်ခတ်လျက် လေက ကျွန်ုပ်၏နားထဲတွင် တရှီးရှီးမြည်လျက်၊ စိုစွတ်သော တောရိုင်းမြေပေါ် ဝေးလံစွာ ကျွန်ုပ်လမ်းလျှောက်၏။ မာကြောသော ကုန်းမြေပင်လျှင် ရွှံ့နွံဖြစ်လာသောကြောင့် ရွှံ့အိုင်အတွင်း ယခုလျှောက် သွားနေသူတို့ကို ဘုရားသခင် ရ ပေတော့မည်။ ၎င်း၏အပေါ်၌ တစ်ကိုယ်တည်း စောင့်ကြည့်နေသူကို ကျွန်ုပ် တွေ့မြင်ခဲ့ရသည့် မည်းမှောင်သော တောင်ကုန်းကို ကျွန်ုပ် တွေ့ရှိရပြီး ကျောက်တုံးအချွန်အတက်များ ရှိသော ၎င်း၏တောင်ထိပ်ပေါ်မှ ကျွန်ုပ်က လွမ်းဆွတ်ဖွယ်ကွင်းပြင်ကို ကိုယ်တိုင်ငုံ့ကြည့်လိုက်၏။ မိုးသက်လေပြင်းက ၎င်း၏ ဝါကျင့်ကျင့်ခင်းပြင်ကို ဖြတ်လျက်တိုက်ခတ်နေပြီး ကြီးမား၍ အပြာရင့်ရောင်ရှိသော တိမ်တိုက်များက ကွင်းပြင်ပေါ်နိမ့်ကျစွာ အုပ်ကိုင်းနေသော ထူးစမ်းသော တောင်ကုန်းများ အေးတစ်လျှောက်တွင် မီးခိုးရောင်တိမ်အလိပ် အခဲများ ကြွက်မြီးတန်းနေ၏။ ဘယ်ဘက်မှ ဝေးလံသော တောင်ကြားကလေးထဲတွင် မြူနှင်းများဖြင့် တစ်ဝက်တစ်ပျက်ဖုံးကွယ်လျက် ဘာစ်ကာဗီးလ်အိမ်၏ သေးငယ်သော မျှော်စင်တိုင် ၂ ခုက သစ်ပင်များအထက်တွင် ထိုးထွက်နေ၏။ တောင်ကုန်းဆင်ခြေလျှောပေါ်တွင် ထူထပ်စွာ ရှိနေသော ကျောက်ခေတ်တဲအိမ်များမှ လွဲ၍ ၎င်းတို့က ကျွန်ုပ်တွေ့မြင်နိုင်သော လူသားတို့၏ သက်ရှိလက္ခဏာအမှတ်အသားများသာ ဖြစ်၏။ လွန်ခဲ့သော (၂) ညက၊ ထိုနေရာ၌ ကျွန်ုပ် တွေ့မြင်ခဲ့ရသော အထီးကျန် ထိုလူ၏ အရိပ်လက္ခဏာက မည်သည့်နေရာတွင် မျှ မရှိပါ။

ကျွန်ုပ်က ပြန်လှည့်လျှောက်လာစဉ်၊ ဖိုစီယာ၏ ယာတောအိမ်ဘက်မှ ဦးတည်လာသော ကြမ်းတမ်းသည့် တောရိုင်းမြေလမ်းပေါ်တွင် ခွေးဆွဲလှည်းကို မောင်းနှင်လာသော ဒေါက်တာ မော်တင်မာက ကျွန်ုပ်ကို မီလာ၏။သူသည် ကျွန်ုပ်တို့ကို အလွန်ဂရုစိုက်ပြီး၊ ကျွန်ုပ်တို့ မည်သို့ နေထိုင်ရသည်ကို ဟောလ်အိမ်သို့ သူ လာမကြည့်သည့်နေ့က ရှိခဲ့လှ၏။ သူက ကျွန်ုပ်ကို သူ၏ခွေးဆွဲလှည်းထဲသို့ အတင်းတက်ခိုင်းပြီး လမ်းကြုံလိုက်ပို့၏။သူ၏ခွေးလိမ္မာကလေး



www.burmeseclassic.com

www.burmeseclassic.com



'ပျောက်ဆုံးသွားရမှုအပေါ် သူများစွာ စိတ်ဒုက္ခရောက် နေရသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ၎င်းက တောရိုင်းမြေပေါ်တွင် လျှောက်သွား ပြီး၊ မည်သည့်အခါမှ ပြန်မလာတော့ပါ။ ကျွန်ုပ်က တတ်အားသမျှ သူ့ကို များစွာ ဖြောင်းဖျ၏။ သို့သော် ဂရစ်ပင်နွံတောထဲမှ မြည်းကို ကျွန်ုပ် တွေးမိပြီး၊ သူ၏ခွေးကလေးကို နောက်တစ်ကြိမ် သူပြန်လည် တွေ့မြင်ရမည် မဟုတ်သည် ကျွန်ုပ်ကို ယုံမှားသံသယမဖြစ်မိပါ။

'ဒါနဲ့ဒေါက်တာ မော်တင်မာ' ကြမ်းတမ်းသော လမ်းတစ်လျှောက်၊ ကျွန်ုပ်တို့ ရိမ်းခါလိုက်မိလာစဉ်၊ ကျွန်ုပ်က ပြော၏။ 'ဒီခရီးလမ်း အကွာအဝေး အတွင်းမှာ ခင်ဗျား မသိတဲ့လူတချို့နေထိုင်ကြဦးမယ်လို့ ကျွန်တော် ထင်တယ်'

'ကျွန်တော် မသိတဲ့လူမရှိသလောက်ဘဲလို့ ကျွန်တော် ထင်ပါတယ်'

'ဒါဖြင့်ယင် အယ်လ်အယ်လ်စကားလုံး အတိုကောက်နဲ့ စတဲ့ အမျိုး သမီး တစ်ယောက်ရဲ့နာမည်ကို ခင်ဗျား ပြောပြနိုင်မလား'

သူက မိနစ်အနည်းငယ်ကြာ စဉ်းစားနေ၏။

'ဟင့်အင်း' သူက ပြော၏။ 'ကျွန်တော် မပြောနိုင်တဲ့ ဂျက်ပစီတချို့နဲ့ အလုပ်သမား ကျေးတောသားတချို့ရှိတယ်။ ဒါပေမယ့် လယ်သမားတွေကြား မှာ ဒါမှမဟုတ် ဂုဏ်သရေရှိလူတွေကြားမှာ ဘယ်သူမှ ဒီစာလုံးအတိုကောက်နဲ့ မရှိဘူး။ ဒါပေမယ့် ခဏနေပါဦး' သူက ခဏနားပြီး ထပ်ပြော၏။ 'လောရာလိုင် အွန်တော့ရှိတယ်။ သူမရဲ့စာလုံးအတိုကောက်က အယ်လ် – အယ်လ်ပါ။ ဒါပေမယ့် သူမက ကွန်ဘီထရေစီမှာ နေပါတယ်'

'သူမက ဘယ်သူလဲ' ကျွန်ုပ်က မေး၏။

'သူမက ဖရန်ကလန်ရဲ့သမီးပါ'

'ဘာ ... လူ့ဂွစာ၊ ဖရန်ကလန် အဖိုးကြီးလား'

'အတိအကျပါပဲ။ လိုင်အွန်လို အမည်ရှိတဲ့ ပန်းချီပညာရှင်တစ် ယောက်ကို သူမလက်ထပ်ခဲ့တယ်။ သူက တောရိုင်းမြေပေါ်မှာ ပုံတူလာဆွဲတာ ပါ။ သူက သိက္ခာမဲ့တဲ့လူဖြစ်ပြီး၊ သူမကို စွန့်ခွာသွားခဲ့ပါတယ်။ ကျွန်တော် ကြားခဲ့ရတဲ့ ချွတ်ယွင်းချက်အပြစ်က တစ်ဖက်သက်ထဲတော့ လုံးဝ မဟုတ်ပါ ဘူး။ သူမအဖေရဲ့သဘောတူညီချက်မပါဘဲ။ သူမ လက်ထပ်ခဲ့တာကြောင့် အခြားအကြောင်းတစ်ခု နှစ်ခုတို့ကြောင့် သူမရဲ့အဖေက သူမနဲ့ စပ်စပ်ယှက် ယှက်လုပ်ဖို့ ငြင်းဆန်လိုက်တယ်။ ဒါကြောင့် ဖအေနဲ့ယောကျ်ားကြား မိန်း ကလေးခဗျာ၊ အတော်အခက်တွေ့ခဲ့ရတယ်'

'သူမ ဘယ်လိုနေထိုင်ခဲ့ရသလဲ'

'အဘိုးကြီး ဖရန်ကလန်က သူမကို မဝရေစာထောက်ပံ့တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထင်တယ်။ ဒါပေမယ့် သူ့ရဲ့ ကိုယ်ရေး ကိုယ်တာ ကိစ္စကလည်း အတော်ပါဝင်ပတ်သက်နေတာကြောင့်၊ ဒီထက်တော့ ပိုမှာမဟုတ်ပါဘူး။ ဘာနဲ့ပဲ သူ မထိုက်တန်၊ ထိုက်တန်၊ သူမ ဆိုးဆိုးဝါးဝါးဖြစ်သွားမှာကို ဘယ်သူမှ ခွင့်ပြုနိုင်မှာ မဟုတ်ဘူး။ သူမရဲ့ သတင်းက ပျံ့လွင့်သွားပြီး ဒီနေရာက လူအများအပြားက သူမ ရိုးရိုးသားသား အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့အတွက် တစ်စုံတစ်ခု လုပ်ပေးကြတယ်။ စတာပလက်တန်က တစ်ခုလုပ်ပေးတယ်။ ဆာချားလ်က နောက်တစ်ခုလုပ်ပေးတယ်။ ကျွန်တော် ကိုယ်တိုင်တောင် ပိုက်ဆံနည်းနည်းပေးခဲ့တယ်။ အဲဒါက သူမအတွက် လက်နှိပ်စက်လုပ်ငန်း တစ်ခု တည်ထောင်ပေးဖို့ပါ'

ကျွန်ုပ်စုံစမ်းမေးမြန်းရသည့်အကြောင်းရင်းကို သူက သိချင်၏။ သို့သော် တစ်ဦးတစ်ယောက်ကိုမျှ ကျွန်ုပ်တို့ ယုံကြည်ရန် အကြောင်းမရှိသဖြင့် သူ့ကို ကျွန်ုပ်များစွာ သိပ်ပြောမပြဘဲ၊ သူ၏စပ်စုလိုမှုကို ကျွန်ုပ် ဖြေသိမ့်နိုင်၏။ မနက်ဖြန် မနက်တွင် ကွမ်ဘီထရေစီသို့ ကျွန်ုပ်ခရီးနှင်မည်။ သံသယမကင်းရသူ ဤမစ္စစ်လောရာလိုင်ွှ်န်ကို ကျွန်ုပ်တွေ့ရလျှင် ဤပဟေဠိ အသီးသီးထဲမှ အဖြစ်အပျက်တစ်ခုကို ရှင်းလင်းပစ်နိုင်မည်။ ခြေလှမ်းကျယ်တစ်ခုကို လှမ်းနိုင်ပေတော့မည်။ ကျွန်ုပ်ဖြတ်ထိုးဉာဏ်ရှိနေမည်မှာ သေချာ၏။ အဘယ်ကြောင့်ဆိုသော် မော်တင်မာက ဆီလျော်မှုမရှိသည့်အတိုင်းအတာအထိ မေးခွန်းများ အတင်းဖိမေးလာသောအခါ ဖရန်ကလင်၏ ဦးခေါင်းခွံက မည်သည့်အမျိုးအစားတွင်ပါသနည်းဟု ကျွန်ုပ်က အမှတ်တမဲ့ မေးမိလိုက်သောကြောင့် ဖြစ်၏။ ဤသို့ဖြင့် ကျွန်ုပ်တို့၏ ကျန်ခရီးလမ်းတစ်လျှောက်လုံးတွင် ဦးခေါင်းရိုးပညာအကြောင်းမှ လွဲ၍ မည်သည့်အရာကိုမျှ မကြားရတော့ပေ။

ရာသီဥတုဆိုးဝါးပြီး လွမ်းဆွတ်ဖွယ်ရာကောင်းသော ဤနေ့တွင် ကျွန်ုပ်အနေဖြင့် မှတ်တမ်းတင်ရန် အခြားအဖြစ်အပျက်တစ်ခုသာ ရှိတော့၏။ ၎င်းက ဘာရီမိုးနှင့် ယခုပင် စကားပြောခဲ့ခြင်းဖြစ်ပြီး၊ ၎င်းက အချိန်တန်လာပါက ကျွန်ုပ်အသုံးပြုရမည့် ခိုင်မာသော အထောက်အထားတစ်ခုဖြစ်၏။

မော်တင်မာက ညစာစားရန် ဆက်နေပြီး ထို့နောက်တွင် သူနှင့် မြေရှင်ကလေးတို့က ဖဲကစားကြ၏။ ပစ္စည်းထိန်းက ကျွန်ုပ်အတွက် ကော်ဖီကို စာကြည့်ခန်းအတွင်း သယ်ဆောင်လာပြီး၊ ကျွန်ုပ်က အခွင့်ကောင်းယူ၍ သူ့ကို မေးခွန်းအချို့မေး၏။

'အင်း' ကျွန်ုပ်က ပြော၏။ 'ခင်ဗျားရဲ့ အဖိုးတန် ဆွေမျိုးထွက်သွားပြီလား၊ ဒါမှမဟုတ် ဟိုဘက်မှာ ပုန်းနေတုန်းပဲလား'

'ကျွန်တော် မသိဘူး ဆရာ၊ သူထွက်သွားပြီလို့ ဆုတောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ သူ့ဒုက္ခပေးဖို့ပဲ ရှိတယ် မဟုတ်လား။ သူ့အတွက် နောက်ဆုံး ကျွန်တော် အစားအစာထားပြီးကတည်းက သူ့ကို ကျွန်တော် မကြားရတော့ပါဘူး။ အဲဒါက လွန်ခဲ့တဲ့ (၃) ရက်ကပါ'

'အဲဒီနောက်မှာ သူ့ကို ခင်ဗျား မြင်ရသေးလား'

'မမြင်ပါဘူး ဆရာ၊ ဒါပေမယ့် အဲဒီဘက်ကို နောက်တစ်ခါ ကျွန်တော် သွားတဲ့အခါ အစားအစာတွေ မရှိတော့ဘူး'

'ဒါဖြင့်ယင် သူ အဲဒီမှာ ရှိခဲ့တာတော့ သေချာတယ်ပေါ့'

'ဒါကိုယူတဲ့ လူက အခြား လူတစ်ယောက် မဟုတ်ဘူးဆိုယင်၊ ခင်ဗျား ဒီလိုပဲ ထင်ရမှာပဲ ဆရာ'

ကျွန်ုပ်က ကော်ဖီခွက်ကို နှုတ်ခမ်းနား တေ့ကိုင်လျက်ဖြင့် ဘာရီမိုးကို စိုက်ကြည့်နေ၏။

'ဒါဖြင့်ယင် နောက်တစ်ယောက် လူရှိတာကို ခင်ဗျား သိတယ်ပေါ့'

'ဟုတ်ကဲ့ ဆရာ၊ တောရိုင်းမြေပေါ်မှာ နောက်တစ်ယောက်ရှိပါတယ်'

'သူ့ကို ခင်ဗျား မြင်ဖူးသလား'

'မမြင်ပါဘူး ဆရာ'

'ဒါဖြင့်ယင် သူ့ကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'လွန်ခဲ့တဲ့ တစ်ပတ်၊ တစ်ပတ်ကျော်ကျော်က သူ့အကြောင်းကို ရှယ်လ်ဒင်၊ ကျွန်တော် ပြောပြပါတယ်။ သူကလည်း ပုန်းနေတာပါ။ ဒါပေမယ့် ကျွန်တော် သိရသလောက်တော့ သူက ရာဇဝတ်ကောင် မဟုတ်ပါဘူး။ ဒါကို ကျွန်တော် မကြိုက်ဘူး။ ဒေါက်တာ ဝပ်ဆန်၊ ဒါကိုကျွန်တော် မကြိုက်ဘူးဆိုတာ၊ ခင်ဗျားကို ကျွန်တော် ဒဲ့ဒိုးပဲ ပြောပါတယ် ဆရာ' သူက ရုတ်တရက် စိတ်အား ထက်သန်စွာ ပြော၏။

'ဒီမယ် ကျွန်တော်ပြောစကားကို နားထောင်ပါ။ ဆာရီမိုး၊ ခင်ဗျား ဆရာရဲ့ ကိစ္စကလွဲလို့ တခြားဘာရည်ရွယ်ချက်နဲ့မှ ကျွန်တော် ဒီကိုလာတာ မဟုတ်ဘူး။ ခင်ဗျား မကြိုက်တာ ဘာလဲဆိုတာ၊ ခင်ဗျား ကျွန်တော်ကို ပွင့်ပွင့်လင်းလင်းပြောပါ'

ဘာရီမိုးက သူ့စကား ကျွံသွားသည်ကို ဝမ်းနည်းမိသည့်အလား၊ သို့မဟုတ် သူ၏ခံစားချက်ကို စကားဖြင့် ဖော်ပြရန် အခက်တွေ့နေသကဲ့သို့ အလား၊ အချိန်အတော်ကြာမှ တုန့်ဆိုင်းနေ၏။

'ဒါက အားလုံး အဲဒီမှာ ဖြစ်နေကြတာ ဆရာ' အဆုံး၌ သူက တောရိုင်းမြေဘက်ကို မျက်နှာမူနေပြီး၊ မိုးရေရိုက်ခတ်နေသည့် ပြတင်းပေါက်ဆီသို့ လက်ဖေ့ရမ်းပြလျက်၊ အော်ပြလိုက်၏။ ဒီတစ်နေရာရာမှာ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိနေတယ်။ ဒါကို ကျွန်တော် ကျိန်တွယ်ပြောရဲတယ်။ ဆာဟင်နရီလန်ဒန်ကို တစ်ခါပြန်သွားမယ်ဆိုယင်၊ ကျွန်တော် အရမ်းဝမ်းသာမှာပါ ဆရာ'

'ဒါပေမယ့် ခင်ဗျား၊ အလန့်တကြား ဖြစ်ရတာ ဘာကြောင့်လဲ'

'ဆာချားလ် သေရတာကိုကြည့်ပါ။ မှုခင်းအရာရှိ ပြောခဲ့တာ အားလုံးကိုက ဆိုးဝါးလှတယ်။ ညဘက် တောရိုင်းမြေပေါ်က အသံတွေကိုလည်း ကြည့်ပါဦး၊ လူတစ်ယောက်ကို ပိုက်ဆံပေးထားတာ မဟုတ်ယင်၊ နေဝင်ယင်၊ ဒီတောရိုင်းမြေကို ဖြတ်သွားတဲ့လူမရှိဘူး။ ဟိုဘက်တစ်ဘက်မှာ ပုန်းခိုပြီး၊ စောင့်ကြည့်၊ စောင့်ဆိုင်းနေတဲ့ ဒီလူစိမ်းကို ကြည့်ပါဦး။ သူဘာကို စောင့်နေတာလဲ။ ဒါက ဘာဆိုလိုတာလဲ။ ဘာစ်ကာဗီလ်အမည်နာမ်မရှိတဲ့ လူတစ်ဦးတစ်ယောက်အတွက်၊ ဒါက မကောင်းတဲ့အဓိပ္ပါယ်ဆောင်တယ်။ ဆာဟင်နရီရဲ့ အမှုထမ်းသစ်တစ်ယောက်က "ဟောလ်"အိမ်ကို လွှဲပြောင်းယူတဲ့တစ်နေ့မှာ ဒီက ကျွန်တော် ထွက်သွားရတဲ့အတွက်၊ ကျွန်တော် အလွန်ဝမ်းသာမိမှာပါ'

'ဒါပေမယ့် ဒီလူစိမ်းနဲ့ ပတ်သက်လို့' ကျွန်ုပ်က ပြော၏။ 'သူ့အကြောင်း ကျွန်တော်ကို ခင်ဗျား တစ်စုံတစ်ခု ပြောပြနိုင်မလား၊ ရှယ်လ်ဒင် ဘာပြောခဲ့သလဲ။ သူဘယ်မှာ ပုန်းနေတယ်။ ဒါမှ မဟုတ်သူ ဘာလုပ်နေတယ်ဆိုတာကို သူတွေ့ခဲ့ဖူးသလား'

'သူ့ကို တစ်ကြိမ် နှစ်ကြိမ် သူတွေ့တယ်။ ဒါပေမယ့် သူက နားလည်ရခက်တဲ့လူဖြစ်ပြီး၊ ဘာမှ မပြောပါဘူး။ ပထမတော့ ပုလိပ်တစ်ယောက်ဖြစ်ရမယ်လို့ သူက ထင်မိတယ်။ ဒါပေမယ့် သူ့မှာ သူယုံကြည်ချက်နဲ့ သူရှိတယ်ဆိုတာ၊ မကြာခင် သူတွေ့မြင်လာရတယ်။ သူ အကဲခတ်ရသလောက်၊ သူက လူကြီးလူကောင်းတစ်ယောက်ပါ။ ဒါပေမယ့် သူဘာလုပ်နေတယ်ဆိုတာကို သူမသိရဘူး'

'သူဘယ်မှာ နေတယ်လို့ ပြောသလဲ'

'တောင်စောင်းဘေးက ရှေးဟောင်းအိမ်တွေကြားမှာပါ။ ရှေးခေတ်လူတွေ နေထိုင်လေ့ရှိခဲ့တဲ့ ကျောက်တုံးအိမ်တွေပါ'

'ဒါပေမယ့် သူ့ရဲ့အစားအသောက်အတွက်ကရော ဘယ်လိုလဲ'

'သူလိုအပ်တဲ့ အရာအားလုံးကို ယူဆောင်ပေးပြီး၊ သူ့အတွက် အလုပ်လုပ်ပေးတဲ့ လူတစ်ယောက်၊ သူ့မှာ ရှိတာကို ရှယ်လ်ဒင် တွေ့မြင်ခဲ့ရတယ်။ သူလိုချင်တဲ့အရာအတွက် ကွမ်ဘီထရေစီဆီကို သူသွားတယ်ဆိုတာ ကျွန်တော် ပြောရပါတယ်'

'ကောင်းပြီ ဘာရီမိုး၊ နောက်တစ်ကြိမ်ကျယင်၊ ဒီအကြောင်းကို ကျွန်တော်တို့ဆက်ပြောကြတာပေါ့' ပစ္စည်းထိန်းထွက်ခွာသွားသောအခါ ကျွန်ုပ်က



www.burmeseclassic.com

www.burmeseclassic.com



မည်းနေသော ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ဝါးတားတားဖြစ်နေသော ပြတင်းပေါက်မှန်ကြားမှ ရွှေ့လျားနေသော မိုးတိမ်နှင့် လေတိုက်ခတ်သဖြင့် လှုပ်ယိမ်းနေသော သစ်ပင်များကို လှမ်းကြည့်မိ၏။ ၎င်းက မုန်တိုင်းထန်သော ညတစ်ညဖြစ်၏။ တောရိုင်းမြေပေါ်ရှိ ကျောက်တုံးအိမ်များတွင်လည်း ဤသို့ ပင်ဖြစ်ရမည်။ ဤကဲ့သို့သောအချိန်တွင် ဤကဲ့သို့သော နေရာ၌ လူတစ်ယောက် ချောင်းမြောင်းနေရလောက်အောင်ပင်၊ မုန်းတီးစိတ်ပြင်းထန်လှချေတကား၊ ထိုကဲ့သို့ နောက်ယောင်ခံလိုက်ရအောင်ပင် ရည်ရွယ်ချက်လေးနက်ထက်သန်လှချေတကား၊ ကျွန်ုပ်အား များစွာ စိတ်အနှောင့်အယှက်ပေးခဲ့သော ထိုပြဿနာ၏ အဖြေတသည် တောရိုင်းမြေပေါ်မှ ထိုတဲအိမ်ထဲတွင် ရှိနေဟန်တူ၏။ ပဟေဠိ၏ ဗဟိုချက်မဆီသို့ ရောက်ရန်၊ ထိုလူလုပ်သမျှ အရာအားလုံးကို ကျွန်ုပ်က ရက်မဆိုင်းဘဲ ပြုလုပ်ရန် သံန္နိဋ္ဌာန်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

# တောင်ကုန်းပေါ်မှလူ

နောက်ဆုံးအခန်းကို ဖန်တီးထားသော ကျွန်ုပ်၏ကိုယ်ပိုင် နေ့စဉ်မှတ်တမ်းစာအုပ်ထဲမှ ကောက်နုတ်ချက်က ကျွန်ုပ်၏ဇာတ်ကြောင်းကို အောက်တိုဘာလ (၁၈) ရက်နေ့အထိ ရောက်လာစေ၏။ ၎င်းက ထူးဆန်းသော ဤအဖြစ်အပျက်များ ကြောက်မက်ဖွယ်ကောင်းစွာ အလျင်အမြန် နိဂုံးချုပ်စပြုတော့မည့်အချိန်ဖြစ်ပင်ဖြစ်၏။ နောက်ရက်အနည်းငယ်အတွင်းမှ အဖြစ်အပျက်များက ကျွန်ုပ်၏ မှတ်ဉာဏ်ထဲတွင် အသေစွဲထင်နေပြီး၊ ထိုအချိန်က ကျွန်ုပ်ပြုလုပ်ထားသော မှတ်စုများကို မကိုးကားဘဲ၊ ၎င်းတို့ကို ကျွန်ုပ်ပြောပြနိုင်၏။ အရေးကြီးဆုံးအချက်နှစ်ခုကို ကျွန်ုပ် ဖန်တီးနိုင်ခဲ့သည့်နေ့မှစ၍ ၎င်းတို့ကို ကျွန်ုပ်ပြောပြနိုင်၏။ အရေးကြီးဆုံးအချက်နှစ်ခုကို ကျွန်ုပ်ဖန်တီးနိုင်ခဲ့သည့်နေ့မှ စ၍ ၎င်းတို့ကို ကျွန်ုပ် အစပြုပါမည်။ တစ်ခုက ဆာချားလ်ဘာစ်ကာဗီးလ်ထံ၊ ကွန်ဘီထရေစီမှ မစ္စစ်လောရာလိုင်ယွန်ကစာရေးသားခဲ့ပြီး သေခြင်းတရားနှင့် သူတွေ့ကြုံခဲ့ရသည့်အချိန်နှင့် နေရာတွင် သူနှင့် တွေ့ဆုံရန် ချိန်းဆိုချက်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ အခြားတစ်ခုက တောရိုင်းမြေပေါ်၌ ပုန်းခိုနေသော လူကို တောင်ကုန်းဘေးမှ ကျောက်တုံးတဲအိမ်များကြားတွင် တွေ့မြင်ရမည်ဖြစ်ခြင်းပင်ဖြစ်၏။ ဤအချက်အလက်နှစ်ခုကို ကျွန်ုပ်ပိုင်ဆိုင်ထားလျက်နှင့် ဤအမှောင်များပေး ကျွန်ုပ် အလင်းရောင်ထပ်မထိုးနိုင်လျှင် ကျွန်ုပ်၏ အသိဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း၊ ကျွန်ုပ် သတ္တိသော်လည်းကောင်း မလုံလောက်၍ ဖြစ်ရမည်ဟု ကျွန်ုပ်ထင်မိ၏။

မစ္စစ်လိုင်ဂျွန်နှင့် ပတ်သက်၍ ညနေပိုင်းစောစောက ကျွန်ုပ်သိခဲ့ရသော အရာကို မြေပိုင်ရှင်ကလေးအား ကျွန်ုပ်ပြောပြရန် အခွင့်အရေးမရခဲ့ပါ။ ညဥ့်အလွန် နက်သည်အထိ ဒေါက်တာ မော်တင်မာက သူနှင့်အတူ ဖဲကစားနေသောကြောင့်ဖြစ်၏။ သို့သော်လည်း မနက်စာစားသောအခါ ကျွန်ုပ်၏ ရှာဖွေတွေ့ရှိမှုကို သူ့အား ကျွန်ုပ်က အကြောင်းကြားပြီး၊ ကွန်ဘီထရေစီဆီသို့ ကျွန်ုပ်နှင့်အတူ သူလိုက်ပါလိုသလား ကျွန်ုပ်က မေး၏။ အစပထမ၌ သူက လိုက်ပါရန် အလွန်စိတ်ထက်သန်နေ၏။ သို့သော် နောက်တစ်ကြိမ် တွေးကြည့်သောအခါ ကျွန်ုပ်တစ်ယောက်တည်း သွားလျှင်၊ ရလာဒ်က ပို၍ကောင်းနိုင်မည်ဟု ကျွန်ုပ်တို့နှစ်ဦးစလုံးက ထင်မိကြ၏။ အလည်အပတ်သွားရောက်မှုကို အရေးကြီးခွင်ကျယ်ကျွန်ုပ်တို့ ပိုလုပ်လေ၊ သတင်းအချက်အလက်ရရှိမှု ပိုနည်းလေဖြစ်မည်။ ထို့ကြောင့် စိုးရွံ့စိတ်တစ်စက်မျှ မခံစားရဘဲ၊ ဆာဟင်နရီကို ကျွန်ုပ်ထားခဲ့ပြီး ကျွန်ုပ်၏ ရှာဖွေမှုအသစ်ဆီသို့ ကျွန်ုပ် မြင်းလှည်းမောင်းသွား၏။

ကွန်ဘီထရေစီဆီသို့ ကျွန်ုပ်ရောက်သောအခါ ကျွန်ုပ် မြင်းများကို အစာကျွေးထားရန် ပါကင်ကို ပြောပြီး၊ ကျွန်ုပ်စစ်ဆေးမေးမြန်းရမည့် အမျိုးသမီးအတွက် စုံစမ်းမှုပြု၏။ သူမ၏အခန်းကို တွေ့ရှိရန်အတွက် ကျွန်ုပ်အခက်အခဲ မရှိဘဲ၊ ၎င်းက အလည်ဗဟိုကျကျတွင် ရှိပြီး၊ ပရိဘောဂစုံလင်စွာ ရှိ၏။ အိမ်ဖော်အမျိုးသမီးတစ်ယောက်က ကျွန်ုပ်ဆို မဆိုင်းမတွ ဝင်ခွင့်ပြုပြီး ဧည့်ခန်းအတွင်းသို့ ကျွန်ုပ်ဝင်လာသောအခါ ရီမင်တန်လက်နှိပ်စက်ရှေ့တွင် ထိုင်နေသော အမျိုးသမီးတစ်ဦးက နှစ်လိုဖွယ်ဖော်ရွေသော အပြုံးဖြင့် ထလာ၏။ သို့သော်လည်း ကျွန်ုပ် လူစိမ်းဖြစ်သည်ကို သူမ တွေ့မြင်ရသောအခါ သူမ၏ အပြုံးက ကွယ်ပျောက်သွားပြီး၊ တစ်ဖန် ပြန်ထိုင်၍ ကျွန်ုပ်လာရသည့် အကြောင်းကို ကျွန်ုပ်အား မေး၏။

မစ္စစ်လိုင်ဂျွန်အပေါ် ကျွန်ုပ်ပထမဦးဆုံး သတိပြုမိသည်က သူမ၏ အလွန်တစ်ရာ လှပမှုပင်ဖြစ်၏။ သူမ၏ မျက်လုံးများနှင့် ဆံပင်က နီညိုရောင်တစ်ရောင်တည်း ဖြစ်ပြီး၊ သူမပါးပြင်များက အတော်ကို မှဲ့ခြောက်များရှိနေသော်လည်း ရဲနေ၏။ ကျွန်ုပ်ထပ်ပြောရလျှင်၊ ငေးမောသွားရခြင်းကို ကျွန်ုပ် ပထမဦးဆုံး သတိပြုမိ၏။ သို့သော် ဒုတိယသတိပြုမိသည်က ဝေဖန်မှုပင်ဖြစ်၏။ မျက်နှာတွင် ဖော်ပြရန်ခက်သည့် တစ်စုံတစ်ရာမှားယွင်းနေ၏။ မျက်နှာထားတင်းမာခြင်း၊ မျက်လုံးများ မာကြောခြင်းနှင့် ကောင်းမြတ်သည့် လှပမှုကို ဖျက်ဆီးသည့် နှုတ်ခမ်းတွဲမှု၊ တစ်ခုခုတို့ ဖြစ်နိုင်၏။ သို့သော် ၎င်းတို့က



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် နောက်ပိုင်းမှ တွေးမိခြင်းဖြစ်၏။ အခိုက်အတန့်အားဖြင့် အလွန်လှပသည့် အမျိုးသမီး၏ ရှေ့မှောက်တွင် ကျွန်ုပ်ရောက်ရှိနေကြောင်းနှင့် ကျွန်ုပ်လာရောက်လည်ပတ်ရသည့် အကြောင်းရင်းကို သူမ မေးမြန်းနေကြောင်းကိုသာ ရိုးရိုးရှင်းရှင်း ကျွန်ုပ်သိရှိမိ၏။ ကျွန်ုပ်၏ တာဝန်ခရီးက မည်မျှရှုပ်ထွေးလှသည်ကို ခဏ၌ ကျွန်ုပ် နားလည်မိလိုက်၏။

'ခင်ဗျားရဲ့ အဖေကို ကျွန်တော် သိရတာ' ကျွန်ုပ်က ပြော၏။ 'ကျွန်တော် ဝမ်းသာပါတယ်'

၎င်းက ပုံပန်းမကျသော မိတ်ဖွဲ့မှုဖြစ်ပြီး၊ အမျိုးသမီးက ၎င်းကို ကျွန်ုပ်အား ခံစားစေ၏။

'ကျွန်မ အဖေနဲ့ ကျွန်မအကြားမှာ ပတ်သတ်တာ ဘာမှ မရှိပါဘူး' သူမက ပြော၏။ 'သူ့ကို ကျွန်မဘာမှ ကျေးဇူးတင်စရာ မရှိပါဘူး။ သူ့ရဲ့ သူငယ်ချင်းတွေက ကျွန်မရဲ့သူငယ်ချင်း မဟုတ်ပါဘူး။ ကွယ်လွန်သူ ဆာချားလ်ဘာစကာဗီးလ်နဲ့ စိတ်နှလုံးကောင်းသူ တခြားလူတွေကြောင့်သာ မဟုတ်ယင် ကျွန်မ အဖေရှိပေမယ့် ကျွန်မ ငတ်နိုင်တယ်'

'ခင်ဗျားကို တွေ့ဖို့ ဒီကို ကျွန်တော် လာတာကလည်း၊ ကွယ်လွန်သူ ဆားချားလ်ဘာစ်ကာဗီးလ်နဲ့ ပတ်သက်ပါတယ်'

အမျိုးသမီး၏ မျက်နှာက လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

'သူနဲ့ ပတ်သက်ပြီး ကျွန်မ ဘာပြောရမလဲ' သူမ မေးပြီး၊ သူမ၏ လက်ချောင်းများက လက်နှိပ်စက်ခလုပ်များပေး ကဏှာမငြိမ်စွာ ကစားနေ၏။

'ခင်ဗျား သူ့ကို သိတယ် မဟုတ်လား'

'သူ့ရဲ့ ကြင်နာမှုအတွက် သူ့ရဲ့ ကျေးဇူးတွေ ကျွန်မ အပေါ်မှာ အများကြီး ရှိတယ်ဆိုတာ။ ကျွန်မ ပြောပြီးပါပြီ၊ ကျွန်မကို ကျွန်မ ထောက်ပံ့နိုင်မယ်ဆိုယင်လည်း ကျွန်မရဲ့ ဝမ်းနည်းဖွယ်ရာ အခြေအနေကို သူစိတ်ဝင်စားတာကြောင့် အဓိက ဖြစ်မှာပါ'

'သူနဲ့ ခင်ဗျား စာအဆက်အသွယ်ရှိသလား'

အမျိုးသမီးက သူမ၏ နီညိုရောင်မျက်လုံးအတွင် ဒေါသမီးဝင်းဝင်းဖြင့် လျင်မြန်စွာ မောကြည့်၏။

'ဒီမေးခွန်းတွေရဲ့ ရည်ရွယ်ချက်က ဘာလဲ' သူမက ခတ်ဆတ်ဆတ် မေးလိုက်၏။

'ရည်ရွယ်ချက်က သူသိရှင်ကြား ဂုဏ်သရေပျက်ရမယ့် ကိစ္စကို ရှောင်ကျဥ်ဖို့ပါ။ ဒီကိစ္စက ကျွန်တော်တို့ရဲ့ ထိန်းချုပ်မှုအပြင်ကို လွန်ထွက်သွားတာထက် ဒါတွေကို ဒီမှာ ကျွန်တော် မေးသင့်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမက ငြိမ်သက်နေပြီး သူမ၏ မျက်နှာက အလွန်ဖြူဖတ်ဖြူယော်ဖြစ်နေဆဲဖြစ်၏။ နောက်ဆုံး၌ သူမက အလေးမမူ၊ ဂရုမစိုက်၊ သည့်အမူအရာဖြင့် မော့ကြည့်လိုက်၏။

'အင်း၊ ကျွန်မ ဖြေပါ့မယ်' သူမက ပြော၏။ 'ရှင့်ရဲ့ မေးခွန်းက ဘာလဲ'

'ဆာချားလ်နဲ့ ခင်ဗျား စာအဆက်အသွယ်ရှိသလား'

'သူ့ရဲ့ရက်ရောမှုနဲ့ ကြင်နာမှုကို အသိအမှတ်ပြုတဲ့အနေနဲ့၊ သူ့ဆီကို ကျွန်မ တစ်ကြိမ်၊ နှစ်ကြိမ် သေသေချာချာ စာရေးခဲ့ဖူးပါတယ်'

'ဒီစာတွေမှာ နေ့စွဲတွေ ရှိသလား'

'မရှိဘူး'

'သူ့ကို ခင်ဗျား တွေ့ဆုံဖူးသလား'

'ဟုတ်ကဲ့၊ ကွန်ဘီထရေစီထဲကို သူဝင်လာတဲ့အခါ တစ်ကြိမ်နှစ်ကြိမ် တွေ့ဖူးပါတယ်။ သူက အလွန်သိုသိပ်တဲ့ လူတစ်ယောက်ပါ။ ကောင်းမှုလုပ်တာကို ထင်ထင်ပေါ်ပေါ် မလုပ်တတ်ဘူး'

'ဒါပေမယ့် သူ့ကို ခင်ဗျား ရံဖန်ရံခါပဲ တွေ့တယ်။ ရံဖန်ရံခါပဲ စာရေးတယ်ဆိုယင်၊ ခင်ဗျားပြောသလို ခင်ဗျားကို သူကူညီနိုင်လောက်အောင် ခင်ဗျားရဲ့ ကိစ္စတွေကို သူဘယ်လိုလုပ်သိနိုင်မလဲ'

ကျွန်ုပ်၏ အကြပ်ကိုင်မှုကို သူမက ရင်ဆိုင်ရန် အသင့်ပြင်၏။

'ကျွန်မရဲ့ ဝမ်းနည်းဖွယ်ရာ ဇာတ်ကြောင်းကို သိရှိကြပြီး ကျွန်မကို ကူညီဖို့ စုံစမ်းကြတဲ့ လူကြီးမင်းတွေ အများကြီးရှိပါတယ်။ တစ်ယောက်က မစ္စတာစတာပလက်တန်ပါ။ သူက ဆာချားလ်ရဲ့ အိမ်နီးနားချင်းနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ။ သူက အတိုင်းအဆမရှိအောင် ကြင်နာတတ်ပြီး၊ သူက နေ့တစ်ဆင့်၊ ဆာချားလ်က ကျွန်မရဲ့ ကိစ္စတွေကို သိရတာပါ'

များစွာသော ကိစ္စများတွင် ဆာချားလ်ဘာစ်ကာဗီးလ်က စတာပလက်တန်အား သူ၏အကျိုးဆောင် လှူဒါန်းသူအဖြစ် ခိုင်းစေတတ်ကြောင်းကို ကျွန်ုပ်သိရှိထားပြီးဖြစ်၏။ ထို့ကြောင့် ဤအမျိုးသမီး၏ ဖော်ပြချက်က မှန်ကန်မှုရှိ၏။

'ခင်ဗျားကို တွေ့ဆုံဖို့အတွက် တောင်းဆိုတဲ့စာကို ဆာချားလ်ဆီ ခင်ဗျား ရေးဖူးသလား'

ကျွန်ုပ်က ဆက်လက်ပြော၏။

မစ္စစ်လိုင်ဂွန်က ဒေါသဖြင့် နောက်တစ်ကြိမ် မျက်နှာရဲသွားပြန်၏။

'တကယ်ပါပဲ ဆရာ၊ ဒါကတော့ တကယ်ထူးခြားတဲ့ မေးခွန်းပါ'



www.burmeseclassic.com

www.burmeseclassic.com

၁၄ ‘အမျိုးသမီးတစ်ယောက်အနေနဲ့ လူပျိုတစ်ယောက်ရဲ့ အိမ်ကို ဒီ အချိန်မှာ တစ်ယောက်တည်းသွားသင့်တယ်လို့ ရှင်ထင်သလား’ [illegible] ဒါပေမယ့် ဒါကို ကျွန်တော် [illegible] ‘အင်းပြင်များ အဲဒီကို ရောက်တော့ ဘာဖြစ်သလဲ’

‘ကျွန်မ မသွားပါဘူး’ [illegible] ဖြေရမှာကတော့၊ အတိအကျကို မရေးပါဘူး’

‘မစ္စစ်လိုင်ရွန်’ [illegible] သတဲ့ နေ့မှာ မရေးဘူးပေါ့’

‘မသွားဖြစ်ပါဘူး။ အားလုံးကို ကျွန်မ သေသေချာချာ ဆိုပြီး ပြောပါမယ်’ [illegible] ကျွန်မ မသွားပါဘူး။ [illegible] ကျွန်မ မသွားရအောင် [illegible] [illegible] ‘ဟင့်အင်း’ ဟူ၍ပင် မပြောနိုင်ဘဲ၊ နှုတ်ခမ်းလှုပ်ရုံသာ ကျွန်ုပ်မြင်ရ၏။

‘အဲဒါက ဘာလဲ’ [illegible] မကောင်းတော့ဘူးဆိုတာ သေချာပါတယ်’ ကျွန်ုပ်က ပြော၏။ ‘အဲဒါက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ [illegible] ဒါကို ကျွန်မ မပြောနိုင်ပါဘူး’ [illegible] ပါတယ်။ ဒါက ကျေးဇူးပြုပြီး၊ ကျေးဇူးပြုပြီးရှင့် လူကြီးလူကောင်းတစ်ယောက်ဖြစ်[illegible] ‘ဒါဖြစ်ချင်ရင် [illegible] အဲဒီအချိန်၊ အဲဒီအချိန်၊ အဲဒီ [illegible] သူ့ကို ခင်ဗျားချိန်းဆိုထားပါတယ်။ ဒါပေမယ့် ဒီချိန်းဆိုချက်ကို ခင်ဗျား ပယ်ဖျက်လိုက်တယ်လို့ [illegible]’ [illegible] သူမကကြီးစွာသော အားစိုက်ထုတ်မှုဖြင့် သူမ ကိုယ်သူမ မထိန်းသိမ်းလိုက်၏။

‘ကျွန်ုပ်က သူမကို [illegible] [illegible] ကျွန်ုပ်မ [illegible] [illegible] ကိုမရှုနိုင်ဘဲ ပြော၏။

‘မစ္စစ်လိုင်ရွန်’ [illegible] [illegible] ‘ခင်ဗျားမှာ အလွန်ကြီးမား [illegible] [illegible] ခင်ဗျားကို ခင်ဗျားအလွန် မှားယွင်းတဲ့အနေအထားကို ရောက်စေနေပါတယ်။ [illegible] ခင်ဗျား [illegible] [illegible] [illegible] ‘ဒါကို ကျွန်မ ရေးခဲ့ပါတယ်’ [illegible] အနေအထားက [illegible] ကျွန်မ ရေးပါတယ်။ ဒါကို ကျွန်မ [illegible] မရှိပါဘူး။ [illegible] ခင်ဗျား ဘာဖြစ်လို့ [illegible]’ ကျွန်မကို [illegible] ကျွန်မ [illegible] ပြောရမယ်ဆိုယင်၊ ‘ဒီ [illegible] ကျွန်မ [illegible] တယ်။ [illegible] ဒါကြောင့် ကျွန်မကို [illegible] ဆိုတာကြောင့်ပါ’

‘ပြီးတော့ ခင်ဗျား [illegible] ခင်ဗျား ဘာဖြစ်လို့ ‘ဒီ [illegible]’ [illegible] နောက်တစ်နေ့မှာ လန်ဒန်ကို သူသွားပြီး [illegible] ကြောင့်ပါ။ ကျွန်မ အဲဒီနေ့ရာကို [illegible] ကျွန်တော်’ မပြောပါဘူး’ ‘ဒါပေမယ့် အိမ်ဆီကို သွားရောက်လည်ပတ်ရမယ့်အစား၊ ဘာ [illegible]





www.burmeseclassic.com

www.burmeseclassic.com



'အမျိုးသမီးတစ်ယောက်အနေနဲ့ လူပျိုတစ်ယောက်ရဲ့ အိမ်ကို ဒီအချိန်မှာ တစ်ယောက်တည်းသွားသင့်တယ်လို့ ရှင်ထင်သလား'

'အင်း၊ ခင်ဗျား အဲဒီကို ရောက်တော့ ဘာဖြစ်သလဲ'

'ကျွန်မ မသွားပါဘူး'

'မစ္စစ်လိုင်ဂျွန်'

'မသွားပါဘူး။ အားလုံးကို ကျွန်မ သစ္စာတိုင်ဆိုပြီး ပြောပါ့မယ်။ ကျွန်မ မသွားပါဘူး။ တစ်စုံတစ်ရာက ကျွန်မ မသွားရအောင် တားဆီးလိုက်ပါတယ်'

'အဲဒါက ဘာလဲ'

'အဲဒါက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ ဒါကို ကျွန်မ မပြောနိုင်ပါဘူး'

'ဒါဖြင့်ရင် ဆာချားလ်သေဆုံးခဲ့ရတဲ့ အဲဒီအချိန်၊ အဲဒီအချိန်၊ အဲဒီနေရာမှာ သူ့ကို ခင်ဗျားချိန်းဆိုထားပါတယ်။ ဒါပေမယ့် ဒီချိန်းဆိုချက်ကို ခင်ဗျား ပယ်ဖျက်လိုက်တယ်လို့ ခင်ဗျား ဝန်ခံတယ်ပေါ့'

'ဒါအမှန်ပဲ'

ကျွန်ုပ်က သူမကို အကြိမ်ကြိမ်မေးမြန်း၏။ သို့သော် ဤနေရာမှ ကျွန်ုပ် မကျော်လွန်နိုင်ပါ။

'မစ္စစ်လိုင်ဂျွန်'ကြာရှည်ပြီး၊ သုံးသပ်ချက် မနိုင်သည့် ဤတွေ့ဆုံးမေးမြန်းချက်မှ ကျွန်ုပ်ထလိုက်စဉ်၊ ကျွန်ုပ်က ပြော၏။ 'ခင်ဗျားဟာ အလွန်ကြီးမားတဲ့ တာဝန်ရှိမှု တစ်ရပ်ကို ယူထားပြီး၊ ခင်ဗျား သိသမျှ အရာအားလုံးကို လုံးဝဝန်မခံဘဲနဲ့၊ ခင်ဗျားကို ခင်ဗျားအလွန် မှားယွင်းတဲ့အနေအထားကို ရောက်စေနေပါတယ်။ ပုလိပ်ကို ကျွန်တော် အကူအညီတောင်းရယင်၊ ခင်ဗျား ဘယ်လောက် သက်ာမကင်းအဖြစ်မခံရမယ်ဆိုတာ သိရလိမ့်မယ်။ ခင်ဗျားရဲ့ အနေအထားက အပြစ်ကင်းစင်တယ်ဆိုယင်၊ ပထမဦးဆုံးအနေနဲ့၊ အဲဒီနေ့မှာ ဆားချားလ်ဆီ စာရေးခဲ့တာကို ခင်ဗျား ဘာဖြစ်လို့ ငြင်းဆန်ခဲ့ရတာလဲ'

'ဒီအပေါ်ကနေ မှားယွင်းတဲ့ ကောက်ချက်ချမှာရယ်။ ကျွန်မ ကိုယ်တိုင် အတင်းအဖျင်း အပြောခံရမှာရယ်ကို ကျွန်မ စိုးရိမ်တာကြောင့်ပါ'

'ပြီးတော့ ခင်ဗျားရဲ့ စာကို ဖျက်ဆီးပြစ်ဖို့ ဆာချားလ်ကို ခင်ဗျား ဘာဖြစ်လို့ ဒီလောက်တိုက်တွန်းရသလဲ'

'ဒီစာကို ရှင်ဖတ်ကြည့်ယင် ရှင်သိပါလိမ့်မယ်'

'ဒီစာကိုအကုန်လုံးကျွန်တော်ဖတ်ခဲ့ရတယ်လို့ကျွန်တော်မပြောပါဘူး'

'ဒီထဲက တချို့ကို ရှင်ပြောပြတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အပိုမှတ်ချက်စာကို ကျွန်တော် ပြောပြတာပါ။ ကျွန်တော် ပြောခဲ့တဲ့ အတိုင်းစာက မီးလောင်ကျွမ်းနေပြီး၊ အကုန်ဖတ်လို့မရဘူး။ ဆာချားလ်သူသေနဲ့နေ့က လက်ခံရရှိတဲ့ ဒီစာကို ဖျက်ဆီးပြစ်ဖို့ ခင်ဗျား ဘာကြောင့် ဒီလောက်တိုက်တွန်းရသလဲဆိုတာ၊ ခင်ဗျားကို ကျွန်တော်နောက်တစ်ကြိမ် မေးချင်ပါတယ်'

'ဒီကိစ္စက အလွန်လျှို့ဝှက်တဲ့ကိစ္စပါ'

'လူသိရှင်ကြားစုံစမ်းစစ်ဆေးမှုကို ခင်ဗျား ရှောင်ရှားချင်တယ်ဆိုတာက ပိုပြီး အကျိုးအကြောင်း ခိုင်လုံပါလိမ့်မယ်'

'ဒါဖြင့်ယင် ရှင့်ကို ကျွန်မ ပြောပြပါ့မယ်။ ကျွန်မရဲ့ ပျော်ရွှင်မှု ဆိတ်သုန်းတဲ့ ရာဇဝင်တစ်စုံတစ်ရာကို ရှင်ကြားဖူးခဲ့မယ်ဆိုယင် ကျွန်မ အဆင်ခြင်မဲ့ အိမ်ထောင်ပြုခဲ့ပြီး ဒီအတွက် ဝမ်းနည်းကြေကွဲရမယ့် အကြောင်းရှိခဲ့တယ်ဆိုတာ ရှင်သိပါလိမ့်မယ်'

'ကျွန်တော် အများကြီးကြားခဲ့ပြီးပါပြီ'

'ကျွန်မရဲ့ ဘဝဟာ၊ ကျွန်မ မုန်းတီးတဲ့ လင်ယောကျ်ားကြောင့် အဆက်မပြတ် အညှင်းပန်းခံခဲ့ရတဲ့ ဘဝပါ။ တရားဝင်ပိုင်ဆိုင်မှုက သူ့ဘက်မှာ ရှိသေးပြီး၊ ကျွန်မကို သူနဲ့အတူ ပေါင်းသင်းခိုင်းနိုင်းတဲ့ အလားအလာနဲ့ နေ့တိုင်း ကျွန်မ ကြုံတွေ့မယ်ဆိုယင်၊ ကျွန်မရဲ့ လွတ်လပ်မှုကို ကျွန်မ ပြန်လည်ရရှိမယ့် အနေအထားရှိတယ်ဆိုတာကို ကျွန်မသိခဲ့ပြီးပါပြီ။ ဒါက ကျွန်မအတွက် အရာရာ အဓိပ္ပါယ်ရှိပါတယ်။ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှု၊ ဂုဏ်ရှိမှု၊ အရာရာတိုင်းပါပဲ။ ဆာချားလ်ရဲ့ သဒ္ဒါစိတ်ထက်သန်မှုကို ကျွန်မ သိပြီး၊ ကျွန်မရဲ့ ဇာတ်လမ်းကို ကျွန်မရဲ့ ပါးစပ်ဖျားကနေသူ ကိုယ်တိုင်ကြားရယင် သူ ကျွန်မကို ကူညီလိမ့်မယ် ကျွန်မ တွေးမိတယ်'

'ဒါဖြင့်ယင် ခင်ဗျား မသွားတာက ဘာကြောင့်လဲ'

'ဘာဖြစ်လို့လဲဆိုတော့၊ အခြားနေရာတစ်ခုကနေ၊ ကြားဖြတ်အကူအညီတစ်ခုကို မရလိုက်တာကြောင့်ပါ'

'ဒါဖြင့်ယင် ဘာဖြစ်လို့ ဆာချားလ်ဆီ ခင်ဗျား စာရေးပြီး၊ ဒါကို ရှင်းမပြတာလဲ'

'နောက်နေ့မနက်သတင်းစာထဲမှာ သူသေဆုံးတဲ့ သတင်းကို ကျွန်မ မမြင်ခဲ့ယင် ကျွန်မ ဒီလိုလုပ်မလို့ပါပဲ'

ဤအမျိုးသမီး၏ ဇာတ်လမ်းက ရှေ့နောက်ညီညွတ်မှုရှိပြီး၊ ကျွန်ုပ်၏ မေးခွန်းများအားလုံးက ၎င်းကို ကွဲပြားမှုဖြစ်အောင် မလုပ်နိုင်ပါ။ ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



စရာဖြစ်ပွားသည့်အချိန်၌ သို့မဟုတ် ထိုအချိန်ဝန်းကျင်၌ သူမ၏ခင်ပွန်းကို သူမကွာရှင်းခွင့်တောင်းခံ၊ မခံကြည့်ရှုခြင်းဖြစ်ငှ်သာ၊ ၎င်းကို ကျွန်ုပ် စစ်ဆေးကြည့်နိုင်တော့မည်။

ဆာစ်ကာဗီးလ်အိမ်သို့ သူမအမှန်တကယ် ရောက်ခဲ့လျှင်၊ သူမအနေဖြင့် ထိုနေရာသို့ မရောက်ခဲ့ဟု ပြောရဲဟန်တူပါမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုနေရာသို့ သူမရောက်ရန် မြင်းလှည်းတစ်စီးလို မည်ဖြစ်ပြီး၊ မနက်စောစောပိုင်းမှသာ ကွမ်ဘီထရေစီသို့ သူမပြန်ရောက်နိုင်မည်ဖြစ်သောကြောင့်တည်း။ ထိုကဲ့သို့သော ခရီးသွားမှုကို လျှို့ဝှက်ထားနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် သူမအမှန်ပြောရန် ဖြစ်နိုင်ပေမည်။ သို့မဟုတ် အနည်းဆုံး တစ်ဝက်တစ်ပျက်မှန်လိမ့်မည်။ ဇဝေဇဝါ စိတ်မရှင်လန်းစွာဖြင့် ကျွန်ုပ်ခွာလာခဲ့၏။ လမ်းဆုံးသို့ ကျွန်ုပ် နောက်တစ်ကြိမ် ရောက်ပြန်ပြီ၊ သို့ဖြစ်လင့်ကစား အမျိုးသမီး၏ မျက်နှာနှင့် အမူအရာကို ကျွန်ုပ် ပို၍စဉ်းစားလေ၊ ကျွန်ုပ် မသိစေရန်၊ တစ်စုံတစ်ရာ ထိန်ချန်ထားသည်ဟု ကျွန်ုပ် ပို၍ခံစားရလေဖြစ်၏။ အဘယ်ကြောင့် သူမ ဤမျှမျက်နှာဖြူဖတ်ဖြူယော်ဖြစ်သွားသနည်း။ အဘယ်ကြောင့် သူမ အသာတကြည် ဝန်မခံဘဲ၊ အတိုက်အခံလုပ်ပြီးမှ ဝန်ခံရသနည်း။ ကြေကွဲစရာဖြစ်သည့်အချိန်က သူမအဘယ်ကြောင့် ထိုမျှတိမ်မြှုပ်နေရသနည်း။ ၎င်းတို့အားလုံးကို ရှင်းပြနိုင်မည်ဆိုလျှင် အသေအချာပင် ကျွန်ုပ်ကို သူမယုံကြည်စေသလောက်၊ သူမ အပြစ်ကင်းစင်မည်မဟုတ်ပေ။ လတ်တလေတွင်မူ၊ ဤလမ်းဘက်သို့ ကျွန်ုပ်ဆက်လက်သွားနိုင်ဦးမည် မဟုတ်ပေ။ သို့သော် တောရိုင်းမြေပေါ်မှ ကျောက်တုံးအိမ်များအကြားတွင် ရှာဖွေရမည့်အခြား သဲလွန်စဘက်သို့ ပြန်လှည့်ရပေမည်။

သို့သော် ၎င်းက အလွန်မရေရာသော ဦးတည်ချက်ဖြစ်၏။ ကျွန်ုပ်က မြင်းလှည်းကို ပြန်လှည့်မောင်းသွားစဉ်၊ ၎င်းကို သိရှိလိုက်ရပြီး၊ တောင်ကုန်းတစ်ခုပြီးတစ်ခုက ရှေ့ခေတ်လူတို့၏ အမှတ်လက္ခဏာများကို မည်သို့ ဖော်ပြနေပုံကို သတိပြုမိ၏။ ဘာရီမိုး၏ ဖော်ပြချက်က စွန့်လွှတ်ထားသော ထိုတဲများမှ တစ်ခုတွင် လူစိမ်းနေထိုင်ကြောင်းသာဖြစ်ပြီး၊ ထိုတဲများ၊ ရာပေါင်းများစွာက တောရိုင်းမြေ၊ ဘေးဘက်လေးတန် အဆုံးကြဲပြန့်နေ၏။ သို့သော် မည်းနက်သော တောင်ကုန်းထိပ်ပေါ်တွင် ထိုလူကိုယ်တိုင်က ကျွန်ုပ်ကို မတ်တပ်ရပ်ပြခဲ့သောကြောင့် လမ်းပြလုပ်ရမည့် အတွေ့အကြုံ ကျွန်ုပ်ရခဲ့၏။ ဤသို့ဆိုလျှင်၊ ထိုတောင်ကုန်းကို ကျွန်ုပ်ရှာဖွေမှု ဗဟိုပြုရပေမည်။ ထိုနေရာမှစ၍ နောက်ဆုံးအမှန်တဲကို ကျွန်ုပ် တွေ့ရသည်အထိ၊ တောရိုင်းမြေပေါ်မှ တဲတိုင်းကို ကျွန်ုပ်ရှာဖွေရမည်။ ၎င်းအထဲတွင် ဤလူရှိနေလျှင်၊ သူမည်သူဖြစ်သည်။ အဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်ုပ်တို့နောက် ထိုမျှကြာရှည်စွာ နောက်ယောင်ခံလိုက်နေသည်ကို လိုအပ်ပါက ကျွန်ုပ်၏ ခြောက်လုံးပြူးနှင့် ချိန်ရွယ်လျက် သူ၏ပါးစပ်မှ ကျွန်ုပ် ဖွင့်ဟခိုင်းမည်။ ရီဂျင့်လမ်းပေါ်မှ လူအုပ်များအကြားတွင် ကျွန်ုပ်တို့နှင့် ဝေးရာသို့ သူရှောင်ပြေးနိုင်မည်။ သို့သော် လူသူကင်းရှင်းသော တောရိုင်းမြေပေါ်တွင် သူတို့သို့ ပြုလုပ်ရန်မှာမူ ဇဝေဇဝါဖြစ်နေပေလိမ့်မည်။ အခြားတစ်ဖက်ကလည်း၊ တဲကို ကျွန်ုပ်တွေ့၍ နေထိုင်သူက အထဲတွင် မရှိလျှင်၊ မည်မျှပင်ကြာရှည်စွာ၊ စောင့်နေရစေကာမူ၊ သူပြန်လာသည်အထိ ထိုနေရာ၌ ကျွန်ုပ်နေရမည်။ လန်ဒန်တွင် ဟုမ်း၊ သူ့ကို မမီလိုက်ပါ။ ကျွန်ုပ်၏ ဆရာမအောင်မြင်ခဲ့သော နေရာတွင် သူ့ကို ကျွန်ုပ် ရှာဖွေတွေ့ရှိမည်ဆိုလျှင်၊ ၎င်းက အမှန်ပင် ကျွန်ုပ်အတွက် ဂုဏ်ယူဝင့်ကြွားစရာပင်ဖြစ်မည်။

ဤစုံစမ်းမေးမြန်းမှုတွင် ကုသိုလ်ကံက ကျွန်ုပ်တို့ အပေါ်ထပ်ခါထပ်ခါ မျက်နှာသာမပေးပါ။ သို့သော် ယခု နောက်ဆုံးတွင် ၎င်းက ကျွန်ုပ်ကို အကူအညီ ပေးလာ၏။ ကံကောင်းခြင်းလက်ဆောင်ကို သယ်ဆောင်လာသူက မစ္စတာ ဖရန်ကလင်အပြင် အခြားလူမရှိပါ။ သူ၏ဥယျာဉ်ခြံဝအပြင်ဘက်တွင် မုတ်ဆိတ်မွေးမည်းမည်း မျက်နှာရဲရဲဖြင့် မတ်တပ်ရပ်နေပြီး၊ ဥယျာဉ်ခြံဝက ကျွန်ုပ် ခရီးသွားနေသော လမ်းမဘက်တွင် ရှိ၏။

'မင်္ဂလာနေ့ပါ။ ဒေါက်တာ ဝပ်ဆန်' သူက ခါတိုင်းနှင့် မတူသော ဝမ်းသာအဲလဲမှုမျိုးဖြင့် လှမ်းအော်လိုက်၏။ 'ခင်ဗျားရဲ့ မြင်းတွေကို အနားပေးပါဦး၊ ဝိုင်တစ်ခွက်လောက်သောက်ပြီး ကျွန်တော်ကို ဂုဏ်ပြုပါဦး'

သူ၏သမီးအပေါ် သူပြုမူခဲ့ပုံကို ကျွန်ုပ်ကြားသိခဲ့ရပြီးနောက် သူ့အပေါ် ကျွန်ုပ်၏ ခံစားချက်များက သိပ်မိတ်ဆွေမဆန်တော့ပါ။ သို့သော် ပါကင်နှင့် မြင်းလှည်းကို အိမ်သို့ စေလွှတ်ရန်၊ ကျွန်ုပ် အရေးယူမှုပြုခဲ့ပြီး၊ ၎င်းက အခွင့်အရေးကောင်းဖြစ်၏။ ကျွန်ုပ်က မြင်းလှည်းပေါ်မှ ဆင်းခဲ့ပြီး၊ ညစာအမီ၊ ကျွန်ုပ် လမ်းလျှောက်ပြန်လာမည်ဟု ဆာဟင်နရီကို သတင်းပါးလိုက်၏။ ထို့နောက် ကျွန်ုပ်က ဖရန်ကလင် နောက်မှ ထမင်းစားခန်းထဲသို့ လိုက်သွား၏။

'ဒါက ကျွန်တော်အတွက် နေ့ထူးနေ့မြတ်ပါ ဆရာ၊ ကျွန်တော်ဘဝရဲ့ အရေးကြီးဆုံးနေ့တစ်နေ့ပါ' သူက တဟင်းဟင်းရယ်လျက် အော်ပြော၏။ 'ကျွန်တော် ခဲတစ်လုံးထဲနဲ့ ငှက်နှစ်ကောင်ပစ်နိုင်ခဲ့တယ်။ ဥပဒေက ဥပဒေပဲဆိုတာရယ်၊ ဒီဥပဒေကို ရှုတ်ချဖို့ မကြောက်တဲ့လူတစ်ယောက် ရှိတယ်ဆိုတာရယ်ကို သူတို့ကို ကျွန်တော် သင်ပြပေးခဲ့တယ်လို့ ဆိုလိုတာပါ။ အဘိုးအို မစ်ဒယ်လ်တွန်ရဲ့ ပန်းခြံအလည်ခေါင်းကို သူအိမ်ရှေ့တံခါးနဲ့ ကိုက် (၁၀၀)



www.burmeseclassic.com

www.burmeseclassic.com



အတွင်းက တည့်တည့်ဖြတ်သန်းသွားလာခွင့်ကို ကျွန်တော်ဖန်တည်းပေးခဲ့တယ်။ ဒါကို ခင်ဗျား ဘယ်လိုထင်သလဲ။ သြဇာတိတ္တမရှိတဲ့ ဒီလူတွေကိုသာမန်လူတို့ရဲ့ အခွင့်အရေးပေါ်ကျော်ဖြတ် နင်းလို့ မရဘူးဆိုတာ၊ ကျွန်တော်တို့သင်ခန်းစာပေးရမယ်။ ဒါပဲ၊ ဖန်ဝါသီကျေးတောသားတွေ ပျော်ပွဲစားထွက်ကြလေ့ရှိတဲ့ တောအုပ်ကို ကျွန်တော် ပိတ်ပစ်လိုက်ပြီ၊ ပိုင်ဆိုင်မဲ့သူ မရှိဘူး။ သူတို့ကြိုက်တဲ့နေရာမှာ ပုလင်းတွေ၊ အမှိုက်တွေ၊ သူတို့ပစ်ပုံနိုင်တယ်လို့ ဒီအကုသိုလ်လူတွေက တွေးထင်ထားဟန်တူတယ်။ အမှုနှစ်ခုစလုံးကို ဖြတ်ချက်ချလိုက်ပြီး ၂ ခုစလုံးကို ကျွန်တော်နိုင်ပါတယ်။ ဒေါက်တာ ဝပ်ဆန်၊ ဆာဂျွန်မောလန်ကို လမ်းဖြတ်ခွင့်အတွက် ကျွန်တော်နိုင်လိုက်ကတည်းက ဒီလိုနေ့မျိုးကို ကျွန်တော် မရဘူးသေးပါဘူး'

'ခင်ဗျား ဒါကို ဘယ်လိုလုပ်လိုက်သလဲ'

'စာအုပ်တွေထဲမှာ ရှာကြည့်ပါတယ် ဆရာ၊ အဲဒါက စာဖတ်တဲ့အကျိုးကျေးဇူးကို ခံစားရတာပါ။ ဖရန်ကလင်နဲ့ မော်လန်အမှု၊ ကွင်းဘင့်ချိတရားရုံးပေါ့။ ဒီအမှုအတွက် ကျွန်တော် ပေါင် ၂၀၀ ကုန်ပါတယ်။ ဒါပေမယ့်ကျွန်တော် အမှုနိုင်ပါတယ်'

'အဲဒီအတွက် ခင်ဗျား ကောင်းသလား'

'မကောင်းပါဘူး ဆရာ၊ မကောင်းပါဘူး။ ဒီကိစ္စတွေမှာ ကျွန်တော်ဘာအကျိုးအမြတ်မှ မရဘူးဆိုတာ ဂုဏ်ယူပြောပါမယ်။ တာဝန်သိတဲ့ ပြည်သူတစ်ယောက် အမြင်သက်သက်နဲ့၊ ကျွန်တော် ပြုမူဆောင်ရွက်နေတာပါ။ ဥပမာဒီညမှာ ဖင်ဝါသီလူတွေက ကျွန်တော်ရဲ့ ရုပ်ပုံကို မီးရှို့ကြမယ်ဆိုတာ၊ ကျွန်တော် သံသယမရှိပါဘူး။ ဒီလို အမင်္ဂလာမရှိတဲ့ အပြုအမူမျိုးကို သူတို့ ရပ်သင့်တယ်လို့ ပြီးခဲ့တဲ့ အကြိမ်က ပုလိပ်တွေကို ကျွန်တော် ပြောပြခဲ့တယ် ခရိုင်ပုလိပ်အဖွဲ့က သိက္ခာမဲ့တဲ့ အခြေအနေကို ရောက်နေပြီ ဆရာ။ သူတို့က ကျွန်တော်ကို ထိုက်သင့်သလို အကာအကွယ်မပေးနိုင်ကြပါဘူး။ ဖရန်ကလင်နဲ့ ရီဂျီနာအမှုကို ပြည်သူတွေရဲ့ ရှေ့မှောက်တင်ပြတော့မယ်။ ကျွန်တော်အပေါ် သူတို့ပြုမူပုံတွေကြောင့် သူတို့ နောင်တရကြရလိမ့်မယ်လို့ သူတို့ကို ကျွန်တော်ပြောပြခဲ့ပါတယ်။ အခု ကျွန်တော် စကားတွေ မှန်လာပါပြီ'

'ဘယ်လိုမှန်တာလဲ' ကျွန်ုပ်က မေး၏။

အဘိုးအိုက အလွန်သိနားလည်သော အမူအရာကိုဆောင်လိုက်၏။

'သူတို့ အရမ်းသိချင်နေတဲ့ အရာကို သူတို့ကို ကျွန်တော် ပြောပြနိုင်တာကြောင့်ပါ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ ဘာအကြောင်းအတွက်မှ ကလိန်ကကျစ်လူတွေကို ကျွန်တော် မကူညီနိုင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူ၏အတင်းအဖျင်းစကားများကို ကျွန်ုပ် နားမထောင်လိုသဖြင့် ကျွန်ုပ် အကြောင်းအမျိုးမျိုးပြ၍ ရှောင်ခဲ့၏။ သို့သော်ယခုမူ၊ ၎င်းကို ကျွန်ုပ်ပို၍ နားထောင်ချင်လာ၏။ ဤအဘိုးအို၏ ဆန်ကျင်ဘက် သဘာဝကို ကျွန်ုပ် ကောင်းကောင်းမြင်ရသဖြင့်၊ စိတ်ဝင်စားမှုထက်သန်စွာပြသခြင်းသည် သူ၏ ယုံကြည်ချက်များကို တားဆီးရန် အသေအချာဆုံး နည်းလမ်းဖြစ်မည်ကို ကျွန်ုပ် နားလည်လာ၏။

'အများအကျိုးဆောင်တဲ့ အမှုတွေပေါ့၊ မဟုတ်ဘူးလား' ကျွန်ုပ်က အမှတ်တမဲ့ အမူအရာဖြင့် ပြောလိုက်၏။

'ဟ ... ဟား၊ ငါ့လူ ... ဒီထက်အများကြီး အများကြီးအရေးကြီးတယ်။ တောရိုင်းမြေပေါ်က ရာဇဝတ်ကောင်ကရော ဘယ်လိုလဲ'

ကျွန်ုပ် တွန့်ခနဲ ဖြစ်သွား၏။ 'သူရှိတဲ့နေရာကို ခင်ဗျား သိတယ်လို့ မဆိုလိုပါဘူးနော်' ကျွန်ုပ်က ပြော၏။

'သူ ဘယ်မှာရှိတယ်ဆိုတာကို ကျွန်တော် အတိအကျ မသိနိုင်ပါဘူး။ ဒါပေမယ့် သူ့ကို ဖမ်းမိဖို့အတွက် ပုလိပ်တွေကို ကျွန်တော် ကူညီနိုင်တယ်ဆိုတာ သေချာပါတယ်။ ဒီလူကို ဖမ်းဖို့နည်းက သူ အစားအစာ ဘယ်ကရသလဲဆိုတာကို ရှာပြီး၊ အဲဒီကတစ်ဆင့် သူ့ကို ခြေရာခံရမယ်လို့ ခင်ဗျား မစဉ်းစားမိဘူးလား'

အမှန်တရားနှင့် သူနီးစပ်ဟန်တူ၏။ 'သေချာတော့ပေါ့' ကျွန်ုပ်က ပြော၏။ 'ဒါပေမယ့် တောရိုင်းမြေပေါ်က တစ်နေရာရာမှာ သူရှိတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'သူ့ဆီကို အစားအစာ ယူသွားတဲ့ ခြေမြန်လူကို ကျွန်တော်ရဲ့ မျက်လုံးနဲ့ တပ်အပ် ကျွန်တော်ကိုယ်တိုင် မြင်ခဲ့တာကြောင့် ဒါကို ကျွန်တော် သိတာပါ'

ဘာရီမိုးအတွက် ကျွန်ုပ်ရင်ထိတ်သွား၏။ ၎င်းက စိတ်ကောင်းမရှိသော ဤအဘိုးအို၏ လက်ထဲတွင် ရှိမည်ဆိုပါက၊ စိုးရိမ်ရသော အရာဖြစ်၏။ သို့သော် နောက်ထပ် သူမှတ်ချက်ချမှုက ကျွန်ုပ်၏ စိတ်ကို ပေါ့ပါးသွားစေ၏။

'သူ့ရဲ့အစားအစာကို ကလေးတစ်ယောက်က သူ့ဆီယူဆောင်ပေးတာကို ခင်ဗျားကြားရယင်၊ အံ့သြသွားလိမ့်မယ်။ ခေါင်မိုးပေါ်က ကျွန်တော့်ရဲ့ အဝေးကြည့်မှန်ပြောင်းနဲ့၊ သူ့ကို ကျွန်တော် နေ့တိုင်းမြင်တယ်။ အဲဒီအချိန်အဲဒီလမ်းအတိုင်း သူဖြတ်သွားပြီး၊ ရာဇဝတ်ကောင်ဆီကလွဲလို့၊ ဘယ်သူ့ဆီကို သူသွားမလဲ'

တကယ်ပင် ဤနေရာ၌ ကံကောင်းလာပေပြီ၊ သို့ဖြစ်လင့်ကစား၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က စိတ်ဝင်စားပုံပေါ်ဟန် အားလုံးကို ဖုံးကွယ်ထား၏။ ကလေးတစ်ယောက်တဲ့။ ကျွန်ုပ်တို့ မသိရသူကို ကလေးတစ်ယောက်က အစားအစာပေးနေကြောင်း၊ ဘာရီမိုးက ပြောခဲ့၏။ ဖရန်ကလင် မတော်တဆ ခလုပ်တိုက်တွေ့မိသည်က သူ၏လမ်းကြောင်းဖြစ်ပြီး၊ ရာဇဝတ်ကောင်၏ လမ်းကြောင်းမဟုတ်ပါ။ သူ၏ အသိအမြင်ကို ကျွန်ုပ်ရရှိလျှင် ကျွန်ုပ်အနေဖြင့် ရှည်လျားငြီးငွေ့ဖွယ်ကောင်းစွာ ရှာဖွေနေရမည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်က မယုံကြည်ဟန်၊ အလေးမမူဟန် အမူအရာကို ထင်ပေါ်စွာ ဆောင်ထား၏။

'တောရိုင်းမြေပေးက သိုးကျောင်းသမားတစ်ယောက်ရဲ့ သားတစ်ယောက်က သူ့အဖေအတွက် ညစာယူဆောင်သွားတာ ပိုပြီးဖြစ်နိုင်တယ်လို့ ကျွန်တော် ထင်တယ်'

ဆန့်ကျင်ဘက်ပြပုံပေါ်လိုက်ခြင်းက ထင်တိုင်းကြဲတတ်သည့် အဘိုးအိုကို မီးဝင်းဝင်းတောက်သွားစေ၏။ သူ၏မျက်လုံးများက ကျွန်ုပ်ကိုမလိုမုန်းတီးဟန်ဖြင့် ကြည့်နေပြီး၊ မီးခိုးရောင်နှုတ်ခမ်းမွေးများက ဒေါသဖြစ်နေသောကြောင်တစ်ကောင်၏ မုတ်ဆိတ်မွေးများကဲ့သို့ ထောင်ထနေ၏။

'တကယ်ပါ ဆရာ' ကျယ်ပြန့်သော တောရိုင်းမြေပေါ်သို့ ညွှန်ပြယင်းဖြင့် သူက ပြော၏။ ဟိုဘက်က အမည်းရောင်တောင်ကုန်းကို ခင်ဗျားမြင်သလား။ အင်း … အဲဒီအလွန်က ဆူးခြုံပင်တွေနဲ့ တောင်ကုန်းနိမ့်နိမ့်ကို ခင်ဗျား မြင်သလား။ တောရိုင်းမြေတစ်ခုလုံးမှာ အဲဒါက ကျောက်တုံးအပေါဆုံးနေရာပဲ။ ဒီနေရာမှာ သိုးကျောင်းသမားက သူ့ရဲ့ သိုးတွေကို ကျောင်းချင်မလား။ ခင်ဗျားရဲ့ ထင်မြင်ယူဆချက်က မဆီလျော်လိုက်တာ ဆရာရယ်'

အကြောင်းအချက်အားလုံးကို ကျွန်ုပ် မသိဘဲ၊ ပြောလိုက်မိကြောင်း ပြေပြစ်စွာ ကျွန်ုပ် ပြောဖြေ၏။ ကျွန်ုပ်၏ ကျိုးနွံမှုကြောင့် သူကျေနပ်သွားပြီး သူ့ကိုယ်သူ ပို၍ ယုံကြည်သွား၏။

'ကျွန်တော် ထင်မြင်ချက်မပေးခင်၊ ကျွန်တော်မှာ အလွန်ကောင်းတဲ့ အခြေခံအချက်တွေရှိတယ်ဆိုတာ ခင်ဗျား ယုံကြည်ပါဆရာ၊ ဒီကလေးကို သူ့ရဲ့ အလုပ်နဲ့ ကျွန်တော် အကြိမ်ကြိမ်တွေ့မြင်ခဲ့ရတယ်။ နေ့တိုင်း တစ်ခါတစ်ရံဆို တစ်နေ့ကြိမ် ကျွန်တော် တွေ့မြင်ရတယ်။ ဒါပေမယ့် နေပါဦး ဒေါက်တာ ဝပ်ဆန်၊ ကျွန်တော်ရဲ့ မျက်လုံးကပဲ၊ ကျွန်တော် လှည့်စားနေသလား။ ဒါမှမဟုတ်၊ အခုလောလောဆယ်အဲဒီ တောင်စောင်းမှာ တစ်စုံတစ်ရာ ရွေ့လျားနေသလား'

၎င်းက မိုင်ပေါင်းများစွာလှမ်း၏။ သို့သော် စိမ်းစိမ်းညိုညိုကို နောက်ခံလျက်၊ အမည်းစက်ကလေးတစ်ခုကို ကျွန်ုပ် ထင်ရှားစွာ မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'လာ ... ဆရာ လာ' ဖရန်ကလင်က အော်ပြီး။ အပေါ်ထပ်သို့ ပြေးတက်သွား၏။ 'ခင်ဗျားကိုယ်တိုင်တွေ့ မြင်ရရင်၊ ခင်ဗျားဖာသာ ဆုံးဖြတ်နိုင် လိမ့်မယ်'

၃ ချောင်း ဒေါက်ပေါ်တွင် ဆင်ထားသည့် ကြောက်စရာ ကိရိယာ ဖြစ်သော အဝေးကြည့်မှန်ပြောင်းက ပြေပြန့်သော ခေါင်မိုးပေးတွင် တည်ရှိနေ ၏။ ဖရန်ကလင်က သူ၏မျက်လုံးကို လက်ဖြင့်ကာလျက် ငှင်းဆီသို့ ကာ လျက် ငှင်းဆီသို့ကပ်လိုက်ပြီး ကျေနပ်ဝမ်းမြောက်သံအော်ဟစ်လိုက်၏။

'မြန် မြန်လာ၊ ဒေါက်တာ ဝပ်ဆန်၊ မြန်မြန်လာ၊ တောင်ကုန်းပေါ် သူကျော်မသွားခင်'

အသေအချာပင် ထိုနေရာတွင် ပေပေတေတေ ကလေးငယ်ကလေး တစ်ယောက်က ပခုံးပေါ်အထုပ်ကလေး တင်လျက် တောင်ကုန်းပေါ် ကုတ်ခြစ် တက်နေ၏။ တောင်ထိပ်ပေါ်သို့ သူရောက်သောအခါ ပြာလဲ့အေးမြသော ကောင်းကင်တွင် ခဏမျှလူရိပ်ပိုးတဝါးပေါ်သွားသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သူက လိုက်ဖမ်းခံရမည်ကို ကြောက်နေသော လူတစ်ယောက်ကဲ့သို့ မလုံမလဲ အမူအရာဖြင့် သူဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ထို့နောက် သူက တောင်ကုန်းပေါ်တွင် ကွယ်ပျောက်သွား၏။

'ကဲ ကျွန်တော် မမှန်ဘူးလား'

'အသေအချာပဲ၊ လျှို့ဝှက်ခရီးသွားနေတဲ့ ကလေးတစ်ယောက်ပဲ'

'ဘာခရီးလည်းဆိုတာ ခရိုင်ပုလိပ်တွေတောင် ခန့်မှန်းနိုင်တယ်။ ဒါ ပေမယ့် ကျွန်တော်ဆီက စကားတစ်လုံးမှ သူတို့ရမှာ မဟုတ်ဘူး။ ခင်ဗျား လည်း လျှို့ဝှက်ထားပါ ဒေါက်တာ ဝပ်ဆန်၊ စကားတစ်လုံးမှ မပြောပါနဲ့၊ ခင်ဗျား နားလည်လား'

'ခင်ဗျားရဲ့ ဆန္ဒအတိုင်းပါပဲ'

'သူတို့က ကျွန်တော်ကို ရှက်စရာ ဆက်ဆံကြတယ်။ ရှက်စရာပါ။ ဖရန်ကလင်နဲ့ ရီဂျင်နာအမှုမှာ အချက်အလက်တွေပေါ်ထွက်လာယင်၊ ကျေး လက်တစ်ဝှမ်းမှာ ဒေါသအမျက်ချောင်းချောင်းထွက်ကြမယ်လို့ ကျွန်တော် ထင် တယ်။ ဘယ်လိုနည်းနဲ့မှ ပုလိပ်တွေကို ကျွန်တော် ကူညီမှာ မဟုတ်ဘူး။ ဒီလူလိမ်တွေ ကျွန်တော်ရဲ့ ပုံတူကို မီးရှို့မယ့်အစား၊ ကျွန်တော်ကိုသာ သူတို့ က မီးရှို့စေချင်တာ၊ ခင်ဗျားလည်း မသွားပါနဲ့ဦး ဒီမဟာအချိန်အခါကြီးကို ဂုဏ်ပြုသောအားဖြင့် ဒီပုလင်းကို ကူပြီး ရှင်းပေးပါဦး'

သို့သော် ကျွန်ုပ်က သူ၏တောင်းဆိုချက်အားလုံးကို မလိုက်လျော ဘဲ၊ ကျွန်ုပ်နှင့်အတူ အိမ်ကို လမ်းလျှောက်လိုက်ရန် သူပြောထားသော ကြံရွယ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို ကျွန်ုပ်တားဆီးနိုင်ခဲ့၏။ သူ၏မျက်လုံး ကျွန်ုပ်အပေါ် တဆုံးမြင်နိုင်သည်အထိ၊ ကျွန်ုပ်က လမ်းပေါ်တက်သွား၏။ ထို့နောက် တောရိုင်းမြေကို ကျွန်ုပ် ဖြတ်လျှောက်ပြီး၊ ကောင်ကလေး ပျောက်သွားသည့် ကျောက်တုံးပေါ့သော တောင်ကုန်းဆီသို့ ကျွန်ုပ်ဦးတည်လိုက်၏။ အရာရာတိုင်းက ကျွန်ုပ်အတွက် အလေးသာနေပြီး၊ ကံကောင်းထောက်မစွာဖြင့် ကျွန်ုပ်ရရှိခဲ့သော အခွင့်အရေးကို လက်မလွတ်စေရန်အတွက် ကျွန်ုပ် စွမ်းစွမ်းတမ ကြိုးစားရန် သံန္နိဋ္ဌာန်ချလိုက်၏။

တောင်ကုန်းထိပ်ပေါ်သို့ ကျွန်ုပ်ရောက်သောအခါ နေဝင်သွားပြီဖြစ်ပြီး၊ ကျွန်ုပ်၏ အောက်တွင်ရှိသော ရွှေ့လျားသည့်တောင် စောင်းကတစ်ဖက်တွင် လုံးဝရွှေရောင်စိမ်းစိမ်းတောက်နေပြီး၊ အခြားတစ်ဖက်တွင် အမှောင်ရိပ်ထင်နေ၏။ အဝေးဆုံးကောင်းကင်ပြင်အောက်တွင် မြူနှင်းများ အုပ်ဆိုင်းနေပြီး၊ ၎င်းအပေါ်သို့ ဘယ်လီဗာနှင့် ဗစ်ဇင်တောင်ကုန်းတို့၏ ထူးဆန်းသော အရိပ်များက ထိုးထွက်နေ၏။ ကျယ်ပြန့်သော လွင်ပြင်ပေါ်တွင် အသံတစ်စုံတစ်ရာသော်လည်းကောင်း လှုပ်ရှားမှု တစ်စုံတစ်ရာသော်လည်းကောင်း မရှိပါ။ ဇင်ယော်ငှက်လိုလို၊ ကြီးမားသော မီးခိုးရောင်ငှက်တစ်ကောင်က အပြာရောင်ကောင်းကင်၊ အထက်တွင် ပျံဝိုက်ပျံသန်းနေ၏။ ကြီးမားသော မိုးကုတ်စက်ဝိုင်းနှင့် ၎င်းအော်ကမှ ကန္တာရလွင်ပြင်ကြားတွင် သူနှင့် ကျွန်ုပ်သာ သက်ရှိဖြစ်ဟန်တူ၏။ သွေ့ခြောက်သော မြင်ကွင်း၊ အထီးကျန်ခံစားရမှု၊ ပဟေဠိဆန်မှု၊ နှင့် ကျွန်ုပ်အလုပ်၏ အရေးပေါ်နိုင်မှုတို့ကြောင့် အေးစက်မှုက ကျွန်ုပ်ရင်ထဲ၌ ရိုက်ခတ်သွား၏။ ကလေးလေးကို မမြင်ရတော့ပါ။ သို့သော် ကျွန်ုပ်၏ အောက်၊ တောင်စောင်းပေါ်တွင် ကျောက်တုံးအိမ်များ ဝိုင်းဖွဲ့ရှိနေပြီး၊ ၎င်းတို့၏ အလယ်တွင် ရာသီဥတုကို အကာအကွယ်ပေးနိုင်မည့် လုံလောက်သော အမိုးရှိသည့် အိမ်တစ်လုံးရှိ၏။ ၎င်းကို ကျွန်ုပ် မြင်ရသောအခါ ကျွန်ုပ်၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။ ၎င်းက လူစိမ်းပုန်းခိုနေသည့်နေရာ ဖြစ်ရမည်။ နောက်ဆုံး၌ သူပုန်းခိုရာနေရာ၏ အဝ၌ ကျွန်ုပ်ခြေချမိပြီး၊ သူ၏လျှို့ဝှက်ချက်က ကျွန်ုပ်၏ လက်အတွင်းသို့ ရောက်လာပြီ။

ပိုက်ကွန်ကို အသင့်ပြင်လျက် နားနေသော လိပ်ပြာတစ်ကောင်အနားသို့ စတာပလက်တန်ထိုးကပ်လာစဉ်၊ သူပြုလုပ်သကဲ့သို့မျိုး ကျွန်ုပ်က သတိထား လမ်းလျှောက်လျက်၊ တဲအိမ်အနားသို့ ချဉ်းကပ်လာစဉ်၊ ဤနေရာကို နေထိုင်ဖို့အတွက် အမှန်တကယ် အသုံးပြုထားကြောင်း ကျွန်ုပ် ကျေနပ်မိလိုက်၏။ ကျောက်တုံးကြီးများအကြားမှ လူသွားလမ်းလိုလို၊ လမ်းကြောင်းက တံခါးအဖြစ် အသုံးပြုထားသော ပြိုကျနေသည့် အပေါက်ဆီသို့ ဦးတည်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ အထဲတွင် အားလုံးတိတ်ဆိတ်နေ၏။ မတွေ့မမြင်ဘူး သူက ထိုနေရာ၌ ပုန်းခိုနေနိုင်၏။ သို့မဟုတ် တောရိုင်းမြေပေါ်တွင် သူလျှောက်သွားနိုင်၏။ စွန့်စားရမည့် အသိစိတ်ကြောင့် ကျွန်ုပ် ကြက်သီးတဖြန်းဖြန်း ထားမိ၏။ စီးကရက်ကို ပစ်ချလျက် ခြောက်လုံးပြူးဒင်ပေါ်လက်တင်ပြီး တံခါးဆီသို့ လျှင်မြန်စွာလျှောက်ရင်း အထဲသို့ကျွန်ုပ် ကြည့်လိုက်၏။ ထိုနေရာ၌ ဘာမှ မရှိပါ။

သို့သော်၊ ကျွန်ုပ်အနံ့ခံ မမှားကြောင်း လုံလောက်သော လက္ခဏာများရှိ၏။ ၎င်းက အသေအချာပင်၊ ထိုလူနေသော နေရာဖြစ်၏။ တစ်ချိန်က ကျောက်ခေတ်လူသား အိပ်ခဲ့သည့် ထိုကျောက်ဖျာပေါ်တွင် မိုးကာဖျင်ဖြင့် ပတ်ထားသော စောင်တစ်ချို့ရှိနေ၏။ ရှေးခေတ်မီးဖိုထဲတွင် ပြာများဖုံးနေ၏။ ၎င်း၏ဘေးတွင် ချက်ပြုတ်သည့် အိုးခွက်များနှင့် ရေတစ်ဝက် ပြည့်နေသော ရေပုံးတစ်ခုရှိနေ၏။ ဤနေရာကို အချိန်အတော်ကြာအသုံးပြုထားကြောင်း၊ စည်သွတ်ဘူးခွံအဖုံးက ဖော်ပြနေပြီး အရောင်အမျိုးမျိုးထွက်နေသော အလင်းရောင်ကို ကျွန်ုပ်၏ မျက်လုံးများက ကျင့်သားရလာစဉ်၊ ဒေါင့်တွင် ထောင်ထားသော အရက်ပုံ့ပုလင်းတစ်ဝက်နှင့် သတ္တုခွက်ကလေးတစ်ခုကို ကျွန်ုပ်တွေ့မြင်ရ၏။ တဲအိမ်၏အလည်တွင် မျက်နှာပြင်ပြားသော ကျောက်တုံးတစ်တုံးက စားပွဲပြုလုပ်ရန်အတွက်၊ အသုံးဝင်ပြီး ၎င်းအပေါ်တွင် အဝတ်ထုပ်ကလေး တစ်ထုပ်ရှိနေ၏။ အသေအချာပင် ချာတိတ်ကလေး၏ ပခုံးပေါ်တွင် အဝေးကြည့်မှန်ပြောင်းဖြင့် ကျွန်ုပ်တွေ့မြင်ခဲ့ရသော ထိုအထုပ်ပင်ဖြစ်၏။ ၎င်းတွင် ပေါင်မုန့်တစ်တုံး၊ နွားလျှာသီးသွတ်ဘူးတစ်ဘူးနှင့် ပဲဆီသွတ်ဘူး ၂ ဘူးတို့ ပါရှိ၏။ ၎င်းကို စစ်ဆေးပြီးနောက် တစ်ခါပြန်ချထားလိုက်စဉ် စာရေးထားသော စာရွက်တစ်ရွက်က ၎င်း၏အောက်တွင် ရှိနေသည်ကို ကျွန်ုပ်တွေ့မြင်လိုက်ရသဖြင့် ရင်ထိပ်သွား၏။ ကျွန်ုပ်က ၎င်းကို ကောက်ယူပြီး၊ ခဲတံဖြင့် ခပ်သော့သော့ရေး ချစ်ထားသော စာကို ဤသို့ ကျွန်ုပ်ဖတ်လိုက်၏။ 'ဒေါက်တာ ဝပ်ဆန်ကွန်ဘီထရေးဆီကို သွားပြီ'

တစ်မိနစ်ခန့်မျှ လက်ထဲမှာ စာရွက်ဖြင့် ထိုနေရာ၌ ကျွန်ုပ်ရပ်နေပြီး၊ တိုတောင်းသော ဤစာကြောင်း၏ အဓိပ္ပါယ်ကို ကျွန်ုပ်စဉ်းစားနေ၏။ ထို့နောက်တွင် ဤလျှို့ဝှက်သော လူ၊ နောက်ယောင်ခံလိုက်နေသည်က ဆာဟင်နရီ မဟုတ်ဘဲ၊ ကျွန်ုပ်ဖြစ်၏။ ကျွန်ုပ်၏ နောက်သို့ သူကိုယ်တိုင် မလိုက်ဘဲ၊ ကိုယ်စားလှယ်တစ်ယောက်ကို (ဤကောင်းကလေးဖြစ်နိုင်၏) ကျွန်ုပ်အား ခြေရာခံနိုင်ပြီး၊ ၎င်းက သူ၏အစီရင်ခံစာဖြစ်၏။ တောရိုင်းမြေပေါ်သို့ ကျွန်ုပ်ရောက်ကတည်းက ကျွန်ုပ်ကို တွေ့မြင်သတင်းပို့နိုင်မည့် ခြေလှမ်းကို ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းဘဲနေခဲ့၍လည်း ဖြစ်နိုင်၏။ မမြင်ရသော အင်အားများကို ဤသို့ခံစားရမှုအမြဲ ဖြစ်ပေါ်ခဲ့ပြီး၊ သေသပ်သော ပိုက်ကွန်တစ်ခုက အတိုင်းအဆမရှိသော ကျွမ်းကျင်လိမ္မာမှုဖြင့် ကျွန်ုပ်တို့ကို ဖုံးအုပ်ဆွဲယူလျက်၊ ကျွန်ုပ်တို့ကို ပေါ့ပါးလွန်းစွာ ထိန်းချုပ်ထားရာ၊ ကျွန်ုပ်အနေဖြင့် ပိုက်ကွန်ယက်တွင် အမှန်တကယ်ငြိတွယ်နေသည်ကို တကယ့်အချိန်မှသာလျှင် သိရှိရတော့၏။

ဤအစီရင်ခံစာရှိမည်ဆိုလျှင်၊ အခြားအစီရင်ခံစာလည်း ရှိနိုင်မည်။ ထို့ကြောင့် ၎င်းတို့ကို တဲထဲတွင် ကျွန်ုပ် လှည့်ပတ်ရှာ၏။ သို့သော် ထိုကဲ့သို့ အရာအရိပ်အယောင်ကို ကျွန်ုပ် မတွေ့ရသလို၊ ဤနေရာတွင် နေထိုင်ခဲ့သည့်လူ၏ ကြံရွယ်ချက်နှင့် အကျင့်စရိုက်ကို ဖော်ပြမည့် လက္ခဏာတစ်စုံတစ်ရာကိုလည်း ရှာမတွေ့ပါ။ မိုးကြီးလေကြီးကို ကျွန်ုပ်တွေးမိပြီး၊ ကြံ ဟသော ခေါင်မိုးကို မော့ကြည့်မိသောအခါ၊ မလုံခြုံသော ဤအိမ်ထဲတွင် လူနေရလောက်အောင် ရည်ရွယ်ချက်မည်မျှ ကြီးမားကြံ့ခိုင်သည်ကို ကျွန်ုပ် နားလည်မိ၏။ သူသည် မလိုမုန်းထားရှိသော ကျွန်ုပ်တို့၏ ရန်သူလော၊ သို့မဟုတ် ကံအားလျော်စွာ ကျွန်ုပ်တို့၏ ကိုယ်စောင့်နတ်သားလော။ ကျွန်ုပ် မသိရမခြင်းကို ဤတဲမှ ထွက်ခွာခြင်း မပြုဟု ကျွန်ုပ်သစ္စာပြုမိ၏။

အပြင်ဘက်တွင် နေဝင်လုဝင်ဆဲဖြစ်နေပြီး၊ အနောက်ဘက်က ရွှေရောင်ရဲတောက်နေ၏။ ဂရစ်ပင်နွံတော အလယ်တွင် တည်ရှိသော အဝေးလှမ်းလှမ်း ရေအိုင်များမှ အနီရောင်အစင်းတန်းများဖြင့် နေကို အလင်းပြန်နေကြ၏။ ဘာစ်ကာဗီးလ်အိမ်မှ မျှော်စင်တိုင် ၂ ခုက ပေါ်ထွက်နေပြီး၊ ဂရစ်ပင်ရွာကို အမှတ်အသားပြုနေသော အဝေးမှ မီးခိုးများကလည်း အရိပ်ထင်နေ၏။ တောင်ကုန်းနောက် ၎င်းတို့ ၂ ခုကြားတွင် စတာပလက်တန်၏ အိမ်ရှိ၏။ ရွှေရောင်ညနေခင်း အလင်းရောင်တွင် အားလုံးက ချိုမြိန်ပြီး ငြိမ်းချမ်းလှ၏။ သို့ဖြစ်လင့်ကစား၊ ၎င်းတို့ကို ကျွန်ုပ်ကြည့်နေစဉ် သဘာဝ၏ ငြိမ်းချမ်းမှုကို ကျွန်ုပ်ဘာမှ မခံစားရဘဲ၊ အခိုက်အတန့်တိုင်း၌ နီးကပ်လာနေသော ဤတွေ့ဆုံပွဲ၏ ရေရာမှုနှင့် ထိတ်လန့်စရာကောင်းမှုတို့ကြောင့်၊ ကျွန်ုပ် တုန်ရီနေမိ၏။ ကြက်သီး တဖြန်းဖြန်းထနေသော်လည်း ရည်ရွယ်ချက်ပိုင်းဖြတ်ထားလျက်၊ တဲ၏ အတွင်းဘက် အမှောင်ထဲတွင် ကျွန်ုပ်ထိုင်နေပြီး၊ တဲပိုင်ရှင်ပြန်လာရန်၊ စိတ်ရှည်ရှည်ထားလျက် စောင့်နေ၏။

ထို့နောက် နောက်ဆုံးတွင် သူ၏အသံကို ကျွန်ုပ်ကြားရ၏။ အဝေးလှမ်းလှမ်းမှ ကျောက်တုံးပေါ် ဘွတ်ဖိနပ်နင်းသံပြင်းပြင်းထွက်ပေါ်လာ၏။ ထို့နောက် ခြေနင်းသံတစ်သံပြီး တစ်သံနီးသထက်နီးစွာ ထွက်ပေါ်လာ၏။ ကျွန်ုပ်က အမှောင်ဆုံးထောင့်ထဲသို့ နောက်ဆုတ်ဝင်သွားပြီး ဘောင်းဘီအိတ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှ ခြောက်လုံးပြူးကို မောင်းတင်၍ လူစိမ်းကို ကျွန်ုပ်တစ်စုံတစ်ရာမြင်ရန် အခွင့်အရေး၊ မရမခြင်း၊ ကျွန်ုပ်ကို အမြင်မခံရန် ဆုံးဖြတ်လိုက်၏။ သူရုပ်တန့်သွားကြောင်း ဖော်ပြသည့် တိတ်ဆိတ်မှုက အတော်ကြာ၏။ ထို့နောက် နောက်တစ်ကြိမ်၊ ခြေသံများက ချည်းကပ်လာပြီး၊ အရိပ်တစ်ခုက တဲတံခါးဝပေါ်ဖြတ်လျက် ကျဆင်းလာ၏။

'ချစ်စရာကောင်းတဲ့ ညနေခင်းပါ မိတ်ဆွေကြီး ဝပ်ဆန်' ကောင်းစွာသိထားသော အသံတစ်သံက ပြော၏။ 'ခင်ဗျားထဲမှာ နေရတာထက်၊ အပြင်မှာနေရယင် ပိုပြီး သက်တောင့်သက်တာ ဖြစ်ပါလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

## တောရိုင်းမြေပေါ်မှ လူသေမှု

အခိုက်အတန့်အားဖြင့် ကျွန်ုပ်၏ နားကို ကျွန်ုပ် မယုံကြည်နိုင်ဘဲ၊ အသက်ရှူမှေ့လျက်၊ ကျွန်ုပ် ထိုင်နေ၏။ ထို့နောက် လေးလံလှသော တာဝန်၊ ဝန်ထုပ်ဝန်ပိုးက ကျွန်ုပ်၏ ဦးနှောက်အတွင်းမှ ခဏအတွင်း လွင့်စင်သွားစဉ်၊ ကျွန်ုပ်၏ အသိအာရုံကို ကျွန်ုပ်ဆီပြန်ရောက်လာ၏။ အေးစက်ပြတ်သားသော ဤအသံကို ဤကမ္ဘာလောက၌ လူတစ်ယောက်သာလျှင် ပိုင်ဆိုင်၏။

'ဟုမ်း' ကျွန်ုပ်က အော်လိုက်၏။ 'ဟုမ်း

'ထွက်လာပါ' သူက ပြော၏။ 'ကျေးဇူးပြုပြီး ခြောက်လုံးပြူးကို သတိထားပါ'

ကြမ်းတမ်းသော တံခါးပေါက်ကျောက်တုံးတောင်အောက်မှ ကျွန်ုပ် ငုံ့ထွက်လာပြီး အပြင်ဘက်မှ ကျောက်တုံးတစ်တုံးပေါ်တွင် သူက ထိုင်နေလျက် သူ၏မီးရောင်မျက်လုံးများက အံ့သြထိတ်လန့်နေသော ကျွန်ုပ်၏ ကိုယ်ပေါ်သို့ ကျရောက်နေစဉ် ၎င်းတို့က သဘောကျဟန်ဖြင့် ရွှေ့လျားကစားနေ၏။ သူက ပိန်ပါးပြီးနွမ်းနယ်နေ၏။ သို့သော် သူ၏မျက်လုံးများက ကြည်လင်ပြတ်သား နေပြီး၊ ထက်မြက်သော သူ၏မျက်နှာကနေရောင်ကြောင့် အညိုရောင်တောက် နေ၍ လေဒဏ်ကြောင့် ကြမ်းတမ်းနေ၏။ သူ၏တွီဝတ်စုံအကျႌနှင့် အဝတ်ဦး ထုပ်ဖြင့် တောရိုင်းမြေပေါ်၌ သူက အခြားခရီးသွားဧည့်သည်တစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တူပြီး၊ သူ၏ထူးခြားသော လက္ခဏာတစ်ခုဖြစ်သည့် တစ်ကိုယ်ရေသန့်ရှင်းမှုကို ကြောင်တစ်ကောင်ကဲ့သို့ ချစ်မြတ်နိုးလျက်၊ ဘေကာလမ်းတွင် သူရှိနေသကဲ့သို့အလား သူ၏မေးစေ့ကို ချောမွေ့သန့်စင်စေရန်နှင့် သူ၏ အဝတ်အစားများကို သပ်ရပ်နေစေရန် သူကြိုးစားထား၏။

'ကျွန်တော် ဘဝမှာ တစ်စုံတစ်ယောက်ကို မြင်ရလို့ တစ်ခါမျှ ဒီလောက် မဝမ်းသာခဲ့ဖူးပါဘူး' ကျွန်ုပ်က သူ့ကို လက်ဖြင့် ဖြစ်ညှစ်လိုက်စဉ် ပြော၏။

'ပိုပြီးတော့လည်း မအံ့သြဘူးလား'

'အင်း၊ ဒါကို ကျွန်တော် ဝန်ခံရမယ်'

'အံ့သြစရာက တစ်ဖက်သတ်တည်း မဟုတ်ပါဘူး။ ကျွန်တော် တကယ်ပြောတာပါ။ ကျွန်တော် တစ်ခါတစ်ရံ အနားယူတတ်တာကို ခင်ဗျားတွေ့သွားလိမ့်မယ်လို့ မထင်မိခဲ့ပါဘူး။ ကျွန်တော် အနားယူနေတဲ့ နေရာထဲကို ခင်ဗျား ရောက်လာလိမ့်မယ်ဆိုတာကိုလည်း ဒီတံခါးအတွင်း ခြေလှမ်းနှစ်ဆယ်လောက် ကျွန်တော် မလျှောက်ရယင် သိမှာ မဟုတ်ပါဘူး'

'ကျွန်တော်ရဲ့ ခြေရာပဲလို့ ကျွန်တော် ထင်တယ်'

'မဟုတ်ပါဘူး ဝပ်ဆန်၊ ကမ္ဘာပေါ်မှာ ခြေရာတွေ အားလုံးထဲက ခင်ဗျားရဲ့ ခြေရာကို ကျွန်တော် မှတ်မိဖို့ မစွမ်းဆောင်နိုင်ပါဘူး။ ခင်ဗျား ကျွန်တော်ကို လေးလေးနက်နက် လှည့်စားလိုတဲ့ ဆန္ဒရှိတယ်ဆိုယင်၊ ခင်ဗျား ဆေးလိပ်ပြောင်းသောက်ရလိမ့်မယ်။ ဘရာဒ်လီအောက်စဖို့ဒ်လမ်းလို အမှတ်အသားရှိတဲ့ စီးကရက်တိုကို ကျွန်တော် တွေ့ရတော့၊ ကျွန်တော်ရဲ့ မိတ်ဆွေ ဝပ်ဆန် အနီးပတ်ဝန်းကျင်မှာ ရှိမယ်ဆိုတာ ကျွန်တော် သိလိုက်တယ်။ လမ်းဘေးက အဲဒီနေရာမှာ အဲဒါကို ခင်ဗျား တွေ့ရလိမ့်မယ်။ လမ်းဘေးက အဲဒီနေရာမှာ အဲဒါကို ခင်ဗျား တွေ့ရလိမ့်မယ်။ ဘာမှ မရှိတဲ့ တဲထဲကို ခင်ဗျား ဝင်လာတဲ့ မဟာချိန်အခါကောင်းမှာ အသေအချာကို ဒါကို ခင်ဗျား ပစ်ချခဲ့ရ မယ်'

'အတိအကျပါပဲ'

'ကျွန်တော် အများကြီး တွေးမိပါတယ်။ နှစ်သက်စရာ ခင်ဗျားရဲ့ စွဲမြဲမှုကို ကျွန်တော် သိတာကြောင့် လက်နက် လက်တစ်ကမ်းအကွာမှာခင်ဗျား ခြုံခိုထိုင်နေပြီး တဲရှင်ပြန်အလာကို စောင့်နေမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် ရာဇဝတ်ကောင်ဖြစ်မယ်ဆိုတာ၊ ခင်ဗျား ဒီလို တကယ်ထင်မှာပေါ့'

'ခင်ဗျား ဘယ်သူလဲဆိုတာ ကျွန်တော် မသိခဲ့ပါဘူး။ ဒါပေမယ့် ရှာကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ကောင်းတယ် ဝပ်ဆန်၊ ဒါနဲ့ ကျွန်တော်ရဲ့ နေရာကို ခင်ဗျား ဘယ်လိုလုပ်သလဲ၊ ရာဇဝတ်ကောင်ကို လိုက်ဖမ်းတဲ့ညက ခင်ဗျား ကျွန်တော်ကို မြင်တယ်။ ထင်တယ်။ အဲဒီအချိန်တုန်းက ကျွန်တော် သိုသိပ်မှုမရှိလွန်းဘဲ လရောင်ထဲ ထွက်လိုက်မိတယ်'

'ဟုတ်တယ်။ အဲဒီတုန်းက ခင်ဗျားကို ကျွန်တော် မြင်တယ်'

'ပြီးတော့ ဒီတဲဆီကို ခင်ဗျား ရောက်လာတဲ့အထိ၊ တဲတွေ အားလုံးကို ခင်ဗျား ရှာခဲ့ရမှာ သေချာတယ်'

'မဟုတ်ဘူး။ ခင်ဗျားရဲ့ ကောင်ကလေးကို တွေ့သွားတယ်။ ဒါကြောင့် ဘယ်မှာ ရှာရမလဲဆိုတာ ကျွန်တော် သိသွားတယ်'

'အဝေးကြည့်မှန်ပြောင်းနဲ့ အဘိုးကြီးပဲ ဆိုတာ သေချာတယ်။ မှန်ဘီလူး အလင်းရောင်လက်သွားတာကို ပထမဦးဆုံး ကျွန်တော် မြင်ရတော့ ဒါကို ကျွန်တော် မခွဲခြားနိုင်ပါဘူး' သူက မတ်တပ်ထပြီး၊ တဲအတွင်းသို့ လှမ်းကြည့်လိုက်၏။ 'ဟာ ကာဒီရိုက်၊ အထောက်အပံ့ပစ္စည်းတွေ သယ်လာတာ ကျွန်တော် မြင်တယ်။ ဒီစာရွက်က ဘာလဲ၊ ဒီလိုဆို ခင်ဗျား ကွန်ဘီထရေစီကို ရောက်လာပြီးပြီပေါ့ ဟုတ်လား'

'ဟုတ်ကဲ့'

'မစ္စစ်လောရာလိုင်ရွန်ကို တွေ့ဖို့လား'

'အတိအကျပါပဲ'

'ကောင်းတယ်။ ကျွန်တော်တို့ရဲ့ သုတေသနပြုချက်တွေက အထင်အရှားကို မျဉ်းပြိုင်ပြေးနေကြတယ်။ ကျွန်တော်တို့ရဲ့ ရလာဒ်တွေကို ကျွန်တော်တို့ ပေါင်းစည်းတဲ့အခါ၊ ဒီအမှုကို ကောင်းကောင်းပြည့်ပြည့်ဝဝ သိကြရလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်'

'အင်း ... ခင်ဗျား ဒီမှာရှိနေတာ ကျွန်တော် လှိုက်လှိုက်လှဲလှဲကို ဝမ်းသာပါတယ်။ တာဝန်ရှိမှုနဲ့ ပဟေဠိဆန်မှုနှစ်ခုစလုံးက တကယ်ပါ။ ကျွန်တော့်အစွမ်းအစနဲ့ မနိုင်လို့ပါ။ ဒါပေမယ့် ခင်ဗျား ဒီကို ဘယ်လိုလာပြီး၊ ဘာလုပ်နေသလဲ၊ ငွေညှစ်တဲ့အမှုကို ဖြေရှင်းရင်းနဲ့ ဘောကာလမ်းမှာ ခင်ဗျား ရှိနေတယ်လို့ ကျွန်တော် ထင်နေတာ'

'ခင်ဗျားကို ကျွန်တော် ဒီလိုပဲ ထင်စေချင်တာပါ'

'ဒါဖြင့်ယင် ခင်ဗျား ကျွန်တော်ကို အသုံးချလိုက်ပြီး၊ ကျွန်တော်ကို ခုထက်ထိ မယုံကြည်သေးဘူးပေါ့' ကျွန်ုပ်က ခါးခါးသီးသီး အော်လိုက်၏။ 'ခင်ဗျားဆီက ဒီထက်ပိုပြီး ထိုက်ထိုက်တန်တန် ရသင့်တယ်လို့ ကျွန်တော် ထင်တယ် ဟုမ်း'



www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေ၊ တခြားအမှုတွေမှာလိုပဲ၊ ဒီအမှုမှာ ခင်ဗျားက ကျွန်တော့်အတွက် တန်ဖိုး မဖြစ်နိုင်ပါဘူး။ ခင်ဗျားအပေါ်မှာ ကျွန်တော် လှည့်စားမှုဖန်တီးခဲ့ပုံပေါ်ယင်၊ ခင်ဗျား ခွင့်လွှတ်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အမှန်တော့ ကျွန်တော် ဒီလိုလုပ်တာ ခင်ဗျားရဲ့ အကျိုးအတွက်လည်း တစ်စိတ်တစ်ပိုင်းပါပါတယ်။ ကျွန်တော်ဒီကိုလာပြီး ဒီကိစ္စကို ကျွန်တော်ကိုယ်တိုင်စုံစမ်းစစ်ဆေးရတာဟာ ခင်ဗျားရင်ဆိုင်နေရတဲ့ အန္တရာယ်ကို ကျွန်တော်သဘောပေါက်တာကြောင့်ပါ။ ဆာဟင်နရီနဲ့ ခင်ဗျားနဲ့အတူ ကျွန်တော် ရှိနေယင် ကျွန်တော်ရဲ့အမြင်ကလည်း ခင်ဗျားတို့ရဲ့အမြင်နဲ့ အတူတူဖြစ်နေမယ်ဆိုတာ ကျွန်တော် ယုံကြည်သလို၊ ကျွန်တော်ရှိနေခြင်းဟာ ကျွန်တော်တို့ရဲ့ကြောက်စရာရန်သူတွေကို ဂရုစိုက်ဖို့ သတိပေးနေသလိုဖြစ်နေမယ်။ 'ဟော' အိမ်မှာ ကျွန်တော်နေယင် ကျွန်တော် ကြိုက်သလို သွားလာနိုင်မှာ မဟုတ်ဘူး။ ဒီကိစ္စမှာ ကျွန်တော်က အမှတ်တမဲ့နေပြီး၊ တကယ့်အရေးအကြောင်းကြုံမှ ရှိသမျှအားနဲ့ ကျွန်တော် ပြေးဝင်ဖို့ အဆင်သင့် ပြင်ထားတယ်'

'ဒါပေမယ့် ခင်ဗျား ဘာဖြစ်လို့ ကျွန်တော်ကို အမှောင်ချထားတယ်'

'ခင်ဗျားသိလို ကျွန်တော်တို့အတွက် အကူအညီမဖြစ်ဘဲ ကျွန်တော်ကို တွေ့သွားချင်တွေ့သွားနိုင်တယ်။ ကျွန်တော်ကို ခင်ဗျားတစ်ခုခု ပြောချင်မယ်။ ဒါမှမဟုတ် ကြင်နာစိတ်နဲ့ ကျွန်တော်ကို ဖြေသိမ့်ဖို့တစ်ခုခု ယူလာမယ်ဆိုယင် မလိုအပ်တဲ့ စွန့်စားမှုတွေ ဖြစ်လာလိမ့်မယ်။ ကာဒ်ရိုက်ကို ကျွန်တော်နဲ့အတူ ကျွန်တော် ခေါ်လာတယ်။ အမြန်ရထားရုံးက ဒီကောင်ကလေးကို ခင်ဗျား မှတ်မိတယ် မဟုတ်လား။ ကျွန်တော်ရဲ့ ရိုးရှင်းတဲ့ လိုအပ်ချက်တွေကို သူက ဖြည့်ဆီးပေးတယ်။ ပေါင်မုန့်တစ်တုံးနဲ့ အဝတ်အစားတို့ပေါ့၊ ဒီထက်သူဘာလိုဦးမလဲ၊ သူ့ရဲ့မျက်စေ့(၂)လုံးကလည်း ကျွန်တော်အတွက် အကူအညီရခဲ့တယ်'

'ဒါဖြင့်ယင် ကျွန်တော်ရဲ့ အစီရင်ခံစာအားလုံးက အလကားဖြစ်ပြီပေါ့' ကျွန်ုပ် အပင်ပန်းခံလျက် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ၎င်းတို့ကို ရေးသားသီကုံးခဲ့ရပုံကို အမှတ်ရမိသဖြင့် ကျွန်ုပ်၏ အသံက တုန်ရင်နေ၏။

ဟုမ်းက သူ၏ဘောင်းဘီအိတ်ထဲမှ စာရွက်တစ်ထပ်ကို ထုတ်ယူလိုက်၏။

'ဒီမှာ ခင်ဗျားရဲ့ အစီရင်ခံစာတွေပါ မိတ်ဆွေ၊ ကောင်းကောင်းကို လမ်းလျှောက်ဖတ်ထားတာ၊ ကျွန်တော် အာမခံပါတယ်။ ကျွန်တော် ကောင်းကောင်း အစီအစဉ်တကျလုပ်ထားပါတယ်။ လမ်းခရီးမှာ သူတို့ တစ်ရက်ပဲ နှောင့်နှေးကြန့်ကြာပါတယ်။ အလွန်တစ်ရာ ခက်ခဲနက်နဲလှတဲ့ အမှုပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အင်အားစိုက်ထုတ်ခဲ့တဲ့ ခင်ဗျားရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းအတွက် ခင်ဗျားကို အရမ်းချီးကျူးမှာပါ'

ကျွန်ုပ်အပေါ် အသုံးချလိုက်သော လှည့်စားမှုအတွက် ကျွန်ုပ်က အတော်ကျေနပ်ဖြစ်နေဆဲဖြစ်၏။ သို့သော် ဟုမ်း ချီးကျူးလိုက်သော နွေးထွေးမှုကြောင့် ဒေါသများက ကျွန်ုပ်စိတ်ထဲမှ ကွယ်ပျောက်သွား၏။ သူပြောကြားခဲ့သော အရာများ၊ မှန်ကန်ကြောင်းနှင့် တောရိုင်းမြေပေါ်တွင် သူရှိနေသည်ကို ကျွန်ုပ် မသိရခြင်းသည် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအတွက် အကောင်းဆုံး ဖြစ်ကြောင်းလည်း ကျွန်ုပ် ရင်ထဲ၌ ခံစားမိ၏။

'ဒါပိုကောင်းတယ်' ကျွန်ုပ်၏ မျက်နှာကြည်လင်သွားသည်ကို တွေ့မြင်ရသောအခါ သူက ပြော၏။

'မစ္စစ်လော်ရာလိုင်ရွန်ဆီကို ခင်ဗျား အလည်အပတ်သွားခဲ့တဲ့ ရလာဒ်ကို အခု၊ ကျွန်တော်ပြောပြပါ။ ခင်ဗျား အဲဒီကို သွားတာဟာ၊ သူမနဲ့ တွေ့ဖို့ဆိုတာ ကျွန်တော် ခန့်မှန်းဖို့ မခက်ခဲ့ပါဘူး။ ဒီကိစ္စမှာ ကျွန်တော်တို့ကို အကူအညီ ပေးနိုင်တဲ့လူက၊ ကွမ်ဘီယရေဆီမှာ သူမတစ်ယောက်ပဲ ရှိတယ်ဆိုတာ၊ ကျွန်တော် သိနေတာကြောင့်ပါ။ အမှန်တော့ ဒီနေ့ ခင်ဗျား မသွားဘူးဆိုယင်၊ မနက်ဖြန် ကျွန်တော်သွားဖို့ အတော်ကိုဖြစ်နိုင်ပါတယ်'

နေဝင်သွားပြီး၊ နေဝင်ဖြိုးဖြအရောင်က တောရိုင်းမြေပေါ်သို့ ကျရောက်လာ၏။ လေကအေးစက်လာပြီး အနွေးဓာတ်ရရန် တဲအတွင်း ကျွန်ုပ်တို့ ဝင်ကြ၏။ နေဝင်ဆည်းဆာအလင်းရောင်တွင် ကျွန်ုပ်တို့ အတူတကွ ထိုင်ကြလျက်၊ အမျိုးသမီးနှင့် ကျွန်ုပ်စကားပြောခဲ့ပုံကို ဟုမ်းအား ကျွန်ုပ်ပြောပြ၏။ သူက အလွန်စိတ်ဝင်စားလွန်းသဖြင့် ၎င်းတို့အထဲမှ တချို့ကို သူကျေနပ်လောက်အောင် ကျွန်ုပ်နှစ်ကြိမ်ပြန်ပြောရ၏။

'ဒါက အရေးကြီးဆုံးပဲ' ကျွန်ုပ်က နိဂုံးချုပ်လိုက်သောအခါ သူက ပြော၏။ 'အရှုပ်ထွေးဆုံးဒီကိစ္စမှာ ကျွန်တော် ပေါင်းကူးမပေးနိုင်တဲ့ပြတ်တောက်မှုတစ်ခုကို သူက ဆက်စပ်ပေးတယ်။ ဒီအမျိုးသမီးနဲ့ စတာပလက်တန် ဆိုတဲ့လူရဲ့ကြားမှာ ရင်းနှီးတဲ့ဆက်ဆံမှုရှိတယ်လို့ ခင်ဗျား သိချင်သိတယ်'

'ရင်းနှီးတဲ့ ဆက်ဆံမှုကိုတော့ ကျွန်တော် မသိဘူး'

'ဒီကိစ္စနဲ့ ပတ်သက်လို့ သံသယဖြစ်စရာ မလိုဘူး။ သူတို့ တွေ့ဆုံကြတယ်။ သူတို့ စာရေးကြတယ်။ သူတို့အကြားမှာ လုံးဝနားလည်မှုရှိကြတယ်။ အခု ဒါက ကျွန်တော်တို့ရဲ့ လက်ထဲကို အလွန်အင်အားကောင်းတဲ့ လက်နက်တစ်ခု၊ ထည့်ပေးလိုက်တာပဲ။ ဒါကို ကျွန်တော် အသုံးပြုပြီး သူရဲ့ဇနီးကို ခွဲထုတ်နိုင်ရင် . . .'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ရဲ့ဇနီးလား'

'ခင်ဗျား ကျွန်တော်ကို ပေးခဲ့တဲ့ သတင်းအချက်အလက်တွေအတွက် အပြန်အလှန်အားဖြင့် သတင်းအချို့ကို ခင်ဗျားကို ကျွန်တော် အခုပေးပါ့မယ်။ ဒီနေရာကို မစ္စစ် စတာပလက်တန်အဖြစ်ဖြတ်သွားခဲ့တဲ့ မိန်းမပျိုက တကယ်တော့ သူ့ရဲ့ဇနီးပဲ'

'ဘုရားရေ ဟုမ်း ... ခင်ဗျား ပြောတာတွေ သေချာရဲ့လား။ ဆာဟင်နရီကို သူမနဲ့ချစ်ကြိုက်ရအောင်၊ သူဘယ်လိုလုပ်ခွင့်ပြုနိုင်သလဲ'

'ဆာဟင်နရီ ချစ်ကြိုက်တာဟာ သူ့ကိုယ်သူကလွဲယင် ဘယ်သူ့ကိုမှ အန္တရာယ် မပြုနိုင်ဘူး။ ခင်ဗျားကို ခင်ဗျား ပြန်လည်သုံးသပ်ကြည့်တဲ့အတိုင်းပဲ။ သူမကို ဆာဟင်နရီ ချစ်တင်းနှီးနှောဖို့ကို မလုပ်နိုင်အောင် သူ အထူးဂရုစိုက်တယ်။ ဒီအမျိုးသမီးဟာ သူ့ရဲ့ ဇနီးဖြစ်ပြီး၊ သူ့ရဲ့ညီမ မဟုတ်ဘူးဆိုတာ ကျွန်တော် ထပ်ပြောပါ့မယ်'

'ဒါပေမယ့် ဘာကြောင့် ဒီလောက် ရှုပ်ရှုပ်ထွေးထွေး လှည့်စားနေကြသလဲ'

'ဘာကြောင့်လဲဆိုတော့ လွတ်လပ်တဲ့ အမျိုးသမီးတစ်ယောက် အကျင့်စရိုက်နဲ့ သူ့အတွက် သူမအများကြီး အသုံးဝင်မယ်ဆိုတာကို သူကြိုတင် မြင်လို့ပါ'

ကျွန်ုပ်စိတ်ထဲမှ အလိုအလျောက် အသိစိတ်ဖြစ်သည့် ဝေခွဲမရသော သံသယများက ရုတ်တရက် ပုံသဏ္ဌာန်ပေါ်လာပြီး သဘာဝမြတ်နိုးသူအပေါ် ဗဟိုပြုလာ၏။ မြက်ဦးထုပ်နှင့် လိပ်ပြာဖမ်းပိုက်ကွန်ဖြင့် တုံဏှိဘာဝေ ဖြူဖတ်ဖြူယော်ဖြစ်နေသော ဤလူတွင် ကြောက်စရာတစ်စုံတစ်ရာကို ကျွန်ုပ် တွေ့မြင်ရဟန်တူ၏။

၎င်းက ပြုံးပြနေသော မျက်နှာ၊ သတ်ဖြတ်လိုသော နှလုံးသားဖြင့် အတိုင်းအဆမရှိ သည်းခံပါးနပ်မှုပင်ဖြစ်၏

'ဒါဖြင့်ယင် ကျွန်တော်တို့ရဲ့ ရန်သူကသူပေါ့။ လန်ဒန်မှာ ကျွန်တော်တို့ နောက်ကို လိုက်တဲ့လူက သူပေါ့'

'ဒီပုစ္ဆာကို ကျွန်တော် ဒီလိုပဲ မြင်ပါတယ်'

'နောက်ပြီးတော့ သတိပေးတာ၊ ဒါက သူမဆီက လာရမယ်'

'အတိအကျပါပဲ'

တစ်ရက်မြင်၊ တစ်ဝက်ခန့်မှန်းရသည့် လူမိုက်ကြီး၏ ပုံသဏ္ဌာန်က ကျွန်ုပ်အပေါ် ကာလကြာရှည်စွာလွှမ်းခြုံခဲ့သည့် အမှောင်ထုကို ထွင်းဖောက်လျက် ပေါ်ပေါက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ခင်ဗျား ဒါကို သေချာရဲ့လား၊ ဟုမ်း။ ဒီအမျိုးသမီးက သူ့ရဲ့ ဇနီးဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'ဘာကြောင့်လဲဆိုတော့ ခင်ဗျားကို သူ ပထမဦးဆုံးတွေ့ဆုံတဲ့အချိန် အခါမှာ သူ့ရဲ့ကိုယ်ရေးရာဇဝင်တစ်ပိုင်းတစ်စ အမှန်ကို ခင်ဗျားကို သူပြောပြဖို့ မေ့လျော့နေပြီး အဲဒီအချိန်ကစလို့ သူအကြိမ်ပေါင်းများစွာ နောင်တရခဲ့ရလိမ့် မယ်လို့ ကျွန်တော် ပြောရပါတယ်။ အင်္ဂလန်မြောက်ပိုင်းမှာ တစ်ချိန်က သူ ကျောင်းဆရာ ဖြစ်ခဲ့တယ်။ အခုအခါမှာ ကျောင်းဆရာတစ်ယောက်ထက် လွယ် လွယ်ကူကူ ခြေရာခံလို့ရမယ့်ဟာ မရှိတော့ပါဘူး။ ကျောင်းဆရာတစ်ယောက် ဖြစ်ခဲ့တဲ့ လူကို သတ်သေခံပေးနိုင်တဲ့ ကျောင်းဆရာအသင်းတွေ ရှိပါတယ်။ နည်းနည်းစုံစမ်းကြည့်တာနဲ့ ကျောင်းတစ်ကျောင်းဟာ ဆိုးဝါးတဲ့အခြေအနေ တစ်ခုကြောင့် ဝမ်းနည်းဖွယ်အဆုံးသတ်ခံရပြီး ဒီကျောင်းကို ပိုင်တဲ့လူက (အမည်တော့ မတူဘူး) သူ့ရဲ့ဇနီးနဲ့အတူ ပျောက်ကွယ်သွားတယ်ဆိုတာ ကျွန်တော် သိရတယ်။ ပုံပန်းသဏ္ဌာန်က တူတယ်။ ဒီပျောက်သွားတဲ့ လူဟာ ပိုးမွှားလေ့လာမှုပညာကို ခုံမင်တယ်ဆိုတာကို ကျွန်တော်သိရတဲ့အခါ ဘယ်သူ ဘယ်ဝါဆိုတာ သေချာသွားတယ်'

အမှောင်ထုက လွှမ်းမိုးစပြုလာ၏။ သို့သော် အများစုက အရိပ်များ ဖြင့် ဖုံးကွယ်နေဆဲဖြစ်၏။

'ဒီအမျိုးသမီးက အမှန်ဘဲ၊ သူ့ရဲ့ဇနီးဖြစ်မယ်ဆိုယင်၊ မစ္စစ်လော်ရာ လိုင်ရွှန်က ဘယ်နေရာကို ဝင်လာမလဲ' ကျွန်ုပ်က မေး၏။

'ဒီအချက်တစ်ခုပေါ်ကို ခင်ဗျားရဲ့ သုတေသနပြုလုပ်ချက်က အလင်း ရောင် ထိုးပေးပါလိမ့်မယ်။ ဒီအမျိုးသမီးနဲ့ ခင်ဗျားတွေ့ဆုံဆွေးနွေးခဲ့ခြင်းဟာ အခြေအနေကို အများကြီးရှင်းလင်းသွားစေပါတယ်။ သူမနဲ့ သူမရဲ့ခင်ပွန်း အကြား စီစဉ်ထားတဲ့ ကွာရှင်းမှုအကြောင်းကို ကျွန်တော် မသိပါဘူး။ ဒီကိစ္စမှာ စတာပလက်တန်ကို အိမ်ထောင်မရှိတဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်ထား တာကြောင့် သူမက အသေအချာကို သူမရဲ့ ဇနီးဖြစ်ဖို့ ထွက်သွားတယ်'

'ဒါဖြင့် ဘယ်အချိန်ကြမှ သူမအမှန်သိရမလဲ'

'ဘယ်လို အဲဒီအခါကျယင်တော့ ဒီအမျိုးသမီး အသုံးဝင်တာကို ကျွန်တော်တို့ တွေ့ချင်တွေ့ရမှာပါ။ ကျွန်တော်တို့နှစ်ဦးစလုံး၊ မနက်ဖြန်ကျယင် သူမကို တွေ့ကြရမှာဟာ ကျွန်တော်တို့ရဲ့ ပထမဦးဆုံးတာဝန်ဖြစ်ရမယ်။ ခင်ဗျား တာဝန်ခံထားတဲ့ အရာကနေ အချိန်အတော်ကြာ ခင်ဗျား၊ အဝေးကို ရောက်နေတယ်လို့ ခင်ဗျား မထင်ဘူးလား ဝပ်ဆန်၊ ခင်ဗျားရဲ့ နေရာက ဘာစ် ကာဗီးလ်အိမ်မှာ ဖြစ်သင့်တယ်'



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး နီနီရဲရဲ အလင်းတန်းများက အနောက်ဘက်တွင် မှေးမှိန်ကွယ်ပျောက်သွားပြီး တောရိုင်းမြေပေါ်သို့ ညကာလကျရောက်လာ၏။ ကြယ်မှိန်မှိန်တချို့ ပြာသော ကောင်းကင်သောတွင် လင်းလက်နေကြ၏။

'နောက်ဆုံး မေးခွန်းတစ်ခုရှိတယ်။ ဟုမ်း' ကျွန်ုပ်က မတ်တပ်ထလိုက်စဉ် ပြော၏။ 'ခင်ဗျားနဲ့ ကျွန်တော်အကြားမှာ အသေအချာပဲ၊ လျှို့ဝှက်ထားစရာ မလိုပါဘူး။ ဒါတွေ အားလုံးရဲ့ အဓိပ္ပါယ်က ဘာလဲ၊ သူဘာနောက်ကို လိုက်နေသလဲ' ဟုမ်း၏ အသံက ဤသို့ဖြေနေစဉ် တိမ်ဝင်သွား၏။

'ဒါက လူသတ်မှုပါ ဝပ်ဆန်၊ သွေးအေးအေးနဲ့ သေသေချာချာ စီစဉ်ထားတဲ့ လူသတ်မှုပါ။ အသေးစိတ် ကျွန်တော်ကို မမေးပါနဲ့။ သူ့ရဲ့ ပိုက်ကွန်က ဆာဟင်နရီအပေါ်ကို ဖုံးအုပ်စပြုနေသလို ကျွန်တော်ရဲ့ ပိုက်ကွန်ကလည်း၊ သူ့အပေါ်ကို ဖုံးအုပ်စပြုနေပါပြီ၊ ခင်ဗျားရဲ့ အကူအညီနဲ့ သူဟာ ကျွန်တော်ရဲ့ ခြေထောက်အောက်ကို ရောက်တော့မှာပါ။ ကျွန်တော်တို့ အဲဒီလိုလုပ်ဖို့ အဲဒီလုပ်လို့ အဆင်သင့်မဖြစ်ခင်၊ သူထိုးနှက်မှု လုပ်မှာတစ်ခုပါပဲ။ အများဆုံးနောက်နှစ်ရက်ကြာယင် ကျွန်တော်ရဲ့အမှုကို ကျွန်တော်အစသတ်နိုင်ပြီ၊ ဒါပေမယ့် အဲဒီအချိန်အထိ ကြင်နာတဲ့ မိခင်က နာမကျန်းဖြစ်နေတဲ့၊ ရင်သွေးငယ်ကို ကြည့်ရှုစောင့်ရှောက်သလို ခင်ဗျား တာဝန်ခံထားတဲ့ လူကို ခင်ဗျား နီးနီးကပ်ကပ် စောင့်ရှောက်ပါ။ ဒီနေ့မှာ ခင်ဗျားရဲ့တာဝန်ကို ခင်ဗျား ကြေပြွန်ကြောင်းပြောပါတယ်။ ဒါပေမယ့် သူ့ဘေးကနေ ခင်ဗျားကို ကျွန်တော် မခွာစေချင်ဘူးဟာ'

ထိတ်လန့်ဖွယ်ကောင်းသော အော်ဟစ်သံတစ်သံဖြစ်သည့် အလန့်တကြား စူးစူးဝါးဝါး ဆွဲဆွဲငင်ငင်အော်သံက တိတ်ဆိတ်နေသော တောရိုင်းမြေပေါ် မပေါ်ထွက်လာ၏။ ဤကြောက်လန့်ဖွယ်အော်သံက ကျွန်ုပ်၏သွေးကြောထဲမှ သွေးများကို အေးခဲသွားစေ၏။

'အို ဘုရားရေ' ကျွန်ုပ်က ရေရွတ်မိလိုက်၏။ 'ဒါဘာလဲ၊ ဒါဘာအဓိပ္ပါယ်လဲ'

ဟုမ်းက မတ်တပ်ခုန်ရပ်ပြီး၊ တဲတံခါးဝမှ ပခုံးနိမ့်၊ ခေါင်းပြူထွက်လျက် အမှောင်ထုထဲသို့ လှမ်းကြည့်နေသော သူ၏ အရိပ်မည်းမည်းကို ကျွန်ုပ်တွေ့မြင်ရ၏။

'ရှူး' သူတီးတိုးပြော၏။ 'တိုးတိုး'

အော်ဟစ်သံက ၎င်း၏စိတ်ဆန္ဒပြင်းပြမှုကြောင့် ကျယ်လောင်၏။ သို့သော် ၎င်းက မည်းမှောင်နေသော ကွင်းပြင်အဝေးတစ်နေရာမှ လွင့်ပျံ့လာခြင်း ဖြစ်၏။ ယခု ၎င်းတိုင်းထက်ပို၍ နီးကပ်သထက်နီးကပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ကျယ် လောင်သထက် ပိုကျယ်လောင်လာ၏။ အလျင်စလိုနိုင်သထက် ပိုနိုင်လာ လျက် ကျွန်ုပ်တို့၏ နားများပေါ်သို့ ရောက်ရှိလာ၏။

'အဲဒါ ဘယ်ကလဲ' ဟုမ်းက တီးတိုးပြောပြီး၊ သူ၏ အသံတုန်ရီမှုကြောင့်၊ သံမဏိလူ ဖြစ်နေသည်ကို ကျွန်ုပ် သိလိုက်၏။ 'အဲဒါ ဘယ်ကလဲ ဝပ်ဆန်'

'အဲဒီဘက်ကလို့ ကျွန်တော်ထင်တယ်' ကျွန်ုပ်က အမှောင်ထဲကို ညွှန်ပြလိုက်၏။

'မဟုတ်ဘူး ဒီဘက်က'

ဝေဒနာခံစားနေရသော အော်သံက ခါတိုင်းထက်ပို၍ နီးကပ်ကျယ်လောင်လာလျက် တိတ်ဆိတ်နေသော ညကာလအတွင်းမှ ထွက်ပေါ်လာ၏။ ငှင်းနောက်တေးဂီတသံကဲ့သို့ တဟင်းဟင်း ဟိန်းနေသော်လည်း ခြိမ်းခြောက်နေဆဲဖြစ်သည့် အသံတစ်ခုက ပင်လယ်အော်သံကဲ့သို့ နိမ့်ချည်မြင့်ချည်ဖြင့် ငှင်းနှင့်အတူ ရောထွေးပေါ်ထွက်လာ၏။

'အမဲလိုက်ခွေးပဲ' ဟုမ်းက ပြော၏။ 'လာ ဝပ်ဆန် လာ၊ ဘုရားရေ ကျွန်တော်တို့ နောက်ကျလွန်းသွားပြီလား'

တောရိုင်းမြေပေါ်သို့ လျင်မြန်စွာ သူတက်ပြေးသွားပြီး ကျွန်ုပ်က သူ့နောက်မှ ထပ်ချပ်မကွာလိုက်သွား၏။ သို့သော် ကျွန်ုပ်တို့၏ ရှေ့တည့်တည့် ကျိုးပဲ့နေသော မြေပြင်အကြား တစ်နေရာရာမှ ဓာတ်ကျဆင်းနေသော နောက်ဆုံး အော်ဟစ်သံတစ်ခုအတွက် ပေါ်လာ၏။ ထို့နောက် ခပ်အုပ်အုပ်၊ လေးဖင့်ဖင့် ရိုက်ခတ်သံတစ်ခုပေါ်လာ၏။ ကျွန်ုပ်တို့က ရပ်ပြီးနားထောင်ကြ၏။ လေငြိမ်နေသော ညကာလ၏ တိတ်ဆိတ်မှုကို အခြားအသံများက ချိုးဖျက်ခြင်းမပြုပါ။

ဟုမ်းက စိတ်ညစ်သွားသော လူတစ်ယောက်ကဲ့သို့ သူ၏နဖူးကို လက်ဖြင့် ရိုက်လိုက်သည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ မြေပြင်ပေါ်သို့ သူက ခြေထောက်ဆောင့်လိုက်၏။

'သူ ကျွန်တော်တို့ကို နိုင်သွားပြီ ဝပ်ဆန်၊ ကျွန်တော်တို့ သိပ်နောက်ကျသွားပြီ'

'မဟုတ်ပါဘူး၊ မဟုတ်ပါဘူး မဟုတ်တာ သေချာပါတယ်'

'ကျွန်တော် လက်ပိုက်ထားသော လူမိုက်ပဲ၊ ခင်ဗျား တာဝန်ခံထားတဲ့လူကို စွန့်လွှတ်ခဲ့လို့၊ ဘာဖြစ်သွားသလဲဆိုတာ ခင်ဗျား မြင်သလား ဝပ်ဆန်၊ ဒါပေမယ့် အဆိုးဝါးဆုံးဖြစ်လာယင်တော့ သူ့ကို ကျွန်တော်တို့ လက်တုံ့ပြန်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းသည့် ဤအသံများလာသည့်နေရာဘက်သို့ အမြဲတမ်းဦးတည်လျက်၊ တောင်ကုန်းများပေါ် မောပန်းစွာပြေးတက် ပြေးဆင်း လုပ်လျက်၊ ခရောင်းတောများအကြားတို့ ပြေးလျက်၊ ကျောက်တုံးကြီးများကို တွန်းတိုက်လျက်၊ အမှောင်အတွင်း ကျွန်ုပ်တို့ မမြင်မစမ်းပြေး၏။ အမြင့်သို့ ရောက်သည့်အခါတိုင်း၊ ဟုမ်းက သူ၏ဝန်းကျင်ကို စိတ်ထက်သန်စွာ လှည့်ပတ်ကြည့်၏။ သို့သော် တောရိုင်းမြေပေါ်တွင် အမှောင်ထုက ထူထပ်ပြီး ကြောက်စရာ ၎င်း၏မျက်နှာပြင်ပေါ်တွင် မည်သည့်အရာမျှ လှုပ်ရှားခြင်း မရှိပါ။

'ခင်ဗျား တစ်ခုခုမြင်သလား'

'ဘာမှ မမြင်ဘူး'

'ဒါပေမယ့် ဒါဘာလဲ'

ညည်းတွားသံတိုးတိုးက ကျွန်ုပ်တို့၏ နားပေါ်သို့ ရောက်လာ၏။ ၎င်းက ကျွန်ုပ်တို့၏ လက်ဝဲဘက်မှ နောက်တစ်ကြိမ်ရောက်လာ၏။ ထို ဘက်အခြမ်းတွင် ကျောက်ဆောင်တစ်ခုက ဆင်ခြင်လျှောအပေါ် မိုးထွက်နေ သော ကျောက်ဆောင်အစွန်အဖြစ် အဆုံးသတ်နေ၏။ ၎င်း၏ မညီမညာ မျက်နှာပြင်ပေါ်တွင် ပုံမကျ၊ မည်းမည်းအရာတစ်ခုက ခြေကားယား၊ လက်ကား ယား လဲလျောင်းနေ၏။ ၎င်းက လူတစ်ယောက်မြေပြင်ပေါ် မျက်နှာမှောက် လျက် လဲလျောင်းနေခြင်းဖြစ်ပြီး၊ ဦးခေါင်းက သူ၏အောက်တွင် ကြောက်စရာ ကောင်းစွာ ခွေခေါက်နေ၏။ အနေအထားက ထူးဆန်းလွန်းသဖြင့် ညည်းတွား သံက သူ၏အသက်ငွေ့ငွေ့ရှိသော ကိုယ်မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်းကို အခိုက်အတန့်အားဖြင့် ကျွန်ုပ် မသိမိပါ။ ကျွန်ုပ်တို့ ငုံ့ကြည့်နေသော မည်းမည်း သဏ္ဌာန်ဆီမှ တီးတိုးသံသော်လည်းကောင်း၊ သဲ့သဲ့အသံသော်လည်းကောင်း၊ ထွက်ပေါ်လာခြင်း မရှိပါ။ ဟုမ်းက သူ့အပေါ်ကို လက်တင်လိုက်ပြီး၊ ထိတ်လန့် စွာ အာမေဋိတ်ပြုလျက်၊ လက်ကိုပြန်ရုတ်သိမ်းလိုက်၏။ သူခြစ်လိုက်သော မီးခြစ်ဆံ မီးက တင်းမာနေသော သူ့လက်ချောင်းများနှင့် သားကောင်၏ ကွဲ ကြေနေသော ဦးခေါင်းမှ တဖြည်းဖြည်း စီးကျနေသော ကြောက်စရာ သွေးဆိုင် ပေါ်သို့ အလင်းကျရောက်နေ၏။ ၎င်းက ကျွန်ုပ်တို့ကို ပျို့အံ့၏ မူးနောက်သွား စေသည့် အခြားတစ်စုံတစ်ရာပေါ်သို့လည်း အလင်းကျရောက်နေ၏။ ဆာဟင် နရီဘာစ်ကာဗီးလ်၏ အလောင်းပင်ဖြစ်၏။

ထူးခြားသော အနီရောင်ဤ "တွီ" ဝတ်စုံကို ကျွန်ုပ်တို့ တစ်ယောက် ယောက် မေ့ဖို့ရန်အကြောင်း မရှိပါ။ ဘေကာလမ်းတွင် သူ့ကို ကျွန်ုပ်တို့ တွေ့ မြင်ခဲ့ရသည့် ပထမဦးဆုံးမနက် သူဝတ်ခဲ့သော ဝတ်စုံဖြစ်၏။ ၎င်းကို ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ရှင်းရှင်းလင်းလင်း မြင်လိုက်ကြရ၏။ ထို့နောက် မီးခြစ်ဆံမီးက တဟုတ်ဟုတ် လောင်ကျွမ်းပြီးနောက် ငြိမ်းသွားသည်မှာ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များ လွင့်ပျောက်သွားသည့်အလား ဖြစ်၏။ ဟုမ်းက ရေရွတ်လိုက်ပြီး သူ၏မျက်နှာ က အမှောင်ထဲတွင် ဖွေးဖွေးထင်နေ၏။

'တိရစ္ဆာန် … တိရစ္ဆာန်" ကျွန်ုပ်က လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါ ဆုတ်လျက်အော်လိုက်၏။ 'အို ဟုမ်း၊ သူ့ရဲ့ကံကြမ္မာကို ကျွန်တော် မျက်နှာလွဲ၊ ခဲပစ်လုပ်ခဲ့မိတာ ကျွန်တော့်ကို ကျွန်တော် ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး'

'ခင်ဗျားထက် ကျွန်တော်ကို ပိုပြီး အပြစ်တင်ရမှာပါ ဝပ်ဆန်၊ ကျွန်တော်ရဲ့ အမှုကို ပြီးပြည့်စုံဖို့အတွက် ကျွန်တော်အမှုသည်ရဲ့ အသက်ကို ကျွန်တော် စွန့်လွှတ်လိုက်ရတယ်။ ကျွန်တော်ရဲ့ အသက်မွေးကြောင်းဘဝတစ်လျှောက် ကျွန်တော် တွေ့ကြုံခဲ့ရသမျှမှ ဒါက အကြီးကျယ်ဆုံး ထိုးနှက်ချက်ပါ။ ဒါပေမယ့် ကျွန်တော် သတိပေးထားပါရက်နဲ့ တောရိုင်းမြေပေါ်မှာ တစ်ယောက်တည်း သူ့အသက်ကို သူဘာကြောင့် အန္တရာယ်အဖြစ် ခံသလဲဆိုတာ ကျွန်တော် ဘယ်လိုလုပ်နားလည်ရပါ့မလဲ၊ ဘယ်လိုလုပ်နားလည်ရပါ့မလဲ'

'သူ့ရဲ့အော်သံတွေကို ကျွန်တော်တို့ ကြားလိုက်ရတာပဲ။ ဘုရားရေ ဒီအော်သံတွေ၊ ဒါပေမယ့် သူ့ကို ကျွန်တော်တို့ မကယ်နိုင်ပါဘူး။ သူ့ကို သေအောင် လုပ်နိုင်တဲ့ ဒီတိရစ္ဆာန်ခွေးဘယ်မှာလဲ၊ ဒီအခိုက်အတန့်မှာ ဒီကျောက်တုံးတွေကြားမှာ ဒီကောင်ပုံနေနိုင်တယ်။ စတာပလက်တန်ကော သူဘယ်မှာလဲ ဒီအတွက် သူအဖြေပေးပါလိမ့်မယ်'

'သူဖြေပါလိမ့်မယ်။ ဒါကို ကျွန်တော် ကြည့်မယ်။ ဦးလေးနှင့်တူ ကတော့ အသတ်ခံလိုက်ရပြီ၊ တစ်ယောက်ကတော့ စုန်းကဝေလို သူထင်တဲ့၊ တိရစ္ဆာန်တစ်ကောင်ကို မြင်ရဖို့အကြောက်အကန် ပြေးယင်းနဲ့ အဆုံးသတ်သွားရှာရတယ်။ ဒါပေမယ့် ဒီရိစ္ဆာန်နဲ့ ဒီလူအကြားဆက်နွယ်မှုကို အခု ကျွန်တော်တို့ သက်သေပြရမယ်။ ဆာဟင်နရီက အထင်အရှားကို ပြုတ်ကျရာက သေရတာကြောင့်၊ တိရဏစ္ဆာန်ရှိနေတာကို ကျွန်တော်တို့ ကြားရတာကလွဲလို့ သက်သေပြနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် သူက ကောက်ကျစ်တာကြောင့် နောက်တစ်ရက် မကုန်ခင် ဒီလူ ကျွန်တော်ရဲ့လက်ထဲကို ရောက်သင့်တယ်'

ကျွန်ုပ်တို့၏ ရှည်လျားနွမ်းနယ်ဖွယ်ကောင်းသော လုပ်ဆောင်ချက်များကို သနားစဖွယ်အဆုံးသတ်သွားစေသည့် ရုတ်တရက် မရှောင်လွှဲသာသော ဤဒုက္ခက လွှမ်းမိုးလျက်၊ ခွေခေါက်နေသော အလောင်းတစ်ဖက်တစ်ချက်တွင် ခါးသီးစွာ ကျွန်ုပ်တို့ ရပ်နေကြ၏။ ထို့နောက် လသာလာသောအခါ ကျွန်ုပ်တို့၏ သနားစရာ မိတ်ဆွေပြုတ်ကျခဲ့သော ကျောက်တုံးထိပ်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့တက်ကြပြီး၊ ငွေရောင်တစ်ဝက်အမှောင်တစ်ဝက်ဖြင့် အရိပ်ကျနေသော တောရိုင်းမြေကို ၎င်းအပေါ်မှ ကျွန်ုပ်တို့ လှမ်းကြည့်ကြ၏။ 'ဂရစ်ပင်' ဘက်၊ မိုင်အတော်ဝေးဝေးတွင် တည်ငြိမ်နေသော အဝါရောင်မီးတစ်ပွင့်က လင်းလက်နေ၏။ ၎င်းက စတာပလက်တန်၏ အထီးကျန် အိမ်မှ သာလာနိုင်၏။ ကျွန်ုပ်က လှမ်းကြည့်နေစဉ် ခါးသီးစွာဆဲရေးလျက် ၎င်းကို လက်သီးဖြင့်ရမ်းပြ၏။

'သူ့ကို ကျွန်တော်တို့ ဘာကြောင့် ချက်ချင်း မဖမ်းသလဲ'

'ကျွန်တော်တို့ရဲ့ အမှုက မပြီးသေးဘူး။ ဒီလူက ပါးနပ်ပြီး ဉာဏ်များတယ်။ ဒါက ကျွန်တော်တို့ သိတာ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ သက်သေပြနိုင်တယ်။ ကျွန်တော်တို့ လှုပ်ရှားမှုတစ်ချက်မှားယင် ဒီလူဆိုးကို ကျွန်တော် လွတ်သွားနိုင်သေးတယ်'

'ကျွန်တော်တို့ ဘာလုပ်ကြမလဲ'

'မနက်ဖြန်မှာ ကျွန်တော်တို့ လုပ်စရာတွေ အများကြီး ရှိတယ်။ ဒီညမှာ ကျွန်တော်တို့ရဲ့ သနားစရာ မိတ်ဆွေအသုဘအခမ်းအနားပဲ ကျွန်တော်တို့ လုပ်ရမှာပဲ'

မတ်စောက်သော ဆင်ခြင်လျှောတစ်လျှောက် ကျွန်ုပ်တို့ အတူတကွ ဆင်းလာကြပြီး ငွေရောင်တောက်နေသော ကျောက်တုံးများနှင့် ဆန့်ကျင်လျက် မည်းမည်းထင်ထင် ဖြစ်နေသည့် အလောင်းဆီသို့ ကျွန်ုပ်တို့ ချဉ်းကပ်လာကြ၏။ ရုံ့ရွဲ့နေသော ဤခြေလက်များ၏ ဝေဒနာဒဏ်က ကျွန်ုပ်ကို နာကျင်စွာ ရိုက်ခတ်ပြီး၊ ကျွန်တော်၏ မျက်လုံးများကို မျက်ရည်များဖြင့် ဝါးသွားစေ၏။

'ကျွန်တော်တို့ အကူအညီသွားတောင်းရမယ် ဟုမ်း၊ "ဟော" အိမ်ကို သူ့ကို တစ်လမ်းလုံး ကျွန်တော်တို့ သယ်သွားနိုင်မှာ မဟုတ်ဘူး။ ဘုရားရေ ခင်ဗျား ရူးနေပြီလား' သူက တစ်ချက်အော်ဟစ်လိုက်ပြီး အလောင်းပေါ် ကိုယ်ကို ကိုင်းလိုက်၏။ ယခု သူက ကိုယ်ကို လှုပ်ရမ်း၍ ရယ်မောပြီး ကျွန်ုပ်၏ လက်ကို ဖြစ်ညှစ်လိုက်၏။ ၎င်းက စိတ်ကြံ့ခိုင်သော ကျွန်ုပ်၏ မိတ်ဆွေဖြစ်နိုင်သလော၊ ၎င်းတို့က အမှန်ပင် ဖုံးကွယ်နေသော မီးပွားများဖြစ်၏။

'မုတ်ဆိတ်မွေးတွေ၊ မုတ်ဆိတ်မွေးတွေ၊ ဒီလူက မိတ်ဆိတ်မွေးတွေ ရှိတယ်'

'မုတ်ဆိတ်မွေးတွေလား'

'ဒါက မြေပိုင်ရှင်ကလေး မဟုတ်ဘူး၊ ဟုတ်တယ်။ ဒါက ကျွန်တော် အနားမှာ နေတဲ့ ရာဇဝင်ကောင်'

ကမန်းကတန်းဖြင့် အလောင်းကို ကျွန်ုပ်တို့ ဆွဲလှမ်းကြပြီး၊ အေးမြကြည်လင်သော လရောင်အောက်တွင် မုတ်ဆိတ်မွေးများက ထိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထောင်ဖြစ်နေကြ၏။ မောက်သောနဖူးနှင့် ချိုင့်ဝင်နေသော တိရစ္ဆာန်မျက်လုံး များက သံသယ ဖြစ်စရာမရှိပါ။ ၎င်းက အမှန်တကယ်ပင် ကျောက်တုံးပေါ်ရှိ ဖယောင်းတိုင်မီးအလင်းရောင်ဖြင့်ကျွန်ုပ်ကိုစိုက်ကြည့်ခဲ့သော ထိုမျက်နှာပင် ဖြစ်၏။ ရာဇဝတ်ကောင် ရှယ်လ်ဒန်၏ မျက်နှာဖြစ်၏။

ထို့နောက် ခဏအတွင်း ၎င်းက ကျွန်ုပ်အတွက် အားလုံး ရှင်းလင်းလာ၏။ မြေပိုင်ရှင်ကလေးက သူ၏ ဝတ်ရုံအင်္ကျီဟောင်းကို ဘာရီမိုးအား ပေးခဲ့ကြောင်း၊ သူပြောပြခဲ့ပုံကို ကျွန်ုပ် သတိရမိ၏။ ရှယ်လ်ဒန်လွတ်မြောက်ရန် ကူညီသောအားဖြင့် ဘာရီမိုးက ၎င်းကို လက်ဆင့်ကမ်းခဲ့၏။ ဘွတ်ဖိနပ်၊ ရှပ်အင်္ကျီ၊ ကက်ဦးထုပ်အားလုံးက ဆာဟင်နရီ၏ ပစ္စည်းများဖြစ်၏။ အဖြစ်အပျက်က ကြေကွဲစရာကောင်းဆဲဖြစ်၏။ သို့သော် ဤလူသည် သူ့နိုင်ငံ၏ ဥပဒေအရ သေဒဏ်ကို ထိုက်တန်စွာတော့ ခံခဲ့ရပေပြီ။ ကျေးဇူးတင်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ဖြင့် ရင်တလှပ်လှပ်ခုန်လျက်၊ အခြေအနေမည်သို့ ရှိပုံကို ဟုမ်းအား ကျွန်ုပ်ပြောပြ၏။

'ဒါဖြင့်ယင် ဒီအဝတ်အစားတွေက ဒီမိစ္ဆာလေး သေဖို့ဖြစ်လာတာပေါ့' သူက ပြော၏။ 'ဆာဟင်နရီရဲ့ ပစ္စည်းတချို့နဲ့ (ဟိုတယ်မှာ အခိုးခံရတဲ့ ဘွတ်ဖိနပ်တို့ ဖြစ်နိုင်တာ အားလုံးပေါ့) အမဲလိုက်ခွေးကို အနံ့ခံခိုင်းပြီး၊ ဒီလိုနဲ့ ဒီလူနောက်ကို လိုက်တာ ရှင်းတယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ ရှယ်လ်ဒန်အနေနဲ့ အမှောင်ထဲမှာ အမဲလိုက်ခွေး သူ့နောက်လိုက်တာကို ဘယ်လို လုပ်သိသလဲ'

'ဒီခွေးကို သူကြားလို့ပေါ့'

'တောရိုင်းမြေပေါ်မှာ အမဲလိုက်ခွေးတစ်ကောင်အသံကို ကြားရလို့၊ ဒီလိုမာကြောတဲ့ ရာဇဝတ်ကောင်အနေနဲ့၊ အကြောက်အကန်နဲ့ အတင်းအကူအညီ အော်ခေါ်ပြီး၊ ပြန်အဖမ်းခံရဖို့ စွန့်စားမှာ မဟုတ်ဘူး။ ဒီတိရစ္ဆာန်က သူ့နောက်ကို လိုက်နေတာကို သူသိပြီးတဲ့နောက်မှာ အော်ဟစ်ယင်း၊ သူတော်တော်ဝေးဝေးပြေးခဲ့ရမယ်။ သူဘယ်လိုလုပ်သိသလဲ'

'ကျွန်တော် ဘာမှ မယူဆပါဘူး'

'ကဲ ဒါဖြင့်ယင် ဘာကြောင့် ဒီအမဲလိုက်ခွေးက ဒီညမှ လွတ်ရသလဲ၊ ဒီတောရိုင်းမြေပေါ်မှာ သူက အမြဲတမ်းလျှောက်ပြေးမနေဘူးလို့ ကျွန်တော် ထင်တယ်။ ဆာဟင်နရီ အဲဒီမှာ ရှိမယ်လို့ စတာပလက်တန် ထင်ဖို့အကြောင်း မရှိယင် သူ့ကိုသူ လွှတ်မှာ မဟုတ်ဘူး'

'ကျွန်တော်ရဲ့ အခက်အခဲက ဒီနှစ်ခုထက် ပိုကြောက်ဖို့ ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားရဲ့ အခက်အခဲကို အလွန်မကြာခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှင်းလင်းချက်ရမယ်လို့ ကျွန်တော် ထင်ပေမယ့်၊ ကျွန်တော်ရဲ့ အခက်အခဲတွေက အမြဲတမ်း ပဟေဠိ ဖြစ်နေနိုင်တယ်။ အခုပြဿနာက ဒီလူမိုက်အလောင်းနဲ့ ကျွန်တော်တို့ ဘာလုပ်မလဲဆိုတာပါပဲ။ မြေခွေးတွေ လင်းတတွေအတွက် ဒါကို ကျွန်တော်တို့ ဒီမှာ ထားခဲ့လို့ မဖြစ်ဘူး'

'ပုလိပ်တွေနဲ့ ကျွန်တော်တို့ အဆက်အသွယ်ရတဲ့အထိ၊ ဒီအလောင်းကို ဒီတဲတစ်ခုထဲမှာ ကျွန်တော်တို့ ထားနိုင်မယ်လို့ ကျွန်တော် ထင်တယ်'

'အတိအကျပဲပေါ့၊ ခင်ဗျားနဲ့ ကျွန်တော် ဒီအလောင်းကို ဒီလောက်အထိ သယ်နိုင်မယ်လို့ ကျွန်တော် ထင်တယ်။ ခင်ဗျားရဲ့ မယုံသင်္ကာမှုတွေကို စကားတစ်လုံးမှ မထွက်ပါနဲ့၊ စကားတစ်လုံးမဟပါနဲ့၊ နို့မဟုတ်ယင် ကျွန်တော်ရဲ့ အစီအစဉ်တွေအားလုံး ပြိုကွဲသွားလိမ့်မယ်'

လူရိပ်တစ်ခုက တောရိုင်းမြေပေါ်မှ ကျွန်ုပ်တို့ အနားသို့ ချဉ်းကပ်လာ၏။ ဆေးပြင်းလိပ်မီးရဲရဲကို ကျွန်ုပ် တွေ့မြင်ရပါ။ လက သူ့အပေါ်သို့ ထိန်ထိန်သာနေပြီး၊ သဘာဝချစ်မြတ်နိုး သူ၏ ဖြတ်လတ်သော ပုံသဏ္ဌာန်နှင့် ဝင့်ကြွားသော လမ်းလျှောက်ပုံကို ကျွန်ုပ် ခွဲခြားနိုင်၏။ သူက ကျွန်ုပ်တို့ကို မြင်ရသောအခါ ရပ်တန့်သွား၏။ ထို့နောက် တစ်ဖန်ဆက်လက်လာပြန်၏။

'အို ဒေါက်တာ ဝပ်ဆန်၊ ခင်ဗျား မဟုတ်ပါဘူး ဟုတ်လား၊ ညဘက်ဒီလိုအချိန်မှာ ခင်ဗျားကို တောရိုင်းမြေပေါ်မှ တွေ့မြင်ရဖို့ ကျွန်တော် မမျှော်လင့်ပါဘူး။ ဒါပေမယ့် နေပါဦး၊ ဒါက ဘာလဲ၊ တစ်ယောက်ယောက် အနာတရဖြစ်နေသလား။ ဟင့်အင်း။ ဒါက ကျွန်တော်တို့ရဲ့ မိတ်ဆွေ၊ ဆာဟင်နရီဆိုတာ ခင်ဗျား မပြောပါနဲ့' သူက ကျွန်ုပ်ကို အလျင်စလို ကျော်ဖြတ်ပြီး၊ သေနေသော လူအပေါ်သို့ ကိုယ်ကိုကိုင်းလိုက်၏။ သူ အသက်ပြင်းပြင်း တစ်ချက်ရှိုက်လိုက်သံကို ကျွန်ုပ်ကြားရပြီး၊ ဆေးပြင်းလိပ်က သူ့လက်ကြားမှ ပြုတ်ကျသွား၏။

'ဒါ ဒါဘယ်သူလဲ' သူက အထစ်ထစ် အငေါ့ငေါ့ ပြော၏။

'ဒါရှယ်လ်ဒန်ပါ။ ပရင့်စ်တောင်းက ထွက်ပြေးလာတဲ့လူပါ'

စတာပလက်တန်က ထိတ်လန့်နေသော မျက်နှာဖြင့် ကျွန်ုပ်တို့ဘက်သို့ လှည့်လိုက်၏။ သို့သော် အလွန့်အလွန် ကြိုးစားမှုပြုလျက် သူ၏ အံ့ဩမှုနှင့် စိတ်ပျက်မှုတို့ကို သူဖုံးကွယ်စားနိုင်၏။ သူက ဟုမ်းထံမှ ကျွန်ုပ်ဆီသို့ စူးစူးရှရှကြည့်လိုက်၏။

'ဘုရားရေ၊ ထိတ်လန့်စရာကောင်းလှချီလား၊ သူ ဘယ်လိုလုပ် သေသွားသလဲ'

'ဒီကျောက်တုံးပေါ်က ပြုတ်ကျလို့၊ သူ ဇက်ကျိုးသွားပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အော်သံကို ကျွန်တော်တို့ ကြားရတော့၊ ကျွန်တော်နဲ့ ကျွန်တော်ရဲ့ မိတ်ဆွေက တောရိုင်းမြေပေါ်မှ လမ်းလျှောက်နေကြတယ်'

'ကျွန်တော်လည်း အော်သံကြားရတယ်။ ဒါကြောင့် ကျွန်တော် ထွက်လာတာ။ ဆာဟင်နရီနဲ့ ပတ်သက်ပြီး ကျွန်တော် မသက်မသာဖြစ်မိတယ်'

'ဘာကြောင့် ဆာဟင်နရီနဲ့ ပတ်သက်ပြီး၊ အထူးတလှယ်ဖြစ်နေတာလဲ' ကျွန်ုပ်က မမေးဘဲမနေနိုင်ပါ။

'သူ လာလိမ့်မယ်လို့၊ ကျွန်တော် ထင်တာကြောင့်ပါ။ သူမ လာတော့ ကျွန်တော် အံ့သြသွားတယ်။ တောရိုင်းမြေပေါ်က အော်သံကို ကျွန်တော်ကြားရတော့ သဘာဝအားဖြင့် သူ့ရဲ့လုံခြုံမှုအတွက် ကျွန်တော် စိုးရိမ်သွားတယ်။ ဒါနဲ့ စကားမစပ် သူ၏ မျက်လုံးများက ကျွန်ုပ်၏ မျက်နှာထံမှ ဟုမ်းဆီသို့ ရွေ့လျားသွား၏။ 'သြော် သံအပြင် အခြားတစ်စုံတစ်ရာကို ခင်ဗျား ကြားရသလား'

'မကြားပါဘူး' ဟုမ်းက ပြော၏။ 'ခင်ဗျား ကြားသလား'

'မကြားပါဘူး'

'ဒါဖြင့်ယင် ခင်ဗျား ဘာဆိုလိုတာလဲ'

'အို လယ်သမားတွေ ပြောနေကြတဲ့ တခွေခွေကြီး အကြောင်းကြောင့် ခင်ဗျား သိပါတယ်။ အဲဒါက ညဘက်၊ တောရိုင်းမြေပေါ်မှ ကြားရတယ်လို့ ပြောကြတယ်။ ဒီညမှာ အဲဒီလို အသံမျိုးသက်သေ အထောက်အထားရှိသလားဆိုတာ ကျွန်တော် စဉ်းစားမိလို့ပါ'

'ဒါမျိုး ကျွန်တော်တို့ မကြားရပါဘူး' ကျွန်ုပ်က ပြော၏။

'ဒီလူ သေရတာကို ခင်ဗျား ဘယ်လို ယူဆသလဲ'

'စိုးရိမ်ပူပန်မှုရယ်၊ လူအမြင်ခံရမှုရယ်ကြောင့်၊ သူက ဘာလုပ်မိလို့ လုပ်မိမှန်းမသိဖြစ်သွားတယ်လို့ ကျွန်တော် ပြောရဲတယ်။ ရူးရူးမိုက်မိုက် တောရိုင်းမြေပေါ်မှာ သူလျှောက်ပြေးပြီး၊ ဒီနေရာက ပြုတ်ကျလို့ ဇက်ကျိုးသွားတယ်'

'ဒါက ဆီလျော်မှု အရှိဆုံး ယူဆချက်ဖြစ်ဟန်တူပါတယ်' စတာပလက်တန်က ပြောပြီး၊ ကျွန်ုပ် ထင်မိသလို စိတ်သက်သာရာရဟန်ဖြင့် သူက သက်ပြင်းချလိုက်၏။ 'ဒါကို ခင်ဗျား ဘယ်လိုထင်သလဲ။ မစ္စတာ ရှားလော့ဟုမ်းပါ'

ကျွန်ုပ်၏ မိတ်ဆွေက သဘောတူကြောင်း ခေါင်းညိတ်လိုက်၏။

'ခင်ဗျားက လူကဲခတ်တဲ့ နေရာမှာ မြန်တယ်' သူက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ ဝပ်ဆန် ရောက်လာကတည်းက ဒီကိစ္စမှာ ခင်ဗျားကို ကျွန်တော်တို့ မျှော်နေတာပါ။ ကြေကွဲစရာအဖြစ်အပျက်ကို တွေ့မြင်ဖို့ အချိန်မီ ပါတယ်'

'ဟုတ်တယ် တကယ်ပါ။ ကျွန်တော် မိတ်ဆွေရဲ့ ရှင်းလင်းချက်တွေက အချက်အလက်တွေ အားလုံးကိုကာ မိလိမ့်မယ်ဆိုတာ၊ ကျွန်တော် သံသယ မရှိပါဘူး။ မနှစ်မြို့ဖွယ်ရာ အမှတ်ရမှုကို မနက်ဖြန်ကျယင် လန်ဒန်ကို ကျွန်တော် ပြန်လည်ယူဆောင်သွားပါမယ်'

'အို မနက်ဖြန် ခင်ဗျား ပြန်မှာလား'

'ဒါက ကျွန်တော် ရည်ရွယ်ထားတာပါ'

'ကျွန်တော်တို့ကို ပဟေဠိဖြစ်နေစေတဲ့ ဒီအဖြစ်အပျက်တွေ အပေါ် ခင်ဗျားရဲ့ လည်ပတ်မှုက မီးမောင်းထိုးပြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်'ဟုမ်းက ပခုံးတွန့်၏။

'လူတစ်ယောက်ဟာ သူမျှော်လင့်သလို အစဉ်အမြဲ အောင်မြင်မှု မရနိုင်ပါဘူး။ စုံစမ်းစစ်ဆေးသူတစ်ဦးဟာ အဖြစ်အပျက် အချက်အလက်တွေပဲ လိုပါတယ်။ ဒဏ္ဍာရီတွေ ယုံတမ်းစကားတွေ မလိုပါဘူး။ ဒါက နှစ်သက်စရာ ကောင်းတဲ့အမှု မဟုတ်ပါဘူး'

ကျွန်ုပ်၏ မိတ်ဆွေက အပွင့်လင်းဆုံး အမှတ်တမဲ့ဟန် အရှိဆုံး အမူအရာဖြင့် ပြော၏ စတာပလက်တန်က သူ့ကို ခပ်တင်းတင်းကြည့်နေဆဲ ဖြစ်၏။ ထို့နောက် သူက ကျွန်ုပ်ဘက်သို့ လှည့်လိုက်၏။

'ဒီသနားစရာလူကို ကျွန်တော်ရဲ့ အိမ်ဆီသယ်သွားဖို့ ကျွန်တော် ကြံမိပါတယ်။ ဒါပေမယ့် ကျွန်တော်ရဲ့ညီမကို အလွန်ထိတ်လန့်စေမှာမို့၊ ဒီလို လုပ်ဖို့ ကျွန်တော် မသင့်ဘူးလို့ ထင်တယ်။ သူ့ရဲ့မျက်နှာပေါ်ကို ကျွန်တော်တို့ တစ်ခုခု တင်ထားယင်၊ မနက်အထိ သူ့အတွက် စိတ်ချရမယ်လို့ ကျွန်တော် ထင်တယ်'

ဤသို့ဖြင့် ၎င်းကို စီစဉ်ကြ၏။ စတာပလက်တန်၏ ဖော်ရွေသော ကမ်းလှမ်းမှုကို ငြင်းဆန်လျက် ဟုမ်းနှင့် ကျွန်ုပ်က ဘာစ်ကာဗီးလ်အိမ်ကို ထွက်ခွာသွားကြပြီး သဘာဝချစ်မြတ်နိုးသူကို တစ်ဦးတည်း လှည့်ပြန်စေခဲ့၏။ နောက် ပြန်လှည့်ကြည့်သောအခါ ကျယ်ပြန့်သော တောရိုင်းမြေပေါ်တွင် တဖြည်းဖြည်း အဝေးသို့ ရွေ့လျားသွားသော လူရိပ်ကို ကျွန်ုပ်တို့ တွေ့မြင်ရပြီး၊ သူ၏ နောက်တွင် အမည်းရောင်အမှတ်အသားတစ်ခုက ငွေရောင်တောက်နေသော တောင်ကောင်းပေါ်တွင် ရှိနေ၍ ကြောက်လန့်ဖွယ်ကောင်းစွာ ထိုလူနိဂုံးသတ်ရပြီး လဲလျောင်းနေသည့် နေရာကို ဖော်ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

# ပိုက်ကွန်များ တပ်ဆင်ခြင်း

'နောက်ဆုံးတော့ ကျွန်တော်တို့ အနီးကပ် တိုက်ခိုက်ရတော့မယ်' တောရိုင်းမြေကို ဖြတ်လျက်၊ ကျွန်ုပ်တို့ လမ်းလျှောက်လာကြစဉ် ဟုမ်းက ပြော၏။ 'ဒီလူ ဘယ်လောက်တုန်လှုပ်သွားသလဲ။ သူ့ရဲ့ ဇာတ်ကွက်မှာ သားကောင်က မှားနေတာကို သူတွေ့မြင်တဲ့အခါ သူအရမ်းကို ထိတ်လန့်တုန်လှုပ်သွားတယ်။ ဒီလို ရဲရဲဝံ့ဝံ့ တိုက်ခိုက်တတ်တဲ့ ရန်သူမျိုးကို ကျွန်တော်တို့ ဘယ်တော့မှ တွေ့ရမှာ မဟုတ်ဘူးဆိုတာ၊ လန်ဒန်မှာ ခင်ဗျားကို ကျွန်တော် ပြောခဲ့ပါတယ်။ ဝပ်ဆန်၊ အခုလည်း ကျွန်တော် ထပ်ပြောပါ့မယ်'

'ခင်ဗျားကို သူမြင်သွားတာ၊ ကျွန်တော် ဝမ်းနည်းပါတယ်'

'အစ ပထမတော့ ကျွန်တော်လည်း ဒီလိုပါပဲ။ ဒါပေမယ့် ဒီအထဲက ထွက်နိုင်ဖို့ မရှိပါဘူး'

'ခင်ဗျား ဒီမှာရှိတာကို အခု သူသိသွားတော့ သူ့ရဲ့အစီအစဉ်တွေကို ဘာအကျိုးသက်ရောက်မှုရှိမယ်လို့ ခင်ဗျား ထင်သလဲ'

'ဒါက သူ့ကို ပိုပြီးသတိထားစေဖို့၊ ဖြစ်လာချင်ဖြစ်လာမယ်။ ဒါမှမဟုတ် သူတစ်ခါတည်း အဆုံးစွန်လုပ်ချင်လုပ်သွားလိမ့်မယ်။ အပါးနပ်ဆုံးရာဇဝတ်ကောင်တွေလို့ သူ့ရဲ့ပါးနပ်မှုအပေါ် သူယုံကြည်မှုအလွန်ထားပြီး၊ ကျွန်တော်တို့ကို သူ လုံးဝလှည့်စားနိုင်လိမ့်မယ်လို့ သူထင်ချင်ထင်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကို ကျွန်တော်တို့ ဘာကြောင့် ချက်ချင်း မဖမ်းတာလဲ'

'မိတ်ဆွေကြီး ဝပ်ဆန်၊ ခင်ဗျားက လှုပ်ရှားဖို့ မွေးဖွားလာတဲ့လူပါ။ ခင်ဗျားရဲ့ အသိစိတ်က အမြဲတမ်းပဲ တစ်စုံတစ်ရာ စွမ်းအား ထက်မြက်တဲ့ အရာကို ပြုလုပ်ဖို့ပါ။ ဒါပေမယ့် ငြင်းခုန်ကြရလို့ ဒီညမှာ သူ့ကို ကျွန်တော်တို့ ဖမ်းကြပြီဆိုယင်၊ ကျွန်တော်တို့အတွက် ဘာပိုကောင်းလာမလဲ၊ သူ့ကို ဆန့်ကျင် သက်သေပြဖို့ ကျွန်တော်မှာ ဘာမှ မရှိဘူး။ မိစ္ဆာရဲ့ ကောက်ကျစ်စဉ်းလဲမှုတွေရှိနေတယ်။ သူက လူသားကိုယ်စားလှယ်တစ်ယောက်နဲ့ ဆောင်ရွက်နေတာဆိုယင် ကျွန်တော်တို့ အထောက်အထားတချို့ရနိုင်ပါတယ်။ ဒါပေမယ့် ဒီခွေးကြီးကို နေ့ခင်းကြောင်တောင်မှာ ဆွဲထုတ်လာရမယ်ဆိုယင်၊ ဒါက သူ့သခင်ရဲ့လည်ပင်းကို ကြိုးကွင်းစွပ်ဖို့အတွက် ကျွန်တော်တို့ကို အကူအညီပေးမှာ မဟုတ်ပါဘူး'

'အသေအချာပဲ၊ ကျွန်တော်တို့အမှုတစ်ခုရပြီ'

'မရေမရာအမှုပဲ ဖြစ်မယ်။ ဒီလို ဇာတ်လမ်းတစ်ခုနဲ့ ဒီလို အထောက်အထားတွေနဲ့ ကျွန်တော်တို့လာမယ်ဆိုယင်၊ တရားရုံးမှာ ကျွန်တော်တို့ ရယ်စရာဖြစ်နေလိမ့်မယ်'

'ဆာချားလ် သေဆုံးတာရှိတယ်'

'သူ့အပေါ်မှာ အမှတ်အသားမရှိဘဲ၊ သေနေတာတွေ့ရတယ်။ ထိပ်လန့်မှု သက်သက်နဲ့ သူသေခဲ့တာကို ခင်ဗျားနဲ့ ကျွန်တော် သိတယ်။ ဘာက သူ့ကို ခြောက်လန့်ခဲ့တယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိတယ်။ ဒါပေမယ့် အေးတိအေးစက်နိုင်တဲ့ ခုံရုံးလူကြီး (၁၂) ယောက်ကို ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ဒီအကြောင်း သိစေနိုင်မလဲ အမဲလိုက်ခွေးရဲ့၊ လက္ခဏာတွေက ဘာတွေရှိသလဲ၊ သူ့ရဲ့ ခြေရာအမှတ်အသားတွေက ဘယ်မှာလဲ။ သေနေတဲ့ အလောင်းတစ်လောင်းကို အမဲလိုက်ခွေးက မကိုက်ဘူးဆိုတာရယ်။ ဒီတိရစ္ဆာန်က သူ့ကို မိခင်ကတည်းက ဆာချားလ် သေနေပြီဆိုတာရယ်ကို ကျွန်တော်တို့ သိထားတာ အမှန်ပါ။ ဒါပေမယ့် ဒါတွေ အားလုံး၊ ကျွန်တော်တို့ သက်သေပြရမယ်။ ကျွန်တော်တို့ ဒီလိုလုပ်နိုင်မယ့် အနေအထားမှာ မရှိပါဘူး'

'အင်း ဒါဆို၊ ဒီညကော'

'ဒီညလည်း ကျွန်တော်တို့ အတွက် သိပ်မကောင်းလှသေးဘူး။ နောက်တစ်ဖန် အမဲလိုက်ခွေးနဲ့ ဒီလူသေဆုံးရမှုအကြား တိုက်ရိုက်ဆက်သွယ်မှု မရှိပါဘူး။ အမဲလိုက်ခွေးကို ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးပါဘူး။ သူ့ကို ကျွန်တော်တို့ ကြားတယ် ဒါပေမယ့် ဒီလူရဲ့ ခြေရာနောက်ကို သူပြေးလိုက်နေတယ်ဆိုတာကို ကျွန်တော်တို့ သက်သေမပြနိုင်ပါဘူး။ အကြောင်းရင်းခံ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မဲ့နေတယ်။ မဖြစ်ဘူး။ မိတ်ဆွေ၊ လောလောဆယ်မှာ ကျွန်တော်တို့အမှု မရှိသေးဘူးဆိုတာရယ်။ အမှုတစ်ခုဆွဲဖို့ကို ကျွန်တောတို့ စွန့်စားကြရလိမ့်မယ်ဆိုတာ ရယ်ကို ကျွန်တော်တို့ သိထားရမယ်'

'ခင်ဗျား ဘယ်လိုလုပ်ဖို့ ရည်ရွယ်ထားသလဲ'

'အဖြစ်အပျက်တွေရဲ့ အနေအထားကို သူမရှင်းရှင်းလင်းလင်း သိရတဲ့အခါ၊ မစ္စစ်လော့ရာလိုင်ရွှန် ကျွန်တော့်အတွက် လုပ်ပေးနိုင်မယ့် အရာကို ကျွန်တော်အများကြီး မျှော်လင့်ထားပါတယ်။ ကျွန်တော်ရဲ့ အစီအစဉ်လည်း ရှိပါတယ်။ မနက်ဖြန်ဆိုယင် ဒီမကောင်းဆိုးဝါးအတွက် လုံလောက်ပါပြီ။ ဒါပေမယ့် မနက်ဖြန် နေမကုန်မီ ကျွန်တော်တို့အသာစီး ရလိမ့်လို့ ကျွန်တော် မျှော်လင့်ပါတယ်'

သူ့ထံမှ ကျွန်ုပ် နောက်ထပ်စကား မနိုက်နိုင်တော့ပါ။ ဘာစ်ကာဗီးလ်အိမ်ခြံတံခါးရောက်သည့်အထိ၊ အတွေးထဲတွင် နစ်မြုပ်လျက် သူလမ်းလျှောက်သွား၏။

'ခင်ဗျား လိုက်လာမလား'

'ဟုတ်ကဲ့ ကျွန်တော် ဆက်လက်ပုန်းကွယ်နေဖို့ အကြောင်း မမြင်တော့ဘူး။ ဒါပေမယ့် နောက်ဆုံးစကားတစ်ခွန်းတော့ ရှိတယ် ဝပ်ဆန်၊ အမဲလိုက်ခွေးအကြောင်း ဆာဟင်နရီကို ဘာမှမပြောပါနဲ့၊ ကျွန်တော်တို့ကို စတာပလက်တန် ယုံကြည်စေခဲ့တဲ့အတိုင်း၊ ရှယ်လ်ဒန် သေဆုံးရတယ်လို့ သူ့ကိုထင်ပါစေ။ ခင်ဗျားရဲ့ အစီရင်ခံစာကို ကျွန်တော် ကောင်းကောင်းမှတ်မိတယ်ဆိုယင်၊ ဒီလူတွေနဲ့ မနက်ဖြန်မှာ သူညစာစားမှာမို့ အဲဒီအခါ၊ သူတွေ့ကြုံရမယ့် အရည်အချင်း စမ်းသပ်ချက်အတွက်၊ သူ့ရဲ့ရင်မှု ရှိနေပါလိမ့်မယ်'

'ကျွန်တော်လည်း ဒီလိုထင်ပါတယ်'

'အဲဒီနောက် ခင်ဗျားက ခွင့်ပန်စကားပြောပြီး၊ သူတစ်ယောက်တည်း သွားရမယ်။ ဒါကို လွယ်လွယ်ကူကူစီစဉ်နိုင်ပါတယ်။ အခု ညစာအတွက် ကျွန်တော်တို့ သိပ်နောက်ကျနေမယ်ဆိုယင်၊ ညဥ့်နက်စာအတွက် ကျွန်တော်တို့ နှစ်ဦးစလုံး အဆင်သင့်ဖြစ်နေပြီလို့ ကျွန်တော် ထင်တယ်'

ဆာဟင်နရီက ရှားလော့ဟုမ်းကို တွေ့မြင်ရသဖြင့် အံ့ဩသွားသည်ထက် ပို၍ကျေနပ်နှစ်သိမ့်သွား၏။ လက်ရှိအဖြစ်အပျက်များက သူ့ကို လန်ဒန်မှ ခေါ်ယူစေလိမ့်မည်ဟု ရက်အတော်ကြာကတည်းက သူမျှော်လင့်နေသောကြောင့်ဖြစ်၏။ သို့သော်လည်း ကျွန်ုပ်၏ မိတ်ဆွေက အဝတ်အစား ဝန်စည်အိတ်လည်း မပါသလို၊ ၎င်းတို့ မပါသည့်အကြောင်းကိုလည်း ရှင်းပြခြင်း မရှိသဖြင့် သူ့မျက်လုံးပြူးသွား၏။ ကျွန်ုပ်တို့၏အကြား သူ၏လိုအပ်ချက်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်ုပ် မကြာခင်ဖြည့်စည်းပေးပြီး၊ နောက်ကျနေသော ညဥ့်နက်စာပြီးဆုံးသောအခါ သူသိသင့်သိထိုက်သည်ဟု ထင်ရသမျှ ကျွန်ုပ်တို့၏ အတွေ့အကြုံအတော်အသင့်ကို မြေပိုင်ရှင်ကလေးအား ကျွန်ုပ်တို့က ရှင်းပြ၏။ သို့သော် ပထမဦးဆုံးအနေဖြင့် ဘာရီမိုးနှင့် သူ၏ဇနီးကို သတင်းဖွင့်ဟပြောရမည်။ မနှစ်မြို့ဖွယ်ရာတာဝန်က ကျွန်ုပ်၌ ရှိနေ၏။ ဘာရီမိုးအတွက်မူ ၎င်းကလုံးဝ စိတ်သက်သာဖွယ်ရာဖြစ်နိုင်၏။ သို့သော် သူမကမူ မျက်နှာကို အင်္ကျီဖြင့်အုပ်လျက်လည်း သည်းထန်စွာ ငိုကြွေး၏။ တစ်လောကလုံးအတွက် သူကတိရစ္ဆာန်တစ်ပိုင်း၊ မကောင်းဆိုးဝါးတစ်ပိုင်း ဖြစ်သည့်အကြမ်းဖက် လူတစ်ယောက် ဖြစ်၏။ သို့သော် သူမအတွက်မူ သူက သူမ၏ မိန်းကလေးဘဝကပူဆာနေတတ်ပြီး၊ သူမ၏လက်ကို တွဲထားတတ်သည့် ကလေးငယ်တစ်ယောက်ကဲ့သို့ အစဉ်အမြဲဖြစ်ခဲ့၏။ မကောင်းဆိုးဝါးဆိုသည်က အမှန်ပင် သူ့အတွက် ငိုကြွေးမြည်းတမ်းမည့် အမျိုးသမီးတစ်ဦးတစ်ယောက်မှ မရှိသောလူသာဖြစ်၏။

'မနက်ပိုင်း ဝပ်ဆန် ထွက်သွားကတည်းက စပြီး၊ တစ်နေ့လုံး အိမ်ထဲမှာ ကျွန်တော် ကြမ်းတိုက်နေတယ်' မြေရှင်ကလေးက ပြော၏။ 'ကျွန်တော်ကတိတည်ခဲ့တဲ့အတွက် ကျွန်တော်အတွက် အကျိုးရှိခဲ့တယ်လို့ ထင်ပါတယ်။ ကျွန်တော် တစ်ယောကတည်း လျှောက်မသွားဖို့ ကတိမပေးခဲ့ယင်လည်း ချစ်စဖွယ် ညနေခင်းကို ကျွန်တော် တွေ့ရနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စတာပလက်တန်က အဲဒီနေရာကိုလာဖို့ ကျွန်တော်ကို ခေါ်ထားတဲ့အမှာစာတစ်ခုကို ကျွန်တော်ရခဲ့တာကြောင့်ပါ။

'ချစ်စဖွယ်ညနေခင်းကို ခင်ဗျား တွေ့ရနိုင်တယ်ဆိုတာ ကျွန်တော် သံသယမရှိပါဘူး' ဟုမ်းက ခြောက်သွေ့စွာပြော၏။ 'ဒါနဲ့စကားမစပ်၊ ခင်ဗျား ဇက်ကျိုးသွားပြီလို့ ထင်ပြီး၊ ခင်ဗျားအတွက် ကျွန်တော်တို့ ပူဆွေးသောကရောက်ခဲ့တာကို ခင်ဗျား တန်ဖိုးထားလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး'

ဆာဟင်နရီက သူ၏မျက်လုံးများကို ဖွင့်လိုက်၏။ 'ဒါက ဘယ်လိုဖြစ်တာလဲ'

'ဒီလူဆိုးက ခင်ဗျားရဲ့ အဝတ်အစားတွေကို ဝတ်ထားတယ်။ သူ့ကို ဒီအဝတ်အစားတွေ ပေးတဲ့ ခင်ဗျားရဲ့ အမှုထမ်း၊ ပုလိပ်တွေနဲ့ ဒုက္ခရောက်မှာ ကျွန်တော် စိုးရိမ်ပါတယ်'

'ဒါကတော့ ဖြစ်နိုင်မယ် မထင်ပါဘူး။ ကျွန်တော် သိရသလောက်တော့ အဲဒီအဝတ်အစားတွေပေါ်မှာ ဘာအမှတ်အသားမှ မရှိပါဘူး'

'ဒါက သူ့အတွက် ကံကောင်းတယ်။ အမှန်တော့ ဒီကိစ္စမှာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တို့ အားလုံးဥပဒေရဲ့ မှားယွင်းတဲ့ အခြမ်းဘက်မှာ ရှိနေတာကြောင့် ခင်ဗျားတို့ အားလုံး ကံကောင်းပါတယ်။ တာဝန်သိတတ်တဲ့ စုံထောက်တစ်ယောက်အနေနဲ့ ကျွန်တော်ရဲ့ ပထမဦးဆုံး တာဝန်က တစ်မိသားစုလုံးကို ဖမ်းဆီးဖို့ မဟုတ်ဘူးဆိုတာ ကျွန်တော် အသေအချာ မပြောနိုင်ပါဘူး။ ဝပ်ဆန်ရဲ့ အစီရင်ခံစာတွေက အပြစ်ရှိကြောင်း ပြသနေတဲ့ စာရွက်စာတမ်းတွေပါ'

'ဒါပေမယ့် အမှုအခြေအနေက ဘယ်လိုလဲ' မြေရှင်ကလေးက မေး၏။ 'သပ္ပတ်အူထဲက ခင်ဗျား တစ်ခုခုထုတ်နိုင်ပြီလား၊ ကျွန်တော်တို့ ရောက်လာကြတည်းက ဝပ်ဆန်နဲ့ ကျွန်တော် သတင်းအချက်အလက်တွေ ကောင်းကောင်းရခဲ့တယ်လို့ ကျွန်တော် မထင်ပါဘူး'

'မကြာခင်မှာ ခင်ဗျားကို အခြေအနေတွေ ပိုရှင်းပြနိုင်မယ့် အနေအထားကို ကျွန်တော် ရောက်လာလိမ့်မယ်လို့ ထင်ပါတယ်။ ဒါက အလွန်ကို ခက်ခဲပြီး အလွန်ကို ရှုပ်ထွေးတဲ့ ကိစ္စပါ။ ကျွန်တော်တို့ အလင်းထိုးကြည့်ရမယ့် အချက်တွေ အများကြီး ရှိပါတယ်။ ဒါပေမယ့် ဒါကတော့ အတူတူပါပဲ'

'ဝပ်ဆန် ခင်ဗျားကို ပြောမှာ သေချာတဲ့အတိုင်းပဲ၊ ကျွန်တော်တို့မှာ အတွေ့အကြုံတစ်ခုရှိပါတယ်။ တောရိုင်းမြေပေါ်က အမဲလိုက်ခွေးအသံကို ကျွန်တော်တို့ ကြားရပါတယ်။ ဒါကြောင့် ဒါက လုံးဝကို စုန်းကဝေ သက်သက် မဟုတ်ဘူးဆိုတာ ကျွန်တော် ကျိန်းသေပြောရဲပါတယ်။ အနောက်ဘက်မှာ ကျွန်တော်ရှိခဲ့တုန်းက ခွေးတွေနဲ့ ကျွန်တော် ပတ်သက်မှုရှိခဲ့တယ်။ ခွေးအသံကို ကျွန်တော် ကြားရယင် အဲဒီခွေးကို ကျွန်တော် သိတယ်။ ဒီတစ်ယောက်ကို ခင်ဗျား ဖမ်းပြီး၊ သံကြိုးခတ်နိုင်ယင် ခင်ဗျားဟာ အကြီးအကျယ်ဆုံး စုံထောက်တစ်ယောက်ဖြစ်တယ်ဆိုတာကို ကျွန်တော် ကျိန်တွယ်ပြောဖို့ အဆင်သင့်ပါပဲ'

'ခင်ဗျား ကျွန်တော်ကို အကူအညီပေးမယ်ဆိုယင်၊ သူ့ကို ကျွန်တော် ကောင်းကောင်းဖမ်းပြီး သံကြိုးခတ်နိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်'

'ခင်ဗျား ခိုင်းသမျှကို ကျွန်တော် လုပ်ပါ့မယ်'

'သိပ်ကောင်းတယ်။ ဘယ်တော့မှ အကျိုးအကြောင်း မမေးဘဲနဲ့၊ မျက်စေ့မှိတ်လုပ်ဖို့၊ ခင်ဗျားကို ကျွန်တော် တောင်းဆိုပါ့မယ်'

'ခင်ဗျား ကြိုက်သလိုပါပဲ'

'ခင်ဗျား ဒီလိုလုပ်မယ်ဆိုယင် ကျွန်တော်တို့ရဲ့ ပြဿနာကလေးကို မကြာခင် ဖြေရှင်းနိုင်ဖို့ အခွင့်အရေးရှိတယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော် အသေအချာ'

သူက ရုတ်တရက် စကားပြောရပ်သွားပြီး ကျွန်ုပ်၏ ဦးခေါင်းပေါ် ကျော်လျက် လေထုထဲသို့ စူးစူးစိုက်စိုက်ကြည့်နေ၏။ မီးအိမ်အလင်းရောင်က



www.burmeseclassic.com

www.burmeseclassic.com



သူ၏ မျက်နှာပေါ်သို့ ကျရောက်နေပြီး၊ ၎င်းက အလွန်အာရုံစူးစိုက်နေပြီး၊ အလွန်တည်ငြိမ်လွန်းလှရာ ၎င်းက ပျော်လင့်ခြင်း၊ စိတ်ထက်သန်ထကြွခြင်းတို့ကို ဖော်ဆောင်ထားသော လက်ရာမြှောက်သည်။ ကျောက်တစ်ရုပ်ထု၊ မျက်နှာနှင့် တူလှတော့၏။

'ဘာလဲ'

ကျွန်ုပ်တို့ နှစ်ဦးစလုံးက အော်ကြ၏။

သူက အောက်စိုက်ကြည့်လိုက်သော် အတွင်းမှ ကြိတ်၍ စိတ်လှုပ်ရှားနေမှုများသူ ဖြစ်နေကြောင်းကို ကျွန်ုပ် မြင်ရ၏။ သူ၏ ဟန်ပန်က ဟန်မပျက်ဖြစ်နေဆဲဖြစ်၏။ သို့သော် သူ၏မျက်လုံးများက ဝမ်းမြောက်ကြည်နပ်မှုများဖြင့် တောက်ပနေ၏။

'အနုပညာခံစားတတ်သူကို ခွင့်လွှတ်ပါ' ဆန့်ကျင်ဘက် နံရံကို ဖုံးကွယ်ထားသော ရုပ်ပုံတန်းဆီသို့ သူက လက်ဝှေ့ယမ်းပြစဉ် ပြော၏။ 'အနုပညာနဲ့ ပတ်သက်လို့ ကျွန်တော်တစ်ခုခု သိတယ်ဆိုတာကို ဝပ်ဆန်က သဘောမတူဘူး။ ဒါပေမယ့် ဒီကိစ္စအပေါ် ကျွန်တော်တို့ရဲ့ အမြင်က ကွဲပြားသောကြောင့် ဒါက မနာလိုမှုသက်သက်ပါ။ အခု တကယ်ကောင်းတဲ့ ရုပ်ပုံတွေ ရှိနေပြီ'

'အင်း ခင်ဗျား ဒီလို ပြောတာကို ကြားရလို့ ကျွန်တော် ဝမ်းသာပါတယ်' ဆာဟင်နရီက ကျွန်ုပ်၏ မိတ်ဆွေကို အံ့သြစွာဖြင့် လှမ်းကြည့်ယင်း ပြော၏။

'ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်တော် သိပ်မသိပါဘူး။ ခတ်ပုံထက် မြင်းတို့၊ နွားတို့ကို ကျွန်တော် ပိုသိတယ်။ ဒီလိုအရာမျိုးအတွက် ခင်ဗျား အချိန်ရလိမ့်မယ်လို့ ကျွန်တော် မသိပါဘူး'

'အဲဒါကို ကျွန်တော် ကြည့်တဲ့အခါ၊ ဘာကောင်းတယ်ဆိုတာကို ကျွန်တော် သိတယ်။ ဒါကို အခု ကျွန်တော် မြင်တယ်။ အဲဒါက 'နဲလာ' ပါ။ ကျွန်တော် ပြောရဲပါတယ်။ ဟိုဘက်က အပြာရောင် သိုးမွှေးအင်္ကျီနဲ့ အမျိုးသမီးလေ ခေါင်းစွပ်နဲ့ ဝဝတုတ်တုတ် လူကြီးမင်းကတော့၊ ရေနိုးလ်ဖြစ်လိမ့်မယ်။ သူတို့တွေအားလုံးက မိသားစုပုံတွေကို ကျွန်တော် ထင်တယ်'

'အားလုံးပဲ'

'နာမည်တွေကို ခင်ဗျား သိသလား'

'ဘာရီမိုးက သူတို့ရဲ့ နာမည်တွေကို ပြောပြထားလို့ ကျွန်တော် ကောင်းကောင်းပြောနိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်'

'မှန်ပြောင်းနဲ့ လူကြီးမင်းက ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူက ရေတပ်ဗိုလ်မှူးဘာစ်ကာဗီးလ်ပါ။ ဝက်အင်ဒီကရောဒ်နီရဲ့ လက်အောက်မှာ သူအမှုထမ်းခဲ့တယ်။ အပြာရောင်ကုတ်အင်္ကျီနဲ့ စာရွက်လိပ်နဲ့ လူက ဆာဝီလီယန်ဘာစကာဗီးလ်ပါ'

'ကျွန်တော်တည့်တည့်က ဒီမြင်းစီးတပ်သားကရော၊ အဝတ်အနက် ခင်းကြောင်းဝတ်စုံနဲ့ လူလေ'

'အာ သူ့အကြောင်းကို ခင်ဗျား သိခွင့်ရှိပါတယ်။ ကံဆိုးမိုးမှောင်ကျ ခြင်းရဲ့ အကြောင်းရင်းက သူပဲ၊ ဘာစ်ကာဗီးလ်အမဲလိုက်ခွေး၊ ဒဏ္ဍာရီကို စခဲ့တဲ့ လူမိုက်ဟူရိုပေါ့ သူ့ကို ကျွန်တော်တို့ မေ့မှာ မဟုတ်ပါဘူး'

ကျွန်ုပ်က စိတ်ဝင်စားခြင်း၊ အံ့သြခြင်းတို့နှင့်အတူ ပုံကို စိုက်ကြည့် လိုက်၏။

'ဘုရားရေ' ဟုမ်းက ပြော၏။ 'သူက အေးဆေးသည်းခံပြီး ပျော့ ပြောင်းတဲ့ အမူအရာရှိပုံရှိတယ်။ ဒါပေမယ့် သူ့ရဲ့မျက်လုံးထဲမှာ ပုန်းအောင်း နေတဲ့၊ မကောင်းဆိုးဝါးရှိတယ်ဆိုတာ ကျွန်တော် ပြောရဲတယ်။ သူ့ကို သံစွမ်း ပြီး ကြမ်းတမ်းတဲ့ လူတစ်ယောက်အဖြစ် ကျွန်တော် မြင်ပြီးပါပြီ'

'စစ်မှန်မှုနဲ့ ပတ်သက်လို့ သံသယရှိစရာ မလိုပါဘူး။ အမည်နဲ့ ၁၆၄၇ ခုနှစ်နေ့စွဲက ကင်းဗတ်ဖျဉ်းရဲ့ နောက်ကျောမှာ ရှိနေတာကြောင့်ပါ'

ဟုမ်းက အနည်းငယ် ထပ်ပြော၏။ သို့သော် ဟောင်းနွမ်းသော ကင်းဗတ်ပန်းချီကားချပ်က သူ့ကို အာရုံဖမ်းစားနေဟန်တူနေပြီး၊ ညဉ့်နက်စာ စားနေစဉ်အတွင်း သူ၏ မျက်လုံးများက ၎င်းအပေါ်သို့ အဆက်မပြတ် ကျ ရောက်နေ၏။ ဆာဟင်နရီ၊ သူ၏အခန်းဆီသို့ သွားပြီးနောက် အတော်ကြာမှ သူ၏ အတွေးရေယာဉ်ကြောနောက်သို့ ကျွန်ုပ် လိုက်နိုင်တော့၏။ အိပ်ခန်း ဖယောင်းတိုင်မီးကို ကိုင်လျက် သူက ကျွန်ုပ်ကို ထမင်းစားခန်းအတွင်း ပြန်ခေါ် သွားပြီး ဖယောင်းတိုင်မီးကို နံရံပေါ်မှ အချိန်ကြောင့် ဟောင်းနွမ်းနေသည့် ရုပ်ပုံဆီသို့ မြှင့်ကိုင်လိုက်၏။

'အဲဒီမှာ တစ်ခုခုကို ခင်ဗျား မြင်သလား'

နူးညံ့ကျယ်ပြန့်သော ဦးထုပ်၊ နားထင်အစပ်မှ ဆံပင်အလိပ်များ၊ အဖြူရောင် ဇာပန်းအင်္ကျီကော်လံနှင့် ၎င်းတို့ ဝိုင်းရံထားသော ဖြောင့်စင်းတင်း မာသည့် မျက်နှာကို ကျွန်ုပ်က ကြည့်လိုက်၏။ ၎င်းက ရက်စက်ကြမ်းကြုတ် သော မျက်နှာအမူအရာ မဟုတ်ပါ။ သို့သော် ပိရိပြတ်သားသော ပါးစပ်၊ အေးစက်သည်းမခံသော မျက်လုံးဖြင့် ၎င်းက ခက်ထန်မာကြော၏။

'ဒါက ခင်ဗျား သိတဲ့လူနဲ့ တူသလား'

'မေးရိုးနဲ့ ပတ်သက်လို့၊ ဆာဟင်နရီနဲ့ တူသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ထင်တာဖြစ်မှာပါ။ ဒါပေမယ့် ခဏနေပါဦး' သူက ကုလားထိုင်တစ်ခုပေါ် မတ်တပ်တက်ရပ်ပြီး မီးတိုင်ကို ဘယ်လက်ဖြင့် မြှောက်ကိုင်လျက်၊ ကျယ်ပြန့်သော ဦးထုပ်ပေါ်ကျော်၍ ရှည်လျားသော ဆံပင်လိပ်များကို ညာဘက်ဖြင့် ထွေးအုပ်ထားလိုက်၏။

'ဘုရားရေ' ကျွန်ုပ်က အံ့ဩထိတ်လန့်စွာ အော်လိုက်၏။

စတာပလက်တန်၏ မျက်နှာက ကင်းဗတ်ဖျဉ်ပေါ်မှ ဘွားခနဲ ပေါ်လာ၏။

'ဟာ၊ ဒါကို ခင်ဗျား အစုမြင်ပြီ၊ ကျွန်တော်ရဲ့ မျက်လုံးက မျက်နှာတွေကို စစ်ဆေးကြည့်ဖို့ပဲ လေ့ကျင့်ထားတာ၊ သူတို့ရဲ့ အလှတန်ဆာတွေကို စစ်ဆေးကြည့်ဖို့ မဟုတ်ဘူး၊ ရုပ်ဖျက်ထားတဲ့ကြားထဲက ဖောက်ထွင်းမြင်နိုင်ဖို့က ရာဇဝတ်မှု စစ်ဆေးတဲ့ သူ့ရဲ့နံပါတ်တစ် အရေးအချင်းပဲ'

'ဒါပေမယ့် ဒါက အံ့ဩဖို့ ကောင်းတယ်။ ဒါက သူ့ပုံဖြစ်နိုင်တယ်'

'ဟုတ်ကဲ့၊ ဒါက ဘိုးဘွားစဉ်ဆက် နောက်ကြောင်းပြန်တဲ့ စိတ်ဝင်စားစရာ၊ ဥပမာ တစ်ခုပါပဲ၊ မိသားစုပုံတွေကို လေ့လာတာဟာ လူတစ်ယောက်ကို ရှင်သန်ထမြောက်မှု အယူအဆတွေ ယုံကြည်စေနိုင်တယ်။ ဒီလူက ဘာစ်ကာဗီလ်တစ်ယောက်ပဲ၊ ဒါက ထင်ရှားတယ်'

'အမွေဆက်လက်ခံယူမယ့် ရည်ရွယ်ချက်နဲ့ပေါ့'

'အတိအကျပဲ၊ ဒီပုံကို တွေ့လိုက်ရတာကြောင့် ပျောက်နေတဲ့ ဆက်နွယ်မှုတွေကို ကျွန်တော်တို့ရပြီး သူ့ကို ကျွန်တော်တို့ ရပြီ ဝပ်ဆန်၊ သူ့ကို ကျွန်တော်တို့ရပြီ၊ မနက်ဖြန်ည မတိုင်မီမှာ သူ့ရဲ့ လိပ်ပြာဖမ်းတဲ့ ပိုက်ကွန်မှာလို ကျွန်တော်တို့ရဲ့ ပိုက်ကွန်မှာ သူအတောင်ပံ့ တဖြတ်ဖြတ်နဲ့ ယက်ကန်၊ ယက်ကန်ဖြစ်နေမှာ၊ ကျွန်တော် ပြောရဲပါတယ်။ ပင်အပ်တစ်ချောင်းရယ်၊ ပုလင်းဖုံးတစ်ခုရယ်၊ ဖဲချပ်တစ်ချပ်ရယ်၊ ပြီးတော့ သူ့ကို ဘေကာလမ်းစုဆောင်းရေးမှာ ကျွန်တော်တို့ ပေါင်းထည့်ပေးနိုင်မယ်' ဓာတ်ပုံမှ တစ်ဖက်သို့ လှည့်ထွက်သွားစဉ်၊ သူက ရှားရှားပါးပါး ခွက်ထိုးခွက်လန် ရယ်မောလိုက်၏။ သူ မကြာခဏ ရယ်မောတတ်သည်ကို ကျွန်ုပ် မကြားဘူးဘဲ၊ ၎င်းက တစ်စုံတစ်ယောက်အတွက် မကောင်းသော လက္ခဏာဖြစ်၏။

နံနက်တွင် ကျွန်ုပ်က အချိန်မီ အိပ်ယာမှ ထ၏။ သို့သော် ဟုမ်းက စောစောစီးစီး လှမ်းလျှောက်နေပြီဖြစ်၏။ ကျွန်ုပ် အဝတ်အစား ဝတ်နေစဉ်၊ အိမ်ရှေ့လမ်းမှ သူပေါ်လာသည်ကို ကျွန်ုပ်တွေ့မြင်ရသောကြောင့်ဖြစ်၏။

'ဟုတ်ကဲ့၊ ဒီနေ့တော့ ကျွန်တော်တို့ တစ်နေ့လုံး အချိန်ပြည့်ရပါလိမ့်မယ်' သူက မှတ်ချက်ချပြီး ဝမ်းသာသော အမူအရာဖြင့် သူ့လက်များကို



www.burmeseclassic.com

www.burmeseclassic.com



သူက ပွတ်သပ်နေ၏။ 'ပိုက်ကွန်တွေကတော့အားလုံးနေရာတကျ ဖြစ်နေပြီ။ ဆွဲဖို့ကတော့ စတော့မယ်။ ကျွန်တော်တို့ရဲ့ ငါးကြီးကို မိမလား၊ ဒါမှမဟုတ် ပိုက်ကွက်တွေ ကြားထဲက သူလွတ်ထွက်သွားမလားဆိုတာကို ဒီနေ့ မကုန်ခင် ကျွန်တော်တို့ သိရပါလိမ့်မယ်'

'တောရိုင်းမြေပေါ်ကို ခင်ဗျား ရောက်ပြီးပြီလား'

'ရှယ်လ်ဒန် သေဆုံးမှုနဲ့ ပတ်သက်လို့ ဂရစ်ပင်ကနေ ဂရင်စ်တောင်းကို ကျွန်တော် အစီရင်ခံစာပို့ပြီးပြီ၊ ဒီကိစ္စမှာ ခင်ဗျားတို့ တစ်ယောက်မှ ဒုက္ခမရောက်ရဘူးလို့ ကျွန်တော် ကတိပေးနိုင်မယ် ထင်ပါတယ်။ ကျွန်တော်ရဲ့ သစ္စာရှိ တပည့်ကာဒ်ရိုက်နဲ့လည်း၊ ကျွန်တော် ဆက်သွယ်ပြီးပါပြီ၊ ကျွန်တော်ရဲ့ လုံခြုံမှုနဲ့ ပတ်သက်လို့၊ သူ စိတ်မချဘူးဆိုယင်၊ သူ့သခင်ရဲ့ မြေပုံအနားမှာ ခွေးတစ်ကောင် လုပ်တတ်သလို ကျွန်တော် တဲအိမ်ရဲ့ တံခါးဝကနေ သူ မခွာဘဲ နေမှာ သေချာပါတယ်'

'နောက်လှုပ်ရှားမှုက ဘာလဲ'

'ဆာဟင်နရီကို တွေ့ဖို့ပါ။ အား သူလာပြီ'

'ကောင်းသော နံနက်ခင်းပါ ဟုမ်း' မြေပိုင်ရှင်ကလေးက ပြော၏။ 'ဦးစီးမှူးနဲ့ စစ်ပွဲတစ်ပွဲကို စီစဉ်နေတဲ့ ဗိုလ်ချုပ်တစ်ယောက်နဲ့ ခင်ဗျား တူတယ်'

'ဒါက တိကျတဲ့အခြေအနေပါ။ ဝပ်ဆန်က အမိန့်တောင်းနေတယ်'

'ကျွန်တော်လည်း ဒီလိုပါပဲ'

'သိပ်ကောင်းတယ်။ ကျွန်တော် နားလည်ထားတဲ့အတိုင်း၊ ကျွန်တော်တို့ရဲ့ မိတ်ဆွေ၊ စတာပလက်တန်နဲ့ ခင်ဗျား ဒီည ညစာစားရမယ်'

'ခင်ဗျားလည်း လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ သူတို့က အလွန်ဖော်ရွေတဲ့ လူတွေပါ။ ခင်ဗျားကို မြင်ရယင် သူတို့ အများကြီး ဝမ်းသာလိမ့်မယ်ဆိုတာ ကျွန်တော် ပြောရဲပါတယ်'

'ဝပ်ဆန်နဲ့ ကျွန်တော် လန်ဒန်ကို သွားရမယ် ထင်တယ်'

'လန်ဒန်ကို'

'ဟုတ်ကဲ့ လောလောဆယ် ဒီအချိန်မှာ ကျွန်တော်တို့ အဲဒီမှာ ရှိနေယင်၊ ပိုအသုံးဝင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်'

မြေရှင်ကလေး၏ မျက်နှာကို အိုစာသွား၏။

'ဒီကိစ္စ ပြီးသွားတဲ့အထိ၊ ခင်ဗျား ကျွန်တော်ကို ကြည့်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ခဲ့ပါတယ်။ လူတစ်ယောက်အနေနဲ့ တစ်ယောက်တည်း ရှိမယ်ဆိုယင်၊ ဟောအိမ်နဲ့ တောရိုင်းမြေဟာ နှစ်သက်စရာ ကောင်းတဲ့ နေစရာ မဟုတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေ၊ ခင်ဗျား ကျွန်တော်ကို လုံးဝဥဿုံ ယုံကြည်ရမယ်။ ကျွန်တော် ပြောတဲ့အတိုင်း အထိအကျလုပ်ပါ။ ခင်ဗျားနဲ့အတူ ကျွန်တော်တို့ လုပ်လာခဲ့ရမယ်ဆိုယင် ကျွန်တော်တို့ ဝမ်းသာမယ့်အကြောင်း။ ဒါပေမယ့် အရေးကြီးတဲ့ ကိစ္စကြောင့် ကျွန်တော်တို့ မြို့ကို ပြန်ဖို့လိုအပ်မယ့် အကြောင်းကို ခင်ဗျားရဲ့ မိတ်ဆွေတွေကို ခင်ဗျား ပြောပြပါ။ ဒီဗွန်ရဲ့ကို ကျွန်တော်တို့ မကြာခင် ပြန်လာဖို့ မျှော်လင့်ပါတယ်။ ဒီသတင်းကို သူတို့ကို ပြောဖို့ ခင်ဗျား မှတ်မိတယ် မဟုတ်လား'

'ခင်ဗျား တောင်းဆိုနေယင်တော့ ပြောရမှာပေါ့'

'တခြားလမ်း မရှိပါဘူး။ ခင်ဗျားကို ကျွန်တော် အာမခံပါတယ်'

ကျွန်ုပ်တို့ ခွဲခွာသွားခြင်းကို သူမြင်ပုံအရ သူနက်ရှိုင်းစွာ နာကျင်သွားကြောင်းကို မြေရှင်ကလေး၏ မျက်မှောင်ကြုံ့ပုံအရ ကျွန်ုပ် တွေ့မြင်ရ၏။

'ခင်ဗျားတို့ ဘယ်တော့သွားချင်သလဲ' သူက အေးစက်စွာမေး၏။

'မနက်စာစားပြီးပြီးချင်းပါ။ ကွမ်ဘီထရေစီကို ကျွန်တော်တို့ မြင်းလှည်းစီးသွားပါ့မယ်။ ဒါပေမယ့် ဝပ်ဆန်က သူပြန်လာမယ်ဆို ခင်ဗျားကို ကတိခံထားတဲ့အတိုင်း၊ သူ့ရဲ့ပစ္စည်းတွေကို ထားခဲ့လိမ့်မယ် ဝပ်ဆန်၊ ခင်ဗျား မလာ နိုင်တဲ့အတွက်၊ ဝမ်းနည်းကြောင်း စတာပလက်တန်ဆီကို စာရေးပို့လိုက်ပါ'

'ကျွန်တော်လည်း ခင်ဗျားနဲ့အတူ လန်ဒန်ကိုသွားချင်ပါတယ်'

မြေရှင်ကလေးက ပြော၏။

'ဘာကြောင့် ကျွန်တော်တစ်ယောက်တည်း ဒီမှာနေခဲ့ရမလဲ'

'ဘာကြောင့်လဲဆိုတော့၊ ဒါက ခင်ဗျားရဲ့ အလုပ်တာဝန် ဝတ္တရားဖြစ်နေလို့ပါ။ ခင်ဗျားကို ပြောတဲ့အတိုင်း၊ ခင်ဗျားလုပ်မယ်လို့ ကျွန်တော်ကို ခင်ဗျား ကတိပေးခဲ့တာကြောင့်ပါ။ ဒါကြောင့် ခင်ဗျားကိုနေဖို့ ကျွန်တော် ပြောတာပါ'

'ကောင်းပြီ ဒါဖြင့်ယင် ကျွန်တော် နေမယ်'

'နောက်ထပ် ညွှန်ကြားချက်တစ်ခု ရှိသေးတယ်။ မဲရစ်ပင်အိမ်ကို ခင်ဗျား မြင်းလှည်းမောင်းသွားစေချင်တယ်။ ဒါပေမယ့် ခင်ဗျားရဲ့ မြင်းလှည်းကို ပြန်ခိုင်းပြီး၊ ခင်ဗျား အိမ်ကို လမ်းလျှောက်ပြန်ဖို့ ရည်ရွယ်ထားကြောင်း သူတို့ကို သိပါစေ'

'တောရိုင်းမြေကို လမ်းဖြတ်လျှောက်ဖို့လား'

'ဟုတ်တယ်'

'ဒါပေမယ့် ဒါက ခင်ဗျား ကျွန်တော်ကို မလုပ်ဖို့ မကြာခဏ ကတိပေးခဲ့တာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီတစ်ကြိမ်တော့ ဒါကို ခင်ဗျား လုံခြုံစိတ်ချစွာလုပ်နိုင်ပါလိမ့်မယ်။ ခင်ဗျားရဲ့၊ ရဲစွမ်းသတ္တိကို ကျွန်တော် မယုံကြည်ဘူးဆိုယင်၊ ဒါကို ကျွန်တော် အဆိုပြုမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ခင်ဗျား ဒါကို လုပ်ဖို့ လိုအပ်ပါတယ်'

'ဒါဖြင့်ယင် ဒါကို ကျွန်တော် လုပ်မယ်'

'ခင်ဗျားရဲ့ အသက်ကို ခင်ဗျား တန်ဖိုးထားတဲ့အတိုင်း၊ မဲရစ်ပင် အိမ်ကနေ၊ ဂရစ်ပင်လမ်းကို ဦးတည်နေတဲ့ လမ်းဖြောင့်ဖြောင့်က လွဲလို့၊ တခြား လမ်းကနေ တောရိုင်းမြေကို မဖြတ်ပါနဲ့၊ အဲဒီလမ်းက ခင်ဗျားရဲ့ သဘာဝကျတဲ့ အိမ်အပြန်လမ်းပါ'

'ခင်ဗျားပြောတဲ့အတိုင်း ကျွန်တော် လုပ်ပါ့မယ်'

'သိပ်ကောင်းတယ်။ လန်ဒန်ကို မွန်းလွဲပိုင်းမှာ ရောက်ဖို့အတွက် မနက်စာစားပြီးတာနဲ့ ဖြစ်နိုင်သမျှ မြန်မြန် ကျွန်တော်တို့ သွားချင်ပါတယ်'

သူ၏လည်ပတ်မှုက နောက်တစ်နေ့တွင် ပြီးဆုံးသွားမည်ဖြစ်ကြောင်း၊ ယမန်နေ့ညက စတာပလက်တန်အား ဟုမ်း ပြောခဲ့သည်ကို ကျွန်ုပ် အမှတ်ရမိသော်လည်း ဤအစီအစဉ်ကြောင့် ကျွန်ုပ်များစွာ အံ့သြမိ၏။ သို့သော်လည်း ကျွန်ုပ်ကို သူနှင့်အတူ သွားစေချင်လိမ့်မယ်ဟု ကျွန်ုပ် မထင်မိသလို သူကိုယ်တိုင်က အကြပ်အတည်းကာလဟု ကြေငြာထားသည့်အချိန်တွင် ကျွန်ုပ်တို့ နှစ်ဦးစလုံး မရှိဘဲဖြစ်နေခြင်းကို ကျွန်ုပ် နားမလည်နိုင်ပါ။ သို့သော် ဒီအတွက် ဘာမှ မတတ်နိုင်ဘဲ၊ ချွင်းချက်မရှိလိုက်နာရန် ဖြစ်၏။ ဤသို့ဖြင့် ကျွန်ုပ်တို့၏ ဝမ်းနည်းနေသော မိတ်ဆွေကို ကျွန်ုပ်တို့ နှုတ်ခွန်းဆက်စကားဆိုပြီး၊ နှစ်နာရီခန့်ကြာသောအခါ ကွန်ဘီထရေစီဘူတာရုံသို့ ကျွန်ုပ်တို့ ရောက်နေပြီး၊ မြင်းလှည်းကို အပြန်ခိုင်းလိုက်၏။ ကလေးငယ်တစ်ယောက်က ပလက်ဖောင်းပေါ်တွင် စောင့်နေ၏။

'ဘာမှာဦးမလဲ ဆရာ'

'မင်း ဒီရထားကို စီးပြီး မြို့ကို သွားပါ ကာဒ်ရိုက်၊ မင်းရောက်တာနဲ့ တစ်ပြိုင်နက်၊ ငါရဲ့ နာမည်နဲ့ ဆာဟင်နရီဘာစ်ကာဗီးလ်ဆီသို့ သံကြိုးရိုက်ပြီး၊ ငါကျကျန်ခဲ့တဲ့ အိပ်ဆောင်စာအုပ်ကို တွေ့ယင်၊ အဲဒါကို စာတိုက်ကနေ ဘေကာလမ်းကို မှတ်ပုံတင်လုပ်ဖို့ ပြောပါ'

'ဟုတ်ကဲ့ ဆရာ'

'ပြီးတော့ စာတိုက်မှူးကို ငါ့အတွက် စာရောက်နေသလားလို့ မေးပါ'

သူငယ်ကကြေးနန်းဖြင့် သတင်းပြန်ပို့ပြီး၊ ၎င်းကို ဟုမ်းက ကျွန်ုပ်အား ကမ်းပေး၏။

၎င်းက ဤသို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းလက်ခံရရှိသည်။ လက်မှတ်မထိုးထားသော ဝါရမ်းစာဖြင့် လာပြီ။ ၅ နာရီ ၄၅ မိနစ်တွင် ရောက်မည်။

"လက်စ်ထရိတ်"

'ဒါက ဒီမနက်က ကျွန်တော်ရဲ့ မေးခွန်းကို အဖြေပေးထားတာပဲ။ ဒီပညာပိုင်းမှာတော့ သူအကောင်းဆုံးပဲလို့ ကျွန်တော် ထင်တယ်။ သူ့ရဲ့အကူအညီကို ကျွန်တော်တို့ လိုအပ်နိုင်တယ်။ ကဲ ဝပ်ဆန်၊ ခင်ဗျားရဲ့ အသိမိတ်ဆွေ မစ္စစ်လိုင်ရွှန်ကို ကျွန်တော်တို့ သွားတွေ့တာထက် ကျွန်တော်တို့ရဲ့ အချိန်ကို ဒီထက်ပိုကောင်းအောင် ကျွန်တော်တို့ အသုံးချနိုင်မှာ မဟုတ်ပါဘူး'

သူ၏ဆောင်ရွက်မှုအစီအစဉ်က ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ ကျွန်ုပ်တို့ လိုအပ်မည့် ပုံပေါ်သည့်အခိုက်အတန့်တွင် ကျွန်ုပ် အမှန်တကယ် ပြန်လာနိုင်မည်ဖြစ်စဉ်၊ စတာပလက်တန်အနေဖြင့် ကျွန်ုပ်တို့ အမှန်တကယ် သွားကြပြီဟု သိမှတ်စေရန်ဌာ၊ မြေရှင်ကလေးကို သူအသုံးချလိုက်ခြင်းဖြစ်၏။ ဆာဟင်နရီက စတာပလက်တန်ကို ပြောပြမည်ဆိုလျှင်၊ လန်ဒန်မှ ဤကြေးနန်းစာက သူတို့၏ စိတ်ထဲမှ သံသယများကို လုံးဝဖယ်ရှာပေးရပေမည်။ မေးရိုးချွန်ချွန်နှင့် ဤငါးသလောက် ငါးအပေါ် ကျွန်ုပ်တို့၏ ပိုက်ကွန်များက ပို၍ နီးကပ်စွာ တိုးတက်နေပြီကို ကျွန်ုပ် တွေ့မြင်ရဟန်တူ၏။

မစ္စစ်လော်ရာလိုင်ရွှန်က သူမ၏ ရုံးခန်းထဲတွင် ရှိပြီး ဟုမ်းက သူမကို အတော် အံ့သြတုန်လှုပ်သွားစေသည့် ရှင်းလင်းဖြောင့်စင်းမှုဖြင့် သူ၏ တွေ့ဆုံမေးမြန်းခန်းကို ဖွင့်လိုက်၏။

'ကွယ်လွန်သူ ဆာချားလ်ဘာစ်ကာဗီးလ် သေဆုံးမှုနှင့် ဆက်နွှယ်နေတဲ့ လူတွေကို ကျွန်တော် စုံစမ်းစစ်ဆေးနေပါတယ်' သူက ပြော၏။ 'ဒီက ကျွန်တော်ရဲ့ မိတ်ဆွေ ဒေါက်တာ ဝပ်ဆန်က ခင်ဗျား အဆက်အသွယ်လုပ်ခဲ့ကြောင်းနဲ့ ဒီကိစ္စမှာ ခင်ဗျားပါဝင်ပတ်သက်မှုကို ထိမ်ချန်ထားကြောင်း ကျွန်တော်ကို သတင်းပေးပါတယ်'

'ကျွန်မ ဘာထိန်ချန်မိလို့လဲ' သူမက ဘုဆတ်ဆတ်မေး၏။

'ဆာချားလ်ကို ၁၀ နာရီမှာ ခြံတံခါးဆီ လာခိုင်းခဲ့တာ ခင်ဗျား ဝန်ခံခဲ့ပြီးပြီ၊ အဲဒီအချိန် အဲဒီနေရာမှာ သူသေဆုံးခဲ့တယ်တယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ ဒီအဖြစ်အပျက်တွေကြားမှာ ဆက်နွှယ်မှုရှိတာတွေကို ခင်ဗျား ထိန်ချန်ထားတယ်'

'ဘာဆက်နွှယ်မှုမှ မရှိဘူး'

'ဒီကိစ္စမှာ တိုက်ဆိုင်မှုက အလွန်တစ်ရာ ထူးဆန်းလှတဲ့ တိုက်ဆိုင်မှုဖြစ်ရမယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ အဆက်အစပ်တစ်ခုကိုတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းလက်ခံရရှိသည်။ လက်မှတ်မထိုးထားသော ဝါရမ်းစာဖြင့် လာပြီ။ ၅ နာရီ ၄၅ မိနစ်တွင် ရောက်မည်။

"လက်စ်ထရိတ်"

'ဒါက ဒီမနက်က ကျွန်တော်ရဲ့ မေးခွန်းကို အဖြေပေးထားတာပဲ။ ဒီပညာပိုင်းမှာတော့ သူအကောင်းဆုံးပဲလို့ ကျွန်တော် ထင်တယ်။ သူ့ရဲ့အကူအညီကို ကျွန်တော်တို့ လိုအပ်နိုင်တယ်။ ကဲ ဝပ်ဆန်၊ ခင်ဗျားရဲ့ အသိမိတ်ဆွေ မစ္စစ်လိုင်ရွှန်ကို ကျွန်တော်တို့ သွားတွေ့တာထက် ကျွန်တော်တို့ရဲ့ အချိန်ကို ဒီထက်ပိုကောင်းအောင် ကျွန်တော်တို့ အသုံးချနိုင်မှာ မဟုတ်ပါဘူး'

သူ၏ဆောင်ရွက်မှုအစီအစဉ်က ထင်ထင်ရှားရှား ဖြစ်ပေါ်လာ၏။ ကျွန်ုပ်တို့ လိုအပ်မည့် ပုံပေါ်သည့်အခိုက်အတန့်တွင် ကျွန်ုပ် အမှန်တကယ် ပြန်လာနိုင်မည်ဖြစ်စဉ်၊ စတာပလက်တန်အနေဖြင့် ကျွန်ုပ်တို့ အမှန်တကယ် သွားကြပြီဟု သိမှတ်စေရန်ဌာ၊ မြေရှင်ကလေးကို သူအသုံးချလိုက်ခြင်းဖြစ်၏။ ဆာဟင်နရီက စတာပလက်တန်ကို ပြောပြမည်ဆိုလျှင်၊ လန်ဒန်မှ ဤကြေးနန်းစာက သူတို့၏ စိတ်ထဲမှ သံသယများကို လုံးဝဖယ်ရှားပေးရပေမည်။ မေးရိုးချွန်ချွန်နှင့် ဤငါးသလောက် ငါးအပေါ် ကျွန်ုပ်တို့၏ ပိုက်ကွန်များက ပို၍ နီးကပ်စွာ တိုးတက်နေပြီကို ကျွန်ုပ် တွေ့မြင်ရဟန်တူ၏။

မစ္စစ်လော်ရာလိုင်ရွှန်က သူမ၏ ရုံးခန်းထဲတွင် ရှိပြီး ဟုမ်းက သူမကို အတော် အံ့ဩတုန်လှုပ်သွားစေသည့် ရှင်းလင်းဖြောင့်စင်းမှုဖြင့် သူ၏ တွေ့ဆုံမေးမြန်းခန်းကို ဖွင့်လိုက်၏။

'ကွယ်လွန်သူ ဆာချားလ်ဘာစ်ကာဗီးလ် သေဆုံးမှုနှင့် ဆက်နွယ်နေတဲ့ လူတွေကို ကျွန်တော် စုံစမ်းစစ်ဆေးနေပါတယ်' သူက ပြော၏။ 'ဒီက ကျွန်တော်ရဲ့ မိတ်ဆွေ ဒေါက်တာ ဝပ်ဆန်က ခင်ဗျား အဆက်အသွယ်လုပ်ခဲ့ကြောင်းနဲ့ ဒီကိစ္စမှာ ခင်ဗျားပါဝင်ပတ်သက်မှုကို ထိမ်ချန်ထားကြောင်း ကျွန်တော်ကို သတင်းပေးပါတယ်'

'ကျွန်မ ဘာထိန်ချန်မိလို့လဲ' သူမက ဘုဆတ်ဆတ်မေး၏။

'ဆာချားလ်ကို ၁၀ နာရီမှာ ခြံတံခါးဆီ လာခိုင်းခဲ့တာ ခင်ဗျား ဝန်ခံခဲ့ပြီးပြီ၊ အဲဒီအချိန် အဲဒီနေရာမှာ သူသေဆုံးခဲ့တယ်တယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ ဒီအဖြစ်အပျက်တွေကြားမှာ ဆက်နွယ်မှုရှိတာတွေကို ခင်ဗျား ထိန်ချန်ထားတယ်'

'ဘာဆက်နွယ်မှုမှ မရှိဘူး'

'ဒီကိစ္စမှာ တိုက်ဆိုင်မှုက အလွန်တစ်ရာ ထူးဆန်းလှတဲ့ တိုက်ဆိုင်မှု ဖြစ်ရမယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ အဆက်အစပ်တစ်ခုကိုတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်နိုင်ပြီလို့ ကျွန်တော် ထင်ပါတယ်။ ခင်ဗျားနဲ့ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဖြစ်ချင်တယ်။ မစ္စစ်လိုက်ရွှန်အမူကို ကျွန်တော်တို့ လူသတ်မှုလို မြင်ပါတယ်။ သက်သေအထောက်အထားတွေက ခင်ဗျားရဲ့ မိတ်ဆွေစတာပလက်တန်သာ မဟုတ်ဘူး။ သူ့ရဲ့ ဇနီးလည်းပါဝင်နေကြောင်း ပြနေပါတယ်'

အမျိုးသမီးက ထိုင်ခုံမှ ခုန်ထ၏။

'သူ့ဇနီးလား' သူမက အော်၏။

'ဒီအကြောင်းက လျှို့ဝှက်ချက် မဟုတ်တော့ပါဘူး။ သူ့ရဲ့ ညီမအဖြစ် လက်ခံထားတဲ့ သူဟာ တကယ်တော့ သူ့ရဲ့ ဇနီးပါ'

မစ္စစ်လိုင်ရွှန်က သူမ၏ ထိုင်ခုံတွင် ပြန်ထိုင်၏။ သူမ၏လက်များက ထိုင်ခုံလက်ကိုင်ကို ဆုပ်ကိုင်ထားပြီး၊ ပန်းရောင်လက်သည်းများက ဖြစ်ညှစ် ဆုပ်ကိုင်မှုကြောင့် ဖြူနေသည်ကို ကျွန်ုပ် တွေ့မြင်ရ၏။

'သူ့ရဲ့ ဇနီးလား' သူမက နောက်တစ်ကြိမ်ပြောပြန်၏။ 'သူ့ရဲ့ဇနီးလား၊ သူက အိမ်ထောင်သည် မဟုတ်ဘူး'

ရှားလော့ဟုမ်းက ပခုံးတွန့်လိုက်၏။

'ကျွန်မကို သက်သေပြပါ။ ကျွန်မကို သက်သေပြပါ။ ရှင် အဲဒီလို သက်သေပြနိုင်ယင်' သူမမျက်လုံးများ၏ စူးရှတောက်ပြောင်မှုက စကားလုံးများထက် ပို၍ အဓိပ္ပါယ်ပါနေ၏။

'ကျွန်တော် ဒီလို သက်သေပြဖို့အတွက် ပြင်ဆင်လာတာပါ' ဟုမ်းက သူ့အင်္ကျီအိတ်ထဲမှ စာရွက်များစွာကို ဆွဲထုတ်ယင်းပြော၏။ 'ဒါက လွန်ခဲ့တဲ့ ၄ နှစ်က 'ယောက်ခ်'မှာ ရိုက်ခဲ့တဲ့ စုံတွဲဓာတ်ပုံပါ။ ဒါကို မစ္စတာ ဗန်ဒယ်လီယာနဲ့ မစ္စစ်ဗန်ဒယ်လီယာလို့ ကျောဘက်မှာ ရေးထားတယ်။ ဒါပေမယ့် သူ့ကို ခင်ဗျား မှတ်မိဖို့ အခက်အခဲရှိမှာ မဟုတ်ပါဘူး။ သူမကိုလည်း ခင်ဗျားမြင်ဖူးမယ်ဆိုယင်၊ ခင်ဗျား မှတ်မိမှာပါ။ ဒီမှာ မစ္စတာဗန်ဒယ်လီယာနဲ့ မစ္စစ်ဗန်ဒယ်လီယာတို့ရဲ့ ယုံကြည်စိတ်ချရတဲ့ သက်သေတွေက ဖော်ပြထားတဲ့ စာ (၃) စောင်ပါ။ သူတို့ (၂) ဦးက အဲဒီအချိန်မှာ စိန်အိုးလီဗာကိုယ်ပိုင်ကျောင်းကို ဖွင့်ထားကြတယ်။ ဒါတွေကို ဖတ်ကြည့်ပြီး ဒီလူတွေရဲ့သက်သေခံအချက်အလက်တွေနဲ့ ပတ်သက်လို့ ခင်ဗျား သံသယဖြစ်နိုင်မလားဆိုတာကြည့်ပါ'

သူမက ၎င်းတို့ကို တစ်ချက်ကြည့်လိုက်၏။ ထို့နောက် မတတ်သာတော့သော အမျိုးသမီးတစ်ယောက်၏ တင်းမာနေသော မျက်နှာဖြင့် ကျွန်ုပ်တို့ကို မော့ကြည့်လိုက်၏။

'မစ္စတာဟုမ်း' သူမက ပြော၏။ 'ကျွန်မရဲ့ ယောကျာ်းကို ကျွန်မ ကွာရှင်းနိုင်ယင်၊ ဒီလူက ကျွန်မတို့ လက်ထပ်ဖို့ ကမ်းလှမ်းပါတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ယုံလောက်အောင် လိမ်ညာလှည့်စားခဲ့တယ်။ ကျွန်မကို သူစကား အမှန်တစ်လုံးမှာ မပြောခဲ့ပါဘူး။ ဘာကြောင့်လဲ ဘာကြောင့်လဲ ဒါတွေ အားလုံး က ကျွန်မရဲ့ အကျိုးအတွက်လို့ ကျွန်မ စိတ်ကူးမိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မ ဟာ သူ့ရဲ့လက်ထဲက အရုပ်ကလေးတစ်ခုကလွဲလို့၊ ဘာမှ မဟုတ်ဘူးဆိုတာ အခု ကျွန်မ မြင်လာပါပြီ၊ ကျွန်မအပေါ် ဘယ်တော့မှ သစ္စာမရှိတဲ့သူကို ကျွန်မ ဘာကြောင့် သစ္စာထားရမလဲ၊ ပျက်စီးနေတဲ့ သူ့ရဲ့အပြုအမူကြောင့် ဖြစ်ပေါ်လာ မယ့် အကျိုးသက်ရောက်မှုကို သူ့အတွက် ကျွန်မ ဘာကြောင့် ကာကွယ်ဖို့ ကြိုးစားနေရမယ်။ ရှင်ကြိုက်တာ ကျွန်မကို မေးပါ။ ကျွန်မ ထိန်ချန်ထားစရာ ဘာမှ မရှိပါဘူး။ ရှင့်ကို ကျွန်မ ကျိန်တွယ်ပြောစရာတစ်ခုရှိပါတယ်။ ဒါက တော့ ကျွန်မရဲ့ အကြင်နာဆုံး မိတ်ဆွေတစ်ယောက်ဖြစ်ခဲ့တဲ့ လူကြီးလူကောင်း အဘိုးအိုကို အန္တရာယ် တစ်စုံတစ်ရာ ဖြစ်မယ်လို့ ကျွန်မ ဘယ်တော့မှ စိတ် မကူးမိတဲ့ စာတစ်စောင်ကို ကျွန်မ ရေးမိလိုက်တဲ့အခါကပါ'

'ကျွန်တော် ခင်ဗျားကို လုံးဝယုံကြည်ပါတယ်' ရှားလော့ဟုမ်းက ပြော၏။

'ဒီအဖြစ်အပျက်အဆင့်ဆင့်ကခင်ဗျားအတွက်အလွန်နာကျင်ဖွယ် ရာ တွေ့မြင်ရမှာပါ။ ဘာဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျား ကျွန်တော်တို့ ပြောပြယင်၊ ဒါကပိုပြီး လွယ်ကူလာနိုင်ပါတယ်။ ကျွန်တော် အမှားတစ်ခုရှိယင် ခင်ဗျား ထောက်ပြနိုင်ပါတယ်။ ဒီစာပို့ဖို့ကို စတာပလက်တန်က ခင်ဗျားကို အဆိုပြု ထားသလား'

'သူလုပ်ခိုင်းတာ'

'ခင်ဗျားရဲ့ ကွာရှင်းပြတ်ဆဲမှုနဲ့ ပတ်သက်ပြီး၊ တရားရုံးစရိတ် အတွက် ဆာချားလ်ထံကနေ ခင်ဗျား အကူအညီရမယ်ဆိုတဲ့ အကြောင်းပြ ချက်ကို သူပေးတယ်လို့ ကျွန်တော် ထင်တယ်'

'အတိအကျပါပဲ'

'အဲဒီနောက် ခင်ဗျား စာလည်း ပို့ပြီးရော၊ သူက ခင်ဗျားကို ချိန်းထား တဲ့အတိုင်း မသွားဖို့ တိုက်တွန်းသလား'

'ဒီလို ကိစ္စမျိုးအတွက် အခြားလူတစ်ယောက်က ပိုက်ဆံရှာပေးရတာ ဟာ၊ သူ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်မယ်လို့ သူက ကျွန်မကို ပြောပြီး၊ သူကိုယ် တိုင်က ဆင်းရဲတဲ့ လူတစ်ယောက်ဖြစ်ပေမယ့် ကျွန်မတို့ကို ခွဲခြားထားတဲ့ အတားအဆီးကို ဖယ်ရှားရာမှာ သူပိုက်ဆံတစ်ပြားမှ မကျန်တဲ့အထိ အကုန်ခံ မယ်လို့ဆိုပါတယ်'

'သူက တော်တော်ကို သဘာဝကျတဲ့ လူတစ်ယောက်ဖြစ်ဟန်



www.burmeseclassic.com

www.burmeseclassic.com



တူတယ်။ ပြီးတော့ သတင်းစာထဲမှာ သေဆုံးတဲ့ သတင်းကို ဖတ်ရတဲ့အထိ ခင်ဗျား ဘာမှ မကြားရတော့ဘူး'

'မကြားရတော့ဘူး'

'ဆာချားလ်နဲ့ ခင်ဗျား ချိန်းဆိုတာကို ဘာမှ မပြောဖို့အတွက် သူက ခင်ဗျားကို သစ္စာဆိုခိုင်းသလား'

'သူ ဆိုခိုင်းတယ်။ သေဆုံးမှုက အလွန်ကို ပဟေဠိဆန်နေပြီး အကျိုးအကြောင်းတွေပေါ်လာယင် ကျွန်မ အသေအချာကို သံသယဝင်ခံရမယ်လို့ သူက ပြောပါတယ်။ ကျွန်မတို့ တိတ်တိတ်နေဖို့ သူက ခြောက်လှန့်တယ်'

'ဒီလိုကိုး၊ ဒါပေမယ့် ခင်ဗျား သံသယတွေ ဝင်နေတယ် မဟုတ်လား'

သူမက တုန့်ဆိုင်းနေပြီး အောက်စိုက်ကြည့်လိုက်၏။

'သူ့ကို ကျွန်မ သိတယ်' သူမက ပြော၏။ 'ဒါပေမယ့် ကျွန်မ အပေါ် သူသစ္စာရှိယင် ကျွန်မလည်း သူ့အပေါ် အမြဲတမ်း ဒီလိုလုပ်မှာပါပဲ'

'ကိစ္စအားလုံးပေါ်မှာ ခင်ဗျားကံကောင်းထောက်မပြီး၊ လွတ်မြောက်သွားပြီလို့ ကျွန်တော် ထင်တယ်' ရှားလော့ဟုမ်းက ပြော၏။ 'ခင်ဗျား သူ့ကို ထိန်းချုပ်နိုင်ပါတယ်။ ဒါကို သူသိတယ်။ ဒါပေမယ့် ခင်ဗျား အသက်ရှင်နေပါတယ်။ လပေါင်းအတော်ကြာ ချောက်ကပါးစပ်မှာ ခင်ဗျား လမ်းလျှောက်နေခဲ့တာပါ၊ ခင်ဗျားကို ကျွန်တော်တို့ အခု နှုတ်ဆက်ခဲ့ပါတယ်။ မစ္စစ်လိုင်ရွှန် မကြာခင် မှာ ကျွန်တော်တို့ဆီက ခင်ဗျား သတင်းကြားရပါလိမ့်မယ်'

'ကျွန်တော်တို့ရဲ့ အမှုကတော့ ဆုံးခန်းတိုင်တော့မယ်။ အခက်အခဲ တစ်ခုပြီး တစ်ခုတော့ ကျွန်တော်တို့ရဲ့ ရှေ့မှာ သိပ်မရှိတော့ပါဘူး' မြို့မှ အမြန်ရထားရောက်အလာကို ကျွန်ုပ်တို့ ရပ်စောင့်နေကြစဉ်၊ ဟုမ်းက ပြော၏။ 'ယခုခေတ်ရဲ့ ထူးခြားလှတဲ့ ပြစ်မှုတစ်ခုကို ဇာတ်ကြောင်းတစ်ခုအဖြစ် ဆက်စပ်ဖော်ပြနိုင်မယ့် အခြေအနေကို ကျွန်တော် မကြာခင်ရောက်တော့မှာပါ။ ၆၆ ခုနှစ်က လစ်တဲရှုရှားကရိုနီမှာ ဒီလိုမျိုးအဖြစ်အပျက်ကို ပြစ်မှုဆိုင်ရာ ကျောင်း သားတွေ မှတ်မိကြလိမ့်မယ်။ မြောက်ကာရိုလိုင်နာမှာလည်း အန်ဒါဆန်လူ သတ်မှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီအမှုက သူ့နည်းသူ့ဟန်နဲ့ထူးခြားမှု တချို့ရှိတယ်။အခုတောင်မှအလွန်ကောက်ကျစ်တဲဒီလူကိုဆွဲဖို့အမှုကရှင်းရှင်းလင်းလင်း မရှိသေးဘူး။ ဒါပေမယ့် ဒီည ကျွန်တော်တို့ အိပ်ရာ မဝင်ခင်မှာ ဒါက ရှင်းရှင်းလင်းလင်း ဖြစ်မလာဘူးဆိုယင်၊ ကျွန်တော် အများ ကြီး အံ့သြသွားပါလိမ့်မယ်'

လန်ဒန်အမြန်ရထားက ဘူတာရုံအတွင်းသို့ အော်ဟစ်ဆူညံလျက် ဝင်လာပြီး သေးသေးကျစ်ကျစ်လူတစ်ယောက်က ပထမတန်းတွဲမှ ခုန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ကျွန်ုပ်တို့ အားလုံးလက်ဆွဲနှုတ်ဆက်ကြ၏။ ကျွန်ုပ်၏ အဖော်ကို လက်စထရိတ်က ရိုသေလေးစားဟန်ဖြင့် ကြည့်ရှုပုံအရ သူတို့အတူတကွ အလုပ်စလုပ်ကြသည့် အချိန်ကတည်းက ကျွန်ုပ်၏အဖော်ကို ကောင်းစွာ သိနားလည်ခဲ့ကြောင်း ကျွန်ုပ် တွေ့မြင်ရ၏။

'ကောင်းတာ ရှိသလား' သူက မေး၏။

'ဒီနှစ်တွေမှာတော့ အကြီးဆုံးအရာပဲ' ဟုမ်းက ပြော၏။ 'အစပြုဖို့ မစဉ်းစားခင် ကျွန်တော်တို့ (၂) နာရီအချိန်ရတယ်။ ဒီ (၂) နာရီအတွင်းမှာ ကျွန်တော်တို့ ညစာစားနိုင်တယ်။ ပြီးတော့ 'ဒါတိုမိုး' တောရိုင်းမြေရဲ့ သန့်စင်တဲ့ ညလေကို ရှူရှိုက်ယင်းနဲ့ ခင်ဗျားရဲ့ လည်ချောင်းထဲက လန်ဒန် နှင်းတွေကို ထုတ်ပစ်ကြတာပေါ့၊ အဲဒီကို တစ်ခါမှ မရောက်ဖူးဘူး မဟုတ်လား။ အင်း ခင်ဗျားရဲ့ ပထမဦးဆုံး အလည်အပတ်ခရီးကို ခင်ဗျား မေ့လိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)
## ဘာစ်ကာဗီး၏ အမဲလိုက်ခွေး

ရှားလော့ဟုမ်း၏ အားနည်းချက်တစ်ခုက (အားနည်းချက်ဟု ခေါ်မည်ဆိုပါက) သူ၏အစီအစဉ်များ ပြည့်စုံမှုမရှိမချင်း၊ ၎င်းတို့ကို အခြားသူတစ်ဦး တစ်ယောက်အား အပြည့်အဝပြောပြရန် သူအလွန်မုန်းတီးခြင်းဖြစ်၏။ တစ်ပိုင်းအားဖြင့် ၎င်းက ပိုင်နိုင်သေချာသော သူ၏ သဘာဝမှလာခြင်းဖြစ်ပြီး သူ့ပတ်ဝန်းကျင်တွင် ရှိနေသော လူများကို သူက ထိန်းချုပ်အံ့သြစေချင်၏။ ကျန်တစ်ပိုင်းအားဖြင့်လည်း ၎င်းက သူ၏ ကျွမ်းကျင်မှုဆိုင်ရာ သတိထားမှုကြောင့် ဖြစ်၏။ သူက မည်သည့်အခါမှ အန္တရာယ်အဖြစ်မခံပါ။ သို့သော် ရလာဒ်အနေဖြင့် သူ၏ကိုယ်စားလှယ်နှင့် သူ၏အကူအညီအဖြစ် ဆောင်ရွက်နေရသူများအဖို့၊ အလွန်ကြိုးစားရခြင်းပင်ဖြစ်၏။ ၎င်း၏ ဖိစီးမှုကို ကျွန်ုပ်မကြာခဏခံစားရ၏။ သို့သော် အမှောင်ထုထဲတွင် ထိုမျှကြာရှည်စွာသွားရသလောက် ကျွန်ုပ် မခံစားရဘူးပေ့ါ၊ ပြင်းထန်သော စမ်းသပ်မှုက ကျွန်ုပ်တို့ပြုလုပ်ကြတော့မည် ဖြစ်၏။ သို့ဖြစ်လင့်ကစား ဟုမ်းက ဘာမှ မပြောပါ။ သူ၏ လုပ်ရှားမှုလမ်းကြောင်းက မည်သို့ဖြစ်မည်ကို ကျွန်ုပ်ခန့်မှန်းနိုင်ယုံသာရှိ၏။ နောက်ဆုံး၌ ကျွန်ုပ်တို့၏ မျက်နှာပေါ်မှ လေအေးနှင့် ကျဉ်းမြောင်းသော လမ်းတစ်ဖက်တစ်ချက်မှ မည်းမှောင်ရှင်းလင်းသော ဟင်းလင်းပြင်က တောရိုင်းမြေပေါ်သို့ ကျွန်ုပ်၏ အကြောအချဉ်များက မျှော်လင့်ချက်ကြောင့် အေးစက်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ မြင်းများ ခြေလှမ်းတစ်လှမ်းလှမ်းတိုင်း၊ မြင်းလှည်းဘီးတစ်ပတ်လည်တိုင်း ကျွန်ုပ်၏စွန့်စားမှုထိပ်ခေါင်းဆီသို့ ကျွန်ုပ်တို့ ပို၍နီးလာပြီဖြစ်၏။

ငှားရမ်းလာသော မြင်းလှည်းမှ မြင်းလှည်းမောင်းသမားရှိနေသောကြောင့်၊ ကျွန်ုပ်တို့ စကားလွတ်လွတ်လပ်လပ် ပြော၍မရပါ။ ထို့ကြောင့် စိတ်လှုပ်ရှားမှုများ မျှော်လင့်များကြောင့် ကျွန်ုပ်တို့၏ အာရုံများတင်းကြပ်လာသောအခါ၊ အသေးအမွှားကိစ္စကလေးများကို ကျွန်ုပ်တို့ ပြောကြရ၏။ သဘာဝမကျသော ညှိချုပ်တီမှုများနောက်၌ ဖရင့်ကလန်၏အိမ်ကို အဆုံးတွင် ကျွန်ုပ်တို့ နီးကပ်လာပြီကို သိရှိရသောအခါ ၎င်းက ကျွန်ုပ်တို့ စိတ်သက်သာရာရစေ၏။ ကျွန်ုပ်တို့က အိမ်တံခါးဝအထိ မြင်းလှည်းကို မောင်းမသွားဘဲ၊ ခြံပေါက်ဝအနီးတွင် ဆင်းကြ၏။ မြင်းလှည်းသမားကို ပိုက်ဆံပေးချေပြီး ကွန်ဘီထရေစီသို့ ချက်ချင်းပြန်ရန် အမိန့်ပေး၍ မဲရစ်ပင်အိမ်သို့ ကျွန်ုပ်တို့ စတင် လမ်းလျှောက်ကြ၏။

'ခင်ဗျား လက်နက်ပါသလား လက်စ်ထရိတ်'

စုံထောက်ကလေးက ပြုံး၏။

'ကျွန်တော် ဘောင်းဘီဝတ်သမျှ ကာလပတ်လုံး၊ ကျွန်တော်မှာ ခါးအိတ်ပါတယ်။ ကျွန်တော်မှာ ခါးအိတ်ပါသမျှ ကာလပတ်လုံး၊ ဒီအထဲမှာ တစ်ခုခု ရှိတယ်'

'ကောင်းတယ်။ ကျွန်တော်နဲ့ ကျွန်တော်ရဲ့ သူငယ်ချင်းကလည်း အရေးပေါ် ကိစ္စအတွက် အဆင်သင့်ဖြစ်နေပါပြီ'

'ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျား အတော်ပါးစပ်ပိတ်နေတယ်။ မစ္စတာဟုမ်း၊ အခု ဘာပွဲလဲ'

'စောင့်နေရမယ့် ပွဲပဲ'

'ဒီနေရာက အလွန်ပျော်စရာကောင်းတဲ့ နေရာဖြစ်ဟန် မတူပါဘူး' စုံထောက်က သူ့ဘေးမှ မည်းမှောင်နေသော တောင်ကုန်းဆင်ခြေလျှောများနှင့် ဂရစ်ပင်နွံတော အထက်၌ ရှိနေသော နှင်းထုကြီးကို လှည့်ပတ်ကြည့်ယင်း တုန်ရီစွာဖြင့် ပြော၏။ 'ကျွန်တော်တို့ရှေ့က အိမ်တစ်အိမ်ရဲ့ အလင်းရောင်ကို ကျွန်တော် မြင်ရတယ်'

'ဒါက မဲရစ်ပစ်အိမ်ပဲ၊ ကျွန်တော်တို့ရဲ့ ခရီးဆုံးပဲ၊ ခြေဖွဖွနင်းပြီး လေသံထက်ပိုစကား ကျယ်ကျယ်မပြောဖို့ ခင်ဗျားကို ကျွန်တော် တောင်းဆိုရလိမ့်မယ်'

အိမ်ဆီသို့ ကျွန်ုပ်တို့ သွားနေသကဲ့သို့ အလားလမ်းတစ်လျှောက် ကျွန်ုပ်တို့ သတိထားလျက် ရွှေ့လျားကြ၏။ သို့သော် အိမ်နှင့် ကိုက်နှစ်ရာခန့်မျှ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ကျွန်တော်တို့ ရောက်သောအခါ ဟုမ်းက ကျွန်ုပ်တို့အားလိုက်၏။

'ဒီလောက်ဆိုရပြီ' သူက ပြော၏။ 'ညာဘက်ပေါ်က ဒီကျောက်တုံးတွေက မြင်ကွင်းကောင်းလိမ့်မယ်'

'ကျွန်တော်တို့ ဒီမှာ စောင့်ရေမလား'

'ဟုတ်တယ်။ ကျွန်တော်တို့ ဒီနေရာက ခြုံခိုတိုက်ခိုက်မှုကလေး လုပ်ရမယ်။ ဒီမြင်ကွင်းထဲဝင်ပါ။ လက်စ်ထရိတ်၊ ခင်ဗျား အိမ်ထဲကို ရောက်ဘူးတယ် မဟုတ်လား။ ဝပ်ဆန်၊ အခန်းတွေရဲ့ အနေအထားကို ခင်ဗျား ပြောပြနိုင်မလား၊ ဒီဘက်အဆုံးက လိုက်ကာချထားတဲ့ ပြတင်းပေါက်တွေက ဘာပြတင်းပေါက်တွေလဲ'

'သူတို့က မီးဖိုခန်းပြတင်းပေါက်တွေလို့ ကျွန်တော် ထင်တယ်'

'ဒီလောက်တောင် တောက်ပလှတဲ့ ဟိုဘက်က တစ်ခုကရော'

'အဲဒါက ထမင်းစားခန်းဆိုတာ သေချာတယ်'

'လိုက်ကာတွေကို တင်ထားတယ်။ မြေအနေအထားကို ခင်ဗျား အကောင်းဆုံး သိတယ်။ ရှေ့ကို တိတ်တိတ်ကလေး တွားသွားပြီး၊ သူတို့ ဘာလုပ်နေသလဲဆိုတာ ကြည့်ပါ။ ဒါပေမယ့် သူတို့ အကြည့်ခံနေရတယ်ဆိုတာကိုတော့ သူတို့ မသိပါစေနဲ့နော်'

ကျွန်ုပ်က လမ်းပေါ်သို့ ခြေဖွဖွနင်းသွားပြီး ဥယျာဉ်ခြံကလေးကို ပိုင်းထားသော ခြံစည်းရိုးနိမ့်နိမ့်နောက်၌ ဝပ်နေ၏။ ခြံစည်းရိုးအရိပ်အောက်တွင် တွားသွားလျက်၊ လိုက်မာတတ်မထားသော ပြတင်းပေါက်ကိုဖြတ်မြင်နိုင်မည့် နေရာဆီသို့ ကျွန်ုပ်ရောက်၏။

အခန်းထဲတွင် လူနှစ်ယောက်သာ ရှိ၏။ ဆာဟင်နရီနှင့် စတာပလက်တန်တို့ ဖြစ်၏။ သူတို့ ကစားပွဲဝိုင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ကျွန်ုပ်ကို ဘေးတိုက်မျက်နှာပေးလျက် ထိုင်နေကြ၏။ သူတို့နှစ်ဦးစလုံးက ဆေးပြင်းလိပ်ကို သောက်နေကြပြီး၊ ကော်ဖီနှင့် ဝိုင်အရက်က သူတို့၏ ရှေ့တွင် ရှိနေ၏။ စတာပလက်တန်က စိတ်အားထက်သန်စွာ စကားပြောနေ၏။ သို့သော် မြေရှင်ကလေးက မျက်နှာဖြူဖျော့ ဖြူယော်နှင့် စိတ်မဝင်စားဘဲ ဖြစ်နေ၏။ နမိတ်မကောင်းသော တောရိုင်းမြေကို တစ်ဦးတည်းဖြတ်၍ လမ်းလျှောက်ရမည့် အတွေးက သူ၏ စိတ်ကို လေးလံစွာ ဖိစီးနေ၏။

သူတို့ကို ကျွန်ုပ် ကြည့်နေစဉ်၊ စတာပလက်တန်ကထပြီး၊ အခန်းထဲမှ ထွက်ခွာသွား၏။ ထိုအချိန်၌ ဆာဟင်နရီက သူ၏ ဖန်ခွက်ကို နောက်တစ်ကြိမ် ထပ်ဖြည့်ပြီး သူ၏ထိုင်ခုံတွင် နောက်ပြန်မှီလျက်၊ ဆေးပြင်းလိပ်ကို ဖွာနေ၏။ တံခါးမြည်သံနှင့် ကျောက်ခင်းလမ်းပေါ်မှ ဘွတ်ဖိနပ်သံ တစ်



www.burmeseclassic.com

www.burmeseclassic.com



တောက်တောက်ကို ကျွန်ုပ် ကြားရ၏။ ကျွန်ုပ် ဝပ်နေသော ခြံစည်းရိုးနံရံ၏ အခြားတစ်ဖက်တွင် ရှိသော လူသွားလမ်းပေါ်သို့ ခြေသံများ ဖြတ်သွား၏။ ကျော်ကြည့်လိုက်သောအခါ သဘာဝချစ်မြတ်နိုးသူက ဥယျာဉ်ခြံမြေဒေါင့်၌ ရှိသော အိမ်ကလေး၏ တံခါးဝရှေ့တွင် ခဏရပ်နေသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သော့ပေါက်ထဲသို့ သော့တံကို ထိုးလှည့်လိုက်၏။ သူဖြတ်ဝင်သွားစဉ် အတွင်းမှ ထူးဆန်းသော ရှန်းကန်လှုပ်ရှားသံက ထွက်ပေါ်လာ၏။ အတွင်းတွင် သူတစ်မိနစ်၊ တစ်မိနစ်ခန့်သာ ကြာ၏။ ထို့နောက်၊ နောက်တစ်ကြိမ်သော့လှည့်သံကို ကျွန်ုပ်ကြားရပြီး၊ သူက ကျွန်ုပ်ကို ကျော်ဖြတ်၍ အိမ်ထဲသို့ ပြန်ဝင်သွား၏။ သူ၏ညှော်သည်နှင့် သူပြန်လည်တွေ့ဆုံသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ကျွန်ုပ်၏အဖော်များ စောင့်နေသည့် နေရာဆီသို့ ကျွန်ုပ်တိတ်ဆိတ်စွာ ပြန်လည်တွားသွားပြီး၊ ကျွန်ုပ်တွေ့မြင်ခဲ့ရသည်ကို သူတို့အား ပြောပြ၏။

'အမျိုးသမီး အဲဒီမှာ မရှိဘူးလို့၊ ခင်ဗျား ပြောသလား ဝပ်ဆန်'

ကျွန်ုပ်၏ အစီရင်ခံစာကို ကျွန်ုပ်အဆုံးသတ်ပြီးသောအခါ ဟုမ်းက မေး၏။

'မ မြင်ဘူး'

'မီးဖိုခန်းက လွဲလို့ တခြားအခန်းထဲမှာ အလင်းရောင် မရှိဘူးဆိုတော့၊ ဒါဖြင့်ယင် သူမဘယ်မှာရှိမလဲ'

'သူမ ဘယ်မှာ ရှိမလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး'

ဂရစ်ပင်နွံတောပေါ်တွင် ဖြူဖွေးသိပ်သည်းသော နှင်းများ အုပ်ဆိုင်းနေသည်ဟု ကျွန်ုပ် ပြောခဲ့၏။ ၎င်းက ကျွန်ုပ်တို့ဘက်သို့ တဖြည်းဖြည်း ရွေ့လျားလာနေပြီး၊ ကျွန်ုပ်တို့ဘက် အခြမ်းတွင် တံတိုင်းတစ်ခုကဲ့သို့ ကျဆင်းလာ၏။ လက ၎င်းအပေါ်တွင် တောက်ပနေပြီး ၎င်းက တောက်ပနေသော ရေခဲပြင်ကြီးနှင့် တူနေတာ အဝေးလှမ်းလှမ်းမှ တောင်ကုန်းထိပ်များက ၎င်းအပေါ်ထိုးထွက်နေ၏။ ဟုမ်းက မျက်နှာကို ဟိုဘက်သို့ လှည့်လိုက်ပြီး၊ ၎င်း၏ တဖြည်းဖြည်း ရွေ့လျားမှုကို သူကြည့်နေစဉ်၊ စိတ်မရှည်စွာဖြင့် ရေရွတ်ပြော လိုက်၏။

'အဲဒါ ကျွန်တော်ဘက်ကို ရွေ့လာနေတယ် ဝပ်ဆန်'

'ဒါ အရေးကြီးတယ်။ တကယ်ပါ။ ကျွန်တော်ရဲ့ အစီအစဉ်တွေကို ပျက်သွားစေနိုင်တဲ့ အရာပဲ။ အခု သူသိပ်ကြာမှာ မဟုတ်တော့ဘူး။ အခု (၁၀) နာရီထိုးနေပြီ။ ကျွန်တော်ရဲ့ အောင်မြင်မှုနဲ့ သူ့ရဲ့အသက်ဟာ လမ်းပေါ်ကို နှင်းတွေ မကျခင်၊ သူထွက်လာနိုင်မှုပေါ်မှူ တည်နေတယ်'

ညကာလက ကျွန်ုပ်တို့အထက်တွင် ကြည်လင်သော ကောင်းမွန်နေ၏။ ကြယ်များက အေးမြတောက်ပစွာ လက်နေစဉ်၊တစ်ဝက်ထွက်ပေးနေသော



www.burmeseclassic.com

www.burmeseclassic.com



လ က၊ ရှုခင်းတစ်ခုလုံးကို ဖျော့တော့တော့ အလင်းရောင်ဖြင့် ပက်ဖြန်းထား၏။ ကျွန်ုပ်၏ရှေ့တွင် အိမ်လုံးမည်းမည်းက တည်ရှိနေပြီး၊ ၎င်း၏ အချွန်အတက်များ ထွက်နေသည့် အိမ်ခေါင်မိုးနှင့် ထိုးထိုးထောင်ထောင်ဖြစ်နေသော မီးခိုးခေါင်းတိုင်တို့က ငွေရောင်လွှမ်းနေသော ကောင်းကင်ကို နောက်ခံထားလျက် ထွက်ပေါ်နေ၏။ အောက်တက်ပြတင်းပေါက်များမှ ရွှေရောင်အလင်းတန်းများက ဥယျာဉ်ခြံမြေနှင့် တောရိုင်းမြေပေါ်သို့ ဖြတ်သန်းကျရောက်နေ၏။ ၎င်းတို့ထဲမှ တစ်ခုက ရုတ်တရက် ပိတ်သွား၏။ အမှုထမ်းများက မီးဖိုချောင်မှ ထွက်သွားကြ၏။ အိမ်ရှင်လူသတ်သမားနှင့် မသိနားမလည်သူ ဧည့်သည်ဖြစ်သည့် လူနှစ်ယောက် ဆေးပြင်းလိပ်သောက်ယင်း၊ အလာပ သလာပ ပြောနေကြသည့် ထမင်းစားခန်းထဲမှ မီးအိမ်သာရှိတော့၏။

တောရိုင်းမြေတစ်ဝက်ကို ဖုံးလွှမ်းထားသော အဖြူရောင်ထွက်နေသည့် ပြတင်းပေါက်၏ ရွှေရောင်အလင်းကွက်တွင် ဝေ့ဝိုက်လည်ပတ်နေ၏။ ဥယျာဉ်ခြံ၏ တစ်ဖက်စည်းရိုးနံရံက မမြင်ရတော့ပါ။ ဝေ့ဝိုက်နေသော အဖြူရောင်အငွေ့များအထက်တွင် သစ်ပင်များက ထိုးထိုးထောင်ထောင် ထွက်နေကြ၏။ ၎င်းကို ကျွန်ုပ်တို့ ကြည့်နေကြစဉ်၊ မြူနှင်းအလိပ်များက အိမ်၏ဒေါင့်နှစ်ဖက်မှ ကွေ့ပတ်၍ဝင်လာပြီး၊ သိပ်သည်းသော နှင်းထုထဲသို့ တဖြည်းဖြည်းလိမ့်ဝင်လာ၏။ အိမ်အပေါ်ထပ်နှင့် အိမ်ခေါင်မိုးတို့က ထိုမြူခိုးထုထဲတွင် အရိပ်ထင်နေသော ပင်လယ်ပြင်ပေါ်မှ ထူးဆန်းခေါင်မိုးတို့က ထိုမြူခိုးထုထဲတွင် အရိပ်ထင်နေသော ပင်လယ်ပြင်ပေါ်မှ ထူးဆန်းသော သင်္ဘောတစ်စင်းကဲ့သို့ လွင့်မျောနေ၏။ ကျွန်ုပ်တို့၏ ရှေ့မှ ကျောက်တုံးကို ဟုမ်းက စိတ်ထက်သန်စွာဖြင့် ရိုက်ပုတ်လိုက်ပြီး၊ စိတ်မရှည်စွာဖြင့် ခြေထောက်ဆောင့်လိုက်၏။

'၁၅ မိနစ် အတွင်းမှာ သူထွက်မလာယင်၊ လမ်းကို ဖုံးသွားတော့မယ်။ နာရီဝက်အတွင်းမှာ ကျွန်တော်တို့ ရှေ့က လမ်းတွေကို ကျွန်တော်တို့ မြင်ရတော့မှာ မဟုတ်ဘူး'

'ပိုမြင့်တဲ့ မြေပြင်ပေါ်ကို ကျွန်တော်တို့ ပြန်ဆုတ်ကြမလား'

'ဟုတ်ကဲ့၊ ဒီလိုပဲ လုပ်ရမယ်လို့ ကျွန်တော် ထင်တယ်'

ဤသို့ဖြင့် မြူခိုးထုက ကျွန်ုပ်တို့အပေါ်သို့ ကျရောက်လာနေစဉ် ကျွန်ုပ်တို့က ၎င်း၏ရှေ့မှ နောက်သို့ ပြန်ဆုတ်လာရာ အိမ်နှင့် ကျွန်ုပ်တို့ မိုင်ဝက်ဝေးလာပြီး ဖြူဖွေးသိပ်သည်းသော မြူခိုးပင်လယ်ထုက အပေါ်မှ လရောင်ပက်ဖြန်းလျက် တဖြည်းဖြည်းဖြင့် ရွေ့လျားလာနေ၏။

'ကျွန်တော်တို့ သွားတာဝေးလွန်းနေပြီ' ဟုမ်းက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန် တော်တို့ဆီကို သူမရောက်နိုင်ခင်၊သူ့အမိခံရမှာကိုကျွန်တော်တို့ မစွန့်စားရဲ ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရှိနေတဲ့ နေရာမှာ ကျွန်တော်တို့ ခြေကုတ် ယူရမယ်' သူက မြေပြင်ပေါ် ဒူးထောက်ပြီး၊ မြေပြင်ကိုနားဖြင့် ကပ်လိုက်၏။ 'ဘုရားကယ်လို့ပဲ။ သူလာနေတာကို ကျွန်တော် ကြားရတယ်'

လျှင်မြန်သော ခြေလှမ်းသံက တောရိုင်းမြေ၏ တိတ်ဆိတ်မှုကို ဖြို ခွင်းလိုက်၏။ ကျောက်တုံးများကြားတွင် ဝပ်နေကြသော ကျွန်ုပ်တို့က ငွေရောင် တောက်နေသော ကျွန်ုပ်တို့ ရှေ့မှ မြူခိုးထုကို စူးစိုက်၍ ကြည့်နေကြ၏။ ခြေ လှမ်းသံများက ပို၍ကျယ်လောင်လာပြီး၊ ကာလကာကြားမှ ဖြတ်လာသကဲ့သို့ အလား မြူခိုးများအကြားမှ ကျွန်ုပ်တို့ မျှော်လင့်နေသော သူက ခြေလှမ်းထွက် လာ၏။ ရှင်းလင်း၍ ကြယ်များ လင်းလက်နေသည့် ညကာလအတွင်း သူဝင် ရောက်လာစဉ် သူက အံ့သြဟန်ဖြင့် သူ့ဘေးပတ်လည်ကို လှည့်ပတ်ကြည့်၏။ ထို့နောက်လမ်းတစ်လျှောက်ကို သူ လျှင်မြန်စွာလာပြီး၊ ကျွန်ုပ်တို့ ရှိနေသော နေရာအနီးသို့ သူဖြတ်လာကာ၊ ကျွန်ုပ်တို့နောက်မှ ရှည်လျားသော ကုန်းစောင်း ပေါ်သို့ ဆက်လက်တက်သွား၏။ သူက လမ်းလျှောက်နေစဉ်၊ နောက်ကြောင်း မအေးသော လူကဲ့သို့ သူ၏ တစ်ဖက်တစ်ချက်မှ အဆက်မပြတ်ပြန် ပြန်လှည့် ကြည့်၏။

'ရှူး' ဟုမ်းက အော်ပြီး၊ ပစ္စတိုမောင်းတင်သံပြင်းပြင်းကို ကျွန်ုပ် ကြားလိုက်ရ၏။ 'သတိထား လာနေပြီ'

တရွေ့ရွေ့လာနေသော မြူခိုးထု၏ အလည်ဗဟိုတစ်နေရာရာမှ တစ် ဖတ်ဖတ် အသံက အဆက်မပြတ်ထွက်ပေါ်လာ၏။ မြူခိုးတိမ်တိုက်က ကျွန်ုပ် တို့ရှိနေသော နေရာနှင့် ကိုက် (၅၀) အတွင်းရှိနေပြီး၊ ကျွန်ုပ်တို့ (၃) ယောက် စလုံးက ထိုတိမ်ထုအလည်မှ မည်သည့် ထိတ်လန့်စရာများ ထွက်ပေးလာမည် ကို အသေအချာပင် မသိဘဲ၊ ၎င်းကို စူးစိုက်ကြည့်နေကြ၏။ ကျွန်ုပ်က ဟုမ်း၏ ဘေးနားတွင်ရှိပြီး သူ၏ မျက်နှာကို ကျွန်ုပ်ခဏမျှ လှမ်းကြည့်လိုက်၏။ ၎င်းက ဖြူဖတ်ဖြူယော်ဖြင့် ဂုဏ်ယူဝင့်ကြွားဟန်နေပြီး၊ သူ၏ မျက်လုံးများက လရောင် ထဲတွင် တောက်ပစွာ လက်နေ၏။ သို့သော် ရုတ်တရက် ၎င်းတို့က တင်းမာစူး စိုက်စွာဖြင့် ရှေ့သို့ လှမ်းကြည့်လိုက်ပြီး သူ၏နှုတ်ခမ်းများက အံ့သြဟန်ဖြင့် ရှေ့သို့ လှမ်းကြည့်လိုက်ပြီး၊ သူ၏နှုတ်ခမ်းများက အံ့သြဟန်ဖြင့် ဟောင်း လောင်းဖြစ်သွား၏။ ထိုအခိုက်အတန့်တွင် လက်စ်ထရိတ်က ထိတ်လန့် တကြား အော်ဟစ်လိုက်ပြီး မြေပြင်ပေါ်သို့ ဝပ်လျားမှောက်ချလိုက်၏။ မလှုပ် ရှားနိုင်သော ကျွန်ုပ်၏လက်က ခြောက်လုံးပြူးကို ဆုပ်ကိုင်လျက်၊ ကျွန်ုပ်က မတ်တပ်ခုန်ထပြီး၊ မြူခိုးအရိပ်များအကြားမှ ကျွန်ုပ်တို့ဆီသို့ ပြေးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောက်စရာအရိပ်သဏ္ဍာန်ကြောင့်ကျွန်ုပ်ဘာလုပ်ရမှန်းမသိဖြစ်မိ၏ငင်းက အမဲလိုက်ခွေးတစ်ကောင်ဖြစ်၏။ မီးသွေးကဲ့သို့မည်းနက်နေပြီး၊ကြီးမားလှသော အမဲလိုက်ခွေးဖြစ်၏။ သို့သော် သက်ရှိလူတို့မြင်ဖူးသော အမဲ လိုက်ခွေးမျိုးမဟုတ်ပါ။ငင်း၏ပြဲဟနေသောပါးစပ်မှမီးများထွက်နေပြီး ကြီးမားလှသော အမဲလိုက် ခွေးဖြစ်၏။ သို့သော် သက်ရှိလူတို့ မြင်ဖူးသော အမဲလိုက်ခွေးမျိုးမဟုတ်ပါ။ ငင်း၏ ပြဲဟနေသော ပါးစပ်မှ မီးများထွက်နေပြီး၊ ငင်း၏ မျက်လုံးများက မီးတဝင်းဝင်းတောက်နေ၍ ငင်း၏နှုတ်သီး လည်ဆံ မွေးနှင့် လည်စလုတ်တို့က မီးတောက်ကြားတွင် ပေါ်ထွက်နေ၏။ မြူခိုးတံ တိုင်း အတွင်းမှ ကျွန်ုပ်တို့အပေါ်သို့ ထွက်ပေါ်လာသော ဤကြမ်းကြုတ်သော မျက်နှာနှင့် နက်မှောင်သော ပုံသဏ္ဍာန်ထက်များစွာ ပို၍ကြောက်စရာကောင်းသော များစွာကြမ်းကြုတ်သော အရာမျိုးကို အိပ်မက်ဆိုးများတွင်ပင် မည်သည့်အခါမှ မက်မည်မဟုတ်ပါ။

ရှည်လျားစွာ ခုန်လှမ်းယင်း ကြီးမားသော သတ္တဝါအနက်ကြီးက ကျွန်ုပ်တို့ မိတ်ဆွေ၏ ခြေရာများ နောက်သို့ ထပ်ချပ်မကွာလိုက်လျက် လမ်းတစ်လျှောက်ခုန်လွှားသွား၏။ ငင်း၏ ကိုယ်ထင်ပြမှုကြောင့် ကျွန်ုပ်တို့ မလှုပ်မယှက်ဖြစ်မိရာ၊ သူကျော်ဖြတ်သွားသောအခါမှ ကျွန်ုပ်တို့ သတိပြန်ဝင်လာ၏။ ထို့နောက် ဟုမ်းနှင့် ကျွန်ုပ်တို့ နှစ်ဦးစလုံးက တစ်ပြိုင်နက် ပစ်ခတ်ကြ၏။ ထိုသတ္တဝါက ကြောက်လန့်ဖွယ်ကောင်းစွာ အော်ဟစ်လိုက်၏။ အနည်းဆုံး တစ်ချက်ထိမှန်ကြောင်း ငင်းက ဖော်ပြခြင်းဖြစ်၏။ သို့သော် ငင်းက တုံ့ဆိုင်းမသွားပါ။ ရှေ့သို့သာ ဆက်လက်ခုန်လွှားသွား၏။ လမ်းပေါ်အဝေးတွင် ဆာဟင်နရီက နောက်လှည့်ကြည့်ပြီး၊ သူ့မျက်နှာက လရောင်တွင် ဖြူဖွေးလျက် သူ့လက်များက ထိတ်လန့်စွာ မြှောက်ထားလျက်၊ သူ့နောက်သို့ လိုက်လာနေသော ကြောက်စရာအရာကို အကူအညီမဲ့စွာ လှမ်းကြည့်နေသည်ကို ကျွန်ုပ်တို့ မြင်ရ၏။

သို့သော် အမဲလိုက်ခွေးထံမှ နာကျင်သော အော်သံက ကျွန်ုပ်၏ ထိတ်လန့်မှုများ အားလုံးကို လေထဲသို့ လွင့်စင်ကုန်စေ၏။ ထိခိုက်မှုဒဏ်ကို သူ မခံနိုင်လျှင် သူက သေမျိုးဖြစ်ပြီး၊ သူ့ကို ကျွန်ုပ်တို့ ဒဏ်ရာရစေနိုင်လျှင်၊ သူ့ကို ကျွန်ုပ်တို့ သတ်နိုင်မည်။ ထိုညက ဟုမ်းပြေးသကဲ့သို့ လူတစ်ယောက်ပြေးလွှားသည်ကို ကျွန်ုပ် တစ်ခါမှ မမြင်ဖူးပါ။ ကျွန်ုပ်ကို အပြေးသန်သူဟု သိကြ၏။ သို့သော် ပြိုင်ဘက်ကို ကျွန်ုပ်သော လွန်ခဲ့သကဲ့သို့၊ ကျွန်ုပ်ကို သူသာလွန်ခဲ့၏။ လမ်းတစ်လျှောက် ကျွန်ုပ်တို့ ပြေးစဉ် ကျွန်ုပ်တို့ ရှေ့၌ ဆာဟင်နရီ၏ အော်ဟစ်သံတစ်သံပြီး တစ်သံနှင့် အမဲလိုက်ခွေး၏ ဟိန်းနေသော အော်ဟစ်သံကို ကျွန်ုပ်တို့ကြားရ၏။ တိရစ္ဆာန်က သူ၏သားကောင်အပေါ် ခုန်အုပ်ပြီး၊ သူ့ကို မြေပြင်ပေါ်သို့ လဲကျစေ၍ သူ၏လည်မျို၌ အလုပ်ရှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ကျွန်ုပ်တို့ အချိန် သူ့ကို မြေပြင်ပေါ်သို့ လဲကျစေ၍ သူ၏လည်မျိုး၌ အလုပ်ရှုပ်နေသည်ကို ကျွန်ုပ်တို့အချိန်မီ တွေ့မြင်လိုက်ရ၏။ သို့သော် နောက် ခဏတွင် ဟုမ်းက သူ၏ခြောက်လုံးပြူးကျည်ဆံ (၅) တောင့်ကို သတ္တဝါ၏ နံကြားအတွင်းသို့ အကုန်ပစ်သွင်းလိုက်၏။ ဝေဒနာ ခံစားရသော နောက်ဆုံး အော်သံနှင့်အတူ လေထဲသို့ တစ်ချက်ထိုးဟပ်လျက်၊ ၎င်းက ပက်လက်လန် လိမ့်သွားပြီး ခြေလေးချောင်းက ယက်ကန်း-ယက်ကန်းဖြစ်နေ၏။ ထို့နောက် ၎င်း၏ ဘေးတစ်ဖက်သို့ ပျော့ခွေကျသွား၏။ ကျွန်ုပ်က မောဟိုက်လျက်၊ ကိုယ်ကို ကိုင်းလိုက်ပြီး၊ ကျွန်ုပ်၏ ခြောက်လုံးပြူးကို ကြောက်စရာကောင်း၍ အလင်းလက်နေသော ဦးခေါင်းဆီတွင် ဖိကပ်၏။ သို့သော် သေနတ်ခလုပ်ကို နှိပ်ရန် အသုံးမဝင်တော့ပါ။ ဧရာမ အမဲလိုက်ခွေးကြီးက သေနေပြီ။

ဆာဟင်နရီက သူလဲကျခဲ့သော နေရာတွင် သတိလစ်နေ၏။ သူ၏ အင်္ကျီကော်လံကို ကျွန်ုပ်တို့ ဆွဲဖြဲပစ်လိုက်၏။ ဒဏ်ရာအမှတ်အသားများ မရှိဘဲ၊ ကယ်တင်မှုက အချိန်မီကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရသောအခါ ဟုမ်းက ဘုရားသခင်ကို ကျေးဇူးတင်မိ၏။ ကျွန်ုပ်တို့ မိတ်ဆွေ၏ မျက်ခွံများက လှုပ် လှုပ်ရွရွဖြစ်လာပြီဖြစ်ပြီး၊ သူက လှုပ်ရှားရန်ရဲရဲကြိုးစား၏။ လက်စ်ထရတ်က သူ၏ ဘရန်ဒီဘူးပြားကို မြေရှင်က ကလေး၏ ပါးစပ်အတွင်းသို့ ထိုးထည့်ပြီး၊ ကြောက်ရွံ့နေသော သူ၏မျက်လုံးနှစ်လုံးက ကျွန်ုပ်တို့ကို ကြည့်နေ၏။

'ဘုရားရေ' သူက တီးတိုးပြော၏။ 'ဒါဘာလဲ ဒါဘယ်လိုဟာလဲ'

'အဲဒါဘာပဲဖြစ်ဖြစ် သေပြီ' ဟုမ်းက ပြော၏။ 'မိသားစုတစ္ဆေကို ကျွန်တော် တစ်ခါတည်းနဲ့ အပြီးအပိုင် မောင်းထုတ်လိုက်ပြီ'

အရွယ်အစားနှင့် သန်မာမှုအရ ၎င်းက ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင်ဖြစ်ပြီး ကျွန်ုပ်တို့၏ ရှေ့တွင် စင်းစင်းလဲနေ၏။ ၎င်းက 'ဘလတ်ကောင်း' ခွေးအမျိုးအစား သက်သက်လည်း မဟုတ်ပါ။ 'မာစ်တစ်ဖ်' သက်သက်လည်း မဟုတ်ပါ။ သို့သော် ၎င်းက နှစ်ခု စပ်ထားဟန်တူ၏။ ပိန်ပိန်ရှည်ရှည် ရက်စက်ကြမ်းကြုတ်သော ခြင်္သေ့အပေါက်မတစ်ကောင်ကဲ့သို့ ကြီးမား၏။ ငြိမ်သက်သေဆုံးနေသည့် ယခုအချိန်တွင်ပင် ကြီးမားသော မေးရိုးများက မီးတောက်ပြာပြာကို မှုတ်ထုတ်နေဟန်တူပြီး၊ သေးငယ်ရက်စက်၍ အတွင်းချိုင့်ဝင်နေသော မျက်လုံးများက မီး တဖျတ်ဖျတ်တောက်နေ၏။ အလင်းရောင်လက်နေသော နှာတံပေါ်သို့ ကျွန်ုပ်က လက်တင်လိုက်ပြီး၊ ကျွန်ုပ်၏လက်ချောင်းများကို မတင်လိုက်သောအခါ၊ ၎င်းတို့က အမှောင်ထဲတွင် လင်းလက်နေ၏။

'ဖော့စ်ဖရပ် (မီးစုန်း) တွေပဲ'

ကျွန်ုပ်က ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ကောက်ကျစ်စဉ်းလဲတဲ့ စီစဉ်မှုတွေပဲ' ဟုမ်းက သေနေသော တိရစ္ဆာန်ကို နှာခေါင်းရှုံတ်ပြယင်း ပြော၏။

'သူ့ရဲ့ အနံ့ခံမှုစွမ်းရည်ကို အနှောင့် အယှက်ပေးမယ့် အနံ့အသက်တွေ မရှိဘူး။ ဒီထိတ်လန့်စရာနဲ့ ခင်ဗျား တွေ့ ကြုံလိုက်ရတဲ့ ခင်ဗျားကို ကျွန်တော်တို့ အနူးအညွတ်တောင်းပန်ပါတယ်။ ဆာဟင်နရီ အမဲလိုက်ခွေးတစ်ကောင်အတွက် ကျွန်တော် ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုသတ္တဝါမျိုးအတွက် ကျွန်တော် မပြင်ဆင်မိပါဘူး။ ပြီးတော့ မြူခိုးတွေကြားက သူ့ကို ကျွန်တော်တို့ တွေ့မြင်ဖို့ အချိန်နည်းနည်း ယူလိုက်ရတယ်'

'ခင်ဗျား ကျွန်တော် အသက်ကို ကယ်ခဲ့ပါတယ်'

'ပထမဦးဆုံး အန္တရာယ် ကြုံရပြီးမှပါ။ ခင်ဗျား မတ်တပ်ရပ်နိုင်ရဲ့ လား'

'ဒီဘရန်ဒီနောက်ထပ်တစ်ငုံလောက် ကျွန်တော်ကို ပေးပါ။ ကျွန်တော် ကောင်းသွားမှာပါ။ ကဲ အခု ခင်ဗျား ကျွန်တော်ကို ထူပေးမလား၊ ခင်ဗျား ဘာလုပ်မလဲ'

'ခင်ဗျားကို ဒီမှာ ထားခဲ့မယ်။ ဒီညအတွက် ခင်ဗျား နောက်ထပ် စွန့်စားဖို့ မသင့်တော့ဘူး။ ခင်ဗျား စောင့်နေမယ်ဆိုယင် ကျွန်တော်တို့ တစ်ယောက် နှစ်ယောက်က ခင်ဗျားနဲ့အတူ ဟောအိမ်ကို ပြန်ပါ့မယ်'

သူက ဒယိမ်းဒယိုင်ဖြင့် လျှောက်ရန် ကြိုးစား၏။ သို့သော် သူက တစ္ဆေသရဲ ကဲ့သို့ ဖြူဖတ်ဖြူယော်ဖြစ်နေဆဲဖြစ်ပြီး၊ ခြေလက်များက တုန်ရီနေ၏။ ကျွန်ုပ်တို့က သူ့ကို ကျောက်တုံးတစ်ခုဆီသို့ ဖေးမ၍ခေါ်သွားပြီး ထိုနေရာ၌ သူက လက်နှစ်ဖက်အကြား မျက်နှာဝှက်လျက် တုန်ရီစွာဖြင့် ထိုင်နေ၏။

'ခင်ဗျားကို အခုကျွန်တော်တို့ ထားခဲ့ရမယ်' ဟုမ်းက ပြော၏။

'ကျွန်တော်တို့ရဲ့ ကျန်တဲ့ အလုပ်ကို ကျွန်တော်တို့ လုပ်ရမယ်။ အချိန်တိုင်းက အရေးကြီးတယ်။ ကျွန်တော်တို့ အမှုရပြီး၊ အခု ကျွန်တော်တို့ ရဲ့ လူကိုပဲ၊ ကျွန်တော်တို့လိုတော့တယ်'

'သူ့ကို အိမ်မှာ တွေ့ဖို့ကတော့ အခွင့်အရေး သိပ်မရှိဘူး' လမ်းပေါ်သို့ ကျွန်ုပ်တို့လျင်မြန်စွာ ဆင်းလာကြစဉ် သူက ဆက်လက်ပြော၏။ 'ပွဲက ပြီးသွားပြီဆိုတာ ဒီသေနတ်သံတွေက သူ့ကို ပြောပြလိမ့်မယ်'

'ကျွန်တော်တို့က အတော်လှမ်းလှမ်းမှာ ရှိနေတာ၊ ဒီမြူခိုးတွေကြောင့် အသံကြားချင်မှ ကြားရမှာပါ'

'အမဲလိုက်ခွေးကို သူပြန်ခေါ်ဖို့ လိုက်လာမှာ၊ ဒါကိုတော့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ် ဟုတ်တယ်။ ဒီအချိန်ဆိုယင်၊ သူမရှိတော့ဘူး။ ဒါပေမယ့် အိမ်ကို ကျွန်တော်လို့ ရှာဖွေပြီး သေချာအောင်လုပ်ရမယ်'

ရှေ့တံခါးက ပွင့်နေ၏။ ထို့ကြောင့် ကျွန်ုပ်တို့က ပြေးဝင်သွားကြပြီး၊ တုန်တုန်ရီရီသွားနေသော အိမ်ဖော်အဖိုးအိုအတွက် ထိတ်လန့်အံ့သြဖွယ် ကောင်းစွာ၊ တစ်ခန်းမှတစ်ခန်းသို့ အလျင်စလို ကျွန်ုပ်တို့ သွားကြ၏။ ထို အဘိုးအိုကို အိမ်အတွင်းလမ်း၌ ကျွန်ုပ်တို့ တွေ့ကြရခြင်းဖြစ်၏။ ထမင်းစား ခန်းမှ လွဲ၍ အလင်းရောင် မရှိပါ။ သို့သော် ဟုမ်းက မီးအိမ်ကို ဆွဲယူပြီး၊ တစ်အိမ်လုံးကို နေရာမလပ်အောင် ရှာဖွေ၏။ ကျွန်ုပ်တို့ လိုက်ဖမ်းနေသော လူ၏အရိပ်အယောင်ကို မတွေ့ရပါ။ သို့သော်လည်း အပေါ်ထပ်တွင် အိပ်ခန်း တံခါးတစ်ခုကသော့ပိတ်ထား၏။

'ဒီအထဲမှာ လူတစ်ယောက်ရှိတယ်' လက်စထရိတ်က အော်၏။ 'လှုပ်ရှားသံကို ကျွန်တော်ကြားရတယ်။ ဒီတံခါးကို ဖွင့်ပါ'

ညည်းသံသဲ့သဲ့နှင့် လှုပ်ရှားသံက အထဲမှ ထွက်လာ၏။ ဟုမ်းက တံခါးသော့အပေါ်ကို ခြေဖနောင့်ဖြင့် ဆောင့်ကန်ပြီး၊ ၎င်းက ပွင့်ထွက်သွား၏။ ခြောက်လုံးပြူးကို လက်တွင် ကိုင်လျက်၊ ကျွန်ုပ်တို့ (၃) ယောက်စလုံးက အခန်းထဲသို့ ပြေးဝင်သွားကြ၏။

သို့သော် အထဲတွင် ကျွန်ုပ်တို့ တွေ့မြင်ရန် မျှော်လင့်ထားသော ဤလူဆိုး၏ အရိပ်လက္ခာက မရှိပါ။ ထိုအစားအလွန်ထူးစမ်းလှသော အလွန် မမျှော်လင့်ရသောဖြင့် ကျွန်ုပ်တို့ ရင်ဆိုင်တွေ့လိုက်ရသဖြင့် ထိုအခိုက် အတန့် တွင် ၎င်းကို အံ့သြထိတ်လန့်စွာ စိုက်ကြည့်လျက် ကျွန်ုပ်တို့ ရပ်နေကြ ၏။

အခန်းကို ပြတိုက်ကလေးအဖြစ်၊ ပုံစံပြုလုပ်ထားပြီး နံရံများတွင်စု ဆောင်းထားသော လိပ်ပြာများနှင့် ပြည့်နေသည့် မှန်သေတ္တာများကို တန်းစီ ထား၏။ ဤတို့က ရှုပ်ထွေး၍ အန္တရာယ်များသော ဤလူ၏ အပန်းဖြေစရာ များ ဖြစ်၏။ ဤအခန်း၏ အလည်ဗဟိုတွင် ဒေါက်တိုင်တစ်ခုရှိ၏။ ဤတိုင် တွင် လူတစ်ယောက်ကို ချည်ထားပြီး စိတ်ချစေရန်အတွက် အသုံးပြုထားသော အဝတ်ဖျဉ်စများဖြင့် အထပ်ထပ်ပတ်ချည်ထားရာ ၎င်းက အမျိုးသားလား၊ အမျိုးသမီးလား ဆိုသည်ကို လူတစ်ယောက်အနေဖြင့် အခိုက်အတန့်ခဏတွင် ပြောနိုင်မည်မဟုတ်ပါ။ တစ်ဘက်တစ်ထည်က လည်မျိုကို ပတ်ထားပြီးထို တစ်ဖက်ကိုတိုင် ၏နောက်တွင် ချည်နှောင်ထား၏။ အခြားတစ်ထည်က မျက်နှာအောက်ပိုင်းကို ဖုံးအုပ်ထားပြီး၊ မည်းနက်သော မျက်လုံးနှစ်စုံက ဝမ်းနည်းခြင်း၊ ရှက်ရွံ့ခြင်းနှင့် အလန့်တကြား မေးခွန်းထုတ်ခြင်းတို့ဖြင့်အတူ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ကို ပြန်စိုက်ကြည့် နေ၏။ ခဏအတွင်း ပါးစပ်ပိတ်ထားသော အဝတ်ကို ကျွန်ုပ်တို့ ဖြုတ်ပစ်ပြီး၊ အနှောင်အပတ်ပေါ်တွင် ပုံကျသွား၏။ သူမ၏ လှပသော ဦးခေါင်းက သူမ၏ ရင်ပတ်ပေါ်သို့ ငိုက်ကျသွားသော်၊ သူမ၏လည်ပင်းမှ ထင်ရှားသော အနီ ရောင်ကြာပွတ်အစင်းကို ကျွန်ုပ်တွေ့မြင်လိုက်ရ၏။

'တိရစ္ဆာန်' ဟုမ်းက အော်၏။ 'လက်စထရိတ် ခင်ဗျားရဲ့ ဘရန်ဒီ ပုလင်းပေးပါ။ သူမကို ထိုင်ခုံပေါ်တင်ပါ။ သူမအနိုပ်စက်ခံထားရလို့၊ မူးမေ့နေ တယ်'

သူမက မျက်လုံးများကို တစ်ခါ ဖွင့်ပြန်၏။

'သူအန္တရာယ်ကင်းရဲ့လား' သူမက မေး၏။

'သူလွတ်သွားပြီးလား'

'ကျွန်တော်တို့လက်က သူ မလွတ်နိုင်ပါဘူး။ မိန်းကလေး'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မရဲ့ ယောကျ်ားကို ကျွန်မ ဆိုလိုပါ ဘူး။ ဆာဟင်နရီကို ပြောတာပါ။ သူအန္တရာယ်ကင်းရဲ့လား'

'ဟုတ်ကဲ့'

'ခွေးရော'

'သေပြီ'

သူမက ကျေနပ်ဟန်ဖြင့် သက်ပြင်းချ၏။

'ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ဘုရားသခင်ကို ကျေးဇူးတင် ပါတယ်။ အို မိုက်လိုက်တဲ့လူ၊ သူ ကျွန်မကို ဘယ်လိုပြုမူသလဲဆိုတာ ကြည့်ပါ တော့' သူမက သူမ၏လက်များကို အင်္ကျီလက်အောက်မှ ထိုးထုတ်လိုက်၏။ သူတို့အားလုံးက ပွန်းပဲ့ဒဏ်ရာများဖြစ်ပေါ်နေသည်ကို ကျွန်ုပ်တို့ ထိတ်လန့် စွာ တွေ့မြင်လိုက်ရ၏။ 'ဒါပေမယ့် ဒါက ဘာမှ မဟုတ်ပါဘူး။ ဘာမှ မဟုတ် ပါဘူး။ သူနှိပ်စက်ညှင်းပန်းခဲ့တာက ကျွန်မရဲ့ စိတ်ကိုပါ။ သူ့ရဲ့ အချစ်ကို ကျွန်မရမယ်လို့ မျှော်လင့်နိုင်သမျှ ကာလပတ်လုံးမှာ ဒီနှိပ်စက်မှု၊ ညှင်းပန်းမှု တွေ၊ အထီးကျန်မှုတွေ အားလုံးကို ကျွန်မ ခံနိုင်ပါတယ်။ ဒါပေမယ့် ဒီကိစ္စမှာ လည်း ကျွန်မ သူ့ရဲ့အရုပ်ကလေးဖြစ်ခဲ့ရတယ်ဆိုတာကို အခု ကျွန်မ သိပါရပြီ' သူမက စကားပြောနေစဉ်၊ ရှိုက်ကြီးတငင်ငင် ငိုကြွေးလိုက်၏။

'ခင်ဗျား သူ့အပေါ်ကို စိတ်ကောင်းမထားပါနဲ့တော့' ဟုမ်းက ပြော ၏။ 'သူ့ကို ဘယ်နေရာမှာ ရှာရမယ်ဆိုတာ၊ ကျွန်တော်တို့ကို ပြောပြပါ မကောင်းမှုကိစ္စမှာ သူ့ကို ခင်ဗျား ကူညီခဲ့တယ်ဆိုယင်၊ ကျွန်တော်တို့ကို အခု ကူညီပြီး ပြန်လည်ပေးဆပ်မှုပြုပါ'



www.burmeseclassic.com

www.burmeseclassic.com



'သူပြေးနိုင်တဲ့နေရာတစ်ခုပဲ ရှိပါတယ်' သူမက ဖြေ၏။ 'နွံတောထဲက ကျွန်းတစ်ကျွန်းမှာ မိုးတွင်းဟောင်းတစ်ခုရှိတယ်။ သူ့ရဲ့ အမဲလိုက်ခွေးကို ထားတာ၊ အဲဒီနေရာမှာ ဖြစ်ပြီး၊ အဲဒီနေရာမှာ သူ့ပုံးခိုလို့ရအောင်ပြင်ဆင်မှုတွေ လုပ်ထားတယ်။ အဲဒီနေရာကိုပဲ သူပြေးမှာပါ'

မြူခိုးထုက ဖြူဖွေးသော ဝါဆိုင်ဝါဂွမ်းပုံကဲ့သို့ ပြတင်းပေါက်ဘေး တွင် ရှိနေ၏။ ဟုမ်းက မီးအိမ်ကို ထိုဘက်သို့ မြှောက်ကိုင်လိုက်၏။

'ကြည့်' သူက ပြော၏။ 'ဒီညမှာ ဘယ်သူမှ ဂရစ်ပင်နွံတောထဲကို သွားနိုင်မှာ မဟုတ်ဘူး'

သူမ လက်ခုပ်လက်ဝါးတီးလျက် ရယ်မော၏။ သူမမျက်လုံးများနှင့် သွားများက ထက်သန်သော ပျော်ရွှင်မှုဖြင့် တောက်ပနေ၏။

'သူ့ရဲ့အဝင်လမ်းကို သူတွေ့နိုင်တယ်။ ဒါပေမယ့် အထွက်လမ်းကို ဘယ်တော့မှ မတွေ့နိုင်ဘူး' သူမက အော်၏။ 'ဒီညမှာ လမ်းပြတိုင်တွေကို သူဘယ်လို လုပ်၊ မြင်နိုင်မလဲ။ နွံတောထဲက လမ်းကို အမှတ်အသားပြုဖို့ ဒါတွေကို သူနဲ့ ကျွန်မတို့နှစ်ဦး အတူတူစိုက်ခဲ့ကြတာ၊ အို ... အဲဒါတွေကို ဒီနေ့မှာ ကျွန်မ ဆွဲနုတ်နိုင်ခဲ့ယင်တော့လား၊ အဲဒါဆိုယင် တကယ်ပါပဲ ရှင်ပြုသမျှ သူနုရတော့မှာ'

မြူခိုးများ မပျောက်သရွေ့ လိုက်လံဖမ်းဆီးမှုက လုံးဝအချည်းအနှီး ဖြစ်မည်မှာ ကျွန်ုပ်တို့အတွက် ထင်ရှားလာ၏။ ထိုအတောအတွင်း အိမ်သို့ လက်စ်ထရိတ်၏ လက်ထဲသို့ ကျွန်ုပ်တို့ အပ်ခဲ့ပြီး၊ ဟုမ်းနှင့် ကျွန်ုပ်က မြေရှင် ကလေးနှင့်အတူ ဟောအိမ်သို့ ပြန်သွား၏။ စတာပလက်တန်အကြောင်းကို သူမသိအောင် ကြာရှည်စွာကွယ်ဝှက်မထားနိုင်ပါ။ သို့သော် သူချစ်ခဲ့သော အမျိုးသမီးနှင့် ပတ်သက်၍ အမှန်ကို သူသိရသောအခါ ထိခိုက်မှုကို သူရဲဝံ့စွာ ခံယူ၏။ သို့ရာတွင်ညက တုန်လှုပ်ခြောက်ခြားမှုကြောင့် သူ၏အာရုံများ ပျက် ပြား၍ မနက်မိုးမလင်းခင်တွင် ဒေါက်တာ မော်တင်မာ၏ ဂရုစိုက်မှုအောက်၌ သူ၏အာရုံများ ပျက်ပြား၍ မနက်မိုးမလင်းခင်တွင် ဒေါက်မော်တင်မာ၏ ဂရုစိုက်မှုအောက်၌ သူဂယောင်ဂတမ်းနှင့် သူအပြင်းဖျားတော့၏။ နိမိတ် မကောင်းသော ဤခြံမြေ အိမ်ယာ၏ အရှင်သခင်၊ သူမဖြစ်ခင်အနေဖြင့် အတူ တကွ ကမ္ဘာပတ်၍ ခရီးသွားရပေဦးတော့မည်။

ယခု၊ ထူးဆန်းသော ဤဇာတ်လမ်းကို ကျွန်တော်ကို ကျွန်ုပ် လျင် မြန်စွာ အဆုံးသတ်တော့မည်။ ဤဇာတ်လမ်းတွင် ကျွန်ုပ်တို့၏အသက်ကို ကာလကြာရှည်စွာ ခြိမ်းခြောက်နေခဲ့သော ထိတ်လန့်စရာများကို စာရှုသူအား မျှဝေခံစားစေရန် ကျွန်ုပ် ကြိုးစားခဲ့၏။ အမဲလိုက်ခွေးသေပြီးနောက်၊ မနက်တွင်



www.burmeseclassic.com

www.burmeseclassic.com



မြူခိုးများလွင့်သွားပြီး၊ နွံတောအတွင်းသွားသော လမ်းကို သူတို့ တွေ့ခဲ့သည့် နေရာဆီသို့ မစ္စစ်စတာ ပလက်တန်က ကျွန်ုပ်တို့ကို ဦးဆောင်ခေါ်သွား၏။ သူမ၏ ခင်ပွန်းကို ခြေရာခံနိုင်ရန်၊ ကျွန်ုပ်တို့အား စိတ်ထက်သန်ဝမ်းမြောက်စွာဖြင့် သူမကလမ်းပြသည်ကို တွေ့မြင်ရသောအခါ ဤအမျိုးသမီးဘဝ၏ထိတ်လန့်မှုကို ကျွန်ုပ်တို့သိလိုက်၏။ ကျယ်ပြန့်သော နွံတောအစပ်တွင် အဆုံးသတ်နေသော မြေမာကျဉ်းကျဉ်းပေါ်၌ သူမက ကျွန်ုပ်တို့၊ မတ်တပ်ရပ်လျက်ထားခဲ့၏။ ထိုမြေမာအဆုံးမှ စ၍ဟိုနေရာ၊ ဒီနေရာ၌ စိုက်ထူသော လမ်းပြတုတ်တိုင်ကလေးများက နွယ်ခြုံများ တစ်ခုနှင့် တစ်ခုအကြားတွင် လမ်းကဇီဇက်သွားနေကြောင်းကို ဖော်ပြနေ၏။ ခြုံပင်၊ ပေါင်းပင်များက အပုတ်နံ့များ ထွက်နေပြီး ခြေလှမ်းတစ်ချက်မှားလျှင် မည်းမှောင်သော နွံတောအလျှောက်ကြစဉ်၊ ပျော့အိသော နွံတောမြေက ကျွန်ုပ်တို့၏ ခြေထောက်များကို စုတ်ဆွဲထားကြ၏။ ဤအန္တရာယ်ရှိသော လမ်းကို ကျွန်ုပ်တို့ အရင်တစ်စုံတစ်ယောက် ဖြတ်သွားကြောင်း ခြေရာကောက်နိုင်မည့်အရာတစ်ခုကို ကျွန်ုပ်တို့ တစ်ကြိမ်သာ မြင်လိုက်ရ၏။ နွယ်ခြုံအတွင်းမှ မည်းမည်းအရာတစ်ခုက ထိုးထွက်နေ၏။ ဟုမ်းက ၎င်းကို ဆွဲယူရန် လမ်းဘေးသို့ ခြေလှမ်းလိုက်သော် ခါးအထိ၊ နွံနစ်သွားပြီး သူ့ကို ဆွဲယူရန် ကျွန်ုပ်တို့သာ ထိုအနား၌ မရှိလျှင်၊ မြေမှာပေါ်သို့ သူမည်သည့်အခါမှ ခြေချနိုင်တော့မည် မဟုတ်ပေ။ အနက်ရောင်ဘွတ်ဖိနပ်ဟောင်းကို သူက လေထဲ၌ ကိုင်းမြှောက်ထား၏။

'မီယာ၊ တိုဂွန်တို' ဟူသော စကားလုံးက သားရေအတွင်းပိုင်းတွင် ရိုက်နှိပ်ထား၏။

'ဒါက နွံထဲကို ကျထိုက်ပါတယ်' သူက ပြော၏။ 'ဒါက ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီးဆာဟင်နရီနဲ့ ပျောက်သွားတဲ့ ဘွတ်ဖိနပ်ပဲ'

'စတာပလက်တန်က ထွက်ပြေးယင်းနဲ့ ဒီနေရာမှာ ပစ်ခဲ့တာပေါ့'

'အတိအကျပါပဲ။ ဒါကို အသုံးပြုပြီး အမဲလိုက်ခွေးကို အနံ့ခံခိုင်းပြီးတဲ့ နောက်မှာ ဒါကို သူ့လက်ထဲမှာ သိမ်းထားသလဲ။ ပွဲပြီးသွားပြီဆိုတာ သူသိရတဲ့အခါ ဒါကို ကိုင်ရင်းနဲ့ သူထွက်ပြေးတယ်။ ပြီးတော့ ဒီနေရာကို ရောက်တဲ့အခါ ဒါကို သူလွှတ်ပြစ်လိုက်တယ်။ လုံခြုံမှုဆီကို သူရောက်သွားပြီဆိုတာ ကျွန်တော်တို့ သိတော့သိရပြီ'

သို့သော် ကျွန်ုပ်တို့ စဉ်းစားစရာများစွာရှိသေးသော်လည်း၊ ထို့ထက်ပို၍ သိရှိရန် ကျွန်ုပ်တို့မည်သည့်အခါမှ မကြိုးစားတော့ပါ။ နွံတောထဲတွင် ခြေရာများကို တွေ့ရှိရန် အခွင့်အရေး မရှိပါ။ လျှံတက်လာသော ရွှံ့ရည်များက



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ အပေါ်သို့ လျှင်မြန်စွာ ဖုံးအုပ်သွားသောကြောင့် ဖြစ်၏။ သို့သော် နွံတောအလွန်မှ မြေမာပေါ်သို့ နောက်ဆုံး၌ ကျွန်ုပ်တို့ရောက်ကြသော်၊ ကျွန်ုပ်တို့အားလုံးက ခြေရာများကို စိတ်ထက်သန်စွာရှာကြ၏။ သို့သော် ၎င်းတို့ကို အရိပ်အယောင်မျှပင် ကျွန်ုပ်တို့ မတွေ့ရပါ။ ပထဝီ မြေကြီးက ဇာတ်လမ်းအမှန်ကို ပြောပြမည်ဆိုလျှင် လွန်ခဲ့သော ထိုညက မြူခိုးများအကြားမှ သူရှန်းကန်ကြိုးစားသွားခဲ့သည်။ ထိုပုန်းခိုရာကျွန်းဆီသို့ စတာပလက်တန်မည်သည့်အခါမှ ရောက်မည်မဟုတ်။ ဟူ၍ပင်ဖြစ်၏။ သူ့ကို စုတ်ယူသွားခဲ့သော ဂရစ်ပင်နွံတော၏ ဗဟိုအလည်တစ်နေရာတွင် သွေးအေးအေးနှင့် ရက်စက်သော နှလုံးသား ရှိသည့် ဤလူမှာ အမြဲတမ်း မြေမြှုပ်သင်္ဂြိုလ်ခံရလိုက်ရပေပြီ။

ရိုင်းစိုင်းကြမ်းကြုတ်သော သူ၏အကူ တိရစ္ဆာန်ကို သူဖုံးကွယ်ထားခဲ့သော နေရာဖြစ်သည့် နွံတောများ ဝိုင်းရံနေသော နေရာတွင် သူ၏ခြေရာများစွာကို ကျွန်ုပ်တို့တွေ့မြင်ရ၏။ ကြီးမားသော လှည်းဘီးတစ်ခုနှင့် အမှိုက်များတစ်ဝက်တစ်ပျက် ဖုံးအုပ်နေသော ဝင်ရိုးထိုင်တစ်ခုက စွန့်ပစ်ထားသော မိုင်းတွင်းတစ်ခု၏ အနေအထားကို ဖော်ပြနေ၏။ ၎င်း၏ဘေးတွင် မိုင်းတူးသမားများ၏ ပြိုကျနေသော တဲအိမ်အကြွင်းအကျန်များ ရှိ၏။ ထိုတဲအိမ်ထဲမှ တစ်ခုတွင် ကိုက်ဝါးထားသော အရိုးပုံများနှင့်အတူ ချည်ထိုင်တစ်ခုနှင့် သံကြိုးတစ်ခုတစ်ခုက တိရစ္ဆာန်၊ သိမ်းထိန်းခဲ့သော နေရာကို ညွှန်ပြ၏။ ရှုပ်ထွေးသည့်အညိုရောင်အမွေးများ တွယ်ကပ်နေသော အရိုးစုတစ်စုက အပျက်အစီးများကြားတွင် ရှိနေ၏။

'ခွေးတစ်ကောင်ပဲ' ဟုမ်းကပြော၏။ 'ဘုရားများ အမွေးလိပ်လိပ်နဲ့ စပါနယ်ခွေးပဲ၊ သနားစရာ မော်တင်မာတော့၊ သူ့ရဲ့ ခွေးလိမ္မာကလေးကို ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်ဘူး။ အင်း ... ဒီနေရာမှာ ကျွန်တော်တို့ တွက်ဆလို့ မရတဲ့၊ လျှို့ဝှက်ချက်တွေ ရှိတယ်။ ဆိုတာ ကျွန်တော် မသိဘူး။ သူ့ရဲ့အမဲလိုက်ခွေးကို သူဖုံးကွယ်ထားနိုင်တယ်။ ဒါပေမယ့် သူ့ရဲ့ အသံကို တိတ်အောင် သူ မလုပ်နိုင်ဘူး။ နေဘက်မှာတောင် နားထောင်လို့ မကောင်းတဲ့ အဲဒီအော်သံတွေက ဒီနေရာက လာတာ အရေးကြီးတဲ့အခါ ဒီအမဲလိုက်ခွေးကို မဲရစ်ပစ်က အိမ်ကလေးထဲမှာ သူထားနိုင်တယ်။ ဒါပေမယ့် ဒါက အမြဲတမ်း စွန့်စားရတယ်။ သူရဲ့ ကြိုးပမ်းအားထုတ်မှုတွေ အဆုံးသတ်ပြီလို့ သူထင်တဲ့အတွက် တကယ့် နေ့ရက်အခါကြီး ကျွန်မှသာ ဒီလို သူလုပ်ရဲမယ်။ ဘူးထဲက ဒီဖျော့ဖျော့အရာတွေက ဒီသတ္တဝါကို သုတ်လိမ်းခဲ့တဲ့ အလင်းထွက် ပစ္စည်းတွေဖြစ်ရမယ်။ ဒါက အသေအချာပဲ၊ မိသားစုရဲ့ ခွေးကြီးကို ဖန်ဆင်းချင်လို့၊ ဆာချားစ်ကို ခြောက်လှန့်ပြီး သေစေချင်လို့လုပ်တာပဲ။ တောရိုင်းမြေအမှောင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ၊ သူ့ကို လိုက်ဖမ်းနေတဲ့ ဒီလိုသတ္တဝါကို တွေ့မြင်လိုက်ရတဲ့အခါ ကျွန်တော်တို့ရဲ့ မိတ်ဆွေပြေးသလို၊ ကျွန်တော်တို့လည်း အဲဒီလို လုပ်မိမှာ ဖြစ်တဲ့အတိုင်း၊ ဒီရာဇဝတ်ကောင်ခမျာ အော်ဟစ်ပြီး၊ ပြေးမိမှာ သေချာတယ်။ ဒါက ကောက်ကျစ်တဲ့ လှည်းစားမှုပဲ၊ တောရိုင်းမြေပေါ်မှာ တခြားသူတွေ တွေ့မြင်သလို ဒီလို သတ္တဝါတစ်ကောင်ကို လယ်သမားတစ်ယောက်က တွေ့မြင်မယ်ဆိုယင်၊ ဘာအတွက်ကြောင့် သူ့ကို နီးနီးကပ်ကပ် စုံစမ်းဖို့ သူစွန့်စားမလဲ။ ဒါကို ကျွန်တော် လန်ဒန်မှာ ပြောခဲ့ပါတယ်။ ဝပ်ဆန်၊ အခုလည်း ကျွန်တော် ထပ်ပြောပါ့မယ်။ အဲဒါကတော့ ဟိုးဘက်မှာ နစ်မြုပ်သွားတဲ့သူထက်ပိုပြီး အန္တရာယ်ကြီးတဲ့လူကို ကျွန်တော်တို့ တစ်ခါမျှ ကူညီပြီးလိုက်မဖမ်းသေးဘူးဆိုတာပါပဲ' တောရိုင်းမြေ၏ ဝါကျင့်ကျင့်အရောင်ရှိသော ကုန်းဆင်းများဆီပေါင်းစီးသွားသော အစိမ်းရောင်များဖြင့် အကွက်ကွက်ဖြစ်နေသည့် နွံတောကြီးဆီသို့ လက်ဖ့ေယမ်းပြယင်း သူက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

# ပြန်လှန်သုံးသပ်ခြင်း

ငင်းက နိုဝင်ဘာလ လကုန်ဖြစ်၏။ မြူခိုးဆိုင်းနေသော တစ်ညတွင် ဟုမ်းနှင့် ကျွန်ုပ်က ဘေကာလမ်းရှိ ကျွန်ုပ်တို့၏ ဧည့်ခန်းအတွင်းမှ လောင်ကျွမ်းနေသော မီးဖိုးတစ်ဖက်တစ်ချက်တွင် ထိုင်နေကြ၏။ ဒီဗွန်ရှဲသို့ ကျွန်ုပ်တို့လည်ပတ်ခဲ့ရာမှ ကြေကွဲစရာ ရလာဒ်များဖြစ်ပျက်ခဲ့ပြီး၊ ထို့နောက်ပိုင်းမှ စ၍ သူက အရေးကြီးဆုံးကိစ္စနှစ်ခုနှင့် အလုပ်ရှုပ်နေ၏။ ငင်းတို့ထဲမှ ပထမဦးဆုံး ကန္တန်ပါရေးကလပ်မှ နာမည်ကြီး ဖဲလိမ်ကစားမှုတွင် ပါဝင်ပတ်သက်မှုဖြင့် ဗိုလ်မှူးကြီးအပ်ဝုဒ်၏ အလွန်ဆိုးဝါးသော အပြုအမူကို သူဖော်ထုတ်ခဲ့ခြင်းဖြစ်ပြီး၊ ဒုတိယက လင်ပါ သမီး 'မလီကယ်ရာရီ' သေဆုံးမှုနှင့် ပတ်သက်ပြီး သူမကို ဆွဲဆိုထားသော လူသတ်မှုမှ ကံဆိုးသူ မီးပွန်ပင်ဆီယာကို သူကာကွယ်ပေးခဲ့ခြင်းဖြစ်၏။ ငင်းကို မှတ်မိရသည့်အတိုင်း အမျိုးသမီးငယ်၊ မလီကယ်ရာရီက ၆ လကြာသောအခါ အသက်ရှင်နေသည်ကို တွေ့ရပြီး၊ နယူးယောက်တွင် အိမ်ထောင်ပြုခဲ့၏။ အရေးကြီး၍ ခက်ခဲသော အမှုအပေါ် သူအောင်မြင်ခဲ့သဖြင့် ကျွန်ုပ်၏ မိတ်ဆွေက စိတ်လက်ပေါ့ပါးနေ၏။ ထို့ကြောင့် ဘာစ်ကာဗီးလ် ပဟေဠိကို အသေးစိတ်ဆွေးနွေးပြရန်၊ သူ့ကို ကျွန်ုပ်တိုက်တွန်းနိုင်ခဲ့၏။ အမှုများကို မည်သည့်အခါမှ တစ်ခုပေါ်တစ်ခု ထပ်ခွင့်မပြုကြောင်းနှင့် ရှင်းလင်း၍ ယုတ္တိကျသော သူ၏ စိတ်က လက်ရှိအလုပ်မှ အတိတ်မှ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်များသို့ အာရုံမပြောင်းတတ်သည်ကို ကျွန်ုပ် အသေအချာ သိသဖြင့် ထိုအခွင့်အရေးကို ကျွန်ုပ် စိတ်ရှည်စွာ စောင့်ခဲ့ရ၏။ သို့သော်လည်း ဆာဟင်နရီ၏ အာရုံကြောများ ယိုယွင်းမှုကို ပြန်လည်ကောင်းမွန်စေရန်အတွက် အကြံပြုခဲ့ကြသော ရေလမ်းခရီးရှည်ကို အစပြုရန်အတွက် သူနှင့် ဒေါက်တာ မော်တင်မာက လန်ဒန်တွင် ရှိနေ၏။ ထိုနေ့ မွန်းလွဲပိုင်းတွင်ပင် သူတို့က ကျွန်ုပ်တို့ဆီလာရောက်လည်ပတ်၏။ ထို့ကြောင့် ဤကိစ္စဆွေးနွေးရန် ပေါ်ပေါက်လာသည်မှာ သဘာဝကျ၏။

'သူ့ကိုယ်သူ စတာပလက်တန်လို့ ခေါ်တဲ့ လူတစ်ယောက်ရဲ့ အမြင်မှာ' ဟုမ်းက ပြော၏။ 'အဖြစ်အပျက်တွေရဲ့ လမ်းကြောင်းးတစ်ခုလုံးက ရိုးရိုးတည်တည်ပါ။ ဒါပေမယ့် သူ့အပြုအမူတွေရဲ့ ရည်ရွယ်ချက်အစကို မသိဘဲ၊ အကြောင်းအချက်တွေရဲ့ အစိတ်အပိုင်းလောက်သာ သိတဲ့ ကျွန်တော်တို့အဖို့၊ ဒါတွေ အားလုံးက ရှုပ်ထွေးလွန်းလှပုံရတယ်။ မစ္စစ်စတာပလက်တန်နဲ့ စကားနှစ်ကြိမ်ပြောခဲ့ရတဲ့ အကျိုးကျေးဇူး ကျွန်တော် ရခဲ့ပါတယ်။ အမှုကအခုအားလုံး ရှင်းလင်းသွားပြီဆိုတော့၊ ကျွန်တော်တို့အတွက် လျှို့ဝှက်ချက်ဖြစ်နေမယ့် အရာရှိမလားဆိုတာ၊ ကျွန်တော် မသိပါဘူး။ ကျွန်တော်ရဲ့အမှုစာရင်း အညွှန်းမှာ ခေါင်းစဉ် "ဘီ" အောက်က ကိစ္စနဲ့ပတ်သက်တဲ့ မှတ်စုတချို့ကို ခင်ဗျား တွေ့ရပါလိမ့်မယ်'

'အဖြစ်အပျက်တွေရဲ့ အကြမ်းကို ခင်ဗျားရဲ့ မှတ်ဉာဏ်နဲ့ ခင်ဗျား ကျွန်တော်ကို ပြောပြပါလား'

'ပြောရတာပေါ့။ ဒါပေမယ့် အဖြစ်အပျက်တွေ အားလုံးကို ကျွန်တော်ရဲ့ ခေါင်းထဲမှာ ထည့်ထားသလားဆိုတာတော့ ကျွန်တော် အာမ မခံနိုင်ပါဘူး။ ပြင်းပြတဲ့ စိတ်အာရုံစိုက်မှုမှာ ဖြစ်ပျက်ခဲ့တဲ့ဟာတွေကို ဖုန်းကွယ်နိုင်တဲ့ ထူးစမ်းတဲ့ နည်းတစ်ခုရှိတယ်။ သူ့ရဲ့ လက်ထဲမှာ အမှုရှိပြီး သူ့ရဲ့ ကိစ္စမှာ ကျွမ်းကျင်သူတစ်ယောက်နဲ့ ငြင်းခုန်ပြောဆိုနိုင်တဲ့ ရှေ့နေတစ်ယောက်အဖို့ တရားစီရင်မှုလုပ်ပြီးလို့ တစ်ပတ် ၂ ပတ်ကြာတာနဲ့ ဒါတွေ အားလုံး သူ့ခေါင်းထဲက ထွက်သွားတယ်ဆိုတာကို သူတွေ့ရတယ်။ ဒီလိုပဲ ကျွန်တော်ရဲ့ အမှုအသီးသီးကို နောက်ဆုံး အမှုကနေရာဝင်ယူပြီး မလီကယ်တရီနဲ့ အမှုက ဘာစ်ကာဗီးလ်ဟောနဲ့ ပတ်သက်တဲ့ ကျွန်တော်မှတ်ဉာဏ်ကို ဝါးသွားစေပါတယ်။ မနက်ဖြန်ကြယင်၊ အခြားပြဿနာကလေးတစ်ခုက ကျွန်တော် သတိပြုမိဖို့ ရောက်လာပြီး၊ အပြန်အလှန်အားဖြင့် မွန်မြတ်တဲ့ ပြင်သစ်အမျိုးသမီးနဲ့ သတင်းမကောင်းတဲ့ အပ်ဝုဒ်တို့ကို ကျွန်တော် ခေါင်းထဲက ဖယ်ရှားပြစ်လိုက်လိမ့်မယ်။ ဒါပေမယ့်လည်း အမဲလိုက်ခွေးအမှုနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် တတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သမျှ နီးနီးစပ်စပ်အဖြစ်အပျက် အဆင့်ဆင့်ကို ကျွန်တော် ပြောပြပါ့မယ်။ ကျွန်တော် မေ့နေတဲ့ဟာကိုလည်း ခင်ဗျား ထောက်ပြနိုင်ပါတယ်'

'မိသားစုဓာတ်ပုံက မလိမ်ညာကြောင်း၊ ဒီလူက အမှန်တကယ်၊ ဘာစ်ကာဗီးလ် ဖြစ်ကြောင်း၊ ကျွန်တော်ရဲ့ စုံစမ်းမှုတွေက ချွင်းချက်မရှိ ဖော်ပြခဲ့ပါတယ်။ သူက ဆာချားလ်ရဲ့ အငယ်ဆုံး ညီ၊ ရော်ဂျာဘာစ်ကာဗီးလ်ရဲ့ သားပါ။ ရော်ဂျာက နာမည်ပျက်နဲ့တောင် အမေရိက ကို ထွက်ပြေးသွားပြီး၊ အဲဒီမှာ အိမ်ထောင်မပြုဘဲ၊ သေသွားတယ်လို့ ပြောကြတယ်။ အမှန်တော့ သူ အိမ်ထောင်ပြုပြီး ကလေးတစ်ယောက်ဖြစ်တဲ့ ဒီလူကို ရတယ်။ သူ့ရဲ့နာမည် အမှန်က သူ့အဖေရဲ့ နာမည်နဲ့ အတူတူပါပဲ။ ကိုစတာရီတာက အလှမယ်တစ်ယောက်ဖြစ်တဲ့ ဘာရီဂါစီယာကို သူလက်ထပ်ခဲ့ပြီး၊ ပြည်သူပိုင်ပိုက်ဆံအတော်များများကို သူခိုးပြီးတဲ့နောက်မှ သူ့ရဲ့နာမည်ကို ဗန်ဒယ်လီယာလို့ ပြောင်းတယ်။ ပြီးတော့ အင်္ဂလန်ကို ပြေးတယ်။ အဲဒီကရော ရှီးယားအရှေ့မှာ၊ ကျောင်းတစ်ကျောင်းကို သူတည်ထောင်တယ်။ ဒီစီးပွားရေး အထူးလမ်းကြောင်းကို သူကြိုးစားရတဲ့အကြောင်းရင်းက ရေလမ်းနဲ့ အပြန်ခရီးမှာ ပန်းနာသည် ကျောင်းဆရာတစ်ယောက်နဲ့ သူသိကျွမ်းခဲ့တာကြောင့် ဖြစ်ပြီး ဒီလုပ်ငန်းကို အောင်မြင်ဖို့ ဒီလူရဲ့ အရည်အချင်းကို သူအသုံးပြုခဲ့တယ်။ ဒါပေမယ့်လည်း ကျောင်းဆရာ ဖရေဆာသေဆုံးခဲ့ပြီး အစကောင်းခဲ့တဲ့ကျောင်းဟာ နာမည်မကောင်းရာကနေ နာမည်ပျက်သွားရတယ်။ ဗင်ဒယ်လီရာတို့ဟာ သူတို့ရဲ့ အမည်ကို စတာပလက်တန် အဖြစ် ပြောင်းဖို့ သင့်တယ်လို့မြင်ကြပြီး သူ့ရဲ့ ဥစ္စာ ပစ္စည်းလက်ကျန်ရယ်။ အနာဂတ်အတွက် သူ့ရဲ့ စီမံကိန်းတွေရယ်နဲ့ သူ့ရဲ့ အင်းဆက်ပိုး လေ့လာမှုပညာဝါသနာကို အင်္ဂလန်တောင်ဘက်ဆီ သူ သယ်ဆောင်လာတယ်။ ဒီပညာမှာ သူက အသိအမှတ်ပြုခဲ့ ခံထားရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ် ဆိုတာရယ်၊ ရောက်ရှုမှာ သူရှိခဲ့တဲ့အချိန်က သူပထမဦးဆုံး ဖော်ပြခဲ့တဲ့ လိပ်ပြာတစ်ကောင်ကို ဗန်ဒယ်လီယာနာမည် အမြဲတမ်းပေးလိုက်တယ်ဆိုတာကို ဗြိတိသျှပြတိုက်က ကျွန်တော် သိရှိခဲ့ရတယ်။

'ကျွန်တော်တို့အတွက် အလွန်စိတ်ဝင်စားစရာ ကောင်းတဲ့ သူ့သဝရဲ့ ဒီအစိတ်အပိုင်းဆီကို ကျွန်တော်တို့ အခုရောက်လာပြီး ဒီလူက အထင်အရှားကို စုံစမ်းမှုပြုလုပ်ခဲ့ပြီး သူနဲ့ တန်ဖိုးရှိတဲ့ လယ်ယာမြေတွေအကြားမှာ သက်ရှိလူနှစ်ယောက်ကပဲ ကြားဝင်နှောင့်ယှက်နေတယ်ဆိုတာကို သူတွေ့မြင်လာတယ်။ ဒီဗွန်ရှိုကို သူသွားတဲ့အခါ သူ့ရဲ့အစီအစဉ်တွေက အလွန့်အလွန်ကို မရေရာ မသေချာသေးဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ဇနီးကို သူရဲ့ညီမအဖြစ် သဏ္ဍာန်ပေါ်စေပြီး၊ သူနဲ့အတူ ခေါ်လာပုံအရ၊ အစ



www.burmeseclassic.com

www.burmeseclassic.com



ပထမတည်းက သူမကောင်းကြံခဲ့တယ်ဆိုတာ ထင်ရှားတယ်။ သူ့ရဲ့အစီအစဉ် အသေးစိတ်ကို သူဘယ်လိုစီစဉ်ရမယ်ဆိုတာ သူအသေအချာ မသိသေးပေမယ့် လည်း၊ သူမကို ငါးမျှားစာအဖြစ် အသုံးချဖို့ အကြံအစည်က သူ့ရဲ့ဦးခေါင်းထဲ မှာ ရုပ်လုံးပေါ်နေပြီ၊ အဆုံးသတ်မှာ လယ်ယာမြေကို သူရဖို့ ရည်ရွယ်ထားပြီး၊ ဒီအဆုံးသတ်အတွက် တစ်ခုခုကို သူအသုံးပြုဖို့ ဒါမှမဟုတ် တစ်ခုခုကို သူ စွန့်စားဖို့ သူအဆင်သင့်ဖြစ်နေတယ်။ သူ့ရဲ့ ပထမဦးဆုံး အပြုအမူက တတ်နိုင် သမျှ သူ့ရဲ့ ဘိုးဘွားပိုင် အိမ်နဲ့ သူ နီးနီးကပ်ကပ်နေဖို့ပဲ၊ ဒုတိယကတော့ ဆာချားလ်ဘာ်စ်ကားဗီးလ်နဲ့ အိမ်နီးချင်းတွေနဲ့ မိတ်ဆွေဖွဲ့ဖို့ပါပဲ။

'မြေရှင် ကိုယ်တိုင်က၊ မိသားစု အမဲလိုက်ခွေးအကြောင်းကို သူ့ကို ပြောပြပြီး ဒီလိုနဲ့ သူကိုယ်တိုင် ဒီလိုသေရမယ့် လမ်းကို ပြင်ဆင်လိုက်တယ်။ အဘိုးအိုရဲ့ နှလုံးက အားနည်းပြီး ထိတ်လန့်မှုဖြစ်ယင်၊ သူသေနိုင်တယ်ဆိုတာ ကို စတာပလက်တန်လို့ ကျွန်တော် ဆက်ခေါ်တဲ့ လူက သိတယ်။ ဒေါက်တာ မောင်တင်မာထံကနေ သူဒီလို သိခဲ့ရတယ်။ ဆာချားလ်ဟာ စုံးကဝေကို ယုံ ကြည်ပြီး၊ သူ့ရဲ့ကြမ်းကြုတ်တဲ့ ဒဏ္ဍာရီကို အလွန်အလေးအနက်ထားတယ်။ ပါးနပ်တဲ့ သူ့ဦးနှောက်က မြေရှင်ကို သေအောင် ပြုလုပ်နိုင်မယ့် နည်းလမ်းကို ချက်ချင်းကြံစည်နိုင်ပြီး လူသတ်သမားအမှန်ကို ပြစ်ဒဏ်ခတ်ဖို့ကတော့ လွယ် လှမှ မဟုတ်ပါဘူး။

'ဒီအကြံအစည်ကို ရတဲ့အခါ ဒါကို အတော်စေ့စပ်သေချာစွာနဲ့ ဆက် လက်ဆောင်ရွက်သွားတယ်။ သာမန်ကြံစည်သူတစ်ယောက်အနေနဲ့၊ ရိုင်းစိုင်း တဲ့ အမဲလိုက်ခွေးတစ်ကောင်နဲ့ ပြုလုပ်ဖို့ ကျေနပ်မယ်။ ဒီသတ္တဝါကို မကောင်း ဆိုးဝါးနဲ့ တူအောင် အတုအပပစ္စည်းတွေ သုံးဖို့ကတော့ သူ့ဘက်က စိတ်ကူး အကြံအစည် ထက်မြက်မှုပဲပေါ့။ ဒီသတ္တဝါကို မြောက်ဘက်ဒီဗွန်လမ်းကြောင်း ကနေ သူသယ်ဆောင်လာပြီး တစ်စုံတစ်ရာပြောဆိုမှုတွေ မရှိဘဲ၊ သူ့ကို ထား နိုင်အောင် တောရိုင်းမြေပေါ်ကို ဝေးလံလှစွာ သူသွားခဲ့တယ်။ အင်းဆက်ပိုးတွေ ကို သူ လိုက်ဖမ်းယင်းနဲ့ ဂရစ်ပင်နွံတောထဲကို သူထိုးဖောက်ဝင်သွားတတ်ပြီး၊ ဒီလိုနဲ့ ဒီသတ္တဝါအတွက် လုံခြုံစိတ်ချရမယ့် ပုန်းခိုနေရာကို သူတွေ့ခဲ့တယ်။ ဒီနေရာမှာ ခွေးကို သူသိမ်းထားပြီး သူ့ရဲ့ အခွင့်အရေးကို သူစောင့်နေတယ်။

'ဒါပေမယ့် ဒါက အချိန်အတော်ကုန်သွားတယ်။ ဒီအဘိုးအိုလူကြီး မင်းကို ညဘက်မှာ သူ့ခြံဝင်းရဲ့အပြင်ဘက်ကို မြူဆွယ်ထုတ်လို့ မရဘူး။ စတာပလက်တန်က အကြိမ်များစွာ သူ့ရဲ့ အမဲလိုက်ခွေးနဲ့အတူ ချောင်းမြောင်း ကြည့်တယ်။ ဒါပေမယ့် အချည်းအနှီးဖြစ်ခဲ့ရတယ်။ သူ ဒါမှမဟုတ် သူ့ရဲဘော် ကို လယ်သမားတွေက တွေ့မြင်ပြီး၊ မိစ္ဆာခွေးရဲ့ ဒဏ္ဍာရီကို အသစ်တစ်ဖန်



www.burmeseclassic.com

www.burmeseclassic.com



အတည်ပြုလက်ခံလိုက်ကြတာကတော့ အကျိုးမဖြစ်ထွန်းတဲ့ ဒီဖမ်းဆီးမှုကာလ အတွင်းမှာ ဖြစ်တာပါ။ သူ့ရဲ့ဇနီးက ဆာချားလ်ကို ကိုယ်ကျိုးနည်းအောင် ဖြားယောင်းနိုင်လိမ့်မယ်လို့ သူမျှော်လင့်ခဲ့တယ်။ ဒါပေမယ့် ဒီနေရာမှာ သူမက မမျှော်လင့်ဘဲ အထိန်းချုပ်မခံကြောင်း သက်သေပြလိုက်တယ်။ အဘိုးအိုလူကြီး မင်းကို သူ့ရဲ့ရန်သူလက်အတွင်း ကျရောက်သွားစေနိုင်မယ့် သံယောဇဉ် အနှောင်အဖွဲ့ထဲကို သွတ်သွင်းဖို့ သူမက မကြိုးစားပါဘူး။ ခြိမ်းခြောက်မှုတွေ ကျွန်တော် ပြောရမှာတောင် ဝမ်းနည်းတဲ့၊ ထိုးကြိတ်ရိုက်နှက်မှုတွေကတောင်၊ သူမကို လှုပ်ရှားအောင် မလုပ်နိုင်ပါဘူး။ ဒါနဲ့ပတ်သက်လို့ သူမ ဘာမှ မလုပ်ဘူး။ အခိုက်အတန့်တော့ စတာပလက်တန်ဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတယ်။

'သူ့အတွက် မိတ်ဆွေတစ်ယောက်ရခဲ့တဲ့ ဆားချားလ်က ကံဆိုးတဲ့ အမျိုးသမီးကြီး၊ မစ္စစ်လောရာလိုင်ရွန်ကိစ္စမှာ သူ့ကို လျှုဒါန်းရေး အကျိုးဆောင်အဖြစ် ခန့်အပ်လိုက်တဲ့အခါ သူ့ရဲ့ အခက်အခဲတွေကို ကျော်ဖြတ်နိုင်မယ့် နည်းလမ်းတစ်ခုကို သူ တွေ့သွားတယ်။ သူ့ကိုယ်သူ လူပျိုတစ်ယောက်အဖြစ် မိတ်ဆက်ပြီး၊ သူမအပေါ်မှာ သူလုံးဝ သြဇာလွှမ်းမိုးမှုရသွားတယ်။ ပြီးတော့ သူမရဲ့ခင်ပွန်းဆီက ကွာရှင်းပြတ်စဲမှုရရှိမယ်ဆိုယင် သူမကို သူလက်ထပ်မယ့် အကြောင်း၊ သူမကို နားလည်စေတယ်။ ဒေါက်တာ မော်တင်မာရဲ့ အကြံပေးချက်အရ ဟောအိမ်ကနေ ဆားချားလ် ထွက်ခွာသွားတော့မယ်လို့ သူသိလိုက်ရတဲ့အခါ သူ့ရဲ့အစီအစဉ်တွေက ရုတ်တရက် အထွတ်အထိပ်ကို ရောက်သွားပြီး ဒေါက်တာ မော်တင်မာရဲ့ ထင်မြင်ချက်နဲ့ သူကိုယ်တိုင်ကလည်း တိုက်ဆိုင်မှုရှိကြောင်း သူဟန်ဆောင်လိုက်တယ်။ ဒါကြောင့်မို့ လန်ဒန်ကို သူထွက်ခွာမသွားခင် အဲဒီညနေမှာ သူမကို တွေ့ဆုံခွင့်ပေးဖို့ တောင်းပန်တဲ့ ဒီစာကို မစ္စစ်လိုင်ရွန်ကို သူ ရေးခိုင်းတယ်။ အဲဒီနောက် သူက ဟုတ်မှန်သလိုလို ရှိတဲ့ အကြောင်းပြချက်နဲ့ သူမကို မသွားဖို့ တားဆီးပြီး၊ ဒီလိုနဲ့ သူစောင့်နေခဲ့တဲ့ အခွင့်အရေးကို ရသွားတယ်။

'ကွန်ဘီထရေစီကနေ ညနေဘက် မြင်းလှည်းပြန်မောင်းလာပြီးတဲ့ အခါ သူ့ရဲ့ အမဲလိုက်ခွေးကို သူအချိန်မှီယူနိုင်ပြီး၊ အဲဒါကို မကောင်းဆိုးဝါးနဲ့ တူအောင် ဆေးချယ်တယ်။ ပြီးတော့ အဘိုးအိုလူကြီးမင်း စောင့်နေတာကို သူတွေ့ရလိမ့်မယ်လို့ မျှော်လင့်စရာအကြောင်းရှိတဲ့ ခြံတံခါးဝဆီ ဒီတိရစ္ဆာန်ကို ခေါ်လာတယ်။ သူ့သခင်ရဲ့ အားပေးအားမြှောက်မှု ရရှိထားတဲ့ ဒီခွေးက ခြံတံခါးပေါ်ခုန်ကျော်ပြီး၊ ကံဆိုးတဲ့ မြေရှင်နောက်ကို လိုက်တယ်။ သူက ပုံနရိပ်လမ်းပေါ်ကို အော်ဟစ်ပြီး ပြေးတယ်။ မှောင်မည်းနေတဲ့ ဒီလမ်းထဲမှာ ကြီးမားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီသတ္တဝါကြီးက မီးတောက်နေတဲ့ မေးရိုးတွေ လင်းလက်နေတဲ့ မျက်လုံးတွေနဲ့ သူ့ရဲ့သားကောင်နောက်ကို ခုန်ပေါက်လိုက်နေတာကို မြင်ရတာဟာ ကြောက်စရာကောင်းတဲ့ မြင်ကွင်းဖြစ်ရမှာ သေချာတယ်။ နှလုံးရောဂါနဲ့ ထိတ်လန့်မှုကြောင့် ပုံနရိပ်ပင်လမ်းအဆုံးမှာ သူလဲကျသေဆုံးသွားတယ်။ လမ်းပေါ်မှာ မြေရှင်ပြေးသွားနေစဉ်မှာ အမဲလိုက်ခွေးက မြက်ခင်းအစပ်ပေါ်မှာ ရှိနေတယ်။ ဒါကြောင့် လူခြေရာက လွဲလို့၊ ဘာခြေရာကိုမှ မတွေ့ရတာ မလှုပ်မယှက် သူလဲနေတာကို တွေ့မြင်ရတဲ့အခါ ဒီသတ္တဝါက အနားကပ်လာပြီး သူ့ကို နမ်းကြည့်နိုင်တယ်။ ဒါပေမယ့် သူသေနေတာကို တွေ့ရတဲ့အခါ သူက နောက်တစ်ခါပြန်လှည့်သွားတယ်။ အဲဒီအခါကျမှသာ ဒီခြေရာကို ဒေါက်တာ မော်တင်မာ တကယ်တွေ့မြင်ရတာပါ။ အမဲလိုက်ခွေးကို ပြန်ခေါ်ပြီး ဂရစ်ပင်နွံတောထဲက သူ့ရဲ့နေရာဆီကို အလျင်အမြန် ပြန်ပို့လိုက်တယ်။ အာဏာပိုင်တွေကို ဇဝေဇဝါဖြစ်စေပြီး၊ ကျေးလက်တစ်ဝှမ်းလုံးကို ထိတ်လန့်စေတဲ့ ပဟေဠိက ကျန်ရစ်ခဲ့ပြီး နောက်ဆုံးမှာ ကျွန်တော်တို့ရဲ့ လေ့လာသုံးသပ်မှုနယ်ပယ်အတွင်းကို ဒီအမှုရောက်လာတယ်’

‘ဆာချားလ် ဘာစကာဗီလ် သေဆုံးမှုနဲ့ ပတ်သက်လို့၊ မကောင်းဆိုးဝါး ဖန်ဆင်းမှုကို ခင်ဗျား လက်ခံထားရမယ်။ ဘာကြောင့်လဲဆိုတော့၊ တကယ့်လူသတ်သမားကို အမှုဖွင့်ဖို့က လက်တွေ့မှာ မဖြစ်နိုင်တာကြောင့်ပါ။ သူ့ရဲ့ ကြံဖော်ကြံဖက်ကလည်း သူ့ကို ဘယ်တော့မှ ထုတ်ဖော်မပြောနိုင်တဲ့သူ ဖြစ်နေတယ်။ ပြီးတော့ ထူးဆန်းပြီး နားမလည်နိုင်တဲ့ စီစဉ်မှု သဘာဝက ဒါကို ပိုပြီး ထိရောက်မှုဖြစ်စေတယ်။ ဒီအမှုနဲ့ ပတ်သက်တဲ့ အမျိုးသမီးနှစ်ယောက်ဖြစ်တဲ့ မစ္စစ်စတာပလက်တန်နဲ့ မစ္စစ်လောရာလိုင်ရွန်တို့ နှစ်ဦးစလုံးက စတာပလက်တန်ကို ပြင်းပြင်းထန်ထန် သံသယဖြစ်ကြတယ်။ အဘိုးအိုအပေါ် သူ့ရဲ့ ထားရှိမှု သဘောထားကို မစ္စစ်စတာပလက်တန်က သိပြီး၊ အမဲလိုက်ခွေးရှိနေတာကိုလည်း သိတယ်။ မစ္စစ်လိုင်ရွန်ကတော့ ဒါတွေကို ဘာမှ မသိပါဘူး။ ဒါပေမယ့် သူတစ်ယောက်တည်းသာ သိတဲ့ အချိန်းအချက်ပြုလုပ်ထားတဲ့ အချိန်မှာ ဖြစ်ပျက်ခဲ့တဲ့ သေဆုံးမှုက သူမရဲ့အာရုံထဲမှာ စွဲထင်ကျန်နေခဲ့တယ်။ ဒါပေမယ့်လည်း သူတို့နှစ်ဦးစလုံးက သူ့ရဲ့ ဩဇာအောက်မှာ ရှိနေကြပြီး သူတို့နဲ့ပတ်သက်လို့ သူဘာမှ ကြောက်စရာမလိုဘူး။ သူ့လုပ်ငန်းရဲ့ ပထမတစ်ဝက်က အောင်မြင်ပြီးမြောက်သွားတယ်။ ဒါပေမယ့် ပိုပြီး ခက်ခဲတဲ့အရာက ကျန်သေးတယ်’

‘ကနေဒါမှ အမွေဆက်ခံမယ့် လူတစ်ယောက်ရှိနေတယ်ဆိုတာကို စတာပလက်တန် မသိတာဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဒါကို သူ့ရဲ့ မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေ ဒေါက်တာ မော်တင်မာထံက မကြာခင်မှာ သူသိရမယ်။ ဟင်နရီဘာစ်ကာ ဗီးလ် ရောက်လာဖို့နဲ့ ပတ်သက်ပြီး မော်တင်မာက သူ့ကို အကုန်လုံးအသေး စိတ် ပြောပြတယ်။ စတာပလက်တန်ရဲ့ ပထမဦးဆုံးစိတ်ကူးက ကနေဒါက လူစိမ်းကို ဒီဗွန်ရှဲဆီ ရောက်မလာစေဘဲ လန်ဒန်မှာ သေအောင်လုပ်ဖို့ပါ။ အဘိုး အိုကို ထောင်ချောက်ဆင်ဖို့အတွက် သူ့ကို ကူညီဖို့ သူမငြင်းဆန်လိုက်ကတည်း က သူ့ရဲ့ဇနီးကို သူမယုံကြည်တော့ဘူး သူမအပေါ် သူ့ရဲ့သြဇာညောင်းမှု ဆုံးရှုံးမှာစိုးတာကြောင့် သူမကို သူ့ရဲ့မျက်စိအောက်က ကြာကြာအပျောက်မခံရဲ တော့ဘူး။ ဒါကြောင့် သူမကို သူနဲ့အတူ လန်ဒန်ကို သူခေါ်သွားတယ်။ ကရင် ဗင်လမ်းက မက်စ်ကိုရောက်ပြီး ပရိုက်ဗစ်ဟိုတယ်မှာ သူတို့တည်းခိုတာ ကျွန် တော် တွေ့ရတယ်။ ဒါက ကျွန်တော်ရဲ့ အေးဂျင့် လူသက်သေအထောက် အထား ရှာဖွေဖို့အတွက် သွားရောက်လည်ပတ်ခဲ့တဲ့ ဟိုတယ်တွေထဲက တစ်ခု ပါ။ ဒီနေရာမှာ သူက သူ့ရဲ့ဇနီးကို သူမရဲ့အခန်းထဲမှာ အကျဉ်းချထားခဲ့ပြီး မုတ်ဆိတ်မွေးနဲ့ ရုပ်ဖျက်လို့ ဒေါက်တာမော်တင်မာနောက်ကနေ ဘေကာလမ်း အထိလိုက်တယ်။ ပြီးတော့ ဘူတာရုံနဲ့ နောသန်ဘာလန်ဟိုတယ်ဆီကို လိုက် တယ်။ သူ့ရဲ့ဇနီးက သူ့ရဲ့အစီအစဉ်တွေကို နည်းနည်းရိပ်မိတယ်။ ဒါပေမယ့် သူမရဲ့ယောကျ်ားကို သူမအလွန်ကြောက်ရတာကြောင့်(ရက်ရက်စက်စက် နှိပ် စက်ခဲ့တာတွေ့ရတဲ့အတိုင်းပဲ) အန္တရာယ်ရှိနေပြီလို့ သူမ သိနေတဲ့ လူဆီကို သတိပေးစာ သူမ မရေးရဲဘူး။ ဒီစာက စတာပလက်တန်ရဲ့ လက်ထဲကို ရောက် သွားယင် သူမရဲ့ အသက်မလုံခြုံတော့ဘူး။ ဒီလိုဖြစ်တောင်မှ ကျွန်တော်တို့ သိတဲ့အတိုင်း စားလုံးတွေကို သူမ ဖြတ်ထုတ်ပြီး သတင်းပေးချက်လုပ်တယ်။ ပြီးတော့ ရုပ်ဖျက်ထားတဲ့ လက်ရေးနဲ့ လိပ်စာကို ရေးတယ်။ အဲဒါက မြေရှင် ကလေးဆီ ရောက်သွားပြီး၊ သူ့ရဲ့ အန္တရာယ်ကို ပထမဦးဆုံးအကြိမ် သတိပေး တယ်’

‘ဆာဟင်နရီရဲ့ အဝတ်အစားတစ်ခုခုကို စတာပလက်တန်ရဖို့ အလွန်လိုအပ်နေတယ်။ ဒါမှ ခွေးကို သူအသုံးချရတဲ့အခါကျယင်၊ သူ့ရဲ့ ခြေရာ ကို ခံနိုင်ဖို့အတွက် ဖြစ်နိုင်မယ်။ အလျင်စလို ရဲတင်းမှုနဲ့ ဒီကိစ္စအတွက် ချက်ချင်း လုပ်ရှားလိုက်တယ်။ သူ့ရဲ့ရည်ရွယ်ချက်ကို ပြည့်ဝဖို့အတွက်၊ အခန်းသန့်ရှင်း ရေး အမျိုးသမီးကို ကောင်းကောင်း လာဒ်ထိုးမယ်ဆိုတာ ကျွန်တော်တို့ သံသ ယ ဖြစ်စရာ မလိုပါဘူး။ ဒါပေမယ့်လည်း မတော်တဆဆိုသလို သူ့အတွက် ယူပေးတဲ့ ပထမ ဘွတ်ဖိနပ်က အသစ်ဖြစ်နေတယ်။ ဒါကြောင့်မို့ သူ့ရဲ့ ရည်ရွယ် ချက်အတွက် အသုံးမဝင်ပါဘူး။ အဲဒီနောက် သူက အဲဒါကို ပြန်ပေးပြီး၊ နောက်တစ်ဖက် ထပ်ယူတယ်။ ဘွတ်ဖိနပ်အဟောင်းကို ရဖို့ ဒီကို ပူပန်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တာကို ရှင်းပြနိုင်မယ့် အခြားအကြောင်းအချက်တွေ မရှိတာကြောင့် ကျွန်တော်တို့ တကယ်အမဲလိုက်ခွေးတစ်ကောင်နဲ့ ဆက်ဆံနေရပြီဆိုတာကို ကျွန်တော် သုံးသပ်ချက်ချလိုက်ပါတယ်။ မတော်တဆမှုတစ်ခုဟာ ပိုပြီး ထူးဆန်းပုံပေါ်လေ သူ့ကို ပိုပြီး ဂရုစိုက်လေ့လာဖို့လိုလေပဲ။

'အဲဒီနောက် နောက်တစ်နေ့မနက်မှာ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေက ကျွန်တော်တို့ဆီကို လာရောက်လည်ပတ်တယ်။ အဲဒီအချိန်မှာ စတာပလက်တန်က မြင်းလှည်းနဲ့ အမြဲတမ်း နောက်ယောင်ခံလိုက်နေတယ်။ ကျွန်တော်တို့ရဲ့ အခန်းတွေနဲ့ ကျွန်တော်တို့ရဲ့ ပုံပန်းသဏ္ဍာန်တွေကို သူသိရှိထားပုံအရရယ်၊ သူရဲ့ဆောင်ရွက်ပုံတွေအရရယ်ကြောင့်၊ စတာပလက်တန်ရဲ့ ပြစ်မှုကျူးလွန်မယ့် အလုပ်ဟာ ဒီဘာစ်ကာဗီးလ်ကိစ္စတစ်ခုတည်းအတွက်သာ ကန့်သတ်ထားတယ်။ လွန်ခဲ့တဲ့ ၃ နှစ်အတွင်းက အနောက်ဘက်ကျေးလက်ဒေသမှာ ဖောက်ထွင်းမှု ၄ ခုလောက်ဖြစ်တယ်လို့ ထင်မြင်ယူဆကြပြီး၊ အဲဒီအတွက် ပြစ်မှုတရားခံတွေကို ဖမ်းဆီးမိခြင်း မရှိပါဘူး၊ မေလအတွင်းက ဖောလ်စတုန်းတရားရုံးက အမှုကတော့ အံ့သြစရာ ကောင်းပါတယ်။ ဖောက်ထွင်းရေးသမားက ဟိုတယ်အလုပ်သမားကို သွေးအေးအေးနဲ့ သေနတ်နဲ့ ပစ်ခတ်ခဲ့တယ်။ စတာပလက်တန်ဟာ ချို့တဲ့နေတဲ့ သူ့ရဲ့ငွေကြေးဥစ္စာကို ဒီလိုပုံစံနဲ့ စုဆောင်းယူခဲ့ပြီး နှစ်ပေါင်းအတော်ကြာ သူဟာ အန္တရာယ်ရှိတဲ့ လူတစ်ယောက် ဖြစ်နေတယ်ဆိုတာ ကျွန်တော် သံသယ မရှိပါဘူး။

'ကျွန်တော်တို့ဆီက သူအောင်မြင်စွာ ထွက်ခွာခဲ့တဲ့ အဲဒီမနက်မှာ သူ့ရဲ့ဖြတ်ထိုးဉာဏ်ကောင်းခဲ့ပုံကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်ရဲ့ နာမည်နဲ့ မြင်းလှည်းသမားကို သူပြန်လွှတ်လိုက်ပါတယ်။ လန်ဒန်မှာ ဒီအမှုကို ကျွန်တော်ကိုင်လိုက်တာကြောင့်၊ သူ့အတွက် ဒီနေရာမှာ အခွင့်အရေး မရှိဘူးဆိုတာကို အဲဒီအချိန်ကစပြီး သူနားလည်သွားတယ်။ ဒါတ်မိုးကို သူပြန်သွားပြီး မြေရှင်ကလေး ရောက်အလာကို စောင့်နေတယ်'

'နေပါဦး' ကျွန်ုပ်က ပြော၏။ 'အဖြစ်အပျက်တွေရဲ့ ရလာဒ်ကို ခင်ဗျား မှန်မှန်ကန်ကန် ဖော်ပြပြီဆိုတာ သေချာပါတယ်။ ဒါပေမယ့် ခင်ဗျား ရှင်းမပြဘဲ ထားခဲ့တာ တစ်ခုရှိတယ်။ သူ့ရဲ့ဆရာ လန်ဒန်မှာ ရှိနေတဲ့အခါ၊ အမဲလိုက်ခွေးက ဘာဖြစ်နေမလဲ'

'ဒီကိစ္စကို ကျွန်တော် စဉ်းစားပြီးပါပြီ၊ ဒါက ချွင်းချက်မရှိ အရေးကြီးတယ်။ စတာပလက်တန်မှာ လူယုံတစ်ယောက် ရှိတယ်ဆိုတာ မေးစရာ မလိုပါဘူး။ ဒါပေမယ့် သူ့ရဲ့အစီအစဉ်တွေ အားလုံးကို သူ့ကို အသိပေးပြီးတော့၊ သူ့ကို ကြောက်ရမယ့် အနေအထားတော့ ရှိဟန်မတူဘူး။ မရစ်ပင်အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်အမှုထမ်းအဘိုးအိုတစ်ယောက် ရှိတယ်။ သူ့ရဲ့နာမည်က အန်တွန်နီပါ။ စတာပလက်တန်နဲ့ သူ့ရဲ့ ဆက်နွယ်မှုကို ကျောင်းဆရာလုပ်ခဲ့တဲ့ ရက်တွေ အထိ၊ နှစ်ပေါင်းများစွာ ခြေရာကောက်လို့ ရတယ်။ ဒါကြောင့် သူ့ရဲ့ ဆရာနဲ့ ဆရာမက တကယ်တော့ လင်မယားဖြစ်တယ်ဆိုတာ သူသိရမယ်။ ဒီလူက ပျောက်သွားပြီး ကျေးလက်ဒေသက လွတ်မြောက်သွားတယ်။ အန်တွန်နီဆို တာ အင်္ဂလန်မှာ တွေ့နေကျ နာမည်မဟုတ်ဘူး။ စပိန် ဒါမှမဟုတ် စပိန်–အမေရိကန်နိုင်ငံတွေမှာ အန်တိုနီယိုက ဒီလိုပါပဲ၊ ဒီလူက မစ္စစ်စတာပလက်တန် လို့ အင်္ဂလိပ်စကားကောင်းကောင်း ပြောတယ်။ ဒါပေမယ့် ထူးခြားတဲ့ လေသံ ပါတယ်။ စတာပလက်တန်သွားခဲ့တဲ့ လမ်းကြောင်းအတိုင်း ပရစ်ပင်နွံတောကို ဒီအဘိုးအိုဖြတ်သွားခဲ့တာ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့တယ်။ ဒါကြောင့်မို့ သူ့ ဆရာ မရှိတဲ့အခါ၊ အမဲလိုက်ခွေးကို ဂရုစိုက်ရတဲ့ လူက သူပါ။ ဒါပေမယ့် တိရစ္ဆာန်ကို ဘာရည်ရွယ်ချက်အတွက် အသုံးပြုတယ်ဆိုတာ သူ ဘယ်တော့မှ သိရမှာ မဟုတ်ပါဘူး။

အဲဒီနောက် စတာပလက်တန်တို့က ဒီဗွန်ရှဲကို သွားကြပြီး၊ မကြာခင် မှာ ဆာဟင်နရီနဲ့ ခင်ဗျားက သူတို့နောက်ကို လိုက်ကြတယ်။ အဲဒီအချိန်က ကျွန်တော်ဘယ်လို ရပ်တည်နေသလဲဆိုတာနဲ့ ပတ်သက်လို့ အခုစကားတစ် ခွန်း ပြောပါ့မယ်။ ပုံနှိပ်စာလုံးတွေ ကပ်ထားတဲ့စာရွက်ကို ကျွန်တော် လေ့လာ တဲ့အခါ ရေစာအမှတ်အသားကို ကျွန်တော် စေ့စေ့စပ်စပ်စစ်ဆေးကြည့်တယ် ဆိုတာ၊ ခင်ဗျား သတိရမိမှာပါ။ ဒီလိုလုပ်တဲ့အခါ အဲဒါကို ကျွန်တော်ရဲ့ မျက်လုံးနဲ့ လက်မအနည်းငယ်ခွာကိုင်ထားပြီး၊ စပယ်ဖြူအနံ့လို့ မသိရတဲ့အနံ့ ကို ကျွန်တော် နည်းနည်းရမိတာသိတယ်။ ရာဇဝတ်မှု ကျွမ်းကျင်သူအနေနဲ့ တစ်ခုနဲ့တစ်ခု ခွဲခြားသိဖို့ အလွန်လိုအပ်တဲ့ ရေမွှေး (၇၅) မျိုးရှိတယ်။ ကျွန်တော် ရဲ့ အတွေ့အကြုံအရ အမှုတွေဟာ တစ်ကြိမ်မက ဒီအနံ့တွေကို ချက်ချင်းမှတ် မိသိရှိနိုင်မှုအပေါ် မူတည်နေတယ်။ ဒီအနံ့က အမျိုးသမီးတစ်ယောက်ရှိနေတယ် ဆိုတာ ဖော်ညွှန်းနေပြီး ကျွန်တော်ရဲ့အတွေးက စတာပလက်တန်တို့ဆီကို ရောက်သွားနေပြီးပေါ့၊ ဒီလိုနဲ့ အမဲလိုက်ခွေးကို ကျွန်တော် သေချာအောင်လုပ် ပြီး အနောက်ဘက်တွေ နယ်ကို ကျွန်တော်တို့ မသွားခင်ကတည်းက ရာဇဝတ် ကောင်ကို ကျွန်တော်ခန့်မှန်းပြီးဖြစ်ပါတယ်။

'စတာပလက်တန်ကို စောင့်ကြည့်ဖို့က ကျွန်တော်ရဲ့ပွဲပါ။ ဒါပေမယ့် ခင်ဗျားနဲ့ ကျွန်တော်အတူရှိနေယင်၊ ဒါကို ကျွန်တော် လုပ်နိုင်မှာ မဟုတ်ဘူးဆို တာ ထင်ရှားလာတယ်။ သူက သူ့ကိုယ်သူ လုံအောင် ကာကွယ်ထားမှာပဲ၊ ဒါကြောင့်မို့ ခင်ဗျားအပါအဝင် လူတိုင်းကို ကျွန်တော်လှည့်စားခဲ့ပြီး၊ လန်ဒန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရှိရမယ့် အချိန်မှာ ကျွန်တော် လျှို့ဝှက်ပြီးလာခဲ့တယ်။ ကျွန်တော်ရဲ့ အခက်အခဲက ခင်ဗျားတို့ထင်သလောက် မကြီးကျယ်ပါဘူး။ ဒါပေမယ့် အဲဒီလို အသေးအမွှားကလေးတွေက အမှုစုံစမ်းစစ်ဆေးမှုနဲ့ ဘယ်တော့မှ ပတ်သက် နှောင့်ယှက်ခြင်း မဖြစ်ရပါဘူး။ ကွန်ဘီထရေစီမှာ ကျွန်တော် အများဆုံး တည်းခိုနေထိုင်ပါတယ်။ လူပ်ရှားမှုမြင်ကွင်းရဲ့ အနီးအနားမှာ ရှိဖို့လိုအပ်တဲ့ အခါမှ တောရိုင်းမြေပေါ်က တဲအိမ်တွေကို ကျွန်တော် အသုံးပြုလေ့ရှိပါတယ်။ ဘာဒ်ရိုက်က ကျွန်တော်နဲ့အတူ လိုက်လာတယ်။ ကျေးတောသားအဖြစ်၊ ရုပ်ဖျက်ထားတဲ့ သူဟာ ကျွန်တော်ကို အများကြီး အကူအညီ ပေးပါတယ်။ အစားအစာနဲ့ အဝတ်သန့်တွေအတွက် သူ့ကို ကျွန်တော်အား ထားနေရတယ်။ စတာပလက်တန်ကို ကျွန်တော် စောင့်ကြည့်နေတဲ့အခါ ကာဒ်ရိုက်က ခင်ဗျားကို မကြာခဏ စောင့်ကြည့်တယ်။ ဒါကြောင့် ကြိုးတွေ အားလုံးကို ကျွန်တော်ရဲ့လက်ထဲမှာ ကျွန်တော်ဆုပ်ကိုင်ထားနိုင်ခဲ့တယ်။

'ဘေကာလမ်းက ကွန်ဘီထရေစီကို ချက်ချင်း ပို့ပေးနေတာကြောင့် ခင်ဗျားရဲ့ အစီရင်ခံစာတွေက ကျွန်တော်ဆီ မြန်မြန်ရောက်နေတယ်ဆိုတာ ခင်ဗျားကို ကျွန်တော် ပြောပြီးပါပြီ၊ သူတို့က ကျွန်တော်ကို အများကြီး အကျိုးပြုပါတယ်။ အထူးသဖြင့် စတာပလက်တန်ရဲ့ ယုံကြည်ရတဲ့ ကိုယ်ရေးရာဇဝင်အပိုင်းအစကလေးတစ်ခုကပေါ့၊ ဒီအမျိုးသားနဲ့ အမျိုးသမီးကို ဘယ်သူဘယ်ဝါ ဆိုတာ ကျွန်တော်ခွဲခြားနိုင်လိုက်ပြီ ကျွန်တော်ဘယ်လိုလုပ်ရမယ်ဆိုတာ အတိအကျသိလိုက်ပါတယ်။ လွတ်မြောက်သွားတဲ့ ရာဇဝတ်ကောင်ရဲ့ကိစ္စနဲ့ သူနဲ့ ဘာရီမိုးတို့အကြား ဆွေမျိုးတော်စပ်မှုတို့ကြောင့် အမှုက အတော်ကို ရှုပ်ထွေးသွားတယ်။ ဒါကိုလည်း ခင်ဗျားက အလွန်ထိရောက်တဲ့ နည်းနဲ့ ဖြေရှင်းလိုက်တယ်။ ဒါပေမယ့် ကျွန်တော်ရဲ့ ကိုယ်ပိုင်အမြင်အရလည်း ဒီလိုပဲ ကျွန်တော် သုံးသပ်ချက်ချခဲ့ပြီးပါပြီ။

'တောရိုင်းမြေပေါ်မှာ ခင်ဗျား ကျွန်တော့်ကို တွေ့လိုက်တဲ့ အချိန်မှာ အဖြစ်အပျက်အားလုံးကို ကျွန်တော် အပြည့်အဝသိပြီး ဖြစ်ပါတယ်။ ဒါပေမယ့် တရားစွဲဆိုနိုင်မယ့်၊ အမှုကို ကျွန်တော် မရသေးပါဘူး။ ကံဆိုးတဲ့ ရာဇဝတ်ကောင် သေဆုံးမှုနဲ့ အဆုံးသတ်ခဲ့ရတဲ့။ အဲဒီညက ဆာဟင်နရီအပေါ် စတာပလက်တန်ရဲ့ လုပ်ကြံမှုကတောင် ကျွန်တော်တို့ရဲ့ လူကို သူသတ်မှုနဲ့ တရားစွဲဖို့၊ သက်သေမပြနိုင်သေးပါဘူး။ သူ့ကို လက်ပူးလက်ကြပ်ဖမ်းဖို့ကလွဲလို့ တခြားနည်းလမ်းရှိဟန်မတူပါဘူး။ ဒီလိုလုပ်ဖို့ ဆာဟင်နရီကို ငါးစာအဖြစ် တစ်ဦးတည်း အကာအကွယ်မယ့် အသုံးချရမယ်။ ကျွန်တော်တို့ ဒီလိုလုပ်ကြပြီး ကျွန်တော်တို့အမှုသည် ဂယောင်ခြောက်ခြားအဖြစ် ခံရပြီးမှ ကျွန်တော်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှုကို အောင်မြင်စွာပြီးပြည့်စုံနိုင်ခဲ့တယ်။ ဒီအမှုမှာ ဆာဟင်နရီကို ထုတ်ဖော်ပြရမယ်ဆိုယင် ကျွန်တော်ရဲ့အမှုကိုင်တွယ်မှု ချွင်းယွင်းတယ်လို့ ကျွန်တော် ဝန်ခံရပါမယ့်။ ဒါပေမယ့် ဒီတိရစ္ဆာန်က လုပ်ပြတဲ့ ထိတ်လန့်စရာ ကြက်သေသေ ဖြစ်စရာ မြင်ကွင်းကို ကျွန်တော်တို့ ကြိုတင်မြင်နိုင်မယ့်လည်းလမ်း မရှိပါဘူး။ ပြီးတော့ ဒီလို ရုတ်တရက်အတွင်းမှာ ကျွန်တော်တို့အပေါ် သူစုန်ထွက်လာနိုင်အောင် ပြုလုပ်ပေးတဲ့ မြူနှင်းတွေကိုလည်း ကျွန်တော်တို့ မခန့်မှန်းနိုင်ပါဘူး။ ဆရာဝန်နဲ့ ဒေါက်တာမောင်တင်မာ နှစ်ဦးစလုံးက ယာယီဖြစ်တာပါလို့ အာမခံကြတဲ့ အရာကို ပေးဆပ်ပြီးမှ ကျွန်တော်တို့ ရည်ရွယ်ချက် အောင်မြင်ခဲ့ပါတယ်။ ခရီးရှည်သွားရတာကြောင့် ကျွန်တော်တို့ရဲ့ မိတ်ဆွေအနေနဲ့ အာရုံကြောပျက်စီးတာတင်မကဘူး။ နာကျဉ်ခံစားမှုဖြစ်တာတွေပါ ပျောက်ကင်းပါလိမ့်မယ်။ ဒီအမျိုးသမီးအပေါ် သူ့ရဲ့အချစ်က နက်ရှိုင်းပြီး ရိုးသားတယ်။ ဒီဆိုးဝါးတဲ့ကိစ္စထဲမှာ သူ့အတွက် ဝမ်းနည်းဖွယ် အကောင်းဆုံးကတော့ သူမရဲ့ လှည့်စားမှုကို သူခံလိုက်ရတယ်ဆိုတာပါပဲ။

'သူမ တောက်လျှောက်ပါဝင်ကပြခဲ့တဲ့ အစိတ်အပိုင်းကို ဒါက ဆက်လက်ဖော်ပြဖို့သာ ဖြစ်နေတယ်။ စတာပလက်တန်က သူမအပေါ်မှာ သြဇာလွှမ်းမိုးမှုရှိတယ်ဆိုတာ သံသယမရှိပါဘူး။ ဒါက အချစ်လည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ကြောက်ရွံ့မှုလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် နှစ်ခုစလုံးလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် သူတို့ဟာစိတ်သဘောထားတိုက်ဆိုင်ညီညွတ်မှု မရှိကြပါဘူး။ ဒါက လုံးဝအကျိုးသက်ရောက်မှုရှိတယ်။ သူ့ရဲ့ညွှန်ကြားချက်နဲ့ သူ့ရဲ့ညီမအဖြစ် သူမက ဟန်ဆောင်ဖို့ သဘောတူတယ်။ ဒါပေမယ့် လူသတ်ဖို့ ကိစ္စကို သူမကို တိုက်ရိုက်ချဉ်းကပ်စေတဲ့အခါ သူ့ရဲ့အာဏာအတိုင်းအတာကို သူတွေ့မြင်လာရတယ်။ သူမရဲ့ခင်ပွန်းကို မရိပ်မိစေဘဲ၊ သူမက တတ်နိုင်သမျှ ဆာဟင်နရီကို သတိပေးဖို့ အဆင်သင့်ဖြစ်ခဲ့ပြီး အဲဒီလိုလုပ်လို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ စတာပလက်တန် ကိုယ်တိုင်ကလည်း မနာလိုဖြစ်ဟန်တူပြီး၊ မြေရှင်ကလေးက အမျိုးသမီးကို ပိုးပန်းနေတာ သူတွေ့မြင်ရတဲ့အခါ ဒါက သူ့အစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တာတောင်မှ သူရှူးရှူးဒိုင်းဒိုင်း ဖြစ်ပြီး၊ ကြားမဝင်ဘဲ မနေနိုင်တော့ဘဲ၊ မြို့သိပ်မှုနဲ့ ပါးနပ်လွန်းစွာ ဖုံးကွယ်ထားတဲ့ သူ့ရဲ့ဒေါသမီးတွေက ထွက်ပေါ်လာတယ်။ ရင်းနှီးမှုကို အားပေးပြီး မဲရင့်ပစ်အိမ်ကို ဆာဟင်နရီ မကြာခဏ လာအောင်သူလုပ်တယ်။ သူ့လိုချင်တဲ့ အခွင့်အရေးကို အနေးနဲ့အမြန် သူရအောင် လုပ်တယ်။ ဒါပေမယ့်လည်း အကြပ်အတည်း ဖြစ်တဲ့နေ့မှာ သူ့ရဲ့ဇနီးက သူ့ကို ရုတ်တရက် ကာပြန်လာတယ်။ ရာဇဝတ်ကောင် သေဆုံးမှုနဲ့ ပတ်သက်လို့ သူမက တစ်စုံတစ်ရာ သိခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆာဟင်နရီညစာ လာစားတဲ့ညက၊ အိမ်ကလေးထဲမှာ အမဲလိုက်ခွေးလှောင်ထားတာကိုလည်း သူမသိတယ်။ သူမရဲ့ယောက်ျားကို သူပြစ်မှုကျူးလွန်ဖို့ ကြံရွယ်ထားကြောင်း၊ သူမမှာ သူနဲ့ချစ်သူပြိုင်ဘက်ရှိနေပြီလို့သူက သူမကို ပထမဦးဆုံးအကြိမ် ဖော်ပြတယ်။ သူမရဲ့ဖော်ပြန်မှုက ခဏအတွင်းခါးသီးတဲ့ ဒေါသတွေကို ဖြစ်ပေါ်လာစေပြီး၊ သူ့ကို သူမသစ္စာဖောက်ပြန်မှု တစ်ခဏအတွင်း ခါးသီးတဲ့ ဒေါသတွေကို ဖြစ်ပေါ်လာစေပြီး၊ သူ့ကို သူမ သစ္စာဖောက်မယ်ဆိုတာကို သူတွေ့မြင်လာတယ်။ ဒါကြောင့်မို့ ဆာဟင်နရီကို သတိပေးဖို့ အခွင့်အရေးမရအောင် သူမကို သူကြိုးချည်တယ်။ မြေရှင်ကလေး သေဆုံးရတာကို သူ့မိသားစုရဲ့ ကျိန်စာအပေါ်တစ်တောတစ်နယ်လုံးက ပုံချကြဖို့ သေချာတဲ့အတိုင်း၊ အဲဒီလိုဖြစ်လာယင် ပြီးသွားခဲ့တဲ့ ကိစ္စတွေကို သူ့ရဲ့ဇနီးပြန်လည်လက်ခံပြီး သူမသိထားတဲ့ ကိစ္စတွေကို သူမ နှုတ်ပိတ်နေလိမ့်မယ်လို့ သူက မျှော်လင့်ထားတယ်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ သူ့အတွက် မှားခဲ့တယ်လို့ ကျွန်တော် ထင်တယ်။ အဲဒီကို ကျွန်တော်တို့ မရောက်ယင် သူ့ရဲ့ငရဲဘုံက ချိတ်ပိတ်ပြီးသားဖြစ်နေမယ်။ စပိန်သွေးရှိတဲ့ အမျိုးသမီးတစ်ယောက်သာ ဒီလို ဒဏ်ရာမျိုးကို ပေ့ါပေ့ါတန်တန်နဲ့ ခွင့်လွှတ်မှာ မဟုတ်ဘူး။ ကဲ မိတ်ဆွေကြီး ဝပ်ဆန်၊ ကျွန်တော်ရဲ့ မှတ်စုစာတွေကို မကိုးကားဘဲနဲ့၊ ထူးဆန်းတဲ့ ဒီအမှုကို ကျွန်တော် အသေးစိတ် ဆက်လက် မပြောနိုင်တော့ပါဘူး။ လိုအပ်တဲ့အရာတွေကို ရှင်းမပြဘဲ ထားခဲ့သလားဆိုတာ ကျွန်တော် မသိပါဘူး'

'ဆာဟင်နရီရဲ့ ဦးလေးကို သူ့ရဲ့ မကောင်းဆိုးဝါး ခွေးနဲ့ခြောက်လှန့်ပြီး သေအောင်လုပ်သလို၊ သူ့ကိုလည်း အဲဒီလိုလုပ်နိုင်လိမ့်မယ်လို့ သူမျှော်လင့်လို့ မရပါဘူး'

'ဒီတိရစ္ဆာန်က ရိုင်းစိုင်းကြမ်းကြုတ်ပြီး၊ မဝရေဆာဖြစ်နေတယ်။ သူ့ရဲ့ ပုံသဏ္ဍာန်က သူ့ရဲ့သားကောင်ကို ကြောက်လန့်ပြီး၊ မသေစေနိုင်ယင်တောင်မှ အနည်းဆုံးတော့ ပြန်လှန်ခုခံမှု မလုပ်နိုင်အောင် အကျောအချည်တွေကို တုန့်ဆိုင်းသွားစေနိုင်တယ်'

'သေချာတယ်။ အခက်အခဲတစ်ခုပဲ ရှိတော့တယ်။ စတာပလက်တန်အောင်မြင်လာတယ်။ အမွေဆက်ခံသူ သူဟာ အခြားသူတစ်ယောက်ရဲ့ နာမည်နဲ့ ပိုင်ဆိုင်မယ့် ပစ္စည်းတွေ အနားမှာ တိတ်တဆိတ် နေထိုင်နေတာကို သူဘယ်လိုလုပ်ရှင်းပြမလဲ။ သံသယဖြစ်မှုတွေ စုံစမ်းစစ်ဆေးမှုတွေ မဖြစ်စေဘဲနဲ့ ဒီပစ္စည်းတွေကို ဘယ်လိုလုပ် တောင့်ခံနိုင်မလဲ'

'ဒါက ကြောက်စရာကောင်းတဲ့ အခက်အခဲတစ်ခုပဲ။ ကျွန်တော် ဖြေရှင်းနိုင်မယ်ထင်ပြီး၊ ခင်ဗျား မေးခွန်းတွေ အများကြီး မေးမှာလည်း ကျွန်တော်

www.burmeseclassic.com



စိုးရိမ်ပါတယ်။ အခုဟာကတော့ ကျွန်တော် စုံစမ်းစစ်ဆေးမှုပြုလုပ်နေဆဲပါပဲ။ ဒါပေမယ့် အနာဂတ်မှာ လူတစ်ယောက် ဘာလုပ်မလဲဆိုတာဟာ ဖြေဖို့ အခက်ခဲတဲ့ မေးခွန်းတစ်ခုပါ။ ဒီပြဿနာကို အကြိမ်ပေါင်းများစွာ သူမရဲ့ ခင်ပွန်းဆွေးနွေးခဲ့တာကို မစ္စစ်စတာပလက်တန်က ကြားခဲ့ပြီးပါပြီ၊ ဖြစ်နိုင်တဲ့ လမ်း (၃) ခုရှိတယ်။ ဒီပစ္စည်းတွေကို တောင်အမေရိကကနေ၊ သူပိုင်ဆိုင်ခွင့် လှမ်းတောင်းနိုင်တယ်။ အဲဒီမှုရှိတဲ့ ဗြိတိသျှအာဏာပိုင်တွေဆီမှာ သူ့ကိုယ်သူ ဘယ်သူဘယ်ဝါဆိုတာ သူအစစ်ဆေးခံနိုင်တယ်။ ဒီလိုနဲ့ အင်္ဂလန်ကို လုံးဝလာစရာ မလိုဘဲ ဥစ္စာပစ္စည်းတွေကို ရယူနိုင်တယ်။ ဒါမှမဟုတ် လန်ဒန်မှာ သူရှိနေမယ့် အချိန်တိုတိုအတွင်းမှ သူရုပ်ဖျက်နိုင်တယ်။ ဒါမှမဟုတ် ပူးပေါင်းကြံစည်သူတစ်ယောက်ကို စာရွက်စာတမ်း အထောက်အထားတွေ သူပေးပြီး၊ သူ့ကို အမွေဆက်ခံသူအဖြစ် သူလုပ်မယ်။ ပြီးတော့ သူရရှိမယ့် ဝင်ငွေထဲက တချို့တစ်ဝက် သူပြန်တောင်းယူမယ်။ ဒီအခက်အခဲကနေ ထွက်နိုင်ဖို့ သူနည်းလမ်းတချို့တွေ့မယ်ဆိုတာ ကျွန်တော်တို့ အသေအချာ သိပါတယ်။ မိတ်ဆွေကြီး ဝပ်ဆန၊ ကျွန်တော်တို့ ရက်သတ္တပတ် အတော်ကြာအလုပ်အပြင်းအထန်လုပ်ခဲ့ရပြီးပါပြီ။ တစ်ညနေခင်းမှာတော့ ကျွန်တော်တို့ရဲ့ အတွေးတွေကို ပိုပြီးနှစ်သက်စရာကောင်းတဲ့ ဘက်ကို လှည့်နိုင်မှာပါ။ နာရီဝက်အတွင်းမှာ ခင်ဗျားကို အဆင်သင့် ပြင်ခိုင်းထားယင် ကျွန်တော် အနှောင့်အယှက်ပေးရာကျနေမလား၊ သွားရင်းသွားရင်းနဲ့ ကျွန်တော်တို့ ညစာစားကြဖို့ မာစီနီကို ဝင်ကြရအောင်’


---

မောင်မြတ်မိုး

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com